www.burmeseclassic.com



www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ် - ၉၂

# မော်ရေးဗီးယားဝတ္ထုတိုများ

# Selected short stories of Alberto Moravia

မောင်ထွန်းသူ

၂၀၀၃ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၀၃/ ၂၀၀၂(၅) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၈၆/ ၂၀၀၃ (၂) |

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | မှတ်သုန် |
| စာအုပ်ချုပ် | ဦးမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း ရန်ကုန် |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ပြည်လမ်း ကမာရွတ်<br>ရန်ကုန် |

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဧပြီလ ၂၀၀၃ |
| တန်ဖိုး | ၁၄၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com



ဖော်ရေးဒီယား

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| | မြန်မာပြန်သူ၏အမှာ | ၇ |
| ၁ | နှိုက်နှိုက်ချွတ်ချွတ် | ၁၁ |
| ၂ | နွေစိတ်ရူး | ၁၉ |
| ၃ | လူပြက် | ၂၉ |
| ၄ | သနားစရာငါးသတ္တဝါ | ၃၇ |
| ၅ | ပြစ်မှု | ၅၀ |
| ၆ | လာမထိနဲ့ မီးပွင့်သွားမယ် | ၅၉ |
| ၇ | တစ်လိမ်နှစ်လိမ် | ၇၁ |
| ၈ | ကြောက်စရာရောဂမ | ၈၂ |
| ၉ | အပေါင်းအသင်း | ၁၀၆ |
| ၁၀ | မျက်မှန် | ၁၁၉ |
| ၁၁ | ဓူဇကာ | ၁၂၈ |
| ၁၂ | လူအိုကြီး | ၁၃၈ |
| ၁၃ | အစောင့် | ၁၅၁ |
| ၁၄ | နှာခေါင်းကြီး | ၁၆၃ |
| ၁၅ | ပွဲစား | ၁၇၃ |
| ၁၆ | မိမေတ္တာ | ၁၈၅ |
| ၁၇ | မာရီယို | ၁၉၈ |
| ၁၈ | ရွှေယောက်ဖ | ၂၁၀ |
| ၁၉ | တောသူမ | ၂၂၁ |
| ၂၀ | မဟုတ်ဘူးလို့ မပြောပါဘူး | ၂၂၃ |
| ၂၁ | လော်ရီကား ဒရိုင်ဘာ | ၂၄၄ |
| ၂၂ | ဘူး | ၂၅၅ |
| ၂၃ | မေမိုး | ၂၆၆ |
| ၂၄ | လက်ဝတ်ရတနာ | ၂၇၉ |
| ၂၅ | လူ့လောကပျက်စီးခြင်း | ၂၉၁ |
| ၂၆ | သူနာပြု | ၃၀၀ |
| ၂၇ | ရတနာသိုက် | ၃၁၁ |
| ၂၈ | မယူလိုသော ဝေဒနာ | ၃၂၄ |


www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြန်သူ၏အမှာ

**'မော်ရေးဗီးယား ဝတ္ထုတိုများ'**ဟု အမည်ပေးထားသည့် ဤစာအုပ်တွင် ကမ္ဘာကျော် အီတလီစာရေးဆရာကြီး **'အယ်လ်ဘတ်တို မော်ရေးဗီးယား[၁]'**၏ ဝတ္ထုတိုပေါင်း ၂၈ ပုဒ်ပါဝင်သည်။ ယင်းတို့အနက် ၂၇ ပုဒ်သည် **'ရိုမင်ပုံပြင်များ[၂]'** အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်စာအုပ်မှ ရယူထားခြင်းဖြစ်၍ ၁ ပုဒ်မှာ အီတလီစာရေးဆရာ ရှစ်ဦး၏ ဝတ္ထုတိုများကို ပေါင်းစည်းထားသည့် **'အီတလီဝတ္ထုတိုများ[၃]'** အမည်ရှိ စာအုပ်မှ ရယူထားခြင်းဖြစ်သည်။ ယင်းနှစ်ဆယ့်ရှစ်ပုဒ်စလုံးကို အီတလီဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သူမှာ 'အင်းဂတ်စ် ဒေဗစ်ဆန်[၄]' ဖြစ်၏။

ယင်းဝတ္ထုတို ၂၈ ပုဒ်အနက် ဆယ်ပုဒ်သော ဝတ္ထုတိုများကို ၁၉၉၆ ခုနှစ်အတွင်းက ထုတ်ဝေခဲ့သော **'အသောအထွေဝတ္ထုတိုများ'** စာအုပ်တွင် ပါရှိခဲ့သည်။ ယင်းဆယ်ပုဒ်နှင့် ပတ်သက်၍ ထိုစဉ်က ကျွန်တော်ရေးခဲ့သော အမှာစာတွင် ဤသို့ဖော်ပြခဲ့သည်။

'ဤစာအုပ်တွင် စုစည်းတင်ပြထားသည့် ဝတ္ထုတို (၁၆) ပုဒ်အနက် (၁၀) ပုဒ်သည် အီတလီ ဝတ္ထုတိုများဖြစ်၍ ရေးသူမှာ ကမ္ဘာကျော် အီတလီစာရေးဆရာ 'အယ်လ်ဘတ်တို မော်ရေးဗီးယား' ဖြစ်သည်။ မော်ရေးဗီးယား၏ ဝတ္ထုတိုများသည် မြန်မာစာရေးဆရာများရော မြန်မာစာဖတ် ပရိသတ်ကပါ နှစ်သက်လက်ခံသော ဝတ္ထုတိုများဖြစ်သည်။

"ဤဝတ္ထုတို ဆယ်ပုဒ်အနက် အချို့မှာ မြန်မာစာရေးဆရာအချို့ မြန်မာပြန်ပြီးသားဖြစ်သည်။ သို့သော်လည်း ၁၉၅၀ ခုနှစ်ခန့် ကတည်းက မော်ရေးဗီးယား၏ ဝတ္ထုတိုများနှင့် အထိအတွေ့ရှိလာခဲ့သော ကျွန်တော်သည် သူ့ဝတ္ထုတိုများကို မြန်မာပြန်ကြည့်လိုသော ဆန္ဒပြင်းပြခဲ့သည်။ အထူးသဖြင့် သူ၏အထွေအငေါ် ကလေးများကို **'မိ'**အောင် **'ဖမ်း'**ကြည့်လိုစိတ် ထက်သန်ခဲ့သည်။ ထို့ကြောင့်လည်း သူ၏ဝတ္ထုတို အတော်များများကို ကျွန်တော် ပြန်ဆိုခဲ့မိခြင်းဖြစ်ပါသည်။"

ထို့နောက်...

*

ထို့နောက်တွင်မူ ကျွန်တော်သည် အခါအခွင့်သင့်တိုင်း မော်ရေးဗီးယား၏ ဝတ္ထုတိုများထဲမှ ကျွန်တော် ဘာသာမပြန်ရသေးသည့် ဝတ္ထုတိုများကို

---

၁။ Alberto Moravia ၂။ Roman Tales (Racconti romani)

၃။ Italian Short Stories (Racconti Italiani) ၄။ Angus Davidson

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ပြန်ဆိုဖြစ်ခဲ့သည်။ 'သင့်ဘ၀၊ ချယ်ရီ၊ သောင်းပြောင်းထွေလာ ရယ်စရာနှင့် ရွှင်ပျော်ပျော်' စသည့် မဂ္ဂဇင်းများကလည်း ယင်း ၀တ္ထုတိုများကို ထည့်သွင်းခဲ့ကြသည်။ ဤသို့ဖြင့် ကျွန်တော့် လက်၀ယ်၌ ရှိနေသော မော်ရေးဗီးယား ၀တ္ထုတို ၂၇ ပုဒ်အနက် ၂၁ ပုဒ်သည် ဘာသာပြန်ဆိုပြီးသား ဖြစ်သွားသည်။ သို့တစေလည်း သူ့၀တ္ထုတို ခြောက်ပုဒ်သည် ဘာသာမပြန်ရသေးဘဲ ကျန်ရှိနေခဲ့၏။

၂၀၀၂ ခုနှစ် ဇန်နဝါရီလထဲတွင် စိတ်ကူးချိုချိုမှ ကိုစန်းဦးက မော်ရေးဗီးယား၏ ၀တ္ထုတိုများကို စုစည်း၍ စာအုပ်တစ်အုပ် ထုတ်လိုသည်ဟု ပြောလာသည်။ ဤတွင် ကျွန်တော်သည် မော်ရေးဗီးယား၏ ကျန်ရှိနေသေးသည့် ၀တ္ထုတို ခြောက်ပုဒ်ကိုသာမက ကျွန်တော့်မိတ်ဆွေ ဆရာ၀န် စာရေးဆရာ ဒေါက်တာ အောင်မင်း ယူလာပေးသော ၀တ္ထုတိုတစ်ပုဒ်ကိုပါ ဘာသာပြန်၍ ဤစာအုပ်တွင် ထည့်သွင်းခဲ့လေရာ၊ လတ်တလော ကျွန်တော်တို့ အနေဖြင့် မော်ရေးဗီးယား၏ ၀တ္ထုတို ၂၈ ပုဒ်ကို စုမိဆောင်းမိဖြစ်သွားပြီဟု ဆိုနိုင်စရာရှိလေသည်။

*

ဤ၀တ္ထုတိုများသည် 'ဟာသ၀တ္ထုတိုများ' ဖြစ်သည်။ သို့သော်လည်း ၀တ္ထုတိုအားလုံးကို သာမန်ဟာသ၀တ္ထုတိုများဟု သတ်မှတ်၍ကား ရနိုင်မည်မဟုတ်ပါ။ ဤ၀တ္ထုတိုအားလုံးသည် မပြုံးဘဲနှင့် ၀ါးလုံးကွဲရယ်ရသော ၀တ္ထုတိုများ မဟုတ်ပါ။ ဤ၀တ္ထုတိုများထဲမှ အချို့သည် အသံထွက်၍ မရယ်ရဘဲ ပြုံးရုံမျှသာ ပြုံးရသော ၀တ္ထုများဖြစ်သည်။ ယင်းတို့ကိုဖတ်၍ ပြုံးနေမိသည့် ကြားမှပင် ယင်းတို့တွင် ပါ၀င်လှုပ်ရှားနေကြသည့် ဇာတ်ကောင်များအပေါ် သနားခြင်းနှင့် ကိုယ်ချင်းစာခြင်းဟူသော ခံစားမှုများ ၀င်လာနိုင်ဖွယ်ရာ ရှိပါသည်။

ဤ၀တ္ထုတိုများကို ဖန်တီးခဲ့သော အီတလီစာရေးဆရာ အယ်လ်ဘတ်တို မော်ရေးဗီးယားသည် မြန်မာစာဖတ်ပရိသတ်နှင့် စိမ်းသူမဟုတ်ပါ။ သူ့၀တ္ထုတို အမြောက်အများကို မြန်မာစာရေးဆရာများက ဘာသာပြန်ဆိုခဲ့ကြသဖြင့် မြန်မာ့ဘာသာပြန် စာပေလောက၌ ခြေကုပ်ရထားခဲ့သည်မှာ ကြာခဲ့ပြီ။

မော်ရေးဗီးယား၏ နာမည်မှာ 'အယ်လ်ဘတ်တို ပင်ချာလီ[၁]' ဖြစ်သည်။ သူ့အား ၁၉၀၇ ခုနှစ်တွင် ရောမမြို့၌ မွေးဖွားသည်။ သူသည် ဂျူးလူမျိုးဖြစ်၍ သူ့ဖခင်မှာ ဗိသုကာတစ်ယောက်ဖြစ်၏။ သူသည် ငယ်စဉ်ကတည်းက ပြင်သစ်၊ အင်္ဂလိပ်နှင့် ဂျာမန်ဘာသာများကို သင်ကြားခွင့်ရခဲ့သူဖြစ်သည်။ သူသည်

---

၁။ Alberto Pincherle

www.burmeseclassic.com



အသက် ၉ နှစ်နှင့် ၁၆ နှစ်ကြားတွင် အဆက်မပြတ် နာဖျားမကျန်းဖြစ်ခြင်း ဒဏ်ကို ခံခဲ့ရသူဖြစ်သည်။

စာပေဝါသနာကြီးသော အယ်လ်ဘတ်တို မော်ရေးဗီးယားသည် သူ၏ 'ပထမဆုံးဝတ္ထု[၁]'ကို ၁၉၂၉ ခုနှစ်တွင် သူ့ကိုယ်ပိုင်ငွေဖြင့် ထုတ်ဝေခဲ့သည်။ ထို့နောက် သူသည် နိုင်ငံခြားသတင်းထောက်အဖြစ် လန်ဒန်၊ ပါရီနှင့် နိုင်ငံရပ်ခြား အတော်များများသို့ သွားရောက်နေထိုင်ခဲ့ရသည်။ နောက်ပိုင်းတွင် အီတလီနိုင်ငံ၌ မူဆိုလီနီ ခေါင်းဆောင်သော ဖက်စစ်ဝါဒ လွှမ်းမိုးခဲ့ရာ မော်ရေးဗီးယား၏ ဝတ္ထုဆောင်းပါးများကို တားမြစ်ပိတ်ပင်ခြင်းခံရသည်။ အီတလီနိုင်ငံကို ဂျာမန်များက ဝင်ရောက်သိမ်းပိုက်ပြီး အုပ်ချုပ်နေသည့် ကာလတစ်လျှောက်လုံး မော်ရေးဗီးယားသည် တောင်တန်းကြီးများဘက် ထွက်ပြေးတိမ်းရှောင်ကာ ပုန်းအောင်းနေခဲ့ရလေသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားခဲ့ပြီးသည့်အခါ မော်ရေးဗီးယားသည် ဆိုဗီယက်ပြည်ထောင်စု၊ အိန္ဒိယ၊ အရှေ့အာရှနိုင်ငံများ၊ အာဖရိကနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံများသို့ ခရီးထွက်ခဲ့သည်။ ယင်းနိုင်ငံများသို့ ရောက်ခဲ့စဉ်က သူတွေ့ကြုံခဲ့ရသမျှကို မှတ်တမ်းတင်ထားသည့် ခရီးသွား ဆောင်းပါးများကို စုစည်း၍ စာအုပ်ထုတ်ဝေခဲ့ရာ လူကြိုက်များသည့် စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။

သူ၏ အကျော်ကြားဆုံးသော ဝတ္ထုတစ်ပုဒ်မှာ **'ရောမက မိန်းမ[၂]'**ဖြစ်၏။ ထိုစာအုပ်ကို အီတလီဘာသာဖြင့် ၁၉၄၇ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့၍ ၁၉၄၉ ခုနှစ်တွင် အင်္ဂလိပ်ဘာသာပြန်ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ကို အင်္ဂလန်နိုင်ငံ တစ်နိုင်ငံတည်းမှာပင် စာအုပ်ရေတစ်သန်းနီးပါး ရောင်းခဲ့ရသည်။ သူ၏ ဒုတိယလူကြိုက်အများဆုံး စာအုပ်မှာ **'မိန်းမနှစ်ယောက်[၃]'** ဝတ္ထုဖြစ်၏။ ထိုဝတ္ထုကို ကမ္ဘာကျော် အီတလီ ရုပ်ရှင်မင်းသမီး ဆိုဖီယာလောရင်းနှင့် ရုပ်ရှင်ရိုက်ကူးခဲ့ရာ ကမ္ဘာ့ရုပ်ရှင်ကြည့် ပရိသတ်က အလွန်ကြိုက်နှစ်သက်သော ရုပ်ရှင်ကားတစ်ကား ဖြစ်ခဲ့လေသည်။

သူ၏ဝတ္ထုများစွာအနက် ဒုတိယ ကမ္ဘာစစ်ကြီးပြီးခါမှ ရေးသားခဲ့သော **'အက်ဂေါစတီနို[၄]'** ဝတ္ထုလတ်နှင့် **'မြီးကောင်ပေါက်နှစ်ယောက်[၅]'**ဝတ္ထုလတ်တို့မှာလည်း ကမ္ဘာ့စာပေလောကတွင် ထင်ရှားသော ဝတ္ထုများ ဖြစ်လာခဲ့သည်။

*

---

၁။ Gli in differenti

၂။ The Woman of Rome (La Tomana) ၃။ Two Women

၄။ Agostino (1944) ၅။ Two Adolescents (1952)

www.burmeseclassic.com

www.burmeseclassic.com



မော်ရေးဗီးယားသည် ဝတ္ထုတို၊ ဝတ္ထုရှည် အများအပြားကို ရေးသားခဲ့သူဖြစ်၏။ သူ့ဝတ္ထုများကို နိုင်ငံရပ်ခြား တိုင်းပြည်များမှ ဘာသာပြန်၍ ထုတ်ဝေခဲ့ကြသဖြင့် ကမ္ဘာ့စာပေလောကမှ အသိများသော အီတလီစာရေးဆရာတစ်ဦး ဖြစ်လာခဲ့သည်။

ကမ္ဘာ့စာပေလောကမှ စာပေပညာရှင်များက မော်ရေးဗီးယားအား 'ပုံပြောကောင်းသော စာရေးဆရာတစ်ဦး' ဟု ဝေဖန်ခဲ့ကြသည်။ တကယ်တော့လည်း သူသည် ဝတ္ထုတို အမြောက်အမြားကို သာမက 'ဝတ္ထုလတ်နှင့် ဝတ္ထုရှည်များ'ကိုလည်း အများအပြားရေးသားခဲ့သူဖြစ်၍ ဇာတ်လမ်းဇာတ်ကွက်အနေဖြင့် နှစ်သက်စဖွယ်ရှိသည်ဟု သတ်မှတ်ခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ အရေးအသားနှင့် ပတ်သက်၍မူကား အချို့သော ဝေဖန်ရေးဆရာများက ဘဝင်မကျဖြစ်ခဲ့ကြသည်။ သူ့အရေးအသားသည် ပြေပြစ်ကောင်းမွန်သည်မှာ မှန်သော်လည်း အများအားဖြင့် **'ကျွန်ုပ်၊ ကျွန်တော်၊ ကျွန်မ၊ ကျုပ်'**အစရှိသော 'ပြောသူနာမ်စားများ[၁]'ကိုချည်း စွဲ၍သုံးသဖြင့် စိတ်ထဲတွင် တစ်မျိုးဖြစ်ရသည်ဟု ဆိုခဲ့ကြလေသည်။

မော်ရေးဗီးယား၏ ဝတ္ထုတို ဝတ္ထုရှည်များတွင် ထူးခြားချက်တစ်ချက်ရှိသည်။ ယင်းမှာ သူ့ဇာတ်ကောင်များသည် လူလတ်တန်းစားနှင့် အောက်တန်းစားလောကမှ လူများကိုသာ အများဆုံးရေးဖွဲ့ခြင်းဖြစ်သည်။ သူတို့၏ ဘဝဇာတ်ကြောင်းများကို သူတို့က ပြန်လည်ပြောပြသည့်အနေဖြင့် ရေးဖွဲ့သည့်အခါ သူ့အတွက် ပိုမို၍ လွတ်လပ်စွာ ရေးဖွဲ့နိုင်သည်သာမက သူ့ဇာတ်ကောင်အနေဖြင့်လည်း သူ့အကြောင်းကို ပို၍ လွတ်လပ်ပွင့်လင်းစွာ ပြောဆိုနိုင်ပါသည်ဟု မော်ရေးဗီးယားက ဆိုခဲ့လေသည်။

မည်သို့ဆိုစေ မော်ရေးဗီးယား၏ ဝတ္ထုတို ဝတ္ထုရှည်များသည် လူတန်းစားအလွှာကို လိုက်၍ ဇာတ်ကောင်များ၏ အကျင့်စရိုက်ကို ပေါ်လွင်အောင် ရေးဖွဲ့နိုင်စွမ်းရှိသည်။ ဇာတ်လမ်း ဇာတ်ကွက်အနေဖြင့်လည်း စာဖတ်သူများအား ဆွဲဆောင်နိုင်စွမ်းရှိသည်။ ဇာတ်ကောင်များ၏ အကျင့်စရိုက်ကို လိုက်၍ ပြုံးရ ရယ်ရသည်သာမက သနားခြင်း၊ စက်ဆုပ်ခြင်း၊ မုန်းတီးခြင်း၊ ကိုယ်ချင်းစာခြင်းစသည့် ခံစားမှုများကိုပါ ရရှိနိုင်စွမ်းရှိသည်။ ထို့ကြောင့်လည်း...

မောင်ထွန်းသူ
၁၉၊ ဖေဖော်ဝါရီ၊ ၂၀၀၂။

---

၁။ The First Person

www.burmeseclassic.com

www.burmeseclassic.com

www.linhtet.com

# နှိုက်နှိုက်ချွတ်ချွတ်

ကျုပ်အနေနဲ့ အဂ္ဂနစ္စလုပ်သွားပုံကို လုံးဝနားမလည်နိုင်အောင် ဖြစ်နေပါတယ်။ သူ အခုလိုထွက်သွားတာဟာ ဘာ့ကြောင့်လဲ။ တကယ်လို့ ကျုပ်အပေါ်မှာ သူမကျေနပ်ဘူးဆိုရင်လည်း ကျုပ်ကို အမှန်အတိုင်း အသိပေးဖို့တော့ ကောင်းတယ်။ ကျုပ်ဟာ အပြစ်အနာအဆာရယ်လို့ လုံးဝမရှိတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ အထိုက်အလျောက်ကတော့ ရှိနေမှာပေါ့။ တကယ်လို့ သူ့ဘက်က မကြိုက်ဘူး သဘောမကျဘူးဆိုရင် ကျုပ်ကိုအသိပေးသင့်တာ အမှန်ပဲ။ အဲသလိုဆိုရင် ကျုပ်တို့နှစ်ယောက် တိုင်ပင်ဆွေးနွေးပြီး ပြင်သင့်တာ ပြင်ရမှာပေါ့။

သူဘာကြောင့် အခုလို ထွက်သွားရတာလဲ။ ဒီမေးခွန်းကို ဖြေဖို့ ကျုပ်ကြိုးစားနေတာကြာပြီ။ သူနဲ့ ကျုပ်နဲ့ လက်ထပ်ပြီးလို့ အိမ်ထောင်သက် နှစ်နှစ်တာကာလအတွင်းမှာ သူနဲ့ ကျုပ်နဲ့ ကြီးကြီးကျယ်ကျယ် စကားများတာ မရှိခဲ့ပါဘူး။ သူနေတာထိုင်တာကလည်း အေးအေးဆေးဆေးပဲ။ သူအိမ်မှာနေပုံဟာ အိမ်စေမတစ်ယောက်နေသလို နေသွားတာဆိုတော့ တွေးရခက်တယ်။ အခုဆိုရင် သူအိမ်က ထွက်သွားတာ ခြောက်လပြည့်သွားပြီ။ သူဘာကြောင့် ထွက်သွားတယ်ဆိုတာ အခုထက်ထိ အဖြေရှာလို့ မရဘူး။

အဲဒီမနေ့မနက်က ကျုပ်ဟာ ထုံးစံအတိုင်း ရပ်ကွက်ထဲက ဈေးမှာ ဈေးသွားဝယ်တယ်။ ကျုပ်က အိမ်မှာချက်ဖို့ပြုတ်ဖို့ကအစ ကိုယ်တိုင်ဝယ်ရမှ ကျေနပ်တဲ့လူ မဟုတ်လား။ ကျုပ်ကိုယ်တိုင်က ဘာစားရင်ကောင်းမလဲ၊ ဘာချက်ရရင် ကောင်းမလဲ ဆိုတာမျိုးတွေကို ကိုယ်တိုင်စဉ်းစားပြီး ကိုယ်တိုင်ဝယ်ရမှ ကျေနပ်တဲ့ကောင်ဗျ။ ဈေးထဲမှာ ဈေးသည်တွေနဲ့ ဆစ်လိုက်၊ စွက်လိုက်၊ ငြင်းလိုက်ခုံလိုက်၊ ရွေးလိုက်ချယ်လိုက်၊ ရန်ဖြစ်လိုက် လုပ်နေရတာကိုပဲ ပျော်စရာတစ်ခုလို့ ထင်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကျုပ်ဟာ စျေးထဲမှာ တလည်လည်လျှောက်သွားနေတယ်။ စားသောက်ခန်းထဲမှာ ခန်းဆီးတပ်ဖို့အတွက် ကိုယ့်စိတ်တိုင်းကျ အစမရရအောင် လိုက်ရှာရတာနဲ့ပဲ အချိန်တွေ အတော်ကုန်သွားတယ်။ နောက်ဆုံး ကျုပ်အိမ် ပြန်ရောက်တော့ ဆယ့်တစ်နာရီထိုးပြီးလို့ မိနစ်နှစ်ဆယ်တောင် ရှိပြီ။ ကျုပ်ဟာ စားသောက်ခန်းထဲ ဝင်သွားတယ်။ ဝယ်လာတဲ့ ခန်းဆီးစနဲ့ စားသောက်ခန်းထဲမှာ တပ်ထားတဲ့ ခန်းဆီးစတွေကို အရောင်ချင်း တူမတူကြည့်ချင်လို့ ဝင်သွားတာပါ။ အထဲရောက်တော့ ထမင်းစားစားပွဲရဲ့ စားပွဲခင်းပေါ်မှာ မင်တွေစွန်းနေတာ တွေ့ရတယ်။ မင်အိုးနဲ့ ကလောင်တံကိုလည်း အဲဒီပေါ်မှာ တင်ထားတာ တွေ့ရတယ်။စာတစ်စောင် တင်ထားတာကိုလည်း တွေ့ရတယ်။

ကျုပ် ချက်ချင်း သတိထားမိတာက မင်စွန်းတွေကိုပဲ။ "ဘယ်လိုလဲ လုပ်တာကိုင်တာ နမော်နမဲ့နိုင်လှချည်လား"လို့ တွေးလိုက်မိတယ်။ ချက်ချင်းပဲ မင်အိုးနဲ့ ကလောင်တံကိုဆွဲယူပြီး သူ့နေရာသူ ပြန်ထားလိုက်တယ်။ ပြီးတော့ မီးဖိုထဲကို တန်းဝင်လာခဲ့တယ်။ ဝယ်လာတဲ့ပစ္စည်းတွေကို နေရာချလိုက်ပြီး ချက်ဖို့ပြုတ်ဖို့အတွက် စီစဉ်နေတယ်။ အဲဒီနောက် အချိန်တော်တော်ကြာမှ စားပွဲပေါ်ကစာကို သတိရတယ်။ စားသောက်ခန်းထဲ ပြန်သွားပြီး စာကိုကြည့်လိုက်တော့စာအိတ်ပေါ်မှာ "အယ်လ်ဖရက်ဒို"လို့ ရေးထားတာ တွေ့ရတယ်။

ကျုပ် စာကိုယူပြီး ဖွင့်ဖတ်လိုက်တော့ "အိမ်မှာ လုပ်စရာရှိတာတွေ လုပ်ထားခဲ့တယ်။ နေ့လယ်စာကိုတော့ ရှင့်ဘာသာရှင်ပဲ ချက်ပြုတ်စားပေတော့။ ရှင်လည်း ချက်တတ်နေသားပဲ။ ကျွန်မ အမေ့ဆီ ပြန်သွားတယ်"လို့ ရေးထားတာ ဖတ်ရတယ်။ စာရဲ့သဘောက ဘာလဲ၊ ကျုပ်နားမလည်ဘူး။ ကျုပ်ဟာ စာကို နောက်တစ်ကြိမ် ထပ်ဖတ်ပြန်တယ်။ သူဘာကြောင့် သွားတာလဲ။ ဘာလုပ်ဖို့ သွားတာလဲ၊ စဉ်းစားလို့ မရဘူး။ အိမ်ထောင်သက် နှစ်နှစ်ရှိကာမှ အဂ္ဂနစ္စဟာ ဘယ်လို စိတ်ကူးပေါက်ပြီး ထွက်သွားတာလဲ။ စာထဲမှာ ရှင်းရှင်း လင်းလင်းလည်း ရေးမသွားဘူး။ ခေါင်းထဲမှာ နောက်ကျိကျိ ဖြစ်လာတာနဲ့ အပြင်ကို ထွက်လာခဲ့တယ်။

အဂ္ဂနစ္စအနေနဲ့ သူ့အခုလို သွားမယ်ဆိုတာ ကြိုတင်ပြီး အသိမပေးခဲ့ဘူး။ တကယ်ဆိုရင် ကျုပ်ကို အေးအေးဆေးဆေးပြောပြီးမှ သွားသင့်တာပေါ့။ သူရေးထားခဲ့တဲ့ စာကလည်း မရှင်းမရှင်းနဲ့။ စဉ်းစားရ အတော်ခက်တယ်။ ကျုပ်အပေါ်မှာ မကျေနပ်တာ တစ်ခုခုများ ရှိနေလို့လား။ ကျုပ်ဘက်က သူ့

www.burmeseclassic.com

www.burmeseclassic.com



အပေါ် သစ္စာမဲ့တယ်လို့ ထင်လို့လား။ အဲဒီကိစ္စမျိုးမှာတော့ ကျုပ်ဘက်က အလွန်ရှင်းပါတယ်။ ကျုပ်က မိန်းမဝါသနာပါတဲ့လူမှ မဟုတ်တာ။ သူနဲ့ လက်မထပ်ခင်တုန်းကတော့ အဆက်တွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူနဲ့ လက်ထပ်ပြီးကတည်းက အဲဒီဟာတွေကို လုံးဝသတိမရတော့ဘူး။ မေ့ပျောက်ပစ်လိုက်တာ ကြာပြီ။

သူ အခုလိုထွက်သွားတာဟာ ငွေကြေးချို့တဲ့လို့လား။ အဲဒါလည်း မဖြစ်နိုင်ဘူး။ သူဘာလိုချင်သလဲ၊ လိုချင်တာရှိလာရင် ကျုပ်ကိုယ်တိုင် ချက်ချင်း ဝယ်ပေးတာပဲ။ သူ့မှာ သုံးစရာပေါ်လာရင်လည်း ကျုပ်လက်မနှေးပါဘူး။ ချက်ချင်း ထုတ်ပေးလိုက်တာပဲ။ ဒီလိုဆိုရင် ကျုပ်နဲ့ နေရထိုင်ရတာ သာယာမှု မရှိလို့လား။ အဲဒါလည်း မဖြစ်နိုင်ဘူး။ ကျုပ်သူ့ကို သာယာမှုရှိအောင် ထားခဲ့ပါတယ်။ သီတင်းတစ်ပတ်မှာ ရုပ်ရှင်နှစ်ခါပြတယ်။ တစ်ပတ်နှစ်ရက်တိတိ အပြင်စားသောက်ဆိုင်ကို ထွက်ပြီး ညစာကျွေးတယ်။ သူကြိုက်တဲ့ အစား အသောက်ဆိုရင်လည်း အိမ်မှာ အလျှံပယ်ပါ။ သူသဘောကျတဲ့ သတင်းစာတို့၊ မဂ္ဂဇင်းတို့ဆိုရင်လည်း အိမ်မှာ မပြတ်စေရဘူး။

ဆောင်းဥတုရောက်လာရင် အော်ပရာပြဇာတ်တွေ အသစ်လဲရင် လိုက်ပြတယ်။ နွေရာသီရောက်ပြီဆိုရင် မာရီနိုဘက်က ကျုပ်အဖေအိမ်ကို ခရီးထွက်ပြီး အပန်းဖြေကြတယ်။ ဒါဆိုရင် သူဝတ်ချင်တာတွေ မဝတ်ရလို့များလား။ အင်း အဲဒီကိစ္စမှာတော့ အဂ္ဂနစ္စအဖို့ ဘာမှကို ပြောလို့မရအောင် ပြည့်စုံနေတဲ့ ဘဝပါ။ သူ့မှာ ဘရာစီယာလိုသလား၊ ခြေအိတ်လိုသလား၊ လက်ကိုင်ပဝါလိုသလား၊ အဝတ်အထည်နဲ့ ပတ်သက်လို့ ဘာပဲလိုလို ကျုပ်က ချက်ချင်းဝယ်ပေးတာ။ ကိုယ်တိုင်လိုက်ပြီး အရောင်အသွေးကအစ ကိုယ်တိုင်ဝင်ရွေးပေးတာ။ အဝတ် အစားသစ်ချုပ်ပြီဆိုရင်လည်း ကျုပ်က စိတ်တိုင်းကျလိုက်အပ်ပေးတာ။ ဘာပဲ ဖြစ်ဖြစ်ပေါ့လေ။ သူ့ဘက်က "ကျွန်မမှာ ဦးထုပ်မရှိတော့ဘူး၊ ဂါဝန်ဝတ်စရာ မရှိတော့ဘူး"ဆိုတဲ့ စကားမျိုး ပြောကိုမပြောရဘူး။ တကယ်လို့ ပြောလာရင်လည်း ကျုပ်က လက်နှေးတဲ့လူစားမှ မဟုတ်တာ၊ ချက်ချင်းပဲ "ကဲလာ တို့ဆိုင်သွားပြီး ဝယ်ကြရအောင်"လို့ ပြောပြီး ဝယ်ပေးလိုက်တာပဲ။

တစ်ခုတော့ရှိတယ်။ အဂ္ဂနစ္စဟာ သိပ်ပြီးတိတိကျကျရှိပုံတော့ မရဘူး။ ကျုပ်နဲ့ရပြီး တစ်နှစ်လောက်ကြာတော့ အဝတ်အစားနဲ့ ပတ်သက်လို့ သူ့မှာ ဘာရှိတယ်၊ နောက်ထပ် ဘာလိုတယ်ဆိုတာတွေကို သိပုံမရဘူး။ ဘေးကနေပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က အမြဲသတိပေးနေရတယ်။ ဒါပေမဲ့ သူက ကျုပ်သတိပေးတဲ့အခါတိုင်း မနှစ်က ဝယ်ထားပြီးပြီ၊ မလိုတော့ဘူးလို့ ပြန်ပြောလေ့ ရှိတယ်။ နောက်ဆုံးကျတော့ အဂ္ဂနစ္စဟာ တခြားမိန်းမတွေလို အဝတ်အစားမှာ လောဘကြီးပုံ မရဘူးလို့ ကျုပ်တွေးမိတယ်။

အဲသလိုဆိုရင်တော့ အခုကိစ္စဟာ ငွေကြေးနဲ့လည်း ဆက်စပ်ပုံမရဘူး။ နှလုံးသားရေးရာကိစ္စလည်း ဖြစ်လာဖို့ အကြောင်းမရှိဘူး။ သလိုဆိုရင် "စိတ်သဘောထားချင်း မတိုက်ဆိုင်မှုလား" အဲဒါကျတော့လည်း ပြောရခက်သားကလားဗျာ။ သူနဲ့ ကျုပ်နဲ့ အိမ်ထောင်သက်နှစ်နှစ် ရှိသွားပြီ။ ကျုပ်တို့နှစ်ယောက်ကြားမှာ ရန်ပွဲဆိုတာ တစ်ခါမှ မပေါ်ခဲ့ဖူးဘူး။ အဂ္ဂနစ္စဟာ ကျုပ်ကို ဘယ်တော့မှ မဆန့်ကျင်ဖူးဘူး။ ကျုပ်နဲ့ဆိုရင် သူဟာ စကားတောင်မှ မပြောသလောက်ပဲ။

တစ်ခါတစ်ရံ ကျုပ်တို့နှစ်ယောက်ဟာ ညပိုင်းမှာ အပြင်စားသောက်ဆိုင်တစ်ဆိုင်ကိုထွက်ပြီး စားသောက်လေ့ရှိတယ်။ အဲသလို အချိန်မျိုးမှာ စကားကိုဒိုင်ခံပြောတဲ့လူဟာ ကျုပ်ပဲ။ သူကတော့ ပါးစပ်တောင် မဟဘူး။ ကျုပ်ဆိုတဲ့အကောင်ကလည်း တစ်မျိုးပဲ၊ စကားပြောနေရရင် သိပ်သဘောကျတယ်။ ကိုယ်စကားပြောနေတဲ့အသံကို ပြန်ပြီး နားထောင်နေရတာကိုလည်း သိပ်ကြိုက်တယ်။

ကျုပ်စကားပြောပုံပြောနည်းက အေးအေးသာသာလည်း ရှိတယ်။ စည်းစည်းလုံးလုံးနဲ့ ပြေပြေပြစ်ပြစ်လည်း ရှိတယ်။ အကျိုးသင့်အကြောင်းသင့်လည်း ပြောတတ်တယ်။ ချိန်ချိန်ဆဆလည်း ရှိတယ်။ အကြောင်းအရာတစ်ခုကို တစ်ဖက်လူ နားလည်သွားအောင် တစ်ပိုင်းစီ၊ တစ်ပိုင်းစီ ခွဲပြီးတော့လည်း ပြောတတ်တယ်။ အဲဒါကြောင့်လည်း ကျုပ်ဟာ စကားပြောရတာကို မငြီးငွေ့ဘူး။ သိပ်ပြီး စိတ်ဝင်တစား ပြောတတ်တယ်။ အဂ္ဂနစ္စကလည်း ကျုပ်စကားပြောရင် ငြိမ်ပြီး နားထောင်နေတာပဲ။ သူ့ကြည့်ရတာ စိတ်ဝင်စားပုံ ပေါ်ပါရဲ့။ ဒါပေမဲ့ တစ်ခါတုန်းကတော့ ကျုပ်က လျှပ်စစ်အပူပေးကိရိယာတစ်ခု ဘယ်လိုအလုပ်လုပ်တယ်ဆိုတာ ရှင်းပြနေတုန်း အဂ္ဂနစ္စဟာ အိပ်ပျော်သွားတယ်။ သူ့ဆီက ဟောက်သံကြားတော့မှ သူ့ကို နှိုးရတယ်။ "မင်း ဘာပြုလို့ အိပ်ပျော်သွားရတာလဲ၊ ကိုယ်ပြောနေတာ ပျင်းစရာကောင်းလို့လား"လို့ မေးတော့ သူက ကပျာကယာ ပြန်ဖြေတယ်။ "မဟုတ်ပါဘူး မဟုတ်ပါဘူး၊ မနေ့ညက အိပ်ရေးမဝလို့ပါ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သာမန်အားဖြင့် လင်ယောကျ်ားတွေဟာ သူတို့ရဲ့ အလုပ်ဌာနတွေ၊ ဆိုင်တွေနဲ့ အလုပ်များနေကြတာချည်းပဲ။ အလုပ်ကိစ္စတွေကို အကြောင်းပြုပြီး အပြင်ထွက်ကြ၊ လည်ကြပတ်ကြနဲ့။ သူတို့ မိန်းမတွေရဲ့အနားမှာ အချိန်ကြာကြာ နေရတယ်လို့ကို မရှိဘူး။ ကျုပ်ကျတော့ အဲသလို မဟုတ်ဘူး။ အင္ဂနစ္စရဲ့ အနားမှာ ကျုပ်ဟာ အမြဲတမ်းရှိနေတယ်။ သူချက်ပြုတ်နေတဲ့အချိန်မှာတောင် သူ့အနားမှာ ကျုပ်ရှိတယ်။ ကျုပ်ကိုယ်တိုင်ကလည်း အချက်အပြုတ်မှာ ဝါသနာ ပါတယ်မဟုတ်လား။ ကျုပ်ဟာ ခါးစည်းအဝတ်ကိုဝတ်ပြီး သူနဲ့အတူတွဲပြီး ချက်ပြုတ်နေတာက များတယ်။

အာလူးတွေ အခွံနွှာတယ်။ ပဲသီးတောင့်တွေ လှီးတယ်။ ဟင်းလျာကို ပြင်တယ်။ ဟင်းအိုးကို စောင့်ကြည့်တယ်။ ကြော်စရာရှိတာကို ကြော်တယ်။ အဲသလိုကူညီပြီး လုပ်ကိုင်ပေးနေတာတွေက များလွန်းလာတော့ သူက "ကဲပါ ရှင်ပဲ လုပ်လိုက်ပါတော့။ ကျွန်မခေါင်းနည်းနည်းကိုက်လို့ အိပ်ရာထဲ ခဏ လှဲနေချင်တယ်"လို့ပြောပြီး မီးဖိုချောင်ထဲက ထွက်ထွက်သွားလေ့ရှိတယ်။

အဲဒီနောက်မှာတော့ ချက်ရေးပြုတ်ရေးကိစ္စက ကျုပ်ရဲ့ တာဝန်ဖြစ်လာ တယ်။ တစ်ခါတလေ ကျုပ်ဟာ ဟင်းချက်နည်းစာအုပ်တစ်အုပ် ဘေးမှာချပြီး ဟင်းအသစ်အဆန်းတွေ ချက်နေတတ်တယ်။ ကျုပ်ဘယ်လိုပဲ ကောင်းအောင် ချက်ချက် အင္ဂနစ္စဟာ သိပ်ပြီး မစားနိုင်ဘူး။ နောက်ဆုံးမှာ တို့ကာပင့်ကာလောက် ပဲ စားပြီး၊ ပြီးသွားလေ့ရှိတယ်။ တစ်ခါမှာတော့ သူက ကျုပ်ကိုပြောင်သလို နောက်သလိုနဲ့ စကားတစ်ခွန်း ပြောဖူးတယ်။ "ရှင်ယောကျ်ားဖြစ်လာတာ မှားတယ်၊ မိန်းမတစ်ယောက်အဖြစ်နဲ့ မွေးလာဖို့ကောင်းတာ"တဲ့။

စဉ်းစားကြည့်လိုက်ရင် သူပြောတာဟာ မှန်တယ်လို့ ကျုပ်ဝန်ခံရမှာပဲ။ ဘာ့ကြောင့်လဲဆိုတော့ ကျုပ်လုပ်နေတာတွေက အချက်အပြုတ်တင် မကတော့ ဘူး။ အဝတ်တွေလျှော်တယ်။ မီးပူတိုက်တယ်။ အင်္ကျီအစုတ်အပြဲတွေကို ဖာတယ်၊ ထေးတယ်။ တစ်ခါတလေ အချိန်အားရရင် လက်ကိုင်ပဝါတွေမှာ ဇာပန်းလေးတွေ ထိုးလိုက်သေးတယ်။ သူ့အနားက တစ်ဖဝါးမှ မခွာဘူးဆိုတဲ့ကိစ္စနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင်လည်း တစ်မျိုးပါပဲဗျာ။ သူ့ဆီကို မိန်းမသူငယ်ချင်းတွေ အလည်လာတဲ့အခါ၊ သူ့အမေ အလည်လာတဲ့အခါမျိုးတွေမှာလည်း ကျုပ်က သူ့အနားက မခွာဘူးဗျာ။

တစ်ခါမှာတော့ သူ့ခေါင်းထဲကို ဘယ်လိုစိတ်ကူးမျိုးဝင်လာသလဲ

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ အင်္ဂလိပ်စကားသင်ချင်တယ်လို့ ပြောတယ်။ ကျုပ်က သူ့အနားက မခွာချင်တာနဲ့ ကျုပ်ပါ ရောပြီး အင်္ဂလိပ်စကားပြောသင်တန်း တက်လိုက်တယ်။ ကျုပ်အဖြစ်က ရယ်စရာတော့ အကောင်းသား။ တစ်ခါတုန်းက သူနဲ့ကျုပ် စားသောက်ဆိုင်ထဲမှာ စားသောက်နေကြတော့ သူက ကျုပ်အနားကပ်ပြီး တိုးတိုးလေး ပြောတယ်။ "ရှူရှူးပေါက်ချင်တယ်"တဲ့။ ကျုပ်က သူ့ကို အိမ်သာဘက် လိုက်ပို့တယ်။အိမ်သာဝရောက်တော့ တံခါးစောင့်က ကျုပ်ကို ဖမ်းဆွဲထားတယ်။ "အမျိုးသမီးအိမ်သာထဲကို ယောကျ်ားတွေ မဝင်ရဘူးတဲ့"တဲ့။

ဒီအဖြစ်တွေကို စဉ်းစားလိုက်တဲ့အခါမှာ အဂ္ဂနစ္စဟာ ကျုပ်ကိုထားပြီး ထွက်သွားဖို့ မသင့်တာအမှန်ပဲ။ အဲဒါ ဘာပြုလို့ထွက်သွားတာလဲ။ ကျုပ်စဉ်းစားနေတုန်းမှာပဲ ကျုပ်ဟာ ကျုပ်အဖေရဲ့ဆိုင်ကို ရောက်သွားတယ်။ ကျုပ်အဖေက အသက်သိပ်မကြီးသေးဘူး။ ဆံပင်ကနက်နက်၊ မုတ်ဆိတ်မွေးက နက်နက်၊ ကျက်သရေရှိတုန်းပဲ။ အဖေဟာ စကားပြောတဲ့အခါမှာလည်း သိပ်ပြီးနူးညံ့သိမ်မွေ့တယ်။ အပြုအမူကျတော့လည်း ယဉ်ကျေးဖွယ်ရာပဲ။

ကျုပ်ရောက်သွားတော့ ထုံးစံအတိုင်းပါပဲ။ အဖေဟာ စားပွဲမှာထိုင်ပြီး စာရင်းတွက်နေတယ်။ ကျုပ်က "အဖေ အဂ္ဂနစ္စကတော့ ကျုပ်ကိုစွန့်သွားပြီ"လို့ ပြောလိုက်တယ်။ အဖေက ကျုပ်ကိုမော့ကြည့်တယ်။ "ငါစိတ်မကောင်းပါဘူးကွာ၊ ဘယ်လိုဖြစ်ကြတာလဲ"လို့ ပြန်မေးတယ်။

ကျုပ်က အဖြစ်အပျက်အားလုံးကို စေ့စေ့စပ်စပ် ပြောပြတယ်။ စကားကို အဆုံးသတ်တဲ့အခါမှာတော့ "ကျွန်တော်သိချင်တာ တစ်ခုပဲရှိတယ်၊ သူဘာပြုလို့ ကျွန်တော့်ကိုပစ်ပြီး ထွက်ပြေးရတာလဲဆိုတဲ့ အချက်ပဲ"လို့ ပြောလိုက်တယ်။

အဖေက အံ့အားသင့်နေတဲ့ မျက်နှာထားနဲ့ ကျုပ်ကိုကြည့်နေတယ်။ ပြီးတော့ "မင်းအဲဒီအချက်ကို မသိဘူးလား"လို့ ပြန်မေးတယ်။

"မသိဘူးအဖေ"

အဖေဟာ အချိန်အတော်ကြာ ငြိမ်ဆိတ်နေတယ်။ ပြီးတော့ သက်ပြင်းတစ်ချက်ချတယ်။ "ငါစိတ်မကောင်းပါဘူ အယ်လ်ဖရက်ဒိုရယ်၊ မင်းကို ဘာပြောရမှန်းတောင် မသိတော့ဘူး၊ မင်းဟာ ငါ့သားပါ၊ မင်းကို ငါပြုစုပျိုးထောင်လာတာပါ၊ ငါမင်းကို ချစ်လည်းချစ်ပါတယ်၊ ဒါပေမဲ့ အခုဟာက မင်းမယားဆိုတော့ မင်းရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ"လို့ ပြောတယ်။

"ဟုတ်ပါတယ်၊ ကျွန်တော့်ကိစ္စပါ၊ ဒါပေမဲ့ သူ ဘာပြုလို့ အခုလို

www.burmeseclassic.com



ထွက်သွားရတာလဲ”

အဖေက ခေါင်းယမ်းတယ်။ “ငါသာ မင်းနေရာမှာဆိုရင် ဒီကိစ္စမှာ သိပ်ပြီး နှိုက်နှိုက်ချွတ်ချွတ် မစဉ်းစားတော့ဘူး”လို့ ပြောတယ်။ “ဒီကိစ္စကို မေ့ထားလိုက်ပါတော့ကွာ၊ ဘာကြောင့်ဆိုတာ သိလာလို့လည်း အကြောင်းထူးလာမှာ မဟုတ်တော့ပါဘူး”

“မဟုတ်ဘူးအဖေ၊ ကျွန်တော့်အဖို့တော့ သိမှဖြစ်မှာ”

အဲဒီအခိုက်မှာပဲ ပစ္စည်းဝယ်မယ့် ဘုန်းကြီးနှစ်ပါးဆိုင်ထဲကို ဝင်လာတယ်။ အဖေက ထိုင်နေရာကထရပ်ပြီး “နောက်တစ်ခေါက်လာခဲ့ဦးပေါ့ကွာ၊ အဲဒီ အခါကျမှ ဆက်ပြောကြတာပေါ့၊ အခုတော့ အဖေအလုပ်များနေတယ်”လို့ ပြောတယ်။ ကျုပ်နားလည်သွားပြီ။ အဖေ့ဆီက ဘာတစ်ခုမှ ရနိုင်စရာအခြေအနေ မရှိဘူး။ ကျုပ်ချက်ချင်းပဲ ဆိုင်ထဲက ပြန်ထွက်လာခဲ့တယ်။

အဂ္ဂနစ္စရဲ့ အမေ့အိမ်ဟာ အဖေ့ဆိုင်နဲ့ သိပ်မဝေးဘူး။ ကော်ဆိုဗီတိုရီယို ရပ်ကွက်ထဲမှာ ရှိတယ်။ အဂ္ဂနစ္စ ဘာကြောင့် အိမ်ကထွက်သွားသလဲဆိုတဲ့ အချက်ကို အဖြေပေးနိုင်တဲ့လူဟာ အဂ္ဂနစ္စတစ်ယောက်ပဲ ရှိတော့တယ်။ ဒါကြောင့်မို့ ကျုပ် သူ့အမေအိမ်ကို လိုက်သွားတယ်။ အိမ်ပေါ်ရောက်လို့ ဧည့်ခန်းထဲမှာ ထိုင်မိတော့ သူ့အမေဝင်လာတာ တွေ့ရတယ်။

သူ့အမေကလည်း ဆိုင်ပိုင်ရှင်တစ်ယောက်ပဲ။ ကျုပ်နဲ့က မျက်နှာကြော သိပ်မတည့်ဘူး။ ဆေးဆိုးထားတဲ့ ဆံပင်နက်နက်၊ ဆေးဆိုးထားတဲ့ နီရဲရဲပါးနှစ်ဖက်နဲ့ သူ့အပြုံးဟာ စိတ်ပျက်စရာ တော်တော်ကောင်းတယ်။ ကျုပ်ကို မြင်တော့ သူက “သြော် အယ်လ်ဖရက်ဒိုပါလား၊ မင်းဘာလာလုပ်တာလဲ”လို့ မေးတယ်။

“ကျွန်တော် ဘာကြောင့်လာတယ်ဆိုတာ ခင်ဗျားသိပါတယ်ဗျာ”လို့ ကျုပ်က ပြန်ဖြေတယ်။“အဂ္ဂနစ္စအိမ်က ထွက်သွားတယ်ဗျ”

“အေး ဟုတ်တယ်၊ သူဒီမှာ ရှိနေတယ်”လို့ အေးအေးဆေးဆေးပဲ ပြန်ပြောတယ်။ “အေးကွယ့် ဒီကိစ္စမျိုးက ခက်သားကလား၊ ဖြစ်ရိုးဖြစ်စဉ်တွေပဲ”

“ခင်ဗျားပေးတဲ့အဖြေက ဒါပဲလား”

သူက ကျုပ်ကိုကြည့်ပြီး အချိန်တော်တော်ကြာ ငြိမ်နေတယ်။ ပြီးတော့ ကျုပ်ကို မေးတယ်။“ဒီကိစ္စကို မင်းအဖေနဲ့ အမေဆီသွားပြီး ပြောမပြဘူးလား” တဲ့။

“ပြောပြီးပြီ၊ ကျွန်တော့်အဖေကို အားလုံးပြောလိုက်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းကိုဘာပြောလဲ"

သူ့စိတ်ထဲမှာ အောင့်သီးအောင့်သက် ဖြစ်သွားတယ်။ ကျုပ်အဖေက ကျုပ်ကို ဘာပဲပြောပြော သူနဲ့ဘာဆိုင်တာမှတ်လို့။ ဒါပေမဲ့ ကျုပ်စိတ်ကိုထိန်းပြီး "ကျုပ်အဖေ ဘယ်လိုလူစားဆိုတာ ခင်ဗျားလည်း သိသားပဲဗျာ၊ ဒီကိစ္စမှာ သိပ်ပြီး နှိုက်နှိုက်ချွတ်ချွတ် မတွေးပါနဲ့ကွာလို့ ပြောလိုက်တယ်"

"အင်း သူပြောတာ မှန်သားပဲကွဲ့၊ သိပ်ပြီး နှိုက်နှိုက်ချွတ်ချွတ် တွေး မနေပါနဲ့ကွယ်"

ကျုပ် ဒေါသဖြစ်လာတယ်။

"သူက ကျုပ်ကို ဘာပြုလို့အခုလိုထားပြီး ထွက်သွားရတာလဲ၊ ကျုပ်က သူ့ကို ဘာလုပ်လို့တုံး၊ ခင်ဗျားကကော ကျုပ်ကို ဘာပြုလို့ ရှင်းမပြရတာလဲ"

ကျုပ်ပြောချင်နေတာတွေကို ဒေါသတကြီးနဲ့ ပြောနေတုန်းမှာပဲ ကျုပ်မျက်လုံးဟာ စားပွဲပေါ်ကို ရောက်သွားတယ်။ စားပွဲပေါ်မှာ စားပွဲခင်းတစ်ခု ခင်းထားတယ်။ စားပွဲခင်းပေါ်မှာတော့ ကြွေပန်းအိုးကြီးတစ်လုံး ရှိတယ်။ ပန်းအိုးထဲမှာတော့ ဇော်မွှားပန်းတွေ စိုက်ထားတဲ့ ပန်းအိုးတစ်လုံးရှိတယ်။ ပန်းအိုးဟာ ဘေးတစ်ဖက်ကို ငိုက်ကျနေတယ်။ ကျုပ်အနေနဲ့ ကိုယ့်ဘာသာ ဘာလုပ်လို့ လုပ်မိမှန်းမသိဘူး။ ယောက္ခမကြီးက ကျုပ်ကို ပြုံးပြီးကြည့်နေခိုက်မှာပဲ ပန်းအိုးကို နေသားတကျဖြစ်အောင် ပြန်ထောင်ပေးလိုက်မိတယ်။

"အေးကွယ် ပန်းအိုးက သူ့နေရာသူ ပြန်ရောက်သွားပြီ။ ငါဖြင့် သတိတောင် မထားခဲ့မိဘူး၊ မင်းကတော့ ချက်ချင်းမြင်တယ်နော်၊ ကောင်းပါလေ့ကွယ်။ ကဲ... ကဲ မင်းလည်း သွားပေဦးတော့"လို့ အဘွားကြီးက ပြောတယ်။ သူက ထိုင်ရာကထလိုက်တော့ ကျုပ်လည်း ထရတော့တာပေါ့။ကျုပ်က အဂ္ဂနစ္စနဲ့ တွေ့ချင်တယ်လို့ ပြောချင်တယ်။ ဒါပေမဲ့ ရမယ်မထင်ဘူး။ ပြီးတော့လည်း သူနဲ့ကျုပ်တွေ့ရင် ဒေါသတွေဘာတွေဖြစ်ပြီး ရန်ဖြစ်မှာစိုးရိမ်ရတယ်။ ကျုပ်ချက်ချင်းပဲ အိမ်ထဲက ပြန်ထွက်လာခဲ့တယ်။

အဲဒီနေ့ကစပြီး ကျုပ်ဟာ ကျုပ်မိန်းမကို မမြင်ရမတွေ့ရတော့ဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် သူပြန်လာမှာပဲလို့ စိတ်ထဲက ထင်မိတယ်။ တကယ်လို့ သူပြန်လာမယ်ဆိုရင်လည်း သူဘာကြောင့် ကျုပ်ကိုပစ်ပြီး ထွက်သွားရတာလဲဆိုတဲ့အချက်ကို ကျုပ်ကျေနပ်လောက်အောင် ရှင်းမပြလို့ကတော့ အိမ်ကိုရိပ်တောင် မနင်းရဘူးလို့ ကျုပ်ဆုံးဖြတ်ထားတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

# နွေစိတ်ရှူး

နွေရာသီရောက်လာပြီဆိုရင် ကျုပ်ရင်ထဲမှာ အိမ်က ထွက်ပြေးချင်တဲ့ စိတ်ဟာ အမြဲတမ်း ပေါ်လာတတ်တယ်။ အသက်အရွယ် ငယ်နေသေးတာက တစ်ကြောင်း၊ အိမ်ထောင်သည်ဘဝရောက်နေပြီဖြစ်တဲ့ ကျုပ်ကိုယ်ကျုပ် လင် တစ်ယောက်အဖြစ်၊ ဖခင်တစ်ယောက်အဖြစ် အံဝင်ခွင်ကျဖြစ်အောင် မနေတတ်သေးတာလည်း တစ်ကြောင်းကြောင့် ဖြစ်ကောင်းဖြစ်လိမ့်မယ်ထင်ပါရဲ့။

နွေရာသီရောက်လာတဲ့အခါမှာ လူချမ်းသာတွေအတွက်ကတော့ ဘာ ပြဿနာမှမရှိပါဘူး။ မနက်ပိုင်းဆိုရင် ပြတင်းပေါက်တွေကိုပိတ်ထား၊ ညပိုင်း ကျတော့ ပြန်ဖွင့်...။ ပြတင်းပေါက်တွေကတစ်ဆင့် ဝင်လာနေတဲ့ အေးမြမြလေက တဖြူးဖြူး...။ ကျောက်သားသမံတလင်းပေါ်မှာ ခင်းကျင်းထားတဲ့ ပရိဘောဂ ပစ္စည်းတွေက ခပ်မှိန်မှိန်မီးရောင်အောက်မှာ တလက်လက်။ အရာဝတ္ထုပစ္စည်း တိုင်းဟာ သူ့နေရာနဲ့သူ၊ အားလုံးနေသားတကျပဲ။ သန့်စင်ဝင်းလက်နေတာ ပဲ။ တစ်အိမ်လုံးဟာ တိတ်ဆိတ်အေးမြနေတာပဲ။

တကယ်လို့ ရေငတ်တယ်ဆိုပါတော့ဗျာ။ အိမ်စေတစ်ယောက်က အင်မ တန် အရသာထူးတဲ့ ရေခဲစိမ်အအေးတစ်ခွက်ကို လင်ပန်းလှလှကလေးနဲ့ထည့် ပြီး လာပို့မယ်။ အအေးကလည်း လိမ္မော်ရည်၊ ဘာလီရည်၊ သံပရာရည်တစ်ခုခု ဖြစ်မှာပေါ့။ လင်ပန်းထဲမှာ ရေခဲတုံးလေးတွေ ထည့်ထားတဲ့ ခွက်တစ်ခွက်လည်း ပါပေမပေါ့။ အအေးဖန်ခွက်ထဲ ဇွန်းထည့်ပြီး မွှေနေလို့ ထွက်လာတဲ့ အသံကလည်း သာယာနေမှာ သေချာပါတယ်။

အင်း...ဒါပေမဲ့ ဆင်းရဲသားတွေရဲ့ အိမ်တွေမှာတော့ အခြေအနေက ပြောင်းပြန်ခေါက်ထိုးပါဗျာ။ နွေရာသီရောက်လို့ နေပူလာတာနဲ့တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



အပုရှိန်ဟာ သေးသေးကျဉ်းကျဉ်း အခန်းလေးထဲကို အတင်းအဓမ္မ တိုးဝင်လာတာပါပဲ။ ရေငတ်လို့ ရေသောက်ချင်လာပြီဆိုရင် ရေကတော့ ရနိုင်ပါတယ်။ ဒါပေမဲ့ မီးဖိုချောင်ဘုံဘိုင်က ထွက်လာတဲ့ရေဟာ ရေပူကြီး။ ပူလွန်းလို့ လုံးဝအရသာမရှိတဲ့ ဟင်းချိုရည်နဲ့တူနေတယ်။

အတွင်းဘက်မှာကလည်း ကျယ်ကျယ်ဝန်းဝန်းမရှိတော့ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့တောင်မရဘူး။ စားပွဲကုလားထိုင်တွေ၊ အဝတ်တွေ၊ အိမ်သုံးပစ္စည်းတွေနဲ့ မီးဖိုချောင်သုံးပစ္စည်းတွေဟာ တစ်ခုပေါ်တစ်ခု ထပ်ထားသလိုဖြစ်ပြီး ရှုပ်ပွနေတာပဲ။ အခန်းထဲက လူတိုင်းဟာ ရှပ်အင်္ကျီလက်မောင်းတွေကို လိပ်တင်ထားကြရတယ်။ ရှပ်အင်္ကျီတွေကလည်း ချွေးတွေတစိုစိုနဲ့ နံစော်နေတာပဲ။ တကယ်လို့များ ပြတင်းပေါက်တွေကို သွားပိတ်လိုက်ရင် တစ်ခန်းလုံး မွန်းကျပ်သွားတာပဲ။ ညပိုင်းလေဟာ လူခြောက်ယောက်အိပ်ရတဲ့ အခန်းထဲကို လုံးဝဝင်မလာနိုင်တော့ဘူး မဟုတ်လား။ အဲဒီတော့ အသက်တောင် ရှုလို့မဝနိုင်တော့ဘူးပေါ့။

တကယ်လို့ ဖွင့်လိုက်ပြန်တော့လည်း အပြင်ကနေရောင်ဟာ အထဲကို အတင်းတိုးဝင်လာတယ်။ လူအားလုံး နေပူစာထွက်လှုံနေသလို ဖြစ်ကြရတယ်။ လမ်းမပေါ်ထွက်ရပ်နေသလိုမျိုး ကြုံရတယ်။ အပူငွေ့နဲ့အတူ ချွေးနံ့တွေ၊ ဖုန်နံ့တွေ၊ တခြားအနံ့ဆိုးတွေဟာ တစ်ခန်းလုံးမှာ ပျံ့နှံ့နေတတ်တယ်။ အပူဒဏ်ကို သိပ်ပြီးခံနေရတဲ့အခါမှာ လူတွေဟာလည်း တစ်မျိုးဖြစ်လာတယ်။ သူတို့ရဲ့ စရိုက်ဟာ စိတ်တိုတယ်။ ဒေါသကြီးတယ်။ ရန်လိုလာတယ်။ ထစ်ခနဲဆိုရင် ရန်ဖြစ်ဖို့ ဝန်မလေးကြဘူး။ လူချမ်းသာတစ်ယောက်အဖို့ကတော့ တစ်နေရာမှာ ပူလာရင် တခြားအခန်းတွေထဲဝင်ပြီး နေလို့ရတယ်။ ဆင်းရဲသားတွေအဖို့ကတော့ တစ်ခန်းတည်းမှာပဲ စုပြုံတိုးဝှေ့ပြီး နေကြရတာ။ ငါးသေတ္တာဘူးထဲက ငါးတွေနဲ့ ဘာမှမထူးဘူး။ အိုးခွက်တွေ၊ ဖန်ခွက်တွေ၊ အဝတ်ပုံတွေကြားမှာ နေချင်နေ၊ မနေနိုင်ရင် လမ်းပေါ်ထွက် အဲဒါပဲ။

နေအလွန်ပူပြင်းနေတဲ့ နေ့ရက်တွေထဲက တစ်ရက်မှာပေါ့။ ကျုပ်ဟာ ကျုပ်မိန်းမနဲ့ ရန်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ စွပ်ပြုတ်က အရမ်းနည်းနေရုံမကဘူး၊ ပူလွန်းလို့ သောက်တောင်မသောက်နိုင်ဘူး။ ပထမတော့ ကျုပ်ဟာ ကျုပ်မိန်းမနဲ့တင် ရန်ဖြစ်တာပါ။ အဲဒီကိစ္စမှာ ဟိုအကောင် ကျုပ်ယောက်ဖက ကျုပ်မိန်းမဘက်က ဝင်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့ အမြင်ကတော့ ကျုပ်ယောက်ဖအနေနဲ့ အဲသလို လုပ်ပိုင်ခွင့်မရှိဘူး။ ဒီအကောင်အလုပ်လက်မဲ့ဖြစ်လို့ ကျုပ်ရဲ့လုပ်စာကို မှီစားနေတာကြာလှပြီ။ ဒီကြားထဲမှာ ကျုပ်ယောက်ဖရဲ့မိန်းမက ကျုပ်ဘက်ကဝင်ပါပြီး ကျုပ်ကို ကာကွယ်ပေးတယ်။ အဲဒီတော့ အဲဒီကောင်မနဲ့ ကျုပ်နဲ့ဆက်ပြီး ရန်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီကောင်မ ကျုပ်ကိုပြိတ်တိတိ၊ ညတုတုလုပ်နေတာကြာပြီ။ အခုလို ကျုပ်ဘက်ကဝင်ပါတာဟာ မရိုးသားတဲ့စိတ်နဲ့လုပ်တာမို့ ကျုပ်က စက်ဆုပ်တယ်။

သူနဲ့ရန်ဖြစ်နေတုန်းမှာပဲ အမေကကျုပ်ကို ဒေါသမကြီးဖို့ ဝင်ပြီးဖျောင်းဖျတယ်။ ကျုပ်ကလည်း အမေပြောခါမှ ပိုပြီးဒေါသကြီးလာတော့ အမေနဲ့ဆက်ပြီး စကားများတယ်။ နောက်ပြီးတော့ အဖေနဲ့ပါဆက်ပြီး ရန်ဖြစ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျုပ်နဲ့အမေနဲ့ စကားများနေကြတုန်းမှာ သူက သူ့အစာစားတာ အေးအေးဆေးဆေး စားစမ်းပါရစေလို့ ဝင်ပြောတာကိုးဗျ။ နောက်ဆုံးမှာ ကျုပ်ဟာ ကလေးမကလေးနဲ့ပါ ဒေါသဖြစ်ရတယ်။ ဘာကြောင့်လဲဆိုတော့ သူက ငိုနေလို့...။

ကျုပ်ဟာ ဒေါသကို မထိန်းနိုင်တော့ဘူး။ ထိုင်နေရာက ဗြုန်းခနဲခုန်ထလိုက်ပြီး ကုလားထိုင်မှာချိတ်ထားတဲ့ ဂျက်ကက်အင်္ကျီကို ယူဝတ်လိုက်တယ်။ ပြီးတော့ "အားလုံးကို ကျုပ်ပြောမယ်၊ ကျုပ်ခင်ဗျားတို့အားလုံးကို စိတ်ကုန်သွားပြီသိလား၊ ကျုပ် ဆောင်းဝင်ချိန် အောက်တိုဘာလကျမှ ပြန်လာခဲ့တော့မယ်၊ ဒီကြားထဲ ကျုပ်ကို မမျှော်လင့်နဲ့တော့"လို့ စိတ်ဆိုးမာန်ဆိုးနဲ့ပြောပြီး အိမ်ကထွက်လာခဲ့တယ်။ ကျုပ်မိန်းမက ကျုပ်ကို တကြော်ကြော်ခေါ်ပြီး နောက်ကပြေးလိုက်လာတယ်။ ကျုပ်ကြိုက်တတ်တဲ့ အစားတစ်ခု လုပ်ထားပါတယ်။ ပြန်လာခဲ့ပါတဲ့။ ကျုပ်က "နင့်ဘာသာနင်စား ငါမစားဘူး"လို့ ပြန်အော်ပြီး လမ်းပေါ်ကို ထွက်လာခဲ့တယ်။

ကျုပ်တို့နေတာက ဩစတီယင်စီရပ်ကွက်ထဲမှာဗျ။ ကျုပ်ဟာ လမ်းမကို ဖြတ်ကူးပြီး မြစ်ကူးသံတံတားဘက်ကို လျှောက်လာခဲ့တယ်။ အချိန်က နေ့ခင်းပိုင်း နှစ်နာရီဆိုတော့ အသားကုန်ပူတဲ့အချိန်ပေါ့ဗျာ။ တံတားပေါ်ရောက်တော့ ကျုပ်ဟာ တံတားသံဘောင်ကိုမှီပြီး ရပ်နေမိတယ်။

တိုက်ဘာမြစ်ရေကတော့ ထုံးစံအတိုင်း နောက်ကျိပြီး ရွှံ့ရောင်ပေါက်နေတယ်။ ကျုပ်မျက်စိတွေဟာ ဟိုအဝေးက ဓာတ်ဆီချက်စက်ရုံကြီးကို မြင်

www.burmeseclassic.com

www.burmeseclassic.com



နေရတယ်။ မီးလောင်လို့ပျက်စီးသွားတဲ့ အဆောက်အအုံကြီးဆိုတော့ ကြည့်ရတာ သိပ်ကိုအကျည်းတန်တာပဲ။ ရေနံလှောင်တဲ့ကန်တွေနဲ့ မျှော်စင်တွေဟာ ထီးထီးကြီး ရှိနေတုန်းပဲ။ ဓာတ်ဆီတင်တဲ့ပိုက်လုံးကြီးတွေကလည်း အများကြီး ကျန်နေသေးတယ်။ ဒီအဆောက်အအုံပျက်ကြီးဟာ မြင်ကွင်းတစ်ခုလုံးကို ရှေ့ကနေ ပိတ်ထားတယ်။

ကျုပ်ဟာ တံတားပေါ်မှာ အချိန်အတော်ကြာရပ်ပြီး တိုက်ဘာမြစ်ကို ငုံ့ကြည့်နေမိတယ်။ ဆိပ်ကမ်းမှာရပ်ထားတဲ့ ကုန်တင်လှေကြီးတွေကတော့ အများကြီးပဲ။ ဘိလပ်မြေအိတ်တွေတင်ထားတာ တွေ့ရတယ်။ ပတ်ဝန်းကျင်ရှုခင်းကိုကြည့်ပြီး ကျုပ်စိတ်ထဲမှာ ကသိကအောက် ဖြစ်လာတယ်။ အော်အော်ပြီး ရယ်ချင်တဲ့စိတ်ကလည်း အပြင်းအထန်ပေါ်လာနေတယ်။ ချောင်းသာသာလောက်ရှိတဲ့ ဒီနေရာကို သူတို့က "ဆိပ်ကမ်း" လို့ ခေါ်နေကြတယ်။ သူတို့က ဒီနေရာကို သင်္ဘောတွေအများအပြားဆိုက်ထားတဲ့ ဂျီနိုအာနဲ့ နေပယ်လ်မြို့ ဆိပ်ကမ်းတွေနဲ့ အတူတူပဲလို့ ထင်နေသလား မပြောတတ်ဘူး။

ကျုပ်အမှန်အတိုင်းပြောရရင် ဒီဆိပ်ကမ်းမြို့က ဝေးရာကိုထွက်ပြေးချင်တယ်။ အေးအေးဆေးဆေးထိုင်ပြီး ငါးကင်ကိုစားရင်း ပင်လယ်ပြင်ကို ကြည့်နေနိုင်တဲ့ ဖီယူမီစီနိုပင်လယ်ဆိပ်ကမ်းမြို့မှာ သွားနေချင်တယ်။ နောက်ဆုံးမှာ ကျုပ်ဟာ အတွေးစကိုဖြတ်ပြီး တံတားပေါ်ကဖြတ်လျှောက်လာခဲ့တယ်။ မြစ်ရဲ့ တစ်ဖက်မှာရှိနေတဲ့ လွင်တီးခေါင်တောပိုင်းဒေသဘက်ကို လျှောက်လာခဲ့တယ်။ အမှန်တော့ ကျုပ်ဟာ ဒီတောပိုင်းဒေသနားမှာကပ်ပြီး နေခဲ့ပေမယ့် ဒီနေရာဒေသကို လုံးဝမရောက်ခဲ့ဖူးဘူး။ ပထမတော့ ကျုပ်ဟာ လယ်ကွင်းပြင်တွေကြားမှာရှိနေတဲ့ လမ်းအတိုင်း ခပ်သွက်သွက်လျှောက်လာခဲ့တယ်။ အဲဒီလမ်းဆုံးတော့ လမ်းကြားလေးတစ်ခု တွေ့တယ်။ လမ်းက မြေလမ်းဗျ။

ဒီဘက်ရောက်တော့ လမ်းဘေးဝဲယာမှာချထားတဲ့ အမှိုက်ပုံကြီးတွေကို မြင်နေရတယ်။ တချို့အမှိုက်ပုံတွေက သိပ်ပြီးကြီးလွန်းတော့ တောင်ပူစာလေးတွေနဲ့ အတော်တူတာပဲ။ ရောမမြို့ထဲက ရှိရှိသမျှ အမှိုက်သရိုက်တွေဟာ ဒီနေရာမှာလာပြီး စုပုံနေကြတယ်ထင်ပါရဲ့။ လယ်ကွင်းတွေပေါ်မှာ မြက်ပင်ဆိုလို့ တစ်ပင်မှမရှိဘူး။ ပေရေညစ်ပတ်နေတဲ့ စက္ကူစုတ်တွေ၊ သံဘူးခွံတွေ၊ ပုပ်သိုးရိရွဲနေတဲ့ ဟင်းသီးဟင်းရွက်တွေ၊ အဝတ်စုတ်နဲ့ ဖိနပ်စုတ်တွေ။ အဲသလို အညစ်အကြေး အစုတ်အပြတ်တွေကလွဲပြီး ဘာမှမရှိဘူး။ သစ်ပင်ဝါးပင်ဆို

www.burmeseclassic.com



လို့လည်း တစ်ပင်မှမရှိဘူး။ ကျုပ်အနေနဲ့ ရှေ့ဆက်သွားချင်တဲ့စိတ် ပျောက်သွားတယ်။ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ လာလမ်းအတိုင်း ပြန်ချင်တဲ့စိတ်ကလည်း မရှိဘူး။ ကျုပ် အဲသလို ဖြစ်နေတုန်းမှာ ရုတ်တရက် အသံတစ်သံကြားလိုက်ရတယ်။ အသံက ခွေးခေါ်သံလိုလို ဘာလိုလိုပဲဗျ။

အသံလာတဲ့ဘက်ကို ကျုပ်ဖျတ်ခနဲ လှည့်ကြည့်တယ်။ ခွေးတစ်ကောင်ကြောင်တစ်မြီးမှ မတွေ့ရဘူး။ အမှန်တော့ ဒီနေရာဟာ ခွေးလေခွေးလွင့်တွေလာပြီး နေသင့်တဲ့နေရာတစ်ခုပါ။ ဒါပေမဲ့ ခွေးနဲ့တူတာဆိုလို့ တစ်ကောင်မှမရှိတော့ စဉ်းစားရခက်နေတယ်။ လူတစ်ဦးတစ်ယောက်က ကျုပ်ကို ခေါ်နေတာများလား။ ဒါကြောင့်မို့ အသံလာတဲ့ဘက်ကို ကျုပ်လှည့်ကြည့်တယ်။

ကျုပ်မြင်နေရတဲ့ အမှိုက်ပုံကြီးတစ်ပုံရဲ့ နောက်မှာ သွပ်မိုးတဲလေးတစ်တဲရှိနေတယ်။ဒီတဲကို ကျုပ်စောစောက မမြင်ခဲ့ဘူး။ တဲဝမှာတော့ အသက်ရှစ်နှစ်သမီးလောက်သာရှိသေးတဲ့ ကလေးမတစ်ယောက် ရပ်နေတယ်။ သူက ကျုပ်ကိုလက်ယပ်ခေါ်နေတယ်။ ကျုပ် သေသေချာချာ ထပ်ကြည့်တယ်။ကလေးမလေးကအသားဖြူပေမယ့် တစ်မျက်နှာလုံး ပေရေညစ်ပတ်နေတယ်။ သူ့မျက်စိတွေအောက်မှာလည်း ပန်းရောင်အကွက်ကလေးတွေ မြင်ရတယ်။ သူ့ဆံပင်ကသပ်သပ်ရပ်ရပ်မရှိဘူး။ တစ်ခေါင်းလုံး ဖရိုဖရဲနဲ့ ပွရှုပ်နေတာပဲ။ သူ့အဝတ်အစားကလည်း တစ်မျိုးပဲ။ အပေါက်လေးပေါက်ပါတဲ့ ရွက်ဖျင်စတစ်စကိုဝတ်ထားတာ။ အပေါက်နှစ်ပေါက်က သူ့လက်နှစ်ဖက်အတွက် ဖောက်ထားတာ။ ကျန်နှစ်ပေါက်ကတော့ သူ့ခြေထောက်နှစ်ချောင်း ထိုးသွင်းဖို့ ဖောက်ထားတာပဲ။

သူက ကျုပ်ကိုလှမ်းကြည့်ပြီး "ဦးလေးက ဆရာဝန်လား" လို့ မေးတယ်။

"မဟုတ်ဘူးကွ" လို့ ကျုပ်က ဖြေတယ်။ "မင်းဘာပြုလို့ မေးတာလဲ၊ ဆရာဝန်လိုနေလို့လား"

"တကယ်လို့ ဦးလေးကဆရာဝန်ဆိုရင် ကျွန်မအမေဖျားနေလို့ တဲထဲဝင်ပြီး ဆေးကုပေးပါ"

ကျုပ်စိတ်ထဲမှာ ကျုပ်ဟာ ဆရာဝန်တစ်ယောက်မဟုတ်ဘူးလို့ မပြောရက်ဘူး။ ဒါကြောင့်မို့ တဲထဲကိုဝင်လိုက်သွားတယ်။ ပထမတော့ ကျုပ်ဟာ အဝတ်ဟောင်းရောင်းတဲ့ဆိုင်တစ်ဆိုင်ထဲကို ရောက်သွားသလားလို့ ထင်လိုက်မိတယ်။ မျက်နှာကြက်က ထုပ်တန်းတွေမှာ ချိတ်ထားတဲ့ ပစ္စည်းတွေဟာ အမျိုးကိုစုံနေတာပဲ။ အင်္ကျီတွေ၊ ဘောင်းဘီတွေ၊ ခြေအိတ်တွေ၊ ရှူးဖိနပ်တွေ၊ အိုးတွေခွက်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်နှီးစုတ်တွေဗျ။ အဲဒါတွေကလွဲပြီး တဲထဲမှာ တခြားဘာပစ္စည်းမှ မရှိဘူး။

ကျုပ်ဟာ အဲဒီပစ္စည်းတွေနဲ့ တိုးမိတိုက်မိမှာစိုးလို့ ခေါင်းငုံ့ပြီး လျှောက်နေရတယ်။ကလေးမလေးက နေမကောင်းဖြစ်နေတယ်လို့ပြောတဲ့ သူ့အမေကို လိုက်ရှာနေတာပါ။ နောက်ဆုံးမှာတော့ ကလေးမလေးက တဲရဲ့ ထောင့်တစ်ထောင့်ထဲက အဝတ်စုတ်ပုံပေါ်မှာလှဲနေတဲ့ သူ့အမေကို လက်ညှိုးထိုးပြတယ်။ ကျုပ်အနားရောက်သွားတော့ အဝတ်စုတ်ပုံပေါ်ကနေပြီး ကျုပ်ကိုကြည့်နေတဲ့ မျက်လုံးတစ်လုံးကို မြင်ရတယ်။ ကျန်တဲ့ တစ်လုံးကတော့ ဆံပင်ဖြူဖုံးနေလို့ မမြင်ရဘူး။

အမျိုးသမီးရဲ့ ပုံပန်းကိုကြည့်ပြီး ကျုပ် စိတ်မကောင်း ဖြစ်ရပါတယ်။ ရုတ်တရက်ကြည့်လိုက်ရင် အဘွားအိုတစ်ယောက်လို့ ထင်ရပါတယ်။ ဒါပေမဲ့ သေသေချာချာ ကြည့်လိုက်တော့ သူဟာ အသက်ငယ်ငယ်ပဲ ရှိပါသေးတယ်။ ကျုပ်ကိုမြင်တော့ ချက်ချင်းပဲ သူက“ကျွန်မတို့ ပြန်တွေ့ကြရပြီနော်”လို့ ပြောပါတယ်။

ကလေးမလေးက ရယ်စရာအလွန်ကောင်းမဲ့ ပြကွက်တစ်ခုကို မြင်ရတော့မဲ့အတိုင်းပဲ အော်ရယ်တယ်။ ပြီးတော့ မြေကြီးပေါ်မှာ တင်ပျဉ်ခွေထိုင်ချလိုက်ပြီး ဘူးခွံတွေနဲ့ ကစားနေတယ်။ ကျုပ်ကတော့ ဟိုအမျိုးသမီးကိုကြည့်ပြီး “အမှန်အတိုင်းပြောရရင် ကျွန်တော် ခင်ဗျားကို မသိဘူး”လို့ ပြောလိုက်တယ်။ “ခင်ဗျား အခုဘာဖြစ်နေတာလဲ၊ ဟိုကလေးမလေးက ခင်ဗျားရဲ့ သမီးလား”

“ဟုတ်တယ်၊ ကျွန်မသမီးပဲ”လို့ သူကပြန်ပြောတယ်။ “သူဟာ ရှင့်ရဲ့ သမီးပါ”တဲ့။

ကလေးမက နောက်တစ်ကြိမ် ရယ်ပြန်ပါတယ်။ ပြက်လုံးကောင်းတစ်ခုကို ကြားလိုက်ရလို့ ရယ်တာမျိုးပါ။ ကျုပ်ကတော့ “အေးပေါ့လေ၊ သူဟာ ကျွန်တော့်သမီး ဖြစ်ချင်လည်း ဖြစ်ပေမပေါ့၊ တခြားလူတစ်ယောက်ရဲ့ သမီးလည်း ဖြစ်ချင်ရင်ဖြစ်နိုင်တာပဲ”လို့ ပြန်ပြောလိုက်တယ်။

“လုံးဝမဟုတ်ဘူး”လို့ အမျိုးသမီးက ပြန်ပြောပြီး လှဲနေရာကထတယ်။ ကျုပ်ကို လက်ညှိုးနဲ့ ငေါက်ငေါက်ထိုးပြီး “သူဟာ ရှင့်သမီးမှ ရှင့်သမီးအစစ်၊ ရှင်ဟာလူပျင်း၊ လူလေလူလွင့်၊ လူပေါ်ကြော့၊ တာဝန်မဲ့တဲ့လူ၊ ရှင်ဟာ အဲသလို လူစား”တဲ့။

အဲသလို ကျုပ်ကိုပုတ်ခတ်ပြီး ပြောနေတဲ့စကားတွေကြားတော့ ကလေး

www.burmeseclassic.com

www.burmeseclassic.com



မလေးက အော်ရယ်တယ်။ ဒီစကားမျိုးတွေကို သေချာပေါက်ကြားရလိမ့်မယ် လို့ စောစောကတည်းက မျှော်လင့်ထားဟန်တူပါရဲ့။ ကျုပ်က စိတ်နည်းနည်း တိုသွားတယ်။ "ခင်ဗျားစကားပြောတာ သတိထားပြောပါ၊ ကျုပ်ခင်ဗျားကို လုံးဝမသိခဲ့ဘူးလို့ ပြောထားခဲ့ပြီးပြီ"

"ဟား... ဟား... ဟား... ရှင်ကကျွန်မကိုမသိဘူးတဲ့။ ရှင် ကျွန်မကို မသိဘဲနဲ့ ကျွန်မအိမ်ကိုတော့ ရောက်လာတယ်၊ ဘယ်လိုလုပ်ပြီးရောက်လာရ တာလဲ၊ ဒီအိမ်လာတဲ့လမ်းကို ရှင်ဘယ်လိုနည်းနဲ့ သိရတာလဲ၊ ပြောစမ်းပါဦး"

"ရှင်ဟာ သတ္တိလည်းမရှိဘူး၊ တာဝန်လည်းမဲ့တယ်"လို့ ကလေးမလေးက သူ့အမေစကားကို သံယောင်လိုက်ပြီး ရေရွတ်နေတယ်။ အခုဆိုရင် ကျုပ်တစ်ကိုယ် လုံးမှာ ချွေးတွေနဲ့ စိုရွှဲနေတယ်။ ပူတာကလည်းတစ်ကြောင်း၊ စိတ်ရှုပ်တာက လည်း တစ်ကြောင်းကြောင့် ချွေးတွေဟာ ပိုပြီးထွက်လာနေတယ်။

အမျိုးသမီးကတော့ ကလေးမဘက်ကိုလှည့်ကြည့်ပြီး "ဟဲ့ကောင်မလေး၊ ငါ့ကို လက်ဆွဲအိတ်ယူပေးစမ်း"လို့ ခိုင်းတယ်။ ကလေးမက ကစားနေရာက ထလာပြီး အပေါ်ထပ်တန်းမှာ ချိတ်ထားတဲ့အနက်ရောင် ကတ္တီပါ လက်ဆွဲအိတ်ကို လှမ်းယူပေးတယ်။ အိတ်က ဟောင်းလှပါပြီ။ ပေါက်တဲ့နေရာက ပေါက်ပြီး ပေရေညစ်ပတ်နေတဲ့အိတ်ပါ။ အမျိုးသမီးဟာ အိတ်ကိုဆွဲဖွင့်ပြီး အထဲကစာရွက် တစ်ရွက်ကို ထုတ်ယူလိုက်ပါတယ်။

"ဒီမှာ လက်ထပ်စာချုပ် မြင်ရဲ့လား၊ ယူပြီးဖတ်ကြည့်စမ်း၊ အယ်လ်ဗီယာ နဲ့ အာနက်စတို ရာပယ်လီလို့ ရေးထားတာ တွေ့လား၊ ရှင်ငြင်းချင်သေးသလား အာနက်စတို ရာပယ်လီ"

ကျုပ် တော်တော်အံ့သြသွားတယ်။ အာနက်စတိုဆိုတဲ့နာမည်ဟာ ကျုပ် နာမည်ပါ။ ဘယ်လိုဖြစ်တာလဲလို့ တွေးနေမိတယ်။ "အာနက်စတိုဆိုတာ ကတော့ ဟုတ်တယ်၊ ဒါပေမဲ့ ရာပယ်လီတော့ မဟုတ်ဘူး"လို့ ကျုပ်က ပြန် ပြောတယ်။

အမျိုးသမီးဟာ လှဲနေရာက ထရပ်လိုက်ပါတယ်။ ဆံပင်တွေဖြူပြီး သွားတွေ လုံးဝမရှိတော့ပေမယ့် အသက်ကတော့ ငယ်သေးတာအမှန်ပါပဲ။ သုံးဆယ်တောင်မှ ကျော်ဦးမယ်မထင်ပါဘူး။ သူဟာ ကျုပ်ဆီကို လျှောက်လာပြီး ကျုပ်ရှေ့မှာ ခါးထောက်ပြီး ရပ်နေတယ်။ "သြော် ရှင်ဟာ ရာပယ်လီမဟုတ်ဘူး ဆိုပါတော့၊ ဟင်း... ဟင်း... ရှင်ဟာ ရာပယ်လီမှ ရာပယ်လီအစစ်၊ ရှင်

www.burmeseclassic.com

www.burmeseclassic.com



ရာပယ်လီဆိုတာကို ဘုရားသခင်ရှေ့မှာ ကျွန်မကျမ်းကျိန်ပြီး သစ္စာဆိုဝံ့တယ်" လို့ ဒေါ်သတကြီး ပြောတယ်။

"အင်းအခုမှပဲ ကျွန်တော် သဘောပေါက်တယ်"လို့ ကျုပ်က ပြန်ပြောတယ်။ "ခင်ဗျားဟာ နေမှမကောင်းဘဲ၊ ပေါက်ကရတွေ ပြောနေမှာပေါ့၊ ကိစ္စမရှိပါဘူး၊ ကျုပ်သွားလိုက်ပါဦးမယ်"

"ခဏနေဦး"လို့ သူက လှမ်းတားတယ်။ ဒီအတွင်းမှာ ကလေးမလေးဟာ ထိုင်ရာကထပြီး သိပ်ကိုပျော်ရွှင်မြူးထူးနေတဲ့ အမူအရာနဲ့ ကခုန်နေတယ်။ အမျိုးသမီးကတော့ သရော်သံနဲ့ "ဩော်... အာနက်စတို အာနက်စတို၊ သူ့မယားကိုစွန့်ပစ်ပြီး ဝေးရာကိုထွက်ပြေးသွားတဲ့ မဟာသူရဲကောင်းကြီး အာနက်စတိုရယ်၊ ရှင့်မျက်နှာကိုမမြင်ရတာ တစ်နှစ်တောင် ကြာခဲ့ပါပကောလား၊ ကျွန်မနဲ့ ဒီသတ္တဝါမကလေး ရှင်ထွက်ပြေးနေတဲ့ တစ်နှစ်အတွင်းမှာ ဘယ်လိုနေထိုင်ပြီး ဘယ်လိုစားသောက်နေရသလဲဆိုတာ ရှင်သိရဲ့လား"လို့ ပြောနေတယ်။

"ဟာ အဲဒါတွေကျုပ်မသိဘူး"လို့ ကျုပ်က ခပ်ရိုင်းရိုင်းလေသံနဲ့ ပြန်ပြောတယ်။ "သိလည်းမသိချင်ဘူး၊ ကဲ... ကျုပ်သွားမယ်"

"ဟဲ့ကောင်မလေး၊ တို့သားအမိ ဘယ်လိုနေရစားရတယ်ဆိုတာ နင့်အဖေကို ပြောပြလိုက်စမ်း"လို့ သူက ကလေးမဘက်လှည့်ပြီး အော်တယ်။

"တောင်းစားနေရတယ်၊ တောင်းစားနေရတယ်"လို့ ကလေးမက သီချင်းဆိုသလို အော်ပြောနေတယ်။

အမှန်အတိုင်း ဝန်ခံရတော့မှာပဲ။ ကျုပ်စိတ်ဟာ အတော်ကြီးကို ဒုက္ခရောက်နေပြီ။ ဒီတိုက်ဆိုင်မှုတွေအားလုံးဟာ ကျုပ်စိတ်ကို အများကြီး အနှောင့်အယှက်ပေးနေပြီ။အာနက်စတိုဆိုတဲ့ နာမည်ရယ်၊ ကျုပ်အိမ်က ထွက်လာတာရယ်၊ ကျုပ်မှာ မိန်းမနဲ့သမီးလေးတစ်ယောက် ရှိတာရယ်၊ အဲဒီတူညီမှုတွေဟာ သိပ်ကို ထူးဆန်းနေတယ်။

အမျိုးသမီးက ကျုပ်ချီတုံချတုံဖြစ်နေတာကို ကြည့်ပြီး လှမ်းအော်တယ်။ "မယားနဲ့ သားသမီးတွေကို စွန့်ပစ်ပြီး ထွက်ပြေးတဲ့ ယောကျ်ားတွေဟာ ဘာဖြစ်တတ်တယ်ဆိုတာ ရှင်သိရဲ့လား၊ သူတို့ရောက်ရမယ့် နေရာဟာ ထောင်ပဲရှိတယ်၊နားလည်ရဲ့လား လူယုတ်မာရဲ့၊ နင်သွားရမယ့်နေရာဟာ ထောင်ပဲ"တဲ့။

ကျုပ်ရင်ထဲကို စိုးရိမ်ထိတ်လန့်စိတ်တွေ ဝင်လာတယ်။ ကျုပ်ဟာ တံခါးဘက်ကို အမြန်လျှောက်လာခဲ့တယ်။ တဲအပြင်ဘက်ကိုထွက်တော့မယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စိတ်ကူးနဲ့ပါ။ ဒါပေမဲ့ တဲဝကရပ်ပြီးကြည့်နေတဲ့ လူတစ်ယောက်ကို မြင်လိုက်တာနဲ့ ဖျတ်ခနဲရပ်နေလိုက်မိတယ်။ ပိန်ပိန်လှီလှီမိန်းမတစ်ယောက်ပါ။ ဆင်းရဲ ပုံပေါ်ပေမယ့် ဝတ်စားထားတာက သပ်သပ်ရပ်ရပ် ရှိပါတယ်။ သူဟာ အံ့အားသင့်ပြီး ရပ်နေတဲ့ ကျုပ်ကို လှမ်းပြောတယ်။

"သူ့ကို ဂရုစိုက်မနေနဲ့၊ သူက သူတွေ့သမျှ ယောက်ျားတိုင်းကို သူ့ယောက်ျားလို့ စွဲနေတာ၊ ဟိုမှောက်မကလေးကလည်း အိမ်ရှေ့ကဖြတ်သွားတဲ့ လူတိုင်းကို အိမ်ထဲဝင်လာအောင် မရမနေခေါ်တာပဲ၊ သူက သက်သက်မဲ့အပျော်လုပ်နေတာ၊ အေး...နင်သတိထား၊ နောက်တစ်ခါ ငါနဲ့တွေ့လို့ကတော့ နာပြီသာ မှတ်ပေတော့၊ တော်တော်ကို ဆိုးရွားတဲ့ စုန်းမကလေး"

ချက်ချင်းပဲ အဲဒီမိန်းမဟာ လူမမာဘက်လှည့်ပြီး "ဒီမယ် အယ်လ်ဗီရာ၊ ဒီလူဟာ နင့်ယောက်ျားမဟုတ်ဘူး"လို့ပြောတယ်။ အယ်ဗီရာကလည်း ချက်ချင်းနားလည်သွားပုံပေါ်ပါတယ်။ တဲထောင့်က သူ့နေရာကို ပြန်သွားပြီး ထိုင်နေတယ်။ ဟိုမိန်းမကတော့ ကျုပ်နားကဖြတ်ပြီး မီးဖိုပေါ်ကအိုးကို မွှေပေးနေတယ်။ "သူစားဖို့အတွက် ကျွန်မကပဲ ဒိုင်ခံပြီး ရှာကျွေးနေရတာ" လို့ သူကရှင်းပြတယ်။ "သူများတကာရဲ့ ပေးစာကမ်းစာနဲ့ စားနေရတယ်လို့ ပြောတာကတော့ အမှန်ပဲ၊ ဒါပေမဲ့ သူ့ယောက်ျားထွက်ပြေးတယ်ဆိုတာကတော့ မမှန်ဘူး၊ သူ့ယောက်ျားက သေသွားပြီ"

ကျုပ်အနေနဲ့ အခြေအနေမှန်ကို နားလည်သွားပြီ။ အိတ်ဆောင်မှတ်စုစာအုပ်ထဲက လီယာငွေ တစ်ရာတန်တစ်ရွက်ထုတ်ပြီး ကလေးမလေးကို ပေးလိုက်တယ်။ ကလေးမလေးဟာ ကျုပ်ပေးတဲ့ငွေကို ဖျတ်ခနဲဆွဲယူသွားပေမယ့် ကျေးဇူးတင်စကားတောင် မပြောဘူး။ အဲဒီနောက်မှာတော့ ကျုပ်ဟာ တဲထဲက ထွက်လာပြီး လာလမ်းအတိုင်း ပြန်လျှောက်လာခဲ့တယ်။ ကွင်းပြင်ထဲက တဲထဲမှာ အချိန်တော်တော်ကြာ နေလာခဲ့ရတဲ့ကျုပ်ဟာ ကျုပ်ရဲ့အိမ်ထဲကို ပြန်ဝင်သွားတဲ့အခါမှာ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်းကို ဝင်သွားရသလို ခံစားနေရတယ်။

ဒါပေမဲ့ ကျုပ်ရဲ့အိမ်ထဲမှာက အိမ်ထောင်ပရိဘောဂပစ္စည်းတွေ အသင့်အတင့် ရှိနေသေးတယ်။ ဟိုတဲထဲမှာလို ခေါင်းပေါ်ကထုပ်တန်းတွေဟာ သံတွေရိုက်ပြီး ရှုပ်ပွနေအောင် ချိတ်ထားတာမျိုးတွေ မတွေ့ရဘူး။ ကျုပ်မိန်းမဟာ မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေတယ်။ ကျုပ်ရောက်သွားတော့ ကျုပ်ကြိုက်တတ်တဲ့

www.burmeseclassic.com



ဟင်းတစ်ခွက်နဲ့ ပေါင်မုန့်ချကျွေးတယ်။ ပန်းကန်တွေ၊ ဇွန်းခက်ရင်းတွေနဲ့ အိုးခွက်တွေကို ဆေးကြောနေရာကနေပြီး ကျုပ်ရဲ့ အရိပ်အခြည်ကို မသိမသာ အကဲခတ်နေတယ်။ စားသောက်အပြီးမှာတော့ ကျုပ်ဟာ ကျုပ်မိန်းမဆီ လျှောက်သွားပြီး သူ့ရဲ့လည်ကုပ်ကို အသာအယာကလေး မွှေးမွှေးပေးလိုက်တယ်။ ကျုပ်တို့လင်မယားကြားမှာ ငြိမ်းချမ်းရေးရသွားပြီဆိုတဲ့ အထိမ်းအမှတ်လေး တစ်ခုပေါ့။

အဲဒီနောက် ရက်အနည်းငယ်ကြာတော့ ကျုပ်ကြုံခဲ့ရတဲ့အဖြစ်ကို ကျုပ်မိန်းမသိသွားအောင် ပြောပြလိုက်တယ်။ တဲထဲက ကလေးမလေးအတွက် အဆင်ပြေသွားအောင် တစ်ခုခုတော့ လုပ်ပေးမယ်လို့လည်း ကျုပ်ဆုံးဖြတ်လိုက်တယ်။ အခုအခါမှာတော့ ကျုပ်ကို အာနက်စတို ရာပယ်လီပါလို့ စွပ်စွဲခံရမှာ မကြောက်တော့ပါဘူး။

ဒါပေမဲ့လည်း ကျုပ်ပြောတဲ့စကားကို ခင်ဗျားတို့ယုံကြပ့်မလား မပြောတတ်ဘူး။ ကျုပ်အဲဒီနေရာကို ပြန်သွားတဲ့အခါမှာ တဲလည်းမတွေ့ရဘူး။ လူမမာမိန်းမနဲ့ သူ့သမီးလေးကိုလည်း မတွေ့ရဘူး။ သူတို့အတွက် ချက်ပြုတ်ပေးနေတဲ့ ပိန်ချောက်ချောက်မိန်းမကိုလည်း မမြင်ရဘူး။

ကျုပ် အဲဒီနားတစ်ဝိုက်မှာ တစ်နာရီကြာလောက် လျှောက်သွားနေသေးတယ်။ ပူပြင်းလှတဲ့ နေရောင်ရယ်၊ အမှိုက်ပုံတွေရယ်၊ အိုးစုတ်ခွက်စုတ် အစုတ်ပလုတ်တွေရယ်၊အဲဒါတွေကလွဲလို့ တခြားဘာကိုမှ မတွေ့ရဘူး။ ကျုပ်ဟာ စိတ်ပျက်လက်ပျက်ဖြစ်ပြီး အိမ်ကို ပြန်လာခဲ့ရတယ်။

ကျုပ်ကတော့ ဒုတိယတစ်ခေါက် ပြန်အသွားမှာ လမ်းမှားတယ်လို့ပဲ ထင်နေမိတယ်။ ဒါပေမဲ့ ကျုပ်မိန်းမကတော့ ကျုပ်ထင်သလိုမထင်ဘူး။ သူကတော့ ကျုပ်အနေနဲ့ သူ့ကို စွန့်ခွာပြီးထွက်ပြေးတော့မယ်လို့ စိတ်ကူးပြီးခါမှ နောင်တတရားရပြီး ဒီဇာတ်လမ်းကို လုပ်ကြံဖန်တီးပြောတယ်လို့ ဆိုနေတာပဲ။

*

www.burmeseclassic.com

www.burmeseclassic.com

# လူပြက်

အဲဒီနှစ် ဆောင်းရာသီမှာ ကျုပ်ဟာ တစ်နေရာရာမှာ အတည်တကျနေထိုင်ပြီး လုပ်ကိုင်ရမယ့် အလုပ်တစ်ခုကို မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ အဲသလိုလုပ်မယ့်အစား ဂစ်တာတစ်လက်လွယ်ပြီး သီချင်းဆိုတတ်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့အတူ စားသောက်ဆိုင်တွေမှာ လှည့်လည်ဖြေဖျော်တဲ့အလုပ်ကို လုပ်မယ်လို့စီစဉ်တယ်။ ကျုပ်သူငယ်ချင်းနာမည်က မီလိုနီတဲ့။ ရင်းနှီးခင်မင်နေကြတဲ့ လူတွေက သူ့ကို "ပါမောက္ခကြီး"လို့ နောက်ပြောင်ပြီး အမည်ပေးထားကြတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ချိန်တုန်းက မီလိုနီဟာ ဆွိဒင်အားကစားပညာကို သင်ကြားပေးနေတဲ့ ဆရာတစ်ယောက် ဖြစ်ခဲ့ဖူးလို့ပါ။

မီလိုနီဟာ လူလုံးလူဖန် ခပ်ထွားထွားပါ။ အသက်ငါးဆယ်လောက်ရှိပြီ။ သူ့ပုံပန်းက ဝတယ်လို့မပြောနိုင်ပေမယ့် အသားဆူဖြိုးပြီး ကြွံခိုင်တောင့်တင်းပါတယ်။ ကြီးမားထွားကျိုင်းတဲ့ ကိုယ်ခန္ဓာပိုင်ရှင်ဆိုတော့ သူထိုင်လိုက်ရင် သူ့ဖင်အောက် ရောက်သွားတဲ့ ကုလားထိုင်ဟာ "ကျွိခနဲ၊ စွိခနဲ"ထအော်တတ်ပါတယ်။

ကျုပ်ဟာ ဂစ်တာတီးရင် ကျုပ်စိတ်ကူးနဲ့ကျုပ် ကောင်းမယ်ထင်သလိုတီးတတ်တဲ့ကောင်ပါ။ ဂစ်တာကိုတီးပြီဆိုရင်လည်း တစ်ချက်ကလေးမှ မလှုပ်မရှားဘဲ အလေးအနက်ထားပြီးတီးတတ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်ဟာ လူပြက်တစ်ယောက် မဟုတ်ပါဘူး။ တကယ့်အနုပညာသည်စစ်စစ် တစ်ယောက်မို့ပါ။ လူပြက် လူရွှင်တော်အလုပ်ကိုတော့ မီလိုနီက တာဝန်ယူပြီး လုပ်ပါတယ်။

မီလိုနီကတော့ ပွဲစပြီဟေ့ဆိုတာနဲ့တစ်ပြိုင်နက် သူ့လုပ်နေကျထုံးစံအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



နံရံကို ကျောနဲ့မှီရပ်လိုက်တယ်။ ခေါင်းပေါ်က ဦးထုပ်ဟောင်းကြီးကို သူ့မျက်စိတွေ ဖုံးလုနီးပါးအထိ ဆွဲချလိုက်တယ်။ သူ့ခါးပြတ်အင်္ကျီရဲ့ သိုင်းကြိုးတွေကို လက်မနှစ်ခုနဲ့ ထိုးကိုင်လိုက်တယ်။ သူ့ဖင်ဟာ ဘောင်းဘီရှည်ကျပ်ကျပ်ရဲ့ နောက်ဘက်ကို စူကော့ထွက်နေတယ်။အဲဒီပုံစံနဲ့ အပေါ်ကိုမော့ပြီး သီချင်းအော်ဆိုနေတဲ့ မီလိုနီဟာ လမင်းကိုမော့ကြည့်ပြီး သီချင်းဟစ်နေတဲ့ အရက်မူးသမားတစ်ယောက်နဲ့ အတော်ကို တူတာပဲ။

အမှန်တော့ မီလိုနီဟာ သီချင်းဆိုပေမယ့် တကယ့်သီချင်းအဆိုသမားတစ်ယောက်တော့ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူဟာ အသံလည်းမရှိ၊ နားလည်းမပါတဲ့ လူတစ်ယောက်ပါ။ သီချင်းအဆိုက သူပိုင်တဲ့ အလုပ်မဟုတ်ဘူးပေါ့။ အဲဒီတော့ သူဟာ သီချင်းကို အော်ဆိုနေရာကနေပြီး တဖြည်းဖြည်းနဲ့ လူတွေရယ်ရအောင် လုပ်ပြနေတဲ့ လူရွှင်တော်တစ်ယောက်အဖြစ်ကို ကူးပြောင်းသွားတယ်။

မီလိုနီအနေနဲ့ ပိုင်ပိုင်နိုင်နိုင်ဆိုနိုင်တဲ့ သီချင်းတွေက အလွမ်းသီချင်းတွေပါ။ ပုံမှန်အားဖြင့် ကျကျနနဆိုနိုင်ရင် ကြားရတဲ့သူတွေအားလုံး စိတ်တွေလှုပ်ရှားပြီး မျက်ရည်တွေ ကျလာနိုင်လောက်တဲ့ နာမည်ကြီးသီချင်းတွေပါ။ ဒါပေမဲ့ မီလိုနီရဲ့ပါးစပ်ထဲရောက်သွားတော့ အဲဒီသီချင်းတွေဟာ ရှင်သန်မှုမရှိတော့ဘူးဗျ။ မျက်ရည်ကျရမယ့်အစား ကြားရတဲ့လူတွေက တဝါးဝါးတဟားဟားနဲ့ အော်ရယ်နေကြတယ်။ ဘာကြောင့်လဲဆိုတော့ မီလိုနီကိုယ်တိုင်က အဲဒီသီချင်းတွေကိုဆိုတဲ့အခါမှာ ကြားရသူတွေ ရယ်ချင်လာအောင် ဘယ်အပိုဒ်ကျရင် ဘယ်လိုဆိုရမယ်ဆိုတာ သိနေသကိုးဗျ။

ကျွန်တော့်အနေနဲ့ ဒီလူရဲ့အဖြစ်ကို နားမလည်နိုင်ဖြစ်ရတာတော့ အမှန်ပဲ။ သူငယ်ငယ်တုန်းက မိန်းမတချို့က သူ့ကိုအတော်ဆိုးဆိုးဝါးဝါး ဆက်ဆံခဲ့သလားတော့ မပြောတတ်ဘူး။ သူ့အကျင့်စရိုက်က တစ်မျိုးဖြစ်နေတယ်။ တခြားတော့ မဟုတ်ပါဘူး။ ဒီလူဟာ မိန်းမတွေနဲ့ အလှအပအရာမှန်သမျှကို လူရယ်စရာဖြစ်အောင် လုပ်ချင်တတ်တဲ့ အကျင့်ရှိနေလို့ပါ။ အခု ကျုပ်နဲ့တွဲပြီး အလုပ်လုပ်နေခိုက်မှာလည်း သူဟာ လွမ်းစရာဆွေးစရာ အလွန်ကောင်းတဲ့ သီချင်းတွေကို အသံသေးအသံကြောင်နဲ့ ဖျက်ဖျက်ပြီး ဆိုသွားနေတာကို တွေ့ရတယ်။

အဲသလိုအဖြစ်မျိုး တွေ့ရပြန်တော့လည်း ကျုပ်စိတ်ထဲမှာ ရှက်သလိုလိုဖြစ်ရတယ်။ကျုပ်က ဂစ်တာကို ကောင်းကောင်းတီးနေပေမယ့် ကျုပ်နဲ့တွဲနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖော်က အဆိုတော်တစ်ပိုင်း လူပြက်တစ်ပိုင်းဖြစ်နေတော့ ရှက်စိတ်ဝင်မိတာပဲ ပေါ့ဗျာ။ ကျုပ် မှတ်မိနေသေးတယ်။ မကြာသေးခင် အချိန်တစ်ချိန်တုန်းက ဒီသီချင်းတွေကို ကျုပ်တီးခဲ့ဖူးတယ်ဆိုတဲ့ လူကလည်း တကယ့်အနုပညာရှင်စစ်စစ် အဆိုသမားတစ်ယောက်ပါ။ အဲဒီတော့ ဘာပြဿနာမှ မရှိခဲ့ဘူး။

အခုကျတော့ သီချင်းကောင်းတွေကို ကျုပ်က လက်စွမ်းပြပြီးတီးနေပေမယ့် အဖော်လုပ်တဲ့အဆိုသမားက ဖျက်ဆိုနေတော့ စိတ်မချမ်းမသာဖြစ်မိတာ အမှန်ပဲ။ ကျုပ်တို့လုပ်နေတဲ့ လုပ်ရပ်ဟာ မသိမ်မွေ့ဘူး။ မယဉ်ကျေးဘူးဆိုတဲ့ သံသယကဝင်နေတယ်။ စားသောက်ဆိုင်တွေရှိရာ လမ်းတွေထဲမှာ တစ်လမ်းဝင်တစ်လမ်းထွက် သွားနေကြတဲ့ ကျုပ်တို့နှစ်ယောက်ဟာ တစ်ခါတလေကျတော့လည်း ဒီကိစ္စကို ပြောမိဆိုမိကြတယ်။

တစ်ကြိမ်မှာ ကျုပ်က"ခင်ဗျားကို စိတ်ထိခိုက်နာကြည်းအောင် မိန်းမတွေက ဘာတွေများလုပ်ခဲ့သလဲ"လို့ မေးမိတယ်။ ကျုပ်အဲသလိုမေးတဲ့အချိန်တုန်းက သူဟာခါတိုင်းလိုပဲ လူပြက်အဖြစ် အသုံးတော်ခံပြီးစ အချိန်တိုင်းမှာဖြစ်နေကျပုံစံအတိုင်း တွေတွေငေးငေးနဲ့ တစ်ခုခုကို စဉ်းစားတွေးတောသလိုဖြစ်နေတဲ့အချိန်ပေါ့။ "ဟင် ငါ့ကိုလား"လို့ ရေရွတ်တယ်။ ပြီးတော့ "ငါ့ကိုဘာမှ မလုပ်ကြပါဘူး"လို့ ဖြေတယ်။ "ကျွန်တော် ခင်ဗျားကို ဒီမေးခွန်းမေးတာတခြားကြောင့် မဟုတ်ပါဘူး။ ခင်ဗျားဟာ မိန်းမတွေကို သရော်တဲ့နေရာမှာသိပ်ပြီး စိတ်ပါလက်ပါနဲ့ လုပ်နေတာ တွေ့တွေ့နေလို့ မေးမိတာပါ"လို့ကျုပ်က ရှင်းပြလိုက်တယ်။

ကျုပ် သူနဲ့တွဲပြီး အလုပ်လုပ်နေရတာဟာ ကျုပ်အတွက် ထိုက်သင့်သလောက် အကျိုးရှိနေလို့သာပေါ့။ တကယ်လို့ အကျိုးသာမရှိရင် သူ့ကိုလမ်းခွဲထားခဲ့မှာပဲ။ တကယ်တော့ အဆိုကောင်းကောင်း ဆိုတတ်တဲ့လူတစ်ယောက်နဲ့တွဲရတာထက် သူနဲ့တွဲသွားရတာက ငွေပိုရတာတော့ အမှန်ပဲ။ ကျုပ်တို့ဟာစားသောက်ဆိုင်ကြီးတွေဘက်ကို ခြေဦးမလှည့်ကြည့်ဘူး။ အများဆုံးသွားတာကလမ်းကြိုလမ်းကြားတွေထဲက ဈေးပေါပေါနဲ့ စားလို့သောက်လို့ရတဲ့ ဆိုင်ငယ်တွေပဲ။

အဲသလို ဆိုင်မျိုးတွေမှာက ဈေးကလည်းပေါတော့ လာတဲ့လူများတယ်။ လူတန်းစားလည်း အတော်စုံတယ်။ ကျုပ်တို့ဆိုင်ထဲသွားပြီဆိုတာနဲ့ တစ်ပြိုင်နက် "ဟာ... ပါမောက္ခကြီးပါလား၊ ဟော့... ပါမောက္ခကြီး လာတယ်ကွ" ဆိုတဲ့

www.burmeseclassic.com



အော်သံတွေကို ကြားရစမြဲပါ။ သူကလည်း ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာနဲ့ ခါးကလေးကိုညွတ်ပြီး "လူကြီးမင်းတို့ကို ဖြေဖျော်ဖို့ရောက်လာရပြန်ပါပြီ ခင်ဗျာ"လို့ ပြောင်နှောက်နှောက်လေသံနဲ့ ပြန်ပြောလေ့ရှိတယ်။ သူ့ရဲ့အမူအရာနဲ့ လေသံကို မြင်ရကြားရတဲ့ လူတွေက ဝိုင်းပြီးရယ်ကြတယ်။

အဲဒီအချိန်အတွင်းမှာပဲ စားပွဲထိုးတွေဟာ အရက်ပုလင်းတွေ လာချကြ၊ စပါဂက်တီခေါက်ဆွဲကြော်ပန်းကန်တွေ လာချကြနဲ့ အလုပ်များလာကြပြီ။ လူတွေကလည်း စားကြသောက်ကြပြီ။ မီလိုနီကလည်း အသံသေးအသံကြောင်နဲ့ "တကယ့်ကို လှပတဲ့သီချင်းလေးတစ်ပုဒ်ပါခင်ဗျာ၊ ရိုဆီနာတစ်ယောက် သူ့ရွာက ထွက်လာတဲ့အခါမှာလို့ အမည်ပေးထားပါတယ်။ ရိုဆီနာအဖြစ် အသုံးတော်ခံမှာကတော့ ကျွန်တော်ပါပဲ"လို့ ကြေညာလိုက်ပါတယ်။

ဆိုင်ထဲကလူတွေဟာ စပါဂက်တီခေါက်ဆွဲကြော်ကို ပါးစပ်တွေထဲထည့် ရင်းတန်းလန်း၊ ဝါးရင်းမျိုရင်းတန်းလန်းကနေပြီး ပါမောက္ခရဲ့ ဟန်အမူအရာ ကိုကြည့်ကြတယ်။ သူသီဆိုမယ့် ရိုဆီနာရဲ့အသံကို နားစွင့်ကြတယ်။ ဒီလူတွေ အားလုံးဟာ အဆင့်အတန်းမနိမ့်ကြပါဘူး။ ယဉ်ကျေးဖွယ်ရာရှိပြီး အထက်တန်း ကျကျ ဝတ်ဆင်ထားတဲ့လူတွေပါ။ အမျိုးသမီးတွေကလည်း ရွှေငွေလက်ဝတ် ရတနာတွေ ဆင်ထားတယ်။ အဖိုးတန်သားမွေးအနွေးထည်တွေ ဝတ်ထား ကြတယ်။

ပါမောက္ခကြီးရဲ့ လူပြက်အမူအရာကိုကြည့်ပြီး အချင်းချင်းစကားတွေ လှမ်းပြောနေကြတယ်။ "တကယ့်ကိုတော်တဲ့ လူပါကွာ"တဲ့။ "ဟုတ်တယ်ဗျ၊ ဒီလူဟာ တော်တော့်ကို တော်တယ်"တဲ့။ "ဟော့... ဟော့... သိပ်ပြီး ချီးမွမ်း မနေကြနဲ့ဦး၊ သူကြားသွားရင် ဘဝင်မြင့်ပြီးပျက်စီးသွားလိမ့်မယ်"တဲ့။ မီလိုနီ ကတော့ သီချင်းကိုဆိုရင်းက သီချင်းနဲ့လိုက်မယ့် အမူအရာတွေကို ရယ်စရာ ကောင်းအောင် လုပ်ပြနေတယ်။ သီချင်းဆိုနေတဲ့ အသံကလည်း အမျိုးမျိုး ပြောင်းသွားနေတယ်။ အဲဒီအထဲမှာ သူ့ပါးစပ်ထဲက ဘာသံပါလို့ ခွဲခြားပြီး မသိနိုင်တဲ့ အသံတစ်သံလည်း ထွက်ထွက်လာတယ်။ ကျုပ်ပြောရင် ယုံနိုင်စရာ တောင် မရှိဘူး။ အဲဒီအသံကို အမျိုးသမီးတွေက သဘောကျလွန်းလို့ ထပ်ခါ တလဲလဲ ပွဲတောင်းကြတယ်။

လက်ခုပ်သြဘာသံတွေလည်း မစဲဘူးဗျ။ အဲဒီ ချီးကျူးစကားသံတွေနဲ့ သြဘာသံတွေကြောင့် မီလိုနီတစ်ယောက် သွေးနားထင်ရောက်သွားတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ဝန်ခံရမှာပဲ သူနေတာကတော့ သပ်ရပ်သန့်ရှင်းတဲ့ အခန်းလေးတစ်ခန်း မှာပါ။ ဒါပေမဲ့ အခန်းက မှောင်မှောင်မည်းမည်းနဲ့ စိုစွတ်ထိုင်းမှိုင်းပါတယ်။ အမှန်တော့ သူနေတဲ့အခန်းဟာ အမျိုးသမီးဝတ်စုံတွေချုပ်တဲ့လူရဲ့ အိမ်ထဲက အခန်းတစ်ခန်းပါ။ အလုပ်ရှိလို့ သူ့ကိုသွားခေါ်တဲ့အခါတိုင်း ကျုပ်ဟာ အဲဒီ အခန်းကို ရောက်သွားလေ့ရှိပါတယ်။

ကျုပ်ရောက်သွားတဲ့အခါမှာလည်း အများအားဖြင့် သူဟာ မှန်ရှေ့မှာ ရပ်ပြီး အမူအရာအမျိုးမျိုးတွေ လေ့ကျင့်နေတာကို တွေ့ရတတ်ပါတယ်။ တကယ့်ကို နာမည်ကျော်ကြားနေတဲ့ မင်းသားတစ်ယောက် လေ့ကျင့်နေသလို စနစ်တကျ လေ့ကျင့်နေတာပါ။ ကျုပ်ကတော့ သူ့အိပ်ရာပေါ်မှာထိုင်ပြီး သူ လုပ်သမျှကို ကြည့်နေလေ့ရှိပါတယ်။ တစ်ခါတလေကျတော့လည်း သူ့အမူ အရာတွေကိုကြည့်ပြီး ဒီလူ စိတ်မှ နှံ့သေးရဲ့လားလို့ တွေးမိတတ်ပါတယ်။

တစ်ရက်မှာတော့ ကျုပ်က “ခင်ဗျားအနေနဲ့ တည်တည်ငြိမ်ငြိမ် ခန့်ခန့် ထည်ထည်နဲ့ လူတွေရဲ့စိတ်ကို လှုပ်ရှားသွားစေမယ့် အမူအရာမျိုးတွေလုပ်ပြဖို့ အချိန်ကျနေပြီထင်တယ်။ ခင်ဗျားဘယ်လိုသဘောရသလဲ”လို့ ပြောမိတယ်။ အဲဒီတော့ သူက “မင်းဒီကိစ္စကို နားမလည်သေးပါဘူးကွာ၊ လူတွေဟာ အစား စားကြတဲ့အခါမှာ စိတ်ထိခိုက်လှုပ်ရှားမှုကို မလိုလားကြဘူး။ အဲဒီအချိန်မှာ သူတို့ဟာ ရယ်မောနေချင်ကြတယ်”လို့ ပြန်ပြောတယ်။

အဲဒီနောက်မှာတော့ မီလိုနီဟာ လက်ဆွဲသေတ္တာလေးတစ်လုံးထဲမှာ မိန်းမအဝတ်အစားတွေ ထည့်ပြီးယူလာတဲ့ အလေ့အထကို လုပ်လာတယ်။ ဆိုင်ထဲရောက်လို့ သီချင်းဆိုပြီဆိုရင် တစ်ခါတလေ ပိုပြီးရယ်ရအောင် မိန်းမလို ဝတ်တတ်တယ်။ မိန်းမလိုဝတ်တဲ့နေရာမှာတော့ တကယ့်ကို တော်ပါတယ်။ မိန်းမလိုဝတ်ပြီး ဟန်အမူအရာလုပ်တဲ့နေရာမှာလည်း ရှာမှရှားပါပဲ။ အတိုချုပ် ပြီး ပြောရမယ်ဆိုရင်တော့ နောက်ဆုံးမှာ သူကကျုပ်ကိုပါ ဂစ်တာကို တည် တည်ခန့်ခန့် မတီးတော့ဘဲ ပြောင်နောက်ပြီး တီးဖို့အထိ တိုက်တွန်းလာပါ တယ်။ ဒါပေမဲ့ ကျုပ်က သူ့အလိုကိုမလိုက်ဘဲ ငြင်းလိုက်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ကျုပ်တို့နှစ်ယောက်ဟာ စားသောက်ဆိုင်တွေ အများကြီးကို ရောက်အောင်သွားကြတယ်။ သွားတဲ့အချိန်က တစ်ဆယ့်နှစ်နာရီ နဲ့ သုံးနာရီကြား တစ်ကြိမ်၊ ည ရှစ်နာရီနဲ့ ဆယ့်နှစ်နာရီကြားတစ်ကြိမ် နှစ်ကြိမ် တိတိ သွားကြတယ်။ သွားတဲ့အခါမှာလည်း အချိန်နဲ့ ရက်ကို သတ်မှတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သွားကြတာ။ ဥပမာ–ဒီကနေ့ ပီယာဇာဒီစပက်ကနာ ရပ်ကွက်ထဲက ဆိုင်တွေကိုသွားတယ်။ နောက်တစ်နေ့ကျတော့ တခြားရပ်ကွက်တွေထဲက ဆိုင်တွေကိုသွားကြတယ်။ အဲသလို ဆိုင်တွေကိုသွားကြတဲ့အခါမှာ ကျုပ်တို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးမှုရှိလာအောင် မလုပ်မိကြဘူး။ အလုပ်ပြီးတဲ့အခါမှာလည်း တရင်းတနှီးဖြစ်အောင် မနေမိခဲ့ကြဘူး။ အလုပ်ပြီးတာနဲ့တစ်ပြိုင်နက် ကျုပ်တို့ဟာ နီးရာအရက်ဆိုင်တစ်ဆိုင်ကိုဝင်ပြီး ရတဲ့ငွေကို တစ်ယောက်တစ်ဝက် ခွဲဝေယူလိုက်ကြတယ်။ အဲဒီနောက်မှာတော့ တစ်ယောက်နဲ့တစ်ယောက် စကားမပြောမိခဲ့ကြဘူး။ ကျုပ်က စီးကရက်သောက်၊ သူက ဝိုင်တစ်ခွက်သောက်ရင်း နှုတ်ဆိတ်နေကြတာချည်းပဲ။ ပြီးရင်တော့ သူကလည်း သူ့အခန်းသူပြန်၊ ကျုပ်ကလည်း ကျုပ်အခန်းကိုပြန်ပြီး အိပ်ကြတာပဲ။

တစ်ညမှာတော့ ကျုပ်တို့နှစ်ယောက်ဟာ အရက်ဆိုင်တစ်ဆိုင်ထဲကို ရောက်သွားကြတယ်။ ဆိုင်ထဲမှာတော့ အခန်းကျဉ်းလေးတွေ အများကြီးရှိတယ်။ နံရံဘေးမှာ ကပ်ပြီးချထားတဲ့ စားပွဲတွေကလည်း အများကြီးပဲ။ စားပွဲတွေမှာတော့ ဆင်းရဲသားလက်လုပ်လက်စားတွေဟာ ဝိုင်အရက်ကိုသောက်ရင်း သတင်းစာစက္ကူတွေနဲ့ ထုပ်ထားတဲ့အစားအစာတွေကို စားနေကြတယ်။

မီလိုနီဟာ ဒီအရက်ဆိုင်ထဲမှာ ဘယ်လိုဖြေဖျော်ရမယ်ဆိုတာကို သိနေတယ်။ ဒါ့ကြောင့်မို့လည်း သူဟာ အသင့်တော်ဆုံး သီချင်းတစ်ပုဒ်ကိုရွေးပြီး ဆိုလိုက်တယ်။ သူ့သီချင်းအဆုံးမှာ လက်ခုပ်သြဘာသံတွေကို ကြားရတယ်။ သြဘာပေးသံတွေလည်း ဆုံးရော စားပွဲတစ်လုံးဆီက အသံတစ်သံထွက်လာတယ်။ "အခု ဒီသီချင်းကို မင်းအတွက် ငါဆိုပြမယ်"တဲ့။

ကျုပ်လှည့်ကြည့်လိုက်တော့ ကျုပ်ဆီကိုလာနေတဲ့ လူငယ်တစ်ယောက်ကို မြင်လိုက်ရတယ်။ ရုပ်ရည်က ခပ်ချောချောဗျ။ သူက မီလိုနီကို လှမ်းကြည့်လိုက်တယ်။ သူ့ကြည့်ပုံက တစ်မျိုးပဲ။ မီလိုနီကို အခုချက်ချင်း ဝါးစားပစ်တော့မလိုဘဲ။ ပြီးတော့ ကျုပ်ဘက်လှည့်ကြည့်ပြီး "ကဲ…ကိုယ့်လူ ဂစ်တာကို တီးတော့လေ၊ အစကအဆုံးပဲ ပြန်တီးပါ"လို့ ပြောတယ်။ ကြောင်အမ်းအမ်းဖြစ်နေတဲ့ မီလိုနီဟာ တံခါးနားက ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။

လူငယ်က သီချင်းကို စဆိုတယ်။ ဆိုပုံကတော့ တကယ့်ကို ကောင်းတာပါပဲ။ အသံကလည်း ကောင်းတယ်။ ကြည်လင်ပီသပြီး ပြတ်သားတယ်။ ခံစားမှုအပြည့်နဲ့ဆိုနေတာမို့ နားထောင်ရတာ သိပ်ကို အရသာရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မီလိုနီနဲ့ ယှဉ်လိုက်ရင်တော့ သိပ်ကို ကွာနေတယ်။ လူကလည်း လူချော။ အသံကလည်း သိပ်ကောင်းတယ်မဟုတ်လား။ သီချင်းဆိုနေခိုက်မှာ သူ့ရဲ့ မျက်လုံးတွေဟာ ဆိုင်ထဲက စားပွဲတွေအားလုံးပေါ်မှာ ကျက်စားနေတယ်။ အထူးသဖြင့် စားပွဲတစ်လုံးမှာထိုင်နေတဲ့ မိန်းကလေးတစ်ယောက်ကို စိုက်ကြည့်ပြီး ဆိုနေတာ။

သီချင်းလည်းဆုံးရော သူဟာ မီလိုနီဘက်ကို လက်နှစ်ဖက်ဆန့်တန်းပြီး ရပ်နေတယ်။ "သီချင်းဆိုရင် အဲသလိုဆိုရတယ်ကွ"လို့ ပြောနေသလိုပဲ။ အဲဒီနောက်မှာတော့ မိန်းကလေးထိုင်နေတဲ့ စားပွဲဆီကို ပြန်လျှောက်သွားတယ်။ မိန်းကလေးက သူ့လည်ပင်းကို လက်နှစ်ဖက်နဲ့ ဆီးကြိုပြီး ဖက်လိုက်တယ်။ အရက်ဆိုင်ထဲမှာရှိနေတဲ့ လူတွေက လက်ခုပ်တီးပြီး ဩဘာပေးကြတယ်။ လက်ခုပ်သံက မီလိုနီကိုပေးသလောက်တောင် မများပါဘူး။ အမှန်တော့ ဒီလူတွေဟာ လူငယ်ရဲ့ သီချင်းဆိုပုံဆိုနည်းကို နားမှမလည်ကြဘဲကိုး။ ပြီးတော့လည်း ဒီလူငယ်က ဘာ့ကြောင့် အခုလို သီချင်းထဆိုရတာလဲဆိုတဲ့ အချက်ကိုလည်း သဘောမှမပေါက်ကြတာ။ ဒါပေမဲ့ ကျုပ်ကတော့ နားလည်ပါတယ်။ အဲကျုပ်နားလည်သလို မီလိုနီကလည်း နားလည်ပါတယ်။

ကျုပ်ဂစ်တာတီးနေခိုက်မှာ မီလိုနီရဲ့မျက်နှာကို မကြာခဏ လှမ်းကြည့်မိတယ်။ သူဟာ သူ့မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ မကြာခဏအုပ်အုပ်ထားတာ တွေ့ရတယ်။ သူ့မျက်နှာထားဟာလည်း အရင်ကနဲ့ မတူဘူး။ ကျုပ်တစ်ခါမှ မမြင်ဖူးခဲ့တဲ့ မျက်နှာထားမျိုး ဖြစ်နေတယ်။ သူ့မျက်နှာပေါ်မှာ ခါးသီးရှုံ့ရှာတဲ့ အရိပ်အငွေ့ယှက်သန်းနေတယ်။ နောက်ဆုံးမှာ သူဟာ ထိုင်နေရာက ထရပ်လိုက်တယ်။ ပြီးတော့ တစ်ချက်သမ်းလိုက်ပြီး "ကဲ အိမ်ပြန်ဖို့အချိန်တော်ပြီ၊ ငါလည်း သိပ်ကိုအိပ်ချင်နေတယ်"လို့ ပြောတယ်။

ဆိုင်ရှေ့က လမ်းထောင့်ရောက်တော့ မနက်ဖြန်အတွက် အစီအစဉ်လုပ်ပြီး လူချင်းခွဲလိုက်ကြတယ်။ အဲဒီညက လူချင်းကွဲသွားပြီးတဲ့နောက်ပိုင်းမှာ ဘာတွေဖြစ်တယ်ဆိုတာ ကျုပ်မသိပါဘူး။ နောက်ပိုင်းကျမှ အခုလို စဉ်းစားမိတယ်။ မီလိုနီဟာ သူ့ကိုယ်သူ အလွန်ထင်ရှားတဲ့ အနုပညာသည်အဆိုတော်တစ်ယောက်လို့ ထင်နေခဲ့ဟန်တူပါတယ်။ အမှန်တော့ သူဟာ စားသောက်ဆိုင်ထဲမှာ စားသောက်နေကြတဲ့လူတွေကို ဖြေဖျော်နေတဲ့ လူပြက်တစ်ယောက်သာ ဖြစ်တယ်ဆိုတဲ့အချက်ကို မေ့နေဟန်တူပါတယ်။ ဒါကြောင့်မို့လည်း ဟိုလူငယ်က

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုပြလိုက်တော့ သူ့ဘဝရဲ့ အခြေအနေမှန်ကို နားလည်သွားဟန်တူပါတယ်။ လူငယ် သီချင်းဆိုနေတဲ့အခိုက်မှာ သူ့ရဲ့ ဘဝမှန်ကို ပြန်ပြီးမြင်လာဟန်တူပါတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ နောက်တစ်နေ့မှာ မီလိုနီဟာ သူ့အခန်းရဲ့ပြတင်းပေါက်မှာ ကြိုးဆွဲချပြီး သေနေတာတွေ့ရတယ်။ ပထမတော့ ဘယ်သူမှမသိကြပါဘူး။ လေထဲမှာ လှုပ်ယမ်းနေတဲ့ သူ့ခြေထောက်တွေကို လမ်းသွားလမ်းလာတွေက မြင်တော့မှ သိကြရပါတယ်။ မိမိကိုယ်မိမိ သတ်သေကြတဲ့လူတွေ လုပ်လေ့လုပ်ထရှိတဲ့အတိုင်း သူဟာ တံခါးကို အတွင်းကနေသော့ခတ်ပြီး ပိတ်ထားပါတယ်။ တံခါးကို ဗီရိုတစ်လုံးနဲ့ ကပ်ထားခဲ့ပါသေးတယ်။ သူဟာ သူ့ကိုယ်သူ သတ်သေဖို့ စီစဉ်နေခိုက်မှာ သူ့ကိုယ်သူ ဗီရိုမှန်ထဲမှာ ကြည့်ခဲ့ဟန်လည်း တူပါတယ်။

နောက်ဆုံးမှာတော့ အနီးအနားကလူတွေဟာ တံခါးကိုဖျက်ပြီး ဝင်ကြရတယ်။ တံခါးမှာကပ်ထားတဲ့ ဗီရိုကြီးလဲကျသွားလို့ မှန်လည်းကွဲသွားတယ်။ သူ့ကိုမြေမြှုပ်ဖို့ သယ်သွားကြတဲ့အခါမှာ သူ့ကိုလိုက်ပို့တဲ့လူဟာ ကျုပ်တစ်ယောက်ပဲ ရှိပါတယ်။ စက်ချုပ်တဲ့မိန်းမကတော့ သူ့ဗီရိုကို မှန်တစ်ချပ်ဝယ်ပြီး ပြန်တပ်ရတာပေါ့။ ဒါပေမဲ့ မီလိုနီ ကြိုးဆွဲချသွားတဲ့ ကြိုးကို ပြန်ရောင်းလို့ရတဲ့ငွေနဲ့ "ထေ"မိတဲ့အတွက် သူ့စိတ်သူ ဖြေသာပါတယ်။

*

www.burmeseclassic.com

## သနားစရာငါးသတ္တဝါ

လူတွေဟာ သူ့တို့ကိုယ်သူတို့ ဘယ်လိုလူစားမျိုးဆိုတာ သိပ်ပြီး ဂဃနဏမသိကြဘူးဗျ။ ဘယ်သူတွေဟာ သူတို့ထက်ညံ့တယ်။ ဘယ်သူတွေကတော့ ဖြင့် သူတို့ထက် သာတယ်ဆိုတာကိုလည်း သိပ်ပြီးသိကြတာ မဟုတ်ဘူး။ ကျုပ်ဆိုတဲ့ကောင်ကတော့ ကိုယ့်အကြောင်း ကိုယ်တွေးတဲ့နေရာမှာ နှစ်ယောက်မရှိဘူးလို့ ပြောယူရလောက်အောင် တွေးတဲ့ကောင်တစ်ယောက်ဆိုတာ သိနေတယ်။ အမှန်အတိုင်းပြောကြစို့ဆိုရင်တော့ ကျုပ်ကို မွေးလာတာက သံပေါင်ကြီးတစ်ခုလို မာကြောတောင့်တင်းတဲ့ လူတစ်ယောက်အဖြစ် မွေးလာတာ။ ဒါပေမဲ့ဗျာ ကျုပ်အနေနဲ့ ကျုပ်ကိုယ်ကျုပ် အဲသလောက်တော့လည်း ချမတွေးပါဘူး။ ကိုယ့်ကိုယ်ကို အပါးစားမှန်တစ်ချပ်လောက်တော့ မာတယ်လို့ ယူဆထားပါတယ်။ အဲဒါလည်း တကယ်တော့ ကျုပ်ကိုယ်ကျုပ် တန်ဖိုးသိပ်ချပြီး တွက်ထားတာပါ။

ကျုပ်ဟာ ကျုပ်ကိုယ်ကျုပ် မကြာမကြာ ဝေဖန်ဆန်းစစ်လေ့ရှိတဲ့လူပါ။ ကဲအခု ကျုပ်ရဲ့ ကိုယ်ပိုင်အရည်အချင်းတွေကို ချကြည့်ရအောင်။

**(၁) ကာယအရည်အချင်းနဲ့ ပတ်သက်တဲ့ ခွန်အားဗလ**

ကျုပ်မှာရှိသလား၊ အင်း... အဲဒါကတော့ လုံးဝကိုမရှိဘူး။ ကျုပ်ရဲ့ ခန္ဓာကိုယ်ဟာ သေးသေးလှီလှီနဲ့ ပိန်ကြုံကြုံရယ်၊ ပြီးတော့ ခါးကလည်း ခပ်ကုန်းကုန်း၊ လက်ပြင်ကလည်း ခပ်ကိုင်းကိုင်း၊ ခြေတံလက်တံတွေကလည်း တုတ်ချောင်းတွေ ကျနေတာပဲ။ ကျုပ်ဟာ ပင့်ကူတစ်ကောင်နဲ့ အတော့်ကို တူပါတယ်ဗျာ။

**(၂) ဉာဏ်ရည်ဉာဏ်သွေး**

ရှိတော့ရှိတယ်၊ ဒါပေမဲ့ လုံးဝမရှိဘူးလို့ မပြောနိုင်ရုံလောက်ကလေးပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ တကယ့်နည်းနည်းကလေးဆိုပါတော့ဗျာ။ လုပ်စရာအလုပ်တွေ အများကြီးရှိနေပါလျက်နဲ့ ဘယ်အလုပ်ကိုမှ အဆင်ပြေအောင်မလုပ်တတ်လို့ နောက်ဆုံး ဟိုတယ်တစ်ခုမှာ ပန်ကန်းဆေးတဲ့အလုပ် ဝင်လုပ်နေရတာကို ကြည့်လိုက်ရင် ကျုပ်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို ခင်ဗျားတို့ ခန့်မှန်းနိုင်ကြမှာပါ။

နောက်ပြီးတော့...

## (၃) ရုပ်ရည်

ဒါကျတော့ကော၊ လုံးဝမရှိဘူးဆိုတာထက်တောင် နည်းသေးတယ်။ ကျုပ်မျက်နှာဟာ သေးသေးလေးဗျ။ အရောင်ကတော့ ဝါကျင်ကျင်နဲ့။ မျက်လုံးတွေကတော့ ဇွေစောင်းစောင်း။ အသားအရေကျတော့ မွဲခြောက်ခြောက်။ နှာခေါင်းကျတော့ ကျုပ်မျက်နှာမျိုး နှစ်မျက်နှာစာလောက်နဲ့သာတော်မယ့် နှာခေါင်းမျိုး ဖြစ်နေတယ်။ ကျုပ်နှာခေါင်းကို ကြီးသလားမမေးနဲ့၊ အကြီးကြီးပဲ။ ရှည်သလား မမေးနဲ့ အရှည်ကြီးပဲ။ ကျုပ်နှာခေါင်းဟာ အောက်ဘက်ကို တည့်တည့်ကြီးစိုက်ဆင်းသွားပြီး ထိပ်ဖျားရောက်ခါမှ ပုတ်သင်ညိုတစ်ကောင်ရဲ့ အမောက်လို အပေါ်ကို ပြန်ကောက်နေတယ်။

နောက်ဆုံး အဲ သတ္တိတို့၊ လျင်မြန်ဖျတ်လတ်မှုတို့၊ ဆွဲဆောင်မှုတို့၊ ခင်မင်စရာကောင်းမှုတို့ အစရှိတဲ့ အရည်အသွေးတွေကော ကျုပ်မှာရှိသလား၊ အင်း... ဒါတွေကျတော့လည်း အိုဗျာ၊ မပြောဘဲနေတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ လူ့သဘာဝအတိုင်း ဖြစ်လာတယ်ဆိုပါတော့။

ကျုပ်အနေနဲ့ မိန်းမတွေနားမကပ်မိအောင် ကိုယ့်ကိုယ်ကို အမြဲသတိထားတယ်။ ကျုပ် ပထမဆုံးအကြိမ် အနားကပ်ဖို့ ကြိုးစားခဲ့တဲ့ မိန်းမတစ်ယောက်တော့ ရှိခဲ့ဖူးပါရဲ့။ တခြားတော့မဟုတ်ပါဘူး။ ကျုပ်အလုပ်လုပ်နေတဲ့ ဟိုတယ်က အခိုင်းအစေတစ်ယောက်ပါ။ သူက ကျုပ်ကို အကပ်မခံရုံတင်မကဘူး။ ကျုပ်နဲ့ အထိုက်တန်ဆုံး နာမည်တစ်ခု ပေးလိုက်တယ်။ "သနားစရာ ငါးကလေး"တဲ့။ သူပြောလိုက်တဲ့စကားကြားပြီးကတည်းက ကျုပ်ဟာ ကျုပ်ကိုကျုပ် ဘာမှတန်ဖိုးရှိတဲ့ကောင် မဟုတ်ဘူးလို့ မြင်လာတယ်။ ကျုပ်အနေနဲ့ ဘယ်သူ့ကိစ္စမှာမှ ဝင်ပြီးမစပ်စုဘဲ ကိုယ်ပိုင်ဆိုင်ခွင့်ရထားတဲ့ ထောင့်ကလေးထဲမှာပဲ နားအေးပါးအေးနေတာ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ တွက်လိုက်မိတယ်။

မွန်းလွဲပြီးစအချိန်လောက်မှာ ကျုပ်အလုပ်လုပ်နေတဲ့ "ရောမဟိုတယ်"ရဲ့ နောက်ဖေးဘက်ကလမ်းအတိုင်း လျှောက်လာမယ်ဆိုရင် ဘယ်သူမဆိုမြေပြင်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ တစ်ညီတည်းဖြစ်နေတဲ့ ပြတင်းပေါက်တံခါးတွေ ပွင့်နေတာ မြင်ကြပါလိမ့်မယ်။ အဲဒီပြတင်းပေါက်တွေက တထောင်းထောင်းထွက်လာနေတဲ့ အနံ့တွေကတော့ စားကြွင်းစားကျန်နံ့တွေပေါ့။ တကယ်လို့ သူ့မျက်စိတွေက အမှောင်ထုကို စူးစူးရှရှ ဖောက်ထွင်းပြီး မြင်နိုင်မယ်ဆိုရင်တော့ စားပွဲတွေနဲ့ ကြွေရေဆေးခွက်တွေပေါ်မှာ အထပ်လိုက်အထပ်လိုက် ဆင့်ဆင့်ပြီး တင်ထားတဲ့ ပန်းကန်ပြားတွေ ခေါင်မိုးနဲ့ထိနေတာ တွေ့နိုင်ပါတယ်။ အဲ... အဲဒီနေရာဟာ ဒီကမ္ဘာလောကကြီးထဲက ကျုပ်ပိုင်ဆိုင်တဲ့ထောင့်ကလေးပါပဲ။ တစ်နည်းအားဖြင့် ပြောရရင် မီးဖိုချောင်ကလေးပါ။ တကယ်တော့ ကျုပ်ရဲ့နေရာကလေးဟာ မထင်မရှားနေရာကလေးတစ်ခုပါ။ ဒါပေမဲ့ ကံကြမ္မာဆိုတဲ့ဟာမျိုးက အဆန်းသားကလားဗျာ။ ကျုပ်နေတဲ့ ထောင့်ကလေးထဲကို လူတစ်ယောက်ရောက်လာပြီး ကျုပ်ကို ဆွဲထုတ်သွားတယ်။ မြက်ပင်တွေကြားမှာ ပုန်းလျှိုးကွယ်လျှိုး ပွင့်နေရှာတဲ့ ပန်းလေးတစ်ပွင့်ကိုခူးယူပြီး ခေါင်းမှာ ပန်သွားသလိုအဖြစ်မျိုးနဲ့ ခပ်ဆင်ဆင်ဗျ။

ကျုပ်ကို ဆွဲထုတ်သွားတဲ့လူက တခြားလူဟုတ်ပါရိုးလား။ အီဒါဗျ။ သူ့နာမည်က "အီဒါ"ဗျ။ အိုးခွက်ပန်းကန်တွေဆေးဖို့ နောက်ရောက်လာတဲ့ အခိုင်းအစေ အသစ်တစ်ယောက်ပေါ့။ ဂျီယူဒီတာဆိုတဲ့ မိန်းကလေး မီးဖွားဖို့ ခွင့်ယူသွားတဲ့အတွက် အီဒါကို လူစားအဖြစ်ပို့လိုက်တာ။ အီဒါဟာ ယောကျ်ားတွေအားလုံးကြားမှာ ကျုပ်ရင်ဆိုင်နေရတဲ့ အဖြစ်မျိုးနဲ့ကြုံနေရတဲ့ မိန်းမတစ်ယောက်ပဲဗျ။ မိန်းမတွေအားလုံးရဲ့ အလယ်မှာ သူလည်းပဲ "သနားစရာငါးတစ်ကောင်"ပဲ။ သူ့ပုံပန်းက ကျုပ်နဲ့တယ်တူတာပဲ။ ကိုယ်လုံးကိုယ်ထည်က သေးညှက်ညှက်၊ ခပ်ပိန်ပိန် ခပ်ပါးပါး၊ အရပ်အမောင်းက ပုပု၊ လူပုံက ကွေးတေးတေး၊ ကောက်တောက်တောက်နဲ့ ဘယ်လိုနေလို့ထိုင်လို့မှ မထူးခြားတဲ့ မထင်ရှားတဲ့ ရုပ်မျိုးပဲ။ ဒါပေမဲ့ဗျို့ သူက ဒေါသအတော်ကြီးတယ်။ စိတ်မြန်ကိုယ်မြန်လည်း ရှိတယ်။ စိတ်ကတော့ မြန်သလားမမေးနဲ့။ တကယ် မြန်တာ။ အဲ ပျော်ပျော်နေတတ်တဲ့ သဘောလည်း ရှိသဗျ။ ကျုပ်တို့နှစ်ယောက်ဟာ ချက်ချင်းပဲ မိတ်ဆွေဖြစ်သွားကြတယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့နှစ်ယောက်ဟာ အမြဲတမ်းလိုလို ပန်းကန်ပြားပုံကြီးတွေနဲ့ အဆီဝေ့နေတဲ့ ရေတွေရှေ့မှာ အတူတူတွဲပြီး ရပ် ရပ်နေကြရတာကိုးဗျ။ သူနဲ့ကျုပ် လူချင်းခင်သွားပြီးတဲ့နောက်ပိုင်းမှာတော့ မထင်မှတ်တဲ့အဖြစ်တွေဟာ တစ်ခုပြီးတစ်ခု ဖြစ်လာတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးကြုံရတဲ့အဖြစ်ကတော့ တနင်္ဂနွေနေ့တစ်နေ့မှာ သူ့ကို ကျုပ်က ဖိတ်ပြီး ရုပ်ရှင်ပြဖို့ သွေးဆောင်ခဲ့တယ်။ ကျုပ်ကလည်း စိတ်ထဲက လိုလိုချင်ချင် မရှိပေမယ့် အားနာပါးနာသဘောမျိုးနဲ့ပဲ ဖိတ်ရတာပေါ့ဗျာ။ ရုပ်ရှင်ရုံအမှောင်ရိပ် ထဲမှာထိုင်နေကြတုန်း သူကကျုပ်လက်တစ်ဖက်ကို ဆွဲယူလိုက်တယ်။ ပြီးတော့ သူ့လက်နဲ့ လက်ချောင်းချင်းတွေ ပတ္တာယှက်သလိုယှက်ပြီး ကိုင်ထားလိုက်တော့ ကျုပ်အတော်ကြီး အံ့အားသင့်သွားတယ်။ တစ်ခုခုတော့ မှားနေပြီထင်တယ်လို့ တွေးမိတာနဲ့ ကျုပ်လက်ကို သူ့လက်ထဲက လွတ်သွားအောင် ပြန်ရုန်းတာပေါ့။ ဒါပေမဲ့ သူက ကျုပ်ကို ငြိမ်ငြိမ်ကလေးနေဖို့ တိုးတိုးကလေး ကပ်ပြောတယ်။

"လက်ကိုင်တာများ ဘာအန္တရာယ်ဖြစ်မှာမို့ ရုန်းနေရတာလဲ"တဲ့။

ရုံထဲက ပြန်ထွက်လာကြတော့ သူကပြောတယ်။ သူကျုပ်ကို စိတ်ဝင်စားနေတာ ကြာပြီတဲ့။ ဒီဟိုတယ်မှာ အလုပ်စဝင်တဲ့နေ့ကတည်းကပဲတဲ့။ အဲဒီအချိန်ကစပြီး သူ့မှာ ကျုပ်အကြောင်းကလွဲပြီး တခြားဘာကိုမှ မတွေးနိုင်တော့ ဘူးတဲ့။ ကျုပ်က သူ့ကိုပြန်ပြီး နည်းနည်းလောက် သဘောကျလိမ့်မယ်လို့ သူမျှော်လင့်နေပါတယ်တဲ့။ ဘာကြောင့် အခုလို ပြောရတာလဲဆိုတော့ ကျုပ်မရှိရင် သူနေလို့မဖြစ်တော့ဘူးဆိုတာ သိနေလို့ပါတဲ့။ ကျုပ်လိုလူကို မိန်းမတစ်ယောက်က ဒီစကားမျိုးပြောတာ ကျုပ်တစ်သက်မှာ အခုဟာ ပထမဦးဆုံးအကြိမ်ဆိုတော့ စဉ်းစားသာကြည့်ပေတော့။ ကျုပ် အောက်ခြေလွတ်သွားပြီပေါ့။ ကျုပ်အနေနဲ့ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘူး။ သူလိုချင်တဲ့အဖြေတွေ အကုန်ပေးတာပဲ။ ပေးတာမှ ပေးသင့်ပေးထိုက်တာထက်တောင် ပိုချင်ပိုဦးမှာ။

ဒါပေမဲ့ ကျုပ်မှာကတော့ အံ့ဩလို့ကိုမဆုံးသေးဘူး။ သူ့ပါးစပ်က သူ ဟာ ကျုပ်အတွက် ရူးမတတ်ဖြစ်နေပါတယ်ဆိုတဲ့ စကားကို ထပ်တလဲလဲ ပြောနေပေမယ့် ကျုပ်ကတော့ မယုံရေးချမယုံနိုင်အောင် ဖြစ်နေတုန်းပဲ။ သူ ဘယ်လိုပဲပြောပြော၊ ကျုပ်မှာတော့ နားလည်ရခက်နေတုန်းပဲ။ ဒါကြောင့်မို့လည်း ကျုပ်တို့နှစ်ယောက် အပြင်ကိုထွက်တိုင်း ကျုပ်က သူ့ကိုဒီအကြောင်းပဲ ပြန် မေးတယ်။ အဲသလို ပြန်ပြန်မေးနေတာကလည်း အကြောင်းရှိသဗျ။ ပထမတစ် ကြောင်းက သူ့ပါးစပ်က ဒီစကားပြောတာ ကြားရရင် ကျုပ်သိပ်ပျော်လွန်းလို့ပါ။ နောက်တစ်ကြောင်းကတော့ အဖြစ်က ယုံကြည်ရခက်လွန်းတော့ ဟုတ်မှဟုတ်ရဲ့ လားဆိုတဲ့ သံသယနဲ့ ပျော်ချင်လို့ပါ။

"ကဲ ပြောစမ်းပါဦး အီဒါရယ်၊ ငါ့မှာ မင်းကြိုက်စရာ အရည်အချင်း

www.burmeseclassic.com

www.burmeseclassic.com



ဘာများရှိလို့လဲ၊ ဘယ်လိုက ဘယ်လိုဖြစ်ပြီး ငါ့ကိုချစ်လာရတာလဲ”လို့ ကျုပ်က မေးတယ်။ ခင်ဗျားတို့ ယုံပါ့မလားတော့ မသိဘူး။ အဲဒါက သူ့လက်နှစ်ဖက်နဲ့ ကျုပ်လက်မောင်းကို ချိတ်ကိုင်ပြီး အလွန်ချစ်မြတ်နိုးတဲ့ မျက်နှာထားနဲ့ ကြည့်လိုက်သေးတယ်။ ပြီးတော့မှ “ကျွန်မ ရှင့်ကိုချစ်တာဟာ ရှင့်မှာ အရည်အချင်းကောင်းတွေအားလုံး ရှိနေလို့ပေါ့၊ ကျွန်မအဖို့တော့ ရှင်ဟာ ဘာချွတ်ယွင်းချက်မှ မရှိအောင် ပြည့်စုံနေတဲ့ လူတစ်ယောက်ပါ”လို့ ဖြေတယ်ဗျ။

ကျုပ်ကလည်း မယုံကြည်နိုင်သေးတဲ့ မျက်နှာထားနဲ့ ထပ်မေးပြန်တာပေါ့။

“အရည်အချင်းကောင်းတွေတဲ့ ဟုတ်လား၊ ငါဖြင့် အဲဒါတွေကို အရင်တုန်းက လုံးဝမသိခဲ့ပါဘူးကွာ”

“တကယ်ပြောတာ၊ ရှင့်မှာ အားလုံးရှိတယ်၊ အစကပြောရရင် ရှင်ဟာ သိပ်ကိုချောတယ်”ကျုပ် ဝန်ခံရတော့မှာပဲ။ ဒီစကားကြားတော့ ကျုပ်မရယ်ဘဲ မနေနိုင်ဘူး။ “ငါက ချောတယ်ဟုတ်လား၊ မင်းငါ့ရုပ်ကို သေသေချာချာကော ကြည့်မိရဲ့လားကွာ”လို့ ပြန်မေးမိတယ်။

သိပ်ကိုကြည့်တာပေါ့၊ တစ်ချိန်လုံး ရှင့်ကိုပဲ ကြည့်နေတာ”တဲ့။

“ကဲဒီလိုဆိုရင် ငါ့နှာခေါင်း မင်းဘယ်လိုထင်သလဲ၊ ငါ့နှာခေါင်းကို မင်း သေသေချာချာ ကြည့်ရဲ့လား”

“ကျွန်မကြိုက်တာ ရှင့်နှာခေါင်းမျိုးပေါ့”လို့ သူကဖြေသဗျ။ ပြီးတော့ ကျုပ်နှာခေါင်းကြီးကို သူ့လက်ညှိုးလက်မနဲ့ညှပ်ပြီး ခြုံတစ်လုံးကို ဆွဲခါသလို ခါနေလိုက်သေးသဗျာ။ “နှာခေါင်းကြီး၊ နှာခေါင်းကြီး၊ ဟောဒီ နှာခေါင်းကြီးကြောင့် ကျွန်မမှာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်ခဲ့ရတယ်ရှင့် သိလား”လို့ ကြိတ်မနိုင်ခဲမရ လေသံမျိုးနဲ့ ပြောတယ်။ နောက်ပြီးတော့ သူကထပ်ပြောတယ်။ “ရှင်က ရုပ်ချောရုံတင်မကဘူး၊ ဉာဏ်လည်းကောင်းတယ်”

“ဘယ့်နှယ် ငါ့ကို ဉာဏ်ကောင်းတယ် ဟုတ်ရဲ့လားကွာ၊ လူတိုင်းက ငါ့ကို ငထိုင်းလို့ပြောနေကြတာ”၊ အဲဒီတော့ သူက“သူတို့က သက်သက်မဲ့ မနာလိုလို့ ပြောကြတာ၊ ရှင်က တကယ့်ကို ဉာဏ်ကောင်းတာ၊ ဉာဏ်ကောင်းတာမှ အလွန်အကျွံကို ကောင်းတာ၊ ရှင်စကားပြောနေရင် ကျွန်မ ပါးစပ်အဟောင်းသားနဲ့ နားထောင်နေရတာချည်းပဲ၊ အို...ရှင် ကျွန်မတွေ့ခဲ့ဖူးသမျှ လူတွေထဲမှာ ရှင်ဟာ ဉာဏ်အကောင်းဆုံးပဲ”လို့ ပြန်ပြောတယ်။

ကျုပ် ငိုင်နေမိတယ်။ ခဏနေတော့မှ “ကဲလေ ဘာပဲဖြစ်ဖြစ် ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတော့၊ ဒါပေမဲ့ မင်းအနေနဲ့ ငါ့ကို အားသိပ်ကောင်းတာပဲလို့တော့ ပြောလို့ မရပါဘူး၊ ဟုတ်ရဲ့လား”လို့ ပြောလိုက်တော့ “ရှင့်အားလည်း ကောင်းတာပဲ၊ အားကောင်းတာမှ အလွန့်အလွန်ကို ကောင်းတာ”လို့ ဆိုတယ်။ ဒီစကား ကြားလိုက်ရတော့ ကျုပ်မှာ တံတွေးကို လည်ချောင်းထဲ လျှာခနဲ ဆင်းသွားအောင် မနည်းအားထုတ်ပြီး မျိုချနေရလို့ အချိန်တော်တော်ကြာ စကားမပြောနိုင်ဘူး။

ကျုပ်က မပြောတော့ သူကပဲ ပြန်စပြောတယ်။

“ပြီးတော့လည်း ရှင်တကယ်သိချင်တယ်ဆိုရင် ပြောပြမယ်၊ ကျွန်မချစ်လာအောင် လုပ်နိုင်တဲ့ အရာတစ်ခု ရှင့်မှာရှိတယ်၊ သိလား”တဲ့။

အဲဒီတော့ ကျုပ်ကလည်း ပြန်ပြီးမေးမိပြန်ရော။

“မင်းပြောတဲ့ အဲဒီနေရာတစ်ခုဆိုတာက ဘာလဲ၊ ငါသိချင်တယ်”၊ သူက “ကျွန်မရှင်းအောင်တော့ ပြောမပြတတ်ဘူး၊ ရှင့်အသံ၊ ရှင့်မျက်နှာ၊ ရှင့်အမူအရာနဲ့ ရှင်သွားပုံလာပုံတွေထဲက အားလုံး၊ ဒါမှမဟုတ် တစ်ခုခု ဖြစ်ချင်ဖြစ်မှာပဲ၊ ရှင့်မှာရှိနေတဲ့ အဲဒီ‘အရာတစ်ခု’ဟာ တခြားလူတွေဆီမှာ မရှိဘူး”လို့ ပြန်ပြောတယ်။ ထုံးစံအတိုင်းပဲပေါ့ဗျာ။ ကျုပ်ကတော့ သူ့စကားတွေကို မယုံဘူး။ ဒါကြောင့်မို့လည်း ဒီစကားတွေကို သူ့ပါးစပ်က ထပ်ခါတလဲလဲ ပြောအောင် ခဏခဏမေးတာပဲ။ ကြားရပြန်တော့လည်း ကျုပ်အကြောင်း ကျုပ်ဘာသာကျုပ် တွေးယူထားတာတွေနဲ့ သူပြောတာတွေကို နှိုင်းယှဉ်ပြီး စိတ်ချမ်းသာရတယ် မဟုတ်လား။ ဒီလိုနဲ့ပဲ ရက်တွေတစ်ရက်ပြီးတစ်ရက် ကုန်လာတယ်။ ကျုပ်အနေနဲ့ ဝန်ခံရတော့မှာပဲ။ ရက်တွေကြာလာတော့ သူ့စိတ်ကူးတွေဟာ ကျုပ်ခေါင်းထဲမှာ စွဲလာတယ်ဗျ။

“ဆိုကြပါစို့ရဲ့ သူပြောတဲ့အတိုင်း တကယ်တမ်း မှန်နေရင်ကော”ဆိုတဲ့ မေးခွန်းကို ကိုယ့်ဘာသာကိုယ် ပြန်မေးလာမိတယ်။ ကျုပ်ကိုယ်ကျုပ် ထင်ထားတဲ့ အချက်တွေနဲ့ ခြားနေတယ်ဆိုတဲ့စကားကို ယုံကြည်လွန်းလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အီဒါပြောခဲ့တဲ့ “အရာတစ်ခု”ဆိုတဲ့ စကားအပေါ်မှာတော့ တယ်ပြီး သံသယမကင်းချင်သေးဘူး။ အဲဒီစကားထဲမှာ လျှို့ဝှက်ချက်တွေများ ရှိနေသလား။ အဲဒီ“အရာတစ်ခု”ဆိုတဲ့ စကားကြောင့် ကျုပ်မှာတောင်စဉ်ရေမရတွေ လျှောက်တွေးမိတယ်။ မိန်းမတွေက ခါးကုန်းတွေ၊ လူပုတွေ၊ အဘိုးကြီးတွေ၊ သရဲသဘက်လောက် အရုပ်ဆိုး၊ အကျည်းတန်တဲ့ လူတွေကို သဘောကျတတ်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သိတယ်။ ကျုပ်ဟာ အဲဒီလူစားမျိုးတွေထဲက တစ်မျိုးမျိုးနဲ့များ တူနေသလား။ တကယ်တော့ ကျုပ်ဟာ ခါးကုန်းတစ်ယောက်လည်း မဟုတ်ဘူး။ သရဲသဘက်လောက် အရုပ်ဆိုးတဲ့လူတစ်ယောက်လည်း မဟုတ်ဘူးဗျ။

အဲသလို ကျုပ်စိတ်တွေ မတင်မကျနဲ့ ဗလုံးဗထွေး ဖြစ်နေချိန်လောက်မှာပဲ အီဒါနဲ့ကျုပ်ဟာ ဆပ်ကပ်ပွဲတစ်ပွဲ သွားကြည့်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ နှစ်ယောက်သား အရမ်းကို ပျော်နေကြတယ်ဗျ။ ဆပ်ကပ်ပြမဲ့ ရွက်ထည်တဲကြီးထဲရောက်တော့ ကျုပ်တို့နှစ်ယောက် ဈေးပေါပေါထိုင်ခုံပေါ်မှာ နေရာယူကြတယ်။ တစ်ယောက်နဲ့တစ်ယောက် လက်ချင်းချိတ်ပြီး ပူးကပ်ထိုင်ကြတယ်။ ကျုပ်ဘေးမှာတော့ အရုပ်မြင့်မြင့်၊ အသားဖြူဖြူမိန်းမတစ်ယောက် ထိုင်နေတယ်။ အသက်က ခပ်ငယ်ငယ်ပါ။ လှတော့ အတော်ကလေး လှသားဗျ။ သူနဲ့အတူပါတဲ့ လူကတော့ အသားမည်းမည်းလူတစ်ယောက်ပဲ။ လူကောင်က ထွားထွားနဲ့ အားကောင်းမောင်းသန်ကြီး။ သူ့ကြည့်ရတာ ခပ်ကြမ်းကြမ်းခပ်တေတေရှိမယ့်ပုံပါ။ အားကစားသမားတစ်ယောက်နဲ့တော့ အတော်တူသား။ ကျုပ်စိတ်ထဲမှာ သူတို့ကိုကြည့်ပြီး "ရှေ့သွားနောက်လိုက်ညီတဲ့ စုံတွဲ"လို့ သတ်မှတ်လိုက်တယ်။ အဲဒီနောက်တော့ ကျုပ်ခေါင်းထဲမှာ သူတို့အကြောင်း မရှိတော့ပါဘူး။ ကျုပ်အာရုံဟာ ဆပ်ကပ်ထဲမှာပဲ ရောက်နေတယ်။

ပြပွဲကွင်းထဲမှာတော့ ဘာပြကွက်မှ မရှိသေးဘူး။ ဒါပေမဲ့ ပြပွဲကွင်းရဲ့ ဟိုတစ်ဖက်အစွန်းက စင်မြင့်ပလက်ဖောင်းပေါ်မှာတော့ အနီရောင်ယူနီဖောင်းဝတ် ဘင်ခရာအဖွဲ့တစ်ဖွဲ့ ရောက်နေပြီ။ စစ်ချီအတီးမျိုးဆန်ဆန် တေးသီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် အဆက်မပြတ် တီးပေးနေကြပြီ။ နောက်ဆုံးမှာ လူပြက်လေးယောက် ကွင်းထဲဝင်လာတယ်။ နှစ်ယောက်က လူပုလေးတွေ။ မျက်နှာတွေက အဖြူရောင်မိတ်ကပ်တွေ ပိန်းနေအောင်လိမ်းထားတယ်။ ပြီးတော့ ဘောင်းဘီအပွ ကြောင်ကြောင်ကျားကျားကြီးတွေ ဝတ်လို့။ လေးယောက်သား ခုန်လိုက်ပေါက်လိုက်။ ပြက်လုံးတွေထုတ်လိုက်။ တစ်ယောက်ပါး တစ်ယောက်ရိုက်လိုက်။ အချင်းချင်း ခြေထောက်တွေနဲ့ ကန်လိုက်ကျောက်လိုက် လုပ်နေကြတယ်။ အီဒါက သဘောကျလွန်းလို့ တအားရယ်တယ်။ ရယ်လွန်းတော့ ချောင်းဆိုးတာပေါ့။

အဲဒီနောက်တော့ တီးဝိုင်းက အသံပြောင်းသွားတယ်။ မြင်ကွင်းထဲကို မြင်းတွေဝင်လာတယ်။ အားလုံးခြောက်ကောင်။ အကွက်အပြောက်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အုန်းခွံရောင်မြင်းက သုံးကောင်။ အဖြူရောင်က သုံးကောင်။ မြင်းတွေဟာ ကွင်းထဲမှာ ဝိုင်းကြီးပတ်ပတ်လှည့်နေတယ်။ သူတို့သခင်ကတော့ အနီရောင်နဲ့ ရွှေရောင်ဝတ်စုံတွေဝတ်ပြီး တရှမ်းရှမ်းရိုက်ပြီး အသံပေးနေတယ်။ မကြာခင်မှာ စကပ်တိုတိုပါးပါးကလေးနဲ့ အသားကပ်ဘောင်းဘီ ခြေအိတ်တွေဝတ်ထားတဲ့ မိန်းမတစ်ယောက်ဝင်လာပြီး မြင်းတစ်ကောင်ရဲ့ ဇက်ကြိုးကို လှမ်းဆွဲလိုက်တယ်။ ပြီးတော့ မြင်းရဲ့ဘေးကနေပြီး မြင်းနဲ့အတူ ပြေးလိုက်နေတယ်။ အမယ် သူက မြင်းရဲ့ကျောပေါ် ခုန်တက်လိုက်၊ ပြန်ခုန်ဆင်းလိုက် လုပ်သွားနေတာကိုး။ မြင်းတွေဟာ ပထမတော့ အသားကျပြေးနေကြတယ်။ နောက်တော့ ဒုန်းစိုင်းလာတယ်။ မြင်းတွေ ပြန်လည်းဝင်သွားရော လူပြက်တွေ ပြန်ထွက်လာတယ်။ စောစောကလိုပဲ ရယ်စရာတွေ လုပ်ပြကြတယ်။ နောက်ပြီးတော့ ကောင်းကင်ဘားသမား မိသားစုတစ်စု ဝင်လာတယ်။ အဖေရယ်၊ အမေရယ်၊ သူတို့သား ကောင်ပေါက်စလေးရယ်။ အားလုံးသုံးယောက်။ အပြာရောင်အသားကပ် ဘောင်းဘီ အင်္ကျီတွေ ဝတ်စားထားကြတယ်။ သုံးယောက်စလုံး အကြောအဆစ်တွေက မာလိုက်တောင့်လိုက်ကြတာဗျာ။ သူတို့ဟာ တဲခေါင်မိုးကနေပြီး တန်းလန်းကျနေတဲ့ ကြိုးကိုဆွဲပြီး တက်သွားကြတယ်။ ခေါင်မိုးထိပ်လည်း ရောက်ရော ကောင်းကင်ဘားကို အမျိုးမျိုးအဖုံဖုံ စီးပြကြတော့တာပဲ။ ကောင်းကင်ဘားကို လက်တွေနဲ့ဆွဲစီးတယ်။ ခြေထောက်တွေနဲ့ချိတ်ပြီး ဇောက်ထိုးမိုးမျှော်စီးပြတယ်။ သူတို့သားကလေးကိုလည်း ဘောလုံးပစ်သလို တစ်ယောက်လက်က တစ်ယောက်ကို ပစ်ပစ်ပေးကြတယ်။ သူတို့ကိုကြည့်ပြီး တအံ့တဩဖြစ်နေတဲ့ ကျုပ်က အီဒါကိုပြောတယ်။ "ဟိုမှာကြည့်စမ်းငါတောင် ကောင်းကင်ဘားသမား ဖြစ်ချင်လာပြီ၊ ငါကတော့ လေထဲကိုခုန်ဆင်းပြီး ဘားတန်းကို ခြေထောက်တွေနဲ့ ဖမ်းချင်တာကွ"၊ အီဒါကလည်း ထုံးစံအတိုင်းပေ့ါ။ ကျုပ်ကို တိုးကပ်ပြီး "ဒါတွေက အလေ့အကျင့်ပါ"လို့ ပြောတယ်။ ကျုပ်ဘေးက အသားဖြူတူတူ မိန်းမက ကျုပ်တို့နှစ်ယောက်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သူ့အဖော်ကို ဆီမန်းမန်းသလို တိုးတိုး တိုးတိုးနဲ့ ကပ်ပြောနေတယ်။ ပြီးတော့ နှစ်ယောက်စလုံး ဟားတိုက်ပြီး ရယ်နေကြတယ်။

ကျွမ်းဘားအပြီးမှာ ဝင်မဲ့အကွက်က ခြင်္သေ့တွေဗျ။ ပရိသတ်အတွက် ဆွဲဆောင်မှုရှိတဲ့ ပြကွက်တစ်ကွက်ဆိုပါတော့။ အဲဒီပြကွက်မစခင်ကလေးမှာ အနီရောင်ဝတ်စုံနဲ့ လူတစ်စုဝင်လာပြီး ကောင်းကင်ဘားကျွမ်းပြတုန်းက ခင်းထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကော်ဇောကြီးကို ပြန်လိပ်ကြတယ်။ လိပ်တဲ့အခါမှာ လူပြက်တစ်ယောက်ကိုပါ ထည့်လိပ်ပြီး ထမ်းထုတ်သွားကြတယ်။ အီဒါဟာ ကော်ဇောလိပ်ကြီးထဲက ခေါင်းပြူထွက်နေတဲ့ လူပြက်ရဲ့ မျက်နှာဖြူဖြူကြီးကိုမြင်တော့ ဖင်ဆောင့်ဆောင့်ပြီး ရယ်တော့တာပေါ့။ သူထိုင်နေတဲ့ထိုင်ခုံပေါ်က လျှောကျသွားမှာတောင် စိုးရိမ်ရသေးတယ်။ မကြာခင်မှာပဲ ခြင်္သေ့ငါးကောင် တန်းစီပြီး ဝင်လာကြတယ်။ ခြင်္သေ့မတစ်ကောင်က တစ်ချက်ဟိန်းလိုက်သေးတယ်။ နောက်ဆုံးက ပါလာတဲ့ လူကတော့ ခြင်္သေ့အထိန်းသမားပေါ့။ လူကတော့ ခပ်ငယ်ငယ်ပါပဲ။ ထုံးစံအတိုင်း ပရိသတ်ဘက်ကိုဦးညွတ်ပြီး နှုတ်ဆက်တယ်။ ခြင်္သေ့တွေက သူ့ကို လှည့်ပတ်ပြီး အဝိုင်းလိုက် လျှောက်နေကြတယ်။ သူတို့ရဲ့ ဟိန်းသံဟောက်သံတွေကတော့ ဆူညံနေတာပဲ။ နောက်ဆုံးမှာ ခြင်္သေ့အထိန်းသမားဟာ ခြင်္သေ့တွေကို ခွေးခြေ တစ်လုံးချင်းပေါ် တစ်ကောင်စီတက်ခိုင်းတယ်။ ခွေးခြေကလေးတွေက တကယ့် သေးသေးလေးတွေဗျ။ သူတို့ခမျာ ဇွတ်ခိုင်းလို့သာ တက်ထိုင်နေကြရတာကလား။ ဒါကြောင့်မို့ထင်ပါရဲ့ ပါးစပ်ကြီးတွေဖြဲပြီး ဟိန်းတယ်။ နှစ်ကောင်သုံးကောင်က ဆိုရင် ခြင်္သေ့အထိန်းသမား သူတို့အနားက ဖြတ်အသွားမှာ ခြေထောက်တွေ မြှောက်မြှောက်ပြီး လှမ်းပုတ်လိုက်တော့မလို လုပ်နေကြတယ်။ ခြင်္သေ့အထိန်း သမားကလည်း ပညာသားပါပါနဲ့ အသာကလေး ရှောင်ရှောင်သွားတယ်။

"တကယ်လို့များ ခြင်္သေ့ကြီးတွေက သူ့ကို ကိုက်စားလိုက်ရင် ဘယ့်နှယ် လုပ်မလဲနော်"လို့ အီဒါက ကျုပ်လက်မောင်းကိုဆွဲပြီး ခပ်တိုးတိုးပြောတယ်။ အဲဒီတုန်း ဖြန်းဆို အတီးသံဟာ ဆူညံလာတယ်။ ခြင်္သေ့ထိန်းသမားဟာ ခြင်္သေ့ငါးကောင်ထဲက အသက်ကြီးဆုံး ခြင်္သေ့ကြီးဆီကို လျှောက်သွားတယ်။ ခြင်္သေ့ကြီးကြည့်ရတာ အိပ်ချင်မူးတူးဖြစ်နေသလိုပဲ။ ဟိန်းလားဟောက်လားလည်း မလုပ်ဘူးဗျ။ ငြိမ်ငြိမ်ကြီးဗျ။ အဲဒီအကောင်ကြီးကို ပါးစပ်ဟခိုင်းပြီး ခြင်္သေ့ထိန်း သမားက သူ့ခေါင်းသွင်းပြတယ်။ အဲသလို သုံးခါတိတိလုပ်ပြတာ။ လက်ခုပ် ဩဘာသံတွေက သောသောကိုညံနေတာပဲ။ ကျုပ်က အီဒါဘက်လှည့်ပြီး "မင်းကတော့ ယုံချင်မှယုံမယ်၊ ငါလည်းပဲ အဲဒီခြင်္သေ့ကြီးရဲ့ပါးစပ်ထဲ ခေါင်းသွင်း ပြရဲတယ် သိလား"လို့ ပြောလိုက်မိတယ်။ အီဒါကလည်း ကျုပ်ဘက်ကို တိုးကပ်ပြီး "ရှင်လုပ်ရဲလိမ့်မယ်ဆိုတာ ကျွန်မသိပါတယ်"တဲ့။ ဒီစကားလည်းပြော လိုက်ရော ကျုပ်ဘေးက မိန်းမနဲ့သူ့အဖော်က ကျုပ်တို့ကို အသေအချာလှည့်ကြည့် ပြီး တဟားဟား အော်ရယ်ကြပြန်တယ်။ ဒီတစ်ခါမှာတော့ ကျုပ်တို့ကိုကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရယ်နေကြတယ်ဆိုတာ သေချာသွားပြီဗျ။ အဲဒါကလည်း ရှုံးရှုံးရှဲရှဲဖြစ်လာတယ်။ သူက ဒေါသတကြီးနဲ့ ကျုပ်ကို ပြောတယ်။"သူတို့က ကျွန်မတို့ကို ရယ်နေကြတာပဲ။ ခင်ဗျားတို့ သိပ်ရိုင်းတာပဲလို့ ရှင်က သူတို့ကို ဘာကြောင့် မပြောတာလဲ" ဒါပေမဲ့ တော်ပါသေးတယ်၊ ခေါင်းလောင်းတီးသံတစ်ချက်ပေါ်လာလို့။ ပရိသတ်တွေဟာ ထိုင်နေကြရာက ထလာကြတယ်။ ခြင်္သေ့တွေလည်း ပြန်ဝင်သွားကြပြီ။ ပွဲစဉ်က ပထမပိုင်း ပြီးသွားပြီဗျ။

ကျုပ်တို့နှစ်ယောက် ရွက်ထည်တဲထဲက ထွက်လာတော့ ဟိုနှစ်ယောက် ကျုပ်တို့ရှေ့က လျှောက်သွားနေတာ မြင်ရတယ်။ အဲဒါကတော့ ဒေါသကြီးတုန်းပဲ။ ကျုပ်ကိုကပ်ပြီး ပြောနေပြန်တယ်။ "ခင်ဗျားတို့ သိပ်ရိုင်းတာပဲဆိုတဲ့ စကား သူတို့ကိုရှင်ပြောရမယ်၊ တကယ်လို့ ရှင်မပြောဘူးဆိုရင် ရှင်ဟာ လူကြောက်ပဲ"တဲ့။ ဒီစကားဟာ ကျုပ်ရဲ့မာနကိုထိခိုက်စေတဲ့ စကားဗျ။ ဒါကြောင့်မို့ သူတို့ကို ကျုပ်တစ်ခုခုတော့ ပြောမှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဆပ်ကပ်ပွဲပြတဲ့ ရွက်ထည်တဲကြီးရဲ့ အပြင်ဘက်တစ်နေရာမှာ အဖီတဲလို ထိုးထားတဲ့ တဲတစ်လုံးရှိတယ်။ အဲဒီတဲဟာ တိရစ္ဆာန်တွေကို လှောင်ချိုင့်တွေနဲ့ ထည့်ပြီးပြထားတဲ့ တိရစ္ဆာန်ရုံလိုဟာမျိုးပေါ့။ ပရိသတ်တွေ အပျင်းပြေကြည့်နိုင်ဖို့ ဆပ်ကပ်အဖွဲ့က လုပ်ပေးထားတာ။ အဲဒီတဲကြီးထဲ ဝင်သွားရင် တစ်ဖက်မှာ တိရစ္ဆာန်အရိုင်းတွေကို လှောင်ချိုင့်ကြီးတွေနဲ့ ထည့်ပြထားတယ်။ မျက်နှာချင်းဆိုင် တစ်ဖက်မှာတော့ ကောက်ရိုးခင်းထားတဲ့ ကွက်လပ်တစ်ခု ရှိတယ်။ အဲဒီထဲမှာ ယဉ်ပါးနေတဲ့ တိရစ္ဆာန်တွေကို လွှတ်လွှတ်လပ်လပ် ထားတယ်။ မြင်းကျားတွေ၊ ဆင်တွေ၊ မြင်းတွေနဲ့ ခွေးတွေဆိုပါတော့ဗျာ။ တဲထဲမှာ ခပ်မှောင်မှောင် ဖြစ်နေတယ်။ ကျုပ်တို့ အထဲဝင်သွားတော့ ထိုစုံတွဲဟာ ဝက်ဝံလှောင်ချိုင့်တစ်လုံးရှေ့မှာ ရပ်နေတာ မြင်ရတယ်။ အသားဖြူဖြူမိန်းမက လှောင်ချိုင့်ဘက်ကို ကုန်းပြီး အထဲကဝက်ဝံကို ကြည့်နေတယ်။ ဝက်ဝံကြီးကတော့ သံတိုင်တွေဘက် ကျောပေးပြီး အိပ်မောကျနေတယ်။ ကျုပ်လည်း ဟိုလူ့ဆီကိုတန်းသွားပြီး ခပ်ထန်ထန်လေသံနဲ့ မေးလိုက်တယ်။ "ကျုပ်ကိုပြောစမ်းပါဦး၊ ခင်ဗျားတို့ ရယ်နေကြတာဟာ ကျုပ်တို့ကို ရယ်နေကြတာ မဟုတ်လား"

သူက လှည့်ကြည့်ပြီး ချက်ချင်းပြန်ဖြေတယ်။ "မဟုတ်ဘူး ကျုပ်တို့က နွားထီးယောင်ဆောင်ဖို့ ကြိုးစားနေတဲ့ ဖားတစ်ကောင်ကို ရယ်နေကြတာ"

"ဖားတစ်ကောင်ဆိုတာ ကျုပ်ကို ပြောတာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဦးထုပ်က မင်းခေါင်းနဲ့တော်နေရင်လည်း ဆောင်းလိုက်ပေါ့ကွ"

အီဒါက ကျုပ်နောက်ကျောကိုတွန်းပြီး ဟိုလူရှေ့ရောက်သွားအောင် ပို့ပေးတယ်။ ကျုပ်ကလည်း အသံကိုမြှင့်တင်ပြီး ပြန်ပြောလိုက်တယ်။ "မင်းဘာကောင်လဲဆိုတာ မင်းကိုမင်း သိရဲ့လား၊ မင်းဟာ ဘာမှ မသိနားမလည်တဲ့ လူယုတ်မာတစ်ယောက်ကွ သိလား"

သူကလည်း ရိုင်းရိုင်းစိုင်းစိုင်းပဲ ပြန်ပြောတယ်။

"ဟား... ဟား... ဖားပြုတ်က အော်ဖို့အသံပေးတာလား"

အဲဒီစကားလည်းကြားရော ဟိုမိန်းမက အော်ရယ်တယ်။အီဒါကလည်း အသံစွာတာစွာတာနဲ့ ဝင်ပြောပါလေရော။ "ရယ်စရာ ဘာမှမရှိဘူး ဟဲ့ကောင်မရဲ့၊ ရယ်နေမယ့်အစား ငါ့ယောကျ်ားကို နင်ပွတ်သီးပွတ်သပ်လုပ်ပြီး မြူနေတာကို ရပ်ဖို့ပဲလိုတယ်ဟဲ့၊ နင်က ငါ့ကို မမြင်ဘူးလို့များ ထင်နေသလားဟင်၊ နင့်လက်မောင်းနဲ့ ငါ့ယောကျ်ားကို တစ်ချိန်လုံး ပွတ်သီးပွတ်သပ်လုပ်နေတာ ငါသိတယ်"တဲ့။

ကျုပ်အတော့်ကို အံ့အားသင့်သွားတယ်။ ဘာပြုလို့လဲဆိုတော့ အီဒါပြောတဲ့ ကိစ္စကို ကျုပ်လုံးဝသတိမထားခဲ့မိဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပေါ့လေ သူက ကျုပ်ဘေးမှာ ကပ်ထိုင်နေတာဆိုတော့ ကျုပ်ကို သူ့တံတောင်နဲ့ ထိမိချင်လည်း ထိမိပေမပေါ့။ သူကလည်း အလွန်စိတ်ဆိုးနေတဲ့ အသံနဲ့ ပြန်ပြောတယ်။

"ဒီမယ် ကလေးမ နင်ရူးနေပြီ"တဲ့။

"ငါမရူးဘူးဟဲ့၊ နင်ပွတ်နေတာ ငါမြင်တယ်ဟဲ့"

"သနားစရာ ငါးတစ်ကောင်နဲ့တူတဲ့ နင့်ယောကျ်ားကို ငါက ဘာများ မက်မောစရာရှိလို့ ဂရုစိုက်ရမှာလဲဟဲ့၊ တကယ်လို့ ငါပွတ်သီးပွတ်သပ်လုပ်ချင်ရင် နင့်ယောကျ်ားထက်သာတဲ့လူ ရှာမှာပေါ့။ ဟောဒီမှာ ကြည့်စမ်း၊ မြင်တယ်မဟုတ်လား၊ ဒါမျိုးမှ တကယ့်ယောကျ်ားဟဲ့"

သူကပြောပြောဆိုဆို သူ့အဖော်ယောကျ်ားရဲ့ လက်ကိုဆွဲပြီး မြှောက်ပြတယ်။ ဝက်သတ်သမားတစ်ယောက်က ဈေးဝယ်ကို ဝက်ပေါင်တစ်ချောင်း မြှောက်ပြနေတာနဲ့ တူလှပါသဗျား။ "ဒီလက်မျိုးမှ ငါက ပွတ်ချင်တာဟဲ့၊ ဒီမှာကြည့်စမ်း အကြောတွေကို ပြိုင်းပြိုင်းထနေတာပဲ၊ ဘယ်လောက်သန်သလဲ"

သူ့စကားလည်းဆုံးရော ဟိုလူက ကျုပ်ဆီလျှောက်လာပြီး ခြိမ်းခြောက်တဲ့ လေသံနဲ့ ပြောတယ်။ "တော်လောက်ပြီ ကိုယ့်လူ၊ သွားတော့ ဒီနားက ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားတာဟာ မင်းအတွက် ကောင်းလိမ့်မယ်”

“မင်းက ဘာကောင်မို့ ထွက်သွားခိုင်းရတာလဲကွ”လို့ ကျုပ်ကပြန်အော်လိုက်ပြီး သူနဲ့ ပခုံးချင်းထိသွားအောင် ကျုပ်က ခြေဖျားတွေကို ထောက်လိုက်တယ်။ ပြီးတော့ ပခုံးချင်း တိုက်လိုက်တယ်။

အဲဒီနောက် ဖြစ်လာတဲ့အဖြစ်ကတော့ ကျုပ်အသက်နဲ့ကိုယ် မြဲနေသမျှကာလပတ်လုံး မေ့မှာမဟုတ်တော့ပါဘူးဗျာ။ ကျုပ်ပြောလိုက်တဲ့စကားကို သူက လုံးဝအရေးမစိုက်ဘူး။ ဒါပေမဲ့ ဖြုန်းဆို ကျုပ်တစ်ကိုယ်လုံးကို ငှက်တောင်လေးတစ်တောင်မ,သလို မ,ယူလိုက်တယ်။ ကျုပ်စောစောက ပြောခဲ့တာ မှတ်မိမှာပေါ့။ လှောင်ချိုင့်ကြီးတွေရဲ့ ဟိုတစ်ဖက်မှာ တိရစ္ဆာန်အယဉ်တွေ လွှတ်ထားတဲ့ ကွက်လပ်တစ်ခုရှိတယ် ဆိုတာလေ။ ကျုပ်တို့ရပ်နေတဲ့ နောက်နားကပ်လျက်နေရာမှာ ဆင်မိသားစုတစ်စု ရှိနေတယ်။ ဆင်အဖေကြီးရယ်၊ ဆင်အမေကြီးရယ်၊ သူတို့သား ဆင်ပေါက်စလေးရယ်။ အားလုံးသုံးကောင်။ နောက်ဆုံးကောင်က ဟိုနှစ်ကောင်နဲ့ ယှဉ်လိုက်ရင် ငယ်ငယ်ပါ။ ငယ်ငယ်ဆိုပေမယ့်လည်း ဆင်ပေါက်ဆိုတော့ မြင်းတစ်ကောင်သာသာလောက်တော့ ရှိနေပြီဗျ။ သူတို့ခမျာ မှောင်ရိပ်ကျနေတဲ့ ထောင့်ထဲမှာ နားရွက်ကြီးတွေနဲ့ အစွယ်ကြီးတွေကို အောက်စိုက်ပြီး ငြိမ်နေကြရှာတာ။ အဲ... အဲဒါ... ဟို... ဘဲနာကောင်ကြီးက ကျုပ်ကိုမပြီး သူ့ခေါင်းအထက်မှာ မြှောက်ထားရာက အငယ်ဆုံးဆင်ရဲ့ ကျောကုန်းပေါ်ပစ်ချလိုက်တယ်ဗျ။

တိရစ္ဆာန်ဆိုတော့ ဘာရယ်လို့ ဘယ်သိပါ့မလဲ။ ဆပ်ကပ်ကွင်းထဲဝင်ဖို့ အချိန်ကျတာနဲ့ သူတို့ကို အချက်ပေးပြီလို့ ထင်ဟန်တူပါရဲ့။ ငြိမ်ငြိမ်ဆိမ်ဆိမ် ရပ်နေရာက လူသွားလမ်းအတိုင်း ပြေးပါလေရော။ လူတွေကလည်း လန့်ဖျပ်ပြီး ခြေဦးတည့်ရာကို ကစဉ့်ကလျားထွက်ပြေးကုန်ကြတယ်။ အီဒါက အသံကုန်ဟစ်အော်ပြီး ကျုပ်နောက်က ကဆုန်စိုင်းပြီး လိုက်လာတယ်။ ကျုပ် ကတော့ ဆင်ပေါက်စရဲ့ ကျောပေါ်မှာ ကားရားကြီးခွလို့။ ကျုပ်လည်း ကြောက်အားလန့်အားနဲ့ သူ့နားရွက်တွေကိုဆွဲပြီး ရပ်သွားအောင်လုပ်ဖို့ အစွမ်းကုန် အားထုတ်ပါတယ်။ ဒါပေမဲ့ မရဘူးဗျ။ နောက်ဆုံး လူသွားလမ်းဆုံးလည်းရောက်ရော ကျုပ်လည်း ဆင်ပေါ်က လိမ့်ကျပါလေရော။ ကျုပ်နောက်စေ့ဟာ မြေကြီးနဲ့ တစ်အားဆောင့်မိတာဆိုတော့ ကျုပ်လုံးဝ မသိတော့ဘူး။ ကျုပ်သတိရလာတော့ ရေးဦးသူနာပြုအခန်းထဲ ရောက်နေပြီ။ အီဒါက ကျုပ်လက်တစ်ဖက်ကို ကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဘေးမှာ ထိုင်လို့။ နောက်တော့ ကျုပ်နေလို့ထိုင်လို့ သက်သာတာနဲ့ တစ်ပြိုင်နက် ဆပ်ကပ်ပြပွဲဒုတိယပိုင်းကို မကြည့်တော့ဘဲ အိမ်ကို ပြန်လာခဲ့ကြတယ်။

နောက်တစ်နေ့ကျတော့ ကျုပ်က အီဒါကို ပြောတယ်။ "မင်းအပြစ်ပဲ၊ ဒီလိုစိတ်ကူးမျိုး အထင်မျိုး ငါ့ခေါင်းထဲရောက်အောင်လုပ်တာ မင်း၊ ငါ့ကိုယ်ငါ အထင်ကြီးလာပြီး ဘဝင်မြင့်အောင် မင်းလုပ်တာ၊ ဟိုမိန်းမပြောတာမှ တကယ်မှန်တာ၊ ငါဟာ သနားစရာ ငါးတစ်ကောင်ပဲ၊ ဒီထက်မပိုဘူး"

ဒါပေမဲ့ အီဒါက ကျုပ်လက်ကိုကိုင်ပြီး ကျုပ်မျက်နှာကို စေ့စေ့စပ်စပ်ကြည့်နေတယ်။ပြီးတော့ "ရှင်ဟာလေ တကယ့်ကို ကျက်သရေရှိတာပဲ၊ ခံ့ညားတာလည်း အလွန်ပဲ"လို့ ပြောတယ်။ "တကယ်တော့ ဟိုအကောင်က ရှင့်ကို ကြောက်တယ်၊ ကြောက်လို့သာ ရှင့်ကိုမပြီး ဆင်ပေါ်ပစ်ချတာပေါ့ ဟုတ်ဘူးလား၊ နောက်ပြီးတော့ ရှင်စီးသွားတာကလေ တကယ့်ကို ခမ်းနားကြီးကျယ်တာပဲ၊ ထူးခြားမှုတစ်ခုပဲ သနားစရာကောင်းတယ်၊ ရှင်ဆင်ပေါ်က လိမ့်ကျသွားတာလေ"

ကဲ အဲဒါပဲ။ ဘယ်လိုလုပ်မလဲ၊ ကျုပ်ဘာပြန်ပြောမလဲ၊ ကျုပ်မှာ ပြောစရာ မရှိတော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အီဒါ့အတွက်ကတော့ ကျုပ်ဟာ တစ်ခုပဲ။ အခြားလူတွေအတွက်ကတော့ တစ်မျိုးဖြစ်ပေမပေါ့။ ဒါပေမဲ့ ကျုပ်သိချင်နေတာ တစ်ခုတော့ ရှိတယ်။ မိန်းမတွေအနေနဲ့ သူတို့ချစ်မိပြီဆိုရင် ဘာကိုမြင်ပြီး ချစ်ကြတာလဲ။ အဲဒါကို ခင်ဗျားပြောပြနိုင်မလားဟင်။

*

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

ဖြစ်နေတဲ့အဖြစ်က မခံချင်စရာကောင်းလွန်းတော့လည်း ကျုပ်အနေနဲ့ မပြောဘဲကိုမနေနိုင်ဘူး။ ဒါကြောင့်မို့ ပြောရတာပါ။ ကျုပ်အနေနဲ့ မိန်းကလေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်လာပြီဆိုပါတော့။ ချက်ချင်းလိုလိုပဲ ရီဂါမွန်တီနဲ့ မိတ်ဖွဲ့ပေးလိုက်တာချည်းပဲ။ သူကလည်း သူလုပ်နေကျပုံစံအတိုင်းပဲ၊ အဲဒီမိန်းကလေးကို သွေးဆောင်ဖြားယောင်းပြီး ကျုပ်လက်ထဲက လုယူသွားတာချည်းပဲ။

အဲသလိုဖြစ်ဖြစ်နေတာဟာ ဘာကြောင့်လဲ။ မိန်းမတွေနဲ့ ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ ကျုပ်လည်းပဲ သူ့လို'စွံ'တာပါပဲဆိုတဲ့အချက်ကို ကျုပ်ဘက်က မပြမိလို့ရင်လည်း ဖြစ်မယ်။ ဒါမှမဟုတ်ရင် သူဘာပဲလုပ်လုပ် ကျုပ်က သူ့အပေါ်မှာ မကောင်းစိတ်မထားဘဲ ဆက်ဆံမြဲဆက်ဆံနေလို့ရင်လည်းဖြစ်မယ်။ အေးပေါ့လေ သူ့ဘက်က အဲသလို သစ္စာမဲ့မှုမျိုးတွေ ရှိနေပေမယ့် ကျုပ်ကတော့ သူ့အပေါ် စိတ်မဆိုးတဲ့အပြင် သူငယ်ချင်းတစ်ယောက်လိုပဲ ဆက်ဆံမြဲဆက်ဆံခဲ့ပါတယ်။

ဒါပေမဲ့ဗျာ၊ သူ့ဘက်ကတော့ အဲသလိုမျိုး မဟုတ်ဘူးဗျ။ ကျုပ်အပေါ်မှာ လုံးဝဂရုမစိုက်တဲ့ ပုံစံပဲ။ ကျုပ်ကတစ်ဆင့်သိရတဲ့မိန်းကလေးကို ကျုပ်ရှေ့မှာပဲ မျက်နှာပြောင်တိုက်ပြီး ပိုးစကားပန်းစကားတွေ ပြောတယ်။ ရိသဲ့သဲ့ပုံစံနဲ့ ပရောပရီလုပ်တယ်။ အံမယ် ကျုပ်ရှေ့မှာတင် လူချင်းတွေ့ဖို့ ချိန်းလားဘာလားနဲ့။ အဲသလို လုပ်တာမျိုးကျတော့ ကျုပ်စိတ်ထဲမှာ ကသိကအောက်ဖြစ်မိတာပေါ့။ ယဉ်ကျေးတဲ့ လူတစ်ယောက်ရဲ့အလုပ်မျိုး မဟုတ်တော့ ဒေါသလည်း ဖြစ်မိတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကျုပ်နဲ့ ဆက်စပ်ပတ်သတ်နေတယ်လို့ နည်းနည်းကလေးမှ တွေးပုံမပေါ်ဘူး။ သူ့အတွက်အဆင်ပြေဖို့နဲ့ သူသာယာဖို့လောက်သာ ရှေ့တန်းတင်ပြီး လုပ်နေတာပဲ။ ကျုပ်ကတော့ အချင်းချင်းရန်ဖြစ်မှာ စိုးရိမ်လို့ ဘာမှ မပြောဘဲ ငြိမ်နေတာပါပဲ။ တစ်ကြိမ်နှစ်ကြိမ်တော့ ကျုပ်ကပြောမိတယ်။ အခု လိုလုပ်နေတာဟာ မကောင်းတဲ့အအကြောင်းပေါ့။ ပြောတာကတော့ ကိုယ့်ရင်ထဲက ခံစားမှုကို ဖော်ပြတဲ့နေရာမှာ ညံ့ဖျင်းလွန်းလို့လားတော့မသိဘူး။ ခပ်တွန့်တွန့် လေသံနဲ့ ပြောမိတာပါ။

အမှန်တော့ ကျုပ်ဟာ ရင်ထဲမှာ ဒေါသစိတ်တွေ ပြင်းထန်နေပေမယ့် အပြင်ပန်းမှာတော့ အေးအေးဆေးဆေးပါပဲ။ ကျုပ်ဒေါသဖြစ်နေတာကို ဘယ်သူမှ မရိပ်မိကြပါဘူး။ ဒါပေမဲ့ သူက ကျုပ်ကိုဘယ်လိုပြန်ပြောတယ် ထင်သလဲ။ "အပြစ်တင်ရမှာက ငါမဟုတ်ဘူးကွ၊ မင်းကိုယ်မင်း အပြစ်တင်ရမှာ၊ ကောင်မက ငါ့ကိုမင်းထက်ပိုပြီး သဘောကျတယ်ဆိုရင် ငါ့ရဲ့ ဆက်ဆံရေးက မင်းထက် ပိုကောင်းပြီး ပိုတော်နေလို့ပေါ့ကွာ"တဲ့။ အေးပေါ့လေ တစ်နည်းအားဖြင့်တော့လည်း သူ့စကားဟာ မှန်ပါတယ်။ ရပ်ရည်ကတော့ သူက ကျုပ်ထက်သာတာ အမှန်ပါ။

အတိုချုပ်ပြောရရင်တော့ အဲသလို အချိုးမျိုးတွေ သူက ကျုပ်အပေါ် လေးငါးကြိမ်လောက်လုပ်ပြီးတဲ့ အခါမှာတော့ ကျုပ်ဟာ သူ့ကို သိပ်ပြီးမုန်းတီးလာတယ်။ ဒါကြောင့်မို့ ကျုပ်တို့နှစ်ယောက်စလုံး အလုပ်လုပ်နေတဲ့ အရက်ဆိုင်ထဲမှာ ကျုပ်ဟာ သူ့ကိုဘယ်နေရာမှာပဲတွေ့တွေ့ မျက်နှာချင်းမဆိုင်မိအောင် ကြိုးစားပြီး နေတယ်။ အရက်ကောင်တာရဲ့ နောက်မှာ လူချင်းဆုံမိတာတောင်မှ စကားမပြောမိအောင် ရှောင်တယ်။

အဲဒီအချိန်မှာ ကျုပ်ဟာ သူက ကျုပ်အပေါ်မှာလုပ်ထားခဲ့တဲ့ အမှားတွေကို မတွေးမိအောင် အားထုတ်ပြီးနေတယ်။ သူ့အကြောင်းကိုတော့ မတွေးမိဘဲမနေနိုင်ပါဘူး။ အဲ...သူ့အကြောင်းတွေးလိုက်ရင် ကျုပ်စိတ်ထဲမှာ သူ့ကို တွေ့ချင်မြင်ချင်စိတ် မရှိလောက်အောင်ကို မုန်းတီးရွံရှာမိတယ်။ သူ့ရဲ့ အသိဉာဏ် ကင်းမဲ့တဲ့မျက်နှာ၊ မျက်စိပေါက်ကျဉ်းကျဉ်း၊ နှာခေါင်းကြီးကြီး၊ နှာယောင်ကောက်ကောက်တွေကို မြင်ယောင်ပြီး တအားကို စက်ဆုပ်မိတာပါပဲ။

သူ့ဆံပင်ကလည်းဗျာ၊ ခေါင်းပေါ်မှာ သံခမောက်ဆောင်းထားတဲ့ အတိုင်းပဲ။ အမွေးအမှင်ကလည်း ထူသလားမမေးနဲ့။ ကော်ဖီစက်ရှေ့မှာ စက်

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ကိုနှိပ်ပြီး ခွက်ကိုကိုင်ထားတဲ့ လက်က အမွေးတွေဟာ မည်းသဲနေတာပဲ။ တကယ့်ကို ရွံစရာ၊ စက်ဆုပ်စရာ ကောင်းပါတယ်။ သူ့နှာခေါင်းကြီးကတော့ ကျုပ်ကို ဆွဲဆောင်မှုအပေးဆုံးအရာတစ်ခုပါပဲ။ နှာခေါင်းပေါက်ကြီးနှစ်ပေါက်က ကျယ်သလားမမေးနဲ့။ နီရဲရဲမျက်နှာကြီးရဲ့ အလယ်မှာ ရှိနေတဲ့ အဲဒီနှာခေါင်းကြီးကို လက်သီးနဲ့ တအားပိတ်ထိုးလိုက်ရရင် ဘယ်လောက်များ အရသာရှိလိုက်မလဲလို့ မတွေးဘဲကို မနေနိုင်ဘူး။

ဒါပေမဲ့ ခက်သားပဲ။လက်တွေ့ကတော့ ဖြစ်မှမဖြစ်နိုင်တာကိုး။ အဲဒီတော့ ကျုပ်အနေနဲ့ အိပ်မက်ထဲမှာပဲ လက်သီးနဲ့ပိတ်ထိုးနေရတယ်။ တကယ်တော့ သူနဲ့ ကျုပ်နဲ့က လူချင်းကကွာတယ်။ ကျုပ်က အရပ်ပုပု၊ ပိန်ခြောက်ခြောက်၊ သူက ကျုပ်ကို လက်ညှိုးနဲ့ထိုးလိုက်ရင်တောင် လဲကျသွားမှာ သေချာတယ်။

ကျုပ်သူ့ကို သတ်ပစ်ဖို့ဆိုတဲ့ စိတ်ကူးဟာ ကျုပ်ခေါင်းထဲကို ဘယ်လိုဝင်လာသလဲဆိုတာ ကျုပ်ကိုကျုပ်လည်း မသိဘူး။ ပြန်စဉ်းစားလိုက်တော့ ကျုပ်တို့နှစ်ယောက် 'အပြစ်ကင်းသော ရာဇဝတ်မှုတစ်မှု' လို့ နာမည်ပေးထားတဲ့ အမေရိကန်ရုပ်ရှင်ဇာတ်ကားတစ်ကားကို သွားကြည့်တဲ့ညက ဝင်လာတယ်လို့ ထင်တာပဲ။ အမှန်အတိုင်း ပြောရရင် ပထမတော့ သူ့ကို သတ်ချင်စိတ်ဟာ တကယ်မရှိပါဘူး။ သတ်ရင် ဘယ်လိုသတ်မလဲဆိုတာလောက်သာ စဉ်းစားတာပါ။

စဉ်းစားရတာကတော့ တကယ့်ကို အရသာရှိတာပဲ။ ညပိုင်းအိပ်မပျော်ခင် တစ်ချိန်နဲ့ မနက်ခင်းအိပ်ရာထဲက မထခင်တစ်ချိန်ဟာ စဉ်းစားလို့အကောင်းဆုံးအချိန်တွေပါပဲ။ ရီဂါမွန်တီဟာ ကောင်တာနောက်က ခွေးခြေခုံပေါ်မှာထိုင်နေတယ်။ လက်ထဲက သတင်းစာကိုငုံ့ပြီး ဖတ်နေတယ်။ ခေါင်းလိမ်းဆီတွေနဲ့ ပြောင်လက်နေတဲ့ သူ့ခေါင်းကိုကြည့်လိုက်ရင် အသည်းယားစရာ အတော်ကောင်းတာပါလားဗျာ။

ကျုပ်စဉ်းစားလေ့ရှိတယ်။ "ရေခဲတုံးကြီးတွေကို ခွဲတဲ့ သံစို့ကြီးနဲ့ သူ့ခေါင်းကို ရိုက်ခွဲလိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ တစ်ချက်တည်းနဲ့ ပွဲချင်းပြီးသွားမှာပဲ"စသည်ဖြင့်ပေါ့ဗျာ။ ဒါပေမဲ့ ဒီကိစ္စက စိတ်ကူးရုံသက်သက်ပဲ ရှိပါတယ်။ အင်း...စိတ်ကူးရုံသက်သက်ပဲလို့သာ ဆိုရတယ်။ စိတ်ကူးရတာကတော့ဖြင့် တကယ့်ကို အရသာရှိတာပဲ။ စိတ်ကူးတာကလည်း ကြာလာတော့ အပေါ်ယံသက်သက်သာ မဟုတ်တော့ဘူး။ အသေးစိတ် စိတ်ကူးတဲ့အထိ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာတယ်။

တဖြည်းဖြည်းနဲ့ ကျုပ်ဟာ ကျုပ်ရဲ့စိတ်ကူးကို လက်တွေ့အကောင်အထည် ဖော်ချင်တဲ့ဆန္ဒ ဖြစ်လာတယ်။ အဲဒီဆန္ဒကို ကျုပ်အနေနဲ့ ခုခံတွန်းလှန်ဖို့ အားထုတ်ပါသေးတယ်။ ဒါပေမဲ့ အချိန်တွေကြာလာလေ မရလေ ဖြစ်လာတယ်။ အဲဒီဆန္ဒရဲ့ဖိအားက သိပ်ပြီးကြီးမားလွန်းလာတော့ နောက်ဆုံးမှာ လက်တွေ့ အကောင်အထည်ဖော်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့်မို့ ကျုပ်ဟာ ဆိုင်ထဲမှာအလုပ်တွေလုပ်ရင်းနဲ့ စကားပြောဖို့ အခါအခွင့်ရလာတိုင်း လောလောဆယ် ကျုပ်ဟာ မိန်းကလေးတစ်ယောက်နဲ့ ခင်မင်နေကြောင်း၊ အဲဒီမိန်းကလေးဟာ အရင်တုန်းက သိကျွမ်းခဲ့တဲ့ မိန်းကလေး တွေထက် ပိုချောပိုလှကြောင်း၊ အဲဒီကောင်မလေးက သူ့ကို တစ်ဖက်သတ် သဘောကျနေကြောင်း စသည်ဖြင့် ရီဂါမွန်တီကို ပြော ပြောပြတယ်။ ကျုပ်က အဲဒီစကားတွေကို နေ့စဉ်ပြောပြရုံမကဘူး။ ပြောတဲ့အခါမှာလည်း ကောင်မလေး က သူ့ကို သဘောကျနေတဲ့အတွက် ကျုပ်ကိုယ်တိုင်က သူ့အပေါ် မနာလို ဝန်တိုဖြစ်နေတဲ့ အမူအရာမျိုးကို လုပ်ပြလိုက်သေးတယ်။

ကျုပ်ရဲ့ စီမံကိန်းက ရိုးရိုးစင်းစင်းကလေးပါ။ ကျုပ်တို့ဆိုင်က ညဆယ် နာရီတိတိမှာ ပိတ်တယ်။ ဒါပေမဲ့ ဆိုင်ရှင်က ဆိုင်ထဲမှာထိုင်ပြီး ဆယ်နာရီခွဲအထိ စာရင်းတွက်နေလေ့ရှိတော့ ကျုပ်တို့ ချက်ချင်းပြန်လို့မရဘူး။ ဆိုင်ရှင်ပြန်သွား တဲ့အခါမှာ ကျုပ်က ရီဂါမွန်တီကို ချိန်းထားတဲ့နေရာအထိ ခေါ်သွားမယ်။ ကျုပ်ချိန်းထားတဲ့နေရာက ဗီတာဘို မီးရထားလမ်းဘေးနားက ရေကာတာ အောက်မှာ။ ကောင်မလေးက ကျုပ်တို့ကို အဲဒီနေရာက စောင့်နေလိမ့်မယ်လို့ ပြောထားမယ်။

ဆယ်နာရီ ဆယ့်ငါးမိနစ်အချိန်ကျရင် ရထားတစ်စီးက ဖြတ်သွားနေကျ။ အဲဒီရထားဖြတ်သွားတဲ့အချိန်မှာ ရထားသံကြောင့် ဘေးပတ်ဝန်းကျင်က ဘာသံမှ မကြားနိုင်ဘူး။ အဲဒါကို အခွင့်ကောင်းယူပြီး ရီဂါမွန်တီကို ကျုပ်က ခြောက်လုံးပြူး နဲ့ ပစ်သတ်မယ်။ ဆယ်နာရီမိနစ်နှစ်ဆယ်ကျတော့ ကျုပ်ဆိုင်ကို ပြန်မယ်။ အဲဒီတော့ ဆိုင်ရှင်က ကျုပ်ကို မြင်သွားမယ်။ နောက်ဆုံး ဆယ်နာရီခွဲအကျော်မှာ ကျုပ်ဟာ အိပ်ရာပေါ်ရောက်နေမယ်။ ကျုပ်ရဲ့ အစီအစဉ်က အမေရိကန်ရုပ်ရှင် ကားထဲက တစ်ဝက်တစ်ပျက် ခိုးယူထားတယ်။ အထူးသဖြင့် ရထားဖြတ် သွားတုန်း သေနတ်နဲ့ပစ်သတ်တဲ့အပိုင်းဟာ ရုပ်ရှင်ထဲက ပြကွက်အတိုင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့ အကြံအစည်ဟာ အောင်မြင်ချင်မှလည်း အောင်မြင်ပေမပေါ့ဗျာ။ ကျုပ်လုပ်မယ့်ကိစ္စကို ကံမကောင်းအကြောင်းမသင့်ရင် သူသိသွားနိုင်တယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျုပ်က သူ့ကို စက်ဆုပ်မုန်းတီးနေတော့ လက်စားချေခြင်းဖြင့် စိတ်သာယာမှုတော့ ရရမှာပဲ။ အဲဒီစိတ်သာယာမှုရဖို့အတွက်ကြောင့် ဘယ်လောက်ပဲ ခက်ခဲခက်ခဲ ဒီအလုပ်ကို ကျုပ်လုပ်ရမှာပဲ။

နောက်တစ်နေ့မှာ ကျုပ်တို့နှစ်ယောက်စလုံး အလုပ်များနေကြတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီနေ့က စနေနေ့ကိုး...။ အလုပ်ကများနေတော့ သူနဲ့ ကျုပ်နဲ့ ကောင်မလေးအကြောင်း စကားပြောဖို့ အချိန်မရကြဘူး။ ကျုပ်အနေနဲ့လည်း ကိုယ်လုပ်ရမယ့် အစီအစဉ်ကိုတောင် မစဉ်းစားနိုင်ဘူး။ ညဆယ်နာရီထိုးတော့ ကျုပ်တို့နှစ်ယောက်ဟာ ထုံးစံအတိုင်း ဂျက်ကက်အင်္ကျီတွေကို ချွတ်ပြီး ဆိုင်ရှင်ကို နှုတ်ဆက်ကြတယ်။ ပြီးတော့ ဆိုင်ထဲက ထွက်လာခဲ့ကြတယ်။

ကျုပ်တို့ဆိုင်က လမ်းကြားထဲမှာဆိုတော့ အဲဒီလမ်းကြားက ထွက်လိုက်ရင် ဗီတာဘိုမီးရထားလမ်းနဲ့ သိပ်မဝေးဘူး။ ဒီအချိန်ဆိုရင် မမေ့နိုင်ပန်းခြံထဲမှာ လာပြီးဖက်ကြပွေ့ကြ၊ နမ်းကြရှုပ်ကြလုပ်နေတဲ့ စုံတွဲတွေဟာ ပြန်သွားလောက်ပြီ။ အဲဒီပန်းခြံဟာ မီးရထားလမ်းနားက တောင်ကုန်းပေါ်မှာရှိတာ။ ကျုပ်တို့ထွက်လာတော့ လူရိပ်လူခြေဆိုလို့ တစ်ယောက်မှ မမြင်ရတော့ဘူး။ ဧပြီလဆိုတော့ တိုက်နေတဲ့ လေကလည်း လေနုအေးကလေးဗျ။ ကောင်းကင်ကလည်း တဖြည်းဖြည်းချင်း တိမ်တွေပျောက်ပြီး ကြည်လင်လာတယ်။ လရောင်ကိုတော့ အခုအချိန်အထိ မမြင်ရသေးဘူး။

ကျုပ်တို့နှစ်ယောက်ဟာ ဘေးချင်းယှဉ်ပြီးလျှောက်လာကြတယ်။ ရီဂါမွန်တီကတော့ သိပ်ကို အူမြူးနေတယ်။ သူ့အကျင့်အတိုင်း ကျုပ်ကျောကိုပုတ်ပုတ်ပြီး စကားတွေ ပြောလာနေတယ်။ ကျုပ်ကတော့ ခပ်တင်းတင်း ခပ်မာမာပဲ။ လက်နှစ်ဖက်ကိုပိုက်ပြီး ဂျက်ကက်အောက်မှာ ဝှက်ထားတဲ့ သေနတ်ကို ဖိထားတယ်။ ကျုပ်တို့ဟာ တဖြည်းဖြည်းနဲ့ တာရိုးကြီးဘေးကို ရောက်လာခဲ့ကြတယ်။ အဲဒီနေရာဟာ တာရိုးကြီးရှိနေတဲ့အတွက် အမှောင်ဆုံးနေရာပဲ။ တခြားနေရာတွေထက်ပိုပြီး ချောင်ကျရုံမကဘူး မှောင်မည်းနေတာပဲ။အဲဒီအချိန်မှာ ရီဂါမွန်တီက ရှေ့က။ ကျုပ်က နောက်က။

ချိန်းထားတဲ့နေရာက လမ်းဘေးဓာတ်မီးတိုင်နဲ့ သိပ်မဝေးဘူး။ အဲဒီနေရာရောက်တော့ ကျုပ်က "ကောင်မလေး မှာလိုက်တာကတော့ သူ့ကိုဒီနေရာမှာ

www.burmeseclassic.com



စောင့်ပါတဲ့။ အဲဒီတော့ မင်းစိတ်မပူပါနဲ့ကွာ၊ သူမကြာခင် ရောက်လာမှာပါ”လို့ ပြောလိုက်တယ်။ သူဟာ စီးကရက်တစ်လိပ် မီးညှိပြီး ဖွာနေတယ်။ ပြီးတော့ ကျုပ်ကိုလှမ်းကြည့်ပြီး စပ်ဖြီးဖြီးနဲ့ကြည့်နေတယ်။ “အရက်ဆိုင်တစ်ဆိုင်က စားပွဲထိုး တစ်ယောက်အနေနဲ့ဆိုရင် မင်းဟာ တော်တော်တော်တဲ့အကောင်ပဲ၊ ဒါပေမဲ့ ဖိမ်ခေါင်းတစ်ယောက်အနေနဲ့ကျတော့ မင်းက တော်လွန်းအားကြီးလို့ ယှဉ်နိုင်တဲ့လူ မရှိဘူးကွ”လို့ သူက ကျုပ်ကိုပြောတယ်။ ဒီအကောင်ဟာ အဲသလိုပဲ။ နောက်သလိုလို ပြောင်သလိုလိုနဲ့ ကျုပ်ကို အမြဲတမ်းစော်ကားလေ့ ရှိတယ်။

နေရာကတော့ တော်တော်ခေါင်တဲ့နေရာဗျ။ လူတစ်ယောက်မှမရှိဘူး။ လကလည်း ထွက်လာပြီ။ အနီးအနားမှာရှိနေတဲ့ သစ်ပင်တွေ ချုံပုတ်တွေနဲ့ ရေကာတာကြီးကြောင့် အလင်းရောင်သိပ်မဝင်နိုင်ဘူး။ တိုင်ဘာမြစ်ကတော့ စီးဆင်းနေတယ်။ ရေပြင်ပေါ်မှာ ငွေရောင်သင်ဖြူးခင်းထားသလိုပါပဲ။ ရာသီဥတုက အေးလာလို့လား မပြောတတ်ပါဘူး၊ ကျုပ်တစ်ကိုယ်လုံး တုန်ယင်လာတယ်။ကျုပ်က ကျုပ်ကိုကျုပ် ရဲဆေးတင်တဲ့အနေနဲ့ “သူ လာတော့ လာမှာပဲကွ၊ အချိန်တော့ မှန်ချင်မှမှန်မယ်ပေါ့ကွာ၊ သူက ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်တယ်၊ သူ့အလုပ်ရှင်တွေပြန်မှ သူက ထွက်နိုင်မှာ”လို့ ပြောပြတယ်။ သူကလည်း ချက်ချင်းပြန်ဖြေတယ်။“ဟော့… ဟော့… ဟိုမှာ သူလာနေပြီကွ”တဲ့။

ကျုပ် လှမ်းကြည့်လိုက်တော့ လူသွားလမ်းအတိုင်း မည်းမည်းမည်းမည်းနဲ့ လျှောက်လာနေတဲ့ မိန်းမတစ်ယောက်ကို မြင်ရတယ်။ အမှန်တော့ ကျုပ်က ဒီနေရာအကြောင်းကို ဂဃနဏမှ မသိခဲ့ဘဲကိုး။ ဒီနေရာဟာလည်း ပြည့်တန်ဆာမတွေ ကျက်စားတဲ့နေရာပဲဗျ။ သူတို့ရဲ့ ဖောက်သည်တွေနဲ့ ချိန်းချိန်းပြီးတွေ့တဲ့ နေရာတစ်ခုပဲ။ အဲသလို သိမထားတဲ့ကျုပ်ဟာ မိန်းမတစ်ယောက်လာနေတာ မြင်တော့ သိပ်ကို အံ့ဩသွားတယ်။ကျုပ်စိတ်ကူးနဲ့ ဖန်တီးထားတဲ့ မိန်းကလေးဟာ ဒီနေရာကို ဒီညလာဖို့ အကြောင်းမရှိဘူး။

ရီဂါမွန်တီကတော့ အဲဒီမိန်းမဘက်ကို လျှောက်သွားတယ်။ ချိန်းထားတဲ့ ကောင်မတော့လာပြီကွလို့ သေချာပေါက်တွက်ထားပုံပေါ်တယ်။ ကျုပ်ကလည်း ယောင်တိယောင်ကမ်းနဲ့ နောက်ကလိုက်သွားမိတယ်။ ကျုပ်တို့နဲ့ မလှမ်းမကမ်း လည်းရောက်ရော မိန်းမက အမှောင်ရိပ်ထဲကနေပြီး ဓာတ်မီးတိုင်အောက်ကို ထွက်လာတယ်။ အဲဒီတော့ သူ့မျက်နှာကို ကျုပ်မြင်တာပေါ့။ မျက်နှာကတော့

www.burmeseclassic.com

www.burmeseclassic.com



အတော့်ကိုထူးဆန်းတဲ့ မျက်နှာပဲ။ မျက်လုံးတွေက ပြူးတိပြူးကြောင်နဲ့။ ကာခြယ်တွေဆိုးထားလိုက်တာ မည်းနေတာပဲ။ တစ်မျက်နှာလုံးမှာ အထပ်ထပ်ဖို့ထားတဲ့ ပေါင်ဒါတွေကြောင့် ဖွေးဖွေးကိုလှုပ်နေတာပဲ။ နှုတ်ခမ်းကလည်း ရဲရဲကိုတွတ်နေတာပဲ။ ဆိုးထားတဲ့ အနက်ရောင်ဆံပင်တွေကလည်း လေထဲမှာ လွင့်နေတယ်။ လည်ပင်းမှာလည်း အနက်ရောင်ပဝါကြီး စည်းထားလိုက်သေးတယ်။ အမှန်တော့ သူဟာ သူ့မျက်နှာကို ဖောက်သည်တွေမမြင်အောင် အမှောင်ဆုံးနေရာတွေကိုရွေးပြီး အလုပ်လုပ်နေရတဲ့ ပြည့်တန်ဆာ တစ်ယောက်ပဲ။ အသက်ကလည်း အနည်းဆုံး ခြောက်ဆယ်လောက်ရှိပြီဆိုတော့ ကျုပ်အနေနဲ့ သရဲတစ်ကောင်နဲ့ တွေ့ရသလို တအားကို လန့်သွားတယ်။

ကျုပ်တော့ဖြင့် နားမလည်နိုင်တော့ပါဘူး။ အသက်တွေကြီးလာပေမယ့် အခုအချိန်ထိ ဒီအလုပ်ကလွဲပြီး တခြားအလုပ်ကို မလုပ်နိုင်သေးဘူး။ အဲဒါ ဘာ့ကြောင့်လဲ။ ဟိုအကောင် ရီဂါမွှန်တီကတော့ ကျုပ်မြင်သလို မမြင်သေးဘူးဗျ။ အရှက်မရှိတဲ့လေသံနဲ့ “ခင်ဗျား ကျုပ်တို့ကို စောင့်နေတာလား”လို့ မေးတယ်။ မိန်းမကြီးကလည်း အရှက်မရှိ ပြန်ဖြေတယ်။“ဒါပေါ့ကွယ်၊မင်းတို့လေးတွေကို စောင့်နေတာပေါ့”တဲ့။

အခုအချိန်မှာတော့ ရီဂါမွှန်တီဟာ မိန်းမကြီးကိုမြင်သွားပြီ။ သူ့အမှားကို လည်း သူမြင်သွားပြီ။ အလန့်တကြားနဲ့ နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်တယ်။ “ဟာ ကျုပ်ဒီညမအားဘူးဗျ၊ ဒါပေမယ့် ဟောဒီကျုပ်သူငယ်ချင်းကတော့ အားပါတယ်”လို့ပြောပြီး လမ်းဘေးကို ခုန်ထွက်လိုက်တယ်။ ပြီးတော့ တာရိုး အတိုင်း ပြေးထွက်သွားတယ်။ ကျုပ်ဆီက မိန်းကလေးတွေကို သုတ်သုတ်သွား တဲ့အတွက် သူ့ကို ဒီလိုမိန်းမမျိုးကြီးနဲ့တွေ့အောင် တမင်တကာလုပ်ပြီး လက်စားချေတာပဲလို့ သဘောပေါက်သွားပုံပေါ်တယ်။

ကျုပ်ကလည်း ကျုပ်ကျူးလွန်ဖို့ စီစဉ်ထားတဲ့ ရာဇဝတ်မှုဟာ အခိုးအငွေ့ ဖြစ်သွားပြီလို့သိလိုက်တယ်။ ကျုပ်က မိန်းမကြီးကို စိတ်မကောင်းတဲ့ မျက်နှာထားနဲ့ ကြည့်နေမိတယ်။ သူကတော့ ကျုပ်ကိုအပြုံးနဲ့ကြိုဆိုနေတယ်။ ဒါပေမဲ့ဗျာ သူ့အပြုံးက ကျုပ်ကို သရဲခြောက်ပြနေလိုပါပဲ။ “ကိုလူချောကလေးရယ် စီးကရက်တစ်လိပ်လောက် တိုက်ပါလား”လို့ မိန်းမကြီးက ပြောလိုက်တော့ ကျုပ် သူ့ကို သနားသွားတယ်။ အမှန်အတိုင်းပြောရရင် ကျုပ်ကိုယ်ကျုပ်လည်း သနားတယ်။ ဟိုအကောင် ရီဂါမွှန်တီကိုလည်း သနားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ရီဂါမွန်တီအပေါ်မှာ စက်ဆုပ်မုန်းတီးနေတဲ့ စိတ်ဟာ ဝေးရာကို လွင့်စဉ်သွားပြီ။ ကျုပ်မျက်လုံးတွေထဲမှာ မျက်ရည်စတွေနဲ့ ပြည့်လာတယ်။ အေးဗျာ ကျုပ်ဒီမိန်းမကြီးကိုပဲ ကျေးဇူးတင်ရမှာပဲ။ သူကယ်လိုက်လို့သာ ကျုပ်ဟာ လူသတ်သမားမဖြစ်တာ။ "ကျွန်တော့်မှာ စီးကရက်တော့ မပါဘူး၊ ဒါပေမဲ့ ဒါတော့ပါတယ်" လို့ ပြောလိုက်တယ်။ "ခင်ဗျား ဒီပစ္စည်းကိုရောင်းရင် လီယန်ငွေတစ်ထောင်လောက်တော့ရမှာပါ"

ပြောပြောဆိုဆိုနဲ့ပဲ ကျုပ်ဟာ ဘာရက်တာပစ္စတိုသေနတ်ကို အဘွားကြီးလက်ထဲ ထည့်ပေးလိုက်တယ်။ အဲဒီနောက်တော့ ကျုပ်လည်းပဲ လမ်းဘေးကို ခုန်ဆင်းလိုက်ပြီး အသားကုန် ဒုန်းစိုင်းလာခဲ့တယ်။ ဒီအချိန်မှာပဲ ဗီတာဘိုမီးရထားဟာ ဝေါခနဲ၊ ဝေါခနဲ ဖြတ်သွားနေပြီ။ ရထားတွဲတွေမှာတော့ မီးလုံးတွေ ထိန်ထိန်လင်းလို့။ ကျုပ်ဟာ တစ်နေရာမှာရပ်ပြီး ရထားကိုကြည့်နေမိတယ်။ ရထားသံကိုလည်း အသံပျောက်သွားတဲ့အထိ နားစွင့်နေမိတယ်။ နောက်ဆုံးမှာတော့ ကျုပ်ဟာ အိမ်ကို ပြန်လာခဲ့တယ်။

နောက်တစ်နေ့မနက် အရက်ဆိုင်ကိုရောက်သွားတော့ ရီဂါမွန်တီက ကျုပ်ကိုဆီးပြောတယ်။ "မင်း ငါ့ကို ထောင်ထားတယ်ဆိုတာ သိပါတယ်ကွာ၊ ဒါပေမယ့် ငါစိတ်မဆိုးပါဘူး၊ မင်းလုပ်လိုက်တာ ပြက်လုံးကောင်းလေးတစ်ခုလို့ ငါကယူဆပါတယ်"တဲ့။ ကျုပ်က သူ့ကို ဖျတ်ခနဲလှမ်းကြည့်တယ်။ ဒီကောင့်ရဲ့ ပုံပန်းကတော့ အရင်တုန်းကလို ထောင့်မကျိုးတဲ့ပုံပါပဲ။ ဒါပေမယ့် ကျုပ် သူ့ကိုမုန်းစိတ်မရှိပါဘူး။ စိတ်ကလည်း အရမ်းကို ပေါ့ပါးသွားတယ်။

ရီဂါမွန်တီက ဖောက်သည်နှစ်ယောက်ဆီကို သွားပို့ပေးဖို့ ကော်ဖီနှစ်ခွက်တင်ထားတဲ့ လင်ပန်းတစ်ချပ်ကို ကျုပ်လက်ထဲလှမ်းပေးတယ်။ ကျုပ်က လင်ပန်းကိုယူရင်းနဲ့ "ဟေ့ကောင် ဒီညဆိုင်ပိတ်ရင် တို့နှစ်ယောက် ဆုံကြဦးစို့၊ ငါဟိုကောင်မ အေမီလီယာကို ဖိတ်ထားတယ်ကွာ"လို့ တိုးတိုးလေး ကပ်ပြောလိုက်တယ်။ သူက "ဝမ်းနည်းပါတယ်ကွာ၊ ငါ ဒီည မလာနိုင်ဘူးကွ"လို့ ပြန်ပြောတယ်။

ကျုပ်ဟာ ကော်ဖီလင်ပန်းနဲ့ ထွက်လာခဲ့တယ်။ သူ ဒီည မလာနိုင်ဘူးဆိုတဲ့ စကားဟာ ကျုပ်အတွက် စိတ်မကောင်းစရာ ဖြစ်နေတယ်။ အင်း ခါတိုင်းဆိုရင် ကျုပ်နဲ့သိနေတဲ့ မိန်းကလေးတွေကို သူ ကျုပ်ဆီက "သုတ်"သွားနေကျမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ အခုတော့ ကျုပ်ဆီက အေမီလီယာကို သူ"မသုတ်"တော့ဘူးဆိုတော့ ကျုပ်စိတ်ထဲမှာ မကောင်းဘူးပေါ့ဗျာ။

*

www.burmeseclassic.com

www.burmeseclassic.com

# လာမထိနဲ့ မီးပွင့်သွားမယ်

အလက်စ်ဆန်ဒရိုဆိုတဲ့ကောင်က ကျုပ်ကို စားသောက်ဆိုင်တစ်ဆိုင်ထဲမှာ အရှက်တကွဲဖြစ်အောင် စော်ကားမော်ကား လုပ်ခဲ့တယ်။ သီတင်းနှစ်ပတ်ကြာတော့ ဒီအကောင်ဟာ သူ့မော်တော်ဆိုင်ကယ်ကို ကက်စ်ဆီယာလမ်းအတိုင်း စီးသွားနေတုန်း လော်ရီကားကြီးတစ်စီးနဲ့ ခေါင်းချင်းဆိုင်တိုက်မိလို့ နေရာမှာတင် ပွဲချင်းပြီးသွားတယ်။

နောက်တစ်ယောက်ကတော့ ဂျီယူလီဆိုတဲ့ အကောင်ပေါ့။ ဒီအကောင်က ကျုပ်ကို ရုပ်ရှင်ရုံထဲကအထွက်မှာ လက်သီးနဲ့ထိုးသွားတယ်။ နောက်သုံးရက်လောက်ကြာတော့ တိုက်ဘားမြစ်ရေချိုးဆိပ်မှာ ရေသွားချိုးရာက မြောင်းပုပ်မြောင်းသိုးတွေဆီကလာတဲ့ ရောဂါဆိုးတစ်မျိုးဝင်ပြီး နာရီပိုင်းအတွင်းမှာပဲ ကြွသွားတယ်။

တစ်နေ့မှာပေါ့၊ ရီမိုဆိုတဲ့ကောင်က ကျုပ်ကို "မင်းဟာ သောက်ရူး၊ သောက်ပေါ၊ ဘာအသိမှမရှိတဲ့ ငတုံး၊ အလကားကောင်"လို့ မှိုချိုးမျှစ်ချိုးပြောပြီး ထွက်သွားတယ်။ မကြာခင်မှာပဲ အယ်လ်အိုကာလမ်းပေါ်မှာ ငှက်ပျောခွံတစ်ခွံကို တက်နင်းမိပြီး ချော်လဲလို့ ပေါင်တစ်ဖက်ကျိုးသွားတယ်။

မာရီယိုဆိုတဲ့ကောင်ကတော့ ဘောလုံးပွဲမှာ ကျုပ်ကို အလွန်ယုတ်မာရိုင်းစိုင်းတဲ့ အမူအရာတစ်ခု လုပ်ပြခဲ့တယ်။ အဲဒီနောက် ချက်ချင်းလိုလိုပဲ သူ့အိတ်ဆောင် မှတ်စုစာအုပ်ကို ဘယ်သူနှိုက်သွားမှန်း မသိဘူး၊ ပျောက်သွားတယ်။

တကယ်တမ်းပြောကြမယ်ဆိုရင်တော့ အခု ကျုပ်ပြောပြခဲ့တဲ့ လေးခုသာမကဘူး၊ အဲသလိုဖြစ်မျိုးတွေ အများကြီးရှိသေးတယ်။ ရှိသလောက်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောနေရင်လည်း မဖြစ်ဘူး။ ကြားရတဲ့လူအားလုံး ပျင်းကုန်မှာစိုးရတယ်။ ဒါကြောင့်မို့ တိုတိုနဲ့လိုရင်းကိုပဲ ပြောမှဖြစ်မယ်။

ကျုပ်အနေနဲ့ အဲသလိုအဖြစ်မျိုးတွေနဲ့ မကြာမကြာ ကြုံကြုံနေရတော့ တိုက်ဆိုင်မှုတွေလို့ မတွက်မိတော့ဘူး။ ခေါင်းထဲမှာ ကြံကြံဖန်ဖန် အတွေးတစ်ခုဟာ သူ့အလိုအလျောက် ဝင်လာတယ်။ ကျုပ်ကို လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုက စောင့်ရှောက်ကာကွယ်ပေးနေတယ်လို့ ထင်လာတယ်။အဲ အဲဒီစွမ်းအားကပဲ ကျုပ်ကို စော်ကားမော်ကားပြုတဲ့ လူတွေနဲ့ ကျုပ်ကိုရန်ပြုတဲ့ လူတွေကို အသက်သေအောင်၊ ဒါမှမဟုတ် ဒဏ်ရာအနာတရဖြစ်အောင်၊ ဒါမှ မဟုတ် ထိခိုက်နစ်နာအောင် လုပ်ပေးနေတယ်လို့ ယူဆလာတယ်။

ဒီနေရာမှာ ကျုပ်ပြောချင်တာက ကျုပ်ကို စောင့်ရှောက်နေတဲ့ အရာဟာ မကောင်းဆိုးဝါးတော့ မဟုတ်နိုင်ဘူးဗျ။ ကောင်းတဲ့အမျိုးအစားထဲကပဲ ဖြစ်ဖို့များ တယ်။ ဒါပေမယ့် ခက်နေတာက ဒီကိစ္စကို အကျိုးနဲ့အကြောင်းနဲ့ ဆီလျော်အောင် ပြောဖို့ကျတော့မလွယ်ပြန်ဘူး။ တကယ်တော့ ကျုပ်ဟာအဆင့်မြင့်မြင့် လူစား မျိုးလည်း မဟုတ်ဘူး။ လူချော့လူလှတစ်ယောက်လည်း မဟုတ်ဘူး။ ခွန်အားဗလ တောင့်တင်းသန်စွမ်းတဲ့လူလည်း မဟုတ်ဘူး။ ငွေကြေးချမ်းသာတဲ့လူလည်း မဟုတ်ဘူး။ ကျုပ်လုပ်နေတဲ့အလုပ်က အထည်ဆိုင်တစ်ဆိုင်မှာ လက်ထောက် အရောင်းသမားဗျ။

အေးဗျာ ဘာတွေပဲဖြစ်ဖြစ်ပေါ့ ကျုပ်ကတော့ ကျုပ်ကို တခြားလူတွေက မစော်ကားနိုင်အောင် မသိနိုင်မမြင်နိုင်တဲ့ တန်ခိုးစွမ်းအားရှင်တစ်ဦးတစ်ယောက် က ကာကွယ်စောင့်ရှောက်ပေးနေတယ်လို့ပဲ ထင်တာပဲ။ အေးပေါ့လေ ကျုပ်စကား ကြားတဲ့လူတွေကတော့ ဒါဟာ စိတ်ကူးယဉ်တစ်ခုပါလို့ ပြောကြမှာပဲ။

အဲသလိုဆိုရင် ကျုပ်တစ်ခုပြောပါရစေ။ ကျုပ်အပေါ် စော်ကားမော်ကား ပြုလို့ သေတာတွေ၊ ဒဏ်ရာအနာတရဖြစ်တာတွေ၊ ထိခိုက်နစ်နာမှုဖြစ်တာတွေ ဟာ ဘာကြောင့်လဲ။ အထူးသဖြင့် ကျုပ်ကို အပေါ်စီးနဲ့ အနိုင်ယူချင်တဲ့လူတွေဟာ အဲသလိုဖြစ်ဖြစ်ကုန်တာ ဘာပြုလို့လဲ။ အဲဒါတွေကို တိုက်ဆိုင်မှုတွေပါကွာလို့ ပြောမလား။ ဒါမှမဟုတ်ရင် ကျုပ်ကို ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင်လုပ်တာနဲ့ တစ်ပြိုင်နက် မမြင်နိုင်တဲ့တန်ခိုးရှင်က ချက်ချင်းရောက်လာပြီး ကျုပ်ကိုကူညီ နေတာလား။ ဖြစ်နိုင်ရင်ရှင်းပြကြစမ်းပါ။ အေးလေ၊ တကယ်လို့ ရှင်းမပြနိုင်ဘူး ဆိုရင်လည်း ရပါတယ်။ကျုပ်ကတော့ ကျုပ်အတွေးနဲ့ကျုပ် ဟန်ကိုကျနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



မှော်ပညာနဲ့ရထားတဲ့ အတတ်ပညာတစ်ခုကို အမှီပြုပြီးနေရသလိုဟာမျိုးမို့ သာတောင့်သာယာ ရှိနေလိုက်တာလည်း အလွန်ပဲ။

နွေရာသီတစ်ရက်မှာပေါ့။ ကျုပ်နဲ့ ဂရာဇီယာဟာ တနင်္ဂနွေတစ်ရက်မှာ ဩစတီးယားဘက်သွားပြီး အပန်းဖြေမယ်လို့ စီစဉ်ကြတယ်။ ကျုပ်တို့အထည်ဆိုင်မှာက လက်ထောက်အလုပ်သမား သုံးယောက်ရှိတယ်။ ဂရာဇီယာရယ်၊ ကျုပ်ရယ်၊ ပြီးတော့ ယူဂိုလို့ခေါ်တဲ့ လူသစ်တစ်ယောက်ရယ်။ အဲဒီယူဂိုဆိုတဲ့ကောင်က ကျုပ်အမှန်အတိုင်း ပြောပြရမယ်ဆိုရင် ကျုပ်နဲ့ လုံးဝမျက်နှာကြောမတည့်တဲ့ ပုံမျိုးဗျ။

ဒီကောင်က အရပ်ထောင်ထောင်မောင်းမောင်း၊ အားကစားသမားရုပ်မျိုးနဲ့ သူ့ကိုယ်သူ အတော့်ကိုအထင်ကြီးတဲ့ပုံစံ ပေါက်နေတယ်။ နှာခေါင်းကလည်း လက်ဝှေ့သမားနှာခေါင်းလို နှာခေါင်းကျိုးဗျ။ မေးရိုးကြီးတွေကလည်း ခပ်ကားကားနဲ့ ဟိတ်ဟန်ကလည်း ခပ်ကြီးကြီးရယ်။ ဈေးဝယ်တစ်ယောက် ရောက်လာရင် သူ့ရှေ့ကကောင်တာကို လက်ထဲကအဝတ်စနဲ့သုတ်ရင်း မျက်လုံးတွေက လမ်းပေါ်မှာ သွားလာလှုပ်ရှားနေတဲ့ လူတွေကို လှမ်းကြည့်နေတယ်။ သူ့ရှေ့က ဈေးဝယ်ကိုတော့ တစ်ချက်ကလေးမှမကြည့်ဘူး။ အတော့်ကို သောက်မြင်ကပ်စရာကောင်းတဲ့ ပုံစံပါဗျ။ ကျုပ်ကတော့ ကြည့်လို့ကို မရဘူး။

ဈေးဝယ်တစ်ယောက်ရောက်လာရင် သူ့မျက်နှာထားနဲ့ ဟန်အမူအရာတွေက ခပ်တည်တည်ပဲ။ ချိုသာပျူငှာတဲ့ပုံမျိုးကို လုံးဝမပြဘူး။ ဈေးဝယ်က ခိုင်းတဲ့ပစ္စည်းကို ယူပြပြန်တော့လည်း ခပ်တည်တည်ပဲ။ တကယ်လို့ ဈေးဝယ်က မကြိုက်သလိုလို ဘာလိုလိုပြောလိုက်ရင်လည်း ပစ္စည်းကို ဖျတ်ခနဲကောက်ယူပြီး မလိုတမာလေသံနဲ့ "ခင်ဗျားလိုချင်နေတာက အညံ့စားပဲ"လို့ ပြောတယ်။ ပြီးတော့ ပစ္စည်းကိုယူပြီး စင်ပေါ်သွားတင်လိုက်တယ်။

အမှန်တော့ သူအဲသလိုလုပ်ထားတာဟာ ဈေးဝယ်တဲ့လူကို ခြိမ်းခြောက်တာဗျ သိလား။ ဈေးဝယ်တဲ့လူကလည်း ဘာကြောင့်ရယ်လို့ မသိပါဘူး၊ သူက ပစ္စည်းကို ပြန်ယူသွားခါမှပဲ ပြန်ခေါ်ပြီး ပစ္စည်းကိုထပ်ကြည့်တယ်။ ကြည့်လည်းပြီးရော ဝယ်သွားတာပဲ။ ကျုပ် သူလုပ်သလို အတုခိုးပြီး လိုက်လုပ်ကြည့်တယ်။ သူ့လို အားကောင်းမောင်းသန်မဟုတ်လို့ပဲလား၊ ဒါမှမဟုတ် သူ့လို ရိုင်းရိုင်းစိုင်းစိုင်း လုပ်လေ့လုပ်ထမရှိလို့ပဲလားတော့ မပြောတတ်ဘူး။ ဈေးဝယ်တွေက ကျုပ်ကို "တော်တော်ရိုင်းတဲ့ကောင်ပါလား"လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မန်နေဂျာကို သွားတိုင်လိုက်လို့ အလုပ်ပြုတ်သွားမယ် သတိထား"လို့လည်း ခြိမ်းလားခြောက်လား လုပ်ကြတယ်။ ဒါနဲ့ပဲ ကျုပ်လည်း သူ့လို မလုပ်ရဲတော့ဘူး။ ကိုယ်လုပ်နေကျပုံစံအတိုင်းပဲ ဈေးဝယ်ကို ပြုံးပြုံးရယ်ရယ် ချိုချိုသာသာနဲ့ ဆက်ဆံပြီး ရောင်းရတယ်။

ဂရေဇီယာကလည်း ယူဂိုကို သဘောမကျဘူးဗျသိလား။ သူက ကျုပ်ကို ယူဂိုအကြောင်း မကြာမကြာ ပြောလေ့ရှိတယ်။ "အဲဒီလူက ဘယ်လိုဟာကြီးမှန်း မသိဘူး၊ တကယ့်ကြောက်စရာလူပဲ၊ လူပုံကြီးကလည်း နီဂရိုးနဲ့ အတော့်ကိုတူတာပဲ"တဲ့။ အင်း ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ဂရာဇီယာနဲ့ကျုပ်နဲ့ ဩစတီးယား ဘက်သွားလည်ဖို့ စီစဉ်ထားတာကိုသိသွားတဲ့ ယူဂိုက ကျုပ်တို့ကိုမေးတယ်။ "တနင်္ဂနွေနေ့မှာ အပြင်ထွက်လည်ဖို့ စီစဉ်ထားကြတယ်ဆို ဟုတ်လား"တဲ့။

ဂရာဇီယာကလည်း ဘယ်လိုမှန်းမသိပါဘူး။ ကိုယ်ကလေးတွန့်လိုက် လိမ်လိုက်လုပ်ပြီး ထန်းလျက်ကို ခွေးလျက်ထားတဲ့မျက်နှာမျိုးနဲ့ "ရှင်ကော ဘာပြုလို့ မလိုက်လာတာလဲ၊ လိုက်ခဲ့ပါလား"လို့ ပြောတယ်။ ယူဂိုဆိုတဲ့ကောင်မျိုးက အလိုက်ကန်းဆိုးသိတတ်တဲ့ ကောင်မျိုးမှ မဟုတ်တာ။ ခေါ်တဲ့လူက ခေါ်တော့ ချက်ချင်းပဲ"လိုက်မယ်"လို့ ဖြစ်လာတာပေါ့။ ဒါပေမယ့် သူကပြောတယ်။ သူ့မိတ်ဆွေ အမျိုးသမီးတစ်ယောက်ကိုလည်း ခေါ်လာခဲ့မယ်တဲ့။ ဒါဆိုရင်တော့ သူကလည်း သူ့အတွဲနဲ့သူ၊ ကျုပ်ကလည်း ကျုပ်အတွဲနဲ့ကျုပ်ပေါ့။ ဒါပေမယ့် ခက်တာက သူ့စကားပြောလေသံက တစ်မျိုးပဲ။ ထန်တန်တန်၊ မာတာတာ၊ ကျောတောတောနဲ့။ သူကတော့ ဂရေဇီယာနဲ့တွဲမယ်။ သူခေါ်လာမယ့် ကောင်မကို ကျုပ်ကတွဲပေါ့လို့ ဆိုချင်တဲ့သဘောက ပေါ်နေတယ်။

တနင်္ဂနွေနေ့ကျတော့ ကျုပ်တို့အားလုံး ချိန်းထားတဲ့အချိန်မှာ ဆန်ပါအိုလိုဘူတာမှာ ဆုံကြတယ်။ ခရီးသွားတွေကဖြင့် များပါ့ဗျာ။ ဘူတာထဲမှာ ကျုပ်တောက်နေတာပဲ။ ကျုပ်ရဲ့ ဂရေဇီယာကတော့ အပြာနုရောင်ဂါဝန်အသစ် ဝတ်ထားတယ်။ သူ့ဆံပင်နဲ့ အလွန်လိုက်တဲ့အရောင်မို့ ကြည့်မဝ၊ ရှုမဝပါပဲ။ ကျုပ်ကတော့ နေ့လယ်စာအတွက် ဝယ်ထားတဲ့ ပစ္စည်းအိတ်ကို ကျောပိုးထားတယ်။ ဟိုအကောင် ယူဂိုကတော့ အစိမ်းနုရောင်ဝတ်စုံနဲ့ စမတ်ခပ်ကျကျပဲ။ သူခေါ်လာတဲ့ အမျိုးသမီးက သူ့အဒေါ်မှာ။ နာမည်က ကလီမင်တီနာတဲ့။

ကျုပ်ရင်ထဲမှာရှိနေတဲ့ သံသယကတော့ မှန်နေပြီဗျ။ ဘာကြောင့်လဲ ဆိုတော့ နှုတ်ရဲလျှာရဲ၊ ဇက်ရဲလက်ရဲကောင်ယူဂိုက ဂရေဇီယာရဲ့ လက်မောင်းကို

www.burmeseclassic.com



လှမ်းဆွဲပြီး ကလီမင်တီနာနဲ့ ကျုပ်ကို လှမ်းပြောတယ်။ “ကဲ ကိုယ့်လူတို့နှစ်ယောက်က ကိုယ်တို့ကိုထားခဲ့ပြီး လစ်ထွက်မသွားနဲ့နော်၊ ကိုယ်တို့နဲ့ လူချင်းကွဲမသွားအောင် သတိထား”တဲ့။ ဂရေဇီယာကလည်း ဒီအကောင်ပြောတာကို သိပ်သဘောကျသွားတဲ့ပုံစံမျိုးနဲ့ ခိုးခိုးခစ်ခစ် လုပ်နေလိုက်သေးတယ်။ သူ့ကိုယ်ကလည်း လိမ်တွန့်ပြီး ထိုးထိုးထွန့်ထွန့်ဖြစ်နေတော့ ဟိုအကောင်နဲ့ ထိမိသွားတယ်။

အင်း...ကျုပ်အဖို့ကတော့ သွားပြီလို့ပဲတွက်ရတော့မှာပေါ့။ ကျုပ်ကလီ မင်တီနာကို တစ်ချက်လှည့်ကြည့်မိတယ်။ ယူဂိုဆိုတဲ့အကောင်ရဲ့အမြင်နဲ့ ကြည့်မယ်ဆိုရင်တော့ ကလီမင်တီနာဟာ ကျုပ်နဲ့ အသင့်တော်ဆုံးမိန်းမပဲပေါ့လေ။ သူကတော့ ကျုပ်အတွက် သိပ်မဆိုးလှပါဘူးလို့ပဲ ဆိုပေမပေါ့။ကောင်မက အသားကဖြူဖြူဖျော့။ ကိုယ်လုံးကိုယ်ထည်က ဝဝပြဲပြဲနဲ့ တင်တွေရင်တွေက နွားမတစ်ကောင်နဲ့ တယ်ပြီးတူတာပဲ။ မျက်နှာကလည်း အသိဉာဏ်တုံးမယ့် မျက်နှာဗျ။ တစ်ကိုယ်လုံး ခြုံကြည့်လိုက်ရင် နွားမတစ်ကောင်နဲ့ အတူတူပါပဲ။ သူ့မှာ လိုအပ်နေတာတစ်ခုက သူ့လည်ပင်းမှာ နွားခလောက်ကြီး တစ်လုံး ဆွဲပေးဖို့ပဲ။

ကလီမင်တီနာက ကျုပ်ကိုကြည့်ပြီး ပြုံးတယ်။ ပြီးတော့ ယူဂိုနဲ့ ဂရေဇီယာတို့ကို လှမ်းကြည့်တယ်။ “သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် တော်တော်ချစ်နေကြပုံပဲနော်၊ ရှင်သတိထားမိတယ် မဟုတ်လား”တဲ့။ သူ့လေသံက ရှင်နဲ့ကျွန်မရော သူတို့လို မနေချင်ဘူးလားလို့ ဆွယ်ပြီးပြောလိုက်သလိုပဲ။ ကျုပ်ကလည်း ဒီလောက်တော့ အထာပေါက်ပါတယ်ဗျာ။ စိတ်မဝင်စားတဲ့လေသံနဲ့ “သြော် ဟုတ်လား၊ ကျုပ်ဖြင့် သတိမထားမိပါဘူးဗျာ”လို့ ပြန်ပြောလိုက်တယ်။

အဲဒီတုန်းမှာပဲ ရထားတစ်စီးလာတယ်။ ယူဂိုဆိုတဲ့ကောင်ဟာ အတော်သွက်တဲ့ကောင်ပဲဗျို့။ လူတွေအများကြီးထဲကနေပြီး ရထားပေါ်ကို သူအရင်ဆုံး တက်သွားနိုင်တာ တွေ့လိုက်ရတယ်။ လူတွေကလည်း တိုးကြ၊ ဝှေ့ကြ၊ အော်ကြဟစ်ကြနဲ့ ဆူညံနေတာပဲ။ အဲဒီကြားထဲကနေပြီး ယူဂိုရဲ့ ကြည့်ချင်စရာမကောင်းတဲ့ မျက်ခွက်ဟာ ပြတင်းပေါက်က ထိုးထွက်လာတယ်။ ပြီးတော့ ကျုပ်တို့ဘက်ကို လှမ်းအော်တယ်။ “ခုံလေးခုံရထားပြီ မပူကြနဲ့၊ တက်ချင်တဲ့အချိန် ကျမှ တက်ခဲ့ကြ”တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ရထားပေါ်ရောက်တော့ အရင်ရောက်နှင့်နေတဲ့ ယူဂိုတို့စုံတွဲနဲ့ မျက်နှာချင်းဆိုင် ထိုင်ကြရတယ်။ ရထားကလည်း ထွက်ပြီ။ အမှန်အတိုင်းဝန်ခံရရင်တော့ ခရီးတစ်လျှောက်လုံးမှာ ကျုပ်မျက်လုံးတွေဟာ ရှေ့ကစုံတွဲဆီမှာပဲ ရောက်နေတယ်။ အခုဆိုရင် ကျုပ်ဘာမှမတတ်နိုင်တော့ဘူး။ ဂရေဇီယာကို သူမောင်ပိုင်စီးထားလိုက်ပြီ။ တစ်ချီတစ်ချီမှာ ယူဂိုက ဂရေဇီယာကို တိုးတိုးတိုးတိုးနဲ့ စကားပြောတယ်။ ဂရေဇီယာကလည်း ရယ်တယ်။ တစ်ခါတလေမှာတော့ ယူဂိုက လူကြားသူကြားပြက်လုံးတွေထုတ်တယ်။ ဂရေဇီယာကလည်း ရယ်တယ်။ အမယ်… တစ်ခါတလေကျတော့ ဟိုကောင်က ဂရေဇီယာကို အမှတ်တမဲ့လိုလို ဘာလိုလိုနဲ့ ဖတ်ထားသေးသဗျ။

ဂရေဇီယာဆိုတဲ့ ကောင်မကလည်း တော်တော်ကို သောက်ရက်နည်းတဲ့ ကောင်မပါဗျာ။ ဟိုကောင်က ဖက်တာကို ခံနေတယ်။ ဟိုအကောင်က ဖက်ထားချိန်မှာ သူက ငါးရှဉ့်မတစ်ကောင်အတိုင်းပဲ လူးလိုက်လွန့်လိုက်နဲ့ အတော်အကြည့်ရခက်စရာကောင်းတဲ့ ကိစ္စပါလားဗျာ။ ကျုပ်သိပ်ပြီး နာကြည်းတာက တခြားမဟုတ်ပါဘူး၊ သူတို့နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ကျုပ်ကိုတောင်မှ အားမနာမထောက်ထားဘဲ မျက်နှာပြောင်တိုက်လွန်းတဲ့ လုပ်ရပ်ပါ။

တကယ်လို့ ကျုပ်က လက်တုံ့ပြန်နိုင်မယ်ဆိုရင်လည်း အကောင်းသားပေါ့ဗျာ။ ကျုပ်ဘေးမှာရှိနေတဲ့ ကလီမင်တီနာနဲ့ ဖက်လိုက်ပွေ့လိုက်၊ ပလူးလိုက်မြူးလိုက် လုပ်နေရင် ဖြစ်တာပေါ့။ အဲဒါဆိုရင် ဟိုအကောင်ရဲ့လုပ်ရပ်ကို တုံ့ပြန်တဲ့ တိုက်ကွက်တစ်ခုပဲ။ ဒါပေမယ့်ဗျာ ခက်နေတာက ကလီမင်တီနာဟာ ကျုပ်အတွက် လုံးဝဆွဲဆောင်မှု မရှိဘူးဗျ။ သူကိုယ်တိုင်ကလည်း ကျုပ်က သူ့ကို ပိုးလားပန်းလားလုပ်တာကို ခံချင်ပုံမပေါ်ဘူး။ သူဟာ ထိုင်ခုံပေါ်ခေါင်းတင်ပြီး အိပ်လိုက်လာတယ်။ ပါးစပ်ကြီးက ဟလို့။ လက်တွေကိုတော့ ရင်ခွင်ပေါ်ချလို့။

ဩစတြေးလျားကိုရောက်တော့ အဝတ်လဲခန်းကိုသွားပြီး အဝတ်အစားတွေ လဲကြ၊ ဖယ်ကြတယ်။ အားလုံးရေကူးဝတ်စုံတွေနဲ့ ဖြစ်လာတဲ့အချိန်မှာတော့ ကျုပ်တို့လေးယောက်ရဲ့ ခြားနားမှုတွေဟာ သိသိသာသာကြီးကို ပေါ်လာတယ်။ ဂရေဇီယာဟာ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ဖြောင့်ဖြောင့် သေးသေးသွယ်သွယ်နဲ့ အတော့်ကိုလှတာပါလား။ ပေါင်တံတွေကလည်း ရှည်ရှည်သွယ်သွယ်၊ ရင်အုံကလည်း အချိုးအစား သိပ်ပြေပြစ်တယ်။

အင်း ကလီမင်တီနာကို ကြည့်လိုက်ရင်တော့ ခေါင်းအုံးကြီးတစ်လုံးလို

www.burmeseclassic.com

www.burmeseclassic.com



အလယ်တည့်တည့် ကြိုးတစ်ချောင်းနဲ့ ချည်ထားသလိုပါလား။ ခါးလည်းမရှိ၊ လည်ပင်းလည်းမရှိ၊ ယူဂိုနဲ့ကျုပ်နဲ့ နှိုင်းယှဉ်ကြည့်လိုက်ပြန်တော့လည်း ခြားနားမှုက တယ်ပြီး သိသာမြင်သာတာပဲ။ သူ့ကိုယ်ခန္ဓာက အကြောတွေ ပြိုင်းပြိုင်းထနေတယ်။ နပန်းသမားတစ်ယောက်လို့ ထင်ရလောက်ပါတယ်။ ရင်အုပ်က ကျယ်ကျယ်၊ ခါးနဲ့တင်က သေးသေးဆိုတော့ ကြည့်လို့အဆင်ပြေသပေါ့ဗျ။ ပေါင်တွေနဲ့ လက်မောင်းတွေကလည်း သန်မာတောင့်တင်းလိုက်တာ အလွန်ပဲ။

အင်း...ကျုပ်ကတော့ အရပ်ကပုပု၊ ခန္ဓာကိုယ်က ပိန်ပါးပါး၊ ခြေဆံလက်ဆံတွေကသေးသေး၊ တစ်ကိုယ်လုံးမှာ အကြောမှ မရှိသလောက်ဘဲ။ လက်မောင်းတွေကလည်း ပိန်လှီလှီနဲ့။ ပင့်ကူတစ်ကောင်နဲ့ တစ်ထေရာတည်းပါပဲ။

ယူဂိုကတော့ တကယ့်ဇက်ရဲလက်ရဲပဲ။ ဖျတ်ခနဲ ဂရေဇီယာရဲ့ လက်မောင်းကိုဆွဲပြီး သဲပြင်ပေါ်ဖြတ်ပြေးတယ်။ ရေတိမ်ရောက်တော့ လှိုင်းတွေကြားကို နှစ်ယောက်သား ထိုးဆင်းလိုက်တယ်။ “တော်တော့်ကို အတွဲညီတဲ့ စုံတွဲပဲနော်”လို့ ကလီမင်တီနာက ပြောတယ်။ သူ့လေသံက ကျုပ် စိတ်ကိုနာကြည်းလာအောင် ဆွပေးသလိုပဲ။ ယူဂိုနဲ့ ဂရေဇီယာတို့ကတော့ ရေထဲမှာ ဆော့ကစားနေကြတယ်။ သူတို့အချင်းချင်း ရေနဲ့ပက်လိုက်ကြ၊ အော်ဟစ်ပြီးရယ်လိုက်ကြနဲ့ ဆူညံနေတာပဲ။ အဲဒီနောက်တော့ ဂရေဇီယာကလည်း ယူဂိုရဲ့ လည်ပင်းကိုသိုင်းဖက်ပြီး ရယ်နေတယ်။

ကျုပ်က ကလီမင်တီနာကို “ရေကူးချင်သလား”လို့ မေးတော့ သူက ကူးချင်တယ်တဲ့။ ဒါပေမဲ့ သူ ရေစပ်နားမှာပဲ ကူးပါရစေတဲ့။ သူရေမကူးတတ်လို့ပါတဲ့။ ကဲ ကောင်းရော။ အဲဒါနဲ့ပဲ ကျုပ်တို့နှစ်ယောက်ဟာ ရေစပ်က နှစ်ပေအနက်လောက်မှာ ရေကူးနေကြရတယ်။ ရေက ညစ်ပတ်လိုက်တာလည်း အလွန်ပဲ။ အေးလည်းမအေးဘူး။ နွေးနွေးကြီး။ အနားမှာလည်း ဘောလုံးတွေပစ်ကစား နေကြတဲ့ ကလေးတွေကြောင့် ပွက်ပွက်ကို ညံနေတာပဲ။ ကမ်းစပ်ကထိုင်ပြီး ကလေးတွေကို ရေနက်ထဲမသွားအောင် အော်ပြောနေကြတဲ့ မအေတွေနဲ့ ကလေးထိန်းတွေရဲ့ အသံတွေကလည်း ဆူနေတာပဲ။ အဲဒီအချိန်မှာ ယူဂိုတို့ စုံတွဲကတော့ ပင်လယ်ပြင်ပေါ် ရောက်သွားကြပြီ။

သူတို့စုံတွဲကို လှမ်းကြည့်နေတဲ့ကျုပ်ခေါင်းထဲကို အတွေးတစ်ခု ဖျတ်ခနဲဝင်လာတယ်။ ယူဂိုဆိုတဲ့ကောင်ဟာ ဒီနေ့ပဲ ရေနစ်သေလိမ့်မယ်ဆိုတဲ့ အတွေးပဲ။ ကျုပ်အနေနဲ့ အခိုင်အမာကိုတွေးမိတဲ့ သဘောရှိတယ်။ လုံးဝ မရှောင်သာမလွှဲသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ့်အဖြစ်တစ်ခုလို့လည်း ထင်တယ်။ဘာကြောင့်လဲတဲ့။ ရှင်းပါတယ်။ သူက ကျုပ်အပေါ် မတရားလုပ်ထားတယ်မဟုတ်လား။ ဒါဆိုရင် သူသေရမှာပေါ့။ ဒီအတွေးလည်း ဝင်လာရော ကျုပ်စိတ်ဟာ အတော့်ကို ပေါ့ပါးသွားတယ်။

ကျုပ်ဟာ ကလီမင်တီနာဆီကို ရောက်သွားတယ်။ သူကတော့ ရေမကူး တတ်သူတွေအတွက် လုပ်ပေးထားတဲ့ ကြိုးစကို လက်နှစ်ဖက်နဲ့ ဆုပ်ဆွဲပြီး ရေပြင်ကို သူ့ခြေထောက်တွေနဲ့ တဖြုန်းဖြုန်း တဝုန်းဝုန်းရိုက်ခတ်နေတယ်။ ကျုပ်က စိတ်ထဲမှာ ရှိနေတဲ့အတိုင်းပဲ "ယူဂိုဆိုတဲ့ကောင်ဟာ အလွန့်ကို ကြွား ချင် ဝါချင်တဲ့ကောင်၊ ဒီကောင်ဟာ ကြွက်တက်ပြီးရေနစ်မယ်၊ အဲဒီကျရင် သတိလစ်နေတဲ့သူ့ကို လူတွေကသယ်လာပြီး ကမ်းစပ်မှာ ချထားလိမ့်မယ်၊ အသက်ရှုပိုက်တွေလည်း တပ်ပေးထားရလိမ့်မယ်"လို့ ပြောချလိုက်တယ်။

ကလီမင်တီနာက ကျုပ်ပြောနေတဲ့စကားရဲ့ အဓိပ္ပာယ်ကို နားမလည်တဲ့ မျက်နှာထားနဲ့ စိုက်ကြည့်နေပြီး "ယူဂိုက ရေကူးသိပ်တော်တာ"လို့ ပြောတယ်။ ကျုပ်ကလည်း ဘာရမလဲ။ ခေါင်းကို တွင်တွင်ခါလိုက်ပြီး "ဟုတ်ပါတယ်၊ ဒီအကောင် ရေကူးသိပ်တော်ပါတယ်၊ ဒါပေမဲ့ သူ့ရဲ့ တနင်္ဂနွေအပန်းဖြေခရီးဟာ ရေနစ်ပြီး အဆုံးသတ်ရမှာ သေချာတယ်၊ ငါပြောတဲ့စကားကို မယုံရင် မင်း စောင့်ကြည့်"လို့ ပြန်ပြောလိုက်တယ်။

အချိန်တော်တော်ကြာတော့ ယူဂိုတို့စုံတွဲဟာ ကမ်းခြေကို ပြန်ရောက်လာ တယ်။ နှစ်ယောက်သား လက်ချင်းချိတ်ပြီး ကမ်းစပ်မှာ ပြေးလွှားဆော့ကစား နေကြတယ်။ အမယ် တစ်ယောက်ကိုတစ်ယောက် ဖမ်းလိုက်ဖက်လိုက်၊ ပွေ့ တဲ့အခါ ပွေ့လိုက်နဲ့ အတော့်ကိုမြူးနေကြတာပါလား။ တစ်ခါတလေမှာ သဲ တွေကို အလုံးတွေလုပ်ပြီး ပစ်ပေါက်ကစားနေကြတယ်။ ကစားရင်းက နှစ် ယောက်သား တစ်ယောက်ပေါ်တစ်ယောက် ထပ်လဲတဲ့အခါ လဲကျသွားကြတယ်။

ကျုပ်ဟာ ကြိုးစကိုကိုင်ပြီး ရေကူးနေတဲ့ ကလီမင်တီနာရဲ့ဘေးမှာရပ်ပြီး ယူဂိုတို့ လုပ်သမျှကို စိုက်ကြည့်နေမိတယ်။ ကျုပ်ရဲ့ မျက်စိထဲမှာ ကြွက်တက် ပြီး ရေနစ်နေတဲ့ ယူဂိုကို မြင်နေတယ်။ ဒီအကောင် ရေနစ်သွားပြီ။ လူတွေက သတိမေ့နေတဲ့ယူဂိုကို သယ်လာကြတယ်။ အသက်ရှုပိုက်တွေလည်း တပ်ပေးနေ ကြတယ်။ သွားပြီ။ ဒီအကောင်ကြွသွားပြီ။ ဒီအကောင် သေသလား၊ ရှင်သလား။ သေပြီဆိုတဲ့အထိတော့ ကျုပ်မတွေးချင်ပါဘူး။ တကယ်ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အဲသလို တွေးနေတုန်းမှာပဲ ယူဂိုကျုပ်ဆီရောက်လာပြီး ပင်လယ်ပြင်ကို လှေစီးထွက်ရအောင်လို့ ပြောတယ်။ ကလီမင်တီနာကတော့ ချက်ချင်းပဲ ပြန်ပြောတယ်။ သူရေမကူးတတ်လို့ မလိုက်ချင်ဘူးတဲ့။ ဒါနဲ့ပဲ ကျုပ်တို့သုံးယောက် လှေတစ်စင်းနဲ့ ထွက်ခဲ့ကြတယ်။ ကျုပ်က တက်မတွေကိုင်တယ်၊ သူတို့ကတော့ ဒေါးချင်ယှဉ်ပြီး ထိုင်လို့။

ပင်လယ်ပြင်ကတည်ငြိမ်အေးဆေးနေပေမယ့် ကျုပ်မှာကတော့ ကပြောင်းကပြန် ဖြစ်နေတယ်။ ကျုပ်ဟာ သူတို့ကိုပဲ စူးစူးရဲရဲကြည့်နေမိတယ်။ ကျုပ်ရဲ့ မျက်လုံးအစုံထဲက အဆိပ်ငွေ့တွေထွက်လာပြီး သူတို့နှစ်ယောက်ကို ပြာကျသွားအောင် လုပ်လိမ့်မယ်လို့တောင်မှ မျှော်လင့်နေမိတယ်။ သူတို့ကတော့ ကျုပ်ကို သက်ရှိ သတ္တဝါတစ်ကောင်လို့တောင် ထင်ပုံမရဘူးဗျ။ တစ်ယောက်ကို တစ်ယောက် ပွတ်ဟယ်သပ်ဟယ်နဲ့။ အဖျင်းတွေအပျက်တွေပြောပြီး ရယ်လို့မောလို့။ တဝါးဝါး တဟားဟားနဲ့။

အဲဒီတုန်းမှာပဲ ဟိုအကောင်က ကျုပ်ကိုလှမ်းပြောတယ်။ "ကိုယ့်လူကလည်း အတော်ညံ့တာပဲ၊ ဘယ်ဘက်လက်နဲ့ဆွဲမှပေါ့။ ဒီလိုသာ လှော်နေရင် ဟိုဘက်ကလာနေတဲ့ ဖောင်နဲ့ ဝင်တိုက်မိလိမ့်မယ်"တဲ့။ လေသံက အထက်စီးနဲ့ ကျောတောတောနိုင်လွန်းတော့ ကျုပ်သည်းမခံနိုင်တော့ဘူး။ "ဒီမှာ ယူဂို၊ မင်းဟာ တော်တော်ရိုင်းတဲ့ကောင်ပါလား၊ မင်းကို လူယဉ်ကျေးဖြစ်အောင် သင်မယ့်ပြမယ့်လူ မတွေ့ခဲ့ဖူးဘူးထင်တယ်"လို့ ပြန်ပြောလိုက်တယ်။

သူက ကျုပ်ကိုလှမ်းကြည့်ပြီး "ဘာကွ"လို့ ပြောတယ်။ "ငါ့ကိုပြောလိုက်တဲ့ စကားဟာ မင်းပြောလိုက်တာမှ ဟုတ်ရဲ့လား"တဲ့။ ကျုပ်ကလည်း လှေကို အဆက်မပြတ်လှော်နေရာက "ဟုတ်တယ်ကွ၊ ငါ့ပါးစပ်ကထွက်တာ အမှန်ပဲ၊ မင်းဟာ တောသားလူရိုင်း၊ ယဉ်ကျေးမှုဆိုတာ လုံးဝနားမလည်တဲ့ ငတုံး"လို့ ပြန်ပြောလိုက်တယ်။

"ဘယ်လိုလဲကွ၊ မင်းက ဘာဖြစ်နေတာတုံး"လို့ သူက အော်မေးတယ်။ "ဘာမှ မဖြစ်ဘူးဟေ့၊ မင်းဟာ ပထမတန်းစားလူယုတ်မာလို့ ပြောနေတာကွ"လို့ ကျုပ်က ပြန်အော်တော့ "မင်းစကားပြောတာ သတိထားပြော နာချင်လား"တဲ့။

"ငါ ကောင်းတယ်ထင်တာ ငါပြောတယ်၊ ဘာဖြစ်လဲ။ မင်းဟာ လူယုတ်မာ။ မင်းဟာ ခွေးတိရစ္ဆာန်။ မင်းဟာ ငတုံး။ သောက်ပေါ"

"မင်း စကားကိုကြည့်ပြောနော်၊ မင်း ငါ့အကြောင်း သိချင်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



ဟင်း…ဟင်း မင်းတော့ နာတော့မယ်”

ယူဂိုက ပြောပြောဆိုဆို ထိုင်ရာကထလာပြီး ကျုပ်ရင်ဘတ်ကို လက်သီးနဲ့ တအားထိုးလိုက်တယ်။ ကျုပ်ကလည်း လက်ထဲက တက်တွေကို လွှတ်ပစ်လိုက်ပြီး ထိုင်နေရာက ခုန်ထလိုက်တယ်။ ပြီးတော့ သူ့ဆီပြေးသွားပြီး ပြန်ထိုးမလို့ လုပ်တယ်။ ဒါပေမဲ့ ဒီကောင်က ကျုပ်ထက်မြန်တယ်ဗျသိလား။ သူက ကျုပ်ရဲ့ လက်ကောက်ဝတ်ကို သူ့လက်နဲ့ ဖမ်းဆွဲပြီး ညှစ်ထားတယ်။ သူ့လက်က သံမဏိလို မာကြောနေတော့ ကျုပ်လက်ကောက်ဝတ်ဟာ ပြုတ်တူနဲ့ အညှပ်ခံထားရသလို ဖြစ်နေတယ်။

ကျုပ်တို့နှစ်ယောက်ဟာ လှေပေါ်မှာ ခွေးနှစ်ကောင်လုံးသလို လုံးထွေးနေကြတယ်။ ဂရေဇီယာကတော့ ထိုင်နေရာကနေပြီး ကြုံးအော်နေတယ်။ ကျုပ်တို့ နှစ်ယောက်ကတော့ ဘာရမလဲ။ အားရှိသလောက် သတ်ပုတ်နေကြတုန်းပဲ။ ကြာလာတော့ လှေက ဘယ်ခံနိုင်တော့မှာလဲ။ မှောက်သွားတာပေါ့။ ကျုပ်တို့ အားလုံး ရေထဲကို နစ်သွားတယ်။

ကျုပ်တို့ဟာ ကမ်းခြေနဲ့သိပ်မဝေးဘူး။ ကျုပ်အနေနဲ့ စိတ်ထဲက တွေးနေမိတယ်။ မင်းအခုပဲ ကြွက်တက်တော့မယ်။ ကြွက်တက်ရင် ရေနစ်မယ်။ ပြီးတော့ သေမယ်။ ငါ့ကို စော်ကားမော်ကားလုပ်ခဲ့တဲ့ အလက်စ်ဆန်ဒရိုနဲ့ ဂျီယူလီအိုတို့လို သေမှာပဲ။ မင်း သေကို သေမယ်သိလား”

လှေကတော့ ကျုပ်တို့နဲ့ဝေးရာကို မျောပါသွားပြီ။ လှေမျောနေတာက မှောက်ခုံကြီးဗျ။ ကျုပ်တို့အားလုံး ကမ်းခြေဆီမှန်းပြီး ရေကူးနေကြတယ်။ “အရူး၊ မင်းဟာ သောက်ရူး”လို့ ယူဂိုက ကျုပ်ဘက်လှည့်ပြီး အော်တယ်။ ဂရေဇီယာကတော့ ဘာမှမပြောဘဲ ရေကိုသာ တွင်တွင်ကူးနေတယ်။ ကျုပ်က လည်း ဘာရမလဲ။ “အရူးက မင်းကွ၊ မင်းသာ အရူး၊ မင်းက ကြောင်သူတော် ကြွက်သူခိုးကွ”လို့ ပြန်အော်တယ်။

ကျုပ် တအားကုန်အော်လိုက်တော့ ပါးစပ်ထဲကို ရေတွေဝင်ကုန်တယ်။ ယူဂိုကတော့ ကျုပ်ကို လှည့်မကြည့်တော့ဘူး။ ကမ်းဘက်ကို ကူးသွားနေပြီ။ ကျုပ်ကိုယ်တိုင်လည်းပဲ သူတို့ကို ဂရုစိုက်နေဖို့ အချိန်မရတော့ဘူး။ ကမ်းခြေဘက်ကိုသာမှန်းပြီး ကူးနေရတယ်။ ဒါပေမဲ့ စိတ်ကတော့ တစ်ချိန်လုံး ဟိုအကောင် ကြွက်တက်ပြီး ရေနစ်သွားတာကိုပဲ တွေးနေမိတယ်။“သွားပြီ ဒီအကောင် ကြွက်တက်တော့မယ်၊ ပြီးရင် ရေနစ်တော့မယ်၊ နစ်တော့မယ်”

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကျုပ်ရဲ့ ညာဘက်ခြေထောက်ဆီက စူးခနဲ နာကျင်သွားတာကို ခံစားလိုက်ရတယ်။ တစ်ဆက်တည်းမှာပဲ ညာဘက်တစ်ခြမ်းလုံး လက်မောင်းအထိ မခံနိုင်အောင် အောင့်လာတယ်။ ကြွက်တက်တာကို ခံနေရတဲ့လူဟာ ယူဂိုမဟုတ်ဘဲ ကျုပ်ကိုယ်တိုင်ဖြစ်နေပြီဆိုတာကို သိလိုက်တယ်။ ဖြုန်းခနဲ မထင်မှတ်ဘဲ ဖြစ်လာတာဆိုတော့ ကျုပ်ကိုယ်ကျုပ် ထိန်းလို့မရတော့ဘူး။ နာကျင်တဲ့ ဝေဒနာကလည်း ရပ်မသွားဘဲ ပိုဆိုးလာတော့ ကြောက်တာကလွဲပြီး တခြားဘာကိုမှ မသိတော့ဘူး။

ကျုပ်ဟာ ပါးစပ်ကိုအသားကုန်ဖြဲပြီး "ကယ်တော်မူကြပါ"လို့ သံကုန်ဟစ်လိုက်တယ်။ ပါးစပ်ထဲကို ရေတွေဒလဟော ထိုးဝင်လာတယ်။ "ကယ်ကြပါဦး"လို့ ထပ်ပြီးအော်တယ်။ ဝင်လာတဲ့ရေတွေကို ကယောင်ချောက်ချားဖြစ်ပြီး မျိုချလိုက်တယ်။ ကြွက်ကတော့ တက်တုန်းပဲ။

ကျုပ်ဟာ ရေအောက်ကို နစ်သွားလိုက် ပြန်ပေါ်လာလိုက်နဲ့ ထိန်းလို့မရတော့ဘူး။ "ကယ်ကြပါဗျို့"လို့ ထပ်အော်တော့ ပါးစပ်ထဲကို ရေတွေဝင်လာပြန်တယ်။ တစ်ချိန်လုံးအော်လိုက်၊ ရေတွေဝင်လာလိုက်၊ မျိုချလိုက်၊ မွန်းသွားလိုက်နဲ့ ချာချာလည်နေတယ်။ အဲဒီတုန်းမှာ "ငြိမ်ငြိမ်နေ၊ ငါမင်းကို ကမ်းခြေရောက်အောင် ပို့ပေးမယ်"လို့ ပြောလိုက်တဲ့အသံကို ကြားလိုက်ရတယ်။ အသံက ယူဂို့အသံဗျ။ ကျုပ်သတိမေ့သွားသလိုပဲ။

ကျုပ်သတိမေ့သွားတာ ဘယ်လောက်ကြာမှန်း မသိဘူး။ သတိပြန်ရလာချိန်မှာ ကျုပ်ကျောအောက်က သဲပြင်ဟာပူနေတယ်။ လူတစ်ယောက်က ကျုပ်ရဲ့ လက်နှစ်ဖက်ကိုကိုင်ပြီး မြှောက်လိုက်ချလိုက် လုပ်ပေးနေတယ်။ တခြားလူတစ်ယောက်ကတော့ ကျုပ်ရင်ဘတ်ကို ဖိဖိပေးနေတယ်။"ကျုပ်ဖြင့် ဒီငနဲကို ကွပြီလို့ ထင်တာ"တဲ့။ လူတစ်ယောက်ရဲ့ ပြောသံကို ကြားလိုက်ရတယ်။

ကျုပ်ပါးစပ်ထဲက ရေတွေအန်ထွက်လာတယ်။ ခေါင်းကလည်း ထူလို့မရအောင် လေးနေတယ်။ ကျုပ်ရင်ထဲမှာ ဒေါသလှိုင်းထလာတယ်။ "ဘယ်သူမှ ငါ့နားမကပ်နဲ့၊ သွားကြ"လို့အော်လိုက်မိတယ်။ အော်လို့လည်းပြီးရော ကျုပ်ဟာ သတိလစ်သွားပြန်ရော။

ကျုပ်အဖို့ ကံဆိုးမိုးမှောင်ကျခဲ့ရတဲ့ အဲဒီနေ့အကြောင်းကို နောက်ထပ်မပြောချင်တော့ပါဘူး။ ဒါပေမဲ့ နောက်တစ်ပတ်အကြာ ဆိုင်ထဲမှာ အဖြစ်တစ်ခုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ရပြန်တယ်။ ကျုပ်တို့အနားမှာ ယူဂိုမရှိတုန်း ဂရေဇီယာက ကျုပ်အနား ကပ်ပြီး နှစ်ကိုယ်ကြားလေသံနဲ့ ပြောတယ်။ "ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ရှင်ရေနစ်ပြီး သေတော့မလိုဖြစ်ခဲ့တာ ဘာကြောင့်လဲ သိလား"တဲ့။

"ဟင့်အင်း မသိဘူး၊ ဘာကြောင့်လဲ"

"ယူဂို ကျွန်မကိုရှင်းပြတယ်၊ သူ့ကိုကာကွယ်စောင့်ရှောက်ပေးနေတဲ့ လျှို့ဝှက်စွမ်းအားတစ်ခု ရှိတယ်တဲ့၊ သူ့ကို မလေးမခန့် လုပ်တဲ့သူမှန်သမျှ ထိခိုက်ကုန်တာချည်းပဲတဲ့၊ တချို့ဆိုရင် သေတောင်သေသတဲ့၊ သူ့အပြောကတော့ သူဟာ မပြစ်မှားအပ်သူတဲ့၊ အဲဒါ ဘာအဓိပ္ပာယ်လဲဟင်၊ ကျွန်မတော့ နား မလည်ဘူး"

ကျုပ်ဟာ တစ်ခဏတော့ဖြင့် ငိုင်ပြီးစဉ်းစားနေမိတယ်။ "အင်း အဓိပ္ပာယ် က အရာဝတ္ထုတစ်ခု၊ ဒါမှမဟုတ် လူတစ်ယောက်ဟာ တခြားအရာဝတ္ထုတွေနဲ့ လူတွေထက်ပိုပြီး မြင့်မြတ်တဲ့သဘောရှိနေရင် မပြစ်မှားအပ်သူလို့ ပြောကြတာပဲ" လို့ ကျုပ်က ရှင်းပြတယ်။

ဂရေဇီယာက ဘာမှ ပြန်မပြောဘူး။ ဘာကြောင့်လဲဆိုတော့ ယူဂိုက ငွမ်းလိပ်တစ်လိပ်ယူပြီး ကျုပ်တို့နားရောက်လာလို့ပါ။ သူက ငွမ်းလိပ်ကိုဖြည်ပြီး ဂရေဇီယာကို လှမ်းပေးတယ်။ "ဒီပစ္စည်းဟာ မင်းအတွက် လိုအပ်မယ့်ပစ္စည်း" လို့လည်း ပြောတယ်။ အင်း ကျုပ်ကတော့ ဂရေဇီယာရဲ့အကြည့်ကို မြင်တာနဲ့ပဲ သူချစ်နေပြီဆိုတာ နားလည်လိုက်ပါတယ်။ ဒါပေါ့လေ၊ ချောရုံသာမကဘူး။ အသက်ကလည်းငယ်၊ လူကလည်းအားကောင်းမောင်းသန် ယောကျာ်း တစ် ယောက်ပေကိုး။

*

www.burmeseclassic.com

www.burmeseclassic.com

# တစ်လိမ်နှစ်လိမ်

ဆီရာဖီနိုဆိုတဲ့အကောင်နဲ့ ကျုပ်နဲ့ဟာ သူငယ်ချင်းတွေပါ။ ဒါပေမဲ့ သူ့အလုပ်နဲ့ ကျုပ်အလုပ်ကတော့ တောင်နဲ့မြောက်လိုကွာခြားပါတယ်။ သူက စက်မှုလုပ်ငန်းရှင်ကြီးတစ်ဦးဆီမှာ ကားမောင်းတဲ့အကောင်ပါ။ ကျုပ်က ကင်မရာ မင်းန်ပါ။ တစ်နည်းအားဖြင့်ပြောရရင် ဓာတ်ပုံဆရာတစ်ယောက်ပေါ့ဗျာ။ ကျုပ်တို့နှစ်ယောက်က အလုပ်အကိုင်ချင်းသာ ကွာတာမဟုတ်ဘူး။ လူပုံချင်းက လည်း အတော်ကွာတယ်။ သူ့ဆံပင်က လှတယ်ဗျာ။ အတွန့်ကလေးတွေ အလိပ်ကလေးတွေနဲ့ မျက်နှာကလည်း ပန်းနုရောင်၊ မျက်လုံးကျတော့ အပြာရောင်ဗျ။

ကျုပ်ကတော့ အသားကညိုမည်းမည်း၊ မျက်နှာကရင့်ချော်ချော်နဲ့၊ လူကြီးတစ်ယောက်ပုံစံမျိုးပဲ။ မျက်လုံးအရောင်က အနက်ရောင်ဗျ။ အဲဒီကြားထဲမှာ မျက်တွင်းက ချိုင့်နေသေးတယ်။ ဒါပေမဲ့ အဲဒီခြားနားမှုတွေက သိပ်အရေးမကြီးပါဘူး။ အရေးကြီးဆုံး ခြားနားချက်ကတော့ အကျင့်စရိုက်ချင်းမတူတဲ့ကိစ္စပဲ။

ဆီရာဖီနိုဆိုတဲ့အကောင်က မွေးကတည်းက လူလိမ်လူညာဇာတာပါလာတဲ့ အကောင်ပဲ။ ကျုပ်ကတော့ လိမ်တတ်ညာတတ်တဲ့ အကျင့်မရှိဘူး။ ဒီလိုနဲ့ပဲ တနင်္ဂနွေနေ့တစ်နေ့မှာ ဆီရာဖီနိုက ကျုပ်ဆီက အကူအညီလိုနေတယ်လို့ ကျုပ်ကို လာပြောတယ်။ သူ့လေသံကို ကြားရုံနဲ့ ကျုပ်စိတ်ထဲမှာ မသင်္ကာသလိုဖြစ်လာတယ်။ ဘာကြောင့်လဲဆိုတော့ သူလုပ်သမျှ ကိစ္စတိုင်းဟာ ဒုက္ခဖြစ်တာများတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ သူနဲ့ချိန်းထားတဲ့အတိုင်း ပီယာဇာကိုလုံးနားလမ်းထဲက စားသောက်ဆိုင်ကို ကျုပ်ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်တော်တော်လေးကြာတော့ ဒီကောင်ရောက်လာတယ်။ သူနဲ့အတူ “လိမ်ဆင်ကြီး”တစ်ခု ပါလာတယ်။ သူစီးလာတဲ့ ကားကြီးက ဈေးအလွန်ကြီးတဲ့ အဖိုးတန်ကားကြီးဗျ။ သူ့အလုပ်ရှင်ပိုင်တဲ့ နောက်ဆုံးပေါ်ကားကြီးပေါ့ဗျာ။ လောလောဆယ် သူ့အလုပ်ရှင်ဟာ ရောမမြို့ပေါ်မှာ မရှိဘူး။ ခရီးဝေးထွက်သွားတယ်။ အဲဒီတော့ အလုပ်ရှင်ရဲ့ကားကို သူ့ကားပုံစံမျိုးနဲ့ ယူလာတာပေါ့ဗျာ။

သူက အဝေးကြီးကတည်းက ကျုပ်ကို လက်တစ်ဖက်မြှောက်ပြလာတယ်။ လုပ်ထားတဲ့ ဟန်အမူအရာက သူဌေးဂိုက်ပဲ။ ပြီးတော့ ကားကို တစ်နေရာမှာ သွားရပ်တယ်။ သူကားပေါ်ကဆင်းပြီး ကျုပ်အနားရောက်လာလို့ ကြည့်လိုက်တော့၊ အံမယ် ဝတ်စားထားလိုက်တာ ကြော့မော့နေတာပဲ။ သူ့လည်ပင်းမှာလည်း ရောင်စုံပိုးပဝါတစ်ထည် စည်းထားလိုက်သေးတယ်။ ကျုပ်တို့ စားပွဲမှာ ထိုင်မိတော့ ကျုပ်က သူ့ကို သောက်မြင်ကတ်တဲ့ မျက်နှာထားနဲ့ ကြည့်လိုက်တယ်။ “မင်းက သန်းကြွယ်သူဌေးကြီးကျနေတာပဲ”လို့ ကျုပ်က မလိုတမာသံနဲ့ ရေရွတ်လိုက်တယ်။

“ဒီနေ့တော့ ငါဟာ သန်းကြွယ်သူဌေးပဲကွ”လို့ သူက ပြန်ပြောတယ်။ သူဘာအဓိပ္ပာယ်နဲ့ ဒီစကား ပြောတယ်ဆိုတာ ကျုပ်ချက်ချင်း နားမလည်ဘူး။ ကျုပ်က “အခုစီးလာတဲ့ကားက ဘယ်လိုလဲကွ၊ မင်းဘောလုံးပွဲမှာ လောင်းတာနိုင်လို့ ဝယ်လာတာလား”လို့ မေးတယ်။

“ငါ့သူဌေးရဲ့ ကားသစ်ပါကွာ”လို့ သူက ပြောတယ်။ သူဟာ ဘာမှ ဆက်မပြောဘဲ ထိုင်ပြီးစဉ်းစားနေတယ်။ ပြီးတော့ ကျုပ်ကိုကြည့်ပြီး “ဟေ့ကောင် မာရီယို၊ ခဏနေရင် အမျိုးသမီးနှစ်ယောက် ရောက်လာလိမ့်မယ်၊ တစ်ယောက်ကို မင်းတွဲ၊ တစ်ယောက်ကို ငါကတွဲမယ်၊ မျိုးရိုးကောင်းမိသားစုက ပေါက်ဖွားလာတဲ့ မိန်းကလေးတွေကွ၊ မီးရထားအင်ဂျင်နီယာတစ်ယောက်ရဲ့ သမီးတွေပေါ့ကွာ၊ မင်းက ရုပ်ရှင်ထုတ်လုပ်တဲ့လူပေါ့ကွာ၊ မင်း ငါပြောတာ သဘောပေါက်ပါတယ်နော်”လို့ သူက ပြောတယ်။

“မင်းကကော ဘာကောင်လဲ”

“ငါမင်းကို ပြောပြီးပြီလေ၊ ငါက သန်းကြွယ်သူဌေးပေါ့ကွာ”

ကျုပ်ဘာမှ မပြောတော့ဘူး။ ထိုင်နေရာက ထရပ်လိုက်တယ်။ သူက ကျုပ်ကို အလန့်တကြား မော့ကြည့်တယ်။ “ဟေ့ကောင် မင်းက ဘာလုပ်မလို့လဲ၊ သွားတော့မလို့လား”လို့ မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်၊ ငါလစ်တော့မယ်"လို့ ကျုပ်က ပြန်ပြောတယ်။ "မင်းသိသားပဲ ငါက လိမ်တာမကြိုက်ဘူးကွ၊ ကဲသူငယ်ချင်း မင်းဘာသာမင်း ပျော်ပျော်ကြီးသာ နေခဲ့တော့"

"ဟာ နေပါဦး။ ခဏနေပါဦးကွာ။ မင်း အခုလိုလုပ်လိုက်ရင် ငါ့ အစီအစဉ်တွေ ပျက်ကုန်တော့မယ်"

"မပူပါနဲ့ကွာ၊ မင်းအစီအစဉ်ကို ငါမဖျက်ဆီးပါဘူး"

"ဟာ မဟုတ်သေးဘူးကွ၊ ခဏနေပါဦးကွာ၊ ကောင်မလေးတွေက မင်းကို တွေ့ချင်နေကြတာ"

"သူတို့ကတွေ့ချင်ပေမယ့် ငါက သူတို့ကို မတွေ့ချင်ဘူးကွာ"

အတိုချုပ်လိုက်ရင် ကျုပ်တို့နှစ်ယောက်ဟာ အငြင်းအခုံဖြစ်နေကြတယ်။ သူက ထိုင်လျက်။ ကျုပ်က သူ့ရှေ့မှာ မတ်တပ်ရပ်လို့။ နောက်ဆုံးမှာတော့ သူနဲ့ကျုပ်နဲ့က သူငယ်ချင်းမဟုတ်လား။ အဲဒီတော့ သူချောက်မကျအောင် နေပေးဖို့ ကျုပ်က သဘောတူလိုက်တယ်။ ဒါပေမဲ့ ကျုပ်က"ဒီပွဲမှာ အဆုံးထိ အောင် ငါပါချင်မှပါမှာနော်၊ အဲဒါတော့ မင်းသိထားဖို့ လိုတယ်"လို့ ကြိုတင်ပြီး သတိပေးလိုက်တယ်။ ဒါပေမဲ့ ဒီအကောင်က ကျုပ်စကားကို ကြားပုံမပေါ်ဘူး။ သူ့မျက်နှာက ဝင်းလက်နေတယ်။ ပြီးတော့ "ဟော့ ဟော့ ဟိုမှာ လာနေပြီကွ"လို့ ပြောတယ်။

ပထမတော့ ကျုပ် ဆံပင်ဘုတ်သိုက်ကြီးတွေကလွဲပြီး ဘာမှ မမြင်ရဘူး။ မိန်းမနှစ်ယောက်စလုံးဟာ သူတို့ခေါင်းပေါ်မှာ ဆံပင်တွေ စုတင်လာသလိုပဲ။ အတော်ကြီး ခက်ခက်ခဲခဲနဲ့ကြည့်တော့မှ သူတို့မျက်နှာတွေကို မြင်ရတယ်။ မျက်နှာတွေက ပိန်သွယ်သွယ်နဲ့၊ ကြည့်ရတာ တစ်မျိုးပဲ။ ခေါင်းပေါ်က ဆံပင်တွေက ဘုတ်သိုက်ကြီးတွေဆိုတော့ သူတို့မျက်နှာတွေဟာ အသိုက်ထဲကနေပြီး အပြင်ကို မျှော်ကြည့်နေတဲ့ ငှက်ပေါက်စနှစ်ကောင်နဲ့ တူသလိုပဲ။

ဒါပေမဲ့ ကိုယ်လုံးကိုယ်ပေါက်ကျတော့ နှစ်ယောက်စလုံး ခါးသေးလို့ ရင်ချီ ပဒုမ္မနီလို့ဆိုရမယ့် အမျိုးအစားထဲ ပါသဗျ။ သွားဟန်လာဟန် ကနွဲ့ကလျနဲ့ တင်လှုပ်ဖင်လှုပ်တော့ အရှိသား။ ဆင်တူဝတ်စုံနဲ့ဆိုတော့ ရုတ်တရက်ကြည့်လိုက်ရင် အမြွှာညီအစ်မလို့ ထင်ရတယ်။ ဟိုအကောင် ဆီရာဖီနိုက ထိုင်နေရာကနေပြီး တကယ့်လူကြီးလူကောင်း ဂိုက်ဆိုက်နဲ့ ထရပ်လိုက်တယ်။ "ဟော့ဒါက ကိုယ့်သူငယ်ချင်းမာရီယိုပေါ့၊ သူကရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်လေ၊ ဟောဒီနှစ်ယောက်ကတော့ ဆီညော်ရာအိုင်းရစ္စနဲ့ ဆီညော်ရာမီမိုဆာတဲ့”။

သူတို့က စားပွဲမှာဝင်ထိုင်ကြတယ်။ ထိုင်လိုက်ပြီဆိုတော့မှပဲ ကျုပ် သူတို့ကို အသေအချာမြင်ရတယ်။ ဟိုအကောင် ဆီရာဖီနိုဟာ အိုင်းရစ္စကို တော်တော်အရေးပေးတယ်။ အဲဒါကိုကြည့်ခြင်းအားဖြင့် ဒီအကောင်ဟာ အိုင်းရစ္စကို သူ့အတွက်လို့ သတ်မှတ်ထားပြီဆိုတာ သိသာတယ်။ သူ့ပါးစပ်က ထုတ်မပြောပေမယ့် မီမိုဆာဟာ ကျုပ်အတွက်ဆိုတာ သေချာတယ်။

သူတို့ဟာ အမြွှာညီအစ်မတော့ မဟုတ်ဘူးဗျ။ မီမိုဆာက အသက်သုံးဆယ်ကျော်လောက်ရှိပြီ။ နှာခေါင်းကရှည်ရှည်၊ ပါးစပ်ကပြဲပြဲနဲ့ သူ့မျက်နှာပုံပန်းက ထမင်းဆာနေတဲ့ပုံမျိုးပဲ။ အရုပ်ဆိုးတယ်လို့ပဲ ပြောနိုင်တဲ့ အနေအထားရှိတယ်။ အိုင်းရစ္စကတော့ အသက်နှစ်ဆယ်လောက်ရှိပြီ။ သူ့ရုပ်ကမဆိုးဘူး။ ကျုပ်သတိထားမိတာတစ်ခုက သူတို့လက်တွေဟာ ခပ်ကြမ်းကြမ်းဗျ။ ဘယ်နည်းနဲ့မှ အထက်တန်းစား အမျိုးသမီးတွေ မဖြစ်နိုင်ဘူး။ ဟိုကောင်ကတော့ မြူးကြွနေတာပဲ။ စကားတွေကို တဖောင်ဖောင်ပြောပြီး မိုးတစ်လုံးလေတစ်လုံးနဲ့ အကြွားအဝါစကားတွေကို အများကြီးပြောနေတယ်။

မီမိုဆာက “ဗင် မှာကတော့”လို့ စကားစလိုက်တယ်။အဲဒီတုန်းမှာ အိုင်းရစ္စက ကပျာကယာဝင်ပြောတယ်။ “ကျွန်မတို့ ဗီယာရက်ဂီအိုမှာဆိုရင်...” သူတို့နှစ်ယောက်ဟာ တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်ပြီး ရယ်နေကြတယ်။ ဆီရာဖီနိုက မလုံမလဲမျက်နှာထားနဲ့ “မင်းတို့ ဘာရယ်နေတာလဲ”လို့ မေးတယ်။

“ဘာမှမဟုတ်ပါဘူး”လို့ မီမိုဆာကဖြေတယ်။ “ကျွန်မညီမက တစ်ခါတလေ အူကြောင်ကြောင်နိုင်တယ်၊ ကျွန်မတို့ ပထမရောက်စက ဗင်းနစ္စမြို့က ဟိုတယ်တစ်ခုမှာ တည်းတယ်၊ ဗီယာရက်ဂီအိုကိုရောက်တော့ အိမ်ကလေးတစ်လုံး ရထားတယ်”တဲ့။

မီမိုဆာဟာ အဲဒီစကားကို ပြောလိုက်တဲ့အချိန်မှာ ကျုပ်တို့ကို မကြည့်ရဲဘူး။ မျက်လွှာတွေကိုချထားတယ်။ ကျုပ်ကတော့ သူလိမ်ပြောနေပြီဆိုတာ ကောင်းကောင်းသိတယ်။ သူ့ကြည့်ရတာ ကျုပ်နဲ့တူပုံရတယ်။ ကျုပ်လည်းပဲ လူတစ်ယောက်ရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး လိမ်မပြောရဲဘူး။ အဲဒီတုန်းမှာပဲ မီမိုဆာက “ဆီညော်မာရီယို၊ ရှင်က ရုပ်ရှင်ကားထုတ်လုပ်တဲ့လူလို့ ပြောတယ်၊ ကျွန်မတို့ကို ရှင်ကိုယ်တိုင်ရုပ်ရှင်စမ်းရိုက်ကြည့်မယ်လို့ ဆီရာဖီနိုက ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား”လို့ မေးတယ်။

ကျုပ်က ဆီရာဖီနိုကို လှမ်းကြည့်တယ်။ ဒါပေမဲ့ ဒီကောင်က မျက်နှာကို ဟိုဘက်လှည့်ထားတယ်ဗျ။ အဲဒီတော့ ကျုပ်ကမီမိုဆာဘက်လှည့်ပြီး “ဒီလိုရှိပါတယ် ဆီညော်ရီတာရယ်၊ ရပ်ရှင်စမ်းရိုက်တယ်ဆိုတာက ရုပ်ရှင်ကားတိုလေးတစ်ကား ရိုက်သလိုပဲ၊ အခုချက်ချင်း ဖြုန်းဖြုန်းဒိုင်းဒိုင်း ထရိုက်လို့မရဘူး။ ရုပ်ရှင်စမ်းရိုက်တော့မယ်ဆိုရင် ဒါရိုက်တာ တစ်ယောက်လိုတယ်။ ကင်မရာမင်းန်တစ်ယောက် လိုတယ်။ စတူဒီယိုတစ်ခုလိုတယ်။ ဆီရာဖီနိုက ဒီလုပ်ငန်းရဲ့အကြောင်းကို သိပ်ပြီးသိတာမဟုတ်ဘူး။ ဒါပေမယ့် ဒီခေတ်မှာကတော့”

“ဒီလိုဆို အခုမဖြစ်နိုင်ဘူးပေါ့”

“အဲသလိုတော့ မဟုတ်ပါဘူး၊ ကျွန်တော်ပြောနိုင်တာက”

“ဒီလိုဆိုလည်း ကျွန်မတို့ကို အစမ်းတော့ရိုက်ပေးပါ၊ရှင်က သဘောကောင်းတယ်လို့ ကျွန်မတို့ သိထားတယ်”

မီမိုဆာဟာ ပြောပြောဆိုဆို ထိုင်ရာကထပြီး ကျုပ်လက်မောင်းကို လှမ်းကိုင်လိုက်တယ်။ တစ်ကိုယ်လုံးလည်း ထိုးထိုးထွန့်ထွန့်လုပ်ပြီး ကျုပ်အနားကို ကပ်လာတယ်။ ဆီရာဖီနိုက ဘာတွေလိမ်ပြီး ပြောထားမှန်းမသိဘူး။ ကျုပ်ကို ဖွတ် အပူကပ်နေတယ်။ ကျုပ်အနေနဲ့ သူနားလည်အောင် ဘယ်လိုပြောပြရမှန်းလည်း မသိဘူး။ တကယ်တော့ အစမ်းရိုက်တယ်ဆိုတာမျိုးက အခုပြော၊ အခုချက်ချင်း ထရိုက်လို့ရတာမျိုးမှ မဟုတ်တာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျုပ်က ထပ်တလဲလဲ ရှင်းပြတော့ သူ သဘောပေါက်လာဟန်တူတယ်။ ကျုပ်လက်မောင်းကိုလွှတ်ပြီး ဆီရာဖီနိုနဲ့ စကားပြောနေတဲ့ သူ့ညီမအိုင်းရစ္စကို လှည့်ကြည့်တယ်။ “ငါနင့်ကို အစကတည်းက ပြောခဲ့သားပဲ၊ အခုကျတော့ ငါထင်တဲ့အတိုင်းဖြစ်နေပြီ၊ တို့ဘယ်လိုလုပ်ကြမလဲ၊ အိမ်ပြန်ကြရင် ကောင်းမယ်ထင်တယ်”လို့ ပြောတယ်။

အိုင်းရစ္စကလည်းဒီလိုဖြစ်လာလိမ့်မယ်လို့ ထင်ခဲ့ပုံမပေါ်ဘူး။ အခုလို အခြေအနေမှန်ကို သိလိုက်တော့ စိတ်ရှုပ်သွားပုံပေါ်တယ်။ ဒါပေမယ့်သူက “မထူးတော့ပါဘူး၊ ညနေစောင်းတဲ့အထိ သူတို့နဲ့အချိန်ဖြုန်းလိုက်တာ ကောင်းပါတယ်”လို့ ပြန်ပြောတယ်။

“ဟုတ်တယ် အဲဒါအကောင်းဆုံးပဲ”လို့ ဆီရာဖီနိုက ဝင်ပြောတယ်။ “တို့ကားနဲ့ လျှောက်လည်ကြတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ ကားပါသလား"လို့ မီမိုဆာကမေးတယ်။

"ကားပါတယ်လေ၊ ဟိုမှာ မမြင်ဘူးလား"

မီမိုဆာက ကားကိုလှမ်းကြည့်တယ်။ ချက်ချင်းပဲ သူ့လေသံဟာ ပြောင်းသွားတယ်။ "ဒီလိုဆိုရင်လည်းကားနဲ့ လျှောက်သွားရအောင်၊ စားသောက်ဆိုင်ထဲ ထိုင်နေရတာ ပျင်းစရာကြီး"လို့ ပြောတယ်။ လေးယောက်သား ကားဆီကို ရောက်သွားကြတယ်။ အိုင်းရစ္စက ကားရှေ့ခန်းထဲမှာ ဆီရာဖီနီနဲ့ တွဲထိုင်တယ်။ ကျုပ်နဲ့တွဲလျှောက်လာနေတဲ့ မီမိုဆာကတော့ ကျုပ်ကို တစ်ချက်ငဲ့ကြည့်ပြီး "ရှင်စိတ်ဆိုးမယ်တော့ မထင်ပါဘူး၊ ကျွန်မတို့ကတော့ ကတိပေးထားတာတွေကို မယုံကြည်တော့ဘူး၊ ဖြစ်နိုင်ရင် ကျွန်မတို့ကို စမ်းပြီးရုပ်ရှင်ရိုက်ပေးမယ် မဟုတ်လား"လို့ ထပ်ပြောပြန်တယ်။

ကျုပ်စောစောက အာပေါက်လုမတတ် ရှင်းပြခဲ့တာတွေဟာ အလကားဖြစ်ကုန်ပြီ။ သူ လုံးဝနားမလည်ဘူးဆိုတာ ထင်ရှားနေတယ်။ အခုချိန်အထိ ရုပ်ရှင်အစမ်းရိုက်ပေးဖို့ နားပူနေတုန်းပဲ။ ကျုပ်က ဘာမှပြန်မပြောဘဲ ကားထဲဝင်ထိုင်လိုက်တယ်။ "ကဲ တို့ဘယ်သွားကြမလဲ"လို့ ဆီရာဖီနီက မေးတယ်။

မီမိုဆာကတော့ ကျုပ်လက်မောင်းကို နောက်တစ်ခါ ဆုပ်ကိုင်ထားပြန်ပြီ။ ပြီးတော့ ကျုပ်လက်ကို သူ့လက်နှစ်ဖက်နဲ့ကိုင်ပြီး ညှစ်ထားတယ်။ "ရှင်သဘောကောင်းပါတယ်၊ သူ့ကို စတူဒီယိုဆီ ပို့ခိုင်းပါလား၊ ဒါဆိုရင် ကျွန်မတို့ကို ရှင်ကိုယ်တိုင် ရုပ်ရှင်စမ်းရိုက်ကြည့်လို့ ရမှာပေါ့"တဲ့။ ကန္တ့ကလျလေသံနဲ့ ကျုပ်ကို ပြောနေတယ်။

ဘာပြောလို့ ဘာလုပ်ရမှန်းမသိတဲ့ ကျုပ်ဟာ ဒေါသဖြစ်ဖြစ်နဲ့ ငြိမ်နေမိတယ်။ သူကတော့ အဲဒါကိုပဲ အခွင့်ကောင်းယူပြီး ကျုပ်ကို ပွတ်သီးပွတ်သပ်လုပ်နေရာက"ရှင်ကသာ ကျွန်မကို ရုပ်ရှင်အစမ်းရိုက်ပေးရင် ကျွန်မကလည်းရှင့်ကို အနမ်းလက်ဆောင် ပေးလိုက်မှာပဲ"လို့ တိုးတိုးကလေး ကပ်ပြောတယ်။

ခင်ဗျားတို့လည်း သိကြမှာပါ။ သူ့စကားကြားလိုက်တော့ ရုတ်တရက်ချက်ချင်းပဲ ကျုပ်စိတ်ထဲမှာ ရိုးတိုးရွတ ဖြစ်လာတယ်။ စိတ်ထဲမှာ အဲသလိုဖြစ်လာတော့ လူကလည်း ထိုးထိုးထွန့်ထွန့်ဖြစ်လာတယ်။ "ဒါဆိုရင် ဆီရာဖီနီရဲ့အိမ်ကို သွားကြရအောင် သူ့အိမ်ကအကြီးကြီးပဲ၊ လှလည်းလှတယ်၊ အိမ်ရောက်တဲ့အခါကျတော့ မင်းတို့ကို ရုပ်ရှင်ရိုက်လို့ဖြစ်မဖြစ် ကိုယ်ကိုယ်တိုင် အသေအချာကြည့်မယ်၊ တကယ်လို့ ဖြစ်နိုင်တယ်ဆိုရင် စမ်းရိုက်ကြည့်တာပေါ့"လို့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



က လွှတ်ခနဲ ပြောလိုက်မိတယ်။

ဆီရာဖီနိုက ကျုပ်ကိုဖျတ်ခနဲလှည့်ကြည့်တယ်။ သူ့ကြည့်ရတာ အတော်ကြီး စိတ်ပူနေတဲ့လက္ခဏာပဲ။ သူ့အနေနဲ့ အလုပ်ရှင်ရဲ့ကားကို သူ့ကားပါလို့ လိမ်ပြောရဲပေမယ့် အိမ်ကိုကျတော့ သူ့အိမ်ပါလို့ပြောပြီးခေါ်သွားဝံ့တဲ့ပုံ မပေါ်ဘူးဗျ။ "ကားလျှောက်စီးရတာက ပိုကောင်းပါလိမ့်မယ်ကွာ"လို့ သူက ပြောပေမယ့် ကောင်မနှစ်ကောင်က အိမ်ကိုပဲသွားချင်တယ်လို့ နားပူနားဆာ လုပ်နေကြတယ်။

သူတို့က ရုပ်ရှင်စမ်းရိုက်ကြည့်ဖို့ကလွဲပြီး တခြားဘာကိုမှ စိတ်မဝင်စားတော့ဘူး။ ဒါနဲ့ပဲ သူဟာလက်မြှောက်အရှုံးပေးပြီး မော်တော်ကားကို မာရီယိုလီရပ်ကွက်ဆီ မောင်းလာခဲ့ရတယ်။ မီမိုဆာကတော့ တစ်လမ်းလုံး ကျုပ်ကို တတွတ်တွတ်နဲ့ တွက်ထိုးလာတယ်။ ကျုပ်ကလည်း သူဘာပြောပြော နားမထောင်ဘူး။ "ရိုက်ပေးနော်၊ စမ်းရိုက်တာကတော့ ဖြစ်မှာပါ၊ အဲသလို စမ်းရိုက်ပေးမယ်ဆိုရင်…" ကျုပ်အနေနဲ့ အဲဒီစကားကလွဲလို့ တခြားဘာကိုမှ နားမဝင်ဘူး၊ ကြားလည်းမကြားဘူး၊ ဂရုလည်းမစိုက်မိဘူး။ဒါပဲ။

ကျုပ်တို့ မာရီယိုလီရပ်ကွက်ထဲ ရောက်လာတယ်။ လမ်းဘေးဝဲယာမှာ ရှိနေတဲ့ အိမ်ကြီးတွေကဖြင့် တကယ့်အဖိုးတန်အိမ်တွေချည်းပဲ။ နောက်ဆုံးမှာ ဆီရာဖီနိုရဲ့အလုပ်ရှင်အိမ်ထဲကို ရောက်သွားကြတယ်။ ကျုပ်တို့လူစုဟာ တတိယထပ်အထိ တက်သွားကြတယ်။ အခန်းတွေက မှောင်မည်းနေတယ်။ သပ်သပ်ရပ်ရပ်လည်း မရှိဘူး။ "ကိုယ်က ခရီးဝေးသွားနေတာကြာပြီ၊ အိမ်ထဲမှာ ရှုပ်ပွနေတာပဲ"လို့ ဆီရာဖီနိုက ပြောလိုက်သေးတယ်။

ဆီရာဖီနိုဟာ ပြတင်းပေါက်တွေကို လိုက်ဖွင့်နေတယ်။ ကျုပ်တို့ကတော့ ကတ္တီပါဆိုဖာကြီးတွေပေါ် ဝင်ထိုင်လိုက်ကြတယ်။ တစ်နေရာမှာတော့ ကျကျနန ဖုံးအုပ်ထားတဲ့ စန္ဒရားကြီးတစ်လုံး။ ကျုပ်က အစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ဖို့ အားထုတ်တယ်။ "ကဲ…ကဲ တို့နှစ်ယောက်က မင်းတို့ရဲ့ အမူအရာတွေကို ကြည့်မယ်၊ ပထမဆုံး အခန်းထဲမှာ မင်းတို့နှစ်ယောက် လမ်းလျှောက်ပြကြရမယ်၊ ဒါမှလည်း ရုပ်ရှင်စမ်းပြီး ရိုက်လို့ရမရ ငါဆုံးဖြတ်လို့ရမှာ" လို့ ကျုပ်က ပြောလိုက်တယ်။

"ကျွန်မတို့က ခြေထောက်တွေကိုပါ ပြရမှာလား"လို့ မီမိုဆာက ပြန်မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ မဟုတ်ဘူး။ အဲဒါကိုပြဖို့ မလိုသေးဘူး၊ လမ်းလျှောက်ပြရင် လုံလောက်ပြီ"

သူတို့နှစ်ယောက်ဟာ ကျုပ်တို့ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြနေကြတယ်။ သူတို့လမ်းလျှောက်နေပုံကို ဘယ်သူကမှ ကျက်သရေရှိတယ်လို့ ပြောကြမယ်မထင်ဘူးဗျ။ ခေါင်းပေါ်မှာ ဆံပင်တွေက ဘုတ်သိုက်၊ လမ်းလျှောက်တဲ့အခါမှာ သူတို့ရဲ့ တင်၊ ရင်နဲ့ ခါးတွေကလည်း မလှဘူး။ အထူးသဖြင့် သူတို့ခြေထောက်တွေက သူတို့ရဲ့ လက်တွေလိုပဲ။ သိပ်ကိုကြီးပြီး အရုပ်သိပ်ဆိုးတာပဲ။ ပြီးတော့လည်း လမ်းလျှောက်တဲ့အခါ ခြေထောက်တွေက "ခွင်"နေလိုက်သေးတယ်။ ပျော့ပျော့နွဲ့နွဲ့လည်း မဟုတ်ဘူး။ တောင့်တောင့်တင်းတင်းကြီးတွေဆိုတော့ ကြည့်ရတာ အတော့်ကိုအကျည်းတန်တာပဲ။

အမှန်အတိုင်းပြောရရင်တော့ သူတို့လို ပုံစံကြီးတွေကို ဘယ်ရုပ်ရှင်ထုတ်လုပ်ရေးသမားကမှ မသုံးမှာသေချာပါတယ်။ သူတို့ကတော့ လမ်းလျှောက်ပြနေတုန်းပဲ။ အခန်းရဲ့အလယ်မှာ သူတို့ချင်းဆုံမိတဲ့အခါ အော်အော်ပြီး ရယ်နေလိုက်သေးတယ်။ ချက်ချင်းပဲ ကျုပ်က "ရပ်တော့တော်ပြီ၊ ထိုင်ကြ"လို့ လှမ်းပြီး ပြောလိုက်တယ်။

နှစ်ယောက်စလုံး ဆိုဖာပေါ်သွားထိုင်ပြီး ကျုပ်မျက်နှာကို စိုးရိမ်မကင်းတဲ့ မျက်နှာထားတွေနဲ့ ကြည့်နေကြတယ်။ "စိတ်တော့မကောင်းပါဘူး"လို့ ကျုပ်ပြောတယ်။ "ဒါပေမဲ့ မင်းတို့ပုံတွေက မဖြစ်နိုင်ဘူး"

"ဘာပြုလို့လဲ"

"အေး ဘာပြုလို့လဲဆိုတာကို ငါရှင်းပြမယ်"လို့ ကျုပ်က ပြောတယ်။ "ငါရိုက်မယ့် ရုပ်ရှင်ကားတွေအတွက် မင်းတို့လို ပုံလှလှ၊ ပညာတတ် ထင်ရှားတဲ့ မိန်းကလေးမျိုးတွေမလိုဘူး၊ ငါ့မှာလိုနေတာက အလုပ်သမလို မိန်းကလေးမျိုးတွေ၊ စကားပြောရင် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းနဲ့ ရိုင်းရိုင်းစိုင်းစိုင်း စကားလုံးတွေပြောတတ်တဲ့ မိန်းမစားမျိုးတွေကို လိုချင်တာ။ အုတ်အုကြောင်နဲ့ အောက်တန်းကျကျ မိန်းမစားမျိုးတွေသာလိုချင်တာ၊ မင်းတို့ကျတော့ မျိုးရိုးကောင်း မိသားစုက ပေါက်ဖွားလာတာ၊ မင်းတို့အဖေက အင်ဂျင်နီယာတစ်ယောက် မဟုတ်လား၊ အဲဒီတော့ မင်းတို့က ငါရှာနေတဲ့ အမျိုးအစားတွေ မဟုတ်ဘူး"

ကျုပ်က ဆီရာဖီနိုကို လှမ်းကြည့်တယ်။ သူကတော့ ဆိုဖာပေါ်မှာ ပျော့တိပျော့ခွေ ဖြစ်နေတယ်။ စိတ်ပျက်တဲ့ မျက်နှာထားနဲ့ မှိုင်တွေချနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့လည်း အလုပ်သမတွေလို သရုပ်ဆောင်နိုင်ပါတယ်"လို့ မီမိုဆာက ပြောတယ်။

"မဖြစ်နိုင်ဘူး၊ မင်းတို့သရုပ်ဆောင်နိုင်မှာ မဟုတ်ဘူး၊ မွေးကတည်းက ဒီလူတန်းစားက မွေးလာတာမဟုတ်တော့ ဖြစ်မှာမဟုတ်ပါဘူး"လို့ ကျုပ်က ပြောလိုက်တယ်။

အားလုံး ငြိမ်ဆိတ်နေကြတယ်။ ကျုပ်အနေနဲ့ ငါးစာကို တပ်ထားလိုက်ပြီ။ ငါးက ဟပ်ဖို့ပဲလိုတော့တယ်။ ထင်ထားတဲ့အတိုင်းပါပဲ။ ခဏနေတော့ မီမိုဆာဟာ ထိုင်ရာကထပြီး သူ့ညီမနားကို သွားထိုင်တယ်။ သူ့ညီမရဲ့ နားနားကို ကပ်ပြီး စကားတီးတိုးပြောတယ်။ သူ့ညီမမျက်နှာက သိပ်ပြီး ကြည်ကြည်လင်လင် မရှိဘူး။ ဒါပေမဲ့ နောက်ဆုံးမှာတော့ သဘောတူတဲ့ လက္ခဏာပြတယ်။ အဲဒီနောက်တော့ မီမိုဆာဟာ ခါးထောက်ပြီး ကျုပ်ရှေ့လာရပ်တယ်။ ပြီးတော့ "ကဲ ဆရာကြီး၊ ရှင့်ကို အခုပြောနေတဲ့ မိန်းမတွေဟာ ဘယ်လိုအစားမျိုးလို့ ရှင်ထင်သလဲ"လို့ မေးတယ်။

ကျုပ်က ရယ်မောပြီး "မီးရထားအင်ဂျင်နီယာတစ်ယောက်ရဲ့ သမီးတွေပေါ့"လို့ ဖြေလိုက်တယ်။

"ရှင်ထင်တာက တကယ့်ဆန့်ကျင်ဘက်ပဲ၊ ကျွန်မတို့ဟာ ရှင်လိုချင်နေတဲ့ မိန်းမစားတွေပါ၊ သာမန်အလုပ်သမတွေပါ၊ အိုင်းရစ္စကဝန်ထမ်း၊ ကျွန်မက သူနာပြုဆရာမရှင့်"

"ဒါဆိုရင် ဗီယာရက်ဂီယိုက အိမ်ဆိုတာက ဘယ်လိုလဲ"

"ဒါက လုံးဝမရှိတဲ့ဟာတစ်ခုပါ၊ ကျွန်မတို့နေတာက ဩစတြီးယားဆင်းရဲသားရပ်ကွက်ထဲက အိမ်စုတ်တစ်လုံးမှာနေတာ"

"ဘာပြုလို့ အခုလို လိမ်ရညာရတာလဲ"

အဲဒီတော့ အိုင်းရစ္စက "ကျွန်မက မလိမ်ချင်ဘူး၊ ဒါပေမဲ့ မီမိုဆာက လူတွေရဲ့မျက်လုံးတွေထဲကို သဲနဲ့ပက်မှ ကိုယ်လိုချင်တာဖြစ်မှာလို့ ပြောတာနဲ့"

"ကျွန်မကလည်း လိမ်ညာပြီးမပြောရင် ဆီရာဖီနိုက ကျွန်မတို့ကို ရှင်နဲ့မိတ်ဆက်ပေးမှာ မဟုတ်ဘူးလို့ ထင်တယ်လေ၊ ဒါကြောင့် လိမ်ပြောရတာ၊ ကဲပါလေ အဲဒါတွေ ခေါက်ထားလိုက်၊ အခု ကျွန်မတို့ကို ရုပ်ရှင်စမ်းရိုက်ပေးမှာလား"

"အင်း…ဒီကိစ္စ တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်ကုန်ပြီ"လို့ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောပြီး ပြောလိုက်တယ်။ "ကိုယ်ဟာ ရုပ်ရှင်ထုပ်လုပ်တဲ့လူ မဟုတ်ဘူး၊ ခေတ်ပုံရိုက်စားနေတဲ့ ကင်မရာမင်းန်တစ်ယောက်၊ ဆီရာဖီနိုကလည်း လူကြီးလူကောင်းသူဌေးကြီး ယောင်ဆောင်နေတဲ့ ကားမောင်းသမား"

ကျုပ်စကားကြားတော့ မီနိုဆာဟာ တစ်ချက်ကလေးမှ ဣန္ဒြေပျက်မသွားဘူး။ ခပ်တည်တည်ပဲ။ "ကျွန်မက အဲဒီအတိုင်းဖြစ်လာလိမ့် ထင်ထားတာပဲ"လို့ သူကပြောတယ်။ "ကျွန်မတို့ဟာ ကံကိုဆိုးတယ်၊ ကားတစ်စီးနဲ့ ယောက်ျားတစ်ယောက်တော့ တွေ့ပါရဲ့၊ ဒါပေမဲ့ သူက ကားဒရိုင်ဘာတစ်ယောက် ဖြစ်နေတယ်၊ ဟင်း...ဟင်း... ကဲလာ အိုင်းရစ္စ၊ တို့သွားကြစို့"

ဆီရာဖီနိုက ဖျတ်ခနဲ လှုပ်ရှားလာတယ်။ "ခဏနေကြပါဦး၊ မင်းတို့က အခု ဘယ်သွားကြမှာလဲ"လို့ မေးတယ်။

"ကျွန်မတို့ ကြိုက်တဲ့နေရာကို သွားမှာပါ ကိုလိမ်ကြီးရယ်"

ရုတ်တရက် ကျုပ်စိတ်ထဲမှာ သူတို့ကိုသနားစိတ်ဝင်လာတယ်။ အထူးသဖြင့် အိုင်းရစ္စအတွက် စိတ်မကောင်းဖြစ်မိတယ်။ တကယ်တော့ အိုင်းရစ္စဟာ မိန်းမချောလေးဗျ။ အခုဆိုရင် သူ့မျက်လုံးအစုံထဲမှာ မျက်ရည်တွေ ပြည့်လျှံနေတာကို ကျုပ်မြင်နေရတယ်။ ကျုပ်က ကပျာကယာ အကြံတစ်ခုပြုပါတယ်။ "ကိုယ်ပြောတာ နားထောင်ကြပါဦး"လို့ ကျုပ်က ပြောတယ်။ "တို့လေးယောက်စလုံး လိမ်ခဲ့ကြတာပါ။ အဲဒီတော့ ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ကြပါ။ တို့ရုပ်ရှင်သွားကြည့်ကြရင် မကောင်းဘူးလား၊ ဘယ်လိုသဘောရကြသလဲ"

တစ်ယောက်တစ်ခွန်း ဆွေးနွေးကြတယ်။ အိုင်းရစ္စက ကျုပ်အကြံကို လက်ခံချင်တယ်။ မီမိုဆာကတော့ အခုအချိန်ထိစိတ်ကမပြေသေးတော့ လုံးဝလက်မခံဘူး။ ဂုဏ်သိက္ခာကျသွားပြီဖြစ်တဲ့ ဆီရာဖီနိုကတော့ ဘာတစ်ခွန်းမှ ဝင်မပြောရဲတော့ဘူး။ အဲဒါနဲ့ပဲ ကျုပ်က"ကိုယ်ကတော့ ကင်မရာမင်းန်ပဲ၊ ရုပ်ရှင်ထုတ်လုပ်သူ မဟုတ်ဘူး၊ ဒါပေမဲ့ အိုင်းရစ္စကို ကိုယ်နဲ့သိတဲ့ တွဲဖက်ရုပ်ရှင်ဒါရိုက်တာတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်၊ အကြီးအကျယ် ထောက်ခံပေးတာမျိုး မလုပ်ပေးနိုင်ပေမယ့် ဘာမှမရတာနဲ့စာရင် အများကြီးတော်သေးတယ်လို့ ယူဆရမှာပဲ၊ မင်းအတွက်ကတော့ ဘာမှ ဖြစ်လာမယ်မထင်ဘူး၊ အိုင်းရစ္စအတွက်ကတော့ တစ်ခုခုဖြစ်လာနိုင်စရာ ရှိပါသေးတယ်"လို့ မီမိုဆာကို ချော့ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



မီမိုဆာ စိတ်ပြေသွားတာနဲ့ပဲ ကျုပ်တို့ ရုပ်ရှင်ရုံထဲ ရောက်သွားကြတယ်။ ရုံထဲမှာလည်း အိုင်းရစ္စက ဆီရာဖီနိုနဲ့ ပွတ်သီးပွတ်သပ်ပဲ။ ဒီအကောင်ဟာ လူလိမ်လူညာ၊ ကားဒရိုင်ဘာတစ်ယောက်မှန်း သိပေမယ့် နေတဲ့ပုံစံကတော့ အဲဒီအတိုင်းပဲ။ မီမိုဆာကတော့ သူ့ဘာသာတစ်ယောက်တည်း ငြိမ်ဆိတ်နေတယ်။

အားလပ်ချိန်ပေးတော့ သူက "ကျွန်မက အိုင်းရစ္စကို အမေတစ်ယောက်လို စောင့်ရှောက်ပေးနေရတာ၊ သူက ရှင်မြင်တဲ့အတိုင်းပဲ မိန်းမချောလေးတစ်ယောက်ပါ၊ အခုဆိုရင် ရှင် ကတိပေးထားပြီးပြီနော်၊ ရှင် ကတိတော့ တည်မှဖြစ်မယ်၊ တကယ်လို့ ကတိမတည်ရင်တော့ ရှင့်ကို မာရ်နတ်ဆိုးကြီးက ဒဏ်ခတ်မှာ သေချာတယ်"

"…………"လို့ ကျုပ်က နောက်ပြောင်ပြီးပြောတယ်။

"ရှင်ကတိပေးပြီးပြီ၊ အဲဒီကတိကို ရှင်တည်ရမှာပဲ"လို့ သူက ပြန်ပြောတယ်။ "အိုင်းရစ္စကို ရုပ်ရှင်အစမ်းအရိုက်ခံရအောင်တော့ ရှင်လုပ်ပေးရမှာပဲ"

*

www.burmeseclassic.com

www.burmeseclassic.com

# ကြောက်စရာ့ရောဂ

ကျုပ်အနေနဲ့ ရှူးဖိနပ်အသစ်တစ်ရန်ကို သိပ်ပြီး ရချင်နေလွန်းလို့လား တော့ မသိဘူး။ အဲဒီနှစ် နွေရာသီတစ်လျှောက်လုံးမှာ အဆောက်အအုံစောင့် တစ်ယောက်ဆီက တစ်ညကို လီယာငွေတစ်ရာနှုန်းနဲ့ ကျုပ်အိပ်ဖို့ ငှားထားတဲ့ အိပ်ရာပေါ်မှာ အိပ်တော့မလို့ လှဲနေတဲ့အခါတိုင်း ရှူးဖိနပ်တွေကိုပဲ စိတ်ကူးနေလေ့ ရှိပါတယ်။ တကယ်တော့ ကျုပ်ဟာ ဖိနပ်မပါဘဲ လမ်းလျှောက်နေရလို့ မဟုတ်ပါဘူး။ ကျုပ်အခု စီးနေတဲ့ရှူးဖိနပ်ဟာ အမေရိကန်တွေ ပေးသွားတဲ့ဖိနပ်ပါ။ စီးရတာသိပ်ပေါ့ပြီး သိပ်ကို ကောင်းပါတယ်။ အင်မတန်မှလည်း နူးညံ့ပါတယ်။

ဒါပေမဲ့ အခုအချိန်မှာတော့ ရှူးဖိနပ်တွေကစုတ်ပြတ်နေကြပြီ။ နှစ်ဖက် စလုံးမှာ ခွာတွေမရှိသလောက် ဖြစ်နေပြီ။ တစ်ဖက်ကဆိုရင် ပေါက်နေလို့ အထဲက ခြေချောင်းလေးတွေဟာ အပြင်ကိုပြူတစ်ပြူတစ်လုပ်နေကြပြီ။ ကျန် တစ်ဖက်ကတော့ သိပ်ပါးပြီး ပြားချပ်နေတဲ့အတွက် ညှပ်ဖိနပ်အစုတ်တစ်ဖက်နဲ့ တူနေပြီ။

ကျုပ်ဟာ ရှာလို့ဖွေလို့ရတဲ့ ပစ္စည်းအတိုအထွာလေးတွေကို မှောင်ခိုဈေးမှာ သွားရောင်းတယ်။ ရတဲ့ငွေထဲက မငတ်ရုံတစ်မယ် ချွေတာစားပြီး ရှူးဖိနပ်အသစ် တစ်ရန်ဝယ်ဖို့ ငွေစုပါတယ်။ ဒါပေမဲ့ ဖိနပ်တစ်ရန်ဖိုးရဖို့က မလွယ်ဘူးဗျာ။ အခုချိန်ထိ လီယာငွေထောင်ဂဏန်းလောက်က လိုနေတုန်းပဲ။

အချိန်တွေ သိပ်ပြီးကြာလာတော့လည်း ကျုပ်လိုချင်နေတဲ့ ရှူးဖိနပ်အသစ် ဟာ ကျုပ်စိတ်ထဲမှာ အစွဲအလမ်းကြီးတစ်ခု ဖြစ်လာတယ်။ ကျုပ်ဘယ်ကိုပဲ သွားသွား၊ ကျုပ်စိတ်ထဲမှာ ဖိနပ်က ကျုပ်နဲ့လိုက်နေတယ်။ ကျုပ်မျက်စိထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အစက်အပြောက်ကလေးတွေနဲ့ အနက်ရောင် ရှူးဖိနပ်ကိုပဲ မြင်ယောင်နေတယ်။ အများအားဖြင့် သူက ကျုပ်ရှေ့ကနေပြီး ကြိုးတန်းလန်းနဲ့ တွဲလောင်းကျနေတာ။

ရှူးဖိနပ်အသစ်တစ်ရန် မစီးနိုင်တော့တဲ့ဘဝမှာ လူ့ပြည်မှာ ဆက်နေလို့ ကောင်းပါတော့မလားလို့တောင် တွေးမိလာတယ်။ တစ်ခါတလေ စိတ်ဓာတ်က သိပ်ကျလွန်းတော့ ရှူးဖိနပ်သစ်အတစ်ရန်လောက်မှ မဝယ်နိုင်တော့တဲ့အတူတူ ကိုယ့်ဘာသာကိုယ် သတ်သေလိုက်တာပဲ ကောင်းပါတော့တယ်လို့ စဉ်းစားမိတယ်။

ကျုပ် လမ်းပေါ် ရောက်လာပြီဆိုရင် ကျုပ်ဘေးက ဖြတ်သွားဖြတ်လာလုပ်နေကြတဲ့ လူတွေရဲ့ခြေထောက်တွေကိုပဲ ကြည့်နေမိတယ်။ တစ်ခါတလေမှာတော့ ဖိနပ်ဆိုင်တွေရှေ့မှာရပ်ပြီး မှန်ပြတင်းအကာကြီးတွေနောက်မှာ တန်းစီထားတဲ့ ရှူးဖိနပ်တွေကို ငေးကြည့်နေမိတယ်။ ဖိနပ်တွေရဲ့ ဈေးနှုန်း၊ အရွယ်အစားနဲ့ အရောင်အသွေးတွေကိုကြည့်ပြီး ကျုပ်နဲ့တော်မယ့်၊ လိုက်မယ့် ရှူးဖိနပ်ကို ရွေးနေမိတယ်။

ကျုပ်ညအိပ်တဲ့ မြေအောက်ခန်းထဲမှာ ကျုပ်လိုပဲ အများကဝိုင်းပယ် ခံထားရတဲ့ အကောင်တစ်ကောင်ရှိတယ်။ အနေနည်းနည်းကြာလာတော့ သူနဲ့ကျုပ်ခင်လာတယ်။ သူ့နာမည်က "လော်ရပ်ဆို"တဲ့။ ဆံပင်ကလုလု၊ တွန့်တွန့်လိပ်လိပ်၊ ထုထုသန်သန်နဲ့။ ဒါပေမဲ့ ကျုပ်လိုတော့ အရုပ်အမောင်းက မကောင်းဘူး။

သူနဲ့ခင်လာတာကြာလာတော့ ကျုပ်ဟာ ကျုပ်စိတ်ထဲခံစားမှုကို သတိထားမိလာတယ်။ တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ရထားတဲ့ သူ့ရှူးဖိနပ်ကို ကြည့်ပြီး သူ့အပေါ် မနာလိုဝန်တိုဖြစ်လာတယ်။ သူ့ဖိနပ်က အတော်ကောင်းတယ်ဗျ။ သားရေကလည်းအထူစား၊ ခွာနှစ်ထပ်ခံပြီး ချုပ်ထားတာ။ မဟာမိတ်စစ်တပ်တွေက အရာရှိတွေသာစီးတဲ့ ရှူးဖိနပ်မျိုးဆိုတော့ တကယ့် အကောင်းစားပေါ့ဗျာ။

အမှန်တော့ ရှူးဖိနပ်က လော်ရာဆိုနဲ့မတော်ဘူး။ ဖိနပ်တွေက ကြီးနေတယ်။ မနက်တိုင်း သူအိပ်ရာကနိုးလို့ ဖိနပ်တွေကိုစီးတဲ့အခါမှာ သတင်းစာအဟောင်းတွေကိုခေါက်ပြီး ဖိနပ်ထဲထိုးထည့်ပေးရတယ်။ ဒါပေမဲ့ ဖိနပ်တွေက ကျုပ်နဲ့တော့တော်တယ်ဗျ။ လက်အိတ်တစ်စုံစွပ်သလို ဖြစ်နေလိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်က သူ့ထက်အရပ်ရှည်တယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ကျုပ်သိထားတာကတော့ လော်ရပ်ဆိုမှာလည်း ပစ္စည်းတစ်ခု သိပ်လိုချင်နေတယ်။ တခြားတော့မဟုတ်ဘူး။ သိုးကျောင်းသားဆေးတံ တစ်ချောင်း သိပ်ပြီးဝယ်ချင်နေတယ်။ သူရောမမြို့ကို မလာခင်တုန်းက ဒီအကောင်ဟာ တောင်တန်းတွေပေါ်မှာ သိုးကျောင်းသမားတွေနဲ့ နေခဲ့ဖူးတယ်လို့ ကျုပ်ကို ပြောဖူးတယ်။

သူကပြောတယ်။ သူ့ဆံပင်ကလုလှနဲ့ မျက်လုံးကပြာပြာဆိုတော့ ဂျက်ကက်အင်္ကျီနဲ့ မဟာမိတ်စစ်သားတွေဝတ်တဲ့ စစ်ဘောင်းဘီကို ဝတ်ထားလိုက်မယ်ဆိုရင် သိပ်ပြီးကြည့်ကောင်းမှာပဲတဲ့။ ပြီးတော့ ဆေးတံကိုခဲပြီး စားသောက်ဆိုင်တွေမှာ သိုးကျောင်းသားသီချင်းတွေဆိုမယ် တီးမယ်ဆိုရင် ငွေအများကြီး ရနိုင်တယ်တဲ့။

ဒါပေမဲ့ ခက်နေတာက တခြားမဟုတ်ဘူး။ ဆေးတံဝယ်ဖို့ငွေမရှိတဲ့ ပြဿနာပဲ။ ဆေးတံဈေးကလည်း အကြီးသားကလားဗျ။ ဆေးတံတစ်ချောင်းရဲ့ ဈေးက ရှူးဖိနပ်တစ်ရန်ဖိုးလောက်ရှိနေတာဗျ။ ကျုပ်စိတ်အထင်ပြောရရင် ရှူးဖိနပ်တစ်ရန်ထက်တောင် ဈေးပိုပေးရလိမ့်မယ်ထင်တယ်။ အဲဒီတော့ လော်ရပ်ဆိုဟာလည်း ကျုပ်လိုပဲပေါ့။ သူ့နည်းသူ့ဟန်နဲ့ ရှာလို့ဖွေလို့ရလာတဲ့ ပစ္စည်းအတိုအထွာတွေကိုရောင်းပြီး ဆေးတံတစ်ချောင်းဝယ်ဖို့ ကြိုးစားနေတယ်။

ဒါပေမဲ့ဗျာ၊ ဒီကောင်လည်း ကျုပ်လိုပါပဲ။ ဆေးတံတစ်ချောင်းဖိုးက မရဘဲဖြစ်နေတယ်။ အဲဒီတော့ သူလည်းပဲကျုပ်လိုပဲပေါ့။ အချိန်ရှိသမျှ ဆေးတံအကြောင်းပဲတွေးနေတာပဲ။ ဒီလိုနဲ့ပဲ တစ်ရက်မှာတော့ စကားများများ မပြောရဘဲနဲ့ ကျုပ်တို့နှစ်ယောက် အပေးအယူတစ်ခုလုပ်ဖို့ သဘောတူခဲ့ကြတယ်။ ပထမ ကျုပ်က သူ့ကို ရှူးဖိနပ်အကြောင်းပြောတယ်။ သူက ကျုပ်ကို ဆေးတံအကြောင်း ပြန်ပြောတယ်။ ဒါပေမဲ့ ဝယ်ချင်တယ်လို့ ပြောရုံလောက်ပဲ ပြောမိကြတာပါ။ နှစ်ယောက်စလုံး ဆေးတံဝယ်တော့မယ်၊ ရှူးဖိနပ်ဝယ်တော့မယ်လို့တော့ မပြောမိကြပါဘူး။

နောက်ဆုံးမှာတော့ နှစ်ဦးသဘောတူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ ဒီကိစ္စမှာ လုပ်နည်းကိုင်နည်းကို စဉ်းစားမိတဲ့လူကကျုပ်ပါ။ ကျုပ်က ပြောပြလိုက်တော့ လော်ရပ်ဆိုက ချက်ချင်းသဘောတူတယ်ဗျ။ လုပ်ရမယ့်နည်းက ဒီလို။ ကျုပ်တို့နှစ်ယောက်အနေနဲ့ သမီးရည်းစားစုံတွဲတွေ ချိန်းတွေ့လေ့ရှိတဲ့ ချောင်ကောင်းကောင်းနေရာကို သွားကြမယ်။ ဥပမာ ဘော်ဟီးစ်ပန်းခြံလို

www.burmeseclassic.com

www.burmeseclassic.com



နေရာမျိုးပေါ့ဗျ။ အဲဒီနေရာကိုရောက်ရင် ပွေ့ဖက်နမ်းရှုပ်နေကြတဲ့အတွဲ တစ်တွဲကို ဝင်လုကြမယ်။

အဲဒီကိစ္စကို ဆွေးနွေးကြတဲ့အခါမှာ လော်ရပ်ဆိုဟာ အတော်သွေးဆာနေတဲ့ လူငယ်တစ်ယောက်လို့ ကျုပ်သိလာရတယ်။ အမှန်အတိုင်းပြောရရင် ကျုပ်တော်တော်အံ့အားသင့်သွားတယ်။ သူ့ပုံပန်းက ဘာမှမသိနားမလည်တဲ့ သိုးကျောင်းသားတစ်ယောက်နဲ့ တူတယ်မဟုတ်လား။ ဒီလိုလူမျိုးဆီက ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်း စကားတွေကြားတော့ ကျုပ်အံ့သြမိတာပေါ့။

သူက ဒီအလုပ်ကိုလုပ်ဖို့ အတော်ကြီးစိတ်အားထက်သန်နေပုံ ပေါ်တယ်။ ဝင်လုကြတဲ့အခါမှာ လိုအပ်လာရင် မိန်းမကိုရော ယောကျ်ားကိုပါ သတ်ပစ်မယ်လို့ သူက ကြိမ်းလားမောင်းလား လုပ်နေတယ်။ အံမယ် သူကဒီအကြောင်းကို ပြောရင်းပြောရင်းနဲ့ သူ့လက်ထဲက စပန်နာကြီးနဲ့ ကျုပ်ခေါင်းကို ရိုက်တော့မလို လုပ်ပြတယ်။ ပြီးတော့ "ဒီအကောင်ကို ကျုပ်က ဟောဒီလို... ဟောဒီလို ဆော်မှာ၊ အဲဒီအတိုင်းသာ တွယ်လိုက်လို့ကတော့ နှစ်ကောင်စလုံး ကြွသွားမှာ သေချာပါတယ်ဗျာ"လို့ ပြောတယ်။

ကျုပ်မှာက ကျုပ်ကိုယ်ကျုပ် မထိန်းနိုင်တဲ့စိတ်ရှိတယ်ဗျ။ ကျုပ်ရွာမှာနေတုန်းက နေ့ရောညပါ ဗုံးကျင်းထဲမှာ လှဲနေခဲ့ရဖူးတယ်။ အပြင်ဘက်မှာကလည်း လေယာဉ်ပျံကတဝီဝီနဲ့၊ ဗုံးကြဲသံတွေကလည်း တဝေါဝေါနဲ့။ အဲဒီတုန်းကတည်းက ကျုပ်ဟာ ကျုပ်မကြိုက်တဲ့ဟာ တစ်ခုခုနဲ့တွေ့ရရင် ဒေါသကြီးလာတတ်တယ်။ အခုလည်းပဲ လော်ရာဆိုက ကျုပ်ခေါင်းကို စပန်နာကြီးနဲ့ ရွယ်တော့ ထောင်းခနဲဒေါသဖြစ်ပြီး သူ့ကို တစ်အားဆောင့်တွန်းပစ်လိုက်မိတယ်။ ဒီအကောင်ဟာ ခြေကားရားလက်ကားရားနဲ့လဲကျသွားတယ်။ ကျုပ်က "မင်းငါ့ကို ဒါမျိုးမလုပ်နဲ့၊ နောက်တစ်ခါလုပ်ရင် ငါမင်းကိုအသတ်ပဲ"လို့ ပြောလိုက်မိတယ်။

အဲဒီနောက်တော့ ချက်ချင်းပဲ ကျုပ်အမှားကို ကျုပ်ပြန်သတိရလာတယ်။ "မင်းဟာ တော်တော့်ကိုတုံးတဲ့အကောင်ပဲ၊ ဘာကိုမှမသိနားမလည်တဲ့ အကောင်တစ်ကောင်ပါလား။ မင်းထုပုံအ,ပုံက နွားသိုးတစ်ကောင်နဲ့ ဘာထူးလို့လဲ။ မင်းနားလည်ထားရမှာက အပြင်ချောင်ကောင်းကောင်းမှာ ချိန်းတွေ့ကြတဲ့ ကောင်တွေနဲ့ ကောင်မတွေဟာ လူသိမှာကြောက်လို့ကွ၊ လူသိမှာသာမကြောက်ရင် အိမ်တစ်အိမ်မှာပဲ ချိန်းတွေ့ကြမှာပေါ့။ အဲဒီတော့ မင်းသူတို့ဆီက ငွေဝင်လုရင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘယ်သူ့ကိုမှ မတိုင်ရဲဘူး။ တိုင်လိုက်ရင် သူတို့ယောက်ျားတွေ ဒါမှမဟုတ် သူတို့မိဘတွေ သိကုန်ပြီး သောက်ပြဿနာတွေ ပေါ်လာမှာပေါ့။ တကယ်လို့ မင်း သူတို့ကိုသွားသတ်ရင် သတင်းစာတွေထဲမှာ ဟိုးလေးတကြော် ရေးကြတော့မယ်။ လူတိုင်းက သိသွားကြမယ်။ နောက်ဆုံးရဲက မင်းကို 'ကုပ်'မှာပေါ့"

"အဲဒီတော့ တို့လုပ်ရမှာက အရပ်ဝတ်ဝတ်ထားတဲ့ ရဲယောင်ဆောင်ပြီး သူတို့ကို ချောင်းဖမ်းရမယ်၊ ပြီးတော့ 'လက်မြှောက်၊ မင်းတို့ လူအများသွားလာနေတဲ့ နေရာမှာ တစ်ယောက်နဲ့တစ်ယောက် ဖက်နမ်းနေကြတယ်၊ ဥပဒေက ခွင့်မပြုဘူးဆိုတာ မင်းတို့မသိဘူးလား၊ မင်းတို့အလုပ်က ဥပဒေချိုးဖောက်နေတယ်ကွ'လို့ ပြောမယ်၊ ပြီးရင် သူတို့ပေးတဲ့ငွေကို အသာယူပြီး လစ်လာရုံပဲ"လို့ ကျုပ်က ရှင်းပြလိုက်တယ်။

လော်ရပ်ဆိုဟာ ပါးစပ်ကြီးဟပြီး ကျုပ်ကိုငေးကြည့်နေတယ်။ မျက်လုံးကြီးတွေကလည်း ပြူးနေလိုက်တာ အပြင်ကို ထွက်ကျလာမလားလို့တောင် ထင်ရတယ်။ နောက်ဆုံးမှာတော့ သူက "ခင်ဗျားပြောတာက ဟုတ်တော့ဟုတ်ပါရဲ့၊ ဒါပေမဲ့ လူသေကောင်ဟာ အတင်းအဖျင်းမပြောတတ်ဘူးဆိုတဲ့ စကားရှိတယ်မဟုတ်လား၊ အဲဒီတော့"

သူ့စကားမဆုံးခင် ကျုပ်က "မတုံးစမ်းပါနဲ့ကွာ၊ မင်းငါပြောတဲ့အတိုင်း သာလုပ်၊ မင်းပါးစပ်ကို ပိတ်ထား"လို့ ငေါက်လိုက်တော့ သူဟာ ပါးစပ်ပိတ်ပြီး ငြိမ်နေတယ်။ ကျုပ်တို့နှစ်ယောက်ဟာ အစီအစဉ်အတိုင်းလုပ်ဖို့ သဘောတူလိုက်ကြတယ်။

ချိန်းထားတဲ့နေ့ကျတော့ ညနေပိုင်းမှာ ကျုပ်တို့နှစ်ယောက်ဟာ ဘော်ဟီးစ် ပန်းခြံဆီကို သွားကြတယ်။ လော်ရပ်ဆိုက သူ့စပန်နာကို ဂျက်ကက်အင်္ကျီအတွင်း အိတ်ကပ်ထဲမှာထည့်လာတယ်။ ကျုပ်အိတ်ကပ်ထဲမှာတော့ ဂျာမန်လုပ် ပစ္စတိုတစ်လက် ပါလာတယ်။ သူများကရောင်းပေးဖို့ အပ်ထားတဲ့ ပစ္စတိုပါ။ အခုအချိန်အထိ ဝယ်မယ့်လူပေါ်မလာလို့ ကျုပ်လက်ထဲမှာ သောင်တင်နေတယ်။ ပစ္စတိုကို ယူလာတာက လိုအပ်လာရင်သုံးဖို့ပေါ့။

ကျုပ်တို့နှစ်ယောက်ဟာ ပန်းခြံဘေးက လမ်းသွယ်အတိုင်း လျှောက်လာခဲ့ကြတယ်။ ပန်းခြံထဲကခုံတွေပေါ်မှာတော့ နေရာယူထားတဲ့လူတွေဟာ အများကြီးပဲ။ ပန်းခြံထဲက မီးတိုင်တွေအောက်မှာ လမ်းသလားနေတဲ့လူတွေလည်း ရှိတယ်။ ကျုပ်တို့ဟာ ပန်းခြံထဲမှာ အမှောင်ဆုံးနဲ့ချောင်အကျဆုံး နေရာတစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်ရှာကြတယ်။ သမီးရည်းစားဆိုတာကလည်း အဲသလို နေရာမျိုးဟာ သူတို့အတွက် အကောင်းဆုံးနေရာမို့ သိပ်ကြိုက်ကြတယ်မဟုတ်လား။

နောက်ဆုံးမှာ ကျုပ်တို့ဟာ အသင့်တော်ဆုံးနေရာကိုတွေ့တယ်။ အဲဒီနေရာမှာတော့ တကယ့်ကို မှောင်တာပဲဗျို့။ သစ်ပင်တွေကလည်း အုံ့အုံ့ဆိုင်းဆိုင်းနဲ့ အများကြီးပဲ။ မီးတိုင်တွေဘက်က အလင်းရောင်တွေကလည်း ဒီဘက်ကို ရောက်မလာဘူး။ ခုံတွေပေါ်မှာ ထိုင်နေကြတဲ့ အတွဲတွေကလည်း မရေမတွက်နိုင်လောက်အောင်ကို များပါတယ်ဗျာ။ တချို့ထိုင်ခုံတွေများဆိုရင် စုံတွဲနှစ်တွဲစီ ထိုင်နေကြတာ တွေ့ရတယ်။သူတို့လုပ်နေကြတဲ့ အလုပ်တွေကတော့ ထုံးစံအတိုင်းပေါ့ဗျာ။ ပွေ့ကြဖက်ကြနမ်းကြရှုပ်ကြပေါ့။ အချင်းချင်း ရှက်ရကြောက်ရမှန်း လုံးဝကို မသိကြဘူး။ ရည်ရွယ်ချက်တွေက တူနေတော့လည်း ဒီလိုပဲ ဖြစ်ရပေမပေါ့။

ဟိုအကောင် လော်ရပ်ဆိုကတော့ သူဘာလုပ်ဖို့ ဒီနေရာကိုလာခဲ့သလဲဆိုတာကိုတောင် သတိရပုံမပေါ်တော့ဘူး။ လူသတ်မယ်ဆိုတဲ့ သူ့စကားသူလည်း မေ့သွားတဲ့ လက္ခဏာပဲ။ စုံတွဲတွေကို ပြူးပြူးပြဲပြဲလိုက်ကြည့်ရင်း စိတ်ပြောင်းသွားပုံရတယ်။ သက်ပြင်းကိုလည်း မကြာခဏချတယ်။ သူ့မျက်လုံးတွေက နမ်းရှုပ်နေတဲ့ စုံတွဲတွေကိုကြည့်ပြီး မီးဝင်းဝင်းတောက်နေပေမယ့် မျက်နှာထားကတော့ မနာလိုဝန်တို ဖြစ်နေသလိုပဲ။

ပြီးတော့ တံတွေးကိုဂလုခနဲ မျိုချလိုက်ပြီး ကျုပ်ကို လှမ်းပြောတယ်။ "ကျွန်တော်လည်း လူငယ်တစ်ယောက်ပါဗျာ၊ အခု ဖက်နမ်းနေကြတဲ့ အတွဲတွေကို မြင်တော့ ကျွန်တော် ပြောင်ပြောင်ပဲ ပြောလိုက်မယ်၊ ကျွန်တော့်အနေနဲ့ ရောမမြို့ပေါ်မှာ မဟုတ်ဘဲ တောပိုင်းမှာသာဆိုရင်လား ဟားဟား အလွယ်ကလေးရယ်၊ ဘေးမှာရှိတဲ့ကောင်ကို တစ်ချက်လောက် ဟောက်လိုက်ရင် တစ်ခါတည်း ထွက်ပြေးမှာ သေချာတယ်၊ အဲ... အဲဒီကောင် မရှိတော့ဘူးဆိုရင် ချောင်ချောင်ကလေး၊ ဟဲ... အလှရေ အချစ်ရေ လာပါကွယ်၊ ဟိုတောစပ်သွားကြရအောင်၊ ငါ့မင်းကို ကိုက်မစားပါဘူးလို့ ပြောလိုက်ရင် အားလုံးအဆင်ပြေသွားပြီ"တဲ့။

သူဟာ ကျုပ်အနားကထွက်သွားပြီး အတော်လှမ်းလှမ်းက အကြမ်းဆုံး စုံတွဲတွေဆီကို သွားကြည့်နေတယ်။ သူ့လျှာကို ထုတ်ထုတ်ပြီး နှုတ်ခမ်းတွေကို လျက်နေတယ်။ ကျုပ်မျက်စိထဲမှာတော့ သူ့လျှာထုတ်ပြီး လျက်နေတဲ့ပုံက နွားသိုးတစ်ကောင်နဲ့ တူနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကျုပ်ကို ခေါင်းညိတ်ခေါ်တယ်။ စုံတွဲတွေကို လာကြည့်ပါလားလို့ ခေါ်နေတာဗျ။ "ဟော့ကောင်သောက်ရူး၊ မင်း ဆေးတံကို လိုချင်သလား၊ မလို ချင်ဘူးလား ပြောစမ်း"လို့ ကျုပ်က အံကြိတ်ပြီး ခပ်ငေါက်ငေါက် ပြန်ပြောတော့ သူက "အခုချိန်မှာတော့ ကျွန်တော် ဆေးတံမလိုချင်ဘူးဗျ၊ ကောင်မလေး တစ်ယောက်ပဲ ရချင်တယ်၊ ဥပမာ– ဟောဟိုကောင်မလေးလိုဟာမျိုးပေါ့"လို့ ပြောတယ်။

"အေးလေ မင်းက အဲသလိုဖြစ်နေပြီဆိုရင်တော့ စပန်နာယူလာဖို့ မသင့်ဘူး၊ ကဲလာ ငါ့နောက်ကလိုက်ခဲ့တော့"လို့ ကျုပ်ကပြောတယ်။ "ကျွန်တော် လည်း ခင်ဗျားပြောသလိုပဲ ထင်တယ်၊ ဒီအလုပ်ကို မလုပ်ရင်တောင် ကောင်း မယ်ထင်တယ်"လို့ သူကပြန်ပြောတယ်။ သူ့အနေနဲ့က မိနစ်တိုင်း စိတ်ပြောင်း နေပြီဆိုတော့လည်း အဲသလိုပဲ ပြောတော့မှာပေါ့ဗျာ။

ကျုပ်တို့ဟာ ချောင်အကျဆုံးဖြစ်တဲ့ ပင်စီယိုပန်းခြံဘက်ကို လျှောက်လာ ခဲ့ကြတယ်။ ဘော်ဟီးစ်ပန်းခြံရပ်ကွက်ထဲမှာတော့ ပင်စီယိုဟာလည်း အမှောင် ဆုံးနဲ့ ချောင်အကျဆုံးနေရာလို့ နာမည်ကြီးတဲ့နေရာတစ်နေရာပဲ မဟုတ်လား။ ဒီနားတစ်ဝိုက်ကျတော့လည်း လော်ရပ်ဆိုဟာ အပွေ့အဖက်တွေနဲ့ အနမ်းတွေ ဘာတွေကို မြင်နေတုန်းပဲ။ သူ့မျက်နှာထားကို မြင်ရုံနဲ့ သူဘာလုပ်ချင်နေတယ် ဆိုတာ ကျုပ်ရိပ်မိပါတယ်။

ကျုပ်ကတော့ လူတစ်မျိုးဗျ။ လွယ်လွယ်နဲ့ စိတ်ပြောင်းတတ်တဲ့ကောင် မဟုတ်ဘူး။ ကျုပ်ဒီဟာတစ်ခုကို လိုချင်ရင် အဲဒီဟာပဲ။ အဲဒီဟာကလွဲပြီး တခြားဘာကိုမှ ပြောင်းလို့ရတဲ့ကောင်စား မဟုတ်ဘူး။ အခုဆိုရင် ကျုပ်လိုချင်တာ ရှူးဖိနပ်တစ်ရန်ပဲ။ ဒီညှ ရှူးဖိနပ်တစ်ရန်ရဖို့ကလွဲပြီး တခြားဘာအာရုံမှ မရှိဘူး။ ဟိုသင်းဒီသင်းတွေကို မြင်နေတွေ့နေရလို့လည်း ကျုပ်စိတ်က ပြောင်းမသွားဘူး။

ကျုပ်တို့ဟာ ပင်စီယိုနားက ချောင်ကြိုချောင်ကြား လမ်းသွယ်တွေထဲမှာ လျှောက်သွားနေကြတယ်။ သစ်ပင်တွေအောက်မှာရှိနေတဲ့ ထိုင်ခုံတွေကို တစ်ခုံပြီး တစ်ခုံ လျှောက်ကြည့်နေကြတယ်။ ကျုပ်တို့လုပ်မဲ့အလုပ်အတွက် သင့်တော်တဲ့ နေရာက ရှာလို့ကိုမရဘူး။ တစ်နေရာရောက်ပြန်ရင်လည်း အနီးအနားမှာရှိနေတတ် တဲ့ တခြားစုံတွဲတွေက မြင်သွားမှာ ကြောက်နေရတယ်မဟုတ်လား။ အဲဒါနဲ့ပဲ ကျုပ်တို့ဟာ အဲဒီအနားတစ်ဝိုက်မှာ ချာလပတ်လည်နေကြတယ်။

လော်ရပ်ဆိုကတော့ စောစောကလိုပဲ။ လုပ်ဖို့စီစဉ်ထားတဲ့ အလုပ်အပေါ်

www.burmeseclassic.com



မှာ စိတ်မဝင်စားတော့ပြန်ဘူး။ ဒါပေမဲ့ အခုအချိန်မှာ သူစဉ်းစားနေတာဟာ စောစောကလို အပွေ့အဖက် အနမ်းအရှုပ်ကိစ္စ မဟုတ်တော့ပြန်ဘူး။ ဘာကြောင့် ရယ်လို့တော့ ကျုပ်လည်းမပြောတတ်ဘူး။ သူ့အာရုံဟာ ပန်းခြံထဲက နေရာတိုင်း လိုလိုမှာ တွေ့မြင်နေရတဲ့ ကိုယ်တစ်ပိုင်း ကျောက်ဆစ်ရုပ်တုတွေ ဖြစ်နေတယ်။

ရုတ်တရက် သူက "ဒီရုပ်တုတွေက ဘယ်သူတွေလဲဗျ" လို့ ကျုပ်ကို မေးတယ်။ "ဒီရုပ်တုတွေက ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် သိချင်လိုက်တာ ဗျာ"တဲ့။

"မင်းဆိုတဲ့ကောင်ဟာ တော်တော်ကိုတုံးတာပဲ၊ အဲဒီလူတွေဟာ အလွန် ထင်ရှားကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်တွေပေါ့ကွ၊ သူတို့လို ထင်ရှားကျော်ကြားတဲ့ အမျိုးသားကြီးတွေဆိုရင် အခုလို ပုံတူကျောက်ရုပ်တွေထုပြီး ဒီအထဲမှာ လာ ထားကြတာပေါ့" လို့ ကျုပ်က ပြန်ဖြေလိုက်တယ်။

သူဟာ ကျောက်ရုပ်တုတစ်ခုဆီကို လျှောက်သွားပြီး သေသေချာချာ ကြည့်နေတယ်။ ပြီးတော့ ကျုပ်ကို လှည့်ကြည့်ပြီး "ဒီရုပ်တုကျတော့ မိန်းမ တစ်ယောက်ပဲ၊ ဘာပြုလို့လဲ" လို့ မေးတယ်။

"ဟကောင်ရ သူလည်း ကြီးကျယ်ထင်ရှားခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့ လို့ပေါ့" လို့ ကျုပ်က ပြန်ပြောတယ်။

သူ့မျက်နှာထားက ကျုပ်စကားအပေါ်မှာ သဘောပေါက်ပုံ မပေါ်ဘူးဗျ။ တော်တော်ကြာကြာလေး ငြိမ်ဆိတ်နေပြီးခါမှ "ဒီလိုဆိုရင် တကယ်လို့ ကျွန်တော် ဟာ ကြီးကျယ်ထင်ရှားတဲ့ လူတစ်ယောက်ဖြစ်သွားတယ်ဆိုပါတော့၊ သူတို့က ကျွန်တော့်ပုံကို အခုလိုထုပြီး ဒီနေရာမှာ လာထားမှာပဲလား" လို့ မေးတယ်။

"ထားမှာပေါ့ကွ၊ အင်း... ဒါပေမဲ့ မင်း... မင်းလိုကောင်စားကတော့ ဘယ်တော့မှ ကြီးကျယ်ထင်ရှားတဲ့ လူတစ်ယောက် ဖြစ်မလာနိုင်ပါဘူးကွာ"

"ခင်ဗျားက ဘယ်လိုလုပ်ပြီး သိတာလဲ။ ဆိုကြပါစို့ရဲ့ ကျွန်တော်ဟာ ရောမမြို့ရဲ့ ကြောက်စရာ့လူဖြစ်လာပြီဆိုပါတော့။ ဥပမာဗျာ ကျွန်တော်က လူတွေအများကြီးသတ်မယ်။ သတင်းစာတွေကလည်း ကျွန်တော့်အကြောင်းကို ရေးကြမယ်၊ ကျွန်တော့်ကိုလည်း ရှာလို့မတွေ့ကြဘူး။ ဖမ်းလို့မမိကြဘူး။ အဲသလိုဆိုရင် သူတို့က ကျွန်တော့်ပုံကို ကျောက်ရုပ်ထုပြီး အခုလိုထားကြမှာ ပဲလား"

ကျုပ် တအားအော်ပြီး ရယ်မိတယ်။တကယ်တော့ ကျုပ်မရယ်ချင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒါပေမဲ့ မရယ်ဘဲမနေနိုင်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့ ဒီအကောင် ပြောလိုက်တဲ့ စကား ဘယ်ကရလာတယ်ဆိုတာ ကျုပ်က သိနေလို့ပါ။ သူ့ ကိုယ်သူ "ရောမမြို့က လူဆိုးကြီး"လို့ ကင်ပွန်းတပ်လိုက်တာဟာ တခြားကြောင့် မဟုတ်ဘူး။ လွန်ခဲ့တဲ့ သုံးလေးရက်လောက်က သူနဲ့ ကျုပ် "ရှီကာဂိုမြို့တော်မှ လူဆိုးကြီး" ဆိုတဲ့ ရုပ်ရှင်ကားကို သွားပြီးကြည့်ခဲ့ကြတယ် မဟုတ်လား။ အဲဒါကြောင့် သူ့ပါးစပ်က ဒီစကားလုံးထွက်လာတာ။

"ဘယ်ထားမလဲကွာ"လို့ ကျုပ်ကပြန်ပြောတယ်။ "လူတွေကို လှျောက် သတ်နေလို့ ကြီးကျယ်မြင့်မြတ်တဲ့လူ ဖြစ်လာတာမှ မဟုတ်တာ။ မင်းဆိုတဲ့ ကောင်ဟာ တော်တော်ကို အ,တာပဲ။ ကြီးကျယ်ထင်ရှားပြီး မြင့်မြတ်တဲ့ပုဂ္ဂိုလ် တွေဟာ လူတွေကိုလိုက်သတ်နေတဲ့ လူသတ်သမားမဟုတ်ဘူးဟ"

"ဒီလိုဆိုရင် သူတို့က ဘာတွေလုပ်ကြသလဲ"

"ဟာကွာ သူတို့က စာအုပ်တွေ ရေးကြတယ်ကွာ"

ကျုပ်စကားကြားတော့ ဒီအကောင် မျက်နှာပျက်သွားတယ်။ သူ့စိတ်ဟာ သက်သာပုံမရဘူး။ ဘာကြောင့်လဲဆိုတော့ သူက စာမှ ကောင်းကောင်းမတတ် ပဲကိုးဗျ။ ဒါပေမဲ့ သူကပြောတယ်ဗျသိလား။ "ဘာပဲဖြစ်ဖြစ်ဗျာ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ ပုံတူရုပ်တုရှိနေချင်တယ်၊ အဲသလိုဆိုရင် လူတွေက ကျွန်တော့်ကို အမြဲသတိရနေမှာ"တဲ့။

"အင်း မင်းဆိုတဲ့ကောင်ကတော့ တကယ့်သောက်ရူးသောက်ပေါ တစ်ကောင်ပါပဲကွာ"လို့ ကျုပ်က ပြောမိတယ်။ "မင်းအစား ငါရှက်သကွာ၊ ဒါပေမဲ့ ခက်ပါတယ်ကွာ၊ ငါဘယ်လိုပဲ ရှင်းပြပြ မင်းက နားလည်မယ့်ကောင် မဟုတ်ပါဘူး၊ ရှင်းပြနေရင်လည်း အချိန်ဖြုန်းသလို ဖြစ်မှာပါပဲ"

ကျုပ်တို့ဟာ အဲဒီနားတစ်ဝိုက်မှာပဲ လှည့်ပတ်သွားနေကြတယ်။ နောက် ကျတော့ ပင်စီယိုကုန်းတန်းပေါ်ကို တက်လာခဲ့ကြတယ်။ အဲဒီတစ်ဝိုက်မှာတော့ ကားတွေ တော်တော်များတယ်။ ကားထဲကထွက်လာတဲ့ လူတွေဟာ အပေါ်စီး မြင်တွေ့နေရတဲ့ ရောမမြို့တော်ရဲ့အလှမှာ အံ့သြမိန်းမောနေကြတယ်။ ကျုပ်တို့ ကလည်း ကုန်းတန်းရဲ့ လှေကားထစ်တစ်ခုရဲ့ အစွန်းမှာသွားရပ်ပြီး ရောမကို ကြည့်ကြတယ်။

ရှုခင်းက တစ်မြို့လုံးကို မြင်နေရတာ။ မြင်ကွင်းကြီးတစ်ခုလုံးဟာ မည်းနက်နေပေမယ့် ကြိုကြားကြိုကြား မီးရောင်လေးတွေကို မြင်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကြားထဲမှာ အဖြူရောင်အက်ကြောင်းကလေးတွေကို မြင်ရသေးတယ်။ အဲဒါလေးတွေကတော့ လမ်းတွေဗျ။ လမရှိပေမယ့် ကောင်းကင်က ကြည်လင်နေတော့ လင်းလင်းချင်းချင်းရှိတယ်။ ကျုပ်က လော်ရပ်ဆိုကိုလက်နဲ့တို့ပြီး မားမားမတ်မတ်ကြီးရပ်နေတဲ့ စိန့်ပီတာဘုရားရှိခိုးကျောင်းကြီးကို လက်ညှိုးထိုးပြတယ်။ ကြယ်ရောင်တွေနဲ့လင်းနေတဲ့ ကောင်းကင်ပြင်ကို ကျောပေးထားတဲ့ အရိပ်မည်းမည်းကြီးတစ်ခုနဲ့ တူနေပါတယ်။

"ခင်ဗျားပဲ စဉ်းစားကြည့်ပေါ့"လို့ လော်ရပ်ဆိုကပြောတယ်။ "တကယ်လို့ ကျုပ်ဟာ ရောမမြို့ရဲ့ ကြောက်စရာလူဆိုးကြီးတစ်ယောက် ဖြစ်သွားရင် အခု ကျုပ်တို့မြင်နေရတဲ့ အိမ်တွေထဲက လူတွေအားလုံးဟာ ကျုပ်အကြောင်းကိုပဲ စဉ်းစားနေကြမှာ။ ပြီးတော့လည်း အချိန်ရှိသမျှ ကျုပ်ရောက်လာပြီး သတ်မှာဖြတ်မှာကို ကြောက်နေကြမှာပဲ"

အဲဒီစကားတွေ ပြောနေရင်းနဲ့ သူက ရောမမြို့ဘက်ကို လက်တစ်ဖက်ယမ်းပြလိုက်သေးတယ်ဗျား။ သူ့အမူအရာက ရောမမြို့တစ်မြို့လုံးကို ခြိမ်းခြောက်ချင်တဲ့ ပုံမျိုးဗျ။ ပြီးတော့ သူက ဆက်ပြောလိုက်သေးတယ်။ "ညတိုင်းထွက်ပြီး လူတစ်ယောက်နှစ်ယောက်ကိုတော့ သတ်မှာပဲ၊ သတ်ပြီးရင်လည်း ကျုပ်ကို ဘယ်သူမှ ရှာလို့တွေ့မှာမဟုတ်တော့ဘူး"တဲ့။ ကျုပ်ကလည်း "မင်းဟာ တော်တော့်ကို ရူးတဲ့ကောင်ပဲ၊ မင်း ရပ်ရှင်မကြည့်သင့်ဘူး၊ အမေရိကားမှာက စက်သေနတ်တွေနဲ့ကားတွေကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိတယ်၊ ပြီးတော့ သူတို့က အလုပ်တွေအကိုင်တွေနဲ့ကွ။ မင်းကျတော့ ဘာကောင်မှ မဟုတ်ဘူး၊ သိုးကျောင်းသမား။ သိုးနို့ညှစ်ပြီး ထောပတ်သာ ချက်တတ်တဲ့ကောင်။ ဂျက်ကက်အင်္ကျီထဲမှာ စပန်နာကြီးတစ်ချောင်းထည့်ပြီး ဘာမှလုပ်နိုင်တဲ့ကောင်မှ မဟုတ်တာ"လို့ ပြန်ပြောလိုက်တယ်။

သူဟာ ကျုပ်ပြောတဲ့စကားပေါ်မှာ ကျေနပ်ပုံ မပေါ်ဘူး။ စကားတစ်ခွန်းမှ ပြန်မပြောဘဲ အချိန်တော်တော်ကြာကြာ ငြိမ်နေတယ်။ နောက်ဆုံးမှာတော့ "ရှင်းကတော့ သိပ်ကို လှပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်ကောင်းကောင်းနားလည်သွားပြီ။ ဒီည ကျုပ်တို့နှစ်ယောက် ဘာမှလုပ်ဖြစ်မှာ မဟုတ်ပါဘူး။ လာလမ်းအတိုင်း ပြန်ပြီးအိပ်ကြရုံပဲပေါ့"လို့ သူကပြောတယ်။ "မင်းစကားက ဘာအဓိပ္ပာယ်လဲကွ"လို့ ကျုပ်ကမေးတယ်။

"ကျုပ်စကားက ရှင်းရှင်းလေးပါဗျာ။ စိတ်ကူးတုန်းက စိတ်ကူးခဲ့ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့ ခင်ဗျားသွေးအေးသွားပြီ။ လုပ်ရမှာ ကြောက်သွားပြီ မဟုတ်လား”လို့ သူက ပြန်ပြောတယ်။ ဒီအကောင်ဟာ ဒီလိုပဲဗျ၊ သူ့စိတ်က မငြိမ်ဘူး။ သူတွေးချင်တာတွေ လျှောက်တွေးပြီးရင် ကျုပ်အပေါ် အပြစ်ပုံချတတ်တယ်။ ကျုပ်ကို လူကြောက်လို့လည်း စွပ်စွဲတတ်တယ်။ ဒါ့ကြောင့်မို့ ကျုပ်က “ဟေ့အရူး၊ လာ သွားကြမယ်၊ ငါကြောက်တယ် မကြောက်ဘူးဆိုတာ မင်းသိသွားအောင်ပြမယ်”လို့ ပြန်ပြောလိုက်တယ်။

ကျုပ်တို့ဟာ ကုန်းစောင်းလှေကားထစ်အတိုင်း အောက်ကို ဆင်းလာခဲ့ကြတယ်။မူရိတော်တို လမ်းဘက်ကို ရောက်လာကြတယ်။ ဒီနေရာတစ်ဝိုက်မှာလည်း ခုံတန်းတွေနဲ့ထိုင်နေကြတဲ့ စုံတွဲတွေဟာအများကြီးပဲ။ ဒါပေမဲ့ ဒီနေရာမှာကတော့ ကျုပ်တို့ အစီအစဉ်ကို လုပ်လို့မဖြစ်ဘူးဗျ။ ဒါပေမဲ့ တော်တော်ကလေးမှောင်မည်းနေတဲ့ နေရာတစ်နေရာမှာ စုံတွဲတစ်တွဲကိုမြင်တော့ အဲဒီအတွဲဆီသွားဖို့ ကျုပ် စိတ်ကူးရလိုက်တယ်။ အဲဒီတုန်းမှာပဲ မြင်းစီးရဲနှစ်ယောက်ဟာ အနားကဖြတ်သွားတယ်။ မှောင်ထဲမှာထိုင်နေတဲ့ စုံတွဲကလည်း ကြောက်လန့်ပြီးပျောက်သွားပါလေရော။

ကျုပ်တို့ဟာ ဆက်လျှောက်လာရင်းနဲ့ မူရိတော်တိုတံတားကို မြင်နေရတဲ့အပိုင်းကို ရောက်လာကြတယ်။ အဲဒီနေရာမှာ သံဆူးကြိုးတွေကာထားတဲ့ အဆောင်ကြီးတစ်ဆောင် ရှိတယ်။ တစ်ဖက်မှာတော့ အမြဲတမ်းဖွင့်ထားတဲ့ သစ်သားတံခါးတစ်ချပ် ရှိတယ်။ ကျုပ်လက်ထဲမှာ ငွေကြေးပြတ်တဲ့အခါတိုင်း ဒီအဆောင်ကြီးထဲမှာ လာလာပြီးအိပ်ခဲ့ရတဲ့ ညပေါင်းဟာ အများကြီး ရှိခဲ့ဖူးတယ်။ ဒီအဆောင်ကြီးထဲမှာ တံတားဘက်ကို မြင်နေရတဲ့ မှန်ကာအခန်းတစ်ခန်းရှိတယ်။ အဲဒီအခန်းထဲမှာ စိုက်ပျိုးကိရိယာ တန်ဆာပလာတွေနဲ့ ပန်းအိုးတွေရှိတယ်။ ပြီးတော့ ကျိုးပဲ့ပျက်စီးနေတဲ့ ကျောက်ထုရုပ်တွေလည်း ရှိတယ်။

ကျုပ်တို့ဟာ အဆောင်ရှေ့က ဆင်ဝင်အောက်ကို ရောက်သွားကြတယ်။ လော်ရပ်ဆိုက ဆင်ဝင်အောက်မှာဝင်ထိုင်ပြီး စီးကရက်တစ်လိပ်ဖွာနေတယ်။ သူထိုင်နေတာက လှေကားခုံအစွန်းကလေးပေါ်မှာ ထိုင်နေတာဗျ။ ဟန်တစ်လုံးပန်တစ်လုံးနဲ့ စီးကရက်ဖွာနေတဲ့ သူ့ကို သောက်မြင်ကတ်လာတယ်။ သူ့ကိုလှေကားခုံပေါ်က တွန်းချလိုက်ချင်တဲ့ စိတ်တောင်ပေါ်လာမိတယ်။ တကယ်လို့ တွန်းချလိုက်ရင်လည်း ဒီအကောင် ခွေးကျ,ကျသွားမှာကတော့ သေချာတယ်။ ကျသွားမယ်ဆိုရင်လည်း အောက်ဘက် ပေ ၁၅၀ လောက်ရှိတဲ့ မူရိတော်တိုလမ်းမ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို ကျသွားမှာ။ ပလက်ဖောင်းပေါ်ကိုသာ ခေါင်းနဲ့တည့်တည့်ကျရင် ကြက်ဥတစ်လုံး ရိုက်ခွဲလိုက်သလိုနေမှာပဲ။

သူလမ်းပေါ်ကျသွားပြီဆိုမှ ကျုပ်ဆင်းလိုက်သွားပြီး သူ့ခြေထောက်က ရှူးဖိနပ်တွေကို ချွတ်ယူလိုက်ရင်ကိစ္စကပြီးပြီပေါ့။ အဲသလိုလည်းတွေးလိုက်မိရော ကျုပ်ရဲ့စိတ်တွေဟာ လှုပ်ရှားလာတယ်။ ရင်ထဲမှာလည်း လော်ရပ်ဆိုကို စက်ဆုပ်မုန်းတီးတဲ့စိတ်ဟာ ပြင်းထန်လာတယ်။ သူ့ကို သတ်ပစ်လိုက်ချင်တဲ့ ဆန္ဒက ကြီးလာတယ်။ အမှန်တော့ဗျာ၊ ဒီဆန္ဒရဲ့နောက်မှာရှိတဲ့ ခံစားမှုအမှန်ကို ကျုပ်ချက်ချင်းပဲ ရိပ်မိလိုက်ပါတယ်။ တခြားမဟုတ်ဘူး၊ ကျုပ်လိုချင်နေတာက ရှူးဖိနပ်ပဲဗျ။ ဒီအချိန်မှာ လော်ရပ်ဆိုပဲဖြစ်ဖြစ်၊ ဘယ်ကောင်ပဲဖြစ်ဖြစ် သူ့ဆီက ရှူးဖိနပ်ရမယ်ဆိုရင် ကျုပ်သတ်မိမှာအမှန်ပဲ။

နောက်ပြီးတော့လည်း အဲဒီအချိန်တုန်းက ကျုပ်ဟာ တဝဲလည်လည် လျှောက်သွားနေရတာကို စိတ်ပျက်ပြီး ဒေါသဖြစ်နေတယ်။ သူပြောပုံဆိုပုံနဲ့ လုပ်ကိုင်ပုံတွေကလည် "ချဉ်"စရာ သိပ်ကောင်းနေတယ်။ အဲဒီတော့ သူ့ကို တွန်းချမိတော့မဲ့ အခြေအနေမှာရှိတာ အမှန်ပဲ။ အဲဒီတုန်းမှာပဲ ကျုပ်တို့ရဲ့ ဘေးနားက လူနှစ်ယောက် ဖြတ်သွားတယ်။ ကျုပ်ကိုတောင်မှ ဝင်တိုးတော့မလို ဖြစ်သွားသေးတယ်။ လှည့်ကြည့်လိုက်တော့ စုံတွဲတစ်တွဲဗျ။

စုံတွဲဟာ ကျုပ်ရှေ့ကဖြတ်သွားတာ။ ယောကျ်ားက မိန်းမထက်အရပ်ပုတယ်။ ဒါပေမဲ့ မှောင်ရိပ်ကကျနေတော့ သူတို့မျက်နှာတွေတော့ မမြင်လိုက်ရဘူး။ တံခါးဝရောက်တော့ မိန်းမကအထဲကို ဝင်ချင်ပုံမပေါ်ဘူး။ အဲဒီတော့ ယောကျ်ားက "အထဲကို သွားကြရအောင်ပါကွာ"လို့ ပြောတယ်။ မိန်းမက "အထဲမှာသိပ်မှောင်တယ်"တဲ့။ "မှောင်တာ ဘာမှမဖြစ်ပါဘူးကွာ"လို့ ယောကျ်ားက ပြန်ပြောတယ်။ နောက်ဆုံးမှာတော့ မိန်းမက သဘောတူလိုက်တယ်။ သူတို့ဟာ တံခါးကိုတွန်းဖွင့်ပြီး အထဲကို ဝင်သွားကြပြီ။

ကျုပ်က ချက်ချင်းပဲလော်ရပ်ဆိုဘက်လှည့်ပြီး "ဟေ့ ဒါဟာ တို့လိုချင်နေတဲ့ အကွက်ပဲကွာ။ သူတို့အနေနဲ့ ပျိုးပင်တွေထားတဲ့မှန်လုံကာ အခန်းထဲကို ဝင်မှာ သေချာတယ်။ အဲဒီတော့ တို့က စီစဉ်ထားတဲ့အတိုင်း ရဲယောင်ဆောင်ပြီး နောက်ကလိုက်မယ်၊ ဝင်ဖမ်းမယ်။ သူတို့မှာ ပါလာသမျှငွေကိုယူမယ်"လို့ ပြောလိုက်တယ်။

လော်ရပ်ဆိုဟာ သူ့လက်ထဲက စီးကရက်ကို လွှင့်ပစ်လိုက်ပြီး ထိုင်နေရာ

www.burmeseclassic.com

www.burmeseclassic.com



က ခုန်ထလိုက်တယ်။ ပြီးတော့“ကောင်းပြီလေ၊ လုပ်ကြတာပေါ့။ ကျွန်တော်ကတော့ မိန်းမကိုပဲယူမယ်”လို့ ပြောတယ်။ ကျုပ် သိပ်ကို အံ့အားသင့်သွားတယ်။ “ဘာကွ”လို့ ကျုပ်ကပြောတော့ သူက “ကျွန်တော်ကတော့ ကောင်မကိုပဲယူမယ်။ ကျွန်တော်ပြောတာ သဘောပေါက်ရဲ့လား။ ကျွန်တော်လုပ်ချင်တာ အဲဒါပဲ”လို့ ထပ်ပြောတယ်။

“ဘာကွ... မင်းရူးနေသလား၊ အရပ်ဝတ်နဲ့ရဲဆိုတာ အဲဒါမျိုးမလုပ်ရဘူးကွ၊ မင်းဘယ်လိုကောင်လဲ”

“ဘာပဲဖြစ်ဖြစ်ဗျာ၊ အဲဒါတွေကို ကျွန်တော်နားမလည်ဘူး”တဲ့။ သူ့မျက်နှာကို မမြင်ရလို့ အကဲမခတ်နိုင်ပေမယ့် သူ့အသံကတော့ သူလုပ်ချင်တာကို လုပ်မှာပဲဆိုတဲ့သဘော ပါနေတယ်၊ကျုပ်ကလည်း အခိုင်အမာလေသံနဲ့ “အဲသလိုဆိုရင် ငါတို့ဘာမှမလုပ်တော့ဘူး”လို့ ပြောလိုက်တယ်။

“ဘာပြုလို့ မလုပ်ရမှာလဲဗျ”

“ဘာပြုလို့လဲဆိုတော့ မိန်းမတစ်ယောက်ကို အဲသလိုလုပ်တာ ငါ ခွင့်မပြုနိုင်လို့”

“ကျွန်တော့်ဘာသာ ကျွန်တော်လုပ်မယ်ဆိုရင်ကောဗျာ”

“မရဘူး၊ မင်းလုပ်ရင် ငါကတော့ ဆော်မှာပဲ။ တကယ်ပြောတာ၊ ငါကျိန်ထားလိုက်မယ်”

ကျုပ်တို့ဟာ မျက်နှာချင်းဆိုင်ရပ်ပြီး တစ်ယောက်နဲ့တစ်ယောက် ရန်စောင်နေကြတယ်။ ကျုပ်တို့ မျက်နှာတွေဟာ နှာခေါင်းချင်း ထိလုမတတ်ကပ်နေကြတယ်။ သူက “ခင်ဗျားဟာ လူကြောက်ပဲ”တဲ့။ ကျုပ်ကလည်း “မင်းဟာ သောက်ရူးပဲ”လို့ ပြန်ပြောတယ်။ သူလုပ်ချင်တာကို မလုပ်ရဘူးလို့ ကျုပ်က တားတော့လည်း သူက ဒေါသူပုန်ထတာပေါ့လေဗျာ။ ဒါမျိုးက ဖြစ်တတ်တဲ့ သဘာဝပါ။

ခဏကြာတော့ သူက “ကောင်းပြီ၊ ခင်ဗျားပြောတဲ့အတိုင်းပဲ လုပ်မယ်။ မိန်းမကို ကျွန်တော်လက်ဖျားနဲ့တောင် မတို့ဘူး။ ဒါပေမဲ့ ယောက်ျားကိုတော့ ကျွန်တော် ချမှာပဲ”တဲ့။

“မင်းဟာ တော်တော်ရူးတဲ့ကောင်ပါလား။ ဘာကြောင့်ယောက်ျားကို ချရမှာလဲကွ”

“မလိုချင်ဘူးဗျာ။ မိန်းမကိုမရရင် ယောက်ျားကိုတော့ ဆော်ရမှကျေနပ်

www.burmeseclassic.com



မယ်”

အချိန်ကကြာနေပြီ။ သူနဲ့ဆက်ပြီး စကားများနေရင် ရတောင့်ရခဲအခွင့်အရေးကို လက်လွှတ်ရတော့မှာဗျ။ ဒါကြောင့် လုပ်စရာရှိတာ ဆက်လုပ်နိုင်ဖို့အတွက် သူနဲ့ ကျုပ်နဲ့ကြားမှာ ပြေလည်အောင် မလုပ်လို့မဖြစ်ဘူး။ အဲဒီတော့ ကျုပ်က “ကောင်းပြီလေကွာ၊ လိုအပ်လာရင်တော့ မင်းလုပ်ပေါ့။ ဒါပေမဲ့ ငါက ဟောသလို အချက်ပေးမှ လုပ်ရမယ်”လို့ပြောပြီး ကျုပ်လက်တစ်ဖက်နဲ့ နဖူးကို ဖြတ်ဆွဲပြလိုက်တယ်။

ဒီကောင်ကတော့ဗျ။ အစဉ်းစားအဆင်ခြင် လုံးဝမရှိတဲ့ကောင်။ မလိုအပ်ဘဲနဲ့ သွားလုပ်လိုက်ရင် ပြဿနာတွေက ရှုပ်လာမှာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ လော်ရပ်ဆိုဟာ ကျုပ်စကားကို လက်ခံတယ်။ ကျုပ်ကလည်း သူ့ကို ကျုပ်က အချက်မပြရင် ဘာမှမလုပ်ပါဘူးဆိုတဲ့ ကတိကို ထပ်ခါတလဲလဲ တောင်းတယ်။ သူကလည်း မလုပ်ပါဘူးလို့ ကတိပေးတယ်။

ကျုပ်တို့ဟာ ဝင်းတံခါးကိုဖွင့်ပြီး အထဲဝင်လိုက်သွားကြတယ်။ ပျိုးပင်တွေ၊ ပန်းအိုးတွေနဲ့ ကျောက်ဆစ်ရုပ်အပျက်တွေထားတဲ့ မှန်လုံကာအခန်းထဲအထိ လိုက်သွားကြတယ်။ အထဲကိုဝင်သွားစမှာတော့ စုံတွဲကို မမြင်ဘူး။နောက်ကျမှ မှောင်ရိပ်ကျနေတဲ့ ထောင့်ထဲက စုံတွဲကို လှမ်းမြင်တယ်။ ယောကျ်ားက မိန်းမကို ဖက်နမ်းနေတာ တွေ့ရတယ်။

ကျုပ်က တံခါးကို တွန်းဖွင့်လိုက်ပြီး “ဘယ်သူတွေလဲကွ၊ ဒီမှာလာပြီး ဘာလုပ်နေကြတာလဲ”လို့ အော်ပြောလိုက်တယ်။ယောကျ်ားက ဖျတ်ခနဲလှည့်ပြီး ကျုပ်ဆီကို လျှောက်လာတယ်။ မိန်းမကတော့ သူ့ကို မြင်သွားမှာကြောက်လို့ မှောင်ထဲမှာ ရပ်နေခဲ့တယ်။ ကျုပ်ဆီကို လာနေတဲ့ကောင်က လူငယ်ပဲရှိသေးတယ်။ အရပ်ပုပု၊ ခေါင်းကြီးကြီး၊ လည်ပင်းတုတ်တုတ်နဲ့။

ကျုပ်က သူ့ခြေထောက်တွေကို လှမ်းကြည့်လိုက်တော့ သူစီးထားတဲ့ ရှူးဖိနပ်တွေက အသစ်တွေဗျ။ ကျုပ်ကြိုက်တဲ့ ပုံမျိုးပဲ။ အမေရိကန်စတိုင်ပေါ့။ ရာဘာဆိုးတွေနဲ့ဆိုတော့ ကျုပ်ကပိုပြီး သဘောကျတယ်။ ချုပ်ရိုးချုပ်သားက ကောင်းလည်းကောင်း၊ လှလည်းလှ။

ဒီကောင့်မျက်နှာထားက ကြောက်တဲ့လက္ခဏာ မပြဘူး။ ကျုပ်သူ့ကို ကြည့်ပြီး ဒေါပွသွားတယ်။ သူက “ခင်ဗျားက ဘယ်သူလဲ”လို့ လှမ်းမေးတယ်။

“ရဲကွ”လို့ ကျုပ်ကပြန်ပြောတယ်။ “လူအများသွားလာတဲ့နေရာတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်နဲ့ ဖက်နမ်းနေတာဟာ ဥပဒေနဲ့မညီတဲ့ လုပ်ရပ်ကွ။ မင်းတို့နှစ်ယောက်စလုံး ဥပဒေကို ချိုးဖောက်နေကြတာ။ ကဲ မချော အဲဒီအမှောင်ရိပ်ထဲမှာ ရပ်ပြီး ပုန်းနေလို့ရမယ် မထင်နဲ့။ ရှေ့ကိုထွက်ခဲ့"

မိန်းမက မှောင်ထဲကထွက်လာပြီး သူ့အဖော်ဘေးမှာ ရပ်နေတယ်။ မိန်းမက သူ့အဖော်ထက် အရပ်နည်းနည်းကလေး ပိုမြင့်တယ်။ ကိုယ်လုံးက ခပ်ပိန်ပိန်သွယ်သွယ်ရယ်။ ဝတ်ထားတဲ့အင်္ကျီက တိုတိုကျပ်ကျပ်။ ခေါင်းလောင်းပုံစကတ်အနက်က ခြေမျက်စိအထိ ရောက်နေတယ်။ မိန်းမက မိန်းမချောဗျ။ ဖားလျားချထားတဲ့ ဆံပင်ကနက်မှောင်နေတာပဲ။ မျက်လုံးကလည်း အနက်ရောင်ဆိုတော့ တစ်မျိုးလှတာပေါ့။

"လူအများသွားလာရာနေရာမှာ အခုလို နမ်းရှုပ်နေတာဟာ ဥပဒေကိုချိုးဖောက်မှုတစ်ခုပဲဆိုတာ ဆီညော်ရီနာ မသိဘူးလား"လို့ ကျုပ်ပြောတယ်။ "ပြီးတော့လည်း ဂုဏ်သိက္ခာရှိတဲ့ ဆီညော်ရီနာလို မိန်းကလေးတစ်ယောက်အဖို့ အခုလိုလုပ်တာဟာ ရက်စရာ အင်မတန်ကောင်းပါတယ်။ အများနဲ့ဆိုင်တဲ့ ပန်းခြံထဲက မှောင်ရိပ်ထဲမှာနမ်းနေတာဟာ အပေါစား ပြည့်တန်ဆာတွေလုပ်ပုံနဲ့ တူမနေဘူးလား"

သူက ကျုပ်ကိုတစ်ခုခုပြောတော့မလို လုပ်နေတုန်းမှာပဲ သူ့အဖော်က လှမ်းတားတယ်။ ကျုပ်ဘက်ကိုလှည့်ကြည့်ပြီး "ဟုတ်ပါတယ်လေ၊ ကျွန်တော် ဥပဒေကိုချိုးဖောက်မိတာ အမှန်ပါပဲ။ ကဲ ခင်ဗျားက အထောက်အထား စာရွက်စာတမ်းတွေတော့ ကျွန်တော့်ကိုပြပါ"လို့ ဝင်ပြောတယ်။

"ဘာအထောက်အထား စာရွက်စာတမ်းလဲ"

"ခင်ဗျားတို့ဟာ ရဲတွေဖြစ်ကြောင်း သက်သေခံနိုင်မယ့် စာရွက်စာတမ်းတွေပေါ့"

သူကိုယ်တိုင်က ရဲဖြစ်နေလို့သာ ဒီစကားမျိုးပြောတာပဲလို့ စိတ်ထဲကသိလိုက်တယ်။ သိပ်ပြီးအံ့ဩစရာတော့ မရှိပါဘူး။ ကျုပ်က ထုံးစံအတိုင်း ကံဆိုးတတ်တယ် မဟုတ်လား။ ဒါပေမဲ့ ကျုပ်က လေသံခပ်ကြမ်းကြမ်းနဲ့ "စကားသိပ်များမနေနဲ့ကိုယ့်လူ။ မင်းဥပဒေကို ကျူးလွန်တာအမှန်ပဲ။ ဒီတော့ ထုံးစံအတိုင်း ပေးဆပ်ရမှာပဲ"လို့ ဟန်ကိုယ့်ဖို့လုပ်ပြီး ပြန်ပြောတယ်။

"ဒါပေါ့လေ၊ ပေးဆပ်ရမှာပေါ့"လို့ သူက ငေါ့တော့တော့ လေသံနဲ့ပြောတယ်။ သူပြောပုံက ရှေ့နေတစ်ယောက်လေသံနဲ့ဗျ။ သူ့ကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားတဲ့ ပုံကတော့ လုံးဝမပေါ်ဘူး။ "ဟား... ဟား ရဲဆိုပါလား၊ ဒီမျက်ခွက်မျိုးက ရဲတဲ့လား။ ပုံကတော့ ဘာပုံပါလိမ့်။ ဂျက်ကက်အင်္ကျီဟောင်း ဝတ်ပြီး ရှူးဖိနပ်စုတ်စီးလို့ ဘာလဲ မင်းတို့က ငါ့ကို အရှူးလုပ်လို့ရမယ် ထင်နေကြသလား"

အမှန်တကယ်ကို စုတ်ပြတ်နေတဲ့ ကျုပ်ရဲ့ ရှူးဖိနပ်အကြောင်း ပြောသံကြားလိုက်တော့ ကျုပ်စိတ်ဟာ "ထောင်း"ခနဲ ဖြစ်သွားတယ်။ တကယ်တော့လည်း ရဲက အခုလောက် စုတ်ပြဲနေတဲ့ ရှူးဖိနပ်ကို စီးမတဲ့လားဗျာ။ ဒါကျတော့လည်း မှန်နေတာပဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ဗျာ၊ ကိုယ့်စိတ်ကို ထိန်းမရတော့တဲ့ ကျုပ်ဟာ အိတ်ကပ်ထဲက ပစ္စတိုဆွဲထုတ်ပြီး သူ့ဝမ်းဗိုက်ကို ထိုးထောက်လိုက်တယ်။

"အေးကွာ ဟုတ်တယ်၊ ငါတို့ရဲမဟုတ်ဘူး။ အဲဒါဘာဖြစ်လဲ။ ကဲ မင်းတို့မှာ ပါသမျှငွေကိုထုတ်၊ ဒီကိုပေး။ ယီးတီးယားတားလုပ်မယ်တော့ မကြံနဲ့၊ ဂန့်သွားမယ်"

ကျုပ်ဘေးမှာရပ်နေတဲ့ လော်ရပ်ဆိုကတော့ ဘာမှဝင်မပြောဘူး။ ပါးစပ်အဟောင်းသားနဲ့ ငေးကြည်နေတယ်။ ကျုပ်စကားဆုံးတော့မှ အိပ်ရာကလန့်နိုးလာသလိုဖြစ်သွားပြီး သူ့စပန်နာကြီးနဲ့ ဟိုအကောင်ရဲ့ နှာခေါင်းကို မထိတထိ ထိုးထားတယ်။ "မင်းကိုပြောနေတာ နားမလည်ဘူးလားကွ"လို့ ပြောတယ်။ "တောင်းနေတဲ့ငွေကို ထုတ်ပေးရင်ပေး၊ မပေးရင် မင်းခေါင်းကို ရိုက်ခွဲလိုက်ရမလား"တဲ့။

လော်ရပ်ဆိုဝင်ပါလာမှပဲ ကျုပ်ဟာ ပိုပြီးစိတ်တိုသွားတယ်။ ပမာမခန့်လုပ်ခဲ့တဲ့ ဟိုအကောင်ကို ကြည့်မရလောက်အောင် ဖြစ်လာတယ်။ မိန်းကလေးကတော့ လော်ရပ်ဆိုလက်ထဲက စပန်နာကြီးကိုမြင်တော့ အလန့်တကြား ထအော်တယ်။ ကျုပ်က သူ့ကို လေအေးကလေးနဲ့ ယဉ်ယဉ်ကျေးကျေး ပြောတယ်။ "ဒီမယ်ဆီညော်ရီနာ၊အဲဒီကောင်ကို ဂရုမစိုက်နဲ့။ ဒီကောင်က သောက်ရူး၊ ဘာမှလည်း စိတ်မပူနဲ့။ ဟိုထောင့်ကိုပြန်သွား၊ နှုတ်ပိတ်နေ။ ဟေ့ လော်ရပ်ဆို မင်းစပန်နာကြီးကို သိမ်းထားလိုက်"

အဲဒီနောက် ကျုပ်ဟာ ဟိုင်နာဘက်လှည့်ပြီး "ကဲ ကိုယ့်လူ မြန်မြန်လုပ်၊ အချိန်မရှိဘူး"လို့ ပြောလိုက်တယ်။

အမှန်အတိုင်းပြောရရင် ဒီဘဲက ရုပ်ခပ်ဆိုးဆိုးပဲ။ ဒါပေမဲ့ သတ္တိတော့ကောင်းပုံပဲ။ ကျုပ်က သူ့ဗိုက်ကို ပစ္စတိုနဲ့ ထောက်ထားပေမယ့် ကြောက်ဟဲ့

www.burmeseclassic.com

www.burmeseclassic.com



လန့်တဲ့ အရိပ်လက္ခဏာမပြဘူး။ သူ့လက်တစ်ဖက်နဲ့ အိတ်ကပ်ထဲက ပိုက်ဆံအိတ်ကိုဆွဲထုတ်ပြီး ကျုပ်ကိုလှမ်းပေးတယ်။ "ရော့ ကျုပ်ပိုက်ဆံအိတ်"တဲ့။ ကျုပ်က ပိုက်ဆံအိတ်ကိုလှမ်းယူပြီး ကျုပ်အိတ်ကပ်ထဲကိုထိုးမထည့်ခင် လက်နဲ့ဖျစ်ညှစ်ကြည့်တယ်။ ငွေကတော့ များများစားစား ပါပုံမရပါဘူး။

"ကဲ မင်းလက်ပတ်နာရီကိုချွတ်၊ ဒီကိုပေး"လို့ ကျုပ်က ထပ်ပြောတယ်။ သူကလည်း ချက်ချင်းပဲချွတ်ပေးတယ်။ နာရီက သိပ်တော့တန်ဖိုးရှိမယ်မထင်ပါဘူး။ "မင်းဖောင်တိန်ကိုဖြုတ်"လို့ပြောတော့လည်း ချွတ်ပေးတယ်။ ဖောင်တိန်ကတော့ အကောင်းစားဗျ။ အမေရိကန်ဖောင်တိန်။

သူ့ဆီက ကျုပ်ထပ်ပြီးတောင်းစရာ ဘာမှမရှိတော့ဘူး။ ဒါပေမဲ့ ဟို... ဟို... သူ့ခြေတောက်မှာစီးထားတဲ့ ရှူးဖိနပ်လှလှကလေးတော့ ကျန်နေသေးတယ်။ အဲဒီပစ္စည်းက စပြီးမြင်ကတည်းက ကျုပ်သဘောကျလာတာ။ သူက လှောင်ချင် ပြောင်ချင်တဲ့လေသံနဲ့ "ဘာလိုချင်သေးသလဲ"လို့ မေးတယ်။ ကျုပ်ကလည်း တုံ့ဆိုင်းမနေပါဘူး။ "လိုချင်သေးတယ်ဟေ့၊ မင်းရှူးဖိနပ်တွေကို ချွတ်လိုက်"လို့ ခိုင်းတယ်။

ဒီတစ်ခါမှာတော့ သူက "ကျွန်တော့်ဖိနပ်တွေကိုတော့ မလုပ်ပါနဲ့ဗျာ"တဲ့။ ကျုပ်စိတ်မထိန်းနိုင်တော့ဘူး။ စပြီးတွေ့ကတည်းက အခုအချိန်ထိ ကြည့်လို့မရအောင်ဖြစ်နေတဲ့ သူ့ရဲ့မာတာတာ ကျောတောတော မျက်ခွက်ကို လက်သီးနဲ့တစ်ချက်ထိုးလိုက်တယ်။ အဲသလိုလုပ်လိုက်ရင် သူ့အနေအထား ဘယ်လိုရှိလာမလဲ၊ သူ့ဆီက ဘယ်လိုတုံ့ပြန်မှု ရှိလာမလဲဆိုတာကိုလည်း သိချင်လို့ တမင်လုပ်လိုက်တာဗျ။

"ဟေ့ကောင်၊ ဖိနပ်တွေကို ချွတ်လိုက်စမ်း။ ငါ့ကို အရှုးလုပ်လို့မရဘူး"လို့ ကျုပ်က ပြောလိုက်တယ်။ သူ့မျက်နှာဟာ နီရဲသွားတယ်။ ပြီးတော ဖြူသွားတယ်။ ကျုပ်ကိုသူ ခုန်အုပ်တော့မယ်လို့ ထင်ရတယ်။ အဲဒီတုန်းမှာပဲ ထောင့်ထဲမှာရပ်နေတဲ့ အမျိုးသမီးဟာ သူ့ဆီကိုပြေးလာတယ်။

"ဂျီနီရယ် သူတို့လိုချင်တာ အကုန်သာပေးလိုက်စမ်းပါ"လို့ သူ့လူကို ပြောတယ်။ သူ့လူက သူ့နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ထားရင်းက "အေးကွာ၊ ပေးရမှာပေါ့"လို့ပြောပြီး သူ့ရှူးဖိနပ်တွေကို ချွတ်ပေးတယ်။ ဖိနပ်မရှိတော့မှပဲ ဒီကောင်ဟာ တော်တော်ကြီးကို ပုတာပဲဆိုတာသိလာရတယ်။ လော်ရပ်ဆိုထက်တောင် ပုတယ်ဗျသိလား။ အမှန်တော့ အရပ်ပုလွန်းတဲ့အတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခွာထူထူမြင့်မြင့် ရှူးဖိနပ်ကို ဝယ်စီးတာပဲ။

သူဟာ သူ့ဖိနပ်တွေကိုပေးရတာ စိတ်မကောင်းဖြစ်ဟန်ရှိတယ်။ သူ ကိုယ်တိုင်လည်း ဒီဖိနပ်တွေကို သိပ်ပြီးကြိုက်နေပုံပေါ်တယ်။ အဲ သူ့ဖိနပ်ကို ကျုပ်လက်ထဲပေးပြီးချိန်လောက်မှာပဲ ပြဿနာဖြစ်စရာ အမှားတစ်ခုက ဝင်လာ တယ်။ ဖြစ်ပုံကသည်လို။

သူက ကျုပ်ကိုမေးတယ်။ "ခင်ဗျား ဘာထပ်လိုချင်သေးလဲ၊ ကျုပ်ရဲ့ ကုတ်အင်္ကျီကိုရော ချွတ်ပေးရဦးမလား"တဲ့။ သူ့ဖိနပ်တွေကို ကိုင်ထားတဲ့ကျုပ်က "တော်ပြီ မလိုတော့ဘူး"လို့ ပြန်ဖြေတော့မလို စိတ်ကူးနေတုန်းမှာပဲ ကျုပ်နဖူးကို တစ်ခုခုလာထိတယ်။

ကျုပ်ရဲ့ခေါင်းအထက် မျက်နှာကြက်ဆီက ဆင်းလာတဲ့ ပင့်ကူပေါက်စ ကလေးပါ။ ချက်ချင်းပဲ မြင်လိုက်ပါတယ်။ အဲဒီတော့ ပင့်ကူကိုခါထုတ်ဖို့ ကျုပ်လက်နဲ့ နဖူးကိုကိုင်လိုက်တယ်။ အဲဒါကိုမြင်လိုက်တဲ့ ဟိုခွေးတိရစ္ဆာန်ငတုံး ကောင် လော်ရပ်ဆိုက သူ့ကိုကျုပ်က အချက်ပြပြီလို့တွေးပြီး ဟိုလူ့ခေါင်းနောက် စေ့ကို စပန်နာကြီးနဲ့ တအားလွှဲရိုက်လိုက်တယ်။

"ခွပ်"ခနဲမြည်သွားတဲ့အသံကြီးကို ကျုပ်ကြားလိုက်ရတယ်။ အုတ်နံရံကြီး တစ်ခုနဲ့ တအားကုန်ဆောင့်မိလို့ ထွက်လာတဲ့အသံမျိုးဗျ။ ဟိုလူဟာ ကျုပ်ဘက်ကို ဝိုက်ခနဲ ထိုးကျလာတယ်။ တကယ့် အရုပ်ကြိုးပြတ်လဲကျလာတာ။ ကျုပ်ကို တောင်မှ လှမ်းဖက်တော့မလားလို့ ထင်လိုက်ရတယ်။ ရိုက်ချက်ကပြင်းတော့ သူ့ခမျာ သတိတောင်မရတော့ဘူး။

ထောင့်ထဲမှာရပ်နေတဲ့ မိန်းကလေးက အလန့်တကြားအော်ဟစ်ပြီး ပြေးထွက်လာတယ်။ မြေပြင်ပေါ်မှာ လဲကျနေတဲ့သူ့လူကို တကြော်ကြော်အော်ခေါ် နေတယ်။ လော်ရပ်ဆို,ဆိုတဲ့အရူးဟာ ဘယ်လောက်အထိ တုံးတယ်ထင်သလဲ။ သူ့လူကိုထိုင်ပြီး ငုံ့ကြည့်နေတဲ့ မိန်းကလေးရဲ့ခေါင်းကို စပန်နာနဲ့ ရိုက်လိုက်ရ မလားလို့ မျက်နှာရိပ်မျက်နှာကဲပြပြီး ကျုပ်ကိုမေးနေတယ်။ "ဟေ့ကောင် မင်းရူးနေသလား"လို့ ကျုပ်က ဒေါသတကြီး အော်ပြောတယ်။ "မြန်မြန်လာ၊ ဒီနေရာက အမြန်လစ်မှ"ပြောပြောဆိုဆိုပဲ နှစ်ယောက်သား ဒုန်းစိုင်းပြီး ပြေး လာခဲ့တယ်။

လမ်းသွယ်ထဲကို ပြန်ရောက်တာနဲ့တစ်ပြိုင်နက် ကျုပ်က "ဟေ့ကောင် သောက်ရမ်းပြေးမနေနဲ့၊ ဖြည်းဖြည်းလျှောက်။ အညောင်းပြေ လမ်းလျှောက်တဲ့ပုံ

www.burmeseclassic.com



မျိုး ဖြစ်အောင်လျှောက်။ မင်းလုပ်ခဲ့တဲ့ မိုက်မဲမှုတွေဟာ တစ်ရက်စာလုံလောက်သွားပြီ”လို့ ကျုပ်က လော်ရပ်ဆိုကို ပြောတယ်။ သူက အရှိန်ကိုလျှော့ချပြီး ဖြည်းဖြည်းလျှောက်တယ်။ ကျုပ်က ရှူးဖိနပ်တစ်ဖက်စီကို အပေါ်ဘေးအိတ်ကပ်တွေထဲ ထိုးထည့်လာခဲ့တယ်။

လျှောက်လာနေရင်းနဲ့ပဲ ကျုပ်က လော်ရပ်ဆိုကို မြည်တွန်းတောက်တီးလာတယ်။ “မင်းဟာ အတော့်ကိုဆိုးတဲ့ ကောင်ပါလားကွာ၊ ဟိုကောင်ကို ဘာပြုလို့ အဲသလောက်အထိရိုက်ဖို့ စိတ်ကူးဝင်ရတာလဲ”

“ဟာ ခင်ဗျားက အချက်ပြတော့ ကျွန်တော်လည်း ရိုက်မိတာပေါ့ဗျ”

“မင်းကို ဘယ်လိုအချက်ပြလို့လဲကွ။ ငါ့နဖူးပေါ်ကို ပင့်ကူတစ်ကောင်ကျလာလို့ ဖယ်တာ”

“အဲဒါကို ကျွန်တော်က ဘယ်လိုလုပ်ပြီး သိမလဲဗျ”

ကျုပ် သူ့ကို လည်ပင်းညှစ်ပြီး သတ်ပစ်ချစ်တဲ့စိတ် ပေါ်လာတယ်။ “မင်းဟာ တကယ့်သောက်ရူးပါလား၊ ဒုက္ခပဲ ဟိုလူသေချင်သေသွားမှာ”လို့ ပြောလိုက်တော့ သူက “ဟာ သေတော့သေမှာမဟုတ်ဘူး၊ ကျွန်တော်ရိုက်ခဲ့တာက အစ္စုန်ဘက်က ရိုက်ခဲ့တာမဟုတ်ဘူး။ တကယ်လို့ သူ့ကို အသေလုပ်ချင်တဲ့စိတ်ရှိရင် ကျွန်တော်က အစ္စုန်ဘက်နဲ့ရိုက်မှာ”လို့ ပြန်ပြောတယ်။

ကျုပ်သူ့ကို ဘာတစ်ခွန်းမှ ပြန်မပြောပေမယ့် ရင်ထဲမှာတော့ ဒေါ်ပွလို့ ကိုမဆုံးဘူး။ သူကတော့ ဘာမှမဖြစ်သလိုဘဲ ကျုပ်ကိုပြောတယ်။ “ကောင်မလေးက တော်တော်လှတာပဲ။ အချစ်ကလေးရယ်၊ ငါနဲ့လိုက်ခဲ့ပါလားကွယ်လို့တောင် ပြောချင်စိတ် ဖြစ်လာတယ်ဗျာ။ သူကလည်း သဘောကျချင်ကျမှာ။ ကျွန်တော် မပြောလိုက်မိတာ နာတယ်ဗျာ”တဲ့။

သူဟာ တစ်လမ်းလုံး ကောင်မလေးသာ လိုက်လာရင် ဘယ်လိုပြောလိုက်မယ်၊ ဘယ်လိုလုပ်လိုက်မယ်ဆိုတာတွေကို ပြောလာတယ်။ ကျုပ်က “မင်းရဲ့ပါးစပ်ပုပ်ကို ပိတ်ထားစမ်း၊ ပိတ်မထားရင် ငါမင်းကို သတ်မိလိမ့်မယ်”လို့ ပြောလိုက်တယ်။ သူဟာ ချက်ချင်းပဲငြိမ်ကျသွားတယ်။ ကျုပ်တို့ဟာ တံတားပေါ်ကဖြတ်ပြီး ပီယာဇာ ဒယ်လာ လစ်ဘာတာဘက်ကို ရောက်လာတယ်။ သစ်ပင်တွေအောက်မှာရှိနေတဲ့ ထိုင်ခုံတွေပေါ်မှာ လူတစ်ယောက်မှ မရှိဘူး။ တိုင်ဘာမြစ်ပေါ်က မြူတွေဟာ တက်လာနေပြီ။

“ဒီနားမှာ ခဏထိုင်ရအောင်ကွာ”လို့ ကျုပ်ကသူ့ကိုပြောတယ်။ “မ

www.burmeseclassic.com

www.burmeseclassic.com



ရလာတဲ့ ရှူးဖိနပ်တွေကို စီးကြည့်ချင်တယ်"

ကျုပ်တို့ ခုံတန်းလျားတစ်လုံးပေါ်မှာထိုင်ပြီး ပိုက်ဆံအိတ်ကို အရင်ဆုံး ဖွင့်ကြည့်တယ်။ လီယာငွေ နှစ်ထောင်ပဲပါတယ်။ အဲဒါကို တစ်ယောက်တစ်ဝက် ခွဲယူလိုက်ကြတယ်။ ပြီးတော့ ကျုပ်က "အမှန်တော့ မင်းဟာ ဘာကိုမှမရသင့်ဘူး။ ဒါပေမဲ့ ငါက တရားမျှတမှုကို လိုလားတဲ့ကောင်ပါ။ အဲဒီတော့ ပိုက်ဆံအိတ်နဲ့ လက်ပတ်နာရီကို မင်းယူ။ ငါက ရှူးဖိနပ်နဲ့ ဖောင်တိန်ကိုယူမယ်။ ဘယ့်နှယ်လဲ" လို့ ပြောလိုက်တယ်။

အဲဒီတော့ သူက "ခင်ဗျားလုပ်ပုံက သိပ်တော့မဟန်ဘူးဗျ။ ကျွန်တော် တစ်ဝက်တော့ ရထိုက်တယ်"လို့ ပြန်ပြောတယ်။ အဲဒါနဲ့ပဲ ကျုပ်တို့နှစ်ယောက် ဟာ အဝေမတည့်ဖြစ်ပြီး အငြင်းအခုံဖြစ်ကြတယ်။ နောက်ဆုံးကျတော့ ကျုပ်က ရှူးဖိနပ်ကိုယူ။ သူက ပိုက်ဆံအိတ်ရယ်၊ ဖောင်တိန်ရယ်ကိုယူဖို့ သဘောတူကြ တယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ကျုပ်က "မင်းဖောင်တိန်ကိုယူတာ ဘာလုပ်မှာ မို့လဲ။ မင်းက ကိုယ့်နာမည်တောင်မှ ကောင်းကောင်းမရေးတတ်တဲ့ကောင်"လို့ ပြောတော့၊ သူက "ခင်ဗျားသိချင်ရင် ကျွန်တော်ပြောပြမယ်။ ကျွန်တော်ဟာ စာလည်းဖတ်တတ်တယ်၊ ရေးလည်းရေးတတ်တယ်။ ကျွန်တော်က မူလတန်း ပညာတော့ သင်ဖူးပါတယ်ဗျ"လို့ ပြန်ပြောတယ်။

ကျုပ် သူ့ကို ဘာမှပြန်မပြောတော့ဘူး။ သူနဲ့ရန်ဖြစ်နေရတာကို ငြီးငွေ့ လာပြီဗျ။ ကျုပ်ဟာ ဖိနပ်တွေကိုချွတ်ပြီး ရလာတဲ့ဖိနပ်သစ်တွေကို စီးကြည့်တယ်။ ဒါပေမဲ့ ဖိနပ်တွေက သေးနေတော့ ကျုပ်အတော့်ကို စိတ်ပျက်သွားတယ်။ လောကမှာ တခြားပစ္စည်းတွေကို အဆင်ပြေအောင် လုပ်လို့ရပေမယ့် ဖိနပ်သေး နေရင်တော့ လုပ်ရကိုင်ရတာ မလွယ်တော့ဘူး။

ကျုပ်က ချက်ချင်းပဲ လော်ရာဆိုဘက်လှည့်ပြီး "ဒီဖိနပ်တွေက ငါ့ ခြေထောက်နဲ့ သေးနေတယ်။ ဒါပေမဲ့ မင်းနဲ့တော့ တော်မှာသေချာတယ်။ အဲဒီတော့ ဖိနပ်ချင်းလဲကြရအောင်ကွာ"လို့ ပြောတော့ သူကလေချွန်လိုက်တယ်။ ပြီးတော့ ဘာပြောတယ်မှတ်လဲ "ကျွန်တော်ဟာ ခင်ဗျားပြောသလို အရူး တစ် ယောက် ဖြစ်ချင်လည်း ဖြစ်မှာပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားထင်သလောက် အူတဲ့ အတဲ့ အရူးတစ်ယောက်တော့ မဟုတ်သေးဘူး ဆရာရေ့"တဲ့။

"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အခိပ္ပာယ်ကတော့ အိပ်ရာဝင်ဖို့ အချိန်ကျနေပြီလို့ ဆိုလိုတာပေါ့ဗျာ"တဲ့။ ပြီးတော့ ဟိုကောင်လေးဆီကရလာတဲ့ သူ့လက်က လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ပြီး "ကျွန်တော့်နာရီကတော့ ဆယ့်တစ်နာရီခွဲပြီလို့ပြောနေတယ်။ ခင်ဗျား နာရီကကော"

ကျုပ် ဘာမှ ပြန်မပြောဘူး။ ရှူးဖိနပ်တွေကို အိတ်ကပ်ထဲပြန်ထည့်ပြီး သူ့နောက်ကလိုက်လာခဲ့တယ်။ ကျုပ်တို့ ဓာတ်ရထားစီးပြီး ပြန်လာခဲ့ကြတယ်။ မျှော်လင့်ချက်မရှိလောက်အောင်ကိုတုံးတဲ့ လော်ရာဆိုအကြောင်းကို မတွေးဘဲ မနေနိုင်ဘူး။ ဒီကောင့်ဆီက ဖိနပ်ကို ကျုပ်ဖိနပ်နဲ့မရရအောင် ဘယ်လိုလဲယူရရင် ကောင်းမလဲဆိုတာကို တစ်လမ်းလုံး စိတ်ကူးလာတယ်။

ဓာတ်ရထားပေါ်က ဆင်းလာခဲ့ပြီးတဲ့နောက် ရပ်ကွက်ထဲဝင်လာတော့ ကျုပ်က ဒီကိစ္စကို ပြန်စတယ်။ "ရှူးဖိနပ်က ငါ့အတွက် သေရေးရှင်ရေးလောက်ကို အရေးကြီးနေတာကွ။ ရှူးဖိနပ်မရှိဘဲနေဖို့ ငါ့အတွက် လုံးဝမဖြစ်နိုင်ဘူးဆိုတာ မင်းသိလျက်သားနဲ့ကွာ။ အခုလို မလုပ်သင့်ပါဘူး။ ငါ့ကို မင်းသောက်မြင်ကတ်လို့ မလဲချင်တောင်မှ ဘုရားသခင်ရဲ့ မျက်နှာကို ထောက်ထားပြီး ကူညီသင့်ပါတယ်"လို့ ကျုပ်က လေအေးနဲ့ချော့မော့ပြောတယ်။

ကျုပ်တို့ဟာ လူသွားလူလာမရှိတဲ့ လမ်းပေါ်ကို ရောက်လာတယ်။ လော်ရပ်ဆိုက လမ်းဘေးဓာတ်တိုင်တစ်ခုအောက်မှာ သွားရပ်ပြီး သူ့ခြေထောက်ကို မြှောက်ကြည့်လိုက်၊ ချကြည့်လိုက်၊ ငုံ့ကြည့်လိုက် လုပ်နေတယ်။ မျက်နှာက ကျုပ်ကို ဒေါသမဖြစ်ဖြစ်အောင်လုပ်နေတယ်ဆိုတာ သိပ်သိသာတယ်။

"သိပ်ကိုကောင်းတဲ့ ရှူးဖိနပ်တွေပဲ။ လှလည်းလှတယ်။ ဒီဖိနပ်တွေကို မြင်တိုင်း ခင်ဗျားမနာလိုတိုရှည်ဖြစ်နေတယ် မဟုတ်လား။ စိတ်တော့မဆိုးပါနဲ့ဗျာ၊ ကျွန်တော် ဒီဖိနပ်တွေကိုပေးလိမ်မယ့်လို့ လုံးဝမထင်လိုက်ပါနဲ့။ ဟဲ... ဟဲ... ဟဲ...၊ ဟိုး... ဟိုး... ဟိုး...၊ ဟီး... ဟီး... ဟီး...၊ ဒီဖိနပ်တွေကိုတော့ မပေးပါဘူးကွယ်၊ မပေးပါဘူးကွယ်၊ ခင်ဗျားအဖြစ်က ဆိုးပါတယ်။ အခုထက်ထိ စီးစရာဖိနပ် မရသေးပါလားကွယ်"

သူက သီချင်းဆိုသလို ရေရွတ်နေတာဗျ။ ကျုပ်ဟာ နှုတ်ခမ်းတွေကို ပြတ်လုမတတ်ကိုက်ပြီး သူ့ကိုကြည့်နေမိတယ်။ ပစ္စတိုထဲမှာသာ ကျည်ဆန်ရှိလို့ကတော့ အခုချက်ချင်းကို ပစ်သတ်မိမှာ သေချာတယ်။ ရှူးဖိနပ်တွက်ကြောင့်သာ မဟုတ်ဘူး၊ ဒီကောင့်သောက်ခွက်ကို ကြည့်နေရတာ အော့နှလုံးနာလွန်းလို့ဗျ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ၊ ကျုပ်တို့အိပ်ရာရှိတဲ့နေရာကို ရောက်လာတယ်။ ပြတင်းပေါက်ကို ခေါက်ပြီး အသံပေးလိုက်တော့ အစောင့်ဟာ ခါတိုင်းလိုပဲ ညည်းညည်းညူညူနဲ့ ထလာပြီး တံခါးဖွင့်ပေးတယ်။ ကျုပ်တို့အိပ်ရာက မြေအောက်ထပ်ထဲမှာဆိုတော့ လှေကားအတိုင်း ဆင်းလာခဲ့ရတယ်။ အဝင်နားက အိပ်စင်သုံးခုမှာက အစောင့် ရယ်၊ ကျုပ်တို့နဲ့ သက်တူရွယ်တူလောက်ရှိတဲ့ သူ့သားနှစ်ယောက်ရယ် အိပ် ကြတယ်။ သူတို့ရဲ့ ဟိုဘက်အစွန်ဆုံး ထောင့်ထဲမှာတော့ ကျုပ်တို့အိပ်ရာတွေ ရှိတယ်။

ကျုပ်တို့ဟာ ထုံးစံအတိုင်း အိပ်ခကိုအစောင့်လက်ထဲ ထည့်ပေးလိုက်တော့ အစောင့်က မီးခလုတ်ကိုပိတ်ပြီး သူ့အိပ်ရာပေါ်ပြန်ရောက်သွားတယ်။ ကျုပ်တို့ ဟာ အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ ကိုယ့်အိပ်ရာဆီကိုယ် လျှောက်လာကြရတယ်။ အိပ်ရာပေါ်ရောက်လို့ စောင်ပါးလေးလည်း ခြုံပြီးရော ကျုပ်စိတ်ဟာ ရှူးဖိနပ်တွေ အပေါ် ရောက်သွားပြန်တယ်။ နောက်ဆုံးမှာတော့ ကျုပ်ဟာ ဆုံးဖြတ်ချက်တစ်ခု ကို ချလို့ရလာတယ်။

လော်ရပ်ဆိုဟာ အဝတ်တွေမချွတ်ဘဲအိပ်တဲ့ အကျင့်ရှိတယ်။ ဒါပေမဲ့ ဒီကောင်ဟာ ရှူးဖိနပ်ကိုတော့ချွတ်ပြီး အိပ်ရာနဲ့ ခုတင်နှစ်ခုကြားမှာ ချထားလေ့ရှိ တယ်။ အခုလို မှောင်မည်းနေချိန်မှာ အိပ်ရာကအသာကလေးထ၊ သူ့ရှူးဖိနပ်တွေ ကို အသာကလေးယူပြီးစီး၊ သူ့ဖိနပ်နေရာမှာ ကျုပ်ဖိနပ်ကိုချထားလိုက်၊ ပြီး တော့ အိမ်သာဘက်ကို သေးသွားပေါက်သလိုလို ဘာလိုလိုလုပ်ပြီး လျှောက်သွား။

အိမ်သာက မြေအောက်ခန်းရဲ့ အဝင်အထွက် တံခါးပေါက်နားမှာရှိတာ။ အဲဒီတော့ ကျုပ်ရဲ့အစီအစဉ်ဟာ မဆိုးလှဘူးလို့ထင်တယ်။ အမှန်တော့ လော် ရပ်ဆိုလက်ချက်ကြောင့် ဟိုလူဟာ သေချင်ရင်သေသွားနိုင်တယ်ဗျ။ အဲဒီတော့ ဒီကောင်နဲ့ဆက်ပေါင်းနေရင် ကျုပ်အတွက် အန္တရာယ်မကင်းဘူး။ အခုလို အခွင့်အခါသင့်တုန်းမှာ လစ်ထွက်သွားရင် တစ်ခါတည်း ရှင်းသွားနိုင်တယ်။

နောက်တစ်ချက်ကောင်းတာက လော်ရပ်ဆိုဟာ ကျုပ်နာမည်ကို အပြည့် အစုံ မသိဘူးဗျ။ အဲဒီတော့ တကယ်လို့ ရဲကသူ့ကိုဖမ်းမိရင်၊ ဒီအကောင် ကျုပ်နာမည်ကို အတိအကျပြောနိုင်မှာမဟုတ်ဘူး။ စကားပြောနေတာထက် လုပ်စရာရှိတာကို ချက်ချင်းထလုပ်လိုက်တာ အကောင်းဆုံး ဖြစ်မယ်လို့ထင်တယ်။

ကျုပ် အိပ်ရာပေါ်က ဆင်းလိုက်တယ်။ အသာကလေး လျှောက်သွားပြီး လော်ရပ်ဆိုရဲ့ ရှူးဖိနပ်ကို ယူစီးလိုက်တယ်။ ကျုပ်ဖိနပ်ကြိုးတွေချည်နေတုန်းမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပြင်းထန်တဲ့ ရိုက်ချက်တစ်ချက်ဟာ ကျုပ်အပေါ်ကို ကျလာတယ်။ ကံကောင်းပေလို့သာပေါ့။ ကျုပ်က ခေါင်းကိုတိမ်းလိုက်တော့ ရိုက်ချက်က ကျုပ်ရဲ့နားရွက်နား ဗိုးခနဲအော်ပြီးဖြတ်သွားတယ်။ ပြီးတော့ ပခုံးပေါ်ကိုကျလာတယ်။

တခြားလူမဟုတ်ဘူး၊ လော်ရပ်ဆိုပဲ။ မှောင်ထဲမှာသူ့စပန်နာနဲ့ ကျုပ်ကို ရိုက်လိုက်တာကိုးဗျ။ ပခုံးက စူးခနဲနာသွားတော့ ကျုပ်ဟာ ဘာကိုမှမသိတော့ဘူး။ လော်ရပ်ဆိုကို တစ်အားကုန် လက်သီးနဲ့ပြန်ထိုးတယ်။ သူကလည်း ကျုပ်ရင်ဘတ်ကို ကုပ်ဆွဲထားပြီး နောက်ထပ်စပန်နာနဲ့ရိုက်ဖို့ အားထုတ်တယ်။ ကျုပ်တို့နှစ်ယောက်ဟာ ထွေးလုံးရစ်ပတ်ဖြစ်ပြီး ကြမ်းပေါ်ကို လဲကျသွားတယ်။

ကျုပ်တို့ သတ်ပုတ်နေတဲ့ အသံတွေကြောင့် အစောင့်နဲ့သူ့သားတွေ နိုးလာပြီး မီးခလုတ်ကို ဖွင့်လိုက်ကြတယ်။ ကျုပ်က "လူသတ်ကောင်"လို့ အော်နေတယ်။ သူက "သူခိုး"လို့ဟစ်နေတယ်။ ကျန်တဲ့လူတွေကလည်း ဘာတွေအော်နေမှန်းမသိဘူး။ အော်ဟစ်နေကြတယ်။ ကျုပ်တို့ကိုလည်း ဆွဲဖျဉ်ကြတယ်။

လော်ရပ်ဆိုက အစောင့်ကို စပန်နာနဲ့ရိုက်ဖို့ အားထုတ်တယ်။ အစောင့်ကလည်း ဒေါသသိပ်ကြီးတဲ့လူဆိုတော့ သူ့ကိုရိုက်ဖို့ အားထုတ်တာလည်းသိရော လော်ရပ်ဆိုကို အနားကကုလားထိုင်နဲ့ ခေါင်းကိုရိုက်ဖို့ ကြိုးစားတယ်။ လော်ရပ် ဆိုက နောက်ကိုဆုတ်သွားပြီး အုတ်နံရံကိုကျောနဲ့ကပ်ပြီး ရပ်နေတယ်။ လက် ထဲက စပန်နာကိုလည်း ဝှေ့ယမ်းနေတယ်။ ပါးစပ်ကလည်း ပေါက်ကရတွေ အော်ပြောနေတယ်။

"အနားကိုလာရဲရင်လာခဲ့ကြစမ်း။ အားလုံးကို သတ်ပစ်မယ်။ ငါ့ကို ဘာများထင်နေကြသလဲ။ ငါဟာ ရောမမြို့ကလူဆိုးကြီးကွ။ အကုန်လုံး မသာပေါ်ကုန်မယ်ဟေ့"

သူ့ကိုကြည့်ရတာ အရူးတစ်ယောက်နဲ့ တူနေတယ်။ မျက်နှာကလည်း နီရဲနေတယ်။ မျက်လုံးကြီးတွေကလည်း ပြူးနေလိုက်ကြတာ ကျွတ်ထွက်ကျလာမလားလို့ ထင်ရတယ်။ အဲဒီအချိန်တုန်းက ကျုပ်ကိုယ်တိုင်လည်း ဒေါသအရမ်းကြီးနေတော့ အော်မိအော်ရာတွေအော်မိတယ် "သတိထားကြ။ လွန်ခဲ့တဲ့မိနစ်ပိုင်းလောက်ကပဲ ဒီကောင် လူတစ်ယောက်သတ်လာတယ်။ ဒီအကောင် လူသတ်သမား"

www.burmeseclassic.com

www.burmeseclassic.com



တိုတိုနဲ့လိုရင်းပြောရရင်တော့ ကျုပ်တို့ဟာ လော်ရပ်ဆိုကို ဝိုင်းပြီးဖမ်းချုပ်နေကြတယ်။ သူကလည်းတအားအော်ပြီး တအားရုန်းကန်နေတယ်။ အဲဒီတုန်းမှာ အစောင့်ရဲ့သားတစ်ယောက်က ရဲကိုပြေးခေါ်တယ်။ ရဲက ကျုပ်ကိုမေးလိုက်၊ လော်ရပ်ဆိုကိုမေးလိုက်လုပ်ရာက နောက်ဆုံးမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပေါ်ကုန်တယ်။ ထုံးစံအတိုင်းပဲ ရဲက ကျုပ်တို့နှစ်ယောက်စလုံးကို ဖမ်းတာပေါ့ဗျာ။

ကျုပ်တို့ကို ရဲစခန်းခေါ်သွားတယ်။ စခန်းရောက်တော့ သူတို့အနေနဲ့ တယ်လီဖုန်းတစ်ချက်လှည့်ရုံနဲ့ ကိစ္စကပြတ်သွားပြီ။ ချက်ချင်းပဲ ဘော်ဟီးစ်ပန်းခြံဘက်မှာ ရိုက်နှက်လုယက်မှုနဲ့ပုဒ်မတပ်ပြီး တရားစွဲတယ်။

ကျုပ်ကရိုက်တဲ့လူဟာ ကျုပ်မဟုတ်ဘူး၊ လော်ရပ်ဆိုရိုက်တာလို့ ပြောတယ်။ ဒီတစ်ကြိမ်မှာတော့ လော်ရပ်ဆိုဟာဘာတစ်ခွန်းမှမပြောဘူးဗျ။ "အင်းမင်းတို့နှစ်ယောက်ဟာ တော်တော့်ကိုတော်တဲ့ ကောင်တွေပါလား"လို့ တရားသူကြီးက ပြောတယ်။ "တကယ့်ကို တော်ကြပါပေတယ်ကွာ။ အတင်းအဓမ္မလုရုံတင်မကဘူး၊ လူကိုပါအသေသတ်ဖို့ အားထုတ်ကြတာပဲ"တဲ့။

ဒါပေမဲ့ဗျာ၊ လော်ရပ်ဆိုဆိုတဲ့အရူးဟာ အတော်ကြီးကို တာဝန်မဲ့တဲ့ကောင်ပါလားဗျာ။ သူလုပ်ပုံကို ကျုပ်မပြောဘဲမနေနိုင်လို့ ပြောရဦးမယ်။ တရားသူကြီးဆီက စကားကိုကြားပြီးတဲ့နောက် ခဏကလေးကြာတော့ "မနက်ဖြန် ဘာနေ့လဲ"လို့ ဖျတ်ခနဲမေးတယ်။

မနက်ဖြန် သောကြာနေ့လို့ ဘေးနားကလူတစ်ယောက်က ဝင်ပြောတယ်။ အဲဒီတော့ သူက သူ့လက်ဝါးနှစ်ဖက်ကိုပွတ်ပြီး "ဟား... ဟန်ကျတာပဲ"လို့ အော်ပြောတယ်။ "ရက်ဂျီနာကိုးလီ ထောင်ထဲမှာ သောကြာနေ့ဆိုရင် ပဲစွပ်ပြုတ်ကျွေးတယ်၊ သိပ်ကို အရသာရှိတဲ့ စွပ်ပြုတ်ကွ"တဲ့။

အဲဒီစကားကြားခါမှပဲ ကျုပ်သူ့အကြောင်းကို ပိုပြီးသိလာရတယ်။ ဒီအကောင်ဟာ အရင်က ရက်ဂျီနာကိုးလီထောင်ထဲ ရောက်ခဲ့ဖူးတဲ့ကောင်ပဲ။ ကျုပ်မေးတုန်းကတော့ သူတစ်ခါမှထောင်မကျဖူးပါဘူးတဲ့။ အမျိုးမျိုး ကျိန်တွယ်ပြီး ပြောခဲ့တာဗျ သိလား။

ကျုပ် အမှတ်တမဲ့နဲ့ ကျုပ်ခြေထောက်ကို ငုံ့ကြည့်မိတယ်။ ကျုပ်စီးထားတာ လော်ရပ်ဆိုရဲ့ ရှူးဖိနပ်တွေပဲဗျ။ အင်းပေါ့လေ ဘာတွေပဲဖြစ်ဖြစ်ပေါ့ နောက်ဆုံးမှာ ကျုပ်သိပ်ပြီးလိုချင်နေတဲ့ ဟာကိုတော့ ရလိုက်ပြီပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com

# အပေါင်းအသင်း

"မာရီယာရိုဆာ"ဆိုတဲ့ နာမည်ဟာ လူနှစ်ယောက်စာနာမည်နှစ်ခုကို တွဲပြီးမှည့်ထားတဲ့နာမည်ဗျ။ အဲဒီနာမည်ကို မှည့်ထားတဲ့မိန်းမက ကိုယ်ခန္ဓာမှာရော ကိုယ်ကျင့်တရားမှာရော နှစ်မျိုးစီရှိနေတယ်။ သူ့မျက်နှာက အနီနဲ့အဖြူအရောင် နှစ်မျိုးရောနေတယ်။ သူ့မျက်နှာက ဝိုင်းဝိုင်းစက်စက်နဲ့ လပြည့်ဝန်းကြီးနဲ့ သိပ်တူတယ်။ သူ့ခန္ဓာကိုယ်အနေအထားနဲ့ ယှဉ်ကြည့်လိုက်ရင် အချိုးအစားက လုံးဝမကျဘူး။ သူ့ခန္ဓာကိုယ်က ခပ်သေးသေးရယ်။ သူလိုငါလိုအနေအထားဗျ။ အဲ... မျက်နှာကြီးသာ ကွက်ပြီးကြီးနေတာဗျ။

သူ့မျက်နှာက ဂေါ်ဖီထုပ်ကြီးတစ်ထုပ်နဲ့ တူတာအမှန်ပဲ။ ခင်ဗျားတို့ သူ့မျက်နှာကို မြင်လိုက်ရင် သူ့မျက်နှာဟာ မျက်နှာနှစ်ခုလုပ်လို့ရတဲ့ မျက်နှာပါ လားလို့ တွေးမိမှာသေချာတယ်။ အင်မတန်မှကြီးတဲ့သူ့မျက်နှာကြီးဟာ အမြဲတမ်း အေးဆေးတည်ငြိမ်နေရုံသာမကဘူး။ အမြဲပြုံးနေတယ်။ သူ့အကျင့်စရိုက်နဲ့ အလွန်ဆန့်ကျင်တဲ့ အနေအထားပေါ့ဗျာ။ ကျုပ် သိထားသလောက်ဆိုရင်တော့ သူ့ရဲ့ အကျင့်စရိုက်က သရဲမတစ်ကောင်ရဲ့ အကျင့်စရိုက်မျိုးဗျ။ အတော်ကြီးကို ကြောက်စရာကောင်းတယ်။ အဲဒါကြောင့်မို့ သူ့ပင်ကို အကျင့်စရိုက်ဟာလည်း နှစ်မျိုးနှစ်စားဖြစ်နေတယ်လို့ ဆိုရမယ်ထင်တယ်။

ကျုပ် သူ့ကို နည်းမျိုးစုံအကုန်သုံးပြီး ပိုးခဲ့ပန်းခဲ့ဖူးတယ်ဗျ၊ သိလား။ ပထမတော့ ဟန်ကျတော့မလိုလို ဘာလိုလိုပဲ။ ကျုပ်အပေါ်မှာ လေးစားသလိုလို အရေးတယူလုပ်သလိုလိုနဲ့၊ နောက်ပိုင်းကျတော့ ကျုပ်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင်မထင်တဲ့ အပေါက်မျိုးချိုးလာတယ်။ ကျုပ်အနေနဲ့ ဘယ်ခံချင်

www.burmeseclassic.com

www.burmeseclassic.com



မလဲဗျာ။ အဲဒီတော့ ရှေ့တစ်ဆင့်ထပ်တိုးပြီး ကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒီတစ်ခါတော့ ကျုပ်က အရင်တစ်ခါထက်ပိုပြီး ကြမ်းလိုက်တယ်။ ညမှောင်မှောင် လှေကားအတက်မှာ ကျုပ်က လမ်းခုလတ်က မှောင်ရိပ်ခိုပြီး အလစ်ဝင်အုပ်တဲ့ တိုက်နည်းကို သုံးခဲ့တယ်။ သူ လှေကားက တက်အလာမှာ ကျုပ်က အတင်း ဝင်ဖက်ပြီး နမ်းတာဗျ။ ကျုပ်ရခဲ့တဲ့ အမြတ်ကတော့ ပထမ သူ့ရဲ့ကန်လား ကျောက်လားနဲ့ တွန်းထိုးရုန်းကန်တဲ့ဒဏ်ခံရတယ်။ ဒုတိယကတော့ ကျုပ်ပါးကို ဖြန်းခနဲ တစ်ချက်အရိုက်ခံရတာပဲ။

အဲ... အဲဒီနောက်မှာတော့ ကျုပ်ဟာ နည်းသစ်တစ်ခုထွင်လိုက်တယ်။ သူ့ကို လုံးဝဂရုမစိုက်တော့တဲ့ပုံမျိုး လုပ်ထားလိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ထားတဲ့အတိုင်းပဲ သူ့ကိုတွေ့ရင် ကျုပ်က လုံးဝဂရုမစိုက်တော့ဘူး။ လူချင်းဆုံမိရင် မျက်နှာကိုလွှဲထားလိုက်တယ်။ ဝေးဝေးက ကွင်းသွားတဲ့အခါ ကွင်းသွားလိုက်တယ်။ ဒါပေမဲ့ အဲသလိုလုပ်မိခါမှ ပိုပြီးဆိုးလာသကိုးသဗျ။ သူက ကျုပ်ကိုတွေ့ရင် သက်ရှိလူတစ်ယောက်လို့တောင် အသိအမှတ်မပြုတော့သလို ဖြစ်သွားတယ်။

နောက်ဆုံးကျတော့ ကျုပ်ဟာ သူ့ကိုအသနားခံတယ်။ တောင်းပန်တယ်။ တိုးလျှိုးတယ်။ မျက်လုံးထဲမှာ မျက်ရည်တွေအပြည့်နဲ့ ကျုပ်ကိုပြန်ချစ်ပါလို့ မေတ္တာရပ်ခံတယ်။ နည်းနည်းလေးမှ မတုံ့ပြန်ဘူးဗျာ။ အဲဒီတော့ ကျုပ်အနေနဲ့ စဉ်းစားမိတယ်။ သူ ကျုပ်အပေါ်မှာ လုံးဝစိတ်မဝင်စားတော့ဘူးလား။ ဒါပေမဲ့ အဲသလိုတော့လည်း မဟုတ်ပြန်ဘူးဗျာ။ ကျုပ်က လုံးဝနောက်ဆုတ်တော့မယ်လို့ စိတ်ကူးလိုက်တဲ့အခါမျိုးကျရင် သူက စကားနဲ့တစ်မျိုး၊ အကြည့်နဲ့တစ်နည်း၊ အမူအရာနဲ့တစ်ဖုံ၊ ကျုပ်ကို ရေလာမြောင်းပေး လုပ်ပြန်တယ်ဗျ။

နောင်အခါကျမှ သိလာရတဲ့အတိုင်းဆိုရင် မိန်းမတစ်ယောက်အဖို့ သူ့ကို ပိုးနေပန်းနေ သဘောကျနေတဲ့ "ဘဲ"တွေဟာ ဆွဲကြိုးတွေ လက်ကောက်တွေနဲ့ အတူတူပဲဗျ။ သူမဝတ်မဆင်ဘဲ နေချင်တဲ့အခါနေမယ်၊ ဝတ်ချင်တဲ့အခါ ဝတ်မယ်ဆင်မယ်ဆိုတဲ့ သဘောရှိတယ်။ အဲဒီတော့ သူ့အပြုအမူတွေနဲ့ပတ်သက်လို့ ကျုပ်အနေနဲ့ မစဉ်းစားလို့ မဖြစ်တော့ဘူး။ "ဒီကိစ္စနဲ့ ပတ်သက်လို့ သူ လုပ်နေပုံဟာ တစ်မျိုးပဲ။ နောက်ကွယ်မှာ တစ်ခုခုတော့ ရှိပုံရတယ်"လို့ တွေးမိလာတာပေါ့။

အဲဒီနောက် မကြာခင်မှာပဲ ဒီကိစ္စကိုကျုပ်သိလာရတယ်။ သူက ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာတင် နန့်တန့်တန့်ပျံတန်တန်လုပ်ပြနေတာ မဟုတ်ပါဘူးဗျ။ ကျုပ်ရဲ့ အခင်ဆုံး သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ အက်တီလီယိုကိုလည်း လုပ်ပြနေတာ ကိုး။ ဒီအကြောင်းသိလိုက်ရတော့ ကျုပ်ဟာ အရမ်းဒေါသဖြစ်မိတယ်။ ဘာ့ကြောင့် ဒီလောက် ဒေါသဖြစ်ရတာလဲတဲ့။ အကြောင်းတွေကအများကြီးပဲ။ ပထမ အကြောင်းက သူဟာ ဒီအလုပ်ကို ကျုပ်ကိုအသိမပေးဘဲ ကျုပ်ရှေ့မှာတင် ပြောင်ပြောင်တင်းတင်းလုပ်နေတာဗျ။ နောက်တစ်ကြောင်းက သူ့ကို အက်တီ လီယိုနဲ့ မိတ်ဖွဲ့ပေးခဲ့တာ ကျုပ်ဗျ။

ဒါပေမဲ့ ကျုပ်က အပေါင်းအသင်းအပေါ်မှာ သစ္စာရှိတဲ့ကောင်ပါ။ အပေါင်း အသင်းနဲ့ မိတ်မပျက်ရေးကို ရှေ့တန်းတင်ပြီး ဦးစားပေးတဲ့ကောင်ပါ။ ကျုပ်ဟာ မာရီရာရိဆာကို မေတ္တာရှိနေတာအမှန်ပါ။ ဒါပေမဲ့ သူနဲ့အက်တီလီယိုတို့ ကြိုက်နေကြပြီလို့ သိရတဲ့အချိန်ကစပြီး သူဟာ ကျုပ်အတွက် မပြစ်မှားအပ်တဲ့ အရာတစ်ခုဖြစ်သွားပြီ။ သူကတော့ ကျုပ်ကိုဆက်ပြီးမြူဆွယ်တဲ့အလုပ် လုပ်ချင် နေတာ သေချာတယ်။ ဒါပေမဲ့ ကျုပ်က ကျုပ်ရဲ့သဘောထားကို သူနားလည် အောင် တတ်နိုင်သမျှနည်းလမ်းတွေနဲ့ပြတယ်။ နောက်ဆုံးတစ်ရက်မှာ သူ့ကို ပြောင်ပြောင်တင်းတင်းပဲ ဖွင့်ပြောလိုက်တယ်။ "ဒီမယ် မာရီယာရိဆာ။ နင်က မိန်းမဆိုတော့ အပေါင်းအသင်း သူငယ်ချင်းဘဝကို နားလည်မှာ မဟုတ်ဘူး။ အဲဒီတော့ ဒီလိုရှိတယ်ဟာ။ နင် အက်တီလီယိုနဲ့ ချိန်း ချိန်းပြီး တွဲထွက်နေကြပြီ ဆိုကတည်းက ငါ့အဖို့ကတော့ နင်ဟာ မရှိတော့ဘူး၊ နင့်ကိုလည်း ငါမမြင် တော့ဘူး၊ နင့်အသံကိုလည်း ငါမကြားတော့ဘူး။ အဲဒါပဲ"လို့။

ကျုပ်က အဲသလိုပြောပြနေတဲ့အချိန်မှာတော့ သူ့ကြည့်ရတာ ကျုပ်ပြော တာမှန်တယ်လို့ အသိအမှတ်ပြုတဲ့ပုံပေါ်တယ်။ ဒါပေမဲ့ အဲဒီနောက်မှာတော့ သူဟာ ကျုပ်ကိုပြုံတီတီရိသွဲ့သွဲ့ လုပ်နေတုန်းပဲ။ ပျံတန်တန်နန့်တန့်တန့်နဲ့ မြူ သလို ဆွယ်သလိုလုပ်နေတုန်းပဲ။ အဲဒါကြောင့် ကျုပ်အနေနဲ့သူ့ကို မတွေ့အောင် ရှောင်နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်တဲ့အတိုင်းလည်း မပျက် မကွက် လိုက်နာပြီး နေလိုက်တယ်။

နောက်ပိုင်းမှာ သူတို့နှစ်ယောက်ဟာ လက်ထပ်ပြီး သူနာပြုဆရာမလုပ် နေတဲ့ သူ့ညီမဆီမှာ သွားနေကြတယ်လို့ ကျုပ်ကြားရတယ်။ ဟို...အက်တီလီယို ဆိုတဲ့ကောင်က ဆယ်ရက်မှာ ကိုးရက်က အလုပ်လက်မဲ့ ဖြစ်နေလေ့ရှိတဲ့ကောင်။ ဒါပေမဲ့ အခုတော့ ကုန်စည်သယ်ယူပို့ဆောင်ရေးအလုပ်ဌာနတစ်ခုမှာ ကုန်တင်

www.burmeseclassic.com

www.burmeseclassic.com



ကုန်ချအလုပ်သမားအလုပ်ကို ရသွားတယ်တဲ့။

မာရီယာရိုဆာကတော့ အရင်တုန်းကလိုပဲ၊ အဝတ်မီးပူတိုက်တဲ့အလုပ်ကို လုပ်တယ်။ ဒါပေမဲ့ အဲဒီအလုပ်က နေ့ခင်းမှာပဲလုပ်ရတာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ အဲဒီသတင်းကြားရတော့ ကျုပ်မှာ သူတို့အတွက် စိတ်သက်သာရာ ရခဲ့တာအမှန်ပဲ။ ကျုပ်အနေနဲ့ နားလည်ထားတာကတော့ သူတို့ဟာ သိပ်တော့ စီးပွားရေးမှာ အဆင်မပြေလှဘူး။ ဒါကြောင့်မို့ အိမ်ထောင်ရေးမှာလည်း သိပ်ပြီးအဆင်မပြေဘူး။ ဒါပေမဲ့ သစ္စာရှိတဲ့သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ကျုပ်ကြောင့် သူတို့ အိမ်ထောင်ရေးကို မပြိုကွဲစေချင်ဘူး။ ဒါကြောင့်မို့လည်း ကျုပ်ရှိနေသေးတယ် ဆိုတာကိုမသိအောင်ဘဲ ဇာတ်မြုပ်ပြီးနေခဲ့တယ်။ သူငယ်ချင်းဟာ သူငယ်ချင်းပဲ ပေါ့။ သူငယ်ချင်းဘဝ၊ ခင်မင်ရင်းနှီးတဲ့ အပေါင်းအသင်းဘဝဆိုတာ ရခဲဘိခြင်း မဟုတ်ပါလားဗျ။

ကျုပ်ဟာ ပိုက်ပြင်ပိုက်ဆက် အလုပ်သမားတစ်ယောက်ဗျ။ ပိုက်ပြင် ပိုက်ဆက်သမားတွေဟာ အမြဲတစေ တစ်အိမ်ဆင်းတစ်အိမ်တက် ဝင်ထွက် သွားလာနေရတဲ့ လူစားမျိုးတွေပါ။ တစ်ခါတလေ သွားရင်းလာရင်းနဲ့ သူတို့ လူစုဟာ သူတို့မဝင်ချင်မထွက်ချင်တဲ့နေရာတွေကိုလည်း ဝင်ထွက်ရတဲ့ သဘော က ရှိတတ်တယ်ဗျ။

အဲ... တစ်ရက်မှာပေါ့။ ကျုပ်ဟာ ပိုက်ပြင်ပိုက်ဆက် လက်နက်ကိရိယာ တန်ဆာပလာအိတ်ကို ပခုံးမှာလွယ်ပြီး ကျုပ်ရဲ့ ဖောက်သည်တစ်ယောက်ရဲ့ အိမ်ကို ထွက်လာခဲ့တယ်။ ဗီယာရီပက်တာလမ်းပေါ်အတိုင်း လျှောက်သွားနေတုန်း မှာ "အာနက်စတို အာနက်စတို"လို့ ကျုပ်နာမည်ကို ခေါ်နေတဲ့အသံ ကြား လိုက်ရတယ်။ ကျုပ် လှည့်ကြည့်လိုက်တော့ ဟာ... မာရီယာရိုဆာဗျ။ ခန္ဓာ ကိုယ်က သေးသွယ်သွယ်၊ မျက်နှာကြီးက ဝိုင်းဝိုင်း၊ ခါးကသေးသေး၊ တင်က ကြီးကြီးနဲ့။ ကျုပ်စိတ်ထဲမှာ ဟိုတစ်ချိန်က သူ့ကို မြင်တိုင်း ပေါ်လာလေ့ရှိတဲ့ ခံစားမှုအဟောင်းက ဝင်လာတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို စိတ်ထဲက ကျိတ်ပြီး 'မင်းဟာ သူငယ်ချင်းတစ်ယောက်နော်၊ သူ့လင်ဟာ မင်းရဲ့ အပေါင်း အသင်းတစ်ယောက်။ သူငယ်ချင်း အချင်းချင်း သူငယ်ချင်းလို ပြုမူဆက်ဆံရ မယ်"လို့ သတိပေးနေတယ်။

"အင်း... တို့နှစ်ယောက် ပြန်လည်ဆုံတွေ့ကြရပြန်ပြီပေါ့... "လို့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က စာသံကဗျာသံပါပါနဲ့ ရေရွတ်လိုက်မိတယ်။

သူဟာ ဈေးဆွဲခြင်းကို လက်မှာချိတ်ထားတယ်။ တောင်းထဲမှာတော့ ဟင်းသီးဟင်းရွက်တွေနဲ့ အထုပ်တွေ အပြည့်အမောက်ထည့်ထားတယ်။ သူက ကျုပ်ကို ပြုံးပြုံးလေးလုပ်ပြီး ကြည့်နေရာက "ရှင်ကြီးက ကျွန်မကို မမှတ်မိတော့ဘူးပေါ့လေ"လို့ ပြောတယ်။

"ဘာကြောင့် မမှတ်မိရမှာလဲဟယ်။ သိပ်ကို မှတ်မိတာပေါ့။ ငါ့ပါးစပ်က တွေ့တွေ့ချင်း 'အင်း... တို့နှစ်ယောက် ပြန်လည်ဆုံတွေ့ကြရပြန်ပြီပေါ့လေ...''လို့ ထွက်လာတဲ့စကားကို နင် သတိမထားမိဘူးလား"

"ရှင် ကျွန်မနဲ့ အိမ်ကို ခဏတစ်ဖြုတ်လောက် လိုက်လာစေချင်တယ်" လို့ သူက ပြောတယ်။ "ဒီနေ့မနက်ခင်းပဲ မီးဖိုချောင်ထဲက ပိုက်တစ်ခု ဘာဖြစ်သွားတယ် မသိဘူး။ ပန်းကန်ဆေးရေတွေ ပိတ်ဆို့ကုန်တယ်။ ရှင် လိုက်ပြီး ကြည့်ပေးမယ်မဟုတ်လား"

ကျုပ်ကလည်း "အေးလေ ပိုက်ပျက်နေတယ်ဆိုရင်တော့ ငါလိုက်ပြီး ကြည့်ပေးရမှာပေါ့"လို့ ပြန်ပြောလိုက်တယ်။ သူက ကျုပ်မျက်နှာကို မျက်လုံးထောင့်ကပ်ပြီး ကြည့်တယ်။ ဟိုတစ်ချိန် ကျုပ်ရဲ့ခေါင်းကို မူးနောက်နောက် ရီဝေဝေဖြစ်ပြီး ချာလပတ်လည်သွားစေခဲ့တဲ့ အကြည့်မျိုးပေါ့။ ပြီးတော့မှ သူက "ဒါဆိုရင် ကျွန်မရဲ့ ဈေးခြင်းတောင်းကိုတော့ ရှင်ဆွဲခဲ့ရမယ်နော်"တဲ့။ ကျုပ်ဟာ ချက်ချင်းပဲ ထူ,တူတူ အ,တတ မြည်းတစ်ကောင်ဘ၀ကို ရောက်သွားတယ်။ တနင့်တပိုး လေးလှတဲ့ ကိရိယာအိတ်ကြီးကို ပခုံးတစ်ဖက်မှာ လွယ်ထားတယ်။ လက်တစ်ဖက်က ခဲပိုက်တစ်ချောင်းကို ကိုင်၊ ကျန်တဲ့တစ်ဖက်က ဈေးခြင်းတောင်းကို ဆွဲလို့။ အဲ... အဲဒီပုံစံနဲ့ ရှေ့က လျှောက်သွားနေတဲ့ သူ့နောက်က လိုက်သွားခဲ့တယ်။

လျှောက်ရတာကတော့ သိပ်မဝေးပါဘူး။ ဗီယာရီပက်တာလမ်းကို ဖြတ်လိုက်ရင် ရောက်တာပဲ။ အိမ်က သေးသေးကျဉ်းကျဉ်းကလေးဆိုတော့ တိရစ္ဆာန်တွေနေတဲ့ ဂူကလေးတစ်လုံးနဲ့ တူသလိုပဲ။ အိမ်ရှေ့တံခါးငယ်ငယ်ကလေးကို ဖွင့်ပြီးဝင်သွားလို့ အထဲရောက်တော့ ညစ်ပတ်ပေရေနေတဲ့ လှေကားတစ်ခု တွေ့ရတယ်။ လှေကားက ခပ်မှောင်မှောင်ခင်ဗျ။ အလင်းရောင်ဆိုလို့ မရှိသလောက်ပါပဲ။ အဲဒီကြားထဲမှာ စိုစိုစွတ်စွတ်နဲ့ အနံ့အသက်တွေကလည်း သိပ်မကောင်းဘူး။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လှေကားက တက်သွားလို့ တစ်ဝက်လောက်အရောက်မှာ သူကနောက်လှည့်ပြီး ကျုပ်ကို ပြုံးစနဲ့နဲ့ မျက်နှာထားနဲ့ မျက်စိထောင့်ကပ်ပြီး ကြည့်တယ်။ "ရှင်မှတ်မိသေးရဲ့လား၊ လှေကားထစ်ပေါ်မှာ ဝပ်ပြီး ချောင်းခဲ့တာတွေလေ။ ရှင်လုပ်ပုံကြောင့် ကျွန်မ တစ်အား... လန့်သွားခဲ့တာကော သတိရသေးရဲ့လား။ အင်းပေါ့လေ... ရှင်ကတော့ အခုလောက်ဆို မေ့ကုန်ပြီပေါ့" လို့ ပြောသဗျ။

ကျုပ်ကတော့ ခပ်မာမာ ခပ်ဆတ်ဆတ်လေသံနဲ့ "ငါတော့ ဘာကိုမှ သတိမရတော့ဘူး မာရီယာရိုဆာ...။ ငါသတိရနေတာဆိုလို့ တစ်ခုပဲရှိတော့တယ်။ အဲဒါဘာလဲဆိုတော့ ငါဟာ အက်တီလီယိုရဲ့ သူငယ်ချင်းဆိုတဲ့ အချက်တစ်ချက်တည်းပဲ။ 'သူငယ်ချင်း'ဆိုတဲ့ အသိဟာ အရာရာတိုင်းရဲ့ ရှေ့မှာရှိနေတယ်"လို့ ကျုပ်က ပြန်ပြောတယ်။ အဲဒီတော့ သူက "နေစမ်းပါဦး၊ ရှင်ဟာ အက်တီလီယိုရဲ့ သူငယ်ချင်းမဟုတ်ဘူးလို့ ဘယ်အကောင် ဘယ်အကောင်မကပြောနေလို့လဲ"တဲ့။

အပေါ်ထပ်မှာ အခန်းငယ်ကလေး သုံးခန်းရှိတယ်။ ခေါင်မိုးနဲ့ ကပ်နေတာပါပဲ။ အိမ်ဝင်းမျက်နှာစာဘက်မှာ ပြတင်းပေါက်တွေ ဖောက်ထားတယ်။ ဒီအခန်းတွေထဲမှာလည်း အလင်းရောင်ဝင်တဲ့အားက သိပ်နည်းတော့ မှောင်မည်းနေတာပါပဲ။ မီးဖိုချောင်ကတော့ တကယ့်ကျဉ်းကျဉ်းကလေးရယ်။ ဖင်မလှည့်သာ ခေါင်းမလှည့်သာလို့ ပြောရမယ့်အခန်းမျိုးပါ။ အပြင်ဘက်ကို ထုတ်ထားတဲ့ အဆောင်သေးသေးကလေးက အိမ်သာဗျ။ မီးဖိုချောင်နဲ့ တစ်ဆက်တည်းပဲ။

မာရီယာရိုဆာဟာ ကုလားထိုင်တစ်လုံးပေါ်မှာ ခြေနှစ်ချောင်းကို ခပ်ကားကား ထားပြီး ထိုင်နေတယ်။ သူ့ရင်ခွင်ထဲမှာတော့ အခွံနွှာရမယ့် ပဲသီးတောင့်တွေ ပုံထားတယ်။ ကျုပ်ကတော့ ပခုံးက အိတ်ကြီးကို ကြမ်းပေါ်မှာ ချလိုက်ပြီး ပန်းကန်ဆေးခွက်ဘေးမှာ ဒူးထောက်ထိုင်လိုက်တယ်။ ဘယ်နေရာမှာ ဘာတွေဖြစ်နေလဲလို့ ကြည့်တယ်။ ပိုက်ကဆွေးပြီး ပြတ်နေတာဆိုတော့ ချက်ချင်းပဲမြင်တယ်။ ပိုက်သစ်တစ်လုံး အစားထိုးလဲလိုက်ရင် အလုပ်က ပြီးသွားမှာပါ။ အဲဒီတော့ ကျုပ်က သူ့ဘက်လှည့်ပြီး "မြင်တဲ့အတိုင်းပဲ ပိုက်သစ်တပ်ပေးရမှာ။ အဲဒီအတွက် ငွေပေးစရာရှိရဲ့လား" လို့ မေးတယ်။

"ရှင် ပြော... ပြောနေတဲ့ 'သူငယ်ချင်း'ဆိုတာ ဘယ်ရောက်သွားပြီလဲ" တဲ့။ သူကမေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော် အင်း အင်းပေါ့လေ။ ဒါဆိုရင်တော့လည်း'လို့ ကျုပ်က ရေရွတ်ပြီး သက်ပြင်းတစ်ချက်ချလိုက်တယ်။ "အခကြေးငွေ မယူဘဲ ငါ ပိုက်သစ်တစ်ခုလဲပေးခဲ့မယ်လေ။ ဒါပေမယ့် နင်က တစ်ခုတော့ပေး...။ ငါ့ကို အနမ်းလေးတစ်ချက်တော့ပေးပါ"

"ဒီလိုဆိုရင် စောစောက ရှင်ပြောခဲ့တဲ့ 'သူငယ်ချင်း'ဆိုတာ ဘယ်လိုဖြစ်သွားပြီလဲ"တဲ့။

ကျုပ်ဟာ နှုတ်ခမ်းကို ကိုက်ပြီး စဉ်းစားနေမိတယ်။ ဒါပေမယ့် ဘာတစ်ခွန်းမှတော့ ပြန်မပြောပါဘူး။ အိတ်ထဲက ကိရိယာတန်ဆာပလာတွေကို ထုတ်တယ်။ ပိုက်ဆွေးကို ဖြုတ်ပစ်လိုက်တယ်။ ဂဟေဆော်မီးခွက်ကိုထုတ်ပြီး ဓာတ်ဆီနည်းနည်းထည့်တယ်။ အဲဒီအချိန်ထိ ကျုပ်ဟာ ရေငုံနှုတ်ပိတ်ပါ။ အဲဒီအခိုက်မှာပဲ သူ့ဆီက စကားပြောသံကြားလိုက်ရတယ်။ "ရှင်ဟာ အက်တီလီယိုရဲ့ သူငယ်ချင်းအစစ်တစ်ယောက်ဆိုတာ အမှန်ပဲလား"တဲ့။

ကျုပ်က သူ့ကိုနောက်ပြန်လှည့်ကြည့်တယ်။ သူက မျက်လွှာကိုချပြီး ပြုံးနေတယ်။ သူ့အပြုံးက ချိုမြနေတာပဲ။ ကျုပ်ရင်ကို နုန်းချိချိဖြစ်စေတဲ့ အပြုံးပါ။ ကျုပ်က ချက်ချင်းပဲ 'တကယ့်သူငယ်ချင်းစစ်ပေါ့ဟာ'လို့ ပြန်ဖြေလိုက်တယ်။

"ဒီလိုဆိုရင်တော့ ရှင်နဲ့ကျွန်မ ပြောစရာရှိတဲ့စကားတွေကို လွတ်လွတ်လပ်လပ်ပြောလို့ရမှာပေါ့"လို့ စကားစတယ်။ "ကျွန်မအနေနဲ့ ရှင်ဟာ အက်တီလီယိုရဲ့အကြောင်းတွေကို ကောင်းကောင်းကြီး သိတဲ့လူလို့ယူဆတယ်။ အဲဒီတော့ သူနဲ့ပတ်သက်ပြီး အခုပြောပြမယ့် ကျွန်မရဲ့စကား မှန် မမှန်ကို ရှင်ကပြောပြစေချင်တယ်"တဲ့။

ကျုပ်က သူပြောစရာရှိတာ မှန်သမျှ ပြောပြဖို့ ပြောလိုက်တယ်။ ချထားတဲ့ ဂဟေဆော်မီးခွက်ကိုလည်း မီးထွန်းလိုက်ပြီး မီးတောက်ကို ကျုပ်လိုချင်သလောက် ပြုပြင်ပေးနေတယ်။ သူကလည်း သူ့စကားကိုဆက်တယ်။ "ဥပမာဆိုပါတော့ ရှင့်သူငယ်ချင်းဟာ အခု သူရထားတဲ့အလုပ်နဲ့ သင့်တော်ရဲ့လား။ သူရထားတဲ့အလုပ်က ကုန်တင်ကုန်ချအလုပ်လေ"တဲ့။

"အခု လက်ရှိလုပ်နေတဲ့အလုပ်နဲ့ တော်,မတော် သိချင်တယ်ဆိုပါတော့...ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်တယ်၊ ကျွန်မကတော့ ဒီအလုပ်ကို အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့ အလုပ်လို့ မထင်ဘူး။ ကျွန်မက သူ့ကို လူနာစောင့်တစ်ယောက်ဖြစ်လာအောင် လေ့ကျင့်ပေးဖို့ ကြိုးစားခဲ့တယ်။ ကျွန်မညီမ သူနာပြုဆရာမက သူ့ကို ပိုလစ်ကလစ်နီကိုမှာ အလုပ်ရအောင် ကူညီနိုင်တာဆိုတော့..."

သူက အဲသလို ပြောနေခိုက်မှာ ကျုပ်ဟာ ပိုက်ဟောင်းနေရာမှာ ပိုက်သစ်ကို တပ်နေတယ်။ ပြီးတော့ ဂဟေဆော်မီးခွက်ကို လက်တစ်ဖက်နဲ့ ကိုင်ထားရင်းက ပြန်မေးတယ်။ "အမှန်အတိုင်း ပြောရမလား၊ ဒါမှမဟုတ် အကြိုက်လိုက်ပြီး အဆင်ပြေအောင် ပြောရမှာလား"လို့။

"ကျွန်မကတော့ အမှန်အတိုင်းပဲ သိချင်တယ်"

"အင်း ဒါဆိုရင်တော့ ငါက အက်တီလီယိုရဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်နေပေမယ့် သူ့ရဲ့ အားနည်းချက်တွေကိုတော့ အရှိအတိုင်း ပြောရတော့မှာပဲ။ ပထမအားနည်းချက်က ဒီအကောင်ဟာ ပျင်းတယ်ဟ..."

"ပျင်းတယ်... ဟုတ်လား"

ကျုပ်ဟာ ခဲစလေးတစ်စယူပြီး ပိုက်မှာကပ်လိုက်တယ်။ ဂဟေဆော်မီးနဲ့ မှုတ်ပြီး ဂဟေဆော်လိုက်တယ်။ မီးဖိုဆီက တရှူးရှူးအသံဟာ မြည်နေတယ်။ ကျုပ်ဟာ သူကြားနိုင်လောက်အောင် အသံကို မြှင့်ပြီး အော်ပြောနေရတယ်။

"ဟုတ်တယ်... ဒီကောင်က လူပျင်းပဲ။ အဲဒီတော့ လူပျင်းတစ်ယောက်ရဲ့ဒဏ်ကို ခံနိုင်အောင် လေ့ကျင့်ထားဖို့တော့ မင်းဘက်က လိုလိမ့်မယ်။ ငါကတော့ အလုပ်ကို ကြိုးစားပမ်းစား လုပ်တတ်တဲ့ကောင်။ သူက အဲသလို အစားထဲက မဟုတ်ဘူး။ သူက အိပ်ရာကထရင်လည်း နောက်ကျမှ ထချင်တယ်။ ဘာကိုမှ မည်မည်ရရ မလုပ်ဘဲ ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်နေချင်တယ်။ လက်ဖက်ရည်ဆိုင် သွားမယ်။ အကြာကြီးထိုင်ပြီး သတင်းစာဖတ်မယ်။ အားကစားသတင်းတွေကို တွေ့တဲ့လူနဲ့ ဆွေးနွေးမယ်။ ဝေဖန်မယ်။ အဲဒီတော့ အခု သူရထားတဲ့အလုပ်က သူ့အဖို့တော့ ကိုက်တယ်။ လူနာစောင့်အလုပ်ကျတော့ တာဝန်ယူရတဲ့အလုပ် မဟုတ်လား။ အဲဒါမျိုးကျတော့ သူနဲ့ကလုံးဝမကိုက်ဘူး"

"ရှင်ပြောသလိုဆိုရင်တော့ အခု သူအလုပ်ရထားတယ်ဆိုတာတောင် ဟုတ်ပါ့မလား မသိဘူး"လို့ သူကပြန်ပြောတယ်။ "သူက အလုပ်သွားမယ်ဆိုပြီး ထွက်ထွက်သွားနေပေမယ့် အခုအချိန်ထိ လုပ်ခငွေကို တစ်ပြားတစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com



တောင် မမြင်ဖူးသေးဘူး။ အခုဆိုရင် ကျွန်မအနေနဲ့ သူ ငါ့ကို လိမ်ပြောနေတာများ လားလို့တောင် တွေးနေမိပြီ။ ရှင်ကော ဘယ်လိုထင်လဲ"

"အင်း ဒီအကောင်က လူလိမ်ကြီးတစ်ယောက်ပဲ။ လိမ်တာမှ တကယ့်ကို ပိပိရိရိလိမ်တာ"

"ကျွန်မလည်း အဲသလိုပဲ ထင်နေတာကြာပြီ။ ဒါပေမယ့် စဉ်းစားစရာ ရှိနေတာက သူ အလုပ်ကိုမသွားရင် ဘယ်ကို သွားနေတာလဲ။ ရှင်ပြောသလို လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေကို လျှောက်သွားနေတာလား။ ဒါမှ မဟုတ်လည်း တခြားသွားစရာနေရာ ရှိနေသလား။ အိမ်ကထွက်ရင်တော့ တကယ့်အရေးတကြီးပဲ။ အလုပ်လည်း သိပ်များနေတဲ့ ပုံမျိုးပဲ"

သူဟာ စကားတပြောပြောနဲ့ ပဲစင်ပေါ်က ဒယ်အိုးကိုသွားယူပြီး သူ သင်ထားတဲ့ ပဲသီးတွေကိုထည့်တယ်။ ကျုပ်က နောက်လှည့်ပြီးသူ့ကို တစ်ချက် လှည့်ကြည့်တယ်။ သူကတော့ အပြုံးမပျက် စကားကိုဆက်ပြောနေတယ်။ "ကျွန်မထင်နေတာဘာလဲသိလား၊ ဒီကိစ္စထဲမှာ မိန်းမတစ်ယောက်ပါနေပြီလို့ ထင်တယ်။ ရှင်ကော ဘယ်လိုထင်သလဲ။ ရှင်ကသူ့အကြောင်းသိတဲ့လူဆိုတော့ ကျွန်မထင်တာ ဘယ်လိုသဘောရသလဲ။ မှန်မယ်လို့ထင်သလား"

ကျုပ်ရဲ့ခန္ဓာကိုယ်အတွင်းထဲက အသံတစ်သံကတော့ ကျုပ်ကို သတိပေး နေတယ်။ "ဟေ့ အာနက်စတို သတိထားနော်၊ စဉ်းစားပြီးလုပ်၊ မင့်ရှေ့မှာ ထောင်ချောက်တစ်ခုကတော့ ရှိနေပြီ"တဲ့။ ဒါပေမယ့် သူ့ယောကျ်ားအကြောင်း အခုလို လေသံမျိုးနဲ့ မကောင်းပြောနေတာကို ကြားနေရတော့ ကျုပ်အတွက် မျှော်လင့်ချက်တွေရှိလာသလိုလို ဖြစ်လာတယ်။ အဲဒီတော့ ကျုပ်ပါးစပ်ကို ကျုပ် မထိန်းနိုင်တော့ဘူး။ သူမေးထားတဲ့ မေးခွန်းကိုဖြေမိတယ်။ "မင်းပြော တာ မှန်တယ်ဟ။ မိန်းမကိစ္စကတော့ ပါမှာပဲ။ ဒီကောင်က မိန်းမဆိုရင် ချော ချော မချောချော၊ ကြီးချင် ကြီး ငယ်ချင် ငယ် ရွေးတာမဟုတ်ဘူး၊ အဲဒါကော နင်မသိဘူးလား"

ကျုပ်ဟာ ထိုင်ရာက ထရပ်လိုက်တယ်။ မာရီယာရိုဆာကလည်း ထိုင် နေရာက ထလာတယ်။ သူ့ဂါဝန်မှာကပ်နေတဲ့ ပဲအခွံတွေကို ခါပစ်တယ်။ နောက် တော့ ပန်းကန်ဆေးတဲ့ ကြွေခွက်ဆီသွားပြီး သူ့လက်ထဲက ပဲသီးတွေထည့်ထားတဲ့ ဒယ်အိုးကို ရေဘုံဘိုင်အောက်မှာ ထိုးခံထားတယ်။ ပြီးတော့ ရေပိုက်ကိုဖွင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်က သူ့နောက်မှာသွားရပ်တယ်။ ကျုပ်ရဲ့လက်နှစ်ဖက်နဲ့ သူ့ခါး သေးသွယ်သွယ်ကို ဖက်လိုက်တယ်။

"ဟုတ်တယ် မာရီယာရှိဆာ၊ နင်ထင်တာတွေ မလွဲဘူး။ ဒီအကောင် အမ်မီလီယာဆီကို နေ့စဉ်သွားနေတယ်။ ညနေစောင်းရင် သူ အဲဒီကို ရောက် လာတာပဲ။ သူလာရင် အဝတ်လျှော်ဆိုင်ရဲ့ အပြင်ဘက်ကစောင့်တယ်။ အမ်မီ လီယာထွက်လာရင် သူနဲ့အတူတူ အိမ်ကိုပြန်ကြတယ်။ ကဲ အခုဆိုရင် ဇာတ် လမ်းတစ်ခုလုံးကို နင်သိသွားပြီ။ နင် ဘယ်လိုလုပ်မလဲ"

မာရီယာရှိဆာက မျက်နှာကို မသိမသာကလေးလှည့်ပြီး ကျုပ်ကိုကြည့် တယ်။ အပြုံးလည်းမပျက်ဘူး။ ပြီးတော့ "ဒီမယ် အာနက်စတို။ ရှင်ပြောတော့ ရှင်ဟာ သူ့ရဲ့သူငယ်ချင်းဆို။ ကဲ ကဲ ကျွန်မကို လွှတ်လိုက်ပါ"လို့ ပြော တယ်။

ကျုပ်ပေးလိုက်တဲ့ အဖြေကတော့ သူ့တစ်ကိုယ်လုံးကို ကျုပ်လက်နှစ်ဖက် နဲ့ မိမိရရ ပွေ့မိဖက်မိအောင် အတင်းဖက်တာပဲ။ ဒါပေမယ့် သူက အတင်း အစမ္မ အကြောက်အကန် ပြန်တွန်းပြီး ခက်ထန်တင်းမာတဲ့လေသံနဲ့ "ကဲ၊ ရှင် အခု ပိုလ်ပြင်ပြီးသွားပြီ မဟုတ်လား။ မြန်မြန်ကြွရင်ကောင်းလိမ့်မယ်" လို့ ပြောတယ်။ ကျုပ်ဟာ ကျုပ်နှုတ်ခမ်းကိုကိုက်ပြီး သူ့ကို ပြန်ပြောလိုက်တယ်။

"အေး၊ ဟုတ်တယ်၊ နင်ပြောသလိုမှန်တယ်။ ဒါပေမယ့် နင်က ငါ့ခေါင်း ကို ချာလည်ချာလည်ဖြစ်သွားအောင် အမြဲလုပ်တယ်။ အမှန်တော့ ငါ့အနေနဲ့ အချိန်ရှိသမျှငါဟာ အက်တီလီယိုရဲ့ သူငယ်ချင်းပဲ။ မာရီယာရှိဆာဟာ ငါ့သူ ငယ်ချင်းရဲ့ မယားပါလားလို့ အမြဲသတိရနေသင့်တယ်"

ဒီစကားတွေကို ပြောနေချိန်မှာ ကျုပ်စိတ်ဟာ အတော်ကလေး တည်ငြိမ် သွားတယ်။ ဒါကြောင့်မို့ ကျုပ်ဟာ ကိရိယာတန်ဆာပလာတွေကို အိတ်ထဲပြန် ထည့်ပြီး အိမ်ထဲကထွက်ဖို့ လုပ်ပါတယ်။ သူ့ကိုနှုတ်ဆက်တော့မလို ဟန်ပြင်နေ တုန်းမှာပဲ မီးဖိုခန်းတံခါးဟာ ဖြုန်းခနဲပွင့်သွားပြီး အက်တီလီယိုတစ်ယောက် ဘွားခနဲ ပေါ်လာတယ်။

သူက ကျုပ်ကိုတွေ့တော့ ဝမ်းသာသွားတယ်။ အားရပါးရ နှုတ်ဆက် တယ်။ "ဟော့ကောင်ကြီး အာနက်စတို၊ မင်းဘယ်တုံးကရောက်တာတုန်း"တဲ့။ ကျုပ်ကလည်း "မာရီယာရှိဆာက ပိုက်ပြင်ပေးဖို့ခေါ်လို့ ရောက်လာတာကွ။

www.burmeseclassic.com



အခု ပြင်ပြီးသွားပါပြီ။ ပိုက်သစ်တပ်ပေးခဲ့တယ်”လို့ ပြောပြလိုက်တယ်။ သူကလည်း “ကျေးဇူးပဲကွာ၊ သိပ်ကို ကျေးဇူးတင်တယ်”တဲ့။ အဲဒီတုန်းမှာပဲ မာရီယာရိုဆာက “အက်တီလီယို”လို့ အသံပေးလိုက်တဲ့အတွက် ကျုပ်တို့နှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်မိတယ်။

မာရီယာရိုဆာဟာ မီးဖိုဘေးမှာ ရပ်နေတယ်။ မျက်နှာကလည်း ပြုံးလို့။ လက်တစ်ဖက်ကိုတော့ မီးဖိုဘေး တစ်ဖက်ပေါ်မှာ တင်ထားတယ်။ သူက ရုတ်တရက် အသံကိုမြှင့်လိုက်ပြီး “ဒီမယ် အက်တီလီယို၊ အာနက်စတိုကပြောတယ်၊ ရှင်ဟာ လူပျင်းတဲ့။ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ဘူးတဲ့။ ပြီးတော့…”

သူ့စကားမဆုံးခင် ဟိုအကောင် အက်တီလီယိုက “မင်း အဲသလိုပဲပြောသလား”လို့ ကျုပ်ကိုလှမ်းမေးတယ်။

“ပြီးတော့ ရှင်ဟာ လူလိမ်လူညာတစ်ယောက်လို့ သူကပြောတယ်။ ရှင်ကုန်တင်ကုန်ချ အလုပ်ရနေတယ်ဆိုတာကို ကျွန်မက ဟုတ်ချင်မှ ဟုတ်မှာလို့ သံသယဝင်နေတယ် မဟုတ်လား။ အဲသလို သံသယဖြစ်နေတာလည်း မှန်တယ်တဲ့”

“မင်း အဲသလိုပဲပြောသလား”လို့ ဟိုအကောင်က ကြားဖြတ်မေးတယ်။ မာရီယာရိုဆာကလည်း သူ့စကားကိုဆက်တယ်။ “ပြီးတော့ သူကပြောတယ်။ ရှင်ဟာ အမ်မီလီယာဆီကို နေ့စဉ်သွားနေတယ်တဲ့။ ရှင်ဟာ အင်မီလီယာနဲ့ ရှုပ်နေတာအမှန်ပဲတဲ့။ အဲဒီတော့ ရှင်လုပ်နေပုံတွေကောင်းရဲ့လား။ ကျွန်မက တစ်နေကုန်တစ်နေခန်း တစ်အိမ်တက်ဆင်းသွားပြီး အဝတ်တွေ မီးပူတိုက်ပေးနေရတဲ့အချိန်မှာ ရှင်က အင်မီလီယာဆိုတဲ့ကောင်မနဲ့ အလေလိုက်ပြီး အပျော်ကြူးနေတယ်။ ပြီးတော့ ကျွန်မကျတော့ အလုပ်ထွက်လုပ်သလေး ဘာလေးနဲ့ လိမ်ညာထားတယ်။ ရှင်လုပ်ပုံဟာ အတော်ကို ယုတ်မာတာပဲ။ အခု ကျွန်မပြောနေတာတွေကို ရှင်ငြင်းရဲသလား။ ဒီမှာမြင်လား။ ဟောဒီ အာနက်စတိုဟာ ရှင့်သူငယ်ချင်း။ ရှင့်အကြောင်း ကောင်းကောင်းသိနေတဲ့လူ။ သူက အကုန်လုံး ပြန်ပြောပြလို့ ကျွန်မသိထားပြီးပြီ”တဲ့။

မာရီယာရိုဆာရဲ့ အသံကတော့ အေးအေးဆေးဆေးပဲဗျ သိလား။ ဒါပေမယ့် ကျုပ်မှာက ဒုက္ခ။ တကယ့်ချောက်ပေါက်နဲ့ တိုးနေပြီလေဗျာ။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ အရူးမတစ်ယောက်အပေါ်မှာ ယုံကြည်ပြီး စကားတွေအကုန်ပြောခဲ့မိပြီ။ ကျွံသွားတဲ့စကားကို ကျုပ်ဘယ်လိုလုပ်ပြီး နုတ်လို့ရတော့မှာလဲ။

သူ့စကားလည်းဆုံးရော ဟိုအကောင် အက်တီလီယိုဟာ မျက်စိမျက်နှာ အပျက်ပျက်နဲ့ ကျုပ်ဆီကိုကပ်လာတယ်။ "မင်း အဲသလိုပဲပြောသလား"လို့လည်း မေးတယ်။ အဲဒီတုန်းမှာပဲ မာရီယာရိုဆာဟာ မီးဖိုပေါ်တင်ထားတဲ့ သံချောင်းကြီးကို ဆတ်ခနဲ ကောက်ပြီး အက်တီလီယိုရဲ့ခေါင်းကို တအားလွှဲရိုက်လိုက်တယ်။

ရိုက်ချက်ကလည်းပြင်း၊ ချိန်သားကလည်းကောင်းတော့ ဟိုအကောင် အက်တီလီယိုအနေနဲ့ ခေါင်းအငုံ့သာမမြန်ရင် ပွဲချင်းပြီးအသက်ထွက်မှာ သေချာတယ်။ အဲဒီနောက်တော့ ဘာတွေဖြစ်ကုန်တယ်ဆိုတာ ကျုပ်လည်း ကောင်းကောင်းမသိတော့ဘူး။ မာရီယာရိုဆာဟာ မီးဖိုကြီးပေါ်မှာ တင်ထားတဲ့ပစ္စည်းတွေ တစ်ခုပြီးတစ်ခုကောက်ယူပြီး အက်တီလီယိုကို ပေါက်တော့တာပဲ။ ပစ္စည်းတွေက လေးလံတဲ့ပစ္စည်းတွေဗျ။ ထိလိုက် မှန်လိုက်ရင်လည်း အန္တရာယ်ကတယ်ပြီးမသေးလှဘူး။ သူပစ်နေတဲ့ ပစ္စည်းတွေထဲမှာ ဓားတွေလည်းပါတယ်။ မှန့်ကြိတ်တဲ့တုံးတွေလည်းပါတယ်။ အိုးတွေကလည်းမျိုးစုံပဲ။ ဒယ်အိုးတွေတောင် ပါသေးတယ်။

အက်တီလီယိုဟာ ပထမ နှစ်ခါ၊ သုံးခါလောက်တော့ ရှောင်နိုင်တိမ်းနိုင်ဖို့ အားထုတ်နေသေးတယ်။ ဒါပေမယ့် ရှောင်လို့မလွယ်မှန်းလည်းသိရော တံခါးကိုဖွင့်ပြီး ထွက်ပြေးပါလေရော။ ကျုပ်ကော ဘာကောင်မို့ ရင်ဆိုင်ရဲမှာလဲဗျာ။ လက်ထဲက နှစ်ကိုက်သုံးကိုက်လောက်ရှိတဲ့ ပိုက်လုံးကို ပစ်ချထားခဲ့ပြီး လှေကားက ဒရောသောပါး ဆင်းပြေးလာခဲ့တယ်။ အပြင်ရောက်တော့ သူက ရှေ့က၊ ကျုပ်က နောက်က။ ဆက်ပြေးနေကြတုန်းပဲ။ ပြေးနေရင်းကပဲ အက်တီလီယိုဟာ ကျုပ်ကို ကြိမ်းမောင်းသွားနေတယ်။ "မင်း ငါ့အိမ်ကို ဘယ်တော့မှ မလာနဲ့။ မင်းမျက်နှာကို ငါမကြည့်ချင်ဘူး။ မင်းကိုဒီအိမ်မှာ နောက်တစ်ခါတွေ့ရင် ငါ သတ်မယ်ဟေ့၊ သိလား"တဲ့။

ကျုပ်အဖို့တော့ ဘာကိုမှ သိပ်ပြီးဂရုမစိုက်နိုင်ဘူး။ မြို့လယ်တံတားကိုဖြတ်ပြီး ပီယာဇာ ဒယ်လာ ကစ်ဘာတာ ပန်းခြံထဲရောက်လို့ခုံတန်းတစ်လုံးပေါ်ထိုင်မိတော့မှပဲ ဘေးကင်းပြီလို့ထင်မိတယ်။ ကျုပ်ဟာ ခုံတန်းပေါ်ထိုင်ပြီး အမောဖြေရင်းနဲ့ စဉ်းစားမိတယ်။ ကျုပ် ဘာ့ကြောင့် ဒီစကားတွေကို ပြောမိ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ ရှင်းပါတယ်။ အက်တီလီယိုနဲ့ ကျုပ်နဲ့ဟာ သိပ်ခင်ခဲ့တဲ့ သူငယ်ချင်း ဆိုတော့ သူ့အကြောင်းကို ကျုပ်က ကောင်းကောင်းကြီး သိနေတာကိုးဗျ။ အဲဒါကြောင့်လည်း ပြောမိခဲ့တာပါ။ အမှန်တော့ အက်တီလီယိုရဲ့ အကျင့်စရိုက်ဟာ ကျုပ်ပြောခဲ့တဲ့ အတိုင်းပဲ၊ မလွဲပါဘူး။

ဒါပေမဲ့ဗျာ။

ကျုပ်ဟာ ကိုယ့်ဘာသာကိုယ်ကျိတ်ပြီး ဒီနေ့ဒီရက် ဒီအချိန်ကစပြီး ငါဘယ်အကောင်နဲ့မှ အပေါင်းအသင်း မလုပ်တော့ဘူးလို့ ကျိန်လိုက်တယ်ဗျာ။

*

www.burmeseclassic.com

www.burmeseclassic.com

# မျက်မှန်

နက်စ်ပိုလာဟာ မိန်းမဝတ်အင်္ကျီတွေချုပ်တဲ့ စက်ချုပ်သမကြီးပါ။ အရပ်က ပုအိုင့်အိုင့်ဖြစ်နေရတဲ့အထဲ၊ မျက်နှာက အဝါရောင်နဲ့ အမည်းရောင် ရောနေတော့ လူတွေကသူ့ကို နက်စ်ပိုလာလို့ ခေါ်လာကြတယ်။ 'နက်စ်ပိုလာ'ဆိုတဲ့ စကားလုံးရဲ့ အနက်အဓိပ္ပာယ်က 'ပန်းသီးရိုင်း'တဲ့။ သူ့မျက်နှာက မှည့်ဝင်းနေတဲ့ ပန်းသီးရိုင်းတစ်လုံးနဲ့ တူတာကိုးဗျ။ သူ့မျက်လုံးနဲ့ မျက်ခုံးတွေက အနက်ရောင်ဖြစ်ပေမယ့် သူ့ပါးနှစ်ဖက်၊ သူ့နဖူးနဲ့ သူ့နှာခေါင်းတွေကျတော့ အဝါရောင်ဖြစ်နေတယ်။

နက်စ်ပိုလာ ဝတ်စားဆင်ယင်ပုံက သိပ်ကိုဖြစ်ကတတ်ဆန်းနိုင်တော့ လမ်းပေါ်မှာ ကလေးတွေ တရွတ်သီထိုးဆွဲ ဆွဲလာလေ့ရှိတဲ့ စုတ်စုတ်ပြတ်ပြတ် အရုပ်တစ်ရုပ်လိုပဲ တူနေတယ်။ အင်္ကျီဆိုရင် ကျပ်သပ်ပြီး သူ့ကိုယ်လုံးကို ပတ်ထုပ်ထားသလို ဖြစ်နေတယ်။ စကပ်ကလည်း သိပ်တိုလွန်းအားကြီးတော့ သူ့ရဲ့ခြေသလုံး တုတ်တုတ်ကြီးတွေကို မြင်နေရတယ်။

နက်စ်ပိုလာဟာ အိမ်မှာတင် ဆိုင်ဖွင့်ပြီး အလုပ်လုပ်တဲ့ မိန်းမကြီးပါ။ အေရန်စီယိုလမ်းထဲက သူ့အိမ်ရဲ့ ဒုတိယထပ်ဟာ သူ့အလုပ်ခန်းပဲ။ သူ့အိမ်မှာ အခန်းသုံးခန်းရှိတယ်။ နှစ်ယောက်အိပ် ခုတင်ကြီး ချထားတဲ့ အိပ်ခန်းက တစ်ခန်း။ ပြီးတော့ ဗီရိုတွေ၊ စားပွဲတွေ၊ ကုလားထိုင်တွေနဲ့ ပစ္စည်းမျိုးစုံ တိုလီမုတ်စတွေ ချခင်းထားတဲ့အခန်းက တစ်ခန်း။ နောက်တစ်ခန်းကတော့ သေးသေးကျဉ်းကျဉ်း အိပ်ခန်းလေးတစ်ခန်းပေါ့။ အဲဒီအခန်းကတော့ သူ့သား နာဝဂလီရဲ့ အိပ်ခန်းပေါ့။ အဲဒီအခန်းဟာ အိမ်ရဲ့ မျက်နှာစာဘက်မှာဆိုတော့ အိမ်ရှေ့ဆင်ဝင်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဝင်းခြံကိုမြင်နေရတယ်။ သူ့အခန်းလေးက ထင်းရှူးသေတ္တာတစ်လုံး ချထားသလို ဖြစ်နေတဲ့ အိမ်သာနဲ့ မီးဖိုခန်းသေးသေးကလေးကြားမှာ ရှိနေတာ။

နက်စ်ပိုလာ အလုပ်လုပ်ရင် သူ့အိပ်ခန်းထဲမှာပဲ လုပ်တယ်။ လက်တင်ကြိမ်ကုလားထိုင်တစ်လုံးပေါ်မှာထိုင်ပြီး လုပ်တာဆိုတော့ ရှေ့တည့်တည့်ပြတင်းပေါက်ခန်းဆီးက သူ့ကိုကွယ်နေတယ်။ အိမ်ထဲဝင်လာတဲ့လူဟာ သူ့ကိုရုတ်တရက် မမြင်နိုင်ဘူး။ ငှက်ရုပ်ကလေးတွေနဲ့ ပန်းခြင်းပုံကလေးတွေပါတဲ့ခန်းဆီးကို အမြဲချထားတယ်။ အခန်းထဲမှာ အလုပ်စားပွဲတစ်လုံး ချထားတယ်။ ငှက်လှောင်ချိုင့်လေးတစ်လုံးလည်း ချိတ်ထားတယ်။

အင်္ကျီစကို တိုင်းတော့ထွာတော့မယ်၊ ညှပ်တော့ကိုက်တော့မယ်ဆိုရင် အစကို အိပ်ရာခုတင်ပေါ် ဖြန့်ခင်းပြီး ခုတင်ကို ပတ်ချာလှည့်ပြီး လုပ်လေ့ရှိတယ်။ အင်္ကျီအပ်သူရဲ့ ကိုယ်တိုင်းကို ယူမယ်ဆိုရင်တော့ အိပ်ခန်းနဲ့ကပ်လျက် အခန်းလေးထဲမှာလုပ်တယ်။ မှန်ရှေ့မှာရပ်နေတဲ့ အင်္ကျီအပ်သူကို နက်စ်ပိုလာက သူ့ပါးစပ်နဲ့ လက်ချုပ်အပ်ကို ကိုက်ထားပြီး ဘေးက လှည့်ပတ်ကြည့်ပြီး လုပ်တယ်။ စကားကိုလည်း တရင်းတနှီးနဲ့ သိမ်သိမ်မွေ့မွေ့ ပြောနေတတ်တယ်။

အင်္ကျီလာအပ်သူရဲ့ အသားအရေ၊ ဆံပင်၊ မျက်လုံးနဲ့ ကိုယ်လုံးကိုယ်ပေါက် လှပတဲ့အကြောင်းကို လိုက်လိုက်လှဲလှဲ ပြောပြနေတတ်တယ်။ တကယ်လို့များ အင်္ကျီအပ်တဲ့ အမျိုးသမီးက သိပ်ကိုလှနေရင် သူ့သားကိုပါ လှမ်းခေါ်ပြီး ပြတတ်တယ်။ “နာတာလီရေ၊ ဒီမှာလာကြည့်စမ်း။ မိုးကောင်းကင်ဆီက အလှနတ်မိမယ် မက်ဒိုနာတစ်ယောက် တို့ကမ္ဘာမြေကြီးပေါ်ကို ဆင်းလာတယ်” လို့လည်း ပြောတတ်တယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ နက်စ်ပိုလာပြောပုံက တကယ့်ရိုးရိုးသားသား ပြောပုံမျိုးဆိုတော့ အပြောခံရသူက သဘောမကျဘဲ နေမလားဗျာ။ သူသဘောကောင်းမှန်းသိတော့ သူ့ဆီအင်္ကျီလာအပ်တဲ့ ဖောက်သည်ကလည်း များတာပေါ့။ သူနဲ့ တစ်တိုက်တည်းမှာနေကြတဲ့ မိန်းကလေးတွေနဲ့ အနီးအနားရပ်ကွက်ထဲက မိန်းကလေးတွေဟာ သူ့ဆိုင်ကလွဲပြီး ဘယ်ကိုမှ မသွားကြတော့ဘူး။

ကျုပ်အနေနဲ့ အဲဒီအကြောင်းတွေကို ခရေစေ့တွင်းကျသိနေတာ တခြားကြောင့်မဟုတ်ဘူး။ နာတာလီနဲ့ကျုပ်နဲ့ သူငယ်ချင်းဘဝတုန်းက သူတို့အိမ်ကို ပုံမှန်ရောက်ရောက်သွားလို့ပါ။ အဲဒီအချိန်က နာတာလီဟာ အလုပ်ရှာနေတုန်းပေါ့။ နောက်ဆုံးမှာ သူဟာ ကျုပ်စက်ပြင်လုပ်နေတဲ့ ကြက်ပေါင်စေးချေး

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရုံမှာ အလုပ်ရသွားခဲ့တယ်။

ဒါပေမယ့် နှစ်လကြာတော့ ဒီအလုပ်ဟာ သူ့အတွက် တိုးတက်အောင်မြင်မှု ရှိမှာမဟုတ်ဘူးလို့ပြောပြီး အလုပ်ကထွက်သွားတယ်။ သူပြောတဲ့ အောင်မြင်မှုဆိုတဲ့ စကားနဲ့ပတ်သက်လို့ စဉ်းစားစရာတော့ ရှိတယ်။ ဒီအလုပ်က ထမင်းစားရုံလောက်ကလွဲပြီး ကြီးကြီးကျယ်ကျယ် ဖြစ်ထွန်းနိုင်တဲ့အလုပ်မှ မဟုတ်တာ။ ဒါကိုသူလည်း သိလောက်ပါလျက်နဲ့ ဒီစကားပြောတော့ ကျုပ်အဖို့ အထူးအဆန်းဖြစ်နေတာ အမှန်ပဲ။ အဲဒီနောက်မှာ ကျုပ်နဲ့သူနဲ့ မကြာခဏ ဆုံမိကြပါသေးတယ်။ ဒါပေမယ့် အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် သူ့ပုံပန်းက ဆက်ပြီး ပေါင်းလို့သင်းလို့ကောင်းတဲ့ အနေအထား မဟုတ်တော့ဘူးဗျ။

နာတာလီဟာ ခန္ဓာကိုယ်က ခပ်တုတ်တုတ် ခပ်ထွားထွား။ မျက်နှာက ဖြူရော်ရော် ဖျော့တော့တော့နဲ့။ အေးစက်စက် မျက်နှာထားရှိတယ်။ မျက်မှန်ထူထူ တပ်ထားရတဲ့အထဲမှာ သူ့မျက်နှာက တည်လွန်းတော့ 'ပါမောက္ခကြီး'လို့ ဘေးလူတွေက နောက်ပြောင်ပြီး ခေါ်ကြတယ်။ အမှန်တော့ နာတာလီဟာ လေးတန်းတောင် အောင်ခဲ့တဲ့ကောင် မဟုတ်ဘူး။ ဒါပေမယ့် သူ့မျက်နှာထားက တည်လွန်းတော့ လူတိုင်းက ယုံကြည်ကြတာတော့ အမှန်ပဲ။

ကျုပ်တို့အလုပ်ရုံကို သူလာမလုပ်ခင်က သူ အလုပ်တွေ တော်တော်များများ လုပ်ခဲ့ဖူးတယ်။ သာမန် သူလိုငါလို အလုပ်သမားမျိုးတင် မကဘူး၊ စာရေးလိုအလုပ်မျိုးလည်း လုပ်ခဲ့ဖူးတယ်။ စာပို့စာရေး၊ အစောင့်၊ ဂိုထောင်မှူး၊ မိတ္တူကူးစာရေး စတဲ့အလုပ်တွေဟာ သူလုပ်ဖူးခဲ့တဲ့ အလုပ်တွေပေ့ါ။ လမင်းကြီးလို ဝိုင်းစက်စက်မျက်နှာမှာ မျက်မှန်ထူထူကြီး တပ်ထားပြီး တည်ငြိမ်အေးဆေးတဲ့ မျက်နှာထားကြောင့် သူ့အပေါ် ယုံကြည်ပြီး ပေးခဲ့တဲ့အလုပ်တွေလို့ ထင်ရတာပါပဲ။

ဒါပေမယ့် ဒီကိစ္စမှာ စဉ်းစားစရာတစ်ခုက ရှိနေတယ်။ နာတာလီဟာ အဲဒီအလုပ်တွေမှာလည်း တာရှည်မခံခဲ့ဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူ့ဘက်က လိမ်ညာတာတို့၊ မှားတာတို့၊ ခိုးတာဝှက်တာတို့ ဆိုတဲ့ မရိုးသားမှုတွေ ရှိခဲ့ပုံပေါ်တယ်ဗျ။ ကျုပ် သိရကြားရသလောက် ပြောပြရမယ်ဆိုရင်တော့ အဖြစ်တွေက ဒီလို...

ပထမတော့ အလုပ်ရှင်က သူ့ကိုသိပ်ယုံကြည် စိတ်ချတယ်။ သူ့ကို သော့တွေ အကုန်အပ်တာပဲ။ နောက်ပိုင်းမှာတော့ ဘာတွေ ဘယ်လိုဖြစ်ကုန်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘယ်သူမှ ဂဃနဏ မသိတော့ဘူး။ အလုပ်ရှင်က သူ့ကို အလုပ်ထုတ်ပစ်လိုက်ပြီး "ကဲ၊ မင်းသွားတော့။ မင်းမျက်နှာကို ငါနောက်ထပ် မမြင်ပါရစေနဲ့တော့။ ဒီကိစ္စမှာ ရဲကိုမတိုင်တာဘဲ မင်းက ကျေးဇူးတင်ရမှာ" လို့ ပြောလိုက်တာချည်းပဲတဲ့။

ဒါပေမဲ့ အဲဒီသတင်းတွေဟာ သူတို့အိမ်ထဲကတော့ လုံးဝမထွက်လာဘူး။ သူ့အမေ နက်စ်ပိုလာကလည်း သူ့သားနဲ့ ပတ်သက်လို့ သက်ပြင်းချရုံကလွဲပြီး ဆူဆူပူပူလည်း လုပ်ဟန်မတူပါဘူး။ နာတာလီကလည်း သူ့ကို ဘယ်သူက ဘာတွေပဲပြောပြော သိပ်ပြီးဂရုစိုက်ပုံ မပေါ်ဘူး။ တစ်ခုတော့ရှိတယ်။ သူတို့သားအမိနှစ်ယောက်တည်းကျရင်တော့ နက်စ်ပိုလာက ငိုယိုပြီး သူ့သားကို ဆူဆူပူပူလုပ်ချင်လည်း လုပ်ပေမပေါ့။ ဒါပေမယ့် ခက်တာက ဒီအကောင်ဟာ အလုပ်သစ်တစ်ခုရပြီးတိုင်း မကြာခင်မှာပဲ အရင်ပုံစံအတိုင်း ဖြစ်တာပဲ။

နာတာလီကိုကြည့်လိုက်ရင် သိပ်ပြီး သန်မာတောင့်တင်းမှာ မဟုတ်ဘူးလို့ထင်ရပေမဲ့ တကယ်တမ်းကျတော့ အလွန်ကိုသန်တဲ့ကောင်ဗျ။ သူသန်ပုံက နွားသိုးတစ်ကောင်လိုသန်တာ။ ကျုပ်နဲ့အတူတူ အလုပ်လာလုပ်နေတုန်းက တစ်ရက်မှာ အငယ်စားကားတစ်စီးကို သူတစ်ယောက်တည်း မ,လိုက်တာတွေ့ဖူးတယ်။ အဲဒီတော့မှ ဒီကောင်ဟာ တော်တော့်ကို သန်တဲ့ကောင်ပါလားလို့ သိရတာ။

တကယ်တော့ ဒီကောင်ဟာ အပေါ်ယံရွှေမှုန်ကြဲ၊ အထဲက နွားချေးခဲကောင်စားမျိုးလို့ ဆိုရမှာပဲ။ သူ ဘယ်လိုလူစားဆိုတာကို အတိအကျသိတဲ့လူက သူ့အမေတစ်ယောက်ပဲရှိတယ်။ ပထမတော့ သူ့အမေလည်း သိပုံမပေါ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်က ကြုံခဲ့ရတဲ့အဖြစ်ကြောင့်သာ သူ့အမေကလည်း သူ့သားနာတာလီကို မျက်စိဒေါက်ထောက်ပြီး ကြည့်လာခဲ့တာဗျ။

အဲဒီတုန်းက မြောက်ဘက်ဒေသမှာ စစ်ကမပြီးသေးဘူး။ နာတာလီဟာ သူ့အမေနဲ့ သူ့အမေရဲ့ သူငယ်ချင်း မိန်းမကြီးတွေကို နားဝင်အောင် သိမ်းသွင်းခဲ့တယ်။ သူ့ကို အားလုံးက စုပြီး ငွေထုတ်ပေးဖို့ပေါ့။ ငွေရရင် သူနေပယ်လ်မြို့အထိ သွားပြီး မိန်းမစီးဖိနပ်တွေ သွားဝယ်မယ်။ ရောမမြို့ပေါ်မှာ ဖိနပ်တွေရှားနေချိန်မို့ အမြတ်ရမှာမလွဲဘူး။ တစ်ချီတည်းနဲ့ ချမ်းသာသွားနိုင်တယ်။ စသည်ဖြင့် ကျလောက်အောင်ပြောတော့ အားလုံးက ယုံကြတာပေါ့။ ဒါနဲ့ပဲ သူ့အမေက

www.burmeseclassic.com

www.burmeseclassic.com



သူစုဆောင်းထားမျှငွေတွေကို ထုတ်ပေးလိုက်တယ်။ သူ့အမေရဲ့ သူငယ်ချင်းတွေကလည်း အဲသလိုပဲ ယုံကြည်စိတ်ချစွာနဲ့ ပုံအောပေးလိုက်ကြတယ်။

နာတာလီဟာ ငွေတွေကိုပိုက်ပြီး နေပယ်လ်မြို့ကို ကားနဲ့ထွက်သွားတယ်။ ဒါပေမယ့် သူပြန်လာတော့ ဖိနပ်ဆိုလို့ တစ်ရန်မှ ပါမလာဘူး။ ဖိနပ်ပါဖို့မပြောနဲ့၊ သူ့ကိုယ်ပေါ်မှာ အသွားတုန်းက ဝတ်သွားတဲ့ ဂျက်ကက်အင်္ကျီတောင်မှ ပြန်ပါမလာဘူး။ သူ့အပြောကတော့ သူဟာ ဖော်မီယာအထိ ရောက်အောင်သွားခဲ့တယ်တဲ့။ လမ်းမှာ ဓားပြတွေနဲ့တွေ့လို့ သူ့မှာပါသွားတဲ့ ငွေတွေအကုန် အလုခံလိုက်ရတယ်တဲ့။

ဒါပေမယ့် မကြာခင်မှာပဲ အဖြစ်မှန်ကို သိလာကြရတယ်။ သူအသွားတုန်းကစီးသွားတဲ့ ကားဒရိုင်ဘာ ပြန်ရောက်လာတော့ အမှန်အတိုင်း သိကြရတာပေါ့။ နာတာလီဟာ နေပယ်လ်မြို့ပေါ်က လောင်းကစားသမားတွေနဲ့ လောင်းကစားလိုက်တာ ပါလာသမျှ ပြောင်တာပဲတဲ့။ သူ့အမေခမျာ သူ့အပေါ် ယုံကြည်စိတ်ချပြီး ငွေထုတ်ပေးလိုက်တဲ့ သူငယ်ချင်းမတွေအတွက် စိတ်ထိခိုက်လွန်းလို့ နေမကောင်းဖြစ်ခဲ့ရတယ်။ ဒီငွေတွေကို ပြန်ဆပ်မယ်လို့လည်း ဆုံးဖြတ်လိုက်တယ်။ တကယ့်ကိုလည်း ဆပ်ရှာပါတယ်။ နှစ်ပေါင်းအတော်ကြာမှ ကြေသွားတယ်။ သူ့သားနာတာလီကတော့ ဘာမှမဖြစ်သလိုဘဲ။ ဒါပေမယ့် သူ့အမေကတော့ အဲဒီအချိန်ကစပြီး သူ့အပေါ်မှာ လုံးဝမယုံကြည်တော့ဘူး။

အဲဒီနောက်မှာတော့ နာတာလီဟာ လောင်းကစားသမားတစ်ယောက် ဖြစ်လာတယ်။ သူက ဘာပြောလသဲဆိုတော့ ဆင်းရဲသားတစ်ယောက်ဟာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်လို့ကတော့ ဘယ်တော့မှ မကြီးပွားနိုင်ဘူးတဲ့။ ဒါ့ကြောင့် သူကတော့ ကံကိုယုံပြီးလုပ်ရတဲ့ လောင်းကစားအလုပ်နဲ့ ဆင်းရဲသားဘဝက လွတ်မြောက်အောင် လုပ်ရမှာပဲတဲ့။ ပြီးတော့လည်း ဘဝနဲ့ ပတ်သက်လို့ သူ့ကိုယ်ပိုင်အမြင်တွေနဲ့သူ သူကောင်းမယ်ထင်တာတွေ လျှောက်လုပ်လာတယ်။

ကျုပ် စောစောတုန်းက ပြောခဲ့သလိုပဲ၊ သူ ကျုပ်အလုပ်လုပ်နေတဲ့ အလုပ်ရုံက ထွက်သွားပြီးတဲ့နောက် သူ့ကိုကျုပ် မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့မိတယ်။ မျက်နှာထားက ခပ်တည်တည်နဲ့ ကျောင်းဆရာကြီးပုံပေါက်နေတဲ့ သူခိုးဆိုတော့ ကျုပ်အဖို့ စိတ်ဝင်စားစရာ ဖြစ်နေတယ်။ အသက်မကြီးသေးပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် လူကြီးဂိုက်ဖမ်းနေတဲ့ လူလိမ်ဆိုတော့ ကျုပ်အဖို့ လေ့လာချင်စရာတစ်ခု ဖြစ်နေတယ်။

နာတာလီ အမြဲပြောလေ့ရှိတဲ့ စကားရှိတယ်။ ဘဝမှာ အရာရာတိုင်းဟာ ကံအပေါ်မှာ မှီနေတယ်တဲ့။ ကံဆိုတာကလည်း အမိအရဆီးဖမ်းဖို့ စောင့်နေတဲ့ လူဆီကို လာလေ့ရှိတယ်တဲ့။ ကံဆိုတာမျိုးက အချိန်အခါနဲ့လာတာမို့ ရောက်လာခိုက်မှာ ဆုပ်ကိုင်မိဖို့ အသင့်ပြင်ထားရမယ်တဲ့။ ရောက်လာရင်လည်း လက်သွက်ဖို့ သိပ်လိုတယ်တဲ့။ အဲ အချိန်တန်လာပြီဆိုရင်တော့ အမိအရသာ ဆွဲပေတော့တဲ့။

အဲဒီစကားတွေကိုပြောတဲ့အခါမှာ သူ့မျက်နှာထားဟာ ယုံကြည်မှုအပြည့်နဲ့ဗျ။ သမ္မာကျမ်းစာထဲက စာပိုဒ်တွေကို ရွတ်နေသလို ရွတ်နေတာမျိုးပဲ။ ဆင်းရဲနေတဲ့ သူ့အဖြစ်ကိုတောင် သတိပြုမိတဲ့လက္ခဏာ မရှိဘူး။ တကယ့်ဆရာကြီးတစ်ယောက်ရဲ့ မျက်နှာထားမျိုး၊ လေသံမျိုးနဲ့ ပြောတာ။ ကျုပ်အနေနဲ့ကတော့ သူ့ကိုယ်သူ ငါဘာကောင်လဲဆိုတာတောင်မှ မသိတဲ့ကောင်မို့ ဘဝင်မကျချင်ဘူးပေါ့ဗျာ။

တစ်ကြိမ်မှာတော့ ကျုပ်က သူ့ကိုမေးတယ်။ "မင်းက ဒီစကားတွေချည်း ထပ်တလဲလဲပြောနေတယ်၊ မင်းက မင်းအကြောင်းကော စဉ်းစားမိရဲ့လား။ မင်းကကော ဘာကောင်လဲ"လို့။ သူကတော့ မျက်နှာတောင် မပျက်ဘူး၊ ခပ်တည်တည် ခပ်ခန့်ခန့်ပဲ။ "ကျုပ်ဘာကောင်ဖြစ်တော့ကော ဘာဖြစ်လဲ၊ ရောမမြို့ကြီးကို တစ်ရက်တည်းနဲ့ တည်ဆောက်လို့ ပြီးခဲ့တာမဟုတ်ပါဘူး ငါ့လူရာ"လို့ ပြန်ပြောတယ်ဗျ သိလား။

ဒီအတောအတွင်းမှာတော့ နာတာလီဟာ ရောမမြို့ကြီး တည်ဆောက်ပြီးအောင် စောင့်ကြည့်နေတယ်။ စောင့်ကြည့်နေခိုက်မှာတော့ သူဟာ ကံနောက်ကိုလိုက်ရင်း ရောက်လေရာနေရာမှာ ဖဲပဲကစားနေတာပဲ။ သူ အများဆုံးကစားတဲ့ နေရာကတော့ သူ့အိမ်နဲ့ မလှမ်းမကမ်းကဆိုင်မှာဗျ၊ ညပိုင်း ဆိုင်ပိတ်ချိန်ဆိုရင် သူဟာ ဆိုင်နောက်အခန်းထဲမှာ ဖဲကစားနေပြီ။ သူနဲ့ကစားတဲ့လူတွေက ဆိုင်ရှင်ရယ်၊ ကောင်တာစာရေးရယ်၊ စားပွဲထိုးရယ်၊ ပြီးတော့ တခြားလူတစ်ယောက်ရယ်။

သူနိုင်သလား၊ ရှုံးသလား။ ဒီမေးခွန်းကို ဖြေဖို့ကတော့ လွယ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေကျတော့လည်း နိုင်မှာပေါ့။ ရှုံးတဲ့အခါလည်း ရှုံးမှာပေါ့။ အရေးကြီးတဲ့အချက်က သူ့အခုလို ညစဉ်ညတိုင်း ဖဲကစားဖို့ငွေတွေ ဘယ်ကရနေသလဲ။ အဲဒီမေးခွန်းပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ နောက်ဆုံးမှာတော့ သူဟာအရှုံးနဲ့ပဲ ရင်ဆိုင်ရတာပါပဲ။ ဘာ့ကြောင့်လဲ။ သူက ဆင်းရဲသား၊ စက်ချုပ်သမရဲ့သား၊ မြေအိုးနဲ့သံအိုး တိုက်မိရင် မြေအိုးပဲကွဲမှာပေါ့ဗျာ။

သူရှုံးပြီဆိုတော့လည်း သူဘာလုပ်မလဲ။ အလစ်သုတ်မယ်၊ တိုမယ်၊ လိမ်မယ်၊ ညာမယ်ပေါ့။ ရလာရင် ပစ္စည်းတွေပြေးရောင်းလိုက်၊ ဖဲပြန်ရိုက်လိုက်ပေါ့။ သူ့အခုလို လုပ်နေတာကို ကောင်းကောင်းကြီးသိနေတဲ့ သူ့အမေဟာ တခြားအမေတွေလို သိပ်ပြီး ဆူဆူပူပူ မလုပ်ရှာပါဘူး။ အဘွားကြီးရဲ့ ဆုံးမစကားက တိုတိုနဲ့ ရိုးရိုးရှင်းရှင်းကလေးပါ။ "နင် ဖဲမရိုက်နဲ့တော့၊ ဒုက္ခရောက်လိမ့်မယ်"တဲ့။

သူ့ခမျာမှာလည်း အမေကိုးဗျ။ သူ့သားဟာ လူလိမ်၊ လူရှုပ်၊ သူခိုး၊ တေလေဆိုတာ သူသိတယ်လေ။ ဒါပေမယ့် သူ့သားဖြစ်နေတော့ ခက်တယ်။ "ငါ့သားလေး တစ်နေ့ကျရင် ပြင်လာမှာပါ"ဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေရုံကလွဲပြီး တခြားဘာမှ မတတ်နိုင်ရှာဘူးပေါ့။

တစ်နေ့မှာတော့ နာတာလီဟာ ညနေမိုးချုပ်စအချိန်မှာ အိမ်ကိုရောက်လာပြီး သူ့အမေကို ပြောတယ်။ သူအလုပ်တစ်ခုလိုက်ရှာနေတယ်တဲ့။ သူ့မျက်နှာမှာတော့ မျက်မှန်ပါမလာဘူး။ သူ စားသောက်ဆိုင် တစ်ဆိုင်မှာ မျက်မှန်ချွတ်ပြီး သတင်းစာဖတ်နေရာက မေ့ကျန်ခဲ့တယ်လို့ပြောတယ်။ သူ့မှာက မျက်စိနဲ့အာရုံစူးစိုက်ပြီး လုပ်ရမယ့်အလုပ်ရှိလာရင် မျက်မှန်ကိုချွတ်ချထားတတ်တဲ့ အကျင့်ရှိတယ်။ မျက်မှန်ကို မတော်တဆ ခိုက်မိပြီး ကွဲသွားမှာကြောက်တာလည်း တစ်ကြောင်း၊ သူ့မျက်စိက အဝေးသာမှုံတာ၊ အနီးကပ်ကျတော့ မျက်မှန်တပ်ထားရင် မမြင်ရတာလည်းတစ်ကြောင်း၊ အဲဒီအကြောင်းတွေကြောင့် ချွတ် ချွတ်ထားတာ။

သူ့အမေက ထုံးစံအတိုင်း အသင့်ချက်ပြုတ်ထားပြီးဖြစ်တဲ့ ညစာကို အိပ်ခန်းထဲက အလုပ်စားပွဲပေါ်မှာ ပြင်ဆင်ပြီးကျွေးတယ်။ သူကလည်း ချကျွေးထားသမျှကို အငမ်းမရစားတယ်။ အမှန်တော့ ဒီအကောင်ဟာ အတော့်ကို ဆာနေတယ် မဟုတ်လား။ နက်စ်ပိုလာကတောင်မှ သူ့သားဒီလောက်စားတာမျိုး အရင်က မကြုံဖူးဘူးလို့တောင် ပြောလိုက်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညစာစားအပြီးမှာ နာတာလီဟာ စီးကရက်တစ်လိပ် မီးညှိပြီး ဖိမ်နဲ့ သောက်လိုက်သေးတယ်။ ပြီးတော့ နှစ်ယောက်အိပ်ခုတင်ပေါ်မှာ တစ်နာရီလောက် အိပ်တယ်။ အိပ်ရာကနိုးတော့ သူ့အမေဆီက ငွေနည်းနည်းတောင်းပြီး အနားက ရုပ်ရှင်ရုံမှာ ရုပ်ရှင်သွားကြည့်တယ်။ ကျုပ်ကိုယ်တိုင်လည်း ရုပ်ရှင်ရုံထဲမှာရှိနေတော့ ရှေ့ဆုံးခုံတန်းမှာ ထိုင်နေတဲ့သူ့ကို ကျုပ်မြင်လိုက်ရတယ်။ ရုပ်ရှင်ကားက အမေရိကန် ဟာသကားတစ်ကားပါ။ သူဟာ ရုပ်ရှင်ကြည့်ပြီး အော်အော်ရယ်နေတာ မြင်ရတယ်။ သူ့မျက်နှာမှာ မျက်မှန်တော့ တပ်မထားဘူး။

တိုတိုပြောရမယ်ဆိုရင်တော့ သူလည်း ရုပ်ရှင်ရုံထဲက ထွက်လာရော ရဲက ဖမ်းတာပဲ။ ရဲတွေက သူ့အိမ်ကို အရင်ဆုံးရောက်သွားကြတာ။ ရုပ်ရှင်သွားတယ်လို့သိမှ လိုက်လာပြီးဖမ်းတာ။ ရဲက သူ့ကို ချက်ချင်းပဲ ရဲစခန်းခေါ်သွားပြီး ချုပ်ထားလိုက်ကြတယ်။ နောက်တစ်နေ့မနက်ထုတ် သတင်းစာတွေထဲမှာတော့ သူ့သတင်းတွေပါလာတယ်။

နာတာလီဟာ အိမ်လခသွားပေးရင်းနဲ့ အိမ်ရှင်အဘွားကြီးရဲ့ ခေါင်းကို တူတစ်ချောင်းနဲ့ ထုသတ်ခဲ့တာကိုး။ တကယ်လို့ သူဟာ အတိအကျသမားမဟုတ်ခဲ့ရင်တော့ ရဲတွေကသူ့ကို တရားခံမှန်းသိဖို့ မလွယ်ဘူး။ ဒါပေမယ့် နာတာလီက အဘွားကြီးကို တူနဲ့မထုခင်မှာ သေချာအောင်ဆိုပြီး အတိအကျသွားလုပ်တာကိုးဗျ။ ပထမဆုံး သူဟာ မျက်မှန်ကိုချွတ်ပြီး ပြတင်းပေါက်ဘောင် ပေါ်မှာ တင်ထားလိုက်တယ်။ နောက်ဆုံး ကိစ္စပြီးသွားလို့ အိမ်ထဲက ပြန်ထွက်တော့ မျက်မှန်ကိုယူလာဖို့ သတိမရတော့ဘူး။ အဲ အဲဒီမျက်မှန်ကို ရဲကတွေ့သွားတော့...။ အဖြစ်က အဲဒါပဲ။

သူ့အမေခမျာတော့ သနားစရာကောင်းပါတယ်။ အဲဒီနေ့မနက်ထုတ်သတင်းစာတွေမှာပါလာတဲ့ သတင်းကိုဖတ်ပြီး သူ့သားအတွက် ကိုယ်စိတ်နှစ်ပါးဆင်းရဲရတာပေါ့။ ပထမနေ့ကဆိုရင် အတော်ကလေး ခံစားရမှာပဲ။ ဘယ်လောက်အထိ ခံစားရသလဲဆိုတာတော့ ကျုပ်လည်း အသေအချာ မသိဘူး။

နောက်ပိုင်းကျမှ သိကြားလာရတဲ့အတိုင်းဆိုရင် သူ့အမေ နက်စ်ပိုလာဟာ သူ့သားအတွက် မက်ဒိုနာသခင်မဆီမှာ အမြဲတစေ ဆုတောင်းနေတယ်တဲ့။ ဘာပြုလို့လဲဆိုတော့ နက်စ်ပိုလာဟာ ဘာသာရေး ကိုင်းရှိုင်းတဲ့ မိန်းမကြီးတစ်ယောက် မဟုတ်လား။ မက်ဒိုနာသခင်မကလည်း ဘဝကိုသတ္တိရှိရှိနဲ့ ရင်ဆိုင်သွား

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် စောင့်ရှောက်ပေးခဲ့မှာပဲလို့ ယူဆနိုင်စရာရှိပါတယ်။

အမှုဖြစ်ပွားခဲ့ပြီးတဲ့နောက် အချိန်အတော်ကြာလာတော့ နက်စ်ပိုလာဟာ ထောင်ကိုသွားသွားပြီး ထောင်ဝင်စာတွေ့တယ်။ သူ့သားဟာ ထောင်ထဲမှာ ကောင်းကောင်းမွန်မွန် နေထိုင်တဲ့အတွက် ထောင်အာဏာပိုင်တွေရဲ့ ယုံကြည်မှုကို ရရှိခဲ့တယ်။ ဒါ့ကြောင့်မို့ သူ့ကို ထောင်ဆေးရုံမှာ အလုပ်တာဝန်ချပေးထားတယ်လို့ သိကြရတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

## ရူဇကာ

မနက်ခင်း လမ်းလျှောက်သွားတဲ့အခါ အဲဒီလမ်းဘက်က ပိုလီကလင်နိ ကို ဆေးရုံကြီးရှေ့ကို အမှတ်မထင်ရောက်သွားတယ်ဆိုပါတော့။ အဲဒီအခါကျ ရင် စာအိတ်တစ်လုံးပေါ်မှာ တံဆိပ်ခေါင်းတွေအများကြီး စုပြုံကပ်ထားသလို ကြော်ငြာစာရွက်အမျိုးမျိုးတွေ စုပြုံကပ်ထားတဲ့ ဆေးရုံနံရံကြီးကို တွေ့ရလိမ့်မယ်။ သတိထားပြီး ကြည့်လိုက်ရင် ဆေးရုံနံရံကြီးမှာ ထွင်းထားတဲ့ကလိုဏ်လေးတစ်ခု ရှိတယ်။ အဲဒီ ကလိုဏ်လေးထဲမှာ သပ်သပ်ရပ်ရပ်နဲ့ လှလှပပ ခင်းကျင်းထားတဲ့ ပန်းဆိုင်တစ်ဆိုင်ရှိတယ်။ ဆိုင်ထဲမှာ ပန်းလှလှတွေ ထိုးထားတဲ့ ပန်းအိုးတွေ၊ ကျကျနန ကြိုးနဲ့စည်းပြီး ထည့်ထားတဲ့ ပန်းခြင်းတွေနဲ့ ပန်းခွေတွေဟာ အများ ကြီးပဲ။

မမာမကျန်းဖြစ်လို့ ဆေးရုံတက်နေကြရတဲ့ ဆင်းရဲသားတွေရဲ့ ဆွေမျိုး သားချင်းတွေနဲ့ အပေါင်းအသင်းတွေဟာ သူတို့လူနာတွေကို လက်ဆောင်ပေး ဖို့ အဲဒီဆိုင်မှာ ဝင်ပြီး ပန်းတွေဝယ်ကြတယ်။ တကယ်တော့ ဒီဆိုင်မှာ ပန်း ဝင်ဝယ်တဲ့လူတွေဟာ သူတို့သာ မဟုတ်ပါဘူး။ တစ်ရပ်ကွက်လုံးကလည်း ဒီဆိုင်ကိုပဲ အမှီပြုကြရတာပါ။

ဆိုင်ရှင်ပန်းသည်မကြီးကတော့ ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်၊ အရပ် ထောင်ထောင်မောင်းမောင်းနဲ့ အသားဖြူဖြူဗျ။ သူ့မှာ သူ့ကိုကူညီလုပ် ကိုင်ပေးနေတဲ့ သားတစ်ယောက်ရှိတယ်။ သူ့သားက သူနဲ့အတော်ကိုတူတာပဲ။ သူ့နာမည်က 'ကာလို'တဲ့။ အသက်က ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်။ ဒါပေ မယ့် သူ့ကိုယ်အလေးချိန်က ဆယ့်ငါးစတုံ ကျော်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သတိထားပြီး စေ့စေ့စပ်စပ်ကြည့်မယ်ဆိုရင် လူပုံက တစ်မျိုးပဲ။ မှဲ့ခြောက်တွေ ဖုံးနေတဲ့ သူ့မျက်နှာဟာ ဝဝပြဲပြဲဗျ။ မျက်စိက သိပ်မွဲတော့ ပါဝါထူထူမျက်မှန်ကြီး တပ်ထားရတယ်။ သူ့ရဲ့ နီရဲရဲဆံပင်ကို တိုတိုကလေး ဖြတ်ထားတယ်။ သူ့ရင်ဘတ်က သူ အသက်ရှူလိုက်တိုင်း ပိန်လိုက်ဖောင်းလိုက်နဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ဘတ်နဲ့ အတော်တူတာပဲ။ ခြေထောက်တွေကလည်း ပုအိုင့်အိုင့်ခွင်တင်တင်နဲ့။

သူ့ရဲ့ဝတ်စားဆင်ယင်မှုကတော့ အမြဲတမ်း အမေရိကန်စတိုင်ပဲ။ အပေါ်ပိုင်းမှာ ဂျင်းဂျက်ကက်၊ အောက်ပိုင်းမှာ ဂျင်းဘောင်းဘီ ဖင်ကျပ်နဲ့။ ဂျက်ကက်အင်္ကျီဟာ သူ့ကိုယ်လုံးကို ပတ်ထုပ်ပြီး ညှစ်ထားသလိုပဲ။ ဘောင်းဘီကျတော့ သူ ရှေ့ကို ကုန်းလိုက်တိုင်း ဘောင်းဘီဖင်နှစ်ခြမ်းဟာ ဖြန်းဖြန်းကွဲသွားလိမ့်မယ်လို့ ထင်ရတယ်။

ကာလိုနဲ့ ကျွန်တော်ဟာ သူငယ်ချင်းတွေပါ။ ဒါပေမယ့် အခုတော့ မဟုတ်တော့ပါဘူး။ အဲဒီအတွက်လည်း ကျွန်တော် စိတ်မကောင်းပါဘူး။ သူနဲ့ကျွန်တော် မိတ်ပျက်သွားရတာကလည်း တခြားကြောင့် မဟုတ်ပါဘူး။ သူ့ရဲ့ထူးခြားတဲ့ ခန္ဓာကိုယ်တည်ဆောက်မှုကြောင့်ပါ။ တကယ်လို့များပေါ့လေ။ ခင်ဗျားတို့ ကျွန်တော်တို့မှာ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေရှိနေရင် ကာလို အစာစားတာကိုသာ ထိုင်ကြည့်လိုက်။

အားပါး...။ အစား အတော်စားနိုင်တဲ့ ကောင်ပါလားဗျာ။ သူ့ခံတွင်းကောင်းလိုက်ပုံများကဖြင့် အံ့မခန်းပါပဲ။ သူ့လောက်စားနိုင်တဲ့ကောင်မျိုး တစ်ယောက်မှ မတွေ့ဖူးပါဘူး။ စပါဂက်တီခေါက်ဆွဲကြော် တစ်ပေါင်ကျော်ကျော်ကို ပေါင်မုန့်တစ်လုံးနဲ့ ထိုင်စားလိုက်တာ ချောင်ချောင်ကလေးပဲ။ ခေါက်ဆွဲလည်းကုန်ရော သူ့အမေကို လှမ်းပြောတယ်။ "အမေ ဘာရှိသေးလဲ၊ ကျုပ် မဝသေးဘူးဗျ၊ တစ်ခုခုတော့ ပေးဦး"တဲ့။

တစ်ခါတလေကျရင် သူငယ်ချင်းတွေက ခေါ်သွားပြီး အပြင်စားသောက်ဆိုင်တစ်ဆိုင်မှာ အစားကျွေးကြတယ်။ သူ မတန်တဆ စားသောက်နေတာကို ထိုင်ကြည့်ချင်လို့ ကျွေးကြတာပါ။ သူ့ကို စားပါသောက်ပါလို့ ဝိုင်းပြီး တိုက်တွန်းနေစရာမလိုပါဘူး။ သူ့ရှေ့ချပေးသမျှကို ကုန်အောင်ဝါးတာပဲ။ ကျွန်တော် မှတ်မိသေးတယ်။ တစ်ညမှာ သူ့ကိုစတယ်လက်တာ စားသောက်ဆိုင်ခေါ်သွားပြီး ကျွေးကြမွေးကြတယ်။ သူဟာ သူ့ရှေ့ပန်းကန်ထဲက သိုးပေါင်တစ်ပေါင်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကို မနားတမ်းဝါးပစ်လိုက်တာ ခဏကလေးနဲ့ ပြောင်သွားတာဘဲ။ ပန်းကန်ထဲမှာ အရိုးကလွဲပြီး အသားဆိုလို့တစ်စမှ မကျန်တော့ဘူး။

ဒီလိုအစားမျိုးကို သူ့အိမ်မှာ စားမှ မစားရပဲ။ သူ့အမေက နည်းနည်းကပ်စေးနဲတယ်။ ပန်းရောင်းလို့ရတဲ့ အမြတ်ငွေဆိုတာကလည်း များများစားစားမှ မရှိတာ။ ဒါကြောင့်မို့ ချွေတာပြီး စားရသောက်ရတဲ့ သဘောရှိတယ်။ အဲဒါကြောင့်မို့လည်း သူကိုယ်တိုင်ကလည်း အပြင်ခေါ်ပြီး ကျွေးမယ့်လူကို မျှော်တယ်။ တစ်ခါတလေကျရင် "ဒီည မင်းငါ့ကိုအပြင်ဆိုင်မှာ ကျွေးမလား၊ မင်းကျွေးသလောက် ငါစားပြမယ်။ လောင်းကြေးစားကြေးလုပ်မယ်ဆိုရင်လည်း လုပ်လေကွာ"လို့ သူက ပြောတတ်တယ်။

တနင်္ဂနွေတစ်ရက်မှာ ကာလိုက ကျွန်တော့်ကိုပြောတယ်။ သူနဲ့စေ့စပ်ထားတဲ့ ဖော်စတီနာတို့အိမ်က ကျွန်တော်တို့နှစ်ယောက်စလုံးကို ညစာလာစားဖို့ ဖိတ်ထားတယ်။ ကျွန်တော် တော်တော်အံ့အားသင့်သွားတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်နဲ့ ဖော်စတီနာမိသားစုဟာ သိပ်ပြီးမခင်ဘူးဗျ။ အဲဒီတော့ ကျွန်တော့်ကို ဘာ့ကြောင့်ဖိတ်တယ်ဆိုတာ စဉ်းစားလို့မရဘူး။ ဒါပေမယ့် ကော်ဆိုဒီအီတာလီယာလမ်းထဲမှာ ချိန်းထားတဲ့အတိုင်း ကျွန်တော်တို့ချင်း ဆုံမိကြတော့ ဘာ့ကြောင့် ဖိတ်သလဲဆိုတာ ကျွန်တော် သဘောပေါက်လာတယ်။

ကာလိုဟာ လက်နှစ်ဖက်ကို ဂျက်ကက်အင်္ကျီအိတ်ကပ်တွေထဲမှာ နှိုက်ပြီး စိတ်ညစ်သလို ဖြစ်နေတာ တွေ့ရတယ်။ သိပ်ပြီး တက်တက်ကြွကြွလည်း မရှိဘူး။ သက်ပြင်းတွေလည်း ခဏခဏချတယ်။ ကျွန်တော်တို့နှစ်ယောက် ဖော်စတီနာတို့အိမ်ဘက် ဆက်လျှောက်လာတော့ ကျွန်တော်က သူ့ကို "မင်းဘာဖြစ်နေတာလဲ"လို့မေးတယ်။ သူက သက်ပြင်းတစ်ချက်ချတယ်။ အဲဒီတော့ ကျွန်တော်က "ဒီမယ် ကာလို... ငါပြောတာ နားထောင်ကွာ၊ မင်း ငါမေးတာကို မပြောချင်နေပါ၊ ဒါပေမယ့် နောက်ထပ် သက်ပြင်းတော့ မချပါနဲ့။ မင်းဟာ ဖျံတစ်ကောင်နဲ့ တူတူလာတယ်"လို့ ပြောတယ်။

"ဘာပြုလို့လဲ၊ ဖျံတွေက သက်ပြင်းချသလား"

"မချပါဘူး၊ ဒါပေမယ့် တကယ်လို့ သူတို့သက်ပြင်းချရင် မင်းနဲ့တူမှာပဲ"

သူက နောက်တစ်ကြိမ်သက်ပြင်းချပြန်တယ်။ ပြီးတော့ "သူတို့က မင်းကိုပါဖိတ်အောင် ငါပြောထားတာ။ အဲဒါမှလည်း မင်းက ငါ့ကိုကူညီနိုင်မှာကွ၊ မင်းငါ့ကို ကူညီမယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ကူညီမယ်လို့ ကတိပေးလိုက်ပါတယ်။ အဲဒီအခါမှာ သူက သက်ပြင်းထပ်ချပြန်တယ်။ ပြီးတော့ ကျွန်တော့်ကိုပြောတယ်။ "ဖော်စတီနာက ငါ့ကို အကပ်မခံတော့ဘူးကွ"တဲ့။

အမှန်အတိုင်းဝန်ခံရရင် သူ့စကားကြားကြားချင်း ပထမဆုံး ဝင်လာတဲ့ခံစားမှုကတော့ ဝမ်းသာမှုပါပဲ။ ကျွန်တော်ဟာ ဖော်စတီနာကို သဘောကျနေတာ ကြာပါပြီ။ ဒါပေမယ့် သူက ကာလိုနဲ့ ဖြစ်နေတယ်ဆိုတော့ ကျွန်တော့်အဖို့ ခက်နေတာပေါ့။ ကာလို့အပေါ်မှာ ဘာများသဘောကျစရာရှိလို့တုံးတောင်မှ တွေးမိခဲ့ပါသေးတယ်။

ဒါပေမယ့်ဗျာ။ ကျွန်တော်ဟာ သူငယ်ချင်းကောင်းတစ်ယောက်ပါ။ သူတို့နှစ်ယောက်ကြားမှာ ကျွန်တော်ဝင်မရှုပ်ခဲ့ပါဘူး။ ဖော်စတီနာနဲ့တွေ့တဲ့အခါ ကျွန်တော်သူ့ကို သဘောကျနေကြောင်း သိအောင် အမူအရာနဲ့တောင် မပြခဲ့ပါဘူး။ အခုလည်း ကာလိုရဲ့စကားကြားတော့ စိတ်ထဲက ဝမ်းသာနေပေမယ့် "အေးကွာ ငါလည်း စိတ်မကောင်းပါဘူး၊ ငါက မင်းကို ဘယ်လိုလုပ်ပြီး ကူညီနိုင်မှာလဲ"လို့ ကျွန်တော်ကပြန်ပြောတယ်။

"မင်းကူညီနိုင်တာအများကြီးရှိပါတယ်ကွာ။ ဖော်စတီနာက ငါ့ကို လုံးဝလူရာမသွင်းတော့ဘူးကွ။ ဒါပေမယ့် သူက မင်းကိုတော့ နည်းနည်းကြောက်တယ်။ မင်းက စကားပြောလည်းကောင်းတယ် မဟုတ်လား။ အမှန်အတိုင်းပြောရရင် သူက ငါ့ကို မတွေ့ချင်မမြင်ချင်တော့ဘူးကွ။ ဒါပေမယ့် ငါက သူ့ကို ဘာ့ကြောင့် အခုလို လုပ်ရသလဲဆိုတာ ရှင်းခိုင်းတယ်။ ကနေ့ သူတို့အိမ်ကို ညစာစားဖို့ဖိတ်တာဟာ အဲဒီကိစ္စပဲ။ မင်းက သူ့ကိုပြောပြပါ။ ငါသူ့အပေါ်မှာ အလွန်စွဲလမ်းနေတဲ့အကြောင်းနဲ့ ငါ့ကို မစွန့်ခွာသင့်ကြောင်း စသည်ဖြင့်ပေါ့ကွာ"

ကျွန်တော်က မိန်းမတွေဟာ အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြလို့မရနိုင်တဲ့အကြောင်း သူ့ကို ရှင်းပြတယ်။ ဒါပေမယ့် သူက ဇွတ်အတင်းပြောနေတော့ နောက်ဆုံးမှာ ကျွန်တော်က သဘောတူလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ဟာ ဖော်စတီနာတို့အိမ်ကို ရောက်သွားပြီ။ နှစ်ယောက်သား စကားထပ်မပြောကြတော့ဘဲ လှေကားအတိုင်း တက်သွားပြီး အိမ်ရှေ့တံခါးကို ခေါက်လိုက်တယ်။ အရပ်ပုပု ပိန်ချောင်ချောင် ဆံပင်ဖြူဖြူနဲ့ အဘွားကြီး တံခါးလာဖွင့်ပေးတယ်။ ဖော်စတီနာရဲ့ အမေပေါ့။

"သြော်... မင်းတို့ရောက်လာကြပြီကိုး"လို့ ကျွန်တော်တို့ကို နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်တို့ဟာ စားသောက်ခန်းထဲကို ရောက်သွားကြတယ်။ အမှန်တော့ ဒီအခန်းက ဖော်စတီနာရဲ့ အဖေ စက်ချုပ်တဲ့အခန်းပါ။ သူ့အဖေက စက်ချုပ်သမားမဟုတ်လား။ အခုကျတော့လည်း စားသောက်ခန်း ဖြစ်နေတယ်။ အခန်းထဲမှာ စားပွဲတစ်လုံးချထားတယ်။ လူရှစ်ယောက် ထိုင်စားနိုင်အောင် ပြင်ဆင်ထားတယ်။

နောက်ဖေးခန်းဆီက ထွက်လာနေတဲ့ ဖော်စတီနာ့အမေရဲ့ ဒေါသတကြီး ပြောဆိုနေတဲ့ စကားသံရယ်၊ သူ့ကိုပြန်ရှင်းပြနေတဲ့ အသံရယ်၊ အသံအားလုံးကို မသဲမကွဲကြားနေရတယ်။ အဲဒီနောက်တော့ တံခါးပွင့်သွားပြီး အခန်းထဲကို ဖော်စတီနာ ဖြုန်းခနဲဝင်လာတယ်။ သူဟာ အသက်ဆယ့်ရှစ်နှစ်လောက်ပဲ ရှိသေးတယ်။ အရပ်ပုပု၊ ပိန်ပါးပါး၊ ဆံပင်က လိုင်းတွန့်ကလေးတွေနဲ့။ မျက်လုံးတွေက စိမ်းစိမ်းမို့ လှသလိုလိုရှိပေမယ့် ပါးစပ်ကတော့ သိပ်မလှဘူး။ ဒါပေမယ့် ဆွဲဆောင်မှုတော့ရှိတယ်။

"ဟယ်လို...ကာလို...။ ဟယ်လို...မာရီယို"လို့ သူက မြူးကြွကြွလေသံနဲ့ နှုတ်ဆက်တယ်။ "အမေ သိပ်ဒေါပွနေတယ်။ ဘာပြုလို့လဲသိလား။ သူက လူရှစ်ယောက်စာ စပါဂက်တီခေါက်ဆွဲကြော်ထားတာ။ အခုတော့ အဖေရယ်၊ ဂျီနိုရယ်၊ အယ်လ်ဖရက်ဒိုရယ်၊ သူတို့သုံးယောက်က ညစာလာမစားနိုင်တော့ဘူးတဲ့။ ဘောလုံးပွဲရှိနေလို့တဲ့။ အဲဒီအထဲမှာ အန်နာမာရီယာကလည်း သူနဲ့ စေ့စပ်ထားတဲ့ကောင်က ဖိတ်ထားလို့ ဒီကို မလာနိုင်ပြန်ဘူးတဲ့။ ကျွန်မကလည်း အပြင်က ဖိတ်ထားတာ ရှိနေလို့ အိမ်မှာ ညစာမစားနိုင်ဘူး။ အခုပဲ အပြင်ထွက်ရတော့မှာ။ အိမ်မှာ ရှင်တို့သုံးယောက်ပဲ ကျန်ခဲ့မယ်။ အမေစိတ်ဆိုးနေတာက တခြားမဟုတ်ဘူး။ အသားတွေကို သိမ်းထားလို့ရပေမယ့် စပါဂက်တီတွေကျတော့ သွန်ပစ်ရတော့မဟုတ်လား၊ အဲဒါကြောင့် ဒေါပွနေတာ"

ဖော်စတီနာဟာ စကားကို မရပ်မနားပြောပြီး အနားက ဆိုဖာဟောင်းကြီးပေါ် ထိုင်ချလိုက်တယ်။ ပြီးတော့ ဆက်ပြောပြန်တယ်။ "ဒီမယ်...ကာလို၊ နင်နဲ့ နင့်သူငယ်ချင်းကို ဒီညအိမ်လာဖို့ ဖိတ်တာဟာ အမေက ဖိတ်ခိုင်းလို့ ဖိတ်တာ...။ ငါကတော့ အခုချက်ချင်းပဲ ပြောရမှာပဲ။ နင် ငါ့ကို ဘယ်လိုပဲ ပြောပြော အလကားပဲသိလား"တဲ့။

သူဘာ့ကြောင့် ဒီစကားမျိုးကို အေးအေးဆေးဆေး ပြောနေနိုင်တာလဲ။ အဲဒါတော့ ကျွန်တော်မသိဘူး။ ဒါပေမယ့် သူ့စကားကြားရတာ စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေတယ်။ ပြီးတော့လည်း သူ အဲဒီစကားတွေကို ပြောနေချိန်မှာ ကာလိုရဲ့ မျက်နှာကိုမကြည့်ဘဲ ကျွန်တော့်ကိုသာကြည့်ပြီး ပြောနေတာဗျ။ အဲဒီတော့ ကျွန်တော် မပျော်ဘဲနေပါ့မလား။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ကျွန်တော်နဲ့ ဖော်စတီနာဟာ မျက်လုံးချင်းဆုံမိကြတယ်။ ကျွန်တော့်စိတ်ထဲမှာ သူကျွန်တော့်ကို ကြည့်နေပုံဟာ တစ်မျိုးပဲ။ အပြုံးကလည်း ကျွန်တော့်အတွက် အားတက်စရာ အပြုံးလို့ထင်တယ်။ ကာလိုကတော့… "အေးလေ… နင်က ငါ့ကို အလိုမရှိတော့ဘူးဆိုတော့လည်း ငါ ဘာတတ်နိုင်တော့မှာလဲ"လို့ ညည်းညူတဲ့လေသံနဲ့ပြောတယ်။

ဖော်စတီနာကတော့ ဘာကိုမှ အရေးမထားသလိုဘဲ၊ တခစ်ခစ်နဲ့ရယ်ပြီး "နင် နောက်တစ်ယောက်ရှာလို့ ရမှာပါ။ ဒါမှမဟုတ်လည်း ရှာလို့ရချင်မှ ရမှာပေါ့။ ဒါကတော့ ငါ့ကိစ္စမဟုတ်တော့ဘူး။ ငါလည်း စိတ်မဝင်စားတော့ဘူး။ တို့နှစ်ယောက်တွေ့ကြဖို့ဆိုတာကတော့ မဖြစ်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ နင်နဲ့တွေ့ရတာကို ငါ စိတ်ကုန်သွားပြီ"လို့ ပြောတယ်။

"နင်က ဘာပြုလို့ စိတ်ကုန်ရတာလဲ၊ ငါက နင့်ကို ဘာလုပ်လို့တုံး၊ နင်က ငါ့ကို ဘာကြောင့်ဒီလောက်မုန်းနေရတာလဲ"

ဖော်စတီနာကတော့ သူပြောနေတာကို ဂရုမစိုက်ဘူး။ ဆိုဖာပေါ်က ဖျတ်ခနဲ ခုန်ထလိုက်ပြီး မျက်လုံးစိမ်းစိမ်းတွေနဲ့ ကျွန်တော့်ကို ပြုံးပြီးကြည့်နေတယ်။ "ငါ နင့်ကို သဘောမကျတာ တခြားမဟုတ်ဘူး။ လူပုံကြီးက ဝဝ ပြဲပြဲနဲ့ အစားစားဖို့ကလွဲပြီး တခြားဘာမှ မသိလို့ဘဲ။ အချိန်ရှိသမျှ နင်စဉ်းစားနေတာက စားဖို့ပဲ။ နင့်အဖို့ စားလေဝလေပဲ။ ငါ့သူငယ်ချင်းတွေက ပြောတယ်။ ငါဟာ ဖာရောက်ဘုရင်ကို လက်ထပ်ရတော့မှာတဲ့။ နင်ပဲ စဉ်းစားကြည့်လေ။ ငါ့အဖို့တော့ ဆင်ကြီးတစ်ကောင်ဘေးက သန်းတစ်ကောင်နဲ့ ဘာထူးမှာလဲ။ အဲဒီတော့ ငါဟာ နင့်အတွက် သင့်တော်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး"လို့ ပြောတယ်။

"ငါက နင့်ကို သိပ်ပြီးသဘောကျနေတာကို မစဉ်းစားတော့ဘူးလား"

"ငါကမှ နင့်ကိုသဘောမကျတာ…"

ခင်ဗျားတို့ လူဝကြီးတစ်ယောက် ငိုနေတာကို မြင်ဖူးကြသလား။ လူပိန်တစ်ယောက် ငိုတဲ့အခါ ကြည့်ရတာ စစ်မှန်တဲ့ သဘောရှိတယ်။ ဒါပေမယ့် လူဝဝတစ်ကောင် ငိုတဲ့အခါမှာတော့ ဟန်ဆောင်ပြီး ငိုနေသလိုပဲဗျ။

www.burmeseclassic.com

www.burmeseclassic.com



ကာလိုဟာ သူ့မျက်မှန်ကိုချွတ်ပြီး သူ့လက်ကိုင်ပဝါနဲ့ မျက်နှာကိုအုပ်ထားတယ်။ ပြီးတော့ တရှုပ်ရှုပ်ငိုနေတယ်။ အဲဒီတုန်းမှာပဲ ဖော်စတီနာရဲ့အမေဟာ စပါဂက်တီ ခေါက်ဆွဲကြော်နဲ့ အချဉ်ရည်တွေသယ်ပြီး အခန်းထဲဝင်လာတယ်။ ကာလိုငိုနေတာမြင်တော့ "ဘာဖြစ်တာလဲ… ဟဲ့…၊ ကာလို ဘာဖြစ်လို့လဲ"လို့ မေးတယ်။

"မသိဘူး အမေ။ သူ့ဘာသာသူ ငိုနေတာပဲ"လို့ ဖော်စတီနာက ပြောပြီး ပခုံးတွေကို တွန့်လိုက်တယ်။ "ငိုရတာ ကောင်းလို့နေမှာပေါ့ အမေရယ်"တဲ့။ အဲဒီစကားလည်း ပြောပြီးရော ဖော်စတီနာဟာ ဆိုဖာပေါ်ထိုင်နေရာက ထရပ်လိုက်တယ်။ "ကဲ သွားတော့မယ်။ နင့်ကို ငါပြောပြီးပြီ၊ ငါ့သဘောထားကတော့ အဲဒါပဲ။ ငါ့မှာ လုပ်စရာရှိတာတွေက အများကြီးရှိသေးတယ်။ အပြင်ကို မထွက်လို့မဖြစ်ဘူး"

အဲဒီတော့ သူ့အမေက "ဟဲ့… နင်စားစရာရှိတာ စားမသွားတော့ဘူးလား"လို့ မေးတယ်။

"မစားတော့ဘူး အမေရာ။ ပြန်လာမှပဲ စားတော့မယ်။ သမီးဖို့ ချန်ထားပေါ့၊ ကဲ… ကာလို… ငါသွားတော့မယ်။ ညစာကို နင်ကောင်းကောင်းစားနိုင်ပါစေ…။ ကဲ မာရီယို သွားတော့မယ်"တဲ့။ စကားလည်းဆုံးရော ကျွန်တော့်လက်ကို ဆွဲပြီး နှုတ်ဆက်တယ်။ ကျွန်တော့်ကို ကြည့်နေတဲ့အကြည့်က တစ်မျိုးပဲ။ ပြီးတော့ ကျွန်တော့်လက်ကို ဆွဲထားတဲ့ သူ့လက်ကလည်း တစ်ခုခုကို အချက်ပေးနေသလိုပဲ။

"အေး ကောင်းတယ်၊ သိပ်ကောင်းတယ်"လို့ ဖော်စတီနာ့အမေက စိတ်ဆိုးမာန်ဆိုးနဲ့ ပြောတယ်။ "အိမ်မှာ စားမယ့်လူဆိုလို့ နင်တို့နှစ်ယောက်ပဲ ကျန်တော့တယ်။ လာကြ၊ ထိုင်ကြ မျိုကြဆို့ကြတော့"

"ကျွန်တော် မဆာဘူး"လို့ ကာလိုက ပြောတယ်။ ဒါပေမယ့် သူ့မျက်လုံးတွေထဲက မျက်ရည်တွေကတော့ ခြောက်သွားပြီ။ သူ့အကြည့်ကလည်း ခေါက်ဆွဲကြော်တွေဘက်ကို တစ်ချက်ခိုးကြည့်တယ်။

ကျွန်တော်ကိုယ်တိုင်ကတော့ တကယ့်ကို စားချင်စိတ်ပျောက်သွားတယ်။ ဖော်စတီနာရဲ့ အကြည့်နဲ့ သူ့လက်ချောင်းတွေရဲ့ လှုပ်ရှားမှုကြောင့် ကျွန်တော့်စိတ်ဟာ သိသိသာသာလှုပ်ရှားနေတယ်။ "ကျွန်တော်တို့ မစားတော့ဘဲ အပြင်သွားမယ်ဆိုရင်ကော ဖြစ်ပါ့မလား"လို့ ကျွန်တော်က အရဲစွန့်ပြီး မေးလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ငါချက်ထားတာတွေ အကုန်လုံး သွန်ပစ်လိုက်ရုံပဲ ရှိတော့တာပေါ့" လို့ ဒေါသတကြီးနဲ့ပြောတယ်။ "ငါကတော့ စားစေချင်လို့ အပင်ပန်းခံပြီး ချက်ပြုတ်ထားတာ၊ နင်တို့က အခုလိုလုပ်တော့ ကောင်းရဲ့လား၊ ကဲ... လာ စားလှည့်ကြ။ စကားများမနေနဲ့"

"ကျွန်တော်မဆာဘူး"လို့ ကာလိုက တိုးတိုးလေးပြောတယ်။

အဲဒီအခိုက်မှာပဲ ဖော်စတီနာဟာ အခန်းထဲကို ပြန်ရောက်လာတယ်။ "နင်မဆာဘူးလို့ ပြောတာ ငါမယုံဘူး။ လာစမ်းပါဟယ် စားစရာရှိတာ စားစမ်းပါ"လို့ပြောပြီး ဆိုဖာပေါ်မှာထိုင်နေတဲ့ ကာလိုကို ဆွဲခေါ်လာပြီး စားပွဲမှာ ထိုင်ခိုင်းတယ်။ လက်သုတ်ပဝါတစ်တည်ကို ယူပြီး သူကိုယ်တိုင် ကာလိုရဲ့ လည်ပင်းမှာချည်ပေးတယ်။ ဇွန်းနဲ့ခက်ရင်းကို ကာလို့လက်ထဲ ထိုးထည့်ပေး တယ်။

အဲဒီအချိန်မှာ ဖော်စတီနာရဲ့အမေဟာ ဒေါသပြေသွားပြီ။ စပါဂက်တီ ခေါက်ဆွဲတွေကို ကာလို့ ပန်းကန်ထဲထည့်ပေးတယ်။ ကာလိုကတော့ "ကျွန်တော်မဆာဘူး"လို့ ပြောနေတုန်းပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အငွေ့တထောင်းထောင်းထွက်နေတဲ့ ခေါက်ဆွဲနံ့ဟာ သူ့နှာခေါင်းကို ကလိနေပုံပေါ်တယ်။ ခေါက်ဆွဲဖတ်တွေနဲ့ ခရမ်းချဉ်သီးလတ်လတ်ဆတ်ဆတ်တွေရဲ့ အရောင်အဆင်းကလည်း စားချင့်စဖွယ်ကောင်းလှပါတယ်။ ကာလိုရဲ့ပါးစပ်ထဲမှာ သွားရည်တွေ ထွက်နေပုံပေါ်ပါတယ်။ ဒါပေမယ့် "ကျွန်တော်မဆာဘူး"ဆိုတဲ့စကားကို ပြောနေတုန်းပဲ။ လက်ကတော့ ဇွန်းနဲ့ခက်ရင်းကို အသုံးပြုဖို့ တာစူနေပါပြီ။

"နင့်အကြောင်း ငါသိပါတယ် ကာလိုရယ်၊ နင်ဟာ အစားပုပ်ကောင်ပါ။ မျိုမှာသာ မျိုစမ်းပါ"လို့ ဖော်စတီနာက ပြောပြီး နောက်ဖေးခန်းဘက် ထွက်သွားပြန်တယ်။

ဖော်စတီနာ့အမေကလည်း ကျွန်တော့်ပန်းကန်ထဲ ခေါက်ဆွဲကြော်ထည့်ပေးပြီး သူ့သမီးနောက်လိုက်သွားတယ်။ ကာလိုဟာ ခေါက်ဆွဲကြော်တစ်ဇွန်းကို ပါးစပ်ထဲ ထိုးသွင်းလိုက်တယ်။ ပြီးတော့ ကျွန်တော့်ဘက်လှည့်ပြီး "မာရီယိုရယ်၊ ဖော်စတီနာ့နောက်ကို လိုက်သွားပြီး ငါနဲ့ ပြေလည်သွားအောင် ပြောပေးစမ်းပါ၊ မင်းပြောလိုက်ရင် အဆင်ပြေ..."

သူဟာ စကားကို ဆုံးအောင်မပြောဘဲ ပါးစပ်ထဲရောက်နေတဲ့ ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ဆံွကြော်ကို ပလုတ်ပလောင်းနဲ့ ဝါးနေပါတယ်။ ဝါးနေတုန်းမှာပဲ သူ့မျက်လုံးတွေထဲက မျက်ရည်စတွေဟာ စီးကျနေပါတယ်။ ကျွန်တော်က "အေးကွာ... ငါနဲ့ နှစ်ယောက်ချင်း စကားပြောလိုက်မယ်ဆိုရင်တော့ သူစိတ်ပြေသွားမှာပါ။ မင်းဒီမှာထိုင်ပြီး စားစရာရှိတာ စားနေခဲ့။ ငါအခုပဲ သူ့နောက်လိုက်သွားပြီး ပြောကြည့်မယ်"လို့ သူ့ကိုပြောလိုက်တယ်။

ကျွန်တော်ဟာ ဖော်စတီနာရဲ့ အိပ်ခန်းထဲကို လိုက်သွားတယ်။ ဖော်စတီနာဟာ မှန်ရှေ့မှာရပ်ပြီး အလှပြင်နေတုန်းပဲ။ ကျွန်တော်က တံခါးပိတ်ပြီး သူ့အနားကပ်သွားတယ်။ သူ့ခါးကို အသာအယာဖက်လိုက်ပြီး "တို့နှစ်ယောက် မနက်ဖြန်ကျရင် တွေ့နိုင်မလား"လို့ ပြောလိုက်တယ်။

သူက မျက်လုံးစိမ်းစိမ်းတွေနဲ့ ကျွန်တော့်ကို လှည့်ကြည့်ပြီး "မနက်ဖြန်မဟုတ်ဘူး။ ဒီနေ့ပဲတွေ့ရမယ်"လို့ ပြန်ပြောတယ်။

"ဒီနေ့... ဟုတ်လား၊ ဘယ်အချိန်လဲ"

"အောက်မှာရှိတဲ့ အရက်ဆိုင်ထဲက စောင့်၊ နောက်နာရီဝက်လောက်ဆိုရင် ဆင်းလာခဲ့မယ်"

ကျွန်တော်က ဘာမှ ပြန်မပြောတော့ဘူး။ ကဗျာကယာ ထွက်လာခဲ့တယ်။ စားသောက်ခန်းထဲမှာတော့ ကာလိုဟာ ခေါက်ဆွဲတွေကို တဝတပြ စားနေပြီ။ သူ့ကြည့်ရတာ အတော်ကြီးကို ခံတွင်းတွေ့နေပုံပဲ။ ပန်းကန်ထဲမှာ ခေါက်ဆွဲကြောက်တစ်ဝက်လောက် ပြုတ်နေပြီ။ ကျွန်တော်က "ငါ စိတ်မကောင်းဘူး ကာလို။ မင်းကောင်မက ငါ့ကိုမောင်းထုတ်လိုက်တယ်ကွ"လို့ ခပ်တိုးတိုး ပြောလိုက်တယ်။

ကာလိုဟာ ပလုတ်ပလောင်းဝါးနေတဲ့ ခေါက်ဆွဲကြော်တွေကို ကသောကမျော မျိုချလိုက်တယ်။ လက်ထဲက ခက်ရင်းနဲ့ ခေါက်ဆွဲဖတ်တွေကို ရစ်နေရာက "အတော်ယုတ်မာတဲ့ မိန်းမရှင်မပဲ၊ ငါ သူ့ကို သိပ်ချစ်တာ၊ အဲဒါလေးတောင် တန်ဖိုးမထားဘူး"လို့ ရေရွတ်တယ်။

ကျွန်တော် ကာလိုရဲ့ ဘေးမှာ ဝင်ထိုင်ပြီး ခေါက်ဆွဲကြော်ကို ဝါးနေတော့လည်း ကာလိုက "ငါ ဒီကောင်မကို ဘယ်တော့မှ အတွေ့မခံတော့ဘူး။ သူက ငါ့ခြေထောက်ကို ဖက်ပြီး အသနားခံရင်တောင် ငါက လက်မခံတော့ဘူး"လို့ ဆက်ပြောနေတယ်။ သူ့ပန်းကန်ထဲမှာ ခေါက်ဆွဲကြော်က ကုန်သွားပြီ။ ဒါ့ကြောင့်မို့ နောက်ထပ်ခေါက်ဆွဲကြော်တွေကို ဇွန်း၊ ခက်ရင်းနဲ့ ကော်ကော်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့ပန်းကန်ထဲ ထည့်နေတယ်။

"အေးပေါ့၊ မင်းအခု ပြောတာ သိပ်မှန်တယ်"လို့ ကျွန်တော်က ထောင်ပေးလိုက်တယ်။

နောက်ဆုံးမှာ စားပွဲအလယ်မှာ ချထားတဲ့ ပန်းကန်စောက်ကြီးထဲက ခေါက်ဆွဲကြော်တွေဟာ ကုန်လုနီးပါးဖြစ်သွားပြီ။ ဖော်စတီနာရဲ့အမေဟာ အခန်းထဲဝင်လာပြီး ကျွန်တော်တို့ကို ထပ်စားဖို့ တိုက်တွန်းနေတယ်။ နောက်ထပ်ချပေးထားတဲ့ ဝက်ပေါင်ခြောက်ကြော်တွေကို စားဖို့တိုက်တွန်းနေတာပါ။ "ကျွန်တော်တို့ ဝသွားပါပြီ"လို့ ပြန်ပြောပြီး ထိုင်ရာက ထရပ်လိုက်တယ်။ ကာလိုရဲ့ မျက်နှာကတော့ ဝက်ပေါင်ခြောက်တွေကို ထပ်ပြီး 'ဝါး'ချင်နေတဲ့ပုံပဲ။

သူဟာ သက်ပြင်းတစ်ချက်ချလိုက်ပြီး သူ့လည်ပင်းက လက်သုတ်ပဝါကို ဖြုတ်လိုက်တယ်။ ပါးစပ်ကို သုတ်လိုက်တယ်။ ထိုင်နေရာက ထရပ်လိုက်တယ်။ နှစ်ယောက်သား ဖော်စတီနာရဲ့အမေကို နှုတ်ဆက်ပြီး အိမ်ထဲက ထွက်လာကြတယ်။ လမ်းပေါ်လည်းရောက်ရော ကျွန်တော်က "ကဲ... ကာလိုငါသွားတော့မယ်၊ ငါ့မှာ ချိန်ထားတာလေးတစ်ခုရှိလို့ပါကွာ"လို့ပြောပြီး သူ့အနားက ကပျာကယာလစ်ထွက်လာခဲ့တယ်။

ကျွန်တော်ဟာ ရပ်ကွက်ထဲမှာ တစ်လမ်းဝင် တစ်လမ်းထွက်လျှောက်သွားပြီး အချိန်နည်းနည်း ဖြုန်းလိုက်တယ်။ နာရီဝက်လောက်နီးပါးကြာတော့ အရက်ဆိုင်ကို ရောက်သွားတယ်။ ကျွန်တော့်ကို အသင့်စောင့်နေတဲ့ ဖော်စတီနာက ကျွန်တော့်လက်ကို ဆီးပြီး ဆွဲထားတယ်။ "နင့်ဟာ တော်တော်တုံးတာပဲ။ လူချင်းသိနေတာ ကြာပြီ။ ငါ နင့်ကိုသဘောကျနေတာ နင်မရိပ်မိဘူးလား"တဲ့။

ကျွန်တော်သူ့ကို ပြန်ဖြေဖို့ အချိန်မရလိုက်ပါဘူး။ တစ်ယောက်လက်တစ်ယောက်ဆွဲပြီး ဆိုင်ထဲက ထွက်လာခဲ့ကြတယ်။ မုန့်ဆိုင်တစ်ဆိုင်ရှေ့က အဖြတ်မှာ ကာလိုနဲ့မမျှော်လင့်ဘဲ ဆုံမိကြတယ်။ သူက ဆိုင်ပေါက်ဝမှာရပ်ပြီး ကိတ်မုန့်ကိုစားနေတယ်။ ပါးစပ်ထဲမှာလည်း အပြည့်ပဲ။ နောက်ထပ်ပါးစပ်ထဲ ထိုးသွင်းဖို့ သူ့လက်နှစ်ဖက်နဲ့ မုန့်တွေကိုင်ထားတာ တွေ့ရတယ်။ သူ့ပါးနှစ်ဖက်မှာလည်း ကရင်မ်တွေ ပေနေတယ်။ ကျွန်တော်တို့နှစ်ယောက် လက်ချင်းချိတ်ပြီး လျှောက်လာနေတာကို သူမြင်တယ်။ ဒါပေမယ့် ဖော်စတီနာကတော့ သူ့ကို လုံးဝဂရုမစိုက်ဘူး။ နောက်ကိုဖျတ်ခနဲ လှည့်ပြီး "သွားလိုက်ဦးမယ် ကာလိုရေ တာ့... တာ၊ ဘိုင့်... ဘိုင်"လို့ နှုတ်ဆက်လိုက်သေးတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

# လူအိုကြီး

တကယ်လို့ ခင်ဗျားမှာ မိန်းမတွေကို ပရောပရီလုပ်ချင်တဲ့ အလေ့အထ၊ တစ်နည်းအားဖြင့် ငမ်းချင်တတ်တဲ့ အလေ့အထရှိနေတယ်ဆိုရင်ပေါ့လေ။ အခက်ခဲဆုံး အချိန်ကာလကိုတော့ သိထားဖို့ လိုလိမ့်မယ်လို့ ကျုပ်ပြောချင်တယ်။ ကျုပ်ရဲ့ အတွေ့အကြုံအရ အခက်ခဲဆုံး အချိန်ကာလဟာ တခြားအချိန်တော့ မဟုတ်ဘူး။ မိန်းမတွေ ခင်ဗျားကို အဖေတစ်ယောက်အရွယ်လို့ မြင်လာတဲ့အချိန်ပဲ။ အဆိုးဆုံးကတော့ ခင်ဗျားကို 'အဘိုး'တစ်ယောက်လို မြင်လာတဲ့အချိန်ပဲဗျ။ ဒါပေမယ့် ခက်နေတာက အသက်လေးဆယ်ကျော် ငါးဆယ်အတွင်း အရွယ်ယောကျ်ားတိုင်းမှာ ခေါင်းနှစ်ခေါင်း ရှိနေတတ်တဲ့ကိစ္စပဲ။ တစ်ခေါင်းက အပြင်ခေါင်း။ နောက်တစ်ခေါင်းက အတွင်းခေါင်း။

သူ့ရဲ့ အပြင်ခေါင်းအရကတော့ မျက်နှာဟာ ပါးရေနားရေတွေ တွန့်နေပြီ။ ဆံပင်တွေလည်း ဖြူနေပြီ။ သွားတွေလည်း ကျိုးနေပြီ။ မျက်စိတွေကလည်း မွဲနေပြီ။ ဒါပေမယ့် သူ့အတွင်းခေါင်းကတော့ အဲဒါတွေကို လုံးဝလက်မခံဘူး။ သူ့အနေအထားဟာ လူငယ်လူရွယ် ဘဝတုန်းကအတိုင်းပဲ ရှိနေသေးတယ်။ ဆံပင်တွေက နက်နက်၊ မျက်နှာက ချောချော။ သွားတွေက ဖွေးဖွေး။ မျက်လုံးတွေက ကြည်လင်ဝင်းလက်နေကြတုန်းပဲ။ အဲ... ခက်နေတာက အဲဒီအတွင်းခေါင်းပဲ။ မိန်းမတွေကို ငမ်းချင်နေတာလည်း အဲဒီအတွင်းခေါင်းပဲ။

အဲဒီအတွင်းခေါင်းက သူ့ကို မိန်းမတွေအားလုံးက လူငယ်တစ်ယောက်လို့ မြင်နေကြတုန်းပဲလို့ စိတ်ကူးယဉ်နေတယ်။ ဒါပေမယ့် မိန်းမတွေက သူ့ရဲ့ အပြင်ခေါင်းကိုသာ မြင်နေကြတာဗျ။ တကယ်လို့ မိန်းမတစ်ယောက်ကို ခင်ဗျားသွားငမ်းရင် 'ဒီဘဲကြီးက ဘာလဲ... ဟ၊ သူ့ရုပ်ကဖြင့် စာခြောက်ရုပ်

www.burmeseclassic.com



ကြီး ဖြစ်နေပြီ။ သူ့အသက်က ငါ့အဘိုးအရွယ်လောက် ရှိနေပြီဆိုတာ သူ့ကိုယ်သူ မသိဘူးလား'လို့ ပြောမှာသေချာတယ်။

အဲ... ဒီနှစ်မှာ ကျုပ် အနှစ်သုံးဆယ်နီးပါးလောက် အလုပ် လုပ်လာခဲ့တဲ့ ဆံသဆိုင်ကို ဆိုင်ရှင်က ပြင်ဆင်တိုးချဲ့ခဲ့တယ်။ မှန်တွေနဲ့လက်ဆေးကြွေခွက်ကြီးတွေကို အသစ်ပြန်လဲတယ်။ နံရံတွေနဲ့ ဗီရိုတွေကိုလည်း ဆေးပြန်သုတ်တယ်။ နောက်ပြီးတော့ လက်နဲ့လက်သည်း အလှပြင်ပေးဖို့ အမျိုးသမီးတစ်ယောက် တိုးပြီးခန့်ထားရင် ကောင်းမယ်လို့ပြောပြီး မိန်းမတစ်ယောက် အသစ်ခန့်ထားတယ်။ သူခန့်လိုက်တဲ့မိန်းမကတော့ 'အိုင်အိုလီ'တဲ့။

ကျုပ်တို့ ဆံသဆိုင်မှာ ဆိုင်ရှင်အပြင် ဆံညှပ်အလုပ်သမား သုံးယောက်ရှိပါတယ်။ တစ်ယောက်က အသက်နှစ်ဆယ့်ငါးနှစ်အရွယ် 'အေမာတို'လို့ခေါ်တဲ့လူရွယ်ပါ။ သူက အသားမည်းမည်းနဲ့ ဘယ်ကိစ္စမျိုးမှာမဆို အလေးအနက်ပြုတတ်တဲ့အကျင့်ရှိတယ်။ တစ်ချိန်က ရဲသားလုပ်ခဲ့ဖူးတဲ့ လူပဲ။ နောက်တစ်ယောက်ကတော့ ကျုပ်ထက် အသက်ငါးနှစ်လောက်ကြီးတဲ့ 'ဂီယတ်စ်ဆက်ဗီ'ပါ။ သူက အရပ်ပုပု၊ ဝဝ ထိပ်ပြောင်ပြောင် လူတစ်ယောက်ပါ။ အဲ နောက်တစ်ယောက်ကတော့ ကျုပ်ပဲ။

ယောကျ်ားတွေချည်း အလုပ်–လုပ်နေတဲ့နေရာ တစ်နေရာမှာ မိန်းမတစ်ယောက် ရောက်လာရင် ဖြစ်တတ်တဲ့ သဘာဝအတိုင်းပဲ၊ ကျုပ်တို့ သုံးယောက်စလုံး အိုင်အိုလီဆီကိုပဲ မျက်စိကစားနေကြတာ ကျုပ် သတိထားမိလာတယ်။ တကယ်တော့လည်း အိုင်အိုလီဟာ မိန်းမချောတစ်ယောက်ပါ။ တောင့်တင်းလှပပြီး ဆံပင်က နက်မှောင်မှောင်နဲ့ မင်္ဂဇင်းမျက်နှာဖုံးမယ်တစ်ယောက်ဖြစ်နိုင်တဲ့ ရုပ်ရည်မျိုးပါ။

အိုင်အိုလီ ချောကြောင်း လှကြောင်းပြောမိတော့ ကျုပ်အကြောင်းပြောပြဖို့ သတိရလာတယ်။ ကျုပ်အနေနဲ့ ကြွားတာတော့ မဟုတ်ပါဘူး။ ကျုပ်လည်းပဲ လူချောတစ်ယောက်လို့ ပြောနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ ကျုပ်ရဲ့ကိုယ်လုံးကိုယ်ထည်က ပိန်ပိန်ပါးပါး၊ အရပ်က မမြင့်မနိမ့်။ အသွေးအရောင် ဖြူရော်ရော်နဲ့ တည်ငြိမ်အေးဆေးတဲ့ မျက်နှာပိုင်ရှင်ပါ။ မိန်းမတွေက ပြောကြတယ်။ ကျုပ်မျက်နှာဟာ စိတ်ဝင်စားစရာကောင်းတယ်တဲ့။

ကျုပ်ပိုင်ဆိုင်သမျှ အရာအားလုံးထဲမှာ အထူးခြားဆုံးကတော့ မျက်လုံးတွေပဲ။ အထူးသဖြင့် မျက်လုံးထောင့်ကပ်ပြီး စောင်းကြည့်လိုက်တဲ့အခါမှာ ပိုပြီး ဆွဲဆောင်မှုရှိတယ်။ ကျုပ်မျက်လုံးတွေက နူးညံ့သိမ်မွေ့ရုံမကဘူး။ ခံစား

www.burmeseclassic.com

www.burmeseclassic.com



မှုအပြည့်ရှိတဲ့ မျက်လုံးတွေပါ။ ဒါပေမယ့် သံသယမကင်းတဲ့ အကြည့်မျိုးလေး ကတော့ ပါတယ်။ ကျုပ်မှာရှိနေတဲ့ အလှဆုံးအရာကတော့ ဆံပင်ပဲဗျ။ ဆံပင် က နီညိုရောင်။ သန့်စင်ချောမွေ့ပြီး လှိုင်းထနေတယ်။

ကျုပ်ရဲ့နောက်တစ်ခု ထူးခြားချက်ကတော့ တခြားမဟုတ်ပါဘူး။ အဝတ် အစားကို အမြဲတမ်း စမတ်ကျကျ ဝတ်တတ်တဲ့ အကျင့်ပဲ။ ကျုပ် ဆိုင်အပြင် ထွက်ရင် အဝတ်အစားကို ကျကျနန ရွေးဝတ်တတ်တယ်။ ဆိုင်ထဲမှာဆိုရင် လည်း ဆံသသမားမို့ အဖြူရောင်ဝတ်ရပေမယ့် ဝတ်စားထားပုံက သန့်ပြန့်ပြီး စမတ်ကျလွန်းတော့ ခွဲစိတ်ပါရဂူ တစ်ယောက်လို့တောင် ထင်လောက်ပါတယ်။ အဲဒီတော့ဗျာ၊ ဒီလို ကြန်အင်လက္ခဏာတွေနဲ့ ပြည့်စုံနေတဲ့ ကျုပ်လိုလူတစ် ယောက်အဖို့ မိန်းမတွေ 'ကျ'တာ အဆန်းမဟုတ်ပါဘူး။

ကျုပ်ဘက်က အခုလို အသာစီးရမှုကလေးတစ်ခုက ရှိနေတော့ ကျုပ် ဟာ မိန်းမတွေနဲ့ ဆက်ဆံရာမှာ ရဲရဲတင်းတင်းပဲ။ ဆိုကြပါစို့... ရဲ့။ ကျုပ် သဘောကျတဲ့ မိန်းမတစ်ယောက်တွေ့ပြီ...။ အဲဒီအခါမှာ ကျုပ်ဟာ သူ့ကိုမျက်စိ နဲ့ မပြတ်ကြည့်ပြီး စကားပြောတာပဲ။ အဲသလို စိတ်ဝင်တစားနဲ့ အကြာကြီး အကြာကြီးကြည့်ပေးပြီးတဲ့နောက်မှာတော့ သူ့ကိုချဉ်းကပ်တာပဲ။ အများအား ဖြင့်တော့ ကျုပ် ချဉ်းကပ်ချိန်မှာသစ်သီးက မှည့်နေပြီ... ဗျာ။ သိလား ကျုပ် အနေနဲ့ လက်နဲ့အသာကိုင်ပြီး ခူးလိုက်ရုံပဲ။

အိုင်အိုလီနဲ့ ပတ်သက်လို့ ဆိုင်ထဲမှာ ကျုပ်အကြောက်ဆုံးလူကတော့ အေမာတိုပဲ။ ဒီအကောင်က လူချောလူလှလည်း မဟုတ်ဘူး။ စိတ်ဝင်စားစရာ လည်း မရှိဘူး။ ဒါပေမယ့် အသက်က ငယ်တယ်... ဗျ။ ဟို... ဂီယတ်စ် ဆက်ဗီဆိုတဲ့ ဘဲကြီးကိုတော့ ကျုပ်က စာရင်းထဲမထည့်ပါဘူး။ သူက ကျုပ် ထက် အသက်လည်းကြီးတယ်။ ပြီးတော့ အရုပ်ဆိုးလိုက်တာကလည်း အလွန် ပဲ။

အိုင်အိုလီကတော့ ဆိုင်အတွင်းဘက် ထောင့်တစ်ထောင့်မှာ ချပေးထား တဲ့ သူ့စားပွဲကလေးမှာ တစ်ချိန်လုံး ထိုင်နေလေ့ရှိပါတယ်။ အလှပြင်တဲ့သူ ရောက်မလာတဲ့ အချိန်ဆိုရင် ဆိုင်ထဲမှာရှိနေတဲ့ သတင်းစာ နှစ်စောင်သုံးစောင် ကို ဖင်ပြန် ခေါင်းပြန် ဖတ်လိုက်၊ သူ့လက်သည်းတွေကို ပွတ်လိုက် တိုက် လိုက်နဲ့ အချိန်ဖြုန်းနေတာပဲ။ ယောကျာ်းတစ်ယောက်မှာ ပါလာလေ့ရှိတဲ့ မွေး ရာပါစိတ်ကြောင့် ကျုပ်မျက်လုံးတွေကတော့ အိုင်အိုလီကိုပဲ ကြည့်နေမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ညှပ်မယ့်လူတစ်ယောက် ဝင်လာပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရင် ကျုပ်က အဝတ်တစ်ထည်ကိုယူ။ ဟန်ပါပါဖြန့်ပြီး ဆံပင်ညှပ်မယ့်လူရဲ့ ကိုယ်ပေါ် လွှမ်းခြုံပေးလိုက်ရင်းက အိုင်အိုလီဆီကို မျက်စိတစ်ချက် ကစားလိုက်တယ်။ ဒါမှမဟုတ်လည်း... ကုလားထိုင်ပေါ်က ခေါင်းလျှော်ခံနေတဲ့လူရဲ့ ဆပ်ပြာမြှုပ်တွေ ဖုံးအုပ်နေတဲ့ ခေါင်းကို လက်နှစ်ဘက်နဲ့ ပွတ်လိုက် နှိပ်လိုက်၊ လက်သည်းတွေနဲ့ ကုတ်လိုက်လုပ်နေရင်းက အိုင်အိုလီဆီကို မကြာမကြာ မျက်စိကစားတယ်။ ဒါမှမဟုတ်လည်း ကုလားထိုင်ပေါ်က ဖောက်သည်ရဲ့ ဆံပင်တွေကို ကတ်ကြေးနဲ့တစ်ချပ်ချပ်ညှပ်ပြီး ညှိပေးနေရင်းက အိုင်အိုလီကို မကြာခဏ လှမ်းကြည့်တယ်။

တကယ်လို့ အိုင်အိုလီ သူ့စားပွဲကထပြီး ဗီရိုဆီသွား၊ ပစ္စည်းတစ်ခုခုထုတ်၊ သူ့စားပွဲဘက်ပြန်လာ။ စတဲ့ လှုပ်ရှားမှုတွေ ရှိနေရင်လည်း ကျုပ်မျက်လုံးတွေက သူ့ကို မျက်ခြည်အပြတ်မခံဘူး။ မှန်ထဲမှာပေါ်နေတဲ့ သူ့လှုပ်ရှားမှု ဟူသမျှကို လိုက်ကြည့်နေတာပဲ။ ကျုပ် အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ အိုင်အိုလီဟာ သိပ်ပြီး ဖျတ်လတ် သွက်လက်တဲ့ မိန်းမတစ်ယောက်တော့ မဟုတ်ဘူးဗျ။ ရက်သလို ရွံ့သလိုလုပ်တတ်တဲ့ အစားထဲကလည်း မဟုတ်ဘူး။ သူ့ပုံပန်းက စိတ်လှုပ်ရှားမှု မရှိသလိုပဲ။ ခပ်တည်တည် ခပ်ငြိမ်ငြိမ်နဲ့ ခပ်ထုထု ခပ်အအပုံမျိုးပဲ။ အိပ်ချင်မူးတူး ဖြစ်နေတဲ့ ကြောင်မတစ်ကောင်နဲ့ သိပ်တူတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့... လေ။ အချိန်ကြာလာတော့လည်း အိုင်အိုလီဟာ ကျုပ် ကြည့်... ကြည့်နေတာကို ရိပ်မိလာတယ်။ အဲဒီနောက်တော့ ကျုပ် ကြည့်ကြည့်နေတာကို လက်ခံလာတယ်။ နောက်ဆုံးမှာတော့ လက်ခံရုံတင် မကတော့ဘူး သူကပါ ကျုပ်ကို ပြန်,ပြန်ကြည့်လာတယ်။ သူ ကြည့်ပုံရှုပုံကို ကျုပ် အကဲခတ်လိုက်တော့လည်း သူ့ဘက်က ပျော်စေပျက်စေ ကလက်စေဆိုတဲ့ သဘောမျိုး ရှိပုံမရဘူးလို့ ယူဆနိုင်လောက်တာလေးတွေ တွေ့ရတယ်။

အဲဒီတော့ ကျုပ်အနေနဲ့ အများပြောလေ့ပြောထရှိတဲ့ စကားအတိုင်းပဲ။ ငါ ခူးချင်နေတဲ့ သစ်သီးတော့ မှည့်နေပြီလို့ တွေးမိတယ်။ ဒါနဲ့ပဲ စနေတစ်ရက်မှာ ကျုပ်က သူ့ကို မနက်ဖြန် တနင်္ဂနွေနေ့ နေ့ခင်းဘက်မှာ ဩစတီးယား ဘက်သွားပြီး ရေကူးဖို့ ဖိတ်တယ်။ သူကလည်း ချက်ချင်းပဲ လက်ခံတယ်။ ဒါပေမယ့် သူက တစ်ခုတော့ပြောတယ်။ သူ့ရေကူးဝတ်စုံကိုတော့ မဝေဖန်ပါနဲ့... တဲ့။ အခု သူက တစ်နေ့တခြားဝလာတော့ အရင်က ဝယ်ထားတဲ့ ရေကူးဝတ်စုံဟာ သူနဲ့သိပ်ကျပ်နေပြီ... တဲ့။ 'တစ်ချိန်လုံးဆိုင်ထဲမှာ ထိုင်နေရတာ

www.burmeseclassic.com

www.burmeseclassic.com



ကများတော့ ကျွန်မခန္ဓာကိုယ်က စည်ပိုင်းတစ်လုံးလို ဖြစ်နေပြီ’လို့ သူက ပြောတယ်။ ပြောတော့လည်း ရှက်သလို ရွံ့သလို မူရာမာယာတွေလုပ်ပြီး ပြောတာတော့ မဟုတ်ဘူးဗျ။ ရိုးသားဖြောင့်မတ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အပြောမျိုးပါ။ ကျုပ်ကတော့ ဒီအပြောကြောင့် သူ့ကိုပိုပြီး သဘောကျသွားတာ အမှန်ပဲ။

ဒီလိုနဲ့ပဲ ကျုပ်တို့ဟာ နောက်တစ်နေ့ နေ့ခင်းမှာ ဆန်ပအာလိုဘူတာမှာ လူချင်းဆုံကြဖို့ စီစဉ်လိုက်ကြတယ်။ ကျုပ်ကတော့ အိမ်ကမထွက်ခင် တစ်ကိုယ်လုံးကို ဟာကွက်မရှိအောင် ပြင်ဆင်မွမ်းမံမိတာပဲ။ ရေမိုးချိုး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ပြောင်စင်နေအောင်ရိတ်၊ မျက်နှာကို အလှဆီလိမ်း၊ ဆံပင်ကိုကျကျနနဖြီး။ ဆံပင်ဖြီးတာမှ ပေါ့ပေါ့တန်တန်ဖြီးတာ မဟုတ်ဘူး။ ခေါင်းထဲမှာ ဘောက်တွေ ဘာတွေ ကပ်မနေအောင် အသေအချာကြည့်ပြီး ပြောင်စင်နေအောင် ဖြီးတာဗျ။ ပြီးတော့မှ ခေါင်းကို ရေမွှေးဖျန်း၊ လက်ကိုင်ပဝါကို ရေမွှေးဆွတ်။ တစ်ကိုယ်လုံး စိတ်တိုင်းကျ ပြင်ဆင်အပြီးမှာတော့ ကောင်းပေ့ဆိုတဲ့ ရှပ်အင်္ကျီ၊ အရောင်ဖျော့ဖျော့ ဂျက်ကက်အင်္ကျီနဲ့ အဖြူရောင်ဘောင်းဘီကို ဝတ်လိုက်ပါတယ်။

အိုင်အိုလီဟာ သိပ်ကို အချိန်မှန်ပါတယ်။ နှစ်နာရီထိုးတာနဲ့ တစ်ပြိုင်နက် ခရီးသည်တွေကြားက တိုးဝှေ့ဖြတ်သန်းပြီး ကျုပ်ဘက်ကို လာနေတဲ့ အိုင်အိုလီကို မြင်နေရပါတယ်။ သူ့တစ်ကိုယ်လုံး အဖြူရောင်တွေ ဝတ်ထားတယ်။ အဝေးကကြည့်တော့ အရပ်ကပုပြီး ဝတုတ်တုတ် ဖြစ်နေသလိုပဲ။ ဒါပေမယ့် နုပျိုငယ်ရွယ်ပြီး ဆွဲဆောင်မှုကတော့ အပြည့်ပါ။

‘များလိုက်တဲ့ လူတွေ’လို့ သူက ကျုပ်ကိုနှုတ်ဆက်ရင်းနဲ့ပြောတယ်။ ‘တစ်လမ်းလုံး ကျွန်မတို့ မတ်တတ်ရပ်လိုက်ရတော့မှာပဲ’

မိန်းမတစ်ယောက်နဲ့ တွဲသွားနေရတဲ့ ယောကျ်ားတစ်ယောက်မှာ သူ့ရဲ့ကောင်းစိတ်က ဝင်နေတတ်တာဟာ ထုံးစံပဲဗျ။ အခုလည်း ကျုပ်မှာ သူ့ရဲ့ကောင်းစိတ်က ဝင်နေတော့ ဘာမှမပူနဲ့၊ သူ့အတွက် ထိုင်ခုံတစ်ခုံရဖို့ ကျုပ် တာဝန်ထားလို့ ပြောလိုက်တယ်။ အဲဒီတုန်းမှာပဲ မီးရထားဟာ ဘူတာထဲဝင်လာတယ်။ ပလက်ဖောင်းပေါ်မှာ ရပ်နေတဲ့လူတွေဟာ အုန်းအုန်းကျွက် ကျွက်နဲ့ ရထားပေါ်ကို အပြေးအလွှား အလုအယက် တက်ကြတယ်။ တစ်ယောက်ကို တစ်ယောက် ခေါ်ကြ အော်ကြနဲ့ ဆူညံနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း လူတွေကြားက အတင်းတိုးပြီး ရထားရှေ့ကို ရောက်အောင် သွားတယ်။ ရောက်လည်းရောက်ရော ရထားတံခါးကို အမိအရ လှမ်းဆွဲပြီး တိုးတက်ဖို့ အားထုတ်တယ်။ ကျုပ်ရဲ့ အားထုတ်မှုကြောင့် ရထားတွဲထဲကို ဝင်မိတော့မလို ဖြစ်နေပြီ။ အဲဒီတုန်းမှာပဲ အသားမည်းကြုတ်ကြုတ်နဲ့ အသက် ခပ်ငယ်ငယ်ကောင် တစ်ကောင်က ကျုပ်ကို တွန်းဖယ်ပြီး ကျုပ်ကိုကျော်တက် ဖို့ လုပ်လာတယ်။ ဘာရမလဲဗျာ၊ ကျုပ်ကလည်း ပြန်တွန်းတာပေါ့။ ကျုပ် ပြန်တွန်းလိုက်တဲ့ အရှိန်ကြောင့် သူ နောက်လန်သွားပြီး ကျုပ်က သူ့ရှေ့ကို ရောက်သွားတယ်။

အံမယ်... ဒီကောင် တော်တော်အကျင့်ယုတ်တဲ့ကောင်... ဗျ၊ သိလား။ ကျုပ်ရုပ်အင်္ကျီလက်ကို လှမ်းဆွဲပြီး ကျုပ်ကို ဖယ်ချဖို့ အားထုတ်တယ်။ ကျုပ် ကလည်း မတော်တဆလိုလိုလုပ်ပြီး သူ့ဗိုက်ကို တံတောင်နဲ့နောက်ပြန် ဆောင့် တွက်လိုက်တယ်။ ပြီးတော့ အရှိန်ယူပြီး ရထားတွဲထဲကို ဝင်လိုက်တယ်။ ဒါပေမယ့်... ဗျာ၊ သိတဲ့အတိုင်းပဲ၊ အဲဒီကောင်ယုတ်မာနဲ့ လုယက်နေရတဲ့ အတွက် အချိန်က အတော်ကို ကုန်သွားတာပဲ။ ကျုပ်တွဲထဲလည်းရောက်ရော ထိုင်ခုံတစ်ခုံကလွဲပြီး ကျန်တဲ့ခုံတွေမှာ လူတွေပြည့်နေပြီ။

အဲဒီလွတ်နေတဲ့ ခုံဆီကို ကျုပ်ပြေးသွားတယ်။ ဟိုအကောင်ကလည်း အဲဒီခုံဆီကို ပြေးတယ်။ ကျုပ်က လက်ထဲကရေကူးဝတ်စုံကို ခုံပေါ်လှမ်းတင် ပြီး နေရာဦးလိုက်တယ်။ တစ်ချိန်တည်းမှာပဲ သူကလည်း သူ့ဂျက်ကက်အင်္ကျီ ကို ခုံပေါ်လှမ်းတင်လိုက်တယ်။ အဲဒီနောက်တော့ ကျုပ်တို့နှစ်ယောက် မျက်နှာ ချင်းဆိုင်မိကြတယ်။

'ငါ ဒီခုံကို အရင်ဦးတာကွ'လို့ ကျုပ်ကပြောတော့ 'ခင်ဗျားအရင်ဦး တာလို့ ဘယ်အကောင်က ပြောလဲ"လို့ သူကမေးတယ်။ 'ငါ ပြောတယ်ကွာ' လို့ ကျုပ်ကပြန်ပြောပြီး ထိုင်ခုံပေါ်က သူ့ ဂျက်ကက်အင်္ကျီနဲ့ သူ့မျက်နှာကို ပစ်ပေါက်လိုက်တယ်။ အဲဒီတုန်းမှာပဲ အိုင်အိုလီရောက်လာပြီး ထိုင်ခုံပေါ် စွေ့ ခနဲဝင်ထိုင်လိုက်တယ်။ "ကျေးဇူးကမ္ဘာပဲ ကွိဂီရယ်"လို့ ကျုပ်ကို လှမ်းပြောလိုက် သေးတယ်။ ဟိုအကောင်ကတော့ သူ့ ဂျက်ကက်အင်္ကျီကို ကိုင်ပြီး ဘာလုပ်ရမှန်း မသိ ဖြစ်နေတယ်။ အဲဒီနောက်တော့ အိုင်အိုလီကို မောင်းချလို့ မဖြစ်နိုင်တော့ တဲ့အခြေအနေကို မြင်လို့ ထင်ပါရဲ့၊ ကျုပ်တို့အနားက ထွက်သွားတယ်။ ဒါ ပေမယ့် သူ့ပါးစပ်က 'သိပ်မိုက်ရိုင်းတဲ့ ဂေါက်အိုကြီး'လို့ အော်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရထားကတော့ ထွက်ပြီ။ သံလမ်းပေါ်အတိုင်း တငြိမ့်ငြိမ့် ပြေးသွားနေတယ်။ ကျုပ်ကတော့ အိုင်အိုလီနားမှာ ရပ်လို့။ ဒါပေမယ့် စောစောက ရှိခဲ့တဲ့ စိတ်အားထက်သန်မှုတွေကတော့ မရှိသလောက် ဖြစ်သွားပြီ။ ရထားပေါ်က ခုန်ဆင်းပြီး အိမ်ပြန်ချင်တဲ့စိတ်က ဖိစီးထားသလို ဖြစ်နေတယ်။ ဟိုကောင်ပြောသွားတဲ့ စကားလုံးတွေက တော်တော်ရင့်သီးတာပဲ။ 'သိပ်မိုက်ရိုင်းတဲ့ ဂေါက်အိုကြီး'တဲ့။ လောလောဆယ်တော့ ကျုပ် အဲဒီစကားရဲ့ ဖမ်းစားမှုကို ခံနေရတယ်။

အမှန်တော့ ဒီစကားဟာ ကျုပ် လုံးဝမမျှော်လင့်တဲ့စကားပါ။ ဒီကောင်ပြောသွားတဲ့စကားရဲ့နောက်မှာ ခံစားမှုနှစ်မျိုး ဝင်လာနိုင်တာကို ကျုပ်တွေ့နေရတယ်။ သေသေချာချာ စဉ်းစားလိုက်ရင် 'သိပ်မိုက်ရိုင်းတဲ့' ဆိုတဲ့ စကားလုံးတွေထဲမှာ 'စော်ကားမှု'ဟာ အပြည့်အဝ ပါနေတယ်။ ဒါပေမယ့် ကျုပ်အတွက် အန္တရာယ်ကတော့ မရှိပါဘူး။ ကျုပ်စိတ်ထဲမှာလည်း ဘယ်လိုမှ မနေပါဘူး။ အဲ... 'ဂေါက်အိုကြီး'ဆိုတဲ့ စကားလုံးတွေထဲမှာတော့ 'ဂေါက်'ဆိုတာက ကျုပ်ကို 'အရူး'လို့ပြောတာ။ အဲဒီအလုံးကလည်း သိပ်ပြီး ထိခိုက်နစ်နာစရာ မတွေ့ပါဘူး။ အဲ... 'အိုကြီး'ဆိုတဲ့ စကားလုံးကျတော့ ကျုပ်ရင်ထဲမှာ တစ်မျိုးဖြစ်နေတယ်။ အဲဒီစကားလုံးဟာ ကျုပ်ကို 'လူအိုကြီး'လို့ ပြောတာပဲ။ ကျုပ်ကို အိုနေပြီလို့ ထောက်ပြတဲ့ စကားလုံးဖြစ်နေတာ အမှန်ပဲ။ သူ့အနေနဲ့ကတော့ အဲဒီစကားလုံး သုံးလိုက်တာဟာ ကျုပ်ကို စော်ကားချင်တဲ့ စေတနာပါပုံ မရပါဘူး။ ဒါပေမယ့်ဗျာ ကျုပ်မှာတော့ တော်တော့်ကို ထိခိုက်သွားခဲ့ရပါတယ်။

ဆိုကြပါစို့ရဲ့။ ကျုပ်ဟာ အသက် ငါးဆယ်အရွယ် မဟုတ်ဘဲ၊ ဆယ့်ခြောက်နှစ်သားဆိုပါတော့။ ဒီကောင် ဘယ်လိုပြောမလဲ၊ 'သိပ်မိုက်ရိုင်းတဲ့ကောင်ပဲ'လို့ပြောမှာ သေချာပါတယ်။ အခုဟာကတော့ ကျုပ်က 'အိုနေပြီ'ဆိုတော့ 'ဂေါက်အိုကြီး'ဆိုတဲ့ စကားကို ထည့်သုံးတာပေါ့ဗျာ။

အမှန်အတိုင်း ပြောရရင်တော့လည်း သူ့အတွက်ရော အိုင်အိုလီအပါအဝင် လူတိုင်းအတွက်ပါ ကျုပ်ဟာ အဘိုးကြီးတစ်ယောက် ဖြစ်နေပါပြီ။ တကယ်တမ်း စဉ်းစားကြမယ်ဆိုရင် ကျုပ်ရဲ့ အသက်အရွယ်ကို ထောက်ထားပြီး အိုင်အိုလီဟာလည်း ထိုင်ခုံမှာ မထိုင်သင့်ပါဘူး။ ဟိုလူငယ်အနေနဲ့လည်း နေရာကို ဘယ်လောက်ပဲ ရချင်, ရချင် ကျုပ်အသက်အရွယ်ကို ထောက်ထားပြီး နောက်ဆုံးကျရင်တော့ ကျုပ်အတွက် ဖယ်ပေးချင် ဖယ်ပေးသွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အဲသလို တွေးနေတုန်းမှာပဲ ကျုပ်အတွေးကို ထောက်ခံတဲ့လူ ပေါ်လာတယ်။ အိုင်အိုလီနဲ့ မျက်နှာချင်းဆိုင် ထိုင်နေတဲ့လူပါ။ သူက ကျုပ်တို့အဖြစ်လို မြင်လိုက်ရတဲ့လူဆိုတော့ "တော်တော်ရိုင်းတဲ့သူငယ်ပါလား၊ ခင်ဗျားရဲ့ အသက်အရွယ်ကို ထောက်ထားပြီး ထိုင်ခုံကို လုမနေသင့်ပါဘူးဗျာ"လို့ လှမ်းပြောတယ်။

ကျုပ်တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့် ဖြစ်လာတယ်။ စိတ်လည်း သိပ်ရှုပ်လာတယ်။ ကျုပ်မျက်နှာကို ကျုပ်လက်နဲ့ မကြာမကြာ စမ်းကြည့်မိတယ်။ ကြည့်စရာမှန်က မရှိတော့ ကျုပ်မျက်နှာ ဘယ်လောက် အိုကျနေပြီလဲဆိုတာ လက်နဲ့ ပြန်စမ်းကြည့်နေတဲ့ သဘောပါပဲ။ အိုင်အိုလီကတော့ ဘာကိုမှ သိဟန်မတူပါဘူး။ ခရီးတစ်ဝက်လောက် အရောက်မှာ သူက "ရှင် အခုလို အကြာကြီး ရပ်နေရတာကြည့်ပြီး စိတ်မကောင်းပါဘူး"လို့ ပြောတယ်။

သူ့စကားကြားတော့ ကျုပ်မှာ အမြင်တစ်မျိုး ဝင်သွားတယ်။ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တော့ဘူး။ 'ငါ လူအိုတစ်ယောက်ဖြစ်နေပေမယ့် နာရီဝက်ကြာကြာ မရပ်နိုင်လောက်အောင်တော့ မအိုသေးပါဘူး'လို့ ပြန်ပြောလိုက်မိတယ်။ ကျုပ်စိတ်ထဲမှာတော့ ကျုပ်က အဲသလိုပြောလိုက်ရင် အိုင်အိုလီက 'ဘယ်လိုပြောလိုက်တာလဲ ဂျီဂီ၊ ရှင်လား အိုတာ၊ ရှင့်ကိုယ်ရှင် အိုလှပြီ ထင်နေသလား'လို့ ပြန်ပြောလိမ့်မယ်လို့ မျှော်လင့်ထားမိတယ်။ ဒါပေမယ့်ဗျာ...

ထုလိုက် အ,လိုက်တဲ့ကောင်မ၊ ဘာတစ်ခွန်းမှ ပြန်ပြောဖော်မရဘူး။ ဒါကြောင့်မို့လည်း 'ငါ လူအိုတစ်ယောက်ဖြစ်ပြီ'လို့ ပြောခဲ့တဲ့ ကျုပ်ရဲ့စကားဟာ မှန်တယ်လို့ ယူဆလိုက်ပါတယ်။

ဩစတီးယား ကမ်းခြေရောက်တော့ အိုင်အိုလီဟာ အဝတ်တွေကို ချွတ်လိုက်ပါတယ်။ သူ့ကိုယ်ပေါ်မှာ ရေကူးဝတ်စုံပဲ ကျန်ပါတော့တယ်။ ငယ်ရွယ်နုပျိုမှုကို သူ့တစ်ကိုယ်လုံးမှာ ပြက်ပြက်ထင်ထင် မြင်နေရပါတယ်။ ကျုပ် အဝတ်လဲတဲ့ တဲထဲကို ဝင်ခဲ့ပါတယ်။ ကျုပ် ပထမဆုံးလုပ်တဲ့ အလုပ်ကတော့ နံရံမှာ ချိတ်ထားတဲ့ မှန်ကွဲတစ်ပိုင်းတစ်စရှေ့မှာ ရပ်ပြီး ကိုယ့်မျက်နှာကို ကိုယ်ပြန်ကြည့်တဲ့ အလုပ်ပါပဲ။

ဟုတ်ပါတယ်။ ကျုပ် အိုစာကျနေတာ အမှန်ပါပဲ။ ကျုပ်ကိုယ် ကျုပ် အိုမင်းရင့်ရော်နေပြီဆိုတာ ဘာပြုလို့ မသိရတာလဲဗျာ။ တကယ်တော့ ကျုပ်အိုနေတာ ကြာလှပြီပဲ။ မျက်လုံးတွေဟာ မှေးမှိန်နေပြီ။ မျက်လုံးပတ်ပတ်လည်

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း အရေးအကြောင်းတွေနဲ့ ပြည့်နေတယ်။ ဆံပင်ဖြူတွေကလည်း ကျိုးတိုးကျဲတဲ၊ ပါးတွေကလည်း တွဲ၊ သွားတွေကလည်း ဝါ၊ ကျုပ် ဝတ်ထားတဲ့ ရှပ်အင်္ကျီက လူငယ်လူရွယ်တွေသာ အဝတ်များတဲ့ပုံဆိုတော့ ကျုပ်နဲ့ လုံးဝ မလိုက်ဘူး။ ဝတ်လာမိတာ မှားလေခြင်း။ ရှက်စရာကောင်းလိုက်တာ။ လည်ပင်း အရေပြားတွေဆိုရင် ရှုံ့တွပြီး တွဲကျနေကြပြီ။

ကျုပ် အဝတ်တွေကို ချွတ်လိုက်တယ်။ ရေကူးဘောင်းဘီထဲက စူထွက်ပြီး ပိန်လိုက်ဖောင်းလိုက် ဖြစ်နေတဲ့ ဗိုက်ကို ငုံ့ကြည့်မိတယ်။ တကယ့်ကို စိတ်ပျက်စရာပါလား… ဗျာ။ 'ဂေါက်အိုကြီး'လို့ ကျုပ်ပါးစပ်က ဒေါသတကြီး ရေရွတ်လိုက်မိတယ်။ ကျုပ်အဖြစ် ကျုပ် ပြန်ကြည့်ပြီး အံ့လည်းအံ့သြတယ်။ စိတ်လည်း မကောင်းဘူး။ ဒေါသလည်းဖြစ်တယ်။

အဖြစ်ကတော့ အတော့်ကို ခွကျတာပဲ။ လွန်ခဲ့တဲ့ တစ်နာရီလောက်တုန်းကတော့ ကျုပ်ဟာ ကျုပ်ကိုယ်ကျုပ် အိုင်အိုလီနဲ့ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ချစ်တမ်းကစားနိုင်လောက်အောင် ငယ်ရွယ်နုပျိုနေဆဲလို့ ယုံကြည်ထားခဲ့တယ်။ ဟော… အခုတော့ ကျုပ်ဟာ ကျုပ်ကိုယ် ကျုပ် အိုင်အိုလီရဲ့ အဖေအရွယ်လောက် ရှိနေပြီလို့ ထင်နေတယ်။ 'ဂေါက်အိုကြီး'ဆိုတဲ့ စကားလုံး သုံးလုံးကိုပဲ ကျေးဇူးတင်ရတော့မလို ဖြစ်နေပါပေါ့လား… ဗျာ။ အခုကျတော့လည်း နေ့စဉ်နဲ့အမျှ ဆိုင်ထဲမှာ အိုင်အိုလီကို အမြဲကြည့်ပြီး ငမ်းမိခဲ့တဲ့ ကိစ္စနဲ့ အခုလို အပြင်ကို ခေါ်ထုတ်လာမိခဲ့တဲ့ ကိစ္စတွေအတွက် ရှက်စိတ်ဝင်နေမိပြီ။ အိုင်အိုလီကတော့ ကျုပ်ကို ဘယ်လိုထင်မလဲ။ သူ့မျက်စိထဲ မှာ ကျုပ်ဟာ ဘယ်လို ပုံမျိုး ဖြစ်နေမှာလဲ။

ကျုပ်အပေါ် သူ ဘယ်လိုထင်တယ်ဆိုတာ နောက်ပိုင်းမှာ ကျုပ်သိလာရပါတယ်။ ကျုပ်တို့နှစ်ယောက်ဟာ အသက်ကယ်ကြိုးကို ဆွဲပြီး လှိုင်းစီးကြတယ်။ ပင်လယ်ပြင်ပေါ်မှာ လှိုင်းလေ ခပ်ကြမ်းကြမ်း ဖြစ်နေချိန်ဆိုတော့ လှိုင်းလုံးကြီးတွေက တစ်လုံးပြီး တစ်လုံး ကျုပ်တို့အပေါ် ပိ,ပိလာနေတယ်။ လှိုင်းတစ်လုံးအောက် ရောက်သွားပြီးတဲ့အခါတိုင်း ကျုပ်ဟာ အသက်မရှူနိုင်ဘဲ ဖြစ်ဖြစ်သွားတယ်။ အဲဒီအခါမှာ ကျုပ်ဟာ ကျုပ်ကိုယ် ကျုပ် "အခုလို အသက်မရှူနိုင်ဖြစ်ဖြစ်ပြီး ကျန်ခဲ့တာဟာ ငါအိုနေလို့ပဲ"လို့ စိတ်ထဲက ကျိတ်ပြီး ပြောမိတယ်။

ဒါပေမယ့် အိုင်အိုလီကတော့ အရမ်းကို ပျော်နေတာပဲ။ 'ကျွန်မ ရှင့်

www.burmeseclassic.com

www.burmeseclassic.com



ကို အခုလို ပျော်တတ်မှန်း အစက မသိဘူး’လို့ အော်ပြောတယ်။ ကျုပ်က လည်း ‘မင်းက ငါ့ကိုဘယ်လိုလူစားလို့ ထင်နေသလဲ’လို့ ပြန်မေးတယ်။ ‘ကျွန်မက ရှင့်အသက်အရွယ် ယောကျ်ားတွေဟာ ပင်လယ်ပြင်မှာ အခုလို ထွက်ပြီး လှိုင်းစီးတာ မကြိုက်ကြဘူးလို့ ထင်မိထားတာ’လို့ သူက ပြန်ဖြေတယ်။ ပြီးတော့ သူက ဆက်ပြောတယ်။ ‘အများအားဖြင့် လူငယ်ယောကျ်ားတွေသာ အခုလို ဟာမျိုးကို…’

သူ့စကားမဆုံးခင် အလွန်ကြီးမားတဲ့ လှိုင်းလုံးကြီး တစ်လုံးဟာ ပြေးလာပြီး ကျုပ်တို့ကို ဖုံးအုပ်သွားတယ်။ ကျုပ်ဟာ အိုင်အိုလီအပေါ်ကို လဲကျသွားတယ်။ ကျုပ်က အိုင်အိုလီ့လက်မောင်းကို လှမ်းဆုပ်ပြီး ကိုယ့်ကိုယ်ကို ထိန်းထားလိုက်ရတယ်။ လုံးလုံးကျစ်ကျစ်နဲ့ သန်မာတောင့်တင်းပြီး အင်မတန်ကိုင်လို့ကောင်းတဲ့ လက်မောင်းပါလားဗျာ။ အသက်က ငယ်သေးတာကိုး။ တယ်ပြီး နွေးနွေးထွေးထွေး ရှိတာပါကလား။

ကျုပ်ပါးစပ်ထဲမှာ ဆားငန်ရေတွေ အပြည့်ဖြစ်နေတဲ့ ကြားကပဲ ကျုပ်က သူ့ကို အော်ပြောတယ်။ ‘ငါက မင်းအဖေ အရွယ်လောက်ရှိနေပါပြီကွာ’လို့။ အိုင်အိုလီက ရယ်တယ်၊ ‘အဖေအရွယ် မဟုတ်ပါဘူး’လို့ ပြန်အော်ပြောတယ်။ ‘ကျွန်မရဲ့ဦးလေးအရွယ်လို့ ပြောပါ’တဲ့။

အင်း… ရေချိုးလို့ ပြီးသွားတဲ့အခါမှာတော့ ကျုပ်ဟာ စိတ်ကလည်း ဆင်းရဲ၊ ရှက်ကလည်း ရှက်ဆိုတော့ စကားမပြောနိုင်တော့ဘူး။ ကျုပ်ပါးစပ်ထဲမှာ အာစေးထည့်ထားတာ ခံရသလို ဖြစ်နေတယ်။ အိုင်အိုလီကတော့ ကျုပ်ရှေ့က လျှောက်သွားနေရင်းက သူ့ပေါင်နှစ်ဘက်နဲ့ ဗိုက်သားမှာ ကပ်နေတဲ့ ရေကူးဝတ်စုံ ဘောင်းဘီကို ပြန်ပြီး ဆွဲဆန့်ပေးနေတယ်။ ရေစိုနေပြီဆိုတော့လည်း ဝတ်စုံအနေအထားက မြင်ရတွေ့ရတာ မဖွယ်ရာသလိုဖြစ်နေတယ် မဟုတ်လား။

ကျုပ်ရှေ့က သွားနေတဲ့ အိုင်အိုလီဟာ သဲသောင်ပြင်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်ပြီး သဲထဲမှာ နှစ်ပတ်သုံးပတ် လှိမ့်လိုက်တယ်။ သဲတွေက သူ့ကိုယ်မှာ ကပ်မနေကြဘူးဗျ။ ပြန်ပြီး ကွာကျလာကြတယ်။ ကျုပ်ကတော့ သူ့ဘေးမှာ ထိုင်နေတယ်။ ဒါပေမယ့် လေငန်းအဖြတ်ခံရပြီး စကားမပြောနိုင်တဲ့ လူတစ်ယောက်လိုပဲ မလှုပ်နိုင် မရှားနိုင်၊ ဘာစကားမှ မပြောနိုင်ဖြစ်နေတယ်။

အိုင်အိုလီဟာ ကြွေတစ်ကောင်ထက် ပိုပြီး အရေထူတဲ့ လက္ခဏာမျိုး

www.burmeseclassic.com

www.burmeseclassic.com



ရှိပုံရပေမယ့် ကြာလာတော့လည်း ကျုပ် အခြေပျက်နေတာကို ရိပ်မိသွားတယ်။ ကျုပ်ကို ဖျတ်ခနဲလှည့်ကြည့်ပြီး နေမကောင်းဘူးလားလို့မေးတယ်။

'နေကောင်းပါတယ်။ ငါ မင့်အကြောင်း စဉ်းစားနေလို့ပါ'လို့ ကျုပ်က ပြန်ပြောတယ်။ 'ဆိုင်မှာရှိနေတဲ့ တို့သုံးယောက်တည်းက မင်း ဘယ်သူ့ကို သဘောအကျဆုံးလဲ။ အေမာတိုလား၊ ဂီယတ်စ်ဆက်ဗီလား၊ ငါလား"

အိုင်အိုလီဟာ အချိန်အတော်ကြာကြာ တွေးပြီ စဉ်းစားနေတယ်။ ပြီးတော့မှ 'အင်း... ကျွန်မကတော့ သုံးယောက်တည်းမှာ ရှင့်ကိုသဘောအကျဆုံးပဲ' လို့ ဖြေတယ်။ ဒါပေမယ့် ကျုပ်က မကျေနပ်ဘူး။ 'အသက်အငယ်ဆုံးက အေမာတို မဟုတ်လား'လို့ ပြောတော့ သူက 'ဟုတ်တယ်လေ၊ သူကတော့ အငယ်ဆုံးပဲ'လို့ ပြောတယ်။

'ငါထင်တာတော့ သူက မင့်ကို ကြိုက်နေပုံပဲ'လို့ ကျုပ်ကထပ်ပြောတော့ သူက 'ဟုတ်လား'တဲ့။ 'ကျွန်မကတော့ သတိမထားမိပေါင်'လို့ ဖြေတယ်။ သူ့ကြည့်ရတာ မေ့တတ်လျော့တတ်သလိုပဲ။ ပြီးတော့ တစ်စုံတစ်ခုအတွက် သောကရောက်နေသလိုလိုပဲ။ နောက်ဆုံးမှာတော့ သူက "ကွီဂီ... ကျွန်မတော့ ဒုက္ခပဲ၊ ကျွန်မ ရေကူးဝတ်စုံဘောင်းဘီအောက်စ ချုပ်ရိုးပြဲသွားပြီ။ ကျွန်မကို မျက်နှာသုတ်ပဝါ ပေးစမ်းပါ။ အခုချက်ချင်း အဝတ်လဲပစ်မှ ဖြစ်တော့မယ်"လို့ ပြောတယ်။

အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ အဲဒီဘောင်းဘီပြဲ ဘေးဒုက္ခပေါ်လာတာကို ကျုပ် သိပ်သဘောကျသွားမိတယ်။ ချက်ချင်းပဲလက်ထဲက မျက်နှာသုတ်ပဝါကို လှမ်းပေးလိုက်တယ်။ အိုင်အိုလီဟာ သူတင်ပါးနှစ်ဖက်ကို မျက်နှာသုတ်ပဝါနဲ့ ပတ်လိုက်ပြီး အဝတ်လဲတဲ့ တဲဘက်ကို ပြေးသွားတယ်။ နောက်နာရီဝက်လောက်ကြာတော့ ကျုပ်တို့ရထားပေါ်က လူမရှိတဲ့တွဲထဲ ရောက်သွားကြပြီ။ ဖြစ်ပြီးခဲ့သမျှကို ပြန်ပြီးစဉ်းစားနေမိတဲ့ ကျုပ်ကတော့ ကျုပ်ဘက်က အားလုံး ပြီးဆုံးသွားပြီလို့ သဘောထားလိုက်မိတယ်။ ဟုတ်တယ်... လေ...၊ ကျုပ်ဟာ သက်ကြီးရွယ်အိုတစ်ယောက် ဖြစ်နေပြီမဟုတ်လား... ဗျာ။

အဲဒီနေ့ကစပြီး ကျုပ်ဟာ ဆိုင်ထဲမှာနေသမျှ ကာလပတ်လုံး အိုင်အိုလီကို မျက်စိမကစားတော့ဘူး။ တခြားမိန်းမတွေကိုလည်း မကြည့်တော့ဘူး။ အိုင်အိုလီဟာ ကျုပ်ဘက်ကဖြစ်သွားတဲ့ အပြောင်းအလဲကိုကြည့်ပြီး အံ့သြနေပုံတော့ရတယ်။ သူ့အနေနဲ့ သူ့အထင် မှန် မမှန် စမ်းသပ်တဲ့အနေနဲ့ ကျုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ မကျေမနပ် မျက်နှာထားနဲ့ ကြည့်… ကြည့်နေတတ်တယ်။ ဒါ လည်းပဲ ကျုပ်အထင် ဖြစ်ချင်ဖြစ်မှာပါဗျာ။

ဒီလိုနဲ့ပဲ တစ်လအချိန် ကုန်သွားခဲ့တယ်။ တစ်လအတွင်းမှာ ကျုပ် သူ့ ကို လေးငါးကြိမ်လောက်ပဲ စကားပြောမိတယ်။ ဒါလည်းပဲ မေးတစ်ခွန်း၊ ခေါ်တစ်ခွန်း သဘောလောက်ပဲ ရှိပါတယ်။ ဒီအတောအတွင်းမှာ အိုင်အိုလီ ဟာ ဂီယတ်စ်ဆက်ဗီနဲ့ တော်တော်လေးတရင်းတနှီး တွဲနေပုံရှိတယ်။ ဂီယတ်စ် ဆက်ဗီကတော့ အိုင်အိုလီကို ဆက်ဆံရာမှာ ဖအေတစ်ယောက်လို ဆက်ဆံတဲ့ သဘော ရှိပါတယ်။ အိုင်အိုလီအပေါ်မှာ မရိုးမသားစိတ်နဲ့ ငမ်းချင်တဲ့ပုံတော့ မဟုတ်ဘူးလို့ထင်ပါတယ်။ ကျုပ်စိတ်ထဲမှာတော့ ကျုပ်ကိုယ် ကျုပ် ပိုပြီး အို မင်းသွားသလို ခံစားနေရပါတယ်။ ကျုပ်အနေနဲ့ ထုံးစံအတိုင်းပဲ ဆံပင်ညှပ် ပေးလိုက်၊ မုတ်ဆိတ်ရိတ်ပေးလိုက်၊ ဖောက်သည်တွေပေးတဲ့ ဘောက်ဆူး လက်ခံလိုက်နဲ့ ခပ်အေးအေးပဲ နေလိုက်တယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျုပ် ပါးစပ်က တစ်ခွန်းမှ လေသံ မထွက်ခဲ့ဘူး။

ဒါပေမယ့်… ဗျို့၊ တစ်ရက်ဆိုင်ပိတ်ချိန်မှာ ကျုပ်က ဆိုင်နောက်မှာ စတိုခန်းထဲဝင်ပြီး အဝတ်လဲနေတုန်းပေါ့၊ သဘောကောင်းတဲ့ဆိုင်ရှင်က "ကဲ… ကဲ… ငါ့လူတို့၊ ဒီနေ့ညခင်းမှာ သွားစရာ လုပ်စရာ ဘာမှမရှိကြဘူးဆိုရင် တို့ အားလုံး ညစာစားကြရအောင်၊ ငါ မင်းတို့ကို ညစာစားဖို့ ဖိတ်ပါတယ်။ တခြားကြောင့်တော့ မဟုတ်ဘူးဟေ့။ အိုင်အိုလီနဲ့ ဂီယတ်စ်ဆက်ဗီတို့ လက်ထပ် ဖို့ စေ့စပ်ပြီးသွားပြီကွ"လို့ ပြောတယ်။ ကျုပ် ဆိုင်ထဲကို လှမ်းကြည့်တယ်။ သူ့စားပွဲမှာ ထိုင်နေတဲ့ အိုင်အိုလီက ပြုံးနေတယ်။ သူနဲ့ မျက်နှာချင်းဆိုင်မှာရပ် ပြီး သင်တုန်းဓားကို သုတ်နေတဲ့ ဂီယတ်စ်ဆက်ဗီကလည်း ပြုံးလို့ပါပဲ။ ချက် ချင်းပဲဆိုပါတော့ဗျာ။ ကျုပ်ရင်ထဲမှာ ရှိနေတဲ့ အလုံးကြီးဟာ လျှောခနဲကျသွား သလို ခံစားလိုက်ရတယ်။ ဟုတ်တာပေါ့။ ဂီယတ်စ်ဆက်ဗီက ကျုပ်ထက် အသက် ကြီးတာပဲ၊ ပြီးတော့ ရုပ်ကလည်း ဆိုးသလားမမေးနဲ့။ ဒါနဲ့တောင်မှ အိုင်အိုလီ က အေမာတိုထက် ဂီယတ်စ်ဆက်ဗီကို ပိုပြီးသဘောကျသွားတယ် မဟုတ်လား ဒါဆိုရင်… ။

ကျုပ် ဂီယတ်စ်ဆက်ဗီဆီ ပြေးသွားပြီး လက်နှစ်ဘက်နဲ့ သိမ်းဖက် လိုက်တယ်။

"ဝမ်းသာပါတယ် ဂီယတ်စ်ဆက်ဗီ၊ သိပ်ကိုဝမ်းသာပါတယ်" လို့

www.burmeseclassic.com

www.burmeseclassic.com



အားပါးတရ ပြောလိုက်ပါတယ်။ အဲဒီနောက် အိုင်အိုလီကိုဖက်ပြီး သူ့ပါးနှစ်ဖက်ကို မွှေးမွှေးပေးလိုက်ပါတယ်။ ဝမ်းသာကြောင်းလည်း နှစ်ကြိမ် သုံးကြိမ်လောက် ပြောလိုက်မိပါတယ်။ အမှန်တော့ ဆိုင်ထဲရှိသမျှ လူတွေထဲမှာ အဲဒီအချိန်က အပျော်ဆုံးလူဟာ ကျုပ်ပါပဲဗျာ။

နောက်နေ့ဟာ တနင်္ဂနွေနေ့ဗျ။ သိလား။ အားရက်ဆိုတော့ ကျုပ်အပြင်ထွက်ပြီး လမ်းလျှောက်တယ်။ လမ်းလျှောက်သွားနေတဲ့ကျုပ်ဟာ အရင်ကလိုပဲ မိန်းမတွေကို မြင်ရင် ကြည့်... ကြည့်နေတာ သတိထားမိတယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ အတိတ်ကာလတုန်းကလိုပဲ ငမ်းတဲ့သဘောပေါ့။ အဲ... ကြည့်တဲ့အခါမှာလည်း တစ်ဦးချင်းစီကို စေ့စေ့စပ်စပ်ကြည့်တာပါ။ ရှေ့ကလည်း ကြည့်တယ်။ နောက်ကလည်းကြည့်တယ်။ အဲ... နှစ်နေရာစလုံးကို ကြည့်တယ်။

*

www.burmeseclassic.com

www.burmeseclassic.com

# အစောင့်

ကျုပ်စိတ်က တစ်ယောက်တည်းပဲနေချင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ လူတွေက ကျုပ်ရဲ့မျက်မှန်နဲ့ အသံကို ပြောင်ကြလှောင်ကြလွန်းလို့… ဗျ။ ကျုပ်အသံက သေးသျောင်သျောင်ဆိုတော့ မိန်းမသံနဲ့ အတော်တူတယ်။ ဒီကြားထဲမှာ စကားက ထစ်လိုက်သေးတယ်။ အထူးသဖြင့် စိတ်လှုပ်ရှားစရာနဲ့ကြုံရင် ပိုပြီးထစ်တယ်ဗျ။

အဲဒါကြောင့်လည်း ကျုပ်ကို ကုမ္ပဏီက မြို့နဲ့ဆယ့်ငါးမိုင်လောက်ကွာတဲ့ နေရာက ဂိုထောင်တစ်ခုမှာ အစောင့်လုပ်ဖို့ပြောတော့ ဘာမှ ပြန်ပြောမနေတော့ဘဲ ချက်ချင်းလက်ခံလိုက်တာပေါ့။ ဂိုထောင်က ဆာလာရီယာလမ်းအတိုင်းလျှောက်သွားရင် ရောက်တယ်။ စိမ်းလန်းစိုပြည်တဲ့ တောင်ကတုံးနှစ်ခုကြားက လွင်ပြင်ပေါ်မှာ ဆောက်ထားတာ။ သစ်ပင်ဆိုလို့ တစ်ပင်မှ မရှိတဲ့ ဖုန်ထူထူ ကွင်းခေါင်ခေါင်မြေကို လေးဘက်လေးတန်က ခြံခတ်ပြီး ဆောက်ထားတဲ့ ဂိုထောင်ပေါ့။ ခြံခတ်ထားတဲ့ နံရံက အုတ်နံရံဆိုတော့ အခိုင်အမာ ရှိပါတယ်။ မြေပေါ်မှာကတော့ ထုံးစံအတိုင်း စည်ပိုင်းတွေနဲ့ ရေပိုက်ကြီးတွေ အစုလိုက်အပုံလိုက်စီပြီး ချထားတယ်။

ပြီးတော့ မြေပေါ်မှာ သစ်သားတဲတွေရှိတယ်။ တဲတွေထဲမှာကတော့ ဘိလပ်မြေအိတ်တွေ၊ အင်္ဂတေ ရေပိုက်တွေ၊ ကတ္တရာစေးပုံးတွေ၊ ယက်မတိုင်တွေနဲ့ အုတ်တွေထားပါတယ်။ အဲဒီတဲတွေထဲက တစ်လုံးကတော့ ကျုပ်နေတဲ့တဲပေါ့။ တဲထဲမှာ အခန်းလွတ်က နှစ်ခန်းရှိတယ်။ သစ်သားခုတင်တစ်လုံး၊ စားပွဲတစ်လုံးနဲ့ ကုလားထိုင် သုံးလေးလုံးရှိတယ်။

ဒီနေရာမှာကတော့ တောပိုင်းဒေသတစ်ခုမှာ ရောက်နေသလိုပဲ။ တစ်

www.burmeseclassic.com



ကမ္ဘာလုံးနဲ့ အဆက်ပြတ်နေသလိုလည်း ထင်ရတယ်။ ဂိုထောင်နားက တောင်ကုန်းတစ်ခုပေါ် တက်သွားရင် အနီးအနား ပတ်ဝန်းကျင်ကို ကောင်းကောင်းကြီး မြင်နေရတယ်။ တောင်ကုန်းနားက ကပ်သွားတဲ့ ဆာလာရီယာလမ်းမကြီး ကတော့ ကွေ့ကွေ့ကောက်ကောက်နဲ့ အထင်ရှားဆုံး မြင်ကွင်းတစ်ခုပဲ။ လမ်းရဲ့ တစ်ဖက်အနိမ့်ထဲမှာတော့ ဩစတာရီးယား ဒီကာစီရာတိုရီဆိုတဲ့ ဆိုင်းဘုတ်ကလေးတစ်ခုရှိတယ်။ အဲဒါဟာ အစားအသောက်အတွက် ကျွန်တော် အမှီပြုနေရတဲ့ စားသောက်ဆိုင်ပေါ့။

ကျုပ်ကို ကုမ္ပဏီက ပြောင်းတိုသေနတ်တစ်လက်နဲ့ ကျည်ဆန်အလုံအလောက် ထုတ်ပေးထားတယ်။ တစ်ခါတလေ အဲဒီသေနတ်နဲ့ တောင်ကုန်းပေါ်တက်ပြီး ငှက်ကလေး ဘာကလေး ပစ်ပါတယ်။ ဒီပတ်ဝန်းကျင်မှာကတော့ ဘာမှ မရှိပါဘူး။ လူသူ အရိပ်အခြည်ကို တွေ့ရမြင်ရခဲပါတယ်။ ပြီးတော့ လုပ်စရာ အလုပ်ဆိုလို့လည်း ဘာတစ်ခုမှမရှိပါဘူး။

ကျုပ် အဲဒီဂိုထောင်မှာ လုပ်နေတာ လေးလပြည့်သွားပြီ။ ဘာပြဿနာမှ မရှိခဲ့ဘူး။ အဲဒီနောက် တစ်ညမှာတော့ ကျုပ်ရဲ့ တဲတံခါးခေါက်သံကြားရတယ်။ ကျုပ်က ကုမ္ပဏီက လူတစ်ယောက်လာတယ်လို့ ထင်တာ။ တံခါးဖွင့်လိုက်တော့ ကျုပ်ထင်သလို မဟုတ်ဘူး။ ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ်ယောက် ရပ်နေတာ တွေ့ရတယ်။ တစ်ယောက်က ကျုပ်နဲ့အင်မတန် ရင်းနှီးခဲ့တဲ့လူပါ။

မြို့ထဲကကုန်ရုံမှာ ကျုပ်အလုပ် လုပ်နေတုန်းက အလုပ်တူတူ လုပ်ခဲ့ဖူးတယ်။ ကျုပ်ရဲ့မျက်မှန်နဲ့ အသံကြောင့် ပြောင်လားနောက်လား မလုပ်တဲ့လူဆိုလို့ သူတစ်ယောက်တည်းပဲရှိတာမို့ ခင်လာခဲ့ကြတာပါ။ သူနဲ့ကျုပ်ကတော့ လုံးဝဆန့်ကျင်ဘက်ပဲ။ ကျုပ်က ခပ်ရိုင်းရိုင်းသမား။ သူက လူကြီးလူကောင်းဂိုက်။ သူက အသားညိုညို အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်ရောင့်ရောင့်နဲ့ လူချော။ ကျုပ်က အရပ်ဆိုးဆိုး။

ကျုပ်ကို သဘောကျတဲ့ မိန်းမဆိုလို့ လုံးဝမရှိဘူး။ သူကတော့ မိန်းမတွေကို ဆွဲဆောင်နိုင်တဲ့အားက တယ်ကောင်းတာကိုး။ သူကြိုက်တဲ့မိန်းမကို ခေါင်းခေါက်ပြီး ရွေးယူနိုင်လောက်အောင်ကို များတယ်။ သူက ကျုပ်နဲ့ သိပ်ကို ခြားနားတယ်။ ကျုပ်စိတ်ထဲမှာ သူ့ကိုအားကျပြီး သူ့လိုဖြစ်ချင်စိတ် ရှိနေလို့ ထင်ပါရဲ့၊ ကျုပ် သူ့ကို အတော်ကလေး ခင်ခဲ့မိတယ်။ အခု သူနဲ့ပါလာတဲ့ မိန်းမက အရပ်ပုပု၊ ကိုယ်လုံးကိုယ်ပေါက်က ခပ်လုံးလုံး၊ မျက်နှာက ဝိုင်းဝိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်မျက်လုံးအစုံက ပြူးပြူး၊ သူ့ပါးစပ်ပုံက အမြဲတစေပြုံးနေသလိုပဲ၊ သူ့နာမည်ကတော့ အီမီလီယာတဲ့။

သူနဲ့ပါလာတဲ့ လူကတော့ 'တီယိုဒိုရို'တဲ့။ ဆံပင်က နီရဲရဲကောက်တောက်တောက်နဲ့၊ မျက်လုံးက အဝါရောင်... ဗျ။ ကြောင်တစ်ကောင်မျက်လုံးနဲ့တူတယ်။ နှာခေါင်းက ချွန်ချွန်၊ ပါးနှစ်ဖက်က ပန်းရောင်သန်းနေတယ်။ သူ့မျက်နှာဟာ အရှေ့မြောက်လေနဲ့ အမြဲတမ်းထိခဲ့တွေ့ခဲ့ရသလိုပဲ။ ကျုပ်မိတ်ဆွေ ရီနယ်လ်ဒီက ကျုပ်နဲ့ စကားပြောစရာရှိတယ်လို့ ပြောတာနဲ့ ကျုပ်သူ့ကို တဲထဲခေါ်လာခဲ့တယ်။

တဲထဲရောက်တော့ သူက ကျုပ်ကို စီးကရက်တစ်လိပ် လှမ်းပေးပြီး "ဒီမယ်... ဗင်ဆင်ဇို၊ မင့်အတွက်မပင်မပန်းဘဲနဲ့ ငွေများများရနိုင်မယ့် အပေါက်တစ်ခု ရှိနေတယ်။ မင့်အနေနဲ့ အခုလုပ်နေတဲ့ အစောင့်အလုပ်ကလည်း ထွက်စရာမလိုဘူး"လို့ ပြောတယ်။

ကျုပ်မျက်လုံးတွေ 'ပြူး'ခနဲ ဖြစ်သွားတယ်။ ဒါပေမယ့် ဘာပြန်ပြောရမှန်းမသိလို့ ဘာမှတော့ပြန်မပြောဘူး။ ကျုပ်က အဲသလို နှုတ်ပိတ်နေတော့ သူက ဆက်ပြောတယ်။ သူတို့မှာ ပစ္စည်းတွေ အများကြီးရှိနေတယ်... တဲ့။ ရှင်းအောင်ပြောရရင်တော့ မြို့ထဲမှာရှိတဲ့ ကုန်ရုံတစ်ရုံက သယ်လာတဲ့ ပစ္စည်းတွေပေါ့။ အဲဒီပစ္စည်းတွေကို ကျုပ်ရဲ့ဂိုထောင်ထဲက တဲတစ်တဲထဲမှာ ထားခွင့်ပေးပါတဲ့။ နောက်ပိုင်း သင့်တော်တဲ့ အချိန်ကျတော့ အဲဒီပစ္စည်းတွေကို လာယူပြီး ထုခွဲမယ်... တဲ့။ အဲဒီကျတော့ ကျုပ်ကို ထိုက်သင့်သလောက် ငွေခွဲပေးမယ်... တဲ့။

သူ့စကားကြားတော့ ကျုပ်တစ်ကိုယ်လုံးဟာ အဖျားတက်နေသလိုပဲ၊ တုန်ယင်နေတယ်။ ဒါပေမယ့် ခက်တာက သူ့စကားကို ကျုပ်မငြင်းရက်ဘူး။ ရီနယ်လ်ဒီက ကျုပ်နဲ့ ညီအစ်ကိုလို ခင်မင်ခဲ့ကြတာမဟုတ်လား။ အဲဒီတော့ ကျုပ်က ထစ်တီးထစ်ငေါ့နဲ့ သူ့ကို ပြန်ပြောတယ်။

"ကျုပ်ပြောမယ် ရီနယ်လ်ဒီ၊ ကျုပ်ဟာ ဒီဂိုထောင်မှာ အစောင့်လုပ်နေတာ မဟုတ်လား"

သူက ကြားဖြတ်ပြီး "ဟုတ်ပါတယ်လေကွာ၊ မင်း အစောင့်လုပ်နေတာ ငါသိသားပဲ"လို့ ပြောပါတယ်။

"အေးလေ... ကျုပ်က ဒီမှာအစောင့်လုပ်နေတာဆိုတော့ အစောင့် အလုပ်

www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆက်လုပ်ချင်တယ်၊ ဒီအလုပ်က ပြုတ်မသွားချင်ဘူး”

ကျုပ်စကား မဆုံးသေးခင်မှာပဲ သူက ကြားဖြတ်ပြီး “မင်း ပြောနေတဲ့ အဓိပ္ပာယ်က ဘာလဲလို့” မေးပါတယ်။

“ဒီလိုလေ...ဗျာ။ ဒီမှာလာပြီး ခင်ဗျားကြိုက်တာ လုပ်ပါ။ တဲတစ်လုံးထဲမှာ ပစ္စည်းတွေထားချင်လည်း ထားပေါ့။ ခင်ဗျားအနေနဲ့ ဝင်လိုဝင် ထွက်လိုထွက်ပါ၊ ဒါပေမယ့် ဒီကိစ္စကို ကျုပ်ဘာမှမသိဘူးလို့ပဲ ဖြစ်ရမယ်၊ ကျုပ်ခင်ဗျားကိုလည်း မမြင်ဖူးဘူး၊ တွေ့လည်း မတွေ့ဖူးဘူး။ ခင်ဗျားနဲ့လည်း မသိဘူး။ တကယ်လို့ မတော်တဆ သိတဲ့လူတွေက သိသွားကြရင်လည်း ခင်ဗျားက ကျုပ်ကို မသိဘူးလို့ပြောပေါ့။ ကျုပ် ဆိုလိုတာက ဒီပစ္စည်းတွေကို ကျုပ်မသိဘဲ လာထားတယ်ပေါ့ဗျာ”

သူတို့က ကျုပ်ကို တအံ့တသြ မျက်နှာထားတွေနဲ့ ကြည့်နေရာက ပြိုင်တူခေါင်းညိတ်ပြကြတယ်။ တီယိုဒိုရိုဆိုတဲ့ ကောင်ကတော့ “တို့ပစ္စည်းတွေကို မင်းက စောင့်မပေးလို့တော့ ဘယ်ဖြစ်မလဲကွ။ မင်း... ပေးမယ် မဟုတ်လား။ မင်းက တို့ကိုမသိဘူးဆိုပြီး နေလိုက်လို့ ပစ္စည်းတွေပျောက်သွားရင် ဘယ့်နှယ်လုပ်မလဲ”လို့ ခြိမ်းခြောက်တဲ့လေသံနဲ့ ပြောတယ်။

အဲဒီတော့ ရီနယ်လ်ဒီက ကြားဖြတ်ပြီး “မင်းက ဗင်ဆင်ဇိုအကြောင်းကို မသိပါဘူး”လို့ ပြောတယ်။ “မင်းမပူပါနဲ့၊ ငါက သူ့အကြောင်းကောင်းကောင်း သိပါတယ်...ကွ”

ကျုပ်ကလည်း ငြိမ်မခံပါဘူး။ “ငါက ဒီမှာ အစောင့်လုပ်နေတဲ့လူပဲ၊ မင်းတို့ပစ္စည်းတွေကိုလည်း စောင့်ပေးမှာပေါ့”လို့ ပြောလိုက်တယ်။ အဲဒါကို သူက ထပ်ပြောတယ်။ “မပူပါနဲ့... ကွာ၊ မင့်အတွက် ဝေစုရမှာပါ”တဲ့။ ကျုပ်ကလည်း ဘာရမလဲ “အဲဒီအတွက်လည်း မင်းပူစရာမလိုပါဘူး၊ မင်းတို့ဆီက ငါတစ်ပြားမှ ယူမယ့်ကောင်မှ မဟုတ်တာ”လို့ ပြန်ပြောလိုက်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့... လေ။ ကျုပ်တို့ကြားမှာ သဘောတူညီချက်ကတော့ ရသွားပါတယ်။ ရီနယ်လ်ဒီဟာ အပြင်ကို ထွက်သွားပြီး ခဏကြာတော့ လော်ရီကားကြီးတစ်စီးနဲ့ ပြန်ရောက်လာပါတယ်။ သူတို့ဟာ ကားပေါ်က ပစ္စည်းတွေကိုချပြီး တဲတစ်လုံးထဲ ပို့ကြပါတယ်။ ပစ္စည်းတွေကို စည်ပိုင်းတွေနောက်မှာ ချထားကြပါတယ်။ ဘာပစ္စည်းတွေလဲဆိုတာ ကျုပ် မသိပါဘူး။ သွားပြီးလည်း မကြည့်ပါဘူး။ သူတို့ကပြောလို့ အထည်အလိပ်တွေလို့ သိရပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့ မပြန်ခင်မှာ အီမီလီယာက ကျုပ်ကို တစ်ချက်ကြည့်သွားတယ်။ သူ့အကြည့်က ကျုပ်အပေါ် သံယောဇဉ်တွယ်သလိုလို ဘာလိုလိုနဲ့။ အဲဒီနေ့က ကျုပ်ရလိုက်တဲ့ဆုက အဲဒါပါပဲ။

အဲဒီနောက် ကျုပ်ဆီကို သူတို့သုံးလေးကြိမ်လောက် ထပ်ပြီးလာကြပါတယ်။ လာတိုင်းလည်း အီမီလီယာကို ခေါ် ခေါ်လာပါတယ်။ သူတို့လာရင် ကားဟွန်းသံနဲ့ အချက်ပေးလေ့ရှိပါတယ်။ ဟွန်းသံကြားရင် ကျုပ်ကလည်း ကပျာကယာသွားပြီး ဂိတ်တံခါးကို ဖွင့်ပေးတာချည်းပဲ။ သူတို့ကလည်း လော်ရီကား အထဲရောက်တာနဲ့တစ်ပြိုင်နက် ကားပေါ်ကပစ္စည်းတွေကိုချတယ်။ ကျုပ်ကတော့ ကျုပ်ရဲ့တဲတံခါးကိုပိတ်ပြီး တဲထဲက တဲပြင်ကို လုံးဝမထွက်ဘူး။

ဟိုအကောင် တီယိုဒိုရီနဲ့ ကျုပ်နဲ့ကတော့ လာတိုင်း စကားများရပါတယ်။ သူက ကျုပ်ကို အနိုင်ကျင့်ချင်တဲ့သဘောရှိတယ်။ ကျုပ်ကလည်း ဘယ်ခံလဲဗျာ။ ဒါပေမယ့် အီမီလီယာကတော့ ကျုပ်ကို အမြဲတမ်းပြုံးပြီး နှုတ်ဆက်လေ့ရှိပါတယ်။ ပြီးတော့ ကြင်နာသနားတဲ့ လေသံနဲ့ စကားတစ်ခွန်းစ နှစ်ခွန်းစလည်း ပြောသွားတတ်ပါတယ်။ တစ်ကြိမ်မှာဆိုရင် အီမီလီယာက "ရှင် အခုလို တစ်ယောက်တည်းနေရတာ မပျင်းဘူးလား"တဲ့။ ကျုပ်ကလည်း "မပျင်းပါဘူး၊ အခုလိုနေလာတာ ကြာတော့လည်း နေသားကျသွားပါပြီ"လို့ ဖြေလိုက်ပါတယ်။

တစ်နေ့မှာတော့ တီယိုဒိုရီ၊ ရီနယ်လ်ဒီနဲ့ တခြားလူစု အဘော်များများကို ရဲက ဖမ်းသွားတယ်ဆိုတဲ့သတင်း သတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။ သတင်းစာကတော့ သူတို့အုပ်စုကို 'ဖောက်ထွင်းဂိုဏ်း'လို့ ခေါ်ထားပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ဂိုဏ်းက ဆိုင်တွေကိုနံရံကဖောက်ပြီး ဝင်ခိုးကြလို့ပါ။ တစ်ခါတစ်ရံ မြေအောက်တိုက်ခန်းကတစ်ဆင့် နံရံကိုဖောက်ပြီး ဆိုင်ထဲ ဝင်တတ်ကြတယ်လို့ ဆိုထားပါတယ်။

သတင်းစာထဲမှာ ရီနယ်လ်ဒီနဲ့ တီယိုဒိုရီတို့အပြင် တခြားလူတစ်ယောက်ရဲ့ ဓာတ်ပုံတွေပါ ဖော်ပြထားပါတယ်။ သတင်းခေါင်းစီးတပ်ထားပုံက "အန္တရာယ်များလှသော ရာဇဝတ်ဂိုဏ်းသားများအား တရားဥပဒေအရ အရေးယူလိုက်ပြီ"တဲ့။ ကျုပ် မမြင်ဘူးတဲ့ ဟိုတစ်ယောက်ကဖြင့်အတော့်ကို မျက်လုံးပြူးတဲ့ကောင်ပါလားဗျာ။ အဲ... တစ်ခုတော့ရှိတယ်။ အီမီလီယာ အကြောင်းတော့ ဘာမှမပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတစ်ညမှာတော့ မိုးကလည်း ရွာနေတယ်။ လေကလည်း တိုက်လိုက်တာ အရမ်းပဲ။ တဲအပြင်ဘက်မှာတော့ ရေတွေနဲ့ ပြည့်နေလို့ ရေကန်တစ်ကန်လားလို့တောင် ထင်ရတယ်။ အဲသလို အချိန်မျိုးမှာမှ အပြင်က တဲတံခါးခေါက်သံကြားလိုက်ရတော့ ကျုပ် တော်တော်အံ့အားသင့်သွားတယ်။ တံခါးဆီလျှောက်သွားပြီး တံခါးကို ကပျာကယာဖွင့်လိုက်တော့ အဝမှာ ရပ်နေတဲ့သူက အီမီလီယာဗျ။ သူ့တစ်ကိုယ်လုံး ရွှဲရွှဲကိုစိုလို့။ သူ့ခမျာမှာ ကိုယ်လေး လက်ဝန်ကြီးနဲ့ပါလား... ဗျာ။ ရှေ့ကို စူထွက်နေတဲ့ ဗိုက်ကြီးက နည်းနည်းနောနောမှ မဟုတ်တာဘဲ။ တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေတော့ သူ့ကြည့်ရတာ အဝတ်အစား အစုတ်အပြတ်တွေ ဝတ်ထားသလို ဖြစ်နေတယ်။ ဆံပင်တွေ ကလည်း သူ့မျက်နှာမှာ ကပ်နေကြတယ်။

အီမီလီယာဟာ တဲထဲကို ဝင်လာပြီး ရီနယ်လ်ဒီ ရေးပေးလိုက်တဲ့စာတိုလေးကို ကျုပ်လက်ထဲထည့်တယ်။ စာထဲမှာတော့ ရီနယ်လ်ဒီက သူထောင်ထဲက တစ်နှစ်ပြည့်ရင် ထွက်ရမယ့်အကြောင်း၊ သူ ထောင်ကျနေခိုက်မှာ အီမီလီယာကို စောင့်ရှောက်ပေးစေလိုကြောင်း ရေးထားတယ်။ ပြီးတော့ သူထားခဲ့တဲ့ ပစ္စည်းတွေကိုလည်း မပျောက်မပျက် စောင့်ပေးထားပါ... တဲ့။ အဲဒီပစ္စည်းတွေအတွက် ရသင့်ရထိုက်တဲ့ ဝေစုတွေကို တခြားလူတွေ ရသွားကြပြီ ဖြစ်ပေမယ့် သူမရသေးဘူး... တဲ့။ အဲသလို ရေးထားပါတယ်။

သူ့စာကို ဖတ်ရတော့ ကျုပ်မှာ အတော်ကလေး စိတ်ထိခိုက်ရပါတယ်။ ရီနယ်လ်ဒီအနေနဲ့ ကျုပ်အပေါ်မှာ အတော်ကြီးကို ယုံကြည်အားကိုးစိတ် ရှိတာပါလားဗျာ။ ကျုပ်နဲ့သာ တွဲလုပ်ရရင် ဘာမဆို လုပ်လို့ရတယ်လို့လည်း အခိုင်အမာ ယုံကြည်ထားပုံရပါတယ်။ အဲဒီတော့ ကျုပ်ကလည်း သူယုံကြည်စိတ်ချသလို လုပ်ပေးရမှာပေ့ါ။ ဒါကြောင့်မို့ အဲဒီညက အီမီလီယာကို ကျုပ်ခုတင်ပေါ်က အိပ်ရာပေါ် အိပ်ခိုင်းပြီး ကျုပ်ကတော့ ခေါင်းအုံးတစ်လုံးနဲ့ တစ်ဖက်ခန်းက ကြမ်းပေါ်မှာအိပ်ပါတယ်။

နောက် လအနည်းငယ်ကြာတော့ ဂိုထောင်ကို လာတဲ့လူတိုင်းက ကျုပ်ကို မိန်းမရနေပြီလို့ ထင်ကြပါတယ်။ သူတို့အနေနဲ့ကတော့ ကျုပ်ကို အလွန်ပျော်ရွှင်ကြည်နူးနေတဲ့ လင်အဖြစ်၊ ကလေးအဖေအဖြစ် မြင်နေကြတယ်။ ကျုပ်အဖြစ်ကလည်း ထင်မယ်မြင်မယ်ဆိုရင် ထင်စရာ မြင်စရာပေပေ့ါ... လေ။

အောက်တိုဘာလရဲ့ သာယာကြည်လင်တဲ့ နေရောင်ခြည်ဟာ ဂိုထောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝင်းလုံးအပေါ်ကို လွှမ်းခြုံနေပါတယ်။ ဝင်းရဲ့အလယ်မှာတော့ အင်္ကျီလက်တွေကို ပင့်တင်ထားတဲ့ အီမီလီယာဟာ ရေစည်ပိုင်းတစ်လုံးနဲ့ ကျုပ်ရဲ့ ရှပ်အင်္ကျီတွေကို လျှော်ဖွပ်နေပါတယ်။ တချို့အဝတ်တွေကတော့ ကြိုးတန်းတွေပေါ်မှာတင်ပြီး နေလှန်းထားပြီးပါပြီ။

ကျုပ်ကတော့ တဲအပြင်ဘက် နေရောင်အောက်မှာချထားတဲ့ ကုလားထိုင်ပေါ်မှာ အီမီလီယာရဲ့ ကလေးကိုချီပြီး ထိုင်နေပါတယ်။ ကလေးကို အီမီလီယာက ဗင်ဆင်ဒိုလို့ ခေါ်နေပါတယ်။ နာမည်က ကျုပ်နာမည်ပေါ့။ ကျုပ်တဲရဲ့ ဘေးနားကပ်လျက်မှာတော့ ကျုပ်ကိုယ်တိုင်ဆောက်ထားတဲ့ တဲငယ်လေးတစ်လုံးရှိပါတယ်။ အဲဒီတဲငယ်လေးထဲက ဟင်းနံ့ဟာ သင်းပျံ့နေတာပဲ။ အခုဆိုရင် အီမီလီယာက ကျုပ်အတွက် ချက်ပြုတ်ကျွေးမွေးနေပြီဆိုတော့ ကျုပ် အပြင်စားသောက်ဆိုင်ကိုထွက်ပြီး စားဖို့သောက်ဖို့ မလိုတော့ဘူး... ဗျ။

ကျုပ် စောစောကပြောခဲ့သလိုပေါ့... လေ။ ကျုပ်က ကလေးကိုချီပြီး မြှူဟယ်ချော့ဟယ် လုပ်နေတယ်။ အီမီလီယာက ကျုပ်ရဲ့ ရှပ်အင်္ကျီတွေကို စည်ပိုင်းထဲနှစ်... နှစ်ပြီး လျှော်နေရာက ကျုပ်ကို ပြုံးကာရယ်ကာနဲ့ လှမ်းပြီး စကားပြောနေတယ်ဆိုတော့ ဒီအဖြစ်ကို မြင်တဲ့လူတွေက ကျုပ်တို့ကို အလွန်ပျော်ရွှင်နေတဲ့ မိသားစုလို့ ထင်မှာပဲပေါ့။ ဒါပေမယ့် အခြေအနေကတော့ ဘာမှမဖြစ်သေးတာ အမှန်ပါ။

ကျုပ် ချီပိုးနေတဲ့ကလေးဟာ ရီနယ်လ်ဒီရဲ့ ကလေးပါပဲ။ အီမီလီယာဟာလည်း ရီနယ်လ်ဒီရဲ့ အီမီလီယာပါပဲ။ တဲတစ်လုံးထဲမှာ ဝှက်ထားတဲ့ ပစ္စည်းတွေကလည်း ရီနယ်လ်ဒီရဲ့ ပစ္စည်းတွေပါပဲ။ ကျုပ်ကလည်း အရင်တုန်းကလိုပဲ ကုမ္ပဏီရဲ့ပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်နေရတဲ့ ဂိုထောင်စောင့်ပါပဲ။ တစ်ခုပိုပြီး ထူးလာတာကတော့ ကျုပ်ဟာ ရီနယ်လ်ဒီရဲ့ ပစ္စည်းတွေနဲ့ အီမီလီယာတို့ သားအမိကိုပါ စောင့်ရှောက်ပေးရတဲ့ အစောင့်ဖြစ်လာတာ တစ်ခုပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ တခြားနေရာတွေမှာတော့ ကျုပ်ဟာ အိမ်ထောင်သည်တစ်ယောက်အတိုင်းပါပဲ။ အီမီလီယာက သိပ်ကိုသဘောကောင်းလေတော့ ကျုပ်အပေါ်မှာ လိုလေသေးမရှိအောင် ပြုစုရှာပါတယ်။ ဘာမှ လိုလေသေးမရှိအောင် ပြုစုတာပါ။ ကလေးကလည်း သဘောကောင်းကလေး... ဗျ။ လှလည်း သိပ်လှတဲ့ကလေးပါ။

အဲ... မကောင်းတာလေးတစ်ခုကတော့ ရှိသပေါ့... ဗျာ။ တခြားတော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ကျုပ်အနေနဲ့ အီမီလီယာကို အမြဲတမ်းလိုလို အချိန်ရှိသမျှ ရီနယ်လ်ဒီအကြောင်း ပြောပေးနေရတဲ့ ကိစ္စပါ။ အီမီလီယာကလည်း ရီနယ်လ်ဒီ တစ်ယောက် ထောင်ကလွတ်မြောက်လာမဲ့ လနဲ့ရက်တွေကို အမြဲလက်ချိုး ရေတွက်နေတာပါ။ ဒီကြားထဲကပဲ ကျုပ်ကလည်း ရီနယ်လ်ဒီရဲ့အကြောင်းကို ပြောပေးနေတာပါ။ ဒါဟာလည်း အကြောင်းရှိပါတယ်။ သူ အမြဲသတိရနေ စေဖို့ပါ။ ပြီးတော့ သူဟာ ကျုပ်သူငယ်ချင်းရဲ့ မိန်းမဆိုတာ ကျုပ်ကိုယ်ကျုပ် သတိပေးနေတဲ့ သဘောလည်း ပါ,ပါတယ်။

တစ်ညနေခင်းမှာတော့ ကျုပ်က ဒီကမ္ဘာလောကကြီးထဲမှာ ယောကျာ်း ဆိုလို့ ရီနယ်လ်ဒီ တစ်ဦးတည်းသာရှိပြီး၊ ကျုပ်တောင်မှ ယောကျာ်းတစ်ယောက် မဟုတ်သလို အနေအထားမျိုးရောက်အောင် ပြောနေမိပါတယ်။ အဲသလိုပြော မှပဲ အီမီလီယာအနေနဲ့ ပထမဆုံးအကြိမ် ကျုပ်ကိုယောကျာ်းတစ်ယောက်ပါ လားလို့ သိသွားသလို ဖြစ်သွားတယ်။ အဲဒီနေ့ကစပြီး သူဟာ စကားပြောကြ တဲ့အခါတိုင်း အချစ်အကြောင်းကို သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး ပြော ပြောလာပါတယ်။

သူပြောပုံက ကျုပ်ကို ပြောင်သလို လှောင်သလိုလုပ်ပြီး ပြောနေတာပါ။ ဒါပေမယ့် သူ့စကားတွေကြောင့် ကျုပ်ရင်ထဲမှာ တော်တော်လေးခံစားရပါ တယ်။ သူဟာ ကျုပ်အဖို့ ဘယ်လောက်ချစ်စရာကောင်းနေတယ်ဆိုတာကို လည်း ကျုပ် သတိထားမိလာပါတယ်။ နောက်ဆုံးမှာတော့ ကျုပ်က "မင်းကို ရီနယ်လ်ဒီက ပိုင်တယ်၊ အဲဒါကြောင့် မင်းငါ့ကိုအရေးတယူလုပ်ပြီး မစဉ်းစား ပါနဲ့"လို့ ပြောတယ်။ "ဟုတ်ပါတယ်။ ရှင်ပြောတာ မှန်ပါတယ်။ ကျွန်မကို ရီနယ်လ်ဒီက ပိုင်တာပါ"လို့ သူက ပြန်ပြောတယ်။ "ဒါပေမယ့် ရှင်ဟာ ရီ နယ်လ်ဒီရဲ့ သစ္စာရှိတဲ့သူငယ်ချင်းဆိုတော့ မနာလိုဝန်တိုစိတ်တော့မထားနဲ့ ပေါ့"လို့ ငေါ့တော့တော့ ထပ်ပြောလိုက်သေးတယ်။ ကျုပ်တို့ကိစ္စက အဲဒီနေ့မှာ ပဲ အဲသလောက်နဲ့ ပြီးဆုံးသွားခဲ့ပါတယ်။

တစ်ညမှာတော့ ကျုပ်နားထဲမှာ အပြင်က အသံတစ်သံ ကြားလိုက် ရသလိုပဲ။ ဒါနဲ့ပဲ ကပျာကရာ အိပ်ရာကထပြီး ခြောက်လုံးပြူးကိုယူပြီး တဲထဲ က ထွက်လာခဲ့တယ်။ လပြည့်နေ့ညမို့ လကလည်းသာလိုက်တာ အလွန်ပဲ။ ရေစည်ပိုင်းထဲမှာ ထင်ဟပ်နေတဲ့ လရိပ်ကလည်း ဝင်းလက်နေတယ်။ လ ရောင်ကြောင့် ဝင်းထဲမှာ ဘာကိုမဆို ပီပီပြင်ပြင် မြင်နေရတယ်။ ဘေးတစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မှာရှိနေတဲ့ တောင်ကုန်းတွေကတော့ လင်းနေတဲ့ကောင်းကင်ပြင်ကြီးကို ကျောပေးပြီး ရပ်နေသလိုပဲ။

လရောင်က သိပ်လင်းနေတော့ ကျုပ် ဒီအကောင်ကို ချက်ချင်းမြင်တယ်။ ကျုပ်က မြင်မြင်ချင်းပဲ သူ့ကိုလှမ်းအော်ပြီး ရပ်ခိုင်းတယ်။ သူကလည်း တဲနှစ်လုံးကြားကို ဝင်ပြီး ကိုယ်ရောင်ဖျောက်ဖို့ ကြိုးစားတယ်။ ကျုပ်ရဲ့အော်သံကို ကြားတော့ ဖျတ်ခနဲ ထွက်လာပြီး ကျုပ်ကိုရင်ဆိုင်တယ်။ "မင့်လက်ထဲက ပစ္စတိုကို ချလိုက်ပါကွာ။ မင်းက ငါ့ကိုမမှတ်မိတော့ဘူးလား"လို့ ပြောတယ်။

တခြားလူ ဟုတ်ပါရိုးလား။ ဟိုအကောင် တီယိုဒိုရီ... ပေါ့။ လူရုပ်ကတော့ ဟိုတစ်ခါလာတုန်းကနဲ့ မတူဘူး။ အဝတ်အစားတွေကလည်း စုတ်စုတ်ပြတ်ပြတ်နဲ့။ ပါးနှစ်ဖက်ကလည်း ပိန်ခွက်ခွက်နဲ့။ သူ့မျက်လုံးတွေကတော့ အစာရေစာ ငတ်ပြတ်နေတဲ့ ဝံပုလွေတစ်ကောင်အတိုင်းပဲ။ သူက "ငါ ပစ္စည်းတွေ လာယူတာပါကွာ"လို့ ပြောတယ်။ "လော်ရီကားနဲ့ ငါ့မိတ်ဆွေတွေ အပြင်က စောင့်နေတယ်"တဲ့။

"အဲဒီပစ္စည်းတွေက မင့်ပစ္စည်းတွေ မဟုတ်တော့ဘူး။ ရီနယ်လ်ဒီရဲ့ ပစ္စည်းတွေ"လို့ ကျုပ်က ပြောတယ်။

သူနဲ့ကျုပ်နဲ့ အငြင်းအခုံဖြစ်ကြတယ်။ ပထမတော့ သူက ကျုပ်ကို အနိုင်ကျင့်မလို့ဘဲ။ ကျုပ်က မခံမှန်းသိတော့ ပစ္စည်းကို တစ်ဝက်စီ ခွဲယူကြရအောင်လို့ အကြံပေးတယ်။ ကျုပ်က လက်မခံဘူး။ ကျုပ်တို့ရပ်နေတာက ရေစည်ပိုင်းနားမှာဆိုတော့ အီမီလီယာရဲ့ တဲထဲက မီးရောင်ကိုမြင်နေရတယ်။ အီမီလီယာက ကျုပ်တို့ကို လှမ်းကြည့်နေတယ်။

နောက်ဆုံးမှာ ကျုပ်က "မင်း ဒီဝင်းထဲက ထွက်သွားရင်ကောင်းမယ်"လို့ပြောတော့ သူက "ငါသွားမှာပါကွာ၊ မပူပါနဲ့"လို့ ပြောပြီး ဝင်းတံခါးဘက်ကို လျှောက်သွားတယ်။ ကျုပ်က သူ့ကိုသေနတ်နဲ့ချိန်ပြီး နောက်က လိုက်သွားတယ်။ ဒီကောင်မျိုးက သတ္တိမရှိလို့တော့ မဖြစ်ဘူးဗျ။ သူတို့က အလစ်မှာ ဓားမြှောင်သုံးတတ်ကြတယ်မဟုတ်လား။

အဲ... ကျုပ်ထင်တဲ့အတိုင်းပဲ။ ဂိတ်တံခါးနားလည်းရောက်ရော သူက ဖျတ်ခနဲ နောက်ကိုလှည့်လိုက်ပြီး ကျုပ်ကို ခုန်အုပ်လိုက်တယ်။ ကျုပ်ကလည်း နောက်ကို ခုန်ဆုတ်လိုက်ပြီး ပစ္စတိုနဲ့ တစ်ချက်ပစ်လိုက်တယ်။ သူက ဓားကိုင်လျက်တန်းလန်းနဲ့ ကျုပ်ဆီကို လျှောက်လာနေသေးတယ်။ လက်တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သေနတ်မှန်ထားတဲ့ ဒဏ်ရာကို အုပ်ကိုင်ထားတယ်။ သူ့မျက်လုံးတွေကလည်း ပြူးနေတယ်။ ကျုပ်က နောက်တစ်ချက် ထပ်ပစ်လိုက်တော့မှ လဲကျသွားတယ်။

နောက်တစ်နေ့ မနက်ကျတော့ ရဲတွေရောက်လာပြီး စစ်ဆေးစုံစမ်းကြတယ်။ သေတဲ့ကောင်ဟာ အရင်က ရာဇဝတ်မှုတွေ အများအပြားနဲ့ ထောင်ခဏခဏကျဖူးတယ်ဆိုတာလည်း သိသွားကြတယ်။ အခုလည်း မကြာသေးခင်ကပဲ ထောင်ကထွက်ပြေးသွားတဲ့ ထောင်ပြေးဆိုတာ သိသွားကြတယ်။ အဲဒီတော့ ကိစ္စက ရှုပ်လာစရာအကြောင်း မပေါ်တော့ဘူး။ ကုမ္ပဏီကတောင်မှ သူတို့ပစ္စည်းတွေကို ကာကွယ်စောင့်ရှောက်ပေးတယ်ဆိုပြီး ကျုပ်ကို ဆုငွေချီးမြှင့်ခဲ့သေးတယ်။

"ရီနယ်လ်ဒီဟာ ပထမဆုံး ငါ့ကိုသူခိုးဖြစ်အောင် လုပ်ခဲ့တယ်၊ အခုတစ်ခါ သူ့ကြောင့် ငါမှာ လူသတ်သမားဖြစ်ရပြန်ပြီ"လို့ ကျုပ်က အီမီလီယာကို ပြောမိတယ်။ "ရှင့်ကိုယ်ရှင် ခုခံကာကွယ်တာပဲ၊ တမင်သတ်တာမှ မဟုတ်တာ"လို့ အီမီလီယာက ပြန်ပြောပါတယ်။ "အေး... ပေါ့လေ၊ ပြောစရာကတော့ မလိုပါဘူး၊ စကားမရှိ စကားရှာပြီး ပြောမိတာပါ။ အမှန်တော့ ငါ့အလုပ်က အစောင့်မဟုတ်လား။ ဒါမျိုးနဲ့ကြုံလာရင် ပစ်ရခတ်ရသတ်ရမှာပဲပေါ့"လို့ ကျုပ်က ရေရွတ်လိုက်မိပါတယ်။

အဖြစ်ကတော့ ဖြစ်ရမယ့်အတိုင်း ဖြစ်လာတာပါပဲ။ နောက်ဆုံးမှာ ရီနယ်လ်ဒီဟာ ထောင်ကလွတ်လာပါတယ်။ အီမီလီယာတို့ သားအမိနဲ့ ပစ္စည်းတွေကိုယူဖို့ ရောက်လာပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဒီအချိန်မှာ ကုမ္ပဏီကလည်း ကျုပ်တာဝန်ကျနေတဲ့ ဂိုထောင်ကို ဖျက်သိမ်းတော့မယ်လို့ ကျုပ်ဆီအကြောင်းကြားထားပါတယ်။ အဲဒီတော့ အရာရာတိုင်းဟာ တစ်ချိန်တည်း တစ်ပြိုင်တည်း ပြီးဆုံးသွားတော့မယ့် အနေအထားကို ရောက်လာပါတယ်။ အင်း... ကျုပ်အနေနဲ့ ကုမ္ပဏီအတွက်ပဲဖြစ်ဖြစ်၊ ရီနယ်လ်ဒီအတွက်ပဲဖြစ်ဖြစ် အစောင့်ဆက်လုပ်ဖို့ မသင့်တော့ဘူးလို့ ထင်ရတော့တာပါပဲ။

ရီနယ်လ်ဒီဟာ တစ်ညမှာ ရောက်လာပါတယ်။ သူရောက်လာချိန်က သန်းခေါင်ကျော်နေပြီ။ လော်ရီကားလည်း ပါလာပါတယ်။ ကားရှေ့မှန်ပေါ်မှာတော့ အဖြူရောင်ဆေးနဲ့ **'အီမီလီယာ'**လို့ ရေးထားတာ တွေ့ရပါတယ်။ သူရောက်လာတော့ ကျုပ်က "ဟော့ဒီမှာ အီမီလီယာ၊ ခင်ဗျားဆီက လွှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တုန်းက အထည်ထုပ်တွေ ခြေရာလက်ရာမပျက်ဘူး။ ခင်ဗျားမြင်တဲ့အတိုင်းပဲ”လို့ ပြောပါတယ်။

သူက ပြုံးနေတယ်။ အီမီလီယာတို့ သားအမိနဲ့ ပြန်ဆုံရလို့ ပျော်ရွှင်နေတဲ့ လက္ခဏာပါပဲ။ “အေးပါကွာ၊ မင့်ကို ငါယုံကြည်စိတ်ချပါတယ် ဗင်ဆင်ဒိုရယ်။ ကိစ္စမရှိပါဘူး”လို့ သူကပြန်ပြောပါတယ်။ ကျုပ်ရင်ထဲမှာကတော့ ဒေါသဖြစ်သလိုလို၊ ဝမ်းနည်းကြေကွဲသလိုလို ဖြစ်နေပါတယ်။ အသက်ရှုမဝသလိုလည်း ခံစားနေရပါတယ်။ “ခင်ဗျားမြင်နေသားပဲ၊ ခင်ဗျားပစ္စည်းတွေအားလုံး ဘာတစ်ခုမှ အရာမယွင်းပါဘူး။ ခင်ဗျား အပ်ထားတုန်းကအတိုင်း ကျုပ် ပြန်အပ်တာပဲ မဟုတ်လား”လို့ ထပ်ပြောလိုက်မိပါတယ်။

ရီနယ်လ်ဒီက ကျုပ်ကို ငွေနည်းနည်းပါးပါးပေးချင်တယ်။ လက်ဆောင်အဖြစ် လက်ပတ်နာရီတစ်လုံး ပေးဖို့လည်း ကြိုးစားတယ်။ ပြီးတော့ သူ့ လော်ရီကားနဲ့ ရောမမြို့ကို လိုက်ခဲ့ဖို့ခေါ်တယ်။ ဒါပေမယ့် ကျုပ်က လက်မခံဘဲ ငြင်းလိုက်ပါတယ်။ “ကျုပ် ဘာမှမလိုချင်ဘူး။ ကျုပ်ဟာ ‘အစောင့်’မဟုတ်လားဗျာ။ အဲဒီတော့ ဘာမှမလိုချင်ပါဘူး”လို့ ပြောလိုက်ပါတယ်။

အခုမှပဲ ကျုပ်စိတ်ကို ကျုပ်သိလာရပါတယ်။ ကျုပ်ဟာ အီမီလီယာကို ချစ်နေပါပြီ။ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ ကျုပ်ဟာ သူ့ကို တလေးတစား စောင့်ရှောက်ခဲ့မိတဲ့အတွက် ဝမ်းသာဝမ်းနည်း ဖြစ်ရပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ရီနယ်လ်ဒီရဲ့ ပစ္စည်းတွေကို ကျုပ်ကိုယ်တိုင်ပဲ လော်ရီကားပေါ်အထိ လိုက်တင်ပေးလိုက်ပါတယ်။ ကားရှေ့ခန်းထဲမှာ ကလေးကိုပွေ့ပြီး ထိုင်နေတဲ့ အီမီလီယာဟာ ကျုပ်ကိုကြည့်ပြီး ပြုံးနေပါတယ်။ ကားပေါ်တက်ထိုင်လိုက်တဲ့ ရီနယ်လ်ဒီက ကျုပ်ကို လှမ်းပြီးနှုတ်ဆက်ပါတယ်။ “ငါတို့ တွေ့ကြသေးတာပေါ့ မစ္စတာ အစောင့်ကြီးရယ်”တဲ့။ လော်ရီကားဟာ ချက်ချင်းပဲ ထွက်ခွာသွားပါတယ်။

နောက် ရက်အနည်းငယ်ကြာတော့ ကုမ္ပဏီက လော်ရီကားတွေ ရောက်လာပါတယ်။ အုတ်တွေ၊ ဘိလပ်မြေအိတ်တွေ၊ ပိုက်လုံးတွေ၊ ကတ္တရာပီပါတွေကို တင်ကြပါတယ်။ ပတ်ပတ်လည်က အုတ်နံရံတွေကိုလည်း ဖြိုချပြီး အုတ်တွေကို သယ်သွားကြပါတယ်။ နောက်ဆုံးတဲတွေကိုပါ ဖျက်ပြီး အုတ်တွေသစ်တွေကို ယူသွားကြပါတယ်။ နေ့စဉ်လော်ရီကားတွေဟာ ဝင်လိုက်ထွက်လိုက်နဲ့ အလုပ်ရှုပ်နေကြပါတယ်။ နောက်ဆုံး တစ်မနက်ခင်းမှာတော့ ကျုပ်တဲ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြိုဖျက်ပြီး သယ်သွားကြပါတယ်။

နောက်ဆုံး ဂိုထောင်ဝင်းထဲမှာ ကျုပ်တစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့ပါတော့တယ်။ ပတ်ပတ်လည်မှာတော့ ကြေမွနေတဲ့ မြေကြီးတွေ၊ ပေါက်စပြုနေတဲ့ မြက်ပင်စိမ်းစိမ်းတွေ၊ ဟိုတစ်စ သည်တစ်ပုံဖြစ်ပြီး ပြန့်ကျဲနေတဲ့ အုတ်ကျိုးအုတ်ပဲ့တွေ၊ ရေအိုင်ဗွက်တွေ၊ ပြီးတော့ ဟိုဘက်သည်ဘက်မှာရှိနေတဲ့ တောင်ကတုံးနှစ်ခု။ အဲဒါတွေကလွဲလို့ ဘာတစ်ခုမှ မရှိတော့ပါဘူး။

ကျုပ် ဒီနေရာမှာ နေလာခဲ့တာ နှစ်နှစ်တောင်ရှိခဲ့ပြီပဲ။ အခုတော့လည်း ပြီးသွားပြန်ပြီပေါ့လေ။ ကျုပ်ဟာ ကျုပ်ပိုင်ဆိုင်တဲ့ ပစ္စည်းလေးတွေကို ဖိုက်ဘာ လက်ဆွဲသေတ္တာလေးတစ်လုံးထဲ တည့်ပြီး စက်ဘီးဘားတန်းမှာ ကြိုးနဲ့တွဲချည်လိုက်ပါတယ်။ ကျုပ်ဟာ စက်ဘီးကို တွန်းပြီး ဆာလာရီယာလမ်းမကြီးဆီကို ထွက်လာခဲ့ပါတယ်။ လမ်းမကြီးပေါ်လည်းရောက်ရော စက်ဘီးပေါ် တက်လိုက်ပြီး ရောမမြို့ဘက်ကို ခပ်ဖြည်းဖြည်း နင်းလာခဲ့ပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

## နှာခေါင်းကြီး

ကျုပ်တို့ဟာ 'ပီယာဇာ ဒယ်လာ လစ်ဘာတာ'လို့ခေါ်တဲ့ ပန်းခြံထဲကို သွားပြီး ခုံတန်းလျားတစ်လုံးပေါ်မှာ ထိုင်ကြတယ်။ ထိုင်လည်း ထိုင်မိရော ဆစ်လ်ဗာနိုက ကျုပ်ကို သတင်းစာထဲက သတင်းတစ်ပုဒ်ကိုပြတယ်။ သတင်းက အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက် သေသွားတဲ့အကြောင်း ရေးထားတာပါ။ နှစ်ကော်လံလောက်တော့ရှည်တယ်။ သတင်းထဲမှာက သေတဲ့လူကို မနက်ဖြန်မနက်မှာ သင်္ဂြိုဟ်မဲ့အကြောင်း၊ မသင်္ဂြိုဟ်ခင် အလောင်းကို သူ့အိမ်မှာထားမှာဖြစ်ကြောင်း၊ အသုဘရှု ပရိသတ်အတွက် အမှတ်တရ လက်မှတ်ရေးထိုးဖို့ ဧည့်မှတ်တမ်းစာအုပ်ကို တံခါးအဝင်ဝမှာ အဆင်သင့် ထားရှိကြောင်း စသည်ဖြင့် ဖော်ပြထားပါတယ်။ သတင်းရဲ့အောက်မှာတော့ သေတဲ့လူ မကွယ်လွန်မီက ထူးထူးခြားခြား လုပ်ကိုင်သွားတဲ့ ဆောင်ရွက်ချက် တွေကို ဖော်ပြထားပါတယ်။

ဒါပေမယ့် ကျုပ် သတင်းအပေါ် စိတ်လည်းဝင်စားလာရော၊ ဆစ်လ်ဗာနိုက ကျုပ်လက်ထဲက သတင်းစာကို ဖျတ်ခနဲဆွဲယူလိုက်ပြီး အရေးကြီးတဲ့ သတင်း မဟုတ်ပါဘူးကွာလို့ ပြောတယ်။ အဲဒီတုန်းမှာပဲ ဇိမ်ခံကားကြီးတစ်စီးဟာ ကျုပ်တို့ရှေ့ မလှမ်းမကမ်းက ဖြတ်သွားတယ်။ ကားထဲက ကောင်မတစ်ကောင်က သူသောက်လက်စ စီးကရက်တိုကို ကားပြတင်းပေါက်ကနေပြီး လွှင့်ပစ်သွားတယ်။

ဆစ်လ်ဗာနိုဆိုတဲ့ကောင်က ဖျတ်ခနဲ ထထွက်သွားပြီး လမ်းဘေးမှာကျနေတဲ့ စီးကရက်တိုကို ကောက်ယူလိုက်တယ်။ ပြီးတော့ သူ့နေရာကို ပြန်လျှောက်လာပြီး ထိုင်ချလိုက်တယ်။ သေတဲ့လူနဲ့ ပတ်သက်လို့ အရေးကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



အချက်က အဲဒီလူရဲ့ လက်မှာဝတ်ထားတဲ့ လက်စွပ်ပဲလို့ သူကပြောတယ်။ အဲဒီလက်စွပ်ဟာ သမိုင်းဝင်လက်စွပ်ဖြစ်တဲ့အကြောင်း၊ ဘုရင်တစ်ပါးက သေသွားတဲ့လူကို ပေးခဲ့တဲ့ ရှေးဟောင်းမြလက်စွပ်တစ်ကွင်းဖြစ်တဲ့အတွက် အလွန်အဖိုးထိုက်တန်ကြောင်း၊ သေတဲ့လူက သူမသေခင်ကတည်းက သူသေတဲ့အခါမှာ အဲဒီလက်စွပ်ကို သူ့လက်မှာ ဝတ်လျက် မြေမြှုပ်ဖို့မှာသွားကြောင်း စသည်ဖြင့် သူသိသမျှကို ပြောပြတယ်။

သူ ဒီသတင်းတွေကို အလောင်းသွားပြင်တဲ့ သုဘရာဇာအလုပ်သမားတစ်ယောက်ဆီက ရခဲ့တာတဲ့။ အဲဒီသုဘရာဇာကလည်း လူချင်းသိပ်ခင်နေလို့ အခုလိုဖွင့်ပြောတာတဲ့၊ စသည်ဖြင့် ပြောပြတယ်။ ပြီးတော့ ဆစ်လ်ဗာနိုကသေတဲ့လူဟာ အစေခံမတစ်ယောက်နဲ့ နေတာ… တဲ့။ ဒီညတော့ အလောင်းရှိနေတဲ့ အိမ်ထဲမှာ အစေခံမဟာ အိပ်မှာမဟုတ်ဘူးတဲ့။ အစေခံမက 'သရဲ'ကို အသေအလဲ ကြောက်တတ်တယ်တဲ့။ အဲဒီစကားတွေကိုလည်း အဲဒီ သူ့မိတ်ဆွေသုဘရာဇာကပဲ အသိပေးလိုက်တာပဲ… တဲ့။

နောက်ပြီးတော့ သူက အိမ်ရဲ့အနေအထား၊ တည်ရာလမ်းနဲ့ အခန်းအခြေအနေတွေကိုဆက်ပြီး ရှင်းပြနေတယ်။ ကျုပ်ကတော့ ဘာထင်မြင်ချက်မှမပေးပါဘူး။ ဒီအလုပ်ကိုလုပ်ရင် သင့်, မသင့်၊ တော်, မတော် စဉ်းစားနေရတဲ့အတွက် ကျုပ်စိတ်ဟာ အလုပ်ရှုပ်နေတယ်။ ကျုပ် စဉ်းစားမိတာက ပထမတစ်ချက် လက်စွပ်ကို ရနိုင်စရာအခြေအနေရှိတယ်။ ဒုတိယအချက် ဆစ်လ်ဗာနိုဆိုတဲ့ကောင်က ကျုပ်သိထားရသမျှလူတွေထဲမှာ ကံအမွဲဆုံးအကောင် ဖြစ်နေတယ်။

ဒီကောင်ရဲ့ အကုသိုလ်ကံက သူ့နဖူးမှာ ရေးပြီးသားပါလာတာပဲ။ 'နဖူးမှာစာပါတယ်'ဆိုတဲ့ ကောင်စားပါ။ ကံက သူ့ကိုဘယ်တော့မှ အပြုံးနဲ့ကြိုလေ့မရှိဘူး။ အဆင်ပြေတော့မလိုလို ဘာလိုလိုနဲ့ နောက်ဆုံးကံဆိုးမိုးမှောင်ထောင်ချောက်ထဲ နစ်သွားတာကများတယ်။ အထူးသဖြင့်တော့ 'သူ့နှာခေါင်း'ပဲ။ သူ့နှာခေါင်းက ကံဆိုးမယ့် အရိပ်လက္ခဏာကို သိသိသာသာပြနေတယ်။

သူ့နှာခေါင်းက ခေါင်းလောင်းတစ်ခုရဲ့ အဆန်နဲ့ အတော်တူတာပဲ။ ကွေးကွေးကောက်ကောက်နဲ့ အတော့်ကိုကြီးတဲ့ နှာခေါင်း။ နှာခေါင်းရဲ့ ထိပ်မှာလည်း အလွန်ကြည့်ရဆိုးတဲ့ မှည့်ကြီးတစ်လုံးက အဖုကြီးတစ်ဖု တင်ထားသလိုဖြစ်နေတယ်။ နှာခေါင်းအရောင်က ညိုမည်းမည်းနဲ့ အတော်ကို အရုပ်ဆိုးပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခင်ဗျားတို့ကြည့်လိုက်မိတာနဲ့ တစ်ချက်တည်း စိတ်ပျက်သွားမယ့် နှာခေါင်းကြီးပဲ။

ပြီးတော့လည်း ဒီကောင်ရဲ့ အကျင့်က တစ်မျိုးပဲ။ ကျုပ်လည်း သူ့လိုပဲ ဆင်းရဲမွဲတေနေတဲ့ကောင်ပါပဲ။ ကျုပ် ဝတ်စားထားတာလည်း ခပ်စုတ်စုတ် ခပ်ချာချာပါပဲ။ တစ်ခါတလေ အဆင်မပြေတဲ့အခါဆိုရင် ကျုပ်ပုံပန်းက လူလေလူလွင့် ဘိန်းစားတစ်ကောင်နဲ့တောင်မှ တူ,တူသွားပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ အခြေအနေဆိုးဆိုး ဒီအကောင်လို အောက်ကျနောက်ကျ အလုပ်မျိုးတော့ ကျုပ် လုံးဝမလုပ်ဘူး။

အခုဆိုကြည့်ပါလား။ ကားထဲက လွင့်ပစ်တဲ့ စီးကရက်တိုကို သွားကောက်ပြီး သောက်နေတယ်။ ဘယ်လောက်များ အောက်တန်းကျသလဲ၊ ကျုပ်ဆိုရင် ဆေးလိပ်ဘယ်လောက်ပဲငတ်ငတ်၊ လမ်းပေါ်ကဟာတော့ ဘယ်တော့မှ ကောက်မသောက်ဘူး။ သူက ကျုပ်ကို စကားပြောနေချိန်မှာ ကျုပ်က အဲဒါတွေ တွေးမိပြီး စိတ်ထဲမှာ ကသိကအောက်ဖြစ်နေတယ်။ သူပြောနေတဲ့ စကားတွေကို ကျုပ်မကြားဘူး။ သူ့နှာခေါင်းကြီးကိုပဲ စိုက်ကြည့်နေမိတယ်။

ကျုပ် သူ့နှာခေါင်းကိုစိုက်ကြည့်နေမှန်းသိတော့ ဒီကောင် မလုံမလဲဖြစ်ဟန်တူပါတယ်။ သူ့နှာခေါင်းကို လက်နဲ့ကုတ်နေတယ်။ ပြီးတော့ လက်ညှိုးနဲ့ နှာခေါင်းပေါက်ထဲ ထိုးပြီး နှပ်ချေးနှိုက်သလိုလို ကော်သလိုလို လုပ်နေတယ်။ ကျုပ် ချက်ချင်းပဲ ဆုံးဖြတ်လိုက်တယ်။ "မင်းက ငါ့ကိုထည့်စဉ်းစားတာ ကျေးဇူးတင်တယ်ကွာ။ ဒါပေမယ့် လုပ်လို့ကတော့ မဖြစ်ဘူး"လို့ ပြောလိုက်တယ်။

"ဘာပြုလို့လဲ... ကွာ"

"ဘာပြုလို့လဲဆိုတော့ နှစ်နဲ့နှစ်ပေါင်းရင် ငါးမဖြစ်နိုင်လို့ကွ"

သူ့မျက်နှာဟာ ဖြူရော်ရော်ဖြစ်သွားတယ်။ ခေါင်းကိုလည်း ငုံ့ထားတယ်။ ခဏနေတော့ (ကျုပ်ပြောရင် ခင်ဗျားတို့ ယုံကြပါ့မလား) ဒီကောင် ငိုတယ်... ဗျ။ "ငါဟာ တော်တော်ကံဆိုးတဲ့ကောင်ပါကွာ၊ အခုလို အခွင့်ကောင်းလေးကို တစ်ကြိမ်တစ်ခါပဲ ရဖူးပါတယ်၊ အဲဒါကို ကိုယ့်အတွက် အကျိုးရှိအောင် သုံးခွင့်မရဘူး"လို့လည်း ပြောတယ်။

"မင့်ဘာသာမင်း တစ်ယောက်တည်း သွားလုပ်ပါလား... ကွ"လို့ကျုပ်က ပြန်ပြောတယ်။ "မင်းတစ်ယောက်တည်းလုပ်ရင် ဝေစုခွဲပေးဖို့ မလိုတော့ဘူး။ အဲဒါဆိုရင် မင်းချမ်းသာလာနိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ သတ္တိမရှိဘူးကွ"လို့ သူက ဝန်ခံတယ်။ အငိုလည်းမတိတ်သေးဘူး။ တအီအီ တအားအားနဲ့ ငိုနေတုန်းပဲ။ "ငါက လူသေကောင်ဆိုရင် သိပ်ကြောက်တာ၊ မင်းကတော့ ဘာကိုမှ ကြောက်တတ်တဲ့ကောင် မဟုတ်တော့..."

ကျုပ်က သူ့ကိစ္စကို တိုတိုနဲ့ ပြတ်သွားအောင် ဖြတ်လိုက်တယ်။ "မင်းကြောက်လို့ မလုပ်ရဲရင် လက်စွပ်ကို လူသေကောင်ပဲ ယူသွားပစေပေါ့"လို့ ခပ်ငေါ့ငေါ့ပြောပြီး ထွက်လာခဲ့တယ်။ ဒီနေ့ဟာ ပြည်သူတွေရဲ့ ရုံးပိတ်ရက်တစ်ရက်ပါ။ ကျုပ်ကတော့ ပန်းခြံတွေ တစ်ခုပြီးတစ်ခု လျှောက်သွားပြီး ထိုင်လိုက် ထထွက်လာလိုက်နဲ့ အချိန်ဖြုန်းနေတယ်။ ဘယ်နေရာရောက်ရောက် လူလည်း သိပ်မရှိဘူး။ ဖုန်တွေရယ်၊ စက္ကူစုတ်တွေရယ်၊ အဲဒါတွေပဲ မြင်နေရတယ်။

ကြာလာတော့ ကျုပ် စိတ်ပျက်လာတယ်။ အမှန်တော့ အားရက်နားရက်ဆိုတော့ ပျော်စရာအလုပ်ကလေး တစ်ခုပဲဖြစ်ဖြစ် ရှိသင့်တာပေါ့။ အခုလို ဘာအလုပ်မှ မလုပ်ကြတော့ ပျင်းခြောက်ခြောက်နဲ့ စိတ်ဓာတ်ကျစရာ တယ်ကောင်းတာပဲ။ ကျုပ်အဖို့မှာလည်း အခုလိုအားရက်မှာ ဘာလုပ်ရင် ကောင်းမလဲ၊ အင်း... လုပ်စရာကတော့ ဟိုလူသေကောင်ရဲ့လက်က လက်စွပ်ကို သွားချွတ်မှပဲ ဖြစ်မယ်ထင်ပါရဲ့။

တကယ်လို့ ကျုပ်သွားလုပ်မယ်ဆိုပြန်ရင်လည်း စဉ်းစားစရာတစ်ခုက ရှိနေတယ်။ ကျုပ်က ဆစ်လ်ဗာနီကို မလုပ်နိုင်ဘူးလို့ ငြင်းထားခဲ့ပြီးပြီ မဟုတ်လား။ အခုကျမှ တစ်ယောက်တည်းသွားလုပ်ရင် သူပေးထားတဲ့ သတင်းကို ကျုပ်က ညစ်ပတ်ပြီး အလွဲသုံးစားလုပ်ရာရောက်သွားမှာ သေချာနေတယ်။ အဲသလိုဆိုတော့လည်း မကောင်းဘူးဗျ။ ဒါနဲ့ပဲ ကျုပ်ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ ကျုပ်ကိုယ်တိုင် ဆစ်လ်ဗာနီဆီသွားမယ်။ ငါစိတ်ပြောင်းသွားပြီ။ ဟိုအလုပ်ကို မင်းနဲ့တူတူသွားလုပ်ကြရအောင်လို့ ပြောမယ်။ ဒါပေမယ့် ခွကျတာက ကျုပ်ဒီကောင့်လိပ်စာကို မသိဘူး။ ဒီအကောင်ကလည်း ကံအတော်နည်းတဲ့ကောင်ပါလား... ဗျာ။

ကျုပ် အိမ်ဘက် ပြန်လာခဲ့တယ်။ ကျုပ်အိမ်က ကျောက်ဖြတ် အလုပ်သမားတစ်ယောက်ဆီက တစ်ဆင့်ငှားထားတဲ့ အခန်းကျဉ်းကျဉ်းသေးသေး လေးပါဗျာ။ အိမ်ရောက်တော့ ဝှက်ထားတဲ့ ကျုပ်ရဲ့ပစ္စည်းတွေကို ထုတ်ယူလိုက်တယ်။ သော့အမျိုးပေါင်းစုံ ချိတ်ထားတဲ့ သံကွင်းတစ်ကွင်းနဲ့ ဖောက်ထွင်း

www.burmeseclassic.com

www.burmeseclassic.com



ကိရိယာတွေပေါ့။ ကျုပ်ကိုယ်တိုင် ထိပ်တစ်ဖက်ကိုချွန်ပြီး ကွေးထားတဲ့ သံချောင်းတစ်ချောင်း၊ သံကုတ်တစ်ချောင်းနဲ့ သံမဏိတံစဉ်း တစ်လက်လည်း ပါလာတယ်။ ကျုပ်အနေနဲ့ ပေါင်မုန့်တစ်ပိုင်းကိုလည်း လိုလိုမယ်မယ်သဘောနဲ့ အင်္ကျီအိတ်ထဲ ထည့်လာခဲ့တယ်။ အခုဆိုရင် ညနေစောင်းသွားပြီ။ ကျုပ်ဟာ ခုတ်ရထားတစ်စီးနဲ့ ဆစ်လ်ဗာနိုပေးခဲ့တဲ့ လိပ်စာရှိရာကို ထွက်လာခဲ့တယ်။

ကျုပ်အနေနဲ့ အိမ်ကိုအခက်အခဲမရှိဘဲ ရှာလို့တွေ့ပါတယ်။ အိမ်က ပါရီယိုလီရပ်ကွက်ထဲမှာပါ။ အိမ်ပုံစံက အထင်ကြီးစရာ အိမ်မျိုးမဟုတ်လို့ ကျုပ်စိတ်ပျက်သွားမိသေးတယ်။ ဒါပေမယ့် လူချမ်းသာတွေ နေကြတယ်လို့ ယူဆနိုင်တဲ့ ရပ်ကွက်မျိုးမှာ အခုသေတဲ့လူလို ထင်ရှားသူတစ်ဦးဟာ ချမ်းသာမှာပဲလို့ တွက်ပြီး စိတ်ကိုဖြေရတာပေါ့ဗျာ။

အခုလိုအချိန်မျိုးမှာဆိုရင်တော့ အစောင့်ဟာ ညနေစာသွားစားနေဖို့များတယ်။ သူမရှိတုန်း အဆောက်အအုံထဲ အလစ်ဝင်သွားရင် ကျုပ်ကို ဘယ်သူမှ မြင်နိုင်စရာ မရှိဘူး။ ကျုပ်ထင်တဲ့အတိုင်းပါပဲ။ တိုက်ခန်းအမှတ် (၃) ဆီကို ရောရောရှုရှုပဲ ရောက်သွားတယ်။ တိုက်ခန်းထဲမှာက လူသေအလောင်းပဲရှိတာ ဆိုတော့ ရိုးရိုးသော့နဲ့ပဲ ပိတ်ထားတာတွေ့ရတယ်။ ကျုပ်လည်း ကပျာကယာပဲ ပါလာတဲ့သော့တွေနဲ့ စမ်းပြီးဖွင့်ကြည့်ပါတယ်။

ဖွင့်ရင်းနဲ့ သတိရလာတယ်။ လူတွေကပြောကြတယ်။ ဒီခေတ်မှာ သော့ခလောက်တွေဟာ သူ့သော့နဲ့သူမှ ဖွင့်လို့ရတယ်... တဲ့။ တကယ်တော့ အဲဒီစကား လုံးဝမမှန်ဘူးဗျာ။ ဒီခေတ်မှာ အများဆုံးရှိလှရင် သော့ခလောက် အမျိုးအစား နှစ်ဆယ်လောက်ပဲရှိတာပါ။ ပြီးတော့ သော့ခလောက်တွေဟာ မိန်းမတွေနဲ့ သိပ်တူတယ်။ အနေတော်သော့နဲ့ နည်းမှန်လမ်းမှန်ကိုသုံးပြီး ဖွင့်လိုက်ရင် ပွင့်တာချည်းပါပဲ။ ဖွင့်တဲ့နည်းကလည်း ပင်ကိုဉာဏ်ကောင်းရင် ရနိုင်တာချည်းပါပဲ။

အခု ကျုပ်နဲ့ ပါလာတဲ့သော့တွေဟာ တစ်ချောင်းမှ ဒီသော့ခလောက်နဲ့ မတော်တာအမှန်ပဲ။ ဒါပေမယ့် သော့တစ်ဒါဇင်လောက်နဲ့လည်း စမ်းဖွင့်ပြီးရော ဘယ်သော့ကို တံစဉ်းတစ်ချောင်းနဲ့ ဘယ်လိုပြုပြင်လိုက်ရင် အံဝင်ခွင်ကျ ဖြစ်မယ်ဆိုတာ ကျုပ်သိသွားပြီ။ အမှန်တော့ သူခိုးတစ်ယောက်ရဲ့ မျက်လုံးဟာ ခွဲစိတ်ကုဆရာဝန်တစ်ယောက်ရဲ့ မျက်လုံးနဲ့သိပ်တူတယ်။ တစ်ချက်ကလေး ကြည့်ရုံနဲ့ အမှန်အမှားကို သိတယ်။ သိတာမှ တစ်လက်မရဲ့ ဆယ်ပုံတစ်ပုံလောက်ရှိတဲ့ အသေးဆုံးကလေးကိုတောင်မှ ခွဲခြားပြီး သိတာ... ဗျ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အနေနဲ့ အခြေအနေ အရပ်ရပ်ကို သိပြီးပြီဆိုတော့ လုပ်စရာရှိတာ အေးအေးဆေးဆေး လုပ်သွားရုံပဲရှိတော့တာပေါ့။ ဒါ့ကြောင့်မို့ တိုက်ရဲ့ခေါင်မိုးနားကပ်နေတဲ့ အထပ်ဦးဆီကို တက်လာခဲ့တယ်။ တံခါးတစ်ခုနဲ့ တွေ့ပေမယ့် ခတ်ထားတဲ့ သော့ခလောက်က ရှေးဟောင်း သော့ခလောက်အိုဆိုတော့ ဖွင့်ရတာ လွယ်လွယ်ကလေးပဲ။ တံခါးလည်းပွင့်ရော ကျုပ်ဟာ အထပ်ခိုးပေါ် တက်လာခဲ့တယ်။

အပေါ်ရောက်တော့ လရောင်ကြောင့် လင်းနေတာကို တွေ့ရတယ်။ ကျုပ်ကတော့ မီးဖိုခေါင်းတိုင်ဘေးက မှောင်ရိပ်ကျကျ ထောင့်တစ်ထောင့်မှာ ဝင်ထိုင်လိုက်တယ်။ အိတ်ထဲက တံစဉ်းကိုထုတ်ပြီး သော့ကို အနေတော်ဖြစ်အောင် တိုက်ရပွတ်ရတယ်။ စောစောကစမ်းထားတဲ့ သော့ခလောက်ရဲ့ အပေါက်နဲ့ အံဝင်ခွင်ကျဖြစ်မယ့် အနေအထားရောက်တော့မှ အလုပ်ကို ရပ်လိုက်တယ်။ ကျုပ်အလုပ်က ပြီးသွားပြီ။ အိတ်ကပ်ထဲက ပေါင်မုန့်တစ်ပိုင်းကို ထုတ်စားပြီး စီးကရက်တစ်လိပ် သောက်လိုက်တယ်။ နောက်ထပ် အနည်းဆုံး လေးနာရီကြာ စောင့်ရဦးမှာ။ အဲဒီတော့ လက်ထဲက စီးကရက်တိုကို လွှင့်ပစ်လိုက်ပြီး ကြမ်းပေါ်မှာ လှဲလိုက်တယ်။ မကြာပါဘူး။ ချက်ချင်းပဲ အိပ်ပျော်သွားတယ်။

အတိအကျပါပဲ။ နောက်လေးနာရီတိတိမှာ ကျုပ် အိပ်ရာကနိုးလာတယ်။ အိပ်ရေးက ဝသွားတော့ လူက စိတ်သစ်လူသစ်ဖြစ်ပြီး တက်ကြွလန်းဆန်းနေတယ်။ အေးအေးဆေးဆေးပဲ၊ ကျုပ် အောက်ထပ်ကို ပြန်ဆင်းလာခဲ့တယ်။ အခန်း (၃)ရောက်တော့ အသင့်ပြုပြင်ထားတဲ့သော့ကို သော့ခလောက်အပေါက်ထဲ ထိုးထည့်ပြီး ဖွင့်တယ်။ ကျုပ်တွက်တာ မမှားပါဘူး။ သော့နဲ့ သော့ပေါက်က တကယ့်အံကိုက်ပါပဲ။ အဲဒီတော့ တံခါးဟာမကြာပါဘူး။ အေးအေးသာသာကလေးပဲ ပွင့်သွားပါတယ်။

တိုက်ခန်းက အတော်ကလေးတော့ ခမ်းနားသားပဲ။ အိပ်ခန်းလေးခန်းနဲ့ မီးဖိုတစ်ခန်းဆိုတော့ အတော်ကျယ်ဝန်းတာပဲ။ ခင်းကျင်းထားတဲ့ ပရိဘောဂပစ္စည်းတွေကလည်း စုံနေတာပါပဲ။ ဒါပေမယ့် သူခိုးတစ်ယောက်အဖို့တော့ ဒါတွေဟာ တစ်ခုမှစိတ်ဝင်စားစရာမရှိပါဘူး။ ဒါပေမဲ့ သတင်းစာက ရေးတဲ့အတိုင်း ဒီလူဟာ အရေးပါအရာရောက်တဲ့လူဆိုတာ ဟုတ်မှာပဲလို့တော့ မတွေးဘဲ မနေနိုင်ဘူး။

ကျုပ်ဟာ အိမ်ရှေ့တံခါးကဝင်ပြီး စင်္ကြန်လမ်းအတိုင်း လျှောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရှေ့မှာရှိနေတဲ့ အခန်းတံခါးက ပွင့်နေတော့ အတွင်းမှာအလင်းရောင် ရှိနေတာကို မြင်နေရတယ်။ ကျုပ် ဝင်သွားတော့မှ ပန်းခြံဘက်ကို မျက်နှာပြု ထားတဲ့ ပြတင်းပေါက်က ဝင်လာနေတဲ့ လရောင်ဆိုတာ သိရတယ်။ လရောင် က ပြတင်းပေါက်နားမှာသာ ကျနေတာပါ။ ကျန်တဲ့အပိုင်းတွေကတော့ အမှောင် ထဲမှာပါ။

ကျုပ်ဟာ လက်နှိပ်ဓာတ်မီးကလေး ထုတ်ယူပြီး လျှောက်ထိုးကြည့် တယ်။ ကျုပ်ပထမဆုံးတွေ့တာက စာအုပ်စင်တွေပဲ။ နောက်တွေ့တာကတော့ စားပွဲကြီးတစ်လုံး။ နောက်ပြီးတော့ ပန်းတွေ၊ ပန်းမျိုးက အစုံပဲ။ နှင်းဆီပန်း တွေရော ဇော်မွှားပန်းတွေရော အများကြီးပဲ။ အဲဒီနောက်တော့ ပန်းတွေကြားက လူသေကောင်ရဲ့မျက်နှာကို ကျုပ် ဘွားခနဲ တွေ့လိုက်ရလို့ ရင်ထဲမှာ ထိတ် ခနဲ ဖြစ်သွားသေးတယ်။ သူ့ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနဲ့ ဆံပင်မွေးတွေဟာ ဖြူဖွေးနေတာပဲ။ မျက်နှာကတော့ ဝဝဖောင်းဖောင်းနဲ့ ခပ်ဝိုင်းဝိုင်းပဲ။

သူ့ကြည့်ရတာ အသက်က ခုနစ်ဆယ်လောက်ရှိပါပြီ။ ကိုယ်လုံးတုတ် တုတ်နဲ့ ခံ့ညားထည်ဝါမယ့် ရုပ်မျိုးပဲ။ ကြည့်ရမြင်ရတာ ထူးထူးခြားခြားရှိတဲ့ အလောင်းတစ်လောင်းပဲလို့ ဆိုရမှာပါ။ ကျုပ်ရဲ့လက်နှိပ်ဓာတ်မီးရောင်ဟာ သူ့မျက်နှာနဲ့ ကိုယ်ပေါ်ကဖြတ်ပြီး လက်တွေပေါ် ရွေ့လျားသွားပါတယ်။ လက်တွေကလည်း သပ်ရပ်သန့်ရှင်းနေတယ်။ မှည့်ခြောက်ကလေးတွေ နည်းနည်း ပါးပါး ရှိတာကလွဲလို့ အတော်ကြီးကိုသန့်စင်တဲ့ လက်တွေပါ။ လက်သည်းတွေ ဆိုရင်လည်း လှနေအောင်ညှပ်ထားတာ တွေ့ရပါတယ်။

လက်စွပ်ကို ချက်ချင်းပဲ ကျုပ်မြင်လိုက်ပါတယ်။ လက်စွပ်က ကျောက် စိမ်းရောင်ဟာ လက်နှိပ်ဓာတ်မီးရဲ့ မီးရောင်အောက်မှာ ဝင်းခနဲ လက်သွားပါ တယ်။ လက်စွပ်ဝတ်ထားတဲ့လက်က အတော်ကြီး ရောင်နေတော့ ချွတ်တဲ့အခါ မှာ ခက်ခဲချင် ခက်ခဲမှာပါ။ ကျုပ်ဟာ လက်နှိပ်ဓာတ်မီးကို ဘယ်လက်နဲ့ ပြောင်းကိုင်လိုက်ပြီး ညာလက်နဲ့ လက်စွပ်ကို ချွတ်ကြည့်ပါတယ်။ အသာ အယာလှည့် လှည့်ပြီးချော့ချွတ်ပေမဲ့ လက်စွပ်က ပါမလာဘူး။ အဲဒါနဲ့ပဲ တစ် အားကုန် အားစိုက်ပြီး ဆွဲချွတ်ကြည့်ပါတယ်။ ကျုပ်လက်ထဲကို လက်စွပ်ပါ လာပါပြီ။

ဒါပေမယ့် ကျုပ်က သိပ်အားစိုက်ပြီး ဆွဲချွတ်လိုက်တာဆိုတော့ လူ သေအလောင်းဟာ လှုပ်သွားပါတယ်။ နေရာလည်း ပျက်သွားပုံပေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ စောစောကပိတ်နေတဲ့ လူသေပါးစပ်ကြီးဟာ ဟောင်းလောင်းကြီးဟ,နေတာ တွေ့ရပါတယ်။ အံ့မယ်... ပါးစပ်ထဲက သူ့ရွှေသွားတွေကိုတောင် မြင်နေရတယ်။ အဲဒီအချိန်မှာပဲ လေချွန်သံ သဲ့သဲ့ကို ကြားလိုက်ရတဲ့အတွက် ကျုပ်ဟာ တအားလန့်ပြီးခုန်လိုက်မိပါတယ်။ နောက်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ လား... လား ဆစ်လ်ဗာနီရဲ့ ဖြူဖပ်ဖြူရော်မျက်နှာကို မြင်ရပါတယ်။ သူ့မျက်နှာက လူသေမျက်နှာထက်တောင်မှ ပိုပြီးဖြူဖပ်ဖြူရော် ဖြစ်နေပါတယ်။ သူဟာ ကျုပ်ကို ပြုံးတုံးပြုံးတဲ့နဲ့ ကြည့်နေရာက "ဩော်... မင်းလည်းလာသကိုးကွ"တဲ့။

ဖြစ်ပုံက သိပ်လည်းမြန်ပါတယ်။ ဖြုန်းခနဲ ဖြစ်လာတာပါ။ ကျုပ်ကလည်း ချက်ချင်းပဲ သူ့ကိုလိမ်ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျုပ်က နှစ်ကိုယ်ကြားလေသံနဲ့ "အေး... ဟုတ်တယ်၊ ငါလာတယ်။ ဒါပေမဲ့ မင်းပြောတဲ့လက်စွပ်က မရှိပါလား"လို့ ခပ်တည်တည်ပြောလိုက်ပါတယ်။ သူက မျက်နှာကိုရှုံ့လိုက်ပြီး မကျေမနပ်လေသံနဲ့ "လုံးဝမဖြစ်နိုင်ဘူးကွာ"လို့ ပြန်ပြောပါတယ်။

"မင်း ငါပြောတာမယုံရင် ဒီမှာလာကြည့်လေကွာ"လို့ ကျုပ်ကပြန်ပြောတယ်။ သူဟာ ပြတင်းပေါက်ပေါင်ပေါ်မှာ ခွထိုင်နေရာကနေပြီး တွန့်ဆုတ်၊ တွန့်ဆုတ်နဲ့ အောက်ကိုခုန်ဆင်းလိုက်ပါတယ်။ သူ ကျုပ်အနားရောက်လာတော့ ကျုပ်က လူသေရဲ့လက်တွေအပေါ် လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြလိုက်ပါတယ်။

သူက ချက်ချင်းပဲ တုန်တုန်ယင်ယင်နဲ့ "မင်းလက်စွပ်ကို ချွတ်ယူထားပြီးပြီ။ လက်တွေ နေရာပျက်နေတယ်ကွ"လို့ ပြောတယ်။

"မင်းအရူးလား"

"ငါ မရူးဘူးကွ။ မင်း လက်စွပ်ကို ယူထားပြီးပြီ၊ ဟော့ကောင် သူခိုး"

"ဟော့ကောင်... တိုးတိုးပြော"

သူကကျုပ်ကိုဘာမှပြန်မပြောတော့ဘဲ ကျုပ်ဆီကိုပြေးလာတယ်။ ကျုပ်ရဲ့ဘောင်းဘီအိတ်ကပ်ကို လှမ်းဆွဲတယ်။ လက်စွပ်ကလည်း ဘောင်းဘီအိတ်ထဲမှာရှိနေတာ အမှန်ပဲ။ အဲဒီတော့ ကျုပ်ကနောက်ကိုဆုတ်ပြီး ရှောင်လိုက်တယ်။ "ဟော့ကောင် သတိထား၊ တို့ကိုတွေ့သွားလိမ့်မယ်"လို့ လှမ်းပြောလိုက်တယ်"

ဒါပေမယ့် ဒီကောင် သတိလက်လွတ်ဖြစ်နေပြီ။ ကျုပ်ဆီကို ဒုတိယအကြိမ် ပြေးဝင်လာပြန်ပါတယ်။ ကျုပ်အနေနဲ့လည်း ဉာဏ်ကိုသုံးမှဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ကျုပ် ဝင်လာတုန်းက စားပွဲကြီးရဲ့နောက်မှာ တံခါးတစ်ခုရှိနေတာ သတိထားခဲ့မိတယ် မဟုတ်လား။ အဲဒီတံခါးကထွက်ရင် အပြင်ဘက်ခန်းမကြီး တစ်ခုထဲကို ရောက်လိမ့်မယ်လို့ ကျုပ်က တွက်လိုက်တယ်။ ဒါ့ကြောင့် ကျုပ်က စားပွဲကို ပတ်ပြေးခဲ့တယ်။ သူကလည်း လက်တွေဆန့်တန်းပြီး ကျုပ် နောက်က ပြေးလိုက်လာတယ်။

ကျုပ်ကလည်း ဘာရမလဲ။ တံခါးနားလည်းရောက်ရော တံခါးကိုဆွဲဖွင့်ပြီး လှစ်ခနဲ ဝင်လိုက်တာပေါ့။ ဒါပေမယ့် ကျုပ်လက်ထဲက ဓာတ်မီးရောင်နဲ့ သူက ကျုပ်ဝင်သွားတဲ့တံခါးကို မြင်သွားတယ်။ တံခါးက ဗီရိုကြီးတစ်လုံးက တံခါးမှန်းလည်း သိသွားတယ်။ အမှန်တော့ ဘယ်ကိုမှ ထွက်မရတဲ့ တံခါးပေါက်ကိုးဗျ။ ကျုပ်ဟာ ဗီရိုထဲမှာရှိနေတဲ့ ဦးထုပ်တွေ၊ ကုတ်အင်္ကျီတွေကြားမှာ ထွေးလုံး ရစ်ပတ်ဖြစ်နေပြီ။ အဲဒီတုန်းမှာပဲ အပြင်ကနေပြီး ဗီရိုတံခါးသော့ကို ပိတ်သံကြားလိုက်ရတာပါပဲ။

ချက်ချင်းပဲ သူ့အသံကို ကျုပ်ကြားရပါတယ်။ "ဟေ့ကောင် သူခိုး၊ လက်စွပ်ကို ပေးမလား၊ မပေးဘူးလား။ အခုချက်ချင်း မပေးရင် ဗီရိုတံခါးကို ဖွင့်မပေးဘူး။ မင့်ကို အဲဒီအထဲမှာ ထားခဲ့မယ်"တဲ့။

အဝတ်တွေကြားမှာ လှောင်ပိတ်မိနေတဲ့ ကျုပ်ကလည်း သူ့စကားကြားတော့ ဒေါသဖြစ်သွားတယ်။ "မပေးဘူးကွာ"လို့ ပြန်ပြောလိုက်မိတယ်။ ဗီရိုနားက ထွက်သွားတဲ့ သူ့ခြေသံကို ကျုပ် ကြားနေရတယ်။ ပြီးတော့ မီးခလုတ်ဖွင့်သံ... ။ ဒီကောင်ဟာ လက်စွပ်ကို မရတော့ တခြားအဖိုးတန်ပစ္စည်း တစ်ခုခုကို ရလိုရငြား လိုက်ရှာနေတယ်လို့ ကျုပ်ထင်တယ်။ ကျုပ်ထင်တာ မမှားပါဘူး။

တဒင်္ဂအတွင်းမှာပဲ "အမယ်လေးဗျ၊ ကျုပ်လက်ကို လူသေက ကိုက်ထားလို့ ကယ်ကြပါဦး"ဆိုတဲ့ အော်သံကြီးကို ကျုပ် ကြားလိုက်ရတယ်။ နောက်ပိုင်းမှာ ပြေးလွှားနေတဲ့ ခြေသံတွေ၊ အော်သံဟစ်သံတွေ၊ စကားပြောသံတွေကိုပါ ကြားရပါတယ်။ နောက်ဆုံးမှာတော့ ဗီရိုတံခါးကြီးဟာ ဝုန်းခနဲ ပွင့်သွားပါတယ်။ အခန်းထဲမှာ မီးတွေလည်း ထိန်ထိန်လင်းနေပါပြီ။ လူတချို့က ဆစ်လ်ဗာနိုကို ဝိုင်းချုပ်ထားကြပါတယ်။ ကျုပ်ရှေ့မှာ ရပ်နေကြတာကတော့ ရဲတွေပါ။

အားလုံးကိစ္စဝိစ္စ ပြီးတော့မှပဲ ဖြစ်ခဲ့သမျှအကြောင်းစုံကို ကျုပ် သိလာ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ ဖြစ်ပုံက ဒီလိုပါ။

မိုက်လည်း မိုက်၊ ကံလည်းမကောင်းတဲ့ ဆစ်လ်ဗာနီဟာ သူလက်လွှတ်လိုက်ရတဲ့ လက်စွပ်အစား တခြားအဖိုးတန်ပစ္စည်း တစ်ခုခုရလိုရငြား လိုက်ရှာခဲ့ပါတယ်။ လူသေရဲ့ ဟနေတဲ့ ပါးစပ်ထဲက ရွှေသွားတွေကို မြင်လိုက်တော့ လောဘတကြီးနဲ့ ဆွဲနုတ်ဖို့ စိတ်ကူးရသွားခဲ့ပါတယ်။ စိတ်ကူးရတာနဲ့ တစ်ပြိုင်နက် လက်နဲ့နှိုက်ပြီး အငမ်းမရဆွဲနှုတ်တော့၊ စောစောက အလောင်းနေရာရွေ့ပြီး ဟနေတဲ့ပါးစပ်ဟာ ဖျတ်ခနဲ ပြန်ပိတ်သွားတာပေါ့။ အဲဒီမှာတင် ဆစ်လ်ဗာနီဟာ အလန့်တကြားဖြစ်ပြီး ထအော်တာပါ။

အဲဒီဟာတွေအားလုံးကို ရဲစခန်းအချုပ်ထဲ ရောက်ခါမှ ကျုပ်သိရတာပါ။ အဲဒီအချိန်မှာ ကျုပ်လုပ်နိုင်တာတစ်ခုပဲ ရှိပါတော့တယ်။ ကျုပ်အနေနဲ့ သူ့မျက်နှာကိုကြည့်ပြီး စိတ်ပျက်ပျက်နဲ့ ခေါင်းတခါခါ လည်တခါခါ လုပ်နေရုံကလွဲပြီး တခြားဘာမှ မလုပ်နိုင်တော့ဘူး။ အင်း ဒီလိုနှာခေါင်းမျိုးကောင်ကို ဘယ်သူကမှ၊ ဘာလုပ်ပေးလို့မှ၊ ရမယ်မထင်ပါဘူးလို့လည်း တွေးနေမိတယ်။ တကယ်တော့ အပြစ်က ကျုပ်အပြစ်ပါ။ အဲဒီအချက်ကို ကျုပ်အစကတည်းက မသိမမြင်ခဲ့တာဟာ ကျုပ်ရဲ့အပြစ်ပါ။

*

www.burmeseclassic.com

www.burmeseclassic.com

## ပွဲစား

ကျုပ်တို့ နန်းတော်လှေကားကြီးက တက်လာနေကြတုန်းမှာ အစေခံ အန်တိုနီယိုက ကျုပ်ကို သတိပေးစကားပြောတယ်။ "မင်းသမီးဆီက များများ စားစားရလိမ့်မယ်လို့တော့ ခင်ဗျားတွေးမထားနဲ့။ သူက မယုံကြည်နိုင်လောက် အောင်ကို ကပ်စေးနဲတယ်ဗျ။ သူ့ယောက်ျားသေကတည်းက သူက နေရာတကာ မှာ ဝင်ပြီးစီမံခန့်ခွဲနေတာ။ ဘယ်သူမှ အေးအေးဆေးဆေးနေရတယ် မရှိဘူး"

"ဘယ်လိုကြောင့်လဲ။ သူက အသက်ကြီးလှပြီ မဟုတ်လား"လို့ ကျုပ် က အမှတ်တမဲ့ မေးလိုက်မိတယ်။

"မအိုသေးပါဘူးဗျာ။ အသက်ကလည်း ငယ်ငယ်၊ လှကလည်း အလွန် လှ အလွန်ချောပဲ။ သူ့အသက်က အခုမှ နှစ်ဆယ့်ငါးနှစ်လောက်ပဲ ရှိပါသေး တယ်။ ခင်ဗျား သူ့ကိုမြင်ရင် နတ်မိမယ်တစ်ပါးလို့ ထင်မှာသေချာတယ်။ ဒါပေမယ့် အပေါ်ယံအမြင်ဆိုတာ အတွေးအထင်ကို လွဲမှားအောင် လုပ်တတ် တယ်ဗျ"

သူ့စကားကြားတော့ ကျုပ်က "သူ့ဘာသာသူ နတ်သမီးပဲဖြစ်ဖြစ်၊ သူရဲမပဲ ဖြစ်ဖြစ် ငါကတော့ ဂရုမစိုက်ဘူး။ ငါ့အနေနဲ့ အဓိကထားတာက ငါရသင့်ရထိုက်တဲ့ငွေ ရဖို့ပဲ။ ငါက အိမ်ပွဲစားတစ်ယောက်၊ မင်းသမီးက အိမ် ရောင်းမယ့်လူ၊ ငါက သူ့အခန်းကို ရောင်းပေးရမှာ။ ရောင်းလို့ထွက်သွားရင် ငါ့အတွက် ပွဲခယူမယ်။ ဒါပဲ"လို့ ပြန်ပြောလိုက်တယ်။

"ဟား... ခင်ဗျားပြောသလောက် လွယ်မယ် မထင်ဘူး ဆရာရေ့။ သူ က ခင်ဗျားသွေးကို ညှစ်ထုတ်မှာနော သတိထား။ ကဲ... ကျွန်တော်သူ့ကို သွားပြောလိုက်ဦးမယ်။ ခင်ဗျား ဒီကစောင့်နေ..."

www.burmeseclassic.com

www.burmeseclassic.com



အစေခံဟာ ကျုပ်ကို အိမ်ရှေ့ခန်းကလေးထဲမှာ ထားခဲ့ပြီး သူ့ပါးစပ်က 'သခင်မ'လို့ ခေါ်နေတဲ့ မင်းသမီးဆီသွားတယ်။ ကျုပ်ကတော့ စိုစွတ်စွတ် အခန်းကလေးထဲက စောင့်နေရတယ်။ နန်းတော်က ရှေးကျကျ နန်းတော်ပဲ။ နံရံတွေကို ပန်းကွက်ပန်းပြောက်တွေနဲ့ ရုပ်တုတွေ ဖော်ထားတယ်။ မျက်နှာကြက်မှာလည်း ပန်းချီရုပ်တွေနဲ့။

နောက်ဆုံးမှာ အန်တိုနီယို ပြန်ရောက်လာပြီး သခင်မလေးက ကျုပ်နဲ့တွေ့ဖို့ အဆင်သင့်ပဲလို့ပြောတယ်။ ကျုပ်တို့ဟာ ဧည့်ခန်းတွေကို ဖြတ်ပြီး အခြားအခန်းတွေထက် ပိုပြီးကြီးတဲ့ အခန်းကြီးထဲ ရောက်သွားတယ်။ စားပွဲတစ်လုံးမှာ ထိုင်ပြီး စာရေးနေတဲ့ မင်းသမီးကို ကျုပ် လှမ်းမြင်ရတယ်။ အန်တိုနီယိုက သူ့ဆီသွားပြီး တရိုတသေနဲ့ 'ဆီညော်ပရိုင်ယက်တီ ရောက်ပါပြီ သခင်မလေး' လို့ ပြောတယ်။ မင်းသမီးက မော့မကြည့်ဘဲ 'ဝင်ခဲ့ပါ၊ ပရိုင်ယက်တီ'လို့ ပြောတယ်။

ကျုပ် သူ့နားရောက်သွားတော့ စေ့စေ့စပ်စပ်ကြည့်လိုက်မိတယ်ဆိုရင်ပဲ၊ အန်တိုနီယိုက သူ့ကို နတ်မိမယ်နဲ့ နှိုင်းပြောခဲ့တာဟာ မလွန်ဘူးလို့ ကျုပ်စိတ်ထဲက ဆုံးဖြတ်လိုက်မိတယ်။ သူ့မျက်နှာဟာ သန့်စင်ဖျော့တော့ပြီး ချိုမြနေတာပဲ။ ဆံပင်က နက်နက်မှာ ရှည်လျားတဲ့ မျက်တောင်တွေက ပါးနှစ်ဖက်ပေါ် အုပ်မိုးနေကြတယ်။ နှာခေါင်းကလည်း နှာတံစင်းစင်းနဲ့ ပေါ်လွင်ထင်ရှားလှပါတယ်။ ပါးစပ်က သေးသွယ်သွယ်လေး။ အပေါ်နှုတ်ခမ်းက အောက်နှုတ်ခမ်းထက် မဆိုစလောက်လေး ကြီးသလိုပဲ။ သူ့ကိုကြည့်ရတာ နှင်းဆီပွင့်လေးတစ်ပွင့် ကြည့်နေရသလိုပါပဲ။

ကျုပ်အကြည့်ဟာ သူ့ခန္ဓာကိုယ်ပေါ် ရောက်သွားတယ်။ ဝတ်ထားတာက အနက်ရောင် ဂျက်ကက်အင်္ကျီ၊ သူ့ကိုယ်နဲ့ အံကိုက်ပဲ။ သူ့ရဲ့ခါး၊ သူ့ရဲ့တင်နဲ့ သူ့ရဲ့ရင်ဟာ ပီပြင်ပေါ်လွင်နေပါတယ်။ ခါးကလေးက သေးသွယ်သွယ်မို့ လက်နှစ်ဘက်နဲ့ ပိုက်လိုက်ရင် အလိုက်သင့်ကလေး ပါလာမဲ့ အနေအထားပါ။

စာရေးနေတဲ့ လက်ကတော့ ဖြူဖွေးနေတာပဲ။ လက်ချောင်းကလေးဟာ ရှည်လျားသေးသွယ်ပြီး ပျော့ပျောင်း နူးညံ့လှပါတယ်။ လက်ညှိုးပေါ်မှာတော့ စိန်လက်စွပ်ကလေး ဝတ်လို့။ သူက ဖျတ်ခနဲမော့ကြည့်တယ်။ ထူးထူးခြားခြားလှတဲ့မျက်လုံးတွေပါလားဗျာ။ နက်မှောင်ပြူးကျယ်ပြီး အရည်တလဲ့လဲ့နဲ့

www.burmeseclassic.com

www.burmeseclassic.com



အလွန်သိမ်မွေ့လှတဲ့အကြည့်ကို မြင်နေရတယ်။

"ကဲ... ပရိုင်ယက်တီ၊ ကျွန်မတို့ အခန်းကို သွားကြည့်ကြမလား"လို့ သူကမေးတယ်။ အသံကလည်း အင်မတန် ချိုအေးနူးညံ့တဲ့ အသံပါပဲလားဗျာ။

"ဟုတ်... ဟုတ်... ဟုတ်ကဲ့"လို့ ကျုပ်က ထစ်တီးထစ်ငေါ့ အဖြေပေးလိုက်တယ်။

"ဒါဆိုရင် သွားကြစို့။ ဒီဘက်ကိုလာပါ"လို့ သူကပြောပြီး သော့တစ်ချောင်းနဲ့ ရှေ့ကထွက်သွားတယ်။

ကျုပ်တို့ဟာ လာလမ်းအတိုင်း ပြန်လျှောက်ခဲ့ကြတယ်။ စောစောက ဖြတ်ခဲ့တဲ့ ဧည့်ခန်းတွေကို ကျော်ဖြတ်ပြီး ရှေ့ခန်းကလေးထဲ ရောက်သွားတော့၊ ရှေ့ကနေပြီး အခန်းတံခါးဖွင့်ပေးဖို့ လုပ်နေတဲ့ အန်တိုနီယိုကို မင်းသမီးက လှမ်းပြောတယ်။ "ဒီမယ် အန်တိုနီယို၊ မီးထည့်တဲ့လူတွေကို ပြောထားစမ်း၊ အခန်းတွေထဲက မီးဖိုတွေမှာ ကျောက်မီးသွေးတွေ ထပ်ပြီးမထည့်တော့နဲ့လို့။ အခန်းတွေအားလုံး ပူပြီး အသက်ရှူရတာ မွန်းကျပ်နေပြီ"တဲ့။

ကျုပ် အံ့အားသင့်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်ရှေ့ခန်းကလေးရော၊ တခြားအခန်းတွေရော စိုစွတ်ထိုင်းမှိုင်းပြီး အေးစက်နေတာ အသိသာကြီးပဲ။ ကျုပ်တို့ဟာ လှေကားကနေပြီး အပေါ်ထပ်ကို တက်ခဲ့ကြတယ်။ သူက ရှေ့က၊ ကျုပ်ကတော့ နောက်က။ သူကရှေ့ကဆိုတော့ သူ့ရဲ့ကိုယ်လုံးအလှကို ကျုပ် ကောင်းကောင်းမြင်နေရတယ်။ အရပ်ကမြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်က လှလှ။ လမ်းလျှောက်ပုံကလည်း လှသလားမမေးနဲ့။ သူ့ကိုယ်ပေါ်က အနက်ရောင်ဝတ်စုံတွေကြောင့် သူ့လည်တိုင်နဲ့ လက်တွေရဲ့အရောင်ဟာ ပိုပြီး လှနေတယ်။

ကျုပ်တို့ဟာ လှေကားမကြီးအတိုင်း တက်သွားပြီး နောက်ဘက်က လှေကားထစ်တစ်ခုကို ဆက်တက်ခဲ့ကြတယ်။ နောက်ဆုံးမှာ ရောင်းမယ့်အခန်းဆီ တက်တဲ့လှေကားကို ရောက်သွားတယ်။ သူ လှေကားတိုကလေးကို ရှေ့က တက်သွားနေချိန်မှာ ကျုပ်ဟာ သူ့ခြေထောက်တွေကို ကြည့်မိမှာစိုးလို့ မျက်လွှာချထားရတယ်။ ကျုပ် မကြည့်ချင်ဘူးလေ။ ကိုယ်ချစ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို လေးစားသမှုပြုတဲ့လူဟာ ဒီအလုပ်မျိုးကို ရှောင်ကြတယ် မဟုတ်လား။ ကျုပ်အနေနဲ့ အဲဒီသဘောနဲ့ မကြည့်တာပါ။

ကျုပ်တို့ မကြာခင်မှာပဲ အခန်းထဲရောက်သွားကြတယ်။ ဟိုတစ်ခါတုန်း

www.burmeseclassic.com

www.burmeseclassic.com



က ကျုပ်မြင်တွေ့ခဲ့ရသလိုပါပဲ။ အုတ်သမံတလင်း ခင်းထားတဲ့ အခန်းကြီး နှစ်ခန်းကတော့ မျက်နှာကြက်အောက်နားက ကပ်ပြီး ဖောက်ထားတဲ့ ပြတင်းပေါက်တွေရှိတယ်။ အပြင်ကို ကြည့်လိုက်ရင် ကောင်းကင်ပြင်ကလွဲလို့ ဘာမှ မမြင်ရဘူး။ တတိယအခန်းကတော့ ခပ်သေးသေးရယ်။ အပြင်ဘက် လသာဆောင်ကို ထွက်နိုင်တဲ့အပေါက် တစ်ပေါက်လည်း ရှိတယ်။

မင်းသမီးက တံခါးကိုဖွင့်ပြီး လသာဆောင်ဘက်ထွက်သွားတယ်။ "ဒီမှာ လာကြည့်စမ်းပါဦး ပရိုင်ယက်တီ၊ ရှုခင်းဘယ်လောက်လှတယ်ဆိုတာ မြင်ရလိမ့်မယ်"လို့လည်း လှမ်းပြောတယ်။ မှန်ပါတယ်။ အလွန်လှပတဲ့ ရှုခင်းပါပဲ။ လသာဆောင်ပေါ်နေပြီး ကြည့်လိုက်ရင် ရောမတစ်မြို့လုံးကို အပေါ်စီးက မြင်နေရပါတယ်။ မဆုံးနိုင်တဲ့ ခေါင်မိုးတွေ၊ အခုံးကြီးတွေနဲ့ မျှော်စင်ကြီးတွေ။ အားလုံးကို ပြက်ပြက်ထင်ထင် မြင်နေရပါတယ်။ နေသာတဲ့နေ့ဆိုတော့ အောက်ဘက်က အဆောက်အအုံတွေနဲ့ မိုးကောင်းကင်ပြာပြာဟာ အင်မတန် လိုက်ဖက်ညီလှပါတယ်။

ကျုပ်ဟာ အောက်ဘက်ကရှုခင်းကို မျှော်ကြည့်နေပါတယ်။ ဒါပေမယ့် အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျုပ် မျက်လုံးတွေဟာ ရှုခင်းကို သိပ်မမြင်ဘူး။ ကျုပ်အနေနဲ့ မင်းသမီးအကြောင်းကလွဲပြီး တခြားဘာမှ မတွေးနိုင်တော့ဘူး မဟုတ်လား။ ဒါပေမယ့် ကျုပ်ဟာ တတ်နိုင်သရွေ့ ကိုယ့်စိတ်ကိုယ် ပြန်ထိန်းပြီး "ရေချိုးခန်းတို့ ဘာတို့ကကော ခင်ဗျာ"လို့ သူ့ကို လှမ်းမေးလိုက်ပါတယ်။

"သြော်... ရေချိုးခန်း ကြည့်ချင်လို့လား၊ ဒီဘက်မှာ လာကြည့်လေ"လို့ သူကပြောပြီး၊ စောစောက ကျုပ် သတိမပြုခဲ့မိတဲ့ အခန်းကလေးတစ်ခန်းဆီ ခေါ်သွားတယ်။ အခန်းက ရေချိုးခန်းအဖြစ် အသွင်ပြောင်းထားတာ ကြာသေးပုံမရဘူး။ တစ်ချက်ကြည့်ရုံနဲ့ အပေါ်စားပစ္စည်းတွေနဲ့ လုပ်ထားတဲ့အခန်းမှန်းသိပ်ကို သိသာနေတယ်။ သူက တံခါးကို ပြန်ပိတ်လိုက်ပြီး ခန်းမကြီး အလယ်မှာ သွားရပ်တယ်။ ပြီးတော့ လက်နှစ်ဘက်ကို ဂျက်ကက်အင်္ကျီအိတ်ကပ်ထဲ နှိုက်ပြီး ကျုပ်ကို လှမ်းမေးတယ်။ "ကဲ... ပရိုင်ယက်တီ၊ ကျွန်မတို့ ဈေးဘယ်လောက်ခေါ်ရင် ကောင်းမလဲ"တဲ့။

ကျုပ်အနေနဲ့က သူ့အလှကို တွေးနေမိတာရယ်၊ သူနဲ့ကျုပ်နဲ့ နှစ်ယောက်တည်း အခန်းထဲမှာ ရှိနေတာရယ်ကို သတိထားမိနေတဲ့အတွက် ကျုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းကို ရုတ်တရက် ပြန်မဖြေနိုင်ဘူး။ သူကလည်း ကျုပ်ခေါင်းထဲမှာ ဘာတွေရှိနေတယ်ဆိုတာ သိဟန်တူတယ်ဗျ သိလား။ သူ့ဖိနပ်နဲ့ ကြမ်းပြင်ကို တစ်ချက်နှစ်ချက် ဆောင့်လိုက်ပြီး ထပ်မေးတယ်။ "ရှင် ဘာတွေများ တွေး နေသလဲဆိုတာ ကျွန်မ မေးပါရစေလား"တဲ့။

ကျုပ်က ကပျာကယာ ပြန်ပြောတယ်။ "ကျွန်တော် တွက်ချက်ကြည့် နေတာပါ၊ အခန်းက သုံးခန်း၊ ဓာတ်လှေကား မပါဘူး။ ဝယ်တဲ့လူက သူ့ လက်ထဲရောက်မှ တပ်ရမှာ၊ အဲဒီတော့ လီယာသုံးသန်းခွဲလောက် ဈေးခေါ်ဖို့ အကြံ ပြုပါရစေ"

"ဒီလိုရှိတယ် ပရိုင်ယက်တီ"လို့ သူက ပြန်ပြောတယ်။ "ကျွန်မကတော့ လီယာ ခုနစ်သန်းခေါ်ဖို့ စိတ်ကူးထားတာ"တဲ့။

ရုတ်တရက်တော့ ကျုပ် ကြောင်တက်တက် ဖြစ်သွားတယ်။ သူ့အလှ နဲ့ သူ့ရဲ့စီးပွားရေး ဆန်လွန်းတဲ့ သဘောထားကို အံ့ဩနေမိတယ်။ ဘာပဲဖြစ်ဖြစ် ပေါ့လေ၊ နောက်ဆုံးမှာတော့ ကျုပ်က "လီယာခုနစ်သန်းဆိုရင်တော့ ဘယ်သူ မှ ဝယ်မှာမဟုတ်ဘူး"လို့ ပြောလိုက်မိတယ်။

"ဒီရပ်ကွက်က ပါရီယိုလီရပ်ကွက် မဟုတ်ဘူးလေ"လို့ သူက ပြန်ပြော တယ်။ "ပြီးတော့ ဒီနန်းတော်က သမိုင်းဝင်နန်းတော်၊ ရောမမြို့ရဲ့ အလယ်ဗဟို မှာ ရှိနေတာ၊ အဲဒါတွေ ထည့်စဉ်းစားမှပေါ့"

ကျုပ်တို့ဟာ ဈေးကိစ္စကို အချိန်ယူပြီး ဆွေးနွေးကြတယ်။ သူက အခန်းအလယ်မှာ ရပ်လို့။ ကျုပ်ကတော့ သူနဲ့ နီးနီးကပ်ကပ်ဆိုရင် စိတ်နောက် ကိုယ်ပါ ဖြစ်သွားမှာ ကြောက်တာနဲ့ ခပ်ကွာကွာမှာ ခွာပြီး ရပ်နေတယ်။ ကျုပ် ပါးစပ် စကားတွေ အမှျင်မပြတ်အောင် ပြောနေပေမယ့် စိတ်ထဲမှာတော့ သူ့ အကြောင်းပဲ တွေးနေတာ။ ကျုပ်အနေနဲ့ကတော့ သူ့တစ်ကိုယ်လုံးကို မျက်လုံး တွေနဲ့ ဝါးမျိုစားသောက်နေပါတယ်။

နောက်ဆုံးမှာတော့ သူဟာ စိတ်မပါ့တပါနဲ့ပဲ ဈေးကို လီယာလေး သန်း သတ်မှတ်ဖို့ သဘောတူခဲ့ပါတယ်။ တကယ်တော့ ဒီဈေးဟာ အတော့် ကို များတဲ့ဈေးဗျ။ ဝယ်သူအနေနဲ့ အိမ်ကို ပြုပြင်ရဦးမှာ။ အခွန်အခတွေကလည်း ပေးရဦးမှာဆိုတော့ နောက်ထပ် ငွေကုန်ကြေးကျ များဦးမှာပဲ။ အနည်းဆုံး လီယာ ခြောက်သန်းနီးပါးတော့ ကုန်မှာ သေချာသလောက်ပဲ။ ဒါပေမယ့် ကျုပ်ဆီမှာ ဝယ်နိုင်လောက်တဲ့ လူတစ်ယောက်က အဆင်သင့်ရှိနေတယ်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျုပ်က သူ့ကို အကြောင်းစုံပြောပြပြီး သူ့အိမ်က ပြန်လာခဲ့တယ်။

နောက်တစ်နေ့ကျတော့ ကျုပ်ဟာ မင်းသမီးရဲ့ အိမ်မျိုးနဲ့ နေရာမျိုးကို ရှာနေတဲ့ ဗိသုကာပညာရှင် လူငယ်တစ်ယောက်ကို ခေါ်ပြီး မင်းသမီးအိမ်ကို တစ်ခေါက်ရောက်သွားတယ်။ မင်းသမီးက သူ့သော့ယူပြီး အခန်းကို လိုက်ပြတယ်။ ဗိသုကာလူငယ်က စျေးနည်းနည်းပါးပါး ဆစ်တယ်။ နောက်ဆုံးမှာတော့ မင်းသမီးပြောထားတဲ့ လီယာလေးသန်းနဲ့ အရောင်းအဝယ်လုပ်ဖို့ တည့်သွားတယ်။

နောက်နေ့မနက်ကျတော့ စောစောစီးစီး ရှစ်နာရီတောင် မထိုးသေးဘူး၊ ကျုပ်မိန်းမက အိပ်မောကျနေဆဲဖြစ်တဲ့ ကျုပ်ကို လာနှိုးတယ်။ မင်းသမီးက ဖုန်းဆက်နေတယ်တဲ့။ ကျုပ် အိပ်ချင်မူးတူးနဲ့ ထသွားပြီး ဖုန်းကိုင်တယ်။ သူ့အသံက အေးမြနူးညံ့ပြီး နားဝင်ကို ချိုနေတာပါပဲဗျာ။ သာယာငြိမ့်ညောင်းတဲ့ တေးဂီတသံလေး နားထောင်နေရသလိုပါပဲ။ အဲဒီတေးသံသာကို ကျုပ်က ညဝတ်စုံကြီးနဲ့၊ အင်မတန် အေးစက်နေတဲ့ သမံတလင်းပေါ်မှာ ဖိနပ်မပါတဲ့ ခြေထောက်တွေနဲ့ ရပ်ပြီး နားသောတဆင်နေရတာဗျာ။

ကျုပ်မိန်းမက ညှပ်ဖိနပ်တစ်ရန် ယူလာတယ်။ ကျုပ်ရှေ့မှာ ဒူးထောက်ထိုင်ပြီး ကျုပ်ရဲ့ခြေထောက်ကို ဖိနပ်စွပ်ပေးတယ်။ ပြီးတော့ ကုတ်အင်္ကျီ ပြေးယူပြီး ပခုံးနှစ်ဖက်ပေါ် တင်ပေးတယ်။ မင်းသမီး ပြောနေတဲ့စကားတွေကို ကျုပ်အားလုံးလိုလို နားမလည်ဘူး။ ဒါပေမယ့် သူပြောသမျှ အားလုံးထဲက 'လီယာငါးသန်း'ဆိုတဲ့ စကားလုံးကတော့ ရုတ်တရက် ကျုပ်အရိုက်ကို အထိုးခံလိုက်ရသလို ဖြစ်သွားတယ်။

ကျုပ်ကလည်း ချက်ချင်း ပြန်ပြောတယ်။ "မဟုတ်ဘူး မင်းသမီးရယ်၊ ကျွန်တော်တို့က လေးသန်းနဲ့ ပြောဆိုထားပြီးပြီ မဟုတ်လား။ အခုမှ တစ်ခါ ပြန်ပြင်ပြောရမယ်ဆိုရင်… "

"စီးပွားရေးလုပ်ငန်းမှာ ပုံသေထားလို့ ဘယ်ဖြစ်မလဲ။ ကျွန်မကတော့ လီယာ ငါးသန်းရမှပဲ ရောင်းနိုင်မယ်။ မရရင်တော့ လုံးဝမဖြစ်နိုင်ဘူး"

"ဒါပေမယ့် သူက ဝယ်မယ်မထင်ဘူး"

"ရှင်ဟာ သောက်ရူးတစ်ယောက်ပဲ ပရိုင်ယက်တီ။ ရှင် ဒါတွေ စဉ်းစားနေစရာလိုသလား။ အို… ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ လီယာငါးသန်းရမှ ရောင်းမှာ။ မရရင် မရောင်းဘူး ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောရရင် သူက ကျုပ်ကို "သောက်ရူး"လို့ ပြောလိုက်တဲ့ စကား အပေါ်မှာ ကျုပ် ဘယ်လိုမှ မအောက်မေ့ခဲ့ဘူး။ စော်ကားတယ်လို့လည်း မထင်ဘူး။ ပန်းလေးတစ်ပွင့်နဲ့ ပေါက်လိုက်သလိုပါပဲ။ ကျုပ်က သူ့ဆန္ဒအတိုင်း ဖြစ်အောင်လုပ်ပေးပါ့မယ်လို့ ပြောလိုက်တယ်။ ချက်ချင်းပဲ ကျုပ်လူဆီ ဖုန်း ဆက်ပြီး အကျိုးအကြောင်း ပြောပြတော့ ဟိုလူရဲ့ တအံ့တသြ ရေရွတ်သံကို ကြားလိုက်ရတယ်။ "ဘာလဲ... ခင်ဗျားတို့ နောက်နေကြတာလားဗျာ။ တစ်ရက်ပဲ ရှိသေးတယ်၊ လီယာတစ်သန်းအထိ ဈေးတက်ရတယ်လို့ပဲ"တဲ့။

"ကျွန်တော်လည်း မတတ်နိုင်ဘူးဗျာ။ ပိုင်ရှင်က ဒီအတိုင်းပဲ ပြောနေတာ ကိုး"

"အင်းပေါ့လေ၊ ကျွန်တော် ထပ်ပြီးစဉ်းစားပါဦးမယ်"

"စဉ်းစားပြီးရင်တော့ ကျွန်တော့်ဆီ အကြောင်းကြားပါ"

"ဟုတ်ကဲ့ပါ၊ စဉ်းစားပြီးရင် ပြောပါ့မယ်"

ဒါပေမယ့် သူ့ဆီက သူ့စကားကြားရတာ ဒါနောက်ဆုံးပဲ။ နောက်ပိုင်း မှာတော့ မင်းသမီးနဲ့ ကျုပ်နဲ့ ပိုပြီး တရင်းတနှီး ဆက်ဆံလာခဲ့ရတယ်ဆိုပါ တော့။ သူက တစ်နေ့သုံးခါလောက် ဖုန်းဆက်တယ်။ သူ့ဆီကဆက်တိုင်း ကျုပ်မိန်းမက ကျုပ်ကို ခပ်နောက်နောက်လေသံနဲ့ "ထုံးစံအတိုင်းပါပဲ၊ ရှင့် မင်းသမီးက ခေါ်တော်မူပြန်ပြီ"လို့ ပြောလေ့ရှိပါတယ်။ ကျုပ်ကလည်း ချစ် သူဆီကလာတဲ့ တယ်လီဖုန်းကျနေတာပဲ ရင်တွေဘာတွေတုန်လို့။

ဒါပေမယ့်ဗျာ၊ မင်းသမီးကအတော်ငွေမက်တာပဲ။ ကုက္ကားစွလည်း အတော် နိုင်တယ်။ ခေါင်းကလည်း မာသလားမမေးနဲ့။ ပြီးတော့ အကောက်အကွေ့က လည်းများ၊ ဉာဏ်ကလည်း များသဗျ။ ကျုပ်အနေနဲ့ အမှန်အတိုင်း ဝန်ခံရမယ် ဆိုရင် သူ့နှလုံးသားထဲမှာ ငွေသေတ္တာတစ်လုံးတောင် ရှိမယ်လို့ထင်တယ်။ သူ့ အနေနဲ့ ငွေကလွဲပြီး တခြားဘာကိုမှ မသိ၊ ဘာကိုမှ မမြင်တဲ့ အနေအထားမှာ ရှိနေတယ်။ အခုဆိုရင် ဖုန်းတစ်ခါဆက်တိုင်း သူ့အိမ်ဈေးက တစ်ခါ တက် နေတယ်။ ဈေးတင်ပြီဆိုရင်လည်း အကြောင်းပြချက် တစ်မျိုးတော့ ပါလာတယ်။ ဒီနေ့ ရေချိုးခန်းအတွက် သူဘယ်လောက်အထိ ကုန်ထားရတယ်၊ ဘာညာနဲ့ ပြောတယ်။ နောက်တစ်နေ့ကျတော့ သူ ရောင်းမယ့်အခန်းက ရှုခင်းသိပ်လှတဲ့ အကြောင်း ပြောပြီး ဈေးတက်တယ်။ နောက်တစ်ရက်မှာတော့ ဘတ်စ်ကား မှတ်တိုင်က နန်းတော်ရဲ့ ရှေ့တည့်တည့်မှာတင်ဆိုတော့ သိပ်ပြီး အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဆိုပြန်တယ်။

ဒီလိုနဲ့ပဲ ကျုပ်က သူပြောထားတဲ့အတိုင်း လီယာငါးသန်းနဲ့ တင်းခံထားတယ်။ ဈေးကတော့ များတာအမှန်ပဲဗျ။ ဝယ်လိမ့်မယ်လို့ ထင်ရတဲ့လူတွေ အတော်များများတော့ လာကြပါရဲ့။ ဒါပေမယ့် ဆိုဈေးကို ကြားလိုက်တာနဲ့ တစ်ပြိုင်နက် "လန်"ကုန်တာပဲ။ သူတို့မျက်နှာကို တစ်ခါပဲ မြင်လိုက်ရတယ်။ နောက်တစ်ကြိမ် မမြင်ရတော့ဘူး။ နောက်ဆုံးမှာတော့ ကံအားလျော်စွာပဲ သူ့နေရာကို သဘောကျတဲ့ လူတစ်ယောက်နဲ့ တွေ့တယ်။

ဒီလူက မီလန်မြို့က လုပ်ငန်းရှင်တစ်ယောက်ပါ။ သူ့ရဲ့အချစ်တော် မိန်းကလေးတစ်ယောက်ထားဖို့ နေရာရှာနေတဲ့လူပေါ့။ သူကတော့ လက်တွေ့သမားပဲ။ ဈေးကွက်အခြေအနေရော၊ ငွေတန်ဖိုးရော နားလည်တဲ့လူဆိုတော့ အထူးပြောစရာ မလိုတဲ့လူစားပါ။ အသက်က လေးဆယ်ကျော် ငါးဆယ်တွင်း။ အရပ်က ထောင်ထောင်မောင်းမောင်း၊ မျက်နှာက ရှည်ရှည်သွယ်သွယ်။ ပါးစပ်တစ်ခုလုံး ရွှေသွားတွေအပြည့်နဲ့ဗျ။

သူ အိမ်ကိုလာကြည့်တော့ စေ့စေ့စပ်စပ် လိုက်ကြည့်တာ။ ကြည့်လည်းပြီးရော တစ်ခါတည်း မင်းသမီးဘက်လှည့်ပြီး အပိုစကားတွေ မပါဘဲ တဲ့တိုးပြောချတာပဲ။ "ခင်ဗျားအိမ်က တကယ့်ကြွက်တွင်းတစ်တွင်းပဲ။ မီလန်မြို့မှာဆိုရင် ဒီအိမ်မျိုးကို အဝတ်လျှော်တဲ့အိမ်အဖြစ်ကလွဲပြီး တခြားဘာမှ သုံးလို့မရဘူး။ ခင်ဗျားပြောတဲ့ဈေးက လီယာငါးသန်းဆိုတော့ကာ... ဆိုကြပါစို့ရဲ့၊ ကျုပ်လက်ထဲရောက်လို့ ပြင်သင့်တာတွေ ပြင်လိုက်ရင် လီယာခုနစ်သန်း ရှစ်သန်းကတော့ အသာကလေး ပြုတ်သွားမှာပဲ။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ ဒါတွေ အသာခေါက်ထားလိုက်ပါ။ ဈေးကွက်ဥပဒေသက ရောင်းလိုအားနဲ့ ဝယ်လိုအားပေါ်မှာ တည်မှီနေတာ မဟုတ်လား။ အခု ခင်ဗျားက ဒီတိုက်ခန်းကို တကယ်ဝယ်ချင်တဲ့လူနဲ့ တွေ့နေပြီဆိုတော့ ခင်ဗျားဘက်က မှန်ပါတယ်" တဲ့။

ဒါပေမယ့်ဗျာ။ ဒီလူ အဲသလို လုပ်ငန်းသဘောအရ ပြောင်ပြောင်တင်းတင်း ပြောလိုက်တာဟာ မှားသွားတယ်လို့ ဆိုရတော့မှာပဲ။ သူလည်း ပြန်သွားရော မင်းသမီးက စိတ်ထိခိုက်သံနဲ့ ကျုပ်ကိုပြောတယ်။ "ကျွန်မတို့ အကြီးအကျယ် မှားပြီ"တဲ့။

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



"လီယာ ငါးသန်းပဲ တောင်းမိတာ မှားပြီ၊ ဒီလူအနေနဲ့ ခုနစ်သန်းဆိုလည်း ပေးမှာပဲ"

"မဟုတ်သေးဘူး၊ ခင်ဗျား အယူအဆ လွဲနေပြီ"လို့ ကျုပ်က ပြန်ပြောတယ်။ "ခင်ဗျား ဒီလူရဲ့ပုံစံကို နားမလည်ဘူး။ သူ့မှာ ငွေအများကြီးရှိတာလည်း မှန်ပါတယ်။ သူ့ အပျော်မယားကို ချစ်နေတာလည်း သံသယဖြစ်စရာ မရှိပါဘူး။ ဒါပေမယ့် အခုပေးတဲ့ဈေးထက်တော့ ဘယ်နည်းနဲ့မှ ပိုပေးမှာမဟုတ်ဘူး"

"သူချစ်နေတဲ့ မိန်းမတစ်ယောက်အတွက် ယောက်ျားတစ်ယောက်က လုပ်မပေးနိုင်ဘူးဆိုတဲ့ အလုပ်ဟာ ရှားပါတယ်။ ဒါကို ရှင် နားမလည်ပါဘူး"လို့ သူက ပြန်ပြောတယ်။ ပြောရင်းနဲ့ ကျုပ်ကို ကြည့်လိုက်တဲ့ သူ့မျက်လုံးတွေထဲမှာ လောဘအရိပ်တွေ မြင်နေရတယ်။ ကျုပ်လည်း စိတ်ရှုပ်လာတယ်။ အေးလေ ခင်ဗျားပြောတာ မှန်ချင်လည်း မှန်ပေမပေါ့။ ဒါပေမယ့် ကျွန်တော်ကတော့ ကျွန်တော်ပြောတာ မှန်တယ်လို့ ထင်တာပဲ"

နောက်နေ့မှာ မီလန်မြို့သားဟာ သူ့ရှေ့နေနဲ့အတူ နန်းတော်ကိုရောက်လာတယ်။ ကျုပ်တို့အားလုံးလည်း ထိုင်မိရော မင်းသမီးက "ကျွန်မပြောရမှာတော့စိတ်မကောင်းပါဘူး ဆီညော်ရာကာဆီရာဂီ။ ဒါပေမယ့် ကျွန်မ ပြန်စဉ်းစားလိုက်တော့ မနေ့က ကျွန်မပြောတဲ့ ဈေးနဲ့ရောင်းဖို့ မဖြစ်နိုင်ပါဘူးရှင်"လို့ ပြောတယ်။

"ခင်ဗျားပြောတာ ဘယ်လိုအဓိပ္ပာယ်လဲ"

"ကျွန်မပြောတဲ့ အဓိပ္ပာယ်က ကျွန်မလီယာခြောက်သန်း လိုချင်တယ်လို့ ပြောတာပါ"

ကာဆီရာဂီဆိုတဲ့လူ ဖြစ်သွားပုံကို မြင်စေချင်ပါတယ်ဗျာ။ သူဟာ ထိုင်နေရာက ဖျတ်ခနဲထရပ်ပြီး မင်းသမီးဘက်ကို ဦးညွတ်လိုက်တယ်။ ပြီးတော့ "ကျွန်တော် နှုတ်ဆက်လိုက်ပါတယ် ခင်ဗျား"လို့ ပြောပြီး အခန်းထဲက ထွက်သွားတယ်။ သူလည်းထွက်သွားရော ကျုပ်က "ကဲ... တွေ့လား၊ ဘယ်သူမှန်သလဲ"လို့ မင်းသမီးဘက်လှည့်ပြီး မေးလိုက်တယ်။

ဒါပေမယ့် သူကတော့ မဖြုံဘူးဗျ။ "မပူပါနဲ့"လို့ ပြောတယ်။ "လီယာခြောက်သန်းနဲ့ ဝယ်မယ့်လူတစ်ယောက်တော့ ကျွန်မတို့ မတွေ့ဘဲမနေပါဘူး" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်ထဲက သူ့ကို သူ့ရဲ့သဘက်တွေဆီ သွားနေတော့လို့ ပြောလိုက်ချင်တဲ့စိတ် ပေါ်လာတယ်။ ဒါပေမယ့် သူ့ကိုချစ်နေတော့ မပြောရက်ဘူးဗျ သိလား။ အေးဗျာ... ထူးခြားတာတစ်ခုက ကျုပ် သူ့ကိုချစ်နေလို့လားတော့ မပြောတတ်ပါဘူး။ မကြာခင်မှာပဲ သူ့အတွက် လီယာငါးသန်းခွဲအထိ ပေးပြီး ဝယ်မယ့်လူတစ်ယောက် ပေါ်လာပြန်တယ်။

တကယ်တော့ ဒီဈေးဟာ တော်တော့်ကို မြင့်နေတဲ့ဈေးပါ။ သူက တောပိုင်းက လူတစ်ယောက်ပါ။ ကိုယ်လုံးတုတ်တုတ်၊ အရပ်မြင့်မြင့်နဲ့ ဝက်ဝံတစ်ကောင်နဲ့ သိပ်တူတယ်။ နာမည်က ပင်ဒိုဖီ... တဲ့။ ကျုပ်ကတော့ သူ့ကို မြင်မြင်ချင်း သိပ်ပြီး မျက်နှာကြော မတည့်ချင်ဘူး။ ကျုပ် သူ့ကိုခေါ်သွားလို့ မင်းသမီးနဲ့တွေ့တဲ့အခါကျတော့လည်း သူ ဘာ့ကြောင့် ဈေးမဆစ်တာလဲဆိုတဲ့အကြောင်းရင်းကို ချက်ချင်းသဘောပေါက်လာတယ်။ BURMESE CLASSIC

သူတို့နှစ်ယောက် ဆုံမိတဲ့အခါမှာ၊ အံ့မယ် ငယ်ပေါင်းကြီးဖော်တွေ ကျနေတာပဲ။ စကားတွေ တရင်းတနှီးပြောလို့ ဆိုလို့ဗျ။ သူ မင်းသမီးကို ကြည့်ပုံကလည်း တစ်မျိုးပဲ။ သံသယဝင်စရာ မရှိပါဘူး။ ကျုပ်တို့လည်း ထုံးစံအတိုင်း အခန်းသုံးခန်းနဲ့ ရေချိုးခန်းကို လိုက်ပြအပြီးမှာ မင်းသမီးက သူ့ကို အပြင်ရှုခင်းပြဖို့ လသာဆောင်ထဲခေါ်သွားတယ်။ ကျုပ်ကတော့ အပြင်ထိ မလိုက်တော့ဘဲ အခန်းထဲမှာ ရပ်နေခဲ့တယ်။ သူတို့ကိုတော့ ကောင်းကောင်းကြီး မြင်နေရပါတယ်။ သူတို့ဟာ လသာဆောင် လက်ရန်းပေါ် လက်တွေတင်ပြီး ရှုခင်းကို ကြည့်နေကြတယ်။

ကျုပ်က မြင်ပါတယ်ဗျ။ ဟိုငနဲက မတော်တဆလိုလို ဘာလိုလိုနဲ့ မင်းသမီးရဲ့လက်ပေါ် သူ့လက်ကိုတင်ပြီး အုပ်ကိုင်ထားတယ်။ ဘယ်လောက်ကြာကြာ ကိုင်ထားသလဲဆိုတာ သိချင်လို့ ကျုပ် "တစ်... နှစ်... သုံး... လေး" ရေထားတာ နှစ်ဆယ်အထိ ရောက်တယ်။ အနည်းဆုံး စက္ကန့်နှစ်ဆယ်တော့ ရှိမှာပဲ။ စက္ကန့်နှစ်ဆယ်လည်း ပြည့်ရော မင်းသမီးက သူ့လက်ကို ပြန်ရုပ်ပြီး အခန်းထဲ ပြန်ဝင်လာတယ်။

တိုတိုပြောရရင် အခန်းကို သူကြိုက်ကြောင်း၊ သူနဲ့ အလွန်သင့်တော်ကြောင်း ပြောပြီးပြန်သွားတယ်။ ကျုပ်တို့နှစ်ယောက်တည်း ကျန်ခဲ့ကြတယ်။ မင်းသမီးကတော့ အရှက်မရှိပါဘူးဗျာ။ "တွေ့တယ်မဟုတ်လား ပရိုင်ယက်တီ၊ ကျွန်မတောင်းတဲ့ လီယာငါးသန်းခွဲလေ၊ ပေးတာပဲ မဟုတ်လား" လို့ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။

နောက်နေ့ ကျုပ်ရောက်သွားတော့ ခါတိုင်းလိုပဲ ဧည့်ခန်းထဲက စားပွဲမှာ ထိုင်ပြီး ကျုပ်ကိုမျှော်နေတာ တွေ့ရတယ်။ "ဒီမယ်… ပရိုင်ယက်တီ၊ မနေ့က ရှင် ကျွန်မ ဘာကိုသိခဲ့တယ်လို့ ရှင် ထင်သလဲ။ ကျွန်မ ရှင့်လူနဲ့ အပြင်ထွက်ပြီး မြို့ရှုခင်း ကြည့်နေတုန်းက ကျွန်မသိခဲ့ရတာကို ပြောတာပါ" တဲ့။

"သူက ခင်ဗျားကို ကြိုက်နေတာကိုးဗျ"လို့ ကျုပ်က ပြန်ပြောချင်တာ။ ဒါပေမယ့် ကျုပ်စိတ်ကို ထိန်းထားလိုက်ပါတယ်။ သူကတော့ "ကျွန်မ တွေ့ခဲ့တာ တခြားမဟုတ်ဘူး။ အပေါ်ကနေကြည့်ရင် တစ်ထောင့်မှာ ဘော်ဟီးစ်ပန်းခြံကို မြင်နေရတယ် ပရိုင်ယက်တီရဲ့။ အဲဒီတော့ ကျွန်မတို့က သံချောင်းပူတုန်း ထုကြမှပဲဖြစ်မယ်။ ဒီနေ့ ရှင့်လူ ပန်ဒိုဖီရောက်လာရင် လီယာခြောက်သန်းခွဲတောင်းမယ်"လို့ ပြောသဗျ။

ကြားကြတဲ့အတိုင်းပဲ။ ဟိုအကောင်က သူ့ကို သဘောကျနေမှန်းသိတော့ အဲဒီအပေါ်မှာ အခွင့်ရေးယူတာပဲ။ ဟိုကောင်အနေနဲ့ သူ့လက်ကို စက္ကန့်နှစ်ဆယ်လောက် ကိုင်လိုက်မိတဲ့အတွက် လီယာတစ်သန်းပေးရမယ့် အပေါက်တော့ ရောက်သွားပြီ။ ကောင်းပါလေရောဗျာ။

ကျုပ်အနေနဲ့ ဒေါသလည်းဖြစ်တယ်။ မနာလိုစိတ်လည်း ဝင်တယ်။ တစ်ချိန်တည်းမှာပဲ ရွံစရာ စက်ဆုပ်တဲ့စိတ်လည်း ဖြစ်လာတယ်။ အမှန်တော့ ကျုပ်ဟာ အရောင်းအဝယ်လုပ်ငန်းတစ်ခုအတွက် "ပွဲစား"လုပ်ခဲ့တာဗျ။ အခု သူလုပ်ပုံအတိုင်းဆိုရင် မမှန်မကန်တဲ့ ချစ်ရေးချစ်ရာကိစ္စတစ်ခုမှာ ကျုပ်က "အောင်သွယ်"ဝင်လုပ်ပေးသလို ဖြစ်နေပြီ။ ကျုပ် ဘာပြောမိတယ်ဆိုတာ သတိမထားနိုင်တော့ဘူး။ ဒေါသတကြီးနဲ့ "ဒီမယ်… မင်းသမီး၊ ကျွန်တော်ဟာ အိမ်ပွဲစားတစ်ယောက်ဗျ။ ပြည့်တန်ဆာခေါင်းတစ်ယောက် မဟုတ်ဘူး"လို့ ပြောပြီး အခန်းထဲက ပြန်ထွက်လာခဲ့တယ်။ "ဘယ်လိုလဲ ပရိုင်ယက်တီ၊ ရှင်က ဘာဖြစ်သွားတာလဲ"လို့ ပြောလိုက်တဲ့ အသံကိုတော့ ကျုပ် ကြားလိုက်ရသေးတယ်။ အဲဒါဟာ သူ့ရဲ့ ချိုမြတဲ့အသံကို ကျုပ်နောက်ဆုံး ကြားရခြင်းပဲ။

နောက် လအတော်ကြာမှာ ကျုပ်ဟာ မင်းသမီးရဲ့အစေခံ အန်တိုနီယိုနဲ့ ဆုံမိတယ်။ ကျုပ်က "မင်းသမီးကော ဘယ်လိုလဲကွ"လို့ မေးမိတယ်။

"သူ လက်ထပ်တော့မယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့လဲကွ၊ သူလက်ထပ်မဲ့လူက သူ့အခန်းကို ဝယ်ခဲ့တဲ့ ပန်ဒိုဖီဆိုတဲ့ ဘဲမဟုတ်လား"

"သူ လက်ထပ်မှာက အီတလီတောင်ပိုင်းက မင်းသားတစ်ပါးဗျ၊ သူ့အဘိုးအရွယ်လောက်ရှိတဲ့ အဘိုးအိုကြီး တစ်ယောက်ပေါ့ဗျာ။ ဒါပေမယ့် အဘိုးကြီးက သိပ်ချမ်းသာတယ်"

"သူကကော အခုထက်ထိ လှတုန်းပဲလား"

"နတ်မိမယ်တစ်ပါးရဲ့ အလှက တစ်ပြားသားမှ မလျော့သေးပါဘူးဗျာ"

*

www.burmeseclassic.com

www.burmeseclassic.com

# မိမေတ္တာ

"ကလေးငယ်များ စောင့်ရှောက်ရေးအသင်းကြီး"က အမျိုးသမီးတစ်ယောက် ကျုပ်တို့ဆီ ရောက်လာပြီး ထုံးစံအတိုင်း မေးလားမြန်းလား လုပ်တယ်။ သူက ကျုပ်မိန်းမကို ရှင်တို့ ဘာပြုလို့များကလေးတွေ ဒီလောက်အများကြီး မွေးရတာလဲလို့ မေးတယ်။ စိတ်ညစ်စိတ်ရှုပ်နေတဲ့ ကျုပ်မိန်းမက အမျိုးသမီးရဲ့ အမေးကို တိတိကျကျ မှန်မှန်ကန်ကန် ဖြေလိုက်တယ်။

"ကျွန်မတို့မှာ ငွေကြေးတတ်နိုင်ရင် ညဘက်မှာ ရုပ်ရှင်တွေ သွားကြည့်သင့်တယ်"တဲ့။

"ဒါပေမယ့် ကျွန်မတို့မှာ ခြုံးတစ်ပြားမှ မရှိတော့ ညရောက်လာရင် အိပ်ရာဝင်တော့တာပဲ။ အဲဒီတော့ ကျွန်မတို့မှာ ကလေးတွေအများကြီး မွေးလာရတာပေါ့"တဲ့။

ကျုပ်မိန်းမစကားကြားတော့ ဟိုအမျိုးသမီးခမျာ မျက်နှာအပျက်ပျက်နဲ့ ရှက်ကိုးရှက်ကန်းဖြစ်သွားတယ်။ ကျုပ်မိန်းမကို စကားတစ်ခွန်းမှ ပြန်မပြောတော့ဘဲ အလွန် စိတ်နှလုံး မသာယာတဲ့ မျက်နှာထားနဲ့ တစ်ချက်ကြည့်ပြီး ပြန်ထွက်သွားတယ်။ ကျုပ်ကတော့ ကျုပ်မိန်းမကို ဆူတာပေါ့ဗျာ။ နေရာတကာမှာ တိတိကျကျ မှန်မှန်ကန်ကန် ပြောလို့မရတဲ့အကြောင်း၊ စကားကို မပြောခင်မှာ ကိုယ့်စကား နားထောင်မယ့်လူဟာ ဘယ်လိုလူစား ဘယ်လို အဆင့်အတန်းဆိုတာ စဉ်းစားပြီးမှပြောသင့်တဲ့အကြောင်း ပြောပြတယ်။

စကားစပ်မိလို့ ပြောရဦးမယ်။ ကျုပ်အိမ်ထောင်မကျခင်ကတော့ သတင်းစာတွေထဲမှာ ပါလေ့ပါထရှိတဲ့ ခိုးမှုတို့၊ လူသတ်မှုတို့၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာတို့၊ မော်တော်ကားတိုက်မှုတို့ စတဲ့ သတင်းတွေကို ဖတ်

www.burmeseclassic.com

www.burmeseclassic.com



ရတာ အရသာသိပ်ရှိတယ်။ ဒါမျိုးတွေကလည်း တကယ်တော့ လူတွေအပေါ်မှာ အချိန်မရွေး ကျရောက်လာနိုင်တဲ့ ကံကြမ္မာဆိုးတွေ မဟုတ်လား။ အဲဒီကံကြမ္မာဆိုးတွေထဲမှာ သတင်းစာတွေက ရေးရေးနေတဲ့ 'သနားစရာအဖြစ်'ဆိုတဲ့ဟာမျိုးကျတော့ ကျုပ် သိပ်ပြီး သဘောမပေါက်ဘူး။ အဲဒါမျိုး ကျုပ်မှာဖြစ်လာလိမ့်မယ်လို့လည်း ကျုပ် မထင်မိခဲ့ဘူး။

ဟိုတုန်းကတော့ ကျုပ်က ငယ်သေးတာကိုး။ သားသမီး သိပ်များတဲ့မိသားစုကြီးတစ်ခုကို ရှာဖွေကျွေးမွေးထောက်ပံ့ရတဲ့ အလုပ်ဟာ ဘယ်လောက်တာဝန်ကြီးပြီး ခက်ခဲတယ်ဆိုတာ သိလည်းမသိဘူး။ နားလည်း မလည်ဘူး။ ဒါပေမယ့် အခုကျတော့ ကျုပ်သိပ်ပြီး အံ့အားသင့်နေမိတယ်။ ဘာကြောင့်လဲဆိုတော့ကျုပ်ဟာ တဖြည်းဖြည်းနဲ့ သတင်းစာတွေက ရေးရေးနေတဲ့ 'သနားစရာအဖြစ်'ကို ရောက်သွားနေတာကို တွေ့နေရလို့ပေါ့။

အဲဒီတုန်းက ကျုပ်ဖတ်ခဲ့ရတဲ့ အရေးအသားတစ်ခုရှိတယ်။ "သူတို့သည် ကြောက်စရာအကောင်းဆုံးသော ဆင်းရဲတွင်းကြီးထဲ၌ နစ်နေကြသည်" တဲ့။ အင်း... ဘာလိုလိုနဲ့ အခုဆိုရင် ကျုပ်ဟာ ကြောက်စရာအကောင်းဆုံးဆင်းရဲတွင်းကြီးထဲမှာ နစ်နေပြီဗျ။ ပြီးတော့ သတင်းစာတွေက ရေးတာတစ်ခုရှိသေးတယ်။ "သူတို့သည် အိမ်ဟု ခေါ်နိုင်ရုံလောက်သာရှိသော အိမ်ထဲ၌ နေထိုင်ကြရသည်"တဲ့။ အင်း... အခု ကျုပ်က တော်မာရန်စီယို ရပ်ကွက်ထဲကအခန်းတစ်ခုမှာ နေတာပါ။ ကျုပ်မိန်းမရယ်၊ ကျုပ်ကလေးခြောက်ယောက်ရယ်၊ ပြီးတော့ ကျုပ်ရယ်၊ ကျုပ်တို့မိသားစုအားလုံး နေကြတာ။ အခန်းထဲမှာဆိုရင်ကြမ်းပေါ်မှာ ခင်းထားတဲ့ မွေ့ရာစုတ်တွေကလွဲပြီး တခြားဘာမှမရှိဘူး။ မိုးရွာပြီဆိုရင် ကျုပ်တို့တစ်မိသားစုလုံး ရွှဲရွှဲစိုနေတာပဲ။

နောက်တစ်ခု ကျုပ်ဖတ်ဖူးခဲ့သေးတယ်။ "ဆင်းရဲလွန်း၍ ဒုက္ခရောက်နေသော အမျိုးသမီးသည် သူ့တွင် ကိုယ်ဝန်ရှိနေကြောင်း သိလိုက်ရသည့်အခါသူမွေးလာမည့်ကလေးကို စွန့်ပစ်မည်ဟူသော ရာဇဝတ်မှုနှင့် မကင်းသည့်ဆုံးဖြတ်ချက်ကို ချမိသည်"တဲ့။ အင်း... ကျုပ်တို့လင်မယားလည်း ခုနစ်ယောက်မြောက် ကိုယ်ဝန်ရှိလာပြီလို့ သိလိုက်ရတဲ့အခါမှာ အဲသလို ဆုံးဖြတ်ချက်မျိုးကိုနှစ်ဦးသဘောတူ ချမိခဲ့ကြတယ်။ တိတိကျကျ ပြောရမယ်ဆိုရင်တော့၊ ရာသီဥတုနွေးနွေးထွေးထွေးရှိတဲ့တစ်ရက်မှာ မွေးလာတဲ့ ကလေးကို ဘုရားရှိခိုးကျောင်းတစ်ကျောင်းထဲသွားပြီး စွန့်ပစ်မယ်လို့ ဆုံးဖြတ်ခဲ့ကြတာပါ။ ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပဲတွေ့တွေ့ တွေ့ပါစေပေါ့။ ကလေးကံကောင်းရင် ကောင်းတဲ့လူနဲ့ တွေ့မှာပေါ့။ ကျုပ်တို့အနေနဲ့ အဲသလိုပဲသဘောထားပြီး လုပ်ကြရမှာပဲ။

ဒီလိုနဲ့ပဲ ကျုပ်မိန်းမဟာ စောစောက အမျိုးသမီးတွေရဲ့ ကူညီပံ့ပိုးမှုနဲ့ ဆေးရုံတက်ပြီး ကလေးမွေးခဲ့တယ်။ မွေးဖွားပြီးလို့ အခြေအနေကောင်းပေးတာနဲ့ တစ်ပြိုင်နက် ကျုပ်မိန်းမဟာ ဆေးရုံကချက်ချင်းဆင်းလာခဲ့ရတယ်။ ကလေးကို ရင်ခွင်မှာပိုက်ပြီး တော်မာရန်စီယို ရပ်ကွက်ထဲကအခန်းကို ပြန်ရောက်လာတယ်။ အခန်းထဲလည်းရောက်ရော ကျုပ်မိန်းမက ကျုပ်ကိုပြောတယ်။

"ရှင်သိတဲ့အတိုင်းပဲ ဆေးရုံဟာ ဆေးရုံပဲပေါ့။ ကျွန်မကတော့ အိမ်ပြန်လာမယ့်အစား ဆေးရုံမှာပဲ နေချင်တာ။ ဒါပေမယ့် ကျွန်မဘယ်လောက်ပဲ နေချင်နေချင် အချိန်တန်ရင် ဆင်းရတာပဲမဟုတ်လား"တဲ့။

အမယ် ကလေးက ကျုပ်မိန်းမပြောနေတဲ့စကားကို နားလည်သလိုပဲ၊ ရင်ခွင်ထဲကနေပြီး သူ့အမေကို မော့ကြည့်နေတယ်။ ပြီးတော့ 'အူ… အာ… ဂူ… ဝါး"နဲ့ အသံထွက်နေတယ်။ ကလေးက အရမ်းထွားတယ်။ သန်စွမ်းလိုက်တာလည်း အလွန်ပဲ။ အသံကလည်း ကျယ်သလား မမေးနဲ့။ ည, ည သူငိုပြီဆိုရင် ကျုပ်တို့အားလုံး အိပ်လို့မရကြဘူး။

ဒီလိုနဲ့ပဲ မေလထဲရောက်လာတယ်။ မေလဆိုတော့ ရာသီဥတုက နွေးနွေးထွေးထွေး ရှိလာပြီ။ အနွေးထည် ထူထူထဲထဲကြီးတွေ မဝတ်ဘဲ အပြင်ကို ထွက်လို့ပြုလို့ရလာပြီ။ တစ်ရက်မှာ ကျုပ်တို့လင်မယားဟာ တော်မာရန်စီယို ရပ်ကွက်ထဲကနေပြီး ရောမမြို့ထဲသွားဖို့ ထွက်လာခဲ့ကြတယ်။ ကျုပ်မိန်းမက သူ့ကလေးကို နို့တပ်ပြီး ရင်ခွင်မှာ အပ်ထားတယ်။ အနီးစုတ် အတော်များများနဲ့ လုံခြုံအောင် ထွေးထုပ်ထားတဲ့အတွက် ကလေးကို အအေးမိမှာကတော့ မစိုးရိမ်ရဘူး။

ကျုပ်တို့မြို့ထဲရောက်တော့ ကျုပ်မိန်းမရဲ့ အနေအထားကို အကဲခတ်ရတာ တစ်မျိုးဖြစ်နေတယ်။ ကျုပ်တို့ တိုင်ပင်ထားတဲ့အတိုင်း လုပ်ချင်ပုံ မရဘူး။ တစ်လမ်းလုံး စကားတွေ မရပ်မနား ပြောလာတယ်။ တစ်ချက်ကလေးမှ မရပ်ဘဲ ပြောလာတာဆိုတော့ အသက်တောင် မှန်မှန်မရှူနိုင်လောက်အောင် မောနေတယ်။ ဆံပင်တွေက ဖိုးရိုးဖားရားနဲ့ ကုပ်ပေါ်မှာ ဝဲကျနေတယ်။ မျက်လုံးကလည်း ပြူးနေလိုက်တာ၊ အပြင်ဘက်ကို ပေါက်ထွက်လာမလားလို့ အောက်မေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကပြောတယ်။ ကလေးကို ဘယ်ဘုရားရှိခိုးကျောင်းမှာ သွားပစ်ရင် ကောင်းမလဲတဲ့။ သူ့အနေနဲ့ကတော့ လူချမ်းသာတွေလာတဲ့ ဘုရားရှိခိုးကျောင်းမှာ သွားပစ်ချင်တယ်တဲ့။ ကျုပ်တို့လို ဆင်းရဲတဲ့လူက ကလေးကို တွေ့သွားတယ်ဆိုရင် ကလေးရဲ့ဘဝဟာ ဘာများထူးလာမှာလဲတဲ့။ အဲသလို ဖြစ်မယ်ဆိုရင်တော့ အခုကတည်းက ကလေးကို မစွန့်ပစ်ဘဲ ကိုယ့်ဘာသာကိုယ်ပဲ မွေးထားချင်တယ်တဲ့။

နောက်တစ်ခါ သူက တစ်မျိုးစဉ်းစားမိပုံရပြန်တယ်။ မယ်တော် မက်ဒိုးနားရှိတဲ့ ဘုရားရှိခိုးကျောင်းမှာ သွားထားခဲ့ရင် ပိုကောင်းမယ်လို့ ပြောပြန်တယ်။ ဘာကြောင့်လဲဆိုတော့ မယ်တော် မက်ဒိုးနားမှာလည်း သားတစ်ယောက်ရှိတယ်တဲ့။ အခုလိုကိစ္စမျိုးမှာ မယ်တော် မက်ဒိုးနားက ပိုပြီး နားလည်မယ်၊ ကိုယ်ချင်းလည်းစာမယ်တဲ့။ သူ့အနေနဲ့ ကလေးကို သူ့ဆန္ဒအတိုင်း ကောင်းရာမွန်ရာဖြစ်အောင် လုပ်ပေးလိမ့်မယ်လို့ သူထင်တယ်တဲ့။

ကျုပ်ကတော့ ဒီစကားမျိုးတွေ များများကြားလာရတဲ့အခါမှာ စိတ်ရှုပ်လာတယ်။ ကျုပ်စိတ်ထဲမှာ ကိုယ်လုပ်ဖို့ တာစူထားတဲ့ အလုပ်ကို မလုပ်ချင်သလိုလို ဘာလိုလိုဖြစ်လာတယ်။ ဒီဟာလုပ်ရတာ ရက်စရာ ကောင်းသလိုလိုလည်း စိတ်ထဲက ခံစားလာရတယ်။ ဒါပေမယ့် ကျုပ်ကိုယ်ကျုပ် ခေါင်းအေးအေးထားပြီး လုပ်စရာရှိတာကို လုပ်သွားဖို့ စိတ်ထဲက ကျိတ်ပြီးနားချရတယ်။ ကျုပ်မိန်းမ စကားပြောနေတာ ရပ်သွားအောင် ကျုပ်က ကြားဖြတ်ပြီးပြောလိုက်တယ်။

"ဒီမယ် ငါ စိတ်ကူးတစ်ခုရပြီ။ သူ့ကို စိန့်ပီတာ ဘုရားရှိခိုးကျောင်းထဲ သွားထားလိုက်ရင် မကောင်းဘူးလား"

ကျုပ်မိန်းမက စဉ်းစားနေတယ်။ ပြီးတော့...

"ဟင့်အင်း... မကောင်းဘူး။ သိပ်ကြီးတဲ့ ဘုရားရှိခိုးကျောင်းကြီးပဲ။ အဲသလိုနေရာမျိုးမှာဆိုရင် သူ့ကို မြင်တဲ့လူတောင် ရှိမှာမဟုတ်ဘူး။ ကျွန်မကတော့ သူ့ကို ကွန်ဒိုတီရပ်ကွက်ထဲက ဘုရားရှိခိုးကျောင်းကလေးထဲ သွားပစ်ချင်တယ်။ အဲဒီမှာဆိုရင် ဆိုင်ကြီးဆိုင်ကောင်းတွေလည်း အများကြီးရှိတယ်။ လူချမ်းသာတွေလည်း အများကြီးလာတယ်။ အဲဒီနေရာဟာ အကောင်းဆုံးပဲ"လို့ ပြန်ပြောတယ်။

ကျုပ်တို့ ဘတ်စ်ကားစီးကြတယ်။ ကျုပ်မိန်းမက ခရီးသည်တွေကြား

www.burmeseclassic.com

www.burmeseclassic.com



မှာ ထိုင်နေတယ်။ စကားမပြောဘူး။ ကလေးကို ပတ်ထားတဲ့ စောင်စုတ်ကို ပဲ မကြာခဏ ပြင်ပြင်ပတ်လိုက်၊ စောင်စကို လှပ်ပြီး ကလေးကို ငုံ့ကြည့်လိုက် လုပ်နေတယ်။ ကလေးကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတယ်။ ပန်းရောင်နဲ့ အဖြူရောင် သန်းနေတဲ့မျက်နှာကတော့ တကယ့်ကို အပြစ်ကင်းစင်ပါတယ်။ သူ့မှာ ဝတ်စားထားတာကတော့ ကျုပ်တို့လို စုတ်စုတ်ပြတ်ပြတ် ပေပေရေရေပါပဲဗျာ။

လာရိဂိုလ်ဒိုနီလမ်းရောက်တော့ ကျုပ်တို့ဘတ်စ်ကားပေါ်က ဆင်းခဲ့ကြတယ်။ အောက်ရောက်တာနဲ့ တစ်ပြိုင်နက် ကျုပ်မိန်းမဟာ စကားတွေ ပြောလာပြန်တယ်။ ရွှေပန်းထိမ်ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ ဆိုင်ရဲ့မှန်ပြတင်းပေါက်ရှေ့မှာ ရပ်လိုက်တယ်။ ပြီးတော့ ဆိုင်ထဲက ခင်းကျင်းထားတဲ့ စိန်ရွှေငွေ ရတနာပစ္စည်းတွေကို လက်ညှိုးထိုးပြပြီး ကျုပ်ကိုပြောတယ်။

"ဒီလမ်းထဲကလူတွေဟာ ဒီဆိုင်ကိုလာပြီး ဒီပစ္စည်းတွေ ဝယ်ကြတာ။ ကြည့်စမ်းပါဦး ဘယ်လောက်လှသလဲ။ ဆင်းရဲသားတွေ မလာနိုင်တဲ့နေရာပဲ။ သူတို့ လူချမ်းသာတွေအနေနဲ့ ဒီဆိုင်ကိုဝင်၊ သူတို့လိုချင်တာဝယ်ပြီးတော့ ဘုရားရှိခိုးကျောင်းထဲ ခဏတစ်ဖြုတ်ဝင်၊ ဘုရားရှိခိုး။ အဲဒီတုန်းမှာ ဒီကလေးကိုမြင်တော့ ယူသွား"

ကျုပ်မိန်းမဟာ ကလေးကို သူ့ရင်ခွင်မှာ တင်းတင်းကျပ်ကျပ် ပွေ့ပိုက်ထားပြီး ဆိုင်ထဲကပစ္စည်းတွေကို လှမ်းကြည့်နေရင်းနဲ့ ဒီစကားတွေကို တတွတ်တွတ်ပြောနေတာ။ ကျုပ်ကတော့ သူ့ကိုဆန့်ကျင်ပြီးပြောဖို့ စိတ်မကူးရဲဘူး။ အသာကလေး ရေငုံနှုတ်ပိတ်လုပ်ပြီး ငြိမ်နေရတယ်။

ကျုပ်တို့ ဘုရားရှိခိုးကျောင်းဘက် ထွက်ခဲ့ကြတယ်။ ကျောင်းက သိပ်မကြီးဘူး။ တစ်ကျောင်းလုံး ဆေးဝါရောင်သုတ်ထားတယ်။ ဝတ်ပြုစင်ကလေးတွေလည်း အများကြီးရှိတယ်။ တရားဟောစင်ကလည်း အမြင့်ကြီးပဲ။ ကျုပ်မိန်းမကပြောတယ်။ ဘုရားရှိခိုးကျောင်းပုံစံက သူမှတ်မိထားသလို မဟုတ်ဘူးတဲ့။ အခုတစ်ခေါက် ရောက်လာလို့ ကြည့်လိုက်တော့ သူထင်သလို မဟုတ်တဲ့အတွက် သိပ်မကြိုက်ဘူးတဲ့။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ သူ့အနေနဲ့ ရေစင်ခွက်ထဲ လက်နှိုက်ပြီး သူ့နဖူးနဲ့ ပခုံးတွေကိုတို့တယ်။ လက်ဝါးကပ်တိုင်ပုံလုပ်ပြီး ဘုရားသခင်ကို အာရုံလည်းပြုတယ်။ ပြီးတော့ ဘုရားရှိခိုးကျောင်းထဲ အနှံ့လျှောက်ကြည့်တယ်။ ကလေးကို ပစ်ထားခဲ့ဖို့ သင့်တော်မယ့်နေရာ ဟုတ် မဟုတ် စစ်

www.burmeseclassic.com

www.burmeseclassic.com



ဆေး လှေလာနေတဲ့ပုံမျိုးပါ။

ကျုပ်က သူ့နောက်က နည်းနည်းခွာပြီး လိုက်တယ်။ အဝင်တံခါးပေါက်ကိုလည်း မကြာမကြာ လှမ်းကြည့်ရသေးတယ်။ အဲဒီတုန်းမှာပဲ ဖြုန်းခနဲ တံခါးပေါက်ကနေပြီး အသက်ခပ်ငယ်ငယ် မိန်းမတစ်ယောက်ဝင်လာတယ်။ ဘုရားသခင်ရဲ့ စင်ရှေ့မှာ ကပ္ပာကယာဒူးထောက်ထိုင်ပြီး တစ်မိနစ်လောက် အာရုံပြုတယ်။ ပြီးတော့ ကျုပ်တို့ကိုတောင် လှည့်မကြည့်ဘဲပြန်ထွက်သွားတယ်။ သူလုပ်ကိုင်နေတဲ့ပုံကို မျက်ခြည်မပြတ် ကြည့်နေတဲ့ ကျုပ်မိန်းမက…

“မဖြစ်ဘူး။ ဒီနေရာလည်း မကောင်းဘူး။ ဒီကိုလာတဲ့လူတွေဟာ ဟိုမိန်းမလိုပဲ နေမှာပဲ။ ကပ္ပာကယာ ဘုရားအာရုံပြုပြီး ပြန်ထွက်သွားမှာပဲ။ သူတို့က ဟိုဆိုင်တွေကိုသာ ကြည့်ပြီး သာယာနေချင်ကြတဲ့လူတွေ။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ကဲ… လာ သွားကြစို့”လို့ပြောပြီး အပြင်ကို ပြန်ထွက်သွားတယ်။

ကျုပ်တို့ ကော်ဆိုလမ်းအတိုင်း လျှောက်လာခဲ့ကြတယ်။ ကျုပ်မိန်းမက ရှေ့က၊ ကျုပ်က နောက်က။ ဗင်နီဇီယာရပ်ကွက်ထဲ ရောက်တော့ ဘုရားရှိခိုးကျောင်း တစ်ကျောင်း တွေ့ပြန်တယ်။ စောစောကကျောင်းထက် နည်းနည်းပိုကြီးတယ်။ အထဲမှာကတော့ ခပ်မှောင်မှောင်ပဲ။ လူတွေအတော်များများရှိနေတာ တွေ့ရတယ်။ ကျုပ်အနေနဲ့ တစ်ချက်ကြည့်ပြီး အကဲခတ်လိုက်တယ်။ စားနိုင်သောက်နိုင်တဲ့ လူတန်းစားတွေပဲဆိုတာ ချက်ချင်းသိလိုက်တယ်။ မိန်းမ၊ ယောကျာ်းအားလုံး ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ထားတယ်။

စင်ပေါ်မှာတော့ ဘုန်းကြီးတစ်ပါး တရားဟောနေတယ်။ လူအားလုံး ဘုန်းကြီးဆီမှာ အာရုံရောက်နေကြတယ်။ ကျုပ်ကတော့ ဒီနေရာဟာ နေရာကောင်းလို့ တွက်လိုက်တယ်။ ကျုပ်တို့ကို ဘယ်သူမှ သတိထားမိကြမယ့် အရိပ်လက္ခဏာ မမြင်ရဘူး။ ကျုပ်က ကျုပ်မိန်းမနားကပ်ပြီး နှစ်ကိုယ်ကြားလေသံနဲ့…

“သူ့ကို ဒီမှာထားခဲ့ရင်ကောင်းမယ်”လို့ ပြောလိုက်တော့ ကျုပ်မိန်းမက ခေါင်းညိတ်တယ်။

ကျုပ်တို့ဟာ ပိုပြီးမှောင်တဲ့ ဘေးတစ်ဖက်ကို လျှောက်သွားတယ်။ အဲဒီနေရာမှာ လူလည်းတစ်ယောက်မှ မရှိဘူး။ တော်ရုံတန်ရုံဟာကိုလည်း မြင်နိုင်တဲ့နေရာ မဟုတ်ဘူး။ ကျုပ်မိန်းမက ကလေးရဲ့မျက်နှာကို စောင်စကလေးနဲ့ အုပ်ပေးပြီး အနားက ကုလားထိုင်တစ်လုံးပေါ်မှာ အသာအယာချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူဟာ ဒူးထောက်ထိုင်ပြီး ဘုရားသခင်ကို အာရုံပြုနေတာ အချိန်တော်တော်ကြာတယ်။

နောက်ဆုံးမှာ သူဟာ ထိုင်နေရာကထပြီး တံခါးဆီကို ခပ်ဖြည်းဖြည်း လျှောက်သွားတယ်။ ကျုပ်က သူနဲ့ခွာပြီး နောက်ကလိုက်သွားတယ်။ အဲဒီတုန်းမှာပဲ

"ထိုအခါ ဘုရားသခင်ကမေးသည်။ ချစ်သား ပီတာ၊ သင် ဘယ်သွားမလို့လဲ"တဲ့။

ရုတ်တရက်ဆိုတော့ သူ့အသံကြောင့် ကျုပ် အတော်ကိုလန့်သွားတယ်။ ပြီးတော့ သူ့စကားက ကျုပ်ကိုလှမ်းပြီးမေးလိုက်တဲ့ မေးခွန်းတစ်ခုလို ဖြစ်နေတယ် မဟုတ်လား။

ဒါပေမယ့် ကျုပ်တို့လင်မယားဟာ ဣန္ဒြေမပျက် ဆက်လျှောက်ခဲ့ကြတယ်။ တံခါးဝရောက်လို့ ကျုပ်မိန်းမက ခန်းဆီးကိုဖယ်မယ်လည်းလုပ်ရော နောက်ကပေါ်လာတဲ့အသံကြောင့် နှစ်ယောက်စလုံးလန့်ပြီး ခုန်လိုက်မိကြတယ်။ အသံက...

"ဆီညော်ရာ၊ ရှင်တို့ အထုပ်တစ်ထုပ် ဟိုကုလားထိုင်ပေါ်မှာ ကျန်ရစ်ခဲ့တယ်"တဲ့။

ပြောလိုက်တဲ့လူက တစ်ကိုယ်လုံး အနက်ဝတ်လာတဲ့ မိန်းမကြီး တစ်ယောက်။

"အို... ဟုတ်သားပဲ။ မေ့သွားတယ်"လို့ ကျုပ်မိန်းမက ပြောလိုက်တယ်။ ပြီးတော့ "ကျေးဇူးပါပဲရှင်။ ကျွန်မမေ့သွားတာ"လို့ ထပ်ပြောပြီး အထုပ်ကို ကောက်ယူလိုက်တယ်။ နှစ်ယောက်သား အပြင်ကိုခပ်သုတ်သုတ် ထွက်လာခဲ့တယ်။ အသက်ရှင်နေတာထက် သေသွားတာကမှ ကောင်းလိမ့်ဦးမယ်လို့တောင် ကျုပ်စိတ်ထဲက တွေးလိုက်မိသေးတယ်။

အပြင်လည်းရောက်ရော ကျုပ်မိန်းမက

"ကျွန်မရဲ့ သနားစရာကောင်းတဲ့ သားကလေးကို ဘယ်သူမှ မလိုချင်ကြဘူး ထင်ပါရဲ့။ ပစ္စည်းတစ်ခုကို ဈေးသွားရောင်းတဲ့လူတစ်ယောက်နဲ့ တူနေပြီ။ သူ့ပစ္စည်းကို သေချာပေါက် ရောင်းရလိမ့်မယ်လို့ တွက်ထားတာ၊ ဟိုရောက်တော့ ဝယ်မယ့်လူတစ်ယောက်မှ မရှိတဲ့အဖြစ်နဲ့ ရင်ဆိုင်ရတယ်"လို့ ညည်းရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ကျုပ်မိန်းမလမ်းလျှောက်တာက သိပ်မြန်နေတယ်။ အမောတကောနဲ့ အပြေးအလွှား သွားနေတာဗျ။ သူ့ခြေထောက်နဲ့မြေကြီး ထိရဲ့လားလို့တောင် ထင်မိတယ်။ မကြာခင်မှာပဲ ကျုပ်တို့ဟာ ဆန်တီအေပိုစတိုလီ ရပ်ကွက်ထဲက ဘုရားရှိခိုးကျောင်းကို ရောက်သွားကြတယ်။ ဘုရားရှိခိုးကျောင်းက ကြီးလည်းကြီး၊ ကျယ်လည်း ကျယ်တယ်။ ကျုပ်မိန်းမက…

"ကျွန်မတို့လိုချင်တဲ့နေရာဟာ ဒါမျိုးပဲ"လို့ ကျုပ်ကို တိုးတိုးကပ်ပြောတယ်။

သူဟာ သူ့ကိုယ်သူ အခိုင်အမာ ဆုံးဖြတ်ထားတဲ့ မျက်နှာထားနဲ့ ဘေးဘက် မှောင်ရိပ်ကျကျနေရာကို လျှောက်သွားပြီး လက်ထဲကအထုပ်ကို ခုံတန်းပေါ် ချလိုက်တယ်။ ပြီးတော့ ဘုရားတောင် အာရုံမပြုတော့ဘဲ တံခါးဝဆီကို အမြန်ပြန်လျှောက်သွားတယ်။ သူလျှောက်သွားပုံက သူ့ခြေထောက်အောက်က ကြမ်းတွေပေါ်မှာ မီးတောက်ကြီးတွေ ရှိနေတာကျနေတာပဲ။

ဒါပေမယ့်ဗျာ၊ သူတံခါးဝ မရောက်ခင်မှာပဲ ပြဿနာပေါ်လာတယ်။ လူတွေက ဓမ္မတေးကို သံပြိုင်ဆိုနေကြပြီ။ အချိန်က ကလေးကို နို့တိုက်ရမယ့်အချိန်ပဲ။ ဒါမျိုးဆိုတာက တစ်မိနစ်တောင်စွန်းလို့ရတာမျိုး မဟုတ်ဘူးဗျ။ ကလေးက နို့စို့ချိန်ဆိုတော့ ဆာလို့ထင်ပါရဲ့။ သံကုန်ဟစ်ပြီး ငိုတော့တာပဲ။ အပြင်းအထန် ငိုလိုက်တဲ့အသံကြောင့် ကျုပ်မိန်းမဟာ သတိလက်လွတ်ဖြစ်သွားပုံပေါ်ပါတယ်။ တံခါးပေါက်ဆီ ပြေးသွားနေရာက ချာခနဲ ပြန်လှည့်ပြီး နောက်ရင်းကို ပြန်ပြေးတယ်။ ခုံတန်းပေါ် ကသောကမျော ဝင်ထိုင်ပြီး ကလေးကို ပွေ့ချီတယ်။ သူ့ဘလောက်စ်အင်္ကျီကိုလှန်ပြီး ကလေးကို နို့တိုက်တယ်။ ကလေးကလည်း အစာငတ်နေတဲ့ ဝံပုလွေတစ်ကောင်လို သူ့အမေနို့ကို ငုံ့ပြီး အငမ်းမရစို့တယ်။

အဲဒီတုန်းမှာပဲ ခပ်ရိုင်းရိုင်း၊ ခပ်ထန်ထန်လေသံနဲ့ ကျုပ်မိန်းမကို လှမ်းပြောနေတဲ့ အသံတစ်သံ ကြားရတယ်။

"ဒီဟာ ဘုရားရှိခိုးကျောင်းဟဲ့။ ဒီနေရာမှာလာပြီး ကလေးနို့တိုက်လို့ မရဘူး။ သွား… သွား၊ အခုချက်ချင်း ထွက်သွား"တဲ့။

ပြောလိုက်တဲ့လူက အဘိုးအိုတစ်ယောက်ပါ။ အရပ်က ပုပု၊ မုတ်ဆိတ်မွေးက ဖြူဖြူ၊ လူဗလံကလေးပါ။ ဒါပေမယ့် လူသေးသလောက် အသံက တစ်အားကျယ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မိန်းမက ဖြုန်းခနဲ ထိုင်ရာက ထရပ်လိုက်ပြီး သူ့နို့နဲ့ ကလေးခေါင်းကို သူ့အင်္ကျီစနဲ့လုံအောင် ဖုံးလိုက်တယ်။ ပြီးတော့ အဘိုးကြီးဘက်လှည့်ပြီး...

"မယ်တော် မက်ဒိုးနားပုံတွေကို ရှင် မြင်ဖူးတယ်မဟုတ်လား။ မယ်တော်ရဲ့ လက်ထဲမှာ သူ့သားကလေးကို အမြဲပွေ့ထားတယ်လေ"လို့ ပြန်ပြောတယ်။ အဘိုးကြီးကလည်း...

"တော်တော်စွာတဲ့ မိန်းမပါလား"လို့ ခွန်းတုံ့ပြန်လိုက်သေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေ့ါလေ။ ကျုပ်တို့ဟာ ဘုရားရှိခိုးကျောင်းထဲက ထွက်လာခဲ့ကြရတယ်။ ဗင်နီဇီယာ ရပ်ကွက်ထဲက ပန်းခြံထဲ သွားထိုင်ပြီး ကျုပ်မိန်းမက သူ့ကလေးကို နို့ဝအောင်တိုက်တယ်။ ကလေးက နို့လည်းဝရော ပြန်ပြီး အိပ်ပျော်သွားတယ်။

အခုဆိုရင် ညနေစောင်းနေပြီ။ ဘုရားရှိခိုးကျောင်းတွေတောင် ပိတ်နေကြပြီ။ ကျုပ်တို့လည်း စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြစ်ပြီး ခြေတွေလက်တွေမသယ်ချင်အောင်ဖြစ်နေကြပြီ။ ဘယ်လို ဆက်လုပ်ရမှန်းလည်း မသိတော့ဘူး။ ကျုပ်က ကျုပ်မိန်းမကိုပြောတယ်။

"ငါပြောတာ နားထောင်ပါဦးကွာ၊ အခုဆိုရင် အချိန်ကလည်း သိပ်နောက်ကျနေပြီ။ ဒီအတိုင်းဆက်သွားနေလို့က မဖြစ်တော့ဘူးကွ။ တို့စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးလုပ်မှဖြစ်တော့မယ်"

ကျုပ်မိန်းမ ကျုပ်ပြောပုံကို သိပ်ပြီး မနှစ်သက်တဲ့လေသံနဲ့ ပြန်ပြောတယ်။

"ရှင် စဉ်းစားကြည့်ပါ။ ဒီကလေးဟာ ရှင့်သွေးပါ။ သူ့ကိုလမ်းဘေးတစ်နေရာမှာ အမှိုက်ပစ်သလို ပစ်ထားခဲ့လို့ ကောင်းပါ့မလား"တဲ့။

ကျုပ်ကလည်း...

"ဟာကွာ၊ အဲသလိုပစ်ရမယ်လို့ ငါပြောတာ မဟုတ်ပါဘူး"လို့ ပြန်ပြောတယ်။

"ဒါပေမယ့် မင်းသိတဲ့အတိုင်းပဲ လောကကြီးမှာ ချက်ချင်း မြန်မြန်ဆန်ဆန် လုပ်မှဖြစ်တဲ့အလုပ်တွေ အများကြီးရှိတယ်။ ချက်ချင်းမလုပ်လိုက်ရင် ဟိုတွေးသည်တွေး လုံးဝမလုပ်ဖြစ်တော့ဘူးကွ"

"အမှန်အတိုင်းပြောရရင် ရှင်က ကျွန်မစိတ်ပြောင်းသွားမှာ ကြောက်နေတာပါ။ ဒီကလေးကို မပစ်တော့ဘဲအိမ်ပြန်သယ်လာမှာကို ကြောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ရှင်တို့ယောကျ်ားတွေဟာ တော်တော့်ကို သတ္တိနည်းတဲ့ အကောင်တွေပဲ”လို့ ကျုပ်မိန်းမက စက်ဆုပ်တဲ့လေသံနဲ့ ပြန်ပြောတယ်။

ကျုပ် ချက်ချင်းပဲ သတိဝင်လာတယ်။ ဒီအချိန်မှာ သူနဲ့အတိုက်အခံလုပ်လို့မဖြစ်ဘူးဗျ။ ဒါကြောင့်မို့ ကျုပ်က လေသံအေးအေးနဲ့…

“စိတ်မပူပါနဲ့ မိန်းမရယ်၊ မင်းစိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့် မင်းသိထားရမှာက သူ့မှာ ဘာတွေပဲဖြစ်ဖြစ်ငါတို့ မာရန်စီယိုရပ်ကွက်မှာ နေရတာထက်တော့ အများကြီးသာမှာပါ။ တို့နေရတဲ့အခန်းက အိမ်သာမရှိ။ မီးဖိုမရှိနဲ့။ ဆောင်းတွင်းကျတော့ ကြမ်းပိုးတွေကိုက်။ နွေရာသီကျတော့ ယင်ကောင်တွေ တလောင်းလောင်းနဲ့”လို့ ပြောပြတယ်။ ကျုပ်စကားကို သူက ဘာမှ ပြန်မပြောဘူးဗျ။ ငြိမ်ပြီးနားထောင်နေတယ်။

ကျုပ်တို့ပန်းခြံထဲက ပြန်ထွက်လာပြီး ခြေဦးတည့်ရာ လျှောက်လာခဲ့ကြတယ်။ ဘယ်ကိုသွားလို့ ဘယ်ရောက်နေမှန်းတောင် မသိဘူး။ နောက်ဆုံးမှာ နာဇီယွန်းနေးလ်လမ်းကနေပြီး တိုရီဒီနီဘက်အထိ ရောက်လာကြတယ်။ အဲဒီနားကျတော့ လူသွားလူလာ မရှိတဲ့ လမ်းကျဉ်းကလေးတစ်လမ်းကို ကျုပ်သတိပြုလိုက်မိတယ်။ ကျုပ်တို့ အဲဒီလမ်းထဲ ဝင်သွားတော့ လမ်းဘေးတစ်နေရာက အိမ်တစ်အိမ်ရှေ့မှာ တံခါးတွေပိတ်ထားတဲ့ မီးခိုးရောင်ကားတစ်စီး ရပ်ထားတာ မြင်ရတယ်။

ကျုပ်ခေါင်းထဲကို စိတ်ကူးတစ်ခု ဖျတ်ခနဲ ဝင်လာလို့ ကျုပ်ကားနားကို ကပ်သွားတယ်။ တံခါးကို ဆွဲလိုက်တော့ အလွယ်တကူပဲ ပွင့်သွားတယ်။ ကျုပ်က ကျုပ်မိန်းမဘက်လှည့်ပြီး

“လာ လာ မြန်မြန်လာ၊ တို့အတွက် အခွင့်ကောင်းပဲ။ သူ့ကို နောက်ခန်းထိုင်ခုံပေါ် ချထားလိုက်”လို့ ပြောတယ်။ သူကလည်း ကျုပ်ပြောတဲ့အတိုင်းပဲ ကလေးကို နောက်ခန်းထိုင်ခုံပေါ် ချထားလိုက်တယ်။ လုပ်တာကိုင်တာ သိပ်မြန်လွန်းတော့ ဘယ်သူမှ ကျုပ်တို့ရဲ့ လှုပ်ရှားမှုကို မမြင်လိုက်ကြဘူး။ ကိစ္စလည်းပြီးရော ကျုပ်ဟာ ကျုပ်မိန်းမရဲ့လက်မောင်းကို ဆွဲပြီး တစ်ကြိုးတည်း သုတ်ခြေတင်ခဲ့တယ်။

ပန်းခြံထဲမှာ လူမရှိဘူး။ မှောင်မိုက်နေတယ်။ အနီးအနားက အဆောက်အအုံကြီးတွေမှာတော့ မီးရောင်လေးတွေရှိတယ်။ ကျုပ်မိန်းမဟာ ရေပန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



နားက ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ ထိုင်လည်း ထိုင်မိရော ငိုပါလေရောဗျာ။

"မင်းက ဘာဖြစ်ရပြန်တာလဲ"လို့ ကျုပ်ကမေးတော့…

"ကျွန်မသားကလေးကို ထားခဲ့ရပြီ။ ကျွန်မ သူ့ကို သိပ်သတိရတယ်။ သူနို့စို့ရင် ဒီနို့တစ်ဖက်ကို သူ့လက်ကလေးနဲ့ ကိုင်,ကိုင်ထားတာ ကျွန်မ မေ့လို့မရဘူး"လို့ပြောတယ်။

ကျုပ်ကလည်း အရဲစွန့်ပြီး…

"မင်းကလည်းကွာ ငိုမနေစမ်းပါနဲ့၊ ကြာရင် မေ့မှာပေါ့"လို့ ပြောတယ်။ သူကတော့ အငို ရပ်မသွားဘူး။ ရှိုက်ကြီးတငင် ငိုနေတုန်းပဲ။ နောက်တော့ သူက ဖြုန်းခနဲ ထရပ်လိုက်တယ်။ ဒေါသတကြီးနဲ့ ရှေ့တည့်တည့်က အဆောက်အအုံတစ်ခုကို လက်ညှိုးထိုးပြပြီး…

"ကျွန်မ အဲဒီကိုသွားပြီး ဘုရင်ကြီးနဲ့ တွေ့မယ်။ သူ့ကိုအကြောင်းစုံ ပြောပြမယ်"လို့ ပြောတယ်။

"မင်းပါးစပ် ပိတ်ထားစမ်း"လို့ ကျုပ်က သူ့လက်မောင်းဆွဲပြီး အော်ပြောတယ်။

"မင်းရူးနေသလား။ ဘုရင်ကြီး အဲဒီမှာ မရှိတော့ဘူးကွ"

"သူမရှိတော့ကော ဘာဖြစ်လဲ"လို့ သူက ပြန်အော်တယ်။

"သူ့နေရာယူထားတဲ့လူဆိုရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ပြောလို့ရတယ်။ သူ့အစား သူ့နေရာမှာ တစ်ယောက်တော့ရှိမှာပဲ"

ပြောပြောဆိုဆို သူဟာ နန်းတော်တံခါးဆီကို ပြေးသွားမလိုဟန်ပြင်တယ်။

ကျုပ်လည်း မတတ်နိုင်ဘူး။ သူ အဲဒီကိုရောက်သွားရင် ဘာတွေ ဖြစ်ကုန်လိမ့်မယ်ဆိုတာ မတွေးဝံ့ဘူး။ ဒါကြောင့်မို့…

"ဒီမယ် ငါ့မိန်းမ။ ငါ ဒီကိစ္စကို စဉ်းစားပြီးပြီ။ တို့နှစ်ယောက် ဟိုကားဆီ ပြန်သွားပြီး ကလေးကို ပြန်ယူမယ်။ ငါပြောတဲ့အဓိပ္ပာယ်က ကလေးကို တို့ဘာသာတို့ပဲ မွေးတော့မယ်။ တစ်ယောက်ပိုလာတာနဲ့ တစ်ယောက်လျော့သွားတာဟာ တို့အဖို့ ဘာမှထူးမလာပါဘူး"လို့ ကသောကမျော ပြောပြလိုက်တယ်။

အမှန်တော့ ဒီစိတ်ကူးဟာ ကျုပ်တို့ပြဿနာမှာ အဓိကသော့ချက်ပဲ။ ဒီစကားလည်းကြားရော ဘုရင်ကြီးဆီ ပြေးပြောမယ်ဆိုတဲ့ ကျုပ်မိန်းမရဲ့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကူးဟာ ဘယ်ဆီရောက်သွားမှန်း မသိတော့ဘူး။ ချက်ချင်းပဲ…

"ဟို… ဟို… ဟိုနေရာမှာ သူ ရှိပါဦးတော့မလား"လို့ ရေရွတ်ပြီး စောစောက လမ်းကြားဆီ ပြေးသွားဖို့ ပြင်တော့တာပဲ။

"ဘာဖြစ်လို့ မရှိရမှာလဲကွာ။ တို့ သူ့ကိုထားခဲ့တာ ငါးမိနစ်တောင် မရှိသေးဘူး"လို့လည်း ကျုပ်က ပြောလိုက်ရော ကျုပ်မိန်းမဟာ ပန်းခြံထဲက ကဆုန်စိုင်းပြီး ထွက်သွားတော့တာပဲ။

မော်တော်ကားဟာ စောစောက နေရာမှာပဲ ရပ်ထားတယ်။ ဒါပေမယ့် ကျုပ်မိန်းမက ကားဆီကိုပြေးသွားပြီး တံခါးကိုဖွင့်တော့မယ်အလုပ်မှာ အရပ်ပုပုနဲ့ အသက်လေးဆယ်ကျော် ငါးဆယ်တွင်း လူတစ်ယောက် အိမ်ရှေ့တံခါးပေါက်က ထွက်လာတယ်။

"ဟေ့… ဟေ့ ဘာလုပ်တာလဲ။ ငါ့ကားကို ဘာလုပ်မလို့လဲ။ ရပ်လိုက်စမ်း"လို့ သူက လှမ်းအော်တယ်။

"ကျွန်မပစ္စည်းကို ကျွန်မ ပြန်ယူမလို့"တဲ့။

ကျုပ်မိန်းမက နောက်ကိုပြန်လှည့်မကြည့်ဘဲ အော်ပြောပြီး ဘေးထိုင်ခုံပေါ်က အထုပ်ကို ကောက်ယူလိုက်တယ်။ ဒါပေမယ့် ဟိုလူက မကျေနပ်သေးဘူး။

"အဲဒီထဲမှာ နင့်ပစ္စည်း ဘာရှိလို့လဲ"လို့ ပြန်မေးတယ်။

"ဒါ ငါ့ကား။ နင် နားမလည်ဘူးလား။ ဒါ ငါ့ကား"

အဲဒီအချိန်မှာ ဖြစ်သွားတဲ့ ကျုပ်မိန်းမရဲ့ အမူအရာကို ခင်ဗျားတို့ မြင်စေချင်တယ်ဗျာ။ ကျုပ်မိန်းမဟာ အထုပ်ကို ရင်ခွင်မှာပိုက်ပြီး ဟိုလူ့ဆီ သွားတယ်။

"နင့်ပစ္စည်း ဘယ်သူက ယူနေလို့လဲ"လို့ အော်ပြောတယ်။

"နင့်ကားကို ငါက ဘာအရေးလုပ်ရမှာလဲ။ ဟာဒီမှာကြည့်။ နင့်ကားကို ဟောသလို တံတွေးနဲ့ ထွေးလို့ရတယ်။ ထွီ… ထွီ တွေ့လား"

ပြောပြောဆိုဆိုပဲ ဟိုလူ့ကားကို တကယ်တံတွေးနဲ့ ထွေးတယ်ဗျို့ သိလား။

"ဒါဖြင့် နင့်လက်ထဲက အထုပ်က… "လို့ စကား စကာရှိသေးတယ်။ ကျုပ်မိန်းမက…

"ဒါ အထုပ်မဟုတ်ဘူးဟဲ့။ ဒါ ငါ့သားလေး။ ဒီမှာတွေ့လား။ မယုံ

www.burmeseclassic.com

www.burmeseclassic.com



လို့ကြည့်ချင်ရင် လာကြည့်လှည့်”လို့ ဒေါ်သတကြီး ပြန်ပြောတယ်။

ကလေးရဲ့ မျက်နှာပေါ်မှာ အုပ်ထားတဲ့ အဝတ်စကို ဖယ်ပြီး ဟိုလူ့ရှေ့ ထိုးပြတယ်။ ပြီးတော့ ပါးစပ်ကလည်း…

“နင်နဲ့ နင့်မိန်းမတောင်မှ အခုလို ချောတဲ့ကလေးမျိုးရှိမှာမဟုတ်ဘူး သိလား။ လာမကိုင်နဲ့။ ရဲကိုခေါ်ပြီး ငါ့ကလေးကို ခိုးဖို့လုပ်နေပါတယ်လို့ ပြောလိုက်ရင် နင်မချောင်ဘူး”လို့ ပြောလိုက်သေးတယ်။ အမှန်တော့ဗျာ ဘာမသိ ညာမသိနဲ့ ကျုပ်မိန်းမက အခြောက်တိုက် ကြိမ်းလားမောင်းလား လုပ်တော့ ဟိုလူခမျာ မျက်နှာကြီး နီရဲပြီး ပါးစပ်အဟောင်းသားနဲ့ ဖြစ်နေတာပေါ့။ သတိလစ်ပြီး လဲကျသွားမယ်လို့တောင် ထင်ရတယ်။ နောက်ဆုံးမှာတော့ ကျုပ် မိန်းမဟာ အလွန်မြူးကြွနေတဲ့ ပုံပန်းနဲ့ လမ်းထောင့်ကရပ်စောင့်နေတဲ့ ကျုပ်ဆီ ကို သုတ်သုတ်သုတ်သုတ်နဲ့ လျှောက်လာတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

# မာရီယို

ဖြစ်ပုံက ဒီလိုဗျ။

မနက်ခင်းအိပ်ရာက အစောကြီးထပြီး ကိရိယာတန်ဆာပလာအိတ်ကို ကျုပ် ဆွဲထွက်လာတဲ့အချိန်မှာ 'ဖီလိုမီနာ' ဟာ အိပ်ရာက မနိုးသေးဘူး။ ကျုပ် ဂရမ်ဆီရပ်ကွက်၊ မွန်တီပါရီယိုတီလမ်းကို ထွက်လာခဲ့တယ်။ အဲဒီလမ်းထဲက အိမ်တစ်အိမ်မှာ ပေါက်နေတဲ့ပိုက်တစ်ခုကို ပြင်ပေးစရာ ရှိနေတယ်ဗျ။

ပိုက်ကိုပြင်ရင် အချိန်ဘယ်လောက်ကြာမလဲ။ အနည်းဆုံး နှစ်နာရီလောက် တော့ကြာမယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျုပ်အနေနဲ့ ပိုက်ကိုဖြုတ်ရမယ်။ ပြင် ရမယ်။ ပြီးတော့ ပြန်တပ်ပေးရမယ် မဟုတ်လား။ အလုပ်ပြီးသွားပြီဆိုရင်တော့ ကျုပ်အိမ်နဲ့ ကျုပ်ဆိုင်ရှိရာ ကိုရိုနာရီရပ်ကွက်ကို ဘတ်စ်ကားစီးပြီး ပြန်ရမယ်။ ကျုပ် အချိန်ကို ပြန်ပြီး တွက်ကြည့်တယ်။ မွန်တီပါရီယိုလမ်းထဲမှာ ပိုက်ပြင် တာ နှစ်နာရီကြာမယ်။ အဲဒီလမ်းကိုရောက်အောင်သွားဖို့က နာရီဝက်။ ပြန် တဲ့အခါ ကြာမှာက နာရီဝက်။ အားလုံးပေါင်းလိုက်ရင် သုံးနာရီတော့ ကြာမှာ ပဲ။ အင်းပေါ့လေ သုံးနာရီကြာတော့လည်း ဘာတတ်နိုင်မှာလဲ။ သုံးနာရီထက် ပိုပြီးကြာချင်လည်း ကြာမယ်။ လျော့ချင်လည်း လျော့မယ်။ ဒါကတော့ အခြေ အနေအရပဲ။

ဒါပေမယ့် ကျုပ်အနေနဲ့ လုပ်စရာရှိတာကို မြန်မြန်သွက်သွက်နဲ့ စနစ် တကျလုပ်သွားဖို့လိုတယ်။ ကျုပ် ကိုရိုနာရီလမ်းထိပ်ရောက်တော့ လမ်းကွေ့ အတိုင်း နံရံကိုကပ်ပြီး ခပ်မြန်မြန် ခပ်သွက်သွက်လျှောက်လာခဲ့တယ်။ အဲဒီ တုန်းမှာပဲ ကျုပ်နာမည်ကို ခေါ်သံကြားလိုက်ရတယ်။ ကျုပ် လှည့်ကြည့်လိုက်တော့ ကျုပ်တို့လမ်းထဲက ကျုပ်တို့အိမ်နဲ့ မျက်နှာချင်းဆိုင်မှာနေတဲ့ အခန်းအငှား

www.burmeseclassic.com

www.burmeseclassic.com



ချစားနေတဲ့ အဘွားကြီး 'ဖီဒီ' ဖြစ်နေတယ်။

ဒီအဘွားကြီးက သနားစရာပါဗျာ။ အဆစ်အမြစ်ရောင်တဲ့ ကိုက်တဲ့ ရောဂါကြောင့် သူ့ခြေထောက်နှစ်ဖက်စလုံးက ရောင်နေတယ်။ သိပ်ပြီး ရောင်လွန်းအားကြီးတော့ သူ့ခြေထောက်တွေဟာ ဆင်ခြေထောက်တွေနဲ့ တူနေတယ်။ သူ ကျုပ်ကိုမီလာတဲ့အချိန်မှာ သူ့ခမျာ မောလွန်းလို့ အသက်တောင် မှန်မှန်မရှူနိုင်ဘူး။ ကျုပ်အနားရောက်တော့ သူကပြောတယ်။

"ဒီနေ့ သိပ်ကိုပူပါလားကွယ်။ မင်း ဟိုဘက်ကိုလျှောက်မှာမဟုတ်လား။ ဒါဆိုရင် ငါ့စျေးခြင်းတောင်းကို တစ်ဆိတ်လောက် ကူပြီးဆွဲပေးစမ်းပါ" တဲ့။

ကျုပ်ကလည်း လိုလိုချင်ချင်နဲ့ ဆွဲပေးပါမယ်လို့ ပြန်ပြောလိုက်တယ်။ ပြီးတော့ ပခုံးမှာ လွယ်ထားတဲ့အိတ်ကို တခြားပခုံးမှာ ပြောင်းလွယ်ပြီး သူ့ဆွဲခြင်းကို လှမ်းယူလိုက်တယ်။ သူဟာ ဒေါက်တိုင်နှစ်တိုင်နဲ့ တူနေတဲ့ သူ့ခြေထောက်နှစ်ဘက်ကို ဒရွတ်တိုက်ဆွဲပြီး ကျုပ်ဘေးကလျှောက်လာတယ်။ ခဏလေးလျှောက်မိတော့...

"မင့်မိန်းမ ဖီလိုမီနာတစ်ယောက်ကော ဘယ်မှာလဲ"လို့ မေးတယ်။

"အိမ်မှာပေါ့ဗျ"လို့ ကျုပ်ကဖြေတယ်။

"သူ့အိမ်ကလွဲပြီး သူက တခြားဘယ်နေရာမှာ သွားနေဦးမှာလဲ"

"အေးလေ ဟုတ်ပါတယ်။ ငါလည်း သူ့ကို အိမ်မှာပဲမြင်ပါတယ်" လို့ သူက ခေါင်းတစ်ချက်ညိတ်ပြီး ပြန်ပြောတယ်။

"ခင်ဗျားပြောပုံက ဘယ်လိုကြီးလဲ"လို့ ကျုပ်က ပြန်မေးလိုက်မိတယ်။

"အေးပါကွယ်၊ ဟုတ်ပါတယ်။ ဒါပေမယ့် အင်း... သနားစရာအတော်ကောင်းတဲ့ သူငယ်ပါလား"လို့ သူက ရေရွတ်လိုက်တယ်။

ကျုပ်ရဲ့စိတ်ထဲမှာ သံသယက ဝင်လာပြီ။ တစ်အောင့်လောက်လည်း စဉ်းစားပြီးရော ကျုပ်က သူ့ကိုပြန်မေးမိတယ်။

"နေစမ်းပါဦး။ ခင်ဗျားက ကျုပ်ကို ဘာပြုလို့ သနားစရာကောင်းတဲ့ သူငယ်လို့ ပြောရတာလဲ"

"ဘာကြောင့်လဲဆိုတော့ ငါက မင်းအတွက် စိတ်မကောင်းဖြစ်နေမိလို့ပါကွယ်"တဲ့။ မိန်းမကြီးက ကျုပ်ကိုမကြည့်ဘဲ ပြန်ဖြေတယ်။

"ခင်ဗျားစကားက ဘာအဓိပ္ပာယ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သြော်... ခေတ်တွေက ဟိုတုန်းကလို မဟုတ်တော့ဘူး။ ဒီခေတ်မိန်းမတွေဟာ တို့ခေတ်က မိန်းမတွေနဲ့ မတူတော့ဘူးကွယ့်"

"ဘာပြုလို့လဲ"

"တို့ခေတ်တုန်းကဆိုရင် ယောကျ်ားတစ်ယောက်ဟာ သူ့မယားကို အိမ်မှာ စိတ်ချလက်ချ ထားခဲ့လို့ရတယ်ဟ။ အိမ်မှာထားခဲ့လို့လည်း ဘာပြဿနာမှမပေါ်ဘူး။ အိမ်ပြန်တဲ့အခါ သူ့မယားနဲ့ ပြန်တွေ့ကြတာပဲ။ အင်း... ဒီခေတ်မှာကတော့..."

"ဒီခေတ်မှာကော ဘာဖြစ်နေလို့လဲ"

"အင်း... ဒီခတ်မှာတော့ ဟိုတုန်းကနဲ့မတူပါဘူး။ အေး... အေး ငါ့ခြင်းတောင်းကို ပေးတော့။ မင်းကို ကျေးဇူးတင်ပါသကွယ်"

သာယာလှတဲ့မနက်ခင်းမှာ ခံစားလာရတဲ့ ရွှင်လန်းချမ်းမြေ့မှုဟာ တစ်မျိုးဖြစ်သွားပြီ။ ကျုပ်တစ်ကိုယ်လုံး အဆိပ်မိသလို ဖြစ်လာရတယ်။ ကျုပ်က ခြင်းတောင်းကလေးကို မပေးဘဲ ဘေးဖယ်ထားလိုက်ပြီး သူ့ကိုပြောတယ်။

"ခင်ဗျား ကျုပ်နားလည်အောင် ရှင်းမပြရင် ခင်ဗျားရဲ့ ခြင်းတောင်းကို ကျုပ်မပေးဘူး။ အခု ခင်ဗျားပြောနေတဲ့အထဲမှာ ကျုပ်မိန်းမ ဖီလိုမီနာက ဘယ်လိုပတ်သက်ပြီး ပါလာသလဲ"

"ငါလည်း အသေအချာသိတာတော့ မဟုတ်ပါဘူး"လို့ သူကပြန်ပြောတယ်။

"ဒါပေမယ့် ကြိုတင်သတိပေးထားရင် ကြိုတင်ကာကွယ်နိုင်တာပေါ့ကွယ်"

"ကျုပ်ကိုပြောပါ"လို့ ကျုပ်က ဒေါသတကြီးနဲ့ အော်လိုက်မိတယ်။

"ဖီလိုမီနာ ဘာလုပ်နေသလဲ"

"အေဒါဂျီဆာကို သွားမေးကြည့်ပါ"လို့ သူက ပြန်ပြောတယ်။ ဒီတစ်ခါတော့ သူက ကျုပ်လက်ထဲက ခြင်းတောင်းကို ဖျတ်ခနဲ ဆွဲလုပြီး ကျုပ်အနားက လစ်ထွက်သွားတယ်။ သူလျှောက်သွားနေပုံကလည်း မြန်သလားမမေးနဲ့။ ပြေးနေသလားလို့ အောက်မေ့ရတယ်။

အဲဒီအချိန်မှာ ကျုပ် ဆိုင်ဘက်ကို ပြန်သွားလို့တော့ မဖြစ်နိုင်သေးဘူး။ ဒါကြောင့်မို့ ကျုပ် အေဒါဂျီဆာကို သွားတွေ့ဖို့ ထွက်လာခဲ့တယ်။ ကံအားလျော်စွာပဲ သူနေတာက ကိုရီနာရီရပ်ကွက်ထဲမှာပဲ နေတာ။ အေဒါဂျီဆာဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ ဖီလိုမီနာတို့ မတွေ့ခင်က ကျုပ်နဲ့ လက်ထပ်ဖို့ စေ့စပ်ထားတဲ့ မိန်းမ ပေါ့။

အေဒါဂျီဆာဟာ အခုထက်ထိ အပျိုကြီးတစ်ယောက် ဘဝနဲ့ အရိုးထုတ် နေတုန်းပဲ။ အခုကိစ္စမှာ ဖီလိုမီနာအကြောင်းကို မဟုတ်က ဟုတ်က လုပ်ကြံ ဇာတ်ခင်းတာဟာ သူပဲဖြစ်ရမယ်လို့ ကျုပ် သံသယဖြစ်နေတယ်။ ကျုပ်ဟာ လေးထပ်အထိ တက်သွားပြီး သူ့အခန်းတံခါးကို လက်သီးနဲ့ တစ်အားထုတယ်။ ကျုပ်ဒေါသတကြီးနဲ့ ထုနေတုန်းမှာပဲ အထဲက သူက တံခါးကို ကသောကမျော ဖွင့်လိုက်တော့ ကျုပ်ရဲ့လက်သီးတစ်ချက်ဟာ သူ့မျက်နှာကို ထုမိသွားတယ်။ သူဟာ အင်္ကျီလက်တွေကို လိပ်တင်ထားတယ်။ သူ့လက်ထဲမှာလည်း တံမြက်စည်း တစ်ချောင်း ကိုင်ထားတယ်။

"ဘာလဲ ဂျီနို၊ ဘာကိစ္စရှိလို့လဲ"လို့ သူက သံပြတ်နဲ့မေးတယ်။

အေဒါဂျီဆာဟာ ခပ်သေးသေး၊ ခပ်ညှက်ညှက် မိန်းမတစ်ယောက်ပါ။ ဆွဲဆောင်မှုရှိပေမယ့် ခေါင်းက တော်တော်ကြီးတယ်။ ပြီးတော့ မေးစေ့ကလည်း ခပ်ကြီးကြီး။ စိတ်တိုနေတဲ့ ကျုပ်ကတော့ သူ့မျက်နှာကို ဂရုစိုက်ပြီး ကြည့်မနေ တော့ဘူး။

"ဘယ်လိုလဲဟေ့၊ ငါ ဆိုင်ရောက်နေချိန်မှာ ငါ့မိန်းမက အိမ်ကနေပြီး မလုပ်သင့်တာတွေ လုပ်နေတယ်လို့ လျှောက်ပြောနေတာ နင်ပဲမဟုတ်လား"လို့ ကျုပ်ကမေးလိုက်တယ်။

သူကလည်း ဒေါသခိုးတွေ ထွက်နေတဲ့ မျက်လုံးတွေနဲ့ ကျုပ်ကို စူးစူး ဝါးဝါးကြည့်နေရာက...

"ရှင်လိုချင်တဲ့ မိန်းမက ဖီလိုမီနာမဟုတ်လား။ အဲဒီဖီလိုမီနာကို ရှင် ရနေပြီမဟုတ်လား"လို့ ပြန်ပြောတယ်။

ကျုပ်က သူ့နားကပ်သွားပြီး သူ့လက်မောင်းကို ဆုပ်ကိုင်လိုက်တယ်။ ဒါပေမယ့် ကျုပ် သူ့လက်ကို ချက်ချင်း ပြန်လွှတ်လိုက်ရတယ်။ ဘာ့ကြောင့် လဲဆိုတော့ သူ့မျက်လုံးအကြည့်က ကျုပ်အပေါ် မျှော်လင့်ချက်တစ်ခုခုထား နေတဲ့အကြည့်မျိုး ဖြစ်သွားလို့။

"ဒါဆိုရင် ဒီကိစ္စဟာ နင့်လက်ချက်ပဲ မဟုတ်လား"

"ကျွန်မမဟုတ်ဘူး။ ကျွန်မက တစ်ဆင့်စကား ကြားခဲ့တာတွေကို ပြန်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ဘယ်သူကပြောသလဲ"

"ဂျီယန်နီနာ"

ကျုပ် သူ့ကို ဘာမှပြန်မပြောဘဲ ချာခနဲလှည့်ထွက်လာခဲ့တယ်။ အခုဆိုရင် ကျုပ်ရင်ထဲမှာ မီးတောက်စပြုနေပြီ။ ဖီလိုမီနာက ကျုပ်ကိုလှည့်စားတာဖြစ်နိုင်ပါ့မလား။ သူနဲ့ကျုပ် လက်ထပ်ပြီးတဲ့နောက် သုံးနှစ်အတွင်းမှာ သူ့ရဲ့ဆက်ဆံပုံတွေဟာ ကျုပ်အပေါ် အတော်ချစ်တဲ့ပုံ ရှိနေတာပဲ။

မနာလိုဝန်တိုစိတ်ဟာ တော်တော်ဆိုးပါလားဗျာ။ ဖီလိုမီနာက ကျုပ်အပေါ်ချစ်တယ်လို့ ယူဆထားတဲ့ အချက်တွေဟာ အခုဆိုရင် ဖီဒီနဲ့ အေဒါဂျီနာတို့ရဲ့ စကားတွေကြောင့် တစ်မျိုးဖြစ်ကုန်ပြီ။ ဖီလိုမီနာက ကျုပ်အပေါ် ချစ်လေဟန်၊ ကြင်နာလေဟန် ပြုခဲ့ ပြောခဲ့သမျှတွေဟာ သစ္စာဖောက်ချင်လို့ လုပ်တာပဲလို့ ကျုပ်စိတ်ထဲက ထင်လာပြီ။

အင်း… ဂျီယန်နီနာဟာ ဒီလမ်းထဲက ဆိုင်တစ်ဆိုင်မှာ ငွေကိုင်လုပ်နေရတာပဲ။ သူကတော့ အသားဖြူဖြူ၊ ဆံပင်နုနု၊ မျက်စိပေါက်ကျဉ်းကျဉ်းနဲ့ တရုတ်မလိုလို ဘာလိုလို မျက်နှာပေါက်မျိုးရှိတယ်။ ဆိုင်ထဲရောက်သွားတော့ ကျုပ်က သူ့အနား သွားရပ်ပြီး နှစ်ကိုယ်ကြားလေသံနဲ့…

"ငါ အိမ်မှာမရှိရင် ငါ့မိန်းမ ဖီလိုမီနာက တခြားယောကျ်ားတွေကို လက်ခံနေတယ်လို့ လုပ်ကြံပြီး လျှောက်ပြောနေတာ နင်လား"လို့ မေးလိုက်တယ်။

အဲဒီအချိန်က သူ့အနားမှာ ဈေးဝယ်တစ်ယောက်ရှိနေတယ်။ သူက 'ကော်ဖီနှစ်ခွက်'လို့ အော်လိုက်ပြီးမှ ကျုပ်ကို တိုးတိုးပြန်မေးတယ်။

"ဂျိနိုရယ် ကျွန်မက ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်း ဖီလိုမီနာအကြောင်းကို လုပ်ကြံပြီး ပြောလိမ့်မယ်လို့ ရှင်ထင်နေသလား"တဲ့။

"ဒါဆိုရင် ဟို အေဒါဂျီဆာဆိုတဲ့ ကောင်မ အိပ်မက်မက်တာဖြစ်မယ်"

"မဟုတ်ဘူး။ မဟုတ်ဘူး"လို့ သူက ကြားဖြတ်ပြောတယ်။

"သူလည်း အိပ်မက်မက်တာ မဟုတ်ဘူး။ ကျွန်မကလည်း သူများဆီက ကြားတာကို ပြန်ပြောတာ"

"ဩော်… အတော့်ကို ကရုဏာတရားရှိတဲ့ သူငယ်ချင်းတစ်ယောက်ပါလား"လို့ ကျုပ်က မလိုတမာသံနဲ့ ရေရွတ်လိုက်တယ်။

"ဒါပေမယ့် ကျွန်မပြောခဲ့ပါတယ်။ ကိုယ်တော့ မယုံဘူးကွာလို့

www.burmeseclassic.com

www.burmeseclassic.com



အေဒါဂျီဆာက အဲဒီစကား ရှင့်ကိုမပြောလိုက်ဘူးလား"

"ကဲ... ဒါဆိုရင် နင့်ကို အဲဒီအကြောင်း လာပြောတာ ဘယ်သူလဲ"

"ဗင်ဆင်ဇီနီ လာပြောတာ။ သူကိုယ်တိုင် အဝတ်လျှော်ဆိုင်ကနေ ကျွန်မဆီ အထိလာပြီး ပြောသွားတာ"

ကျုပ် သူ့ကိုနှုတ်ဆက်ဖို့တောင် သတိမရဘူး။ ဆိုင်ထဲကထွက်လာပြီး အဝတ်လျှော်ဆိုင်ကို တန်းသွားတယ်။ လမ်းပေါ်က ကြည့်လိုက်ရုံနဲ့ စားပွဲလွတ်တစ်လုံးနားမှာရပ်ပြီး မီးပူစက်ကို လက်နှစ်ဖက်နဲ့ ဖိပေးနေတဲ့ ဗင်ဆင်ဇီနီကို မြင်ရတယ်။

ဗင်ဆင်ဇီနီဟာ ပိန်ပိန်သေးသေး ကောင်မလေးပါ။ မျက်နှာက ရှုံ့တွတွနဲ့။ ကြောင်တစ်ကောင်မျက်နှာနဲ့ တူတယ်။ အသားကလည်း မည်းတယ်။ လူကတော့ ခပ်သွက်သွက်အစားထဲကပါ။ ကျုပ် သိပါတယ်။ သူကလည်း ကျုပ်ကို သဘောကျနေတာဗျ။ အဲဒီတော့ ကျုပ်က အပြင်ကနေပြီး လက်ယပ်ပြလိုက်တာနဲ့ တစ်ပြိုင်နက် မီးပူစက်ကို ထားပစ်ခဲ့ပြီး ကျုပ်ဆီ ရောက်လာတာပဲ။

"ဂျိုနီရယ် ရှင့်ကို တွေ့လိုက်ရတာ သိပ်ကို ဝမ်းသာသွားတာပဲ" တဲ့။ သူ့အသံက မျှော်လင့်ချက်ထားနေတဲ့ လေသံအပြည့်ပါနေတယ်။

"ငါ ဆိုင်ထွက်နေတုန်းမှာ ငါ့မိန်းမ ဇီလိုမီနာက တခြားယောကျ်ားတွေကို အိမ်မှာ လက်ခံနေတယ်လို့ နင်လျှောက်ပြောနေတယ်ဆို။ အဲဒါအမှန်ပဲလား"လို့ ကျုပ်ကမေးတယ်။

သူက သူ့ရဲ့ ခါးစည်းအိတ်ကပ်တွေထဲ လက်နှုက်ပြီး ဟိုယိမ်းသည်နွဲ့လုပ်နေရာက မျက်စိပျက် မျက်နှာအပျက်ပျက်နဲ့ ပြန်မေးတယ်။

"သူ အဲသလိုလုပ်နေရင်ကော ရှင်က အရေးထားနေမှာပဲလား"တဲ့။

"ငါမေးတာသာဖြေပါ"လို့ ကျုပ်က ထပ်ပြောတယ်။

"ဒီသတင်းကို လုပ်ကြံပြီး ပြောနေတာ နင်ပဲမဟုတ်လား"

"ဟား... ရှင်က အတော့်ကို သဝန်ကြောင်နေတာကိုး"လို့ သူက ပခုံးတွေကိုတွန့်ပြီးပြောတယ်။

"ကျွန်မကတော့ မိန်းမတစ်ယောက်မှာ သူ့မိတ်ဆွေယောကျ်ားတစ်ယောက်နဲ့ ခဏတစ်ဖြုတ် စကားပြောခွင့်ရှိတယ်လို့ နားလည်ထားတာပဲ"

"ဒါဆိုရင် ဒီကိစ္စမှာ နင်ဟာ..."

"ဟုတ်ပါတယ်။ ရှင့်အတွက်တော့ ကျွန်မ စိတ်မကောင်းပါဘူး"လို့

www.burmeseclassic.com

www.burmeseclassic.com



သူကပြောတယ်။

"ကျွန်မက ရှင့်မိန်းမအကြောင်းကို ဘာ့ကြောင့် လုပ်ကြံပြီး ပြောရမှာလဲ။ ကျွန်မအနေနဲ့ ဘာမှမလုပ်ကြံပါဘူး။ ကျွန်မကို ဒီအကြောင်းပြောပြခဲ့တာက အင်္ဂနီးစ်ပဲ။ သူက အဲဒီလူရဲ့နာမည်ကိုတောင် သိတယ်"

"ဒီလိုဆို သူ့နာမည်က ဘယ်သူတဲ့လဲ"

"အင်္ဂနီးစ်ဆီ သွားမေးတာ အကောင်းဆုံးပဲ"

ဒီတစ်ခါတော့ ကျုပ်အဖို့ သေချာသွားပြီ။ ဖီလိုမီနာ ကျုပ်ကို လှည့်စားနေတာဟာ သေချာသွားပြီ။ အခုဆို သူလက်ခံနေတဲ့ အကောင်ရဲ့နာမည်ကိုတောင်မှ ကျုပ် သိလာရပြီ မဟုတ်လား။ ကျုပ်အနေနဲ့ ကိုယ့်နားကိုယ်တောင် မယုံနိုင်အောင်ဖြစ်ရတယ်။ ကျုပ်မိန်းမ ဖီလိုမီနာ တခြားယောကျာ်းတစ်ယောက်နဲ့ တွဲနေသတဲ့။ ကောင်းလေရောပေါ့ဗျာ။

ကျုပ်ဟာ အင်္ဂနီးစ်ရဲ့ ဆေးလိပ်ဆိုင်ထဲကို ဝင်သွားပြီး လက်ထဲကပိုက်ဆံကို ကောင်တာပေါ် ပစ်ချလိုက်တယ်။

"ဆေးလိပ်နှစ်လိပ်ပေး"လို့လည်း ပြောလိုက်တယ်။

အင်္ဂနီးစ်ဟာ အသက်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်။ ခြောက်သယောင်းနေတဲ့ ဆံပင်တွေက သူ့ခေါင်းပေါ်မှာ ထိုးထိုးထောင်ထောင် ဖြစ်နေတယ်။ မျက်နှာကလည်း ပွတတ၊ ဖောတောတော။ အသားအရေကလည်း ဖြူရော်ရော်ဖျော့တော့တော့။ လုံးဝ အရောင်အဆင်းမရှိသလိုဘဲ။ သူ့မျက်နှာကို ပန်းရောင်ပေါင်ဒါမှုန့်တွေ ဖို့ထားတယ်။

ကျုပ်တို့ ကိုရိုနာရီရပ်ကွက်ထဲက လူတိုင်းလိုလို သူ့အကြောင်း ကောင်းကောင်းသိတယ်။ ကျုပ်လည်းပဲ သိတာပေါ့။ ဒီကောင်မလေးဟာ ငွေအတော်မက်တာဗျ။ သူက စီးကရက် လှမ်းအပေးမှာ ကျုပ်က သူ့ဘက်ကို ကုန်းလိုက်ပြီး...

"ငါ့ကိုပြောစမ်း။ သူ့နာမည် ဘယ်သူလဲ"လို့ မေးလိုက်တယ်။

သူက အံ့အားသင့်သွားတဲ့ မျက်နှာနဲ့ ကျုပ်ကို မော့ကြည့်ပြီး...

"ဘယ်သူ့နာမည်လဲ"လို့ ပြန်မေးတယ်။

"ငါ့မိန်းမနဲ့ တွဲနေတဲ့ကောင်ရဲ့ နာမည်လေ"

သူက ထိတ်လန့်ကြောက်ရွံ့နေတဲ့ မျက်နှာထားနဲ့ ကျုပ်ကိုကြည့်နေတယ်။ အဲဒီအချိန်က ကျုပ်မျက်နှာဟာ ကြောက်စရာကောင်းလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ဆိုးနေတဲ့ပုံ ပေါ်တယ်ဗျ။

"ကျွန်မ ဘာမှမသိဘူး"လို့ သူကပြောတယ်။

ကျုပ် ကြိုးစားပြီး ပြုံးလိုက်တယ်။

"ကဲ... ငါ့ကိုပြောပါ"လို့ ထပ်မေးတယ်။

"အခုဆိုရင် လူတိုင်းသိနေကြပြီ။ သူ့နာမည်ကို မသိတဲ့လူဆိုလို့ ငါ တစ်ယောက်တည်းပဲ ရှိတော့တယ်"

သူက ကျုပ်ကို မျက်လုံးကြီးတွေပြူးပြီးကြည့်နေရာက ခေါင်းတခါခါ လုပ်နေတယ်။ ဒါကြောင့်မို့ ကျုပ်က ဆက်ပြောတယ်။

"ကဲကွာ ငါပြောမယ်။ မင်း ငါ့ကိုသူ့နာမည် ပြောပြရင် ငါက မင်းကို ဒီဟာပေးမယ်"

ပြောပြောဆိုဆို အိတ်ကပ်ထဲက တစ်ထောင်တန် လီယာငွေစက္ကူတစ်ရွက် ဆွဲထုတ်ပြီး ပြလိုက်တယ်။

ငွေစက္ကူကိုလည်း မြင်ရော အဂ္ဂနီးစ်ဟာ ဂနာမငြိမ်တော့ဘူး။ လှုပ်ရှလှုပ်ရှဖြစ်လာတယ်။ ကျုပ်က သူ့ကိုချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့လို့ ပြောလိုက်တာကျနေတာပဲ။ သူ့နှုတ်ခမ်းတွေဟာလည်း ရွစိရွစိ ဖြစ်လာတယ်။ ချက်ချင်းပဲ ပတ်ဝန်းကျင်ကို တစ်ချက်ဖေ့ကြည့်လိုက်ပြီး ကောင်တာပေါ် ရောက်နေတဲ့ ငွေစက္ကူပေါ် လက်လှမ်းလိုက်တယ်။ ပြီးတော့ အသံတိုးတိုးနဲ့ 'မာရီယို'လို့ ပြောတယ်။

"ဒီအကြောင်းကို မင်းဘယ်လိုလုပ်ပြီး သိတာလဲ"

"ရှင်နေတဲ့ တိုက်ခန်းတံခါးစောင့်ဆီက သိတာ"

ဒီတက်ခိုင်လုံတာကတော့ မရှိနိုင်တော့ဘူး။ အခုဆိုရင် ကျုပ်တို့နေတဲ့ အဆောက်အအုံထဲက ထွက်လာတဲ့ သတင်းဆိုတာ သိရပြီ။ ကျုပ်ဟာ ဆေးလိပ်ဆိုင်က ပြန်ထွက်လာခဲ့ပြီး အိမ်ဘက်ကို သုတ်ခြေတင်တယ်။ ဆေးလိပ်ဆိုင်နဲ့ ကျုပ်တို့တိုက်ခန်းက သိပ်မှမဝေးဘဲ။

တစ်လမ်းလုံး ကျုပ်ဟာ 'မာရီယို'ဆိုတဲ့ နာမည်ကို စိတ်ထဲက ကျိတ်ပြီး ရေရွတ်လာတယ်။ ကျုပ်သိတဲ့ မာရီယိုတွေဟာ ကျုပ်ရဲ့မျက်စိထဲမှာ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာနေတယ်။ နွားနို့သည် မာရီယို။ လက်သမား မာရီယို။ ကုန်စိမ်းသည် မာရီယို။ တပ်က ထွက်လာပြီး အခု အလုပ်လက်မဲ့ဖြစ်နေတဲ့ စစ်သားဟောင်း မာရီယို။ ဝက်သတ်သမားရဲ့သား မာရီယို။ မာရီယို...

www.burmeseclassic.com

www.burmeseclassic.com



မာရီယို၊ ဟား… မာရီယိုတွေက အများကြီးပဲ။ ခြုံပြီးတွက်ကြည့်မယ်ဆိုရင် ရောမတစ်မြို့လုံးမှာ မာရီယိုတစ်သန်းလောက်ရှိမှာဆိုတော့ ကျုပ်နေတဲ့ ကိုရိုနာရီ ရပ်ကွက်ထဲမှာ အနည်းဆုံး မာရီယိုတစ်ရာတော့ရှိမှာပဲ။

ကျုပ်ဟာ ကျုပ်တို့အခန်းရှိရာ အဆောက်အအုံထဲကို ဝင်လာခဲ့တယ်။ တံခါးစောင့် အခန်းကလေးဆီကို တန်းသွားတယ်။ အစောင့်မိန်းမကြီးက အသက်ကြီးလှပြီ။ ဖိဒီနဲ့ သက်တူရွယ်တူလောက်ပဲ။ မိန်းမကြီးဟာ သူ့အစောင့် ခန်းကလေးထဲမှာ ထိုင်ပြီး သူ့ခြေထောက်တွေကို မီးကင်နေတယ်။ ကျုပ်က အပေါက်က ခေါင်းပြူလိုက်ပြီး…

"ကျုပ် အပြင်သွားတိုင်း ကျုပ်မိန်းမက မာရီယိုဆိုတဲ့ကောင် တစ်ကောင်ကို လက်ခံနေတယ်ဆိုတာ ခင်ဗျားထွင်လိုက်တဲ့ ဇာတ်လမ်းမဟုတ် လား"လို့ သူ့ကို လှမ်းမေးလိုက်တယ်။

မိန်းမကြီးအနေနဲ့ စိတ်ဆိုးသွားပုံရတယ်။ ချက်ချင်း ပြန်ဖြေတယ်။

"ဘယ်သူမှ ထွင်တဲ့ဇာတ်လမ်း မဟုတ်ဘူးဟဲ့။ နင့်မိန်းမကိုယ်တိုင် က ပြောတာ"တဲ့။

"ဘာဗျ။ ဖီလိုမီနာကိုယ်တိုင်ကပြောတာ ဟုတ်လား"

"အေး ဟုတ်တယ်။ သူကိုယ်တိုင် ငါ့ကိုပြောတာ"

"ကျွန်မဆီကို မာရီယိုလို့ခေါ်တဲ့ လူငယ်တစ်ယောက် လာလာပြီး တွေ့နေတယ်။ တကယ်လို့ အိမ်မှာ ဂျီနိုရှိနေတုန်း အဲဒီ မာရီယိုရောက်လာရင် အခန်းကို တက်မသွားဖို့ ပြောပေးပါ။ ဂျီနို အိမ်မှာ မရှိတဲ့အခါမှာတော့ ကျွန်မဆီ လွှတ်ပေးလိုက်ပါ"တဲ့။ သူက အဲသလိုပြောထားတာပဲ။ အခုတောင် မှ သူ့အခန်းထဲမှာ ရှိနေတယ်"

"အခု သူရှိနေသလား"

"သိပ်ရှိတာပေါ့၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ တက်သွားတာ"

ကဲ… တွေ့လား။ မာရီယိုဆိုတာ နာမည်သာရှိတာ မဟုတ်ဘူးဗျ။ အခု လောလောဆယ်မှာကို ဖီလိုမီနာနဲ့အတူ အခန်းထဲမှာရှိနေပြီး ရောက်နေတာ တစ်နာရီတောင်ရှိနေပြီ။

ကျုပ် လှေကားကို ပြေးတက်ခဲ့တယ်။ တတိယထပ် ရောက်တဲ့အထိ မောကြီးပန်းကြီး တက်လာခဲ့တာ။ အခန်းရှေ့လည်း ရောက်ရော အခန်းတံခါးကို ခေါက်လိုက်တယ်။ ဖီလိုမီနာက လာဖွင့်ပေးတယ်။ သူ့မျက်နှာပေါ်က အလန့်

www.burmeseclassic.com



တကြားဖြစ်နေတဲ့ အရိပ်အငွေ့ကို ကျုပ်ချက်ချင်း သတိထားမိတာပေါ့ဗျာ။

"ကဲ... ဘယ်လိုလဲ"လို့ ကျုပ်က ပြောလိုက်တယ်။

"ငါ အိမ်မှာမရှိတဲ့အချိန်ကျရင် မင်းမာရီယိုက မင်းနဲ့တွေ့ဖို့ရောက်လာရော ဆိုပါတော့၊ ဟုတ်လား"

"ဘာ... ဘာပြောတယ်"လို့ သူက ရေရွတ်တယ်။

"ငါ အားလုံးသိပြီးပြီဟေ့"လို့ ကျုပ်က ကြုံးပြီးအော်လိုက်တယ်။ ပြီးတော့ ကျုပ်က အခန်းထဲဝင်ဖို့ ဟန်ပြင်လိုက်တယ်။ သူက ရှေ့ကနေ ကာပေးပြီး...

"အေးအေးဆေးဆေးလုပ်ပါ ဂျီနိုရယ်။ ရှင့်မှာ ဘာထိခိုက်လို့လဲ။ ခဏလောက်နေမှ ပြန်လာခဲ့ပါလားကွယ်"လို့ ပြောတယ်။

ဒီစကားကြားတော့ ကျုပ်ဟာ ကျုပ်စိတ်ကိုယ်ကျုပ် မထိန်းနိုင်တော့ဘူး။ သူ့ပါးကို တစ်ချက် ပိတ်ရိုက်လိုက်ပြီး...

"ငါ့ကို ဘာထိခိုက်လို့လဲတဲ့။ ဒီကိစ္စဟာ ငါ့ကို မထိခိုက်ဘူးလို့ မင်းက ထင်နေသလား"လို့ အော်ပြောလိုက်တယ်။ ပြီးတော့ သူ့ကိုတစ်အားဆောင့်တွန်းလိုက်ပြီး မီးဖိုခန်းထဲကို ပြေးဝင်ခဲ့တယ်။

ဟုတ်ပါတယ်။ မိန်းမတွေကို အတင်းအဖျင်းပြောလာအောင် လုပ်ခဲ့တဲ့မကောင်းဆိုးဝါး မာရီယိုဟာ မီးဖိုခန်းထဲမှာထိုင်ပြီး ကော်ဖီသောက်နေပါတယ်။ ဒါပေမယ့် လက်သမား မာရီယိုလည်း မဟုတ်ဘူး။ ကုန်စိမ်းသည် မာရီယိုလည်း မဟုတ်ဘူး။ ဝက်သတ်သမားရဲ့သား မာရီယိုလည်း မဟုတ်ဘူး။ ကျုပ် အိမ်အပြန်လမ်းမှာ တွေးလာတဲ့ မာရီယိုတွေထဲက တစ်ယောက်မှ မဟုတ်ဘူး။ ဒီမာရီယိုက ဖောက်ထွင်းမှုနဲ့ ထောင်နှစ်နှစ်ကျသွားခဲ့တဲ့ ကျုပ်မိန်းမရဲ့မောင် မာရီယိုဗျာ။

မာရီယိုထောင်ကလွတ်လာမယ့်ရက်ကို သိနေတဲ့ကျုပ်က ကျုပ်မိန်းမကို...

"မင်း သတိထားနော်။ မင်းမောင်ကို ငါ့အိမ်မလာစေနဲ့။ ငါ သူ့နာမည်ကိုတောင် မကြားချင်ဘူး"လို့ ပြောထားခဲ့တယ် မဟုတ်လား။ ကျုပ်မိန်းမခမျာ သနားစရာပါ။ သူခိုးဖြစ်နေပေမယ့် သူ့မောင်ကို ချစ်ရှာလွန်းလေတော့ ကျုပ်အိမ်မှာမရှိခိုက် လက်ခံပြီး တွေ့နေရတာကိုး။

ဒေါသူပုန်ထနေတဲ့ ကျုပ်ကို မြင်လိုက်တော့ မာရီယိုဟာ ထိုင်ရာကနေ ထရပ်လိုက်တယ်။ ကျုပ်ကလည်း အသက်တောင် မှန်မှန်မရှူနိုင်ဘဲ "ဟေ့...

www.burmeseclassic.com

www.burmeseclassic.com



မာရီယို”လို့ ဝမ်းသာအယ်လဲ နှုတ်ဆက်လိုက်တယ်။

“စိတ်မပူပါနဲ့။ အခုပဲ ကျွန်တော်သွားပါ့မယ်။ ဘယ်လိုဖြစ်နေကြတာလဲ မသိပါဘူးဗျာ။ လူတွေက ကျွန်တော့်ကို ပလိပ်ရောဂါဖြစ်နေတဲ့လူလို့ ထင်နေကြဟန် တူပါရဲ့”တဲ့။

အိမ်ရှေ့ဘက်က ဗီလိုမီနာရဲ့ ငိုသံကို ကျုပ် ကြားနေရတယ်။ ကျုပ် လုပ်ခဲ့မိတဲ့အတွက် ရှက်စိတ်ဝင်လာတယ်။

“မဟုတ်ဘူး၊ မဟုတ်ဘူး မင်းနေပါ။ နေလို့ရပါတယ်ကွာ”လို့ ကျုပ်က ပြောလိုက်မိတယ်။

“ဒီနေ့တစ်နေ့တော့ မင်းနေပါ။ ရပါတယ်။ ညစာ စားသွားဦးပေါ့”လို့လည်း ထပ်ပြောလိုက်မိသေးတယ်။ အဲဒီတုန်းမှာ ဗီလိုမီနာဟာ မီးဖိုခန်းတံခါးဝမှာ လာရပ်တယ်။ သူ့မျက်ရည်တွေကို သုတ်နေတယ်။ ကျုပ်က သူ့ဘက်လှည့်ပြီး…

“ဘယ့်နှယ့်လဲ ဗီလိုမီနာ။ မောင်ပြောတာ ဘယ်လိုသဘောရသလဲ။ မာရီယို ညစာစားမယ်ဆိုရင် အဆင်ပြေတယ်မဟုတ်လား”လို့ မေးလိုက်တယ်။

ကျုပ်အနေနဲ့ အခြေအနေကို အကောင်းဆုံးပြန်ဖြစ်အောင် လုပ်ပါတယ်။ အဲဒီနောက်မှာ ဗီလိုမီနာကို အိပ်ခန်းထဲ ခေါ်သွားပြီး မွှေးမွှေးပေးလိုက်ပါတယ်။ ကျုပ်တို့နှစ်ယောက် ငြိမ်းချမ်းရေးရသွားပါပြီ။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ တစ်ခုကတော့ ကျန်သေးတယ်။ တခြားမဟုတ်ဘူး။ အတင်းအဖျင်းပြောတဲ့ ကိစ္စ။

တစ်ခဏလောက်တော့ ကျုပ် ချီတုံချတုံဖြစ်ပြီး စဉ်းစားနေမိသေးတယ်။ နောက်တော့ မာရီယိုဘက်လှည့်ပြီး…

“ကဲ… လာကွာ မာရီယို။ အလုပ်ရုံကိုသွားကြရအောင်။ အလုပ်ရှင်က မင့်ကို အလုပ်တစ်ခုပေးချင်ပေးမှာပါ”လို့ ပြောလိုက်တယ်။ မာရီယိုဟာ ကျုပ်နောက်က လိုက်လာတယ်။ ကျုပ်တို့နှစ်ယောက် လှေကားကအဆင်းမှာ ကျုပ်က ထပ်ပြောတယ်။

“မင်း ဒီရောက်နေတာကို ဘယ်သူမှ မသိဘူးကွ။ ပြီးခဲ့တဲ့နှစ်တွေတုန်းက မင်းဟာ မီလန်မှာ အလုပ် လုပ်နေတယ်လို့ပြောပေါ့ကွာ ဟုတ်လား”

“ဟုတ်ကဲ့”

ကျုပ်တို့ အောက်ထပ်ကိုရောက်တော့ တံခါးစောင့် မိန်းမကြီးဆီ အရင်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားတယ်။ ကျုပ်က မာရီယိုရဲ့ လက်မောင်းကိုဆွဲပြီး မိတ်ဆက်ပေးလိုက်တယ်။

"ဒီဟာ မာရီယိုတဲ့။ ကျွန်တော့်ယောက်ဖလေ။ သူ မီလန်က ပြန်ရောက်လာတာ မကြာသေးဘူး။ အခု ကျွန်တော်တို့နဲ့နေတော့မှာ"

"တွေ့ရတာ အများကြီးဝမ်းသာပါတယ်ကွယ်"တဲ့။

အမှန်တော့ မာရီယိုနဲ့ တွေ့ရလို့ ဝမ်းအသာဆုံးဖြစ်နေရတာက ကျုပ်ပါလို့ အပြင်လမ်းမပေါ် ထွက်လာမိတဲ့အခါမှာ ကျုပ် တွေးမိတယ်။ ဒီမိန်းမတွေရဲ့ အတင်းအဖျင်းပြောမှုတွေကြောင့် ကျုပ်မှာ လီယာတစ်ထောင် အလဟဿဆုံးရှုံးခဲ့ရတယ်။ ဒါတင်မကသေး အခုဆိုရင် လီယာတစ်ထောင် အကုန်ခံလိုက်ရတဲ့အတွက် သူခိုးတစ်ယောက် အိမ်ထဲရောက်နေပြီပေါ့ဗျာ။

*

www.burmeseclassic.com

www.burmeseclassic.com

# ရွှေယောက်ဖ

ကျုပ်ယောက်ဖ "ရေမွန်ဒို"ဆိုတဲ့ အကောင်နဲ့ ပတ်သက်လာရင် ကိစ္စတစ်ခုဟာ ဘယ်တော့မှ အဆင်မချောဘူး။ အခုလိုအဖြစ်မျိုးတွေနဲ့ အဆုံးသတ်ရတာချည်းပဲ သိလား။ ကျုပ်အစ်မအတွက်တော့ ကျုပ်စိတ်မကောင်းဖြစ်မိတာ အမှန်ပဲ။ ဒါပေမယ့်ဗျာ ဒီကိစ္စက ကျုပ်အပြစ်မှမဟုတ်တာ။ ကျုပ်က ဘာတတ်နိုင်မှာလဲ။

အဖြစ်က ဒီလိုဗျ။ အဲဒီနေ့မနက်က နေကလည်း တော်တော်ပူတယ်။ ကျုပ်ဟာ ရေကူးဝတ်စုံနဲ့ မျက်နှာသုတ်ပဝါကို အဝတ်တစ်ခုနဲ့ထုပ်ပြီး ကျုပ်ရဲ့စက်ဘီးလက်ကိုင်မှာ ချည်လိုက်တယ်။ ပြီးတော့ စက်ဘီးကိုထမ်းပြီး လှေကားဆီကို ယူလာခဲ့တယ်။ ဘယ်သူမှမမြင်အောင် အိမ်ထဲက အသာကလေး လစ်ထွက်ပြီး "ဩစတီးယား"ဘက် သွားမယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့။

ဒါပေမယ့် ကံက ဆိုးချင်တော့ လှေကားအဆင်းမှာ ကျုပ် ဘယ်သူနဲ့တွေ့တယ် ထင်သလဲ။ ဘယ်သူရှိရမှာလဲ၊ ဟိုအကောင် ကျုပ်ယောက်ဖ ရေမွန်ဒိုပေါ့။ ကျုပ်တို့အိမ်ထဲမှာ အိပ်နေကြတဲ့လူတွေ အားလုံးထဲက သူနဲ့မှရွေးပြီး တွေ့ရတယ်ဗျာ... အံ့ရော။

သူက ကျုပ်ရဲ့အထုပ်ကို မျက်စောင်းတစ်ချက် ထိုးကြည့်ပြီး "မင်းက ဘယ်သွားဦးမလို့လဲ"လို့မေးတယ်။

"ဩစတီးယားကို သွားမလို့"

"ဘာလဲ၊ အလုပ်ကျတော့ မင်းက ဘယ်လိုလုပ်မှာလဲ"

"ဘာအလုပ်လဲ"

"သောက်ရှုးထမနေစမ်းပါနဲ့။ ဩစတီးယားကို တနင်္လာနေ့ကျမှသွား၊

www.burmeseclassic.com

www.burmeseclassic.com



အခု တို့ဆိုင်ကိုသွားကြမယ်”

တိုတိုနဲ့လိုရင်းပြောရမယ်ဆိုရင် ရေမွန်ဒိုက အရပ်ကမြင့်မြင့်၊ လူကောင်က ခပ်ထွားထွား။ ကျုပ်က ပုပုညှက်ညှက်နဲ့ ပိန်ပိန်သေးသေးလေး။ သူနဲ့ ဘယ်လိုလုပ်ပြီး ယှဉ်နိုင်မှာလဲ။ သူက ဖျတ်ခနဲ ကျုပ်လက်ထဲက စက်ဘီးကို ဆွဲလုပြီး နံရံနားက ဗီရိုကြားထဲ ထိုးထားလိုက်တယ်။ ပြီးတော့ ကျုပ်လက်မောင်းကို ဆောင့်ဆွဲပြီး လှေကားအတိုင်း တွန်းထိုးပြီး ခေါ်လာတယ်။ ပါးစပ်ကလည်း “ကဲ… သွားမယ်၊ နောက်တောင်ကျနေပြီ”လို့ ရေရွတ်လိုက်သေးတယ်။

“လုံးဝနောက်မကျသေးဘူး။ ဆိုင်မှာ လုပ်စရာအလုပ် ဘာများရှိလို့လဲ” လို့ ကျုပ်က မကျေနပ်သံနဲ့ ပြန်ပြောလိုက်တယ်။ သူက နောက်ထပ် ဘာမှ ထပ်မပြောတော့ဘူး။ သူ့မျက်နှာကြည့်ရတာ စိတ်ကောင်းဝင်နေဟန်တူပါရဲ့။ ကျုပ်ကို ဘာမှလည်း မလုပ်ဘူး။

အမှန်တော့ ရေမွန်ဒိုဟာ ကျုပ်အစ်မရဲ့ ငွေနဲ့ ဆံပင်ညှပ်ဆိုင်တစ်ဆိုင် ဖွင့်ထားတယ်။ ဒါပေမယ့် အလုပ်က သိပ်မဖြစ်ပါဘူး။ အမှန်အတိုင်းပြောရမယ်ဆိုရင် အလုပ်မဖြစ်တာမှ တော်တော့်ကို မဖြစ်တာ။ ဆိုင်မှာ သူနဲ့ကျုပ်နဲ့ နှစ်ယောက်တည်းပဲရှိတယ်။ တစ်ခါတလေ ဆိုင်ကိုဆံပင်ညှပ်ချင်တဲ့လူလာရင် ကျုပ်တို့နှစ်ယောက်စလုံး မရှိကြဘူး။ ဆိုင်စောင့်ကောင်လေး “ပါအိုလီနို”ကို ထားခဲ့ပြီး ကျုပ်တို့က အပြင်လျှောက်သွားနေကြတာက များပါတယ်။ ကောင်လေးကို ထားခဲ့ကလည်း ဓားတွေ၊ စက်ကတ်ကြေးတွေနဲ့ တခြားပစ္စည်းတွေကို လူဝင်ဆွဲသွားမှာ စိုးလို့ပါ။

ကျုပ်တို့ဟာ ခြစ်ခြစ်တောက်ပူနေတဲ့ နေရောင်အောက်မှာ ပါးစပ်တွေပိတ်ပြီး လျှောက်လာကြပါတယ်။ ဆိုင်က အိမ်နဲ့သိပ်မဝေးဘူး။ ရောမမြို့ရဲ့ ရပ်ကွက်ဟောင်းဖြစ်တဲ့ ဆီမီနာရီယို ရပ်ကွက်ထဲမှာပါ။ အမှန်တော့ဗျာ ဆိုင်နေရာ ရွေးထားတာကိုက မှားတာဗျ။ ကျုပ်တို့ဆိုင်တည်ရာ လမ်းထဲမှာက လူသွားလူလာ မရှိသလောက်ကို ပြတ်တယ်။ ရပ်ကွက်ထဲမှာကလည်း ရုံးတွေနဲ့ ဆင်းရဲသားတွေချည်းပဲ။

ဆိုင်ထဲရောက်သွားတော့ ရေမွန်ဒိုက ခန်းဆီးကို တင်လိုက်ပြီး သူ့ ဂျက်ကက်အင်္ကျီကို ချွတ်လိုက်တယ်။ ပြီးတော့ ခါးစည်းကို သူ့ကိုယ်မှာ ချည်လိုက်တယ်။ ကျုပ်ကလည်း သူလုပ်တဲ့အတိုင်း လိုက်လုပ်ရတာပေါ့ဗျာ။ ပါအိုလီနို ဆိုတဲ့ ကောင်လေးလည်း ရောက်လာတယ်။ ရေမွန်ဒိုက ချက်ချင်းပဲ တံမြက်စီး

www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်လေးလက်ထဲ ထိုးထည့်ပေးပြီး ဆိုင်ထဲမှာ အမှိုက်တစ်စမှ မရှိအောင် လှည်းပစ်ဖို့ပြောတယ်။ ပြီးတော့ ဆံပင်ညှပ်ဆိုင်တစ်ဆိုင်မှာ သန့်ရှင်းစင်ကြယ်မှုဟာ အလိုအပ်ဆုံးအရာတစ်ခုပဲလို့ ကြီးကြီးကျယ်ကျယ် ဩဝါဒပေးလိုက်သေးတယ်။

သူပြောတာမှန်ချင်လည်း မှန်ပေမပေါ့ဗျာ။ ဒါပေမယ့် အမှိုက်တွေကိုပြောင်နေအောင် လှည်းကျင်းထားရုံနဲ့တော့ သံဖြူကို ရွှေဖြစ်အောင်လုပ်လို့ရမယ် မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လမ်းကလည်း လူစည်ကားတဲ့လမ်း မဟုတ်ဘူး။ ဆိုင်ကလည်း ခပ်စုတ်စုတ် ဖြစ်နေရတဲ့အထဲမှာ ကျဉ်းကလည်း ကျဉ်းနေသေးတယ်။ ကုလားထိုင်တွေကလည်း အပေါစားတွေ။ စင်တွေကလည်း ဆေးအပြာနုရောင် သုတ်ထားပေမယ့် အစွန်းတွေ အကွက်တွေမြင်နေရတယ်။ ဆံပင်ညှပ်တဲ့ ကိရိယာ တန်ဆာပလာတွေကလည်း ဆိုင်ဟောင်းတစ်ဆိုင်က ပြန်ဝယ်ထားတာ။ ခြံထည်အဝတ်နဲ့ မျက်နှာသုတ်ပဝါတွေကလည်း ကျုပ်အစ်မက ဇာကွက်ကလေးတွေ ထိုးပေးထားပေမယ့် တစ်မိုင်လောက်အကွာက လှမ်းကြည့်ရုံနဲ့ အဟောင်းတွေမှန်း သိသာနေတယ်။

ရေမွှန်ဒိုရဲ့ အမိန့်အတိုင်း ပါအိုလီနိုဟာ ဆိုင်ထဲမှာ တံမြက်စီးလှည်းနေတယ်။ ရေမွှန်ဒိုကတော့ ကုလားထိုင်မှာ ကျောနဲ့မှီထိုင်ပြီး စီးကရက်တစ်လိပ် စသောက်နေပြီ။ တံမြက်စီးလည်း လှည်းပြီးရော ရေမွှန်ဒိုက ပါအိုလီနိုကို နှစ်ဆယ့်ငါးလီယာတစ်ပြား လှမ်းပေးပြီး သတင်းစာဝယ်ခိုင်းတယ်။ ကောင်လေးပြန်ရောက်လာလို့ သတင်းစာလည်းရရော ဆရာသမားက အားကစားသတင်းတွေကို အကျအနထိုင်ပြီး ဖတ်တာပဲ။ ထုံးစံအတိုင်း တစ်မနက်ခင်းကတော့ စပြီ။ ရေမွှန်ဒိုက ကုလားထိုင်မှာ သတင်းစာဖတ်လိုက်၊ စီးကရက်ဖွာလိုက်။ ပါအိုလီနိုက ဆိုင်အဝမှာထိုင်ပြီး ကြောင်အမြီးကို ဆွဲလိုက်၊ ပြန်လွှတ်လိုက်။ ကျုပ်ကတော့ ဆိုင်ပြင်ဘက်ထွက်ထိုင်ပြီး လမ်းမပေါ်ကိုကြည့်လိုက်၊ သက်ပြင်းချလိုက်။

ကျုပ်ပြောခဲ့တဲ့အတိုင်းပဲ လမ်းက လူအသွားအလာ အလွန်နည်းပါးတဲ့လမ်းဗျ။ ကျုပ်ထိုင်ကြည့်နေတဲ့ တစ်နာရီလောက်အတွင်းမှာ အားလုံးပေါင်း လူဆယ်ယောက်ပဲ ဖြတ်သွားသေးတယ်။ ဖြတ်သွားတဲ့လူတွေကလည်း မိန်းမတွေချည်းပဲ။ ဈေးဝယ်ပြီး ပြန်လာကြတဲ့ မိန်းမတွေပေါ့။ နောက်ဆုံးမှာ နေဟာ အိမ်ခေါင်မိုးတွေရဲ့ အထက်ကို ရောက်သွားပြီး လမ်းမပေါ်ကို နေရောင်

www.burmeseclassic.com

www.burmeseclassic.com



ခြည်တွေ ကျလာတယ်။ ကျုပ်လည်းပဲ ဆိုင်ထဲ ပြန်ဝင်ပြီး ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်တယ်။

နောက်ထပ် နာရီဝက်လောက် အချိန်ကုန်သွားပြီ။ ဆံပင်ညှပ်မယ့်လူ တစ်ယောက်မှ ရောက်မလာသေးဘူး။ ရုတ်တရက် ရေမွှန်ဒိုဟာ သူ့လက်ထဲက သတင်းစာကို ပစ်ချလိုက်တယ်။ ခြေတွေ လက်တွေကိုဆန့်ပြီး အားရပါးရ သန်းလိုက်တယ်။ ပြီးတော့ ကျုပ်ဘက်လှည့်ပြီး "ဟော့ကောင် ဆီရာဖီနို၊ လူမလာခင် မင့်လက်ကို နည်းနည်းပါးပါး အသုံးချဦးကွာ။ ငါ့ကို မုတ်ဆိတ်မွေး ရိတ်ပေးစမ်း"လို့ ပြောတယ်။

ဒီအလုပ်က သူခိုင်းနေကျအလုပ်ပါ။ အဲဒီနေ့ကတော့ ကျုပ် ဩစတီး ယားဘက်သွားမယ့်ကိစ္စမှာ ကျုပ်ကို နိုင့်ထက်စီးနင်းလုပ်ပြီး မသွားရဘူးလို့ တားခဲ့တာကို ရုတ်တရက် မေ့လို့မရသေးဘူး။ အဲဒီတော့ သူ့စကားကြားတဲ့အချိန်မှာ ကျုပ်စိတ်ဟာ သိပ်ကို အနှောင့်အယှက်ဖြစ်သွားတယ်။ ဒါကြောင့်မို့ သူ့ကို ဘာမှ ပြန်မပြောပေမယ့် ခြုံထည်တစ်ထည်ကို ဖျတ်ခနဲ ထယူပြီး သူ့မေးစေ့ အောက်ကို ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်း အမူအရာနဲ့ ထိုးထည့်လိုက်တယ်။ တခြားလူတစ်ယောက်သာဆိုရင် ကျုပ်ရဲ့လုပ်ပုံကိုင်ပုံကို ချက်ချင်းနားလည် မှာပဲ။ ဒါပေမယ့် သူကတော့ သဘောမပေါက်ဘူး။ ဘဝင်က ခပ်မြင့်မြင့် အကောင်ဆိုတော့ သူ့မေးစေ့ကို မှန်ထဲ လှမ်းကြည့်လိုက်၊ ပါးနှစ်ဖက်ကို ပွတ် လိုက်နဲ့ ဟန်ရေးအားရေး ပြနေတယ်။

ပါအိုလီနိုက ဆပ်ပြာခွက်ကို လှမ်းပေးတယ်။ ကျုပ်က လက်ထဲက ဓားနဲ့ သားရေပြားကို ဒေါသတကြီး ခြစ်ခြစ်ပြီး သွေးလိုက်တယ်။ ပြီးတော့ ဆပ်ပြာမြှုပ်တွေကို ဘရပ်ရှ်နဲ့ တို့တို့ပြီး သူ့မေးစေ့နဲ့ ပါးတွေကို လျှောက်သုတ် ပေးလိုက်တယ်။ သူ့မျက်စိတွေနား ရောက်မှပဲ ကျုပ်ရပ်လိုက်တာ။ သူ့ပါးတွေ ပေါ်မှာ ဆပ်ပြာမြှုပ်တွေဟာ သိပ်များလွန်းအားကြီးတော့ ဆပ်ပြာပူဖောင်းကြီး တွေတောင် ထလာတယ်။

အဲဒီနောက်တော့ ကျုပ်ဟာ သင်တုန်းဓားနဲ့ တစ်ချက်ပြီး တစ်ချက် ရိတ်ပေးတယ်။ အောက်ခြေကနေ အပေါ်ကို လှန်လှန်ပြီး ဆောင့်ကြီးအောင့် ကြီးနဲ့ ရိတ်ပေးနေတာပါ။ ကျုပ်အနေနဲ့ သူ့လည်ချောင်းကို လှီးပစ်လိုက်တော့ မယ့်ပုံမျိုး ပေါက်နေပါတယ်။ ကြာတော့ သူ လန့်လာတယ်။

"ဟေ့... ဟေ့... ဖြည်းဖြည်းလုပ်ပါကွ၊ မင်းက ဘယ်လိုဖြစ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြုံးပြုံးပြုံပြုံနဲ့ပြောတယ်။

ကျုပ်က ဘာမှပြန်မပြောဘူး။ သူ့ခေါင်းကို နောက်ဘက် လန်သွားအောင် ခပ်ဆောင့်ဆောင့် တွန်းပြီး လည်ပင်းအောက်နားကနေ မေးစေ့အထိ ဓားနဲ့ တစ်ချက်ပြီးတစ်ချက် ရိတ်ပေးနေတယ်။ ဒီအကောင် အသက်တောင် မရှူရဲတော့ ဘူး။ ဒါပေမယ့် သူဒေါသဖြစ်နေပြီဆိုတာတော့ ကျုပ်သိတယ်။ ရိတ်လို့လည်း ပြီးရော သူဟာရေဇလုံထဲက ရေနဲ့ မျက်နှာသစ်ပြီး ကုလားထိုင်မှာ ပြန်ထိုင်တယ်။

ကျုပ်က သူ့မျက်နှာကို ခြောက်သွားအောင် မျက်နှာသုတ်ပဝါနဲ့ သုတ် ပေးရင်းက သူ့ပါးနှစ်ဘက်ကို သုံးလေးချက်လောက် ထုံးစံအတိုင်း ပိတ်ပေးသလို လို ဘာလိုလိုနဲ့ ပိတ်ပြီး ရိုက်ပစ်လိုက်တယ်။ စိတ်ထဲက သောက် မြင်ကတ်ကတ်နဲ့ ခပ်ကြမ်းကြမ်း ရိုက်ပစ်လိုက်တာပါ။ ဒါပေမယ့် ဒီအကောင်က တော်တော်ခက် တယ်ဗျ သိလား။ ကျုပ်ကို ရေမွှေးဖျန်းပေးဦးလို့ ခိုင်းနေပြန်တာနဲ့ ရေမွှေးဖျန်း ပေးလိုက်ရတယ်။ သူ့ကိစ္စ ပြီးသွားပြီထင်လို့ ကုလားထိုင်မှာ ပြန်ထိုင်မယ်လည်း လုပ်ရော သူက "ဆံပင်ပါ တစ်ခါတည်းညှပ်လိုက်တော့ ကွာ"လို့ ပြောတယ်။

"ခင်ဗျားဆံပင်ကို ဟိုတစ်နေ့ကပဲ ကျုပ်ညှပ်ပေးခဲ့သေးတယ် မဟုတ် လားဗျာ"လို့ ပြန်ပြောတော့ "ဟုတ်တယ်လေ၊ ဒါပေမယ့် အခုဟာ နည်းနည်း ပါးပေးရုံနဲ့ ဒေါက်နှစ်ဖက် တိပေးရုံပဲ။ ဆံပင်ရှည်လာပြန်ပြီလေကွာ"တဲ့။

ကျုပ်လေ ကျုပ်ဒေါသကို မျိုချလိုက်ရပြန်တယ်။ သူပြောတာလည်း ဟုတ်တော့ ဟုတ်သလိုပဲ။ ဒီကောင့်ဆံပင်က သန်လည်းသန် ထူလည်းထူတယ်။ ဆံပင်က တော်တော်ကောင်းတာ။ နက်ပြောင်ပြီး အရောင်ကို တောက်နေတာ ပဲ။ ဒါပေမယ့် ဒီနေ့မှာတော့ ကျုပ်ဟာ သူ့ဆံပင်အပေါ် အကောင်းမြင်လို့မရ ဘူး။ ကျုပ်ဟာ အောင့်သီးအောင့်သက်နဲ့ပဲ သူ့ဆံပင်ကို ညှပ်ပေးရပြန်တယ်။ အဲဒါဗျာ ဆံပင်မညှပ်ခင်လေးမှာ သူက "သတိထားညှပ်နော်၊ ပါးရုံကလေး ပါးပေး၊ တိုအောင်ညှပ်မပစ်နဲ့"လို့ ကျုပ်ကိုသတိပေးလိုက်သေးတယ်။

ကျုပ်ကလည်း အံကိုကြိတ်ထားပြီး "ခင်ဗျားပူစရာမလိုပါဘူး"လို့ ပြန်ပြောလိုက်တယ်။ ကျုပ်ဟာ သူ့ဆံပင်ကို ညှပ်ပေးနေရင်းက ဩစတီးယားကို သတိရနေမိတယ်။ လက်ထဲက ကတ်ကြေးနဲ့ သူ့အသားတွေကိုပါ ညှပ်ပစ်လိုက် ချင်တဲ့စိတ်ဟာ တဖွားဖွားပေါ်နေတယ်။ ဒါပေမယ့် ကျုပ်အစ်မ မျက်နှာကြောင့် ကျုပ် မလုပ်ရက်ပါဘူး။ သူကတော့ သတင်းစာကို အခန့်သားကိုင်ပြီး ဖတ် နေတယ်။ တဖျတ်ဖျတ်ကတ်ကြေးသံကို ကင်နေရီငှက်တစ်ကောင်ရဲ့အသံလို

www.burmeseclassic.com



ထင်ဟန်တူပါရဲ့။ ဖိမ်ခံပြီး နားထောင်နေတဲ့ပုံပဲ။

တစ်ကြိမ်မှာတော့ သူဟာ မှန်ထဲကို တစ်ချက်လှမ်းကြည့်ပြီး "မင်းဟာ ဆံပင်ညှပ်သမားကောင်း တစ်ယောက်ဖြစ်မယ့်အလားအလာရှိနေပြီကွ"လို့ ပြောတယ်။ ကျုပ်ကလည်း "ခင်ဗျားမှာလည်း မကောင်းတဲ့ မိန်းမတွေအပေါ် ဖိမ်ခေါင်းလုပ်ပြီး စားနိုင်မယ့် အရည်အချင်းတွေ ရှိလာပြီ"လို့ ပြန်ပြောချင်မိတယ်။ ဒါပေမယ့် မပြောဖြစ်ပါဘူး။ ဒေါက်နှစ်ဘက်ကို တိပြီးတာနဲ့ တစ်ပြိုင်နက် ကျုပ်က မှန်သေးတစ်ချပ်ယူပြီး သူ့လည်ကုပ်နောက်နားကနေ ကပ်ပြီး ထောင်ပြလိုက်တယ်။ ကျုပ်ညှပ်ထားပုံကို သူမြင်အောင်လို့ပါ။ ပြီးတော့ တစ်ဆက်တည်းပဲ "လူကြီးမင်း ခေါင်းလျှော်ဦးမလား၊ ဒါမှမဟုတ်လည်း အလှဆီ လိမ်းပေးရဦးမလား"လို့ ကျုပ်က အစွဲ့တိုက်ပြီးမေးတယ်။

ဒါပေမယ့် သူကတော့ ခပ်တည်တည်ပဲ။ "အလှဆီလိမ်းပေး"လို့ ပြန်ပြောတယ်။ ဒီတစ်ခါတော့ ကျုပ် မအောင့်နိုင်တော့ဘူး။ "ဒီမယ် ရေမွှန်ဒို၊ ကျုပ်တို့မှာ အလှဆီပုလင်း ခြောက်ပုလင်းလောက်ပဲ ရှိတော့တယ်။ အဲဒါ ခင်ဗျားက အခု တစ်ပုလင်းလောက်သုံးလိုက်ရင် အလဟဿဖြစ်သွားမယ်"လို့ ပြောမိတယ်။

သူက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လိုက်ပြီး "မင်းနဲ့မဆိုင်ပါဘူးကွာ၊ မင့်အလုပ် မင်းလုပ်ပါ။ ကုန်တော့ကော ဘာဖြစ်လဲ၊ မင့်ပိုက်ဆံမှ မဟုတ်တာ"လို့ ပြောတယ်။ ကျုပ်လေ မခံချင်စိတ်နဲ့ "ခင်ဗျားပိုက်ဆံလည်း မဟုတ်ပါဘူး။ ဒါ ကျုပ်အစ်မပိုက်ဆံပါ"လို့ ပြန်ပြောချင်စိတ် ဖြစ်မိတယ်။ ဒါပေမယ့် ဒီအကောင်ကို အသက်ထွက်လုမတတ် ချစ်နေတဲ့ ကျုပ်အစ်မရဲ့ မျက်နှာကြောင့် ကျုပ် မပြောဖြစ်ခဲ့ပါဘူး။ သူခိုင်းတဲ့အတိုင်းပဲ လုပ်ပေးလိုက်ပါတယ်။

ဒီအကောင်က သောက်ရက်အလွန်နည်းတဲ့ကောင်ဗျ။ သိလား။ ကျုပ်ကို ရေမွှေးဖျန်းခိုင်းလိုက်သေးတယ်။ ပြီးတော့ သူ့ဇက်နဲ့ နားထင်ကြောတွေကို နှိပ်ပေးခိုင်းသေးတယ်။ သူ့ကိုနှိပ်နေရင်းနဲ့ ဆံပင်ညှပ်တဲ့လူ ဝင်လိုဝင်ငြား ဆိုင်တံခါးဝကို လှမ်းကြည့်မိတယ်။ ထုံးစံအတိုင်းပါပဲ။ တစ်ကောင်တစ်မြီးမှ ပေါ်မလာဘူး။ ရေမွှန်ဒိုဆိုတဲ့ အကောင်ကတော့ သိတဲ့အတိုင်းပဲ။ သူ့ဆံပင်ကို ခေါင်းလိမ်းဆီ လိမ်းခိုင်းနေပြန်တယ်။

ခေါင်းလိမ်းဆီလည်း လိမ်းပေးပြီးရော ကုလားထိုင်ပေါ်က ထသွားပြီး သူ့ဆံပင်ကို အကျအနဖြီးနေတယ်။ ဆံပင်ဖြီးနေပုံက အတော့်ကို သောက်မြင်ကတ်

www.burmeseclassic.com



ဖို့ကောင်းပါတယ်။ ဘယ်လိုပုံဆိုတာ ကျုပ် ပြောမပြတတ်ဘူး။ ပါးစပ်ကလည်း "အခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်"လို့ ပြောလိုက်သေးတယ်။ ကျုပ်နာရီကို လှမ်းကြည့်လိုက်တော့ နေ့လယ် တစ်နာရီထိုးနေပြီ။ ကျုပ် ရေမွှန်ဒိုကို လှမ်းပြောတယ်။ "ဒီမယ် ရေမွှန်ဒို၊ ကျုပ် ခင်ဗျားကို မုတ်ဆိတ်လည်း ရိတ်ပေးပြီးပြီ။ ဆံပင်လည်း ညှပ်ပေးပြီးပြီ။ တခြားလိုအပ်သမျှတွေလည်း အကုန်လုပ်ပေးပြီးပြီ။ ကျုပ် ပင်လယ်ကမ်းခြေကို သွားပါရစေတော့။ အခု သွားမယ်ဆိုရင် အချိန်ရှိသေးတယ်"

ရေမွှန်ဒိုကတော့ သူ့ခါးစည်းဝတ်ကို ပြန်ချွတ်နေရာက "ငါ အိမ်ပြန်ပြီး နေ့လယ်စာ စားမလို့။ မင်းပါ ထွက်သွားရင် ဆိုင်ကို ကြည့်မယ့်လူ မရှိတော့ဘူး။ အဲဒီတော့ တနလ်ာနေ့ကျမှ သွား"လို့ပြောတယ်။ ပြီးတော့ သူ့ဂျက်ကက်ကို ယူဝတ်ပြီး ဆိုင်ထဲက ထွက်သွားတယ်။ ပါအိုလီနိုလည်း ကျုပ်အတွက် နေ့လယ်စာယူဖို့ သူ့နောက်က လိုက်သွားတယ်။

တစ်ယောက်တည်း ကျန်ခဲ့တဲ့အချိန်မှာ ကျုပ် ဒေါသဟာ ပေါက်ကွဲလုနီးပါးပဲ။ ကုလားထိုင်တွေကို ပေါက်ခွဲပစ်ချင်တယ်။ မှန်တွေကို ရိုက်ခွဲပစ်ချင်တယ်။ ဆံပင်ညှပ်တဲ့ ကိရိယာတန်ဆာပလာတွေကို လမ်းမပေါ် လွှင့်ပစ်ချင်တယ်။ ဒါပေမယ့် လုပ်လို့ဖြစ်မတဲ့လား။ ဒီပစ္စည်းတွေကို ပိုင်တာက ကျုပ်အစ်မဆိုတော့ ကျုပ်ပိုင်ပစ္စည်းတွေလို့လည်း ပြောနိုင်နေတယ်မဟုတ်လား။

ကျုပ်ဟာ ဒေါသကိုထိန်းပြီး ကုလားထိုင်ပေါ် ပြန်ထိုင်တယ်။ အခုဆိုရင် လမ်းပေါ်မှာ ဖြတ်သွားဖြတ်လာ လုပ်တဲ့လူတစ်ယောက်မှ မရှိဘူး။ ပလက်ဖောင်းကျောက်ပြားတွေကလည်း နေရောင်ကြောင့် ဝင်းပြောင်နေကြတယ်။ ဆိုင်ထဲမှာက ကျုပ်တစ်ယောက်တည်း။ မှန်တွေအားလုံးထဲမှာ ပေါ်နေတဲ့ကျုပ်မျက်နှာမှုန်ကုတ်ကုတ်က ကျုပ်ကို ပြန်ကြည့်နေကြတယ်။ ကျုပ်မှာ ဆာကလည်း ဆာလှပြီဆိုတော့ ခေါင်းထဲမှာ မူးနောက်နောက်နဲ့။

ကံအားလျော်စွာပဲ အဲဒီအချိန်မှာ ပါအိုလီနို ပြန်ရောက်လာတယ်။ လက်သုတ်ပဝါတစ်ထည်နဲ့ အုပ်ထားတဲ့ ပန်းကန်တစ်ချပ်ကို ကိုင်လို့။ ကျုပ်က သူ့ကို အိမ်ပြန်ခိုင်းလိုက်ပြီး ဆိုင်နောက်က အခန်းကလေးထဲကို ဝင်ခဲ့တယ်။ ဒီနေရာမှာကအေးအေးဆေးဆေး စားရသောက်ရတယ် မဟုတ်လား။ ဒီအချိန်ဆိုရင် ဟိုအကောင် ရေမွှန်ဒိုကတော့ အိမ်မှာ ကျုပ်အစ်မ ချက်ပြုတ်ပြင်ဆင်ပေးထားတဲ့ အစားကောင်း အသောက်ကောင်းတွေကို တွယ်နေရောပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရှေ့မှာ ချထားတဲ့ ပန်းကန်ပေါ်က လက်သုတ်ပဝါကို ဖယ်လိုက်တော့ အေးစက်နေတဲ့ စပါဂက်တီ ခေါက်ဆွဲကြော်၊ ပေါင်မုန့်သေးသေးလေးတစ်လုံးနဲ့ ဝိုင်ပုလင်းသေးသေးလေးတစ်လုံးပဲပါတယ်။ ကျုပ် အစားကို ခပ်ဖြည်းဖြည်းစားရင်းနဲ့ ဟိုအကောင်အကြောင်း တွေးနေမိတယ်။ ကျုပ်အစ်မကိုမှီပြီး သူကတော့ ဇိမ်ကိုကျနေတာပဲ။ ဘာအလုပ်ကိုမှ လက်ကြောတင်းအောင်မလုပ်ဘဲ ဇိမ်ကျနေတာဗျ။ ဒါတွေကို တွေးမိရင် ကျုပ်အစ်မအတွက် ရှက်လည်းရှက်တယ်။ စိတ်လည်းနာတယ်။ ပြီးတော့... ကျုပ် အစားကို လက်စသတ်တော့မလိုလုပ်တုန်း ဖြုန်းခနဲ အပြင်ဘက်က "ကျွန်မ ဆိုင်ထဲဝင်ခဲ့မယ်နော်"ဆိုတဲ့ အသံ ထွက်လာလိုက်တော့ ကျုပ်ဟာ လန့်ပြီးခုန်လိုက်မိတယ်။

ကျုပ်အပြင်ကို ကသောကမျော ထွက်လာတယ်။ လား... လား ကျုပ်တို့ဆိုင်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဆောက်လက်စ အဆောက်အအုံတစ်ခုကအလုပ်သမားရဲ့ သမီး "ဆန်တီနာ"ဗျ။ သူက အသားမည်းမည်း၊ အရပ်ပုပု၊ ဒါပေမယ့် ကိုယ်လုံးကိုယ်ပေါက်က လှတယ်။ မျက်နှာကလေးကလည်း ချောတယ်။ မျက်လုံးတွေက နက်နက်နဲ့ တစ်မျိုးလေးပဲ။ သူဟာ ကျုပ်တို့ဆိုင် ကို မကြာခဏ ရောက်လာလေ့ရှိတယ်။ လာရင်လည်း တစ်ခုမဟုတ် တစ်ခုခုကို အကြောင်းပြပြီး ဝင်ဝင်လာတာ။

ကျုပ်ကတော့ ကျုပ်အတွေးနဲ့ ကျုပ်ပဲ။ ဒီကောင်မလေး လာ,လာနေတာ ကျုပ်ကြောင့်လို့ တထစ်ချ တွက်ထားတယ်။ ဒီနေ့ သူလာတဲ့အတွက် ကျုပ် တော်တော်ဝမ်းသာသွားတယ်။ ကျုပ်က သူ့ကို ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ခိုင်းတယ်။ အရပ်ကပုတော့ သူ့ခြေထောက်တွေက ကြမ်းပြင်ကို မထိဘူး။ လွတ်နေတယ်။

ကျုပ်တို့စကားလက်ဆုံကျကြတယ်။ ကျုပ်က ဒီနေ့သာ ပင်လယ်ကမ်းခြေကို သွားရရင် သိပ်ကောင်းမှာပဲလို့ပြောတော့ သူက သက်ပြင်းချတယ်။ သူလည်း သွားချင်တယ်တဲ့။ ဒါပေမယ့် ဒီနေ့ညနေပိုင်းမှာ ခေါင်မိုးပေါ်မှာ အဝတ်တွေ လှန်းစရာအလုပ်က ရှိနေသေးတယ်တဲ့။ ကျုပ်က "ငါ မင်းနဲ့လိုက်လာပြီး ကူညီလုပ်ကိုင်ပေးရင်ရမလား"လို့ မေးတော့ "ရှင်က ကျွန်မနဲ့ ခေါင်မိုးပေါ်လိုက်လာမှာလား"လို့ ပြန်မေးတယ်။ "အေးပေါ့"လို့ ကျုပ်ကဖြေတော့ "ရှင့်ကိုခေါ်သွားရင် ကျွန်မအမေက ကျွန်မကိုဆူမှာ"တဲ့။

သူက ဆိုင်ထဲကို လျှောက်ကြည့်နေရာက "ရှင်တို့ဆိုင်ကို လူလည်းများ

www.burmeseclassic.com

www.burmeseclassic.com



များစားစား မလာဘူးနော်”လို့ ပြောတယ်။ “အေး... သိပ်မလာဘူး”လို့ ပြောတော့ “ရှင်တို့အမျိုးသမီးဆံပင်အလှပြင်ဆိုင်ဖွင့်ရင် ပိုကောင်းမှာ”လို့ သူက ပြောတယ်။ ပြီးတော့ “ကျွန်မနဲ့ ကျွန်မသူငယ်ချင်းတွေ ရှင်တို့ဆိုင်လာပြီး ဆံပင်ကောက်မလို့ တိုင်ပင်ထားကြသေးတယ်”တဲ့။

အဲဒီမှာတင် ကျုပ်က မျက်နှာလိုမျက်နှာရလုပ်ပြီး “တို့ဆိုင်မှာ ရေမွှေးဖျန်း ကိရိယာရှိတယ်။ နင်ဖျန်းချင်ရင် ငါဖျန်းပေးမယ်”လို့ ပြောလိုက်မိတယ်။ သူကလည်း “တကယ်လား”လို့ ပြန်မေးတယ်။ ကျုပ်က ချက်ချင်းပဲ ရေဖျန်းတဲ့ ကိရိယာလေးနဲ့ သူ့တစ်ကိုယ်လုံးကို ဖျန်းပေးတယ်။ ကျုပ်က နောက်ပြောင်ပြီး တစ်ကိုယ်လုံးကို ဖျန်းပေးနေတာဆိုတော့ သူကလည်း ခိုးခိုး ခစ်ခစ်ရယ်ပြီး ပျော်တာပေါ့ဗျာ။ သူ့ကိုယ်သူလည်း လက်ကလေးနှစ်ဖက်နဲ့ ကာထားတယ်။ အဲ... အဲဒီတုန်းမှာပဲ ဗြုန်းခနဲ ဟိုအကောင်ရေမွှန်ဒိုဟာ ဆိုင်ထဲဝင်လာတယ်။

“ကောင်းကွာ၊ မင်းတို့ တော်တော်ကြီး ပျော်နေတာကိုး”လို့ သူက ကျုပ်တို့ကိုမကြည့်ဘဲပြောတယ်။ ဆန်နီတာက ကုလားထိုင်ပေါ်က ကပျာကသီ ဆင်းပြီး သူ့ကိုတောင်းပန်စကားပြောတယ်။ ကျုပ်လည်း လက်ထဲကပုလင်းကို စင်ပေါ်သွားတင်လိုက်တယ်။ “မင်း အတော်အသုံးမကျတဲ့ အကောင်ပဲ၊ ဆိုင်ထဲကို မိန်းမတွေလာတာ ငါမကြိုက်ဘူးလို့ ပြောထားရက်နဲ့။ ပြီးတော့ ဟိုဟာက ငါ့ဆိုင်ကိုလာတဲ့ ဖောက်သည်တွေအတွက် သုံးဖို့ထားတဲ့ပစ္စည်းကွ”လို့ ရေမွှန်ဒိုကပြောတယ်။

ဆန်နီတာကတော့ အလွန်စိတ်မကောင်းဖြစ်တဲ့ မျက်နှာထားနဲ့ “ကျွန်မ ဆိုင်ကို ထိခိုက်အောင် ဘာမှ မလုပ်ပါဘူး ဆီညော်ရေမွှန်ဒိုရယ်”လို့ ပြောပြီး ထွက်သွားတယ်။ ရေမွှန်ဒိုက ဆန်နီတာကို နောက်ကနေ လိုက်ကြည့်နေတယ်။ သူ့မျက်နှာက တစ်မျိုးပဲ။ ဆန်နီတာကို သဘောကျသွားတဲ့ လက္ခဏာပေါ်နေတယ်။ ကျုပ်ရင်ထဲမှာ ကသိကအောက် ဖြစ်လိုက်တာဗျာ။ ဒါနဲ့ပဲ သူ အာရုံပြောင်းသွားအောင် ကျုပ်က “ကျုပ်ဖျန်းပေးတာ မများပါဘူး။ နည်းနည်းလေးပါ။ ကျုပ်နဲ့ခင်နေတာ ပိုပြီးခင်သွားအောင် လုပ်တာပဲ။ မနက်က ခင်ဗျားရေမွှေးတွေ ဖျန်းတာလောက်တောင် မရှိပါဘူး”လို့ပြောတယ်။ သူက ဘာမှ ပြန်မပြောဘူး၊ ငြိမ်နေတယ်။ ခဏနေတော့ ဂျက်ကက်ကို ချွတ်ပြီး နောက်ဖေး ခန်းထဲ သွားချိတ်တယ်။ အင်း... ဒီလိုနဲ့ပဲ မွန်းလွဲပိုင်း ဆိုင်အလုပ်က စရပြန်

www.burmeseclassic.com



ပြီ။

နှစ်နာရီလောက် အပူနဲ့ နပန်းလုံးရင်း အချိန်ကုန်သွားပြီ။ ပထမ ရေမွှန်ဒိုက တစ်နာရီနီးပါးလောက် စက်တော်ခေါ်တယ်။ ခေါင်းကနောက်ကို လန်ပြီး ပါးစပ်က ဟောင်းလောင်း။ ကျက်သရေကဖြင့် တကယ့်ကို တုံးပါတယ်။ ဟောက်နေတာကလည်း ဝက်တစ်ကောင်အတိုင်းပါပဲ။ နောက်တော့ သူနိုးလာတယ်။ ကတ်ကြေးတစ်လက်ယူပြီး သူ့နှာခေါင်းပေါက်တွေနဲ့ နားရွက်တွေထဲက အမွေးတွေကို ညှပ်ရင်း ဇိမ်ယူနေပြန်တယ်။ နာရီဝက်လောက် ဇိမ်လည်းယူပြီးရော သူ ငြိမ်နေပြန်တယ်။ လုပ်စရာကလည်း ဘာမှမရှိ။ ဘာလုပ်ရမှန်းလည်း မသိတော့ သူက ကျုပ်ကိုလှမ်းပြောတယ်။ "ငါ မင့်ကို မုတ်ဆိတ်မွေး ရိတ်ပေးရမလား"တဲ့။

အမှန်အတိုင်းပြောရရင် ကျုပ်ဟာ သူ့ရဲ့ လက်ထောက် ဖြစ်နေပေမယ့် သူ့ကို မုတ်ဆိတ်မွေး ရိတ်ပေးရတဲ့အလုပ်လောက်မုန်းတာ လောကမှာမရှိဘူး။ အဲဒီအလုပ်ထက် ပိုပြီးမုန်းတာက သူ မုတ်ဆိတ်ရိတ်ပေးတာကိုခံရတဲ့ အလုပ်ပဲ။ ဒါပေမယ့် ကျုပ်မှာကလည်း လုပ်စရာ ဘာမှမရှိလို့ ပျင်းနေတော့ သူကမ်းလှမ်းတာကို လက်ခံလိုက်တယ်။ သူဟာ ကျုပ်မျက်နှာရဲ့ တစ်ဖက်ကို ရိတ်ပြီးလို့ ဒုတိယတစ်ဖက်ကို ရိတ်မယ်လည်းလုပ်ရော အပြင်ဘက်က "ကျွန်မဆိုင်ထဲ ဝင်ခဲ့မယ်နော်"ဆိုတဲ့ အသံကြားလိုက်ရတယ်။

ကျုပ်တို့နှစ်ယောက်စလုံး ပြိုင်တူ လှည့်ကြည့်မိလိုက်ကြတယ်။ ကျုပ်မျက်နှာရဲ့ တစ်ဖက်မှာတော့ ဆပ်ပြာမြှုပ်တွေနဲ့ပေါ့။ ရေမွှန်ဒိုကတော့ ဓားကို ကိုင်လျက်တန်းလန်းနဲ့ပေါ့။ တခြားလူ ဟုတ်ပါရိုးလား ဆန်နီတာပေါ့။ ပြုံးလို့ရယ်လို့။ ခြေတစ်ဖက်ကို တံခါးခုံပေါ် လှမ်းတင်ထားတယ်။ ညှစ်ပြီးသားအဝတ်တွေထည့်ထားတဲ့ ခြင်းတစ်လုံးကိုတော့ ပေါင်တစ်ဖက်ပေါ်မှာတင်လို့။

"ဘယ်လိုမှ မအောက်မေ့ကြပါနဲ့"လို့ သူကပြောတယ်။ "ရှင်တို့ အားနေမှာပဲဆိုတာ သိလို့ ကျွန်မလာခဲ့တာ။ ဆီညော်ရေမွှန်ဒိုကတော့ အားကောင်းမောင်းသန်ဆိုတော့ ဒီခြင်းကို တိုက်ခေါင်မိုးပေါ် သယ်ပေးနိုင်မှာပဲလို့ ထင်တာနဲ့…"

ရေမွှန်ဒိုဟာ သူ့လက်ထဲက ဓားကိုချလိုက်ပြီး "ဟော့ကောင်ဆီရာဖီနို မုတ်ဆိတ်ကို မင့်ဘာသာမင်းပဲ ဆက်ရိတ်လိုက်တော့"လို့ ကျုပ်ကိုလှမ်းပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့ခါးစည်းအဝတ်ကိုလည်း ကသောကမျောချွတ်ပြီး ဆန်နီတာနောက်ကို လိုက်သွားလိုက်တာ ဒုံးကျည်တစ်လုံး လွှတ်လိုက်တဲ့အတိုင်းပါပဲဗျာ။ ကျုပ် သတိပြန်ဝင်လာတဲ့အချိန်မှာ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ပြောင်နောက် ရယ်မောပြီး လမ်းတစ်ဖက်က အဆောက်အအုံထဲ ဝင်သွားကြပြီ။

ကျုပ်လည်း ကျုပ်မှတ်ဆိတ်ကို အချိန်ယူပြီး ပြီးသွားအောင်ရိတ်လိုက်တယ်။ မျက်နှာကိုသစ်ပြီး ခြောက်သွားအောင် သုတ်လိုက်တယ်။ ပြီးတာနဲ့ တစ်ပြိုင်နက် ပါအိုလီနီကို လှမ်းပြောလိုက်တယ်။ "ဟေ့ကောင် ပါအိုလီနီ၊ အိမ်ကို မြန်မြန်ပြေးပြီး ငါ့အစ်မ ဂျီယူဆက်ပီနာကို ပြော၊ အရေးကြီးလို့ အခုချက်ချင်း ဆိုင်ကိုလိုက်ခဲ့ပါလို့"

မကြာပါဘူး။ ကျုပ်အစ်မ ရောက်လာတယ်။ လန့်ဖျပ်ပြီး သတိလစ်လုမတတ် အနေအထားနဲ့ပေါ့။ သူ့အဖြစ်ကိုကြည့်ပြီး ကျုပ် စိတ်မကောင်း ဖြစ်သွားတယ်။ ဒါပေမယ့် အခုအချိန်မှာ သိပ်နောက်ကျသွားပြီဗျ။ ပြီးတော့လည်း ကျုပ်က ရေမွှန်ဒိုကို လက်စားချေချင်နေတယ် မဟုတ်လား။

"လန့်မနေစမ်းပါနဲ့၊ ဘာမှ လန့်စရာမရှိဘူးလို့" ကျုပ်ကပြောလိုက်တယ်။ "ဟိုမှာ အစ်မယောကျ်ား ရေမွှန်ဒို... လေ၊ အလုပ်သမားရဲ့သမီးက ခေါင်မိုးပေါ်တက်ပြီး အဝတ်တွေ လှမ်းပေးစမ်းပါဆိုလို့ လိုက်သွားတယ်"

"ဘုရား... ဘုရား"လို့ ကျုပ်အစ်မက ရေရွတ်လိုက်တယ်။ "ဒုက္ခပါပဲ၊ ပြဿနာဖြစ်တော့မှာပဲ"တဲ့။

ပြောပြောဆိုဆိုနဲ့ ကျုပ်အစ်မဟာ လမ်းတစ်ဖက်က အဆောက်အအုံဆီကို ပြေးသွားတယ်။ ကျုပ်ကတော့ အေးအေးဆေးဆေးပဲ ခါးစည်းအဝတ်ကို ဖြုတ်၊ ကျုပ်ရဲ့ ဂျက်ကက်အင်္ကျီကို ယူဝတ်ပြီး ဆိုင်ခန်းဆီးကို ချလိုက်တယ်။ ဆိုင်ထဲက မထွက်ခင်မှာ အသင့်ရိုက်ထားတဲ့ ကြော်ငြာဆိုင်းဘုတ်ကို ဆိုင်တံခါးမှာ ချိတ်လိုက်တယ်။ "မိသားစုပြဿနာရှိ၍ ဆိုင်ပိတ်သည်"ဆိုတဲ့ ဆိုင်းဘုတ်ပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com

## တောသူမ

ပါမောက္ခကြီးကတော့ ဇွတ်ပြောနေတုန်းပဲ။ ကျုပ်ကလည်း မလျှော့ဘူး။ ပြောသင့်တဲ့စကားတွေကို ထပ်တလဲလဲပြောပြတယ်။ "မဟုတ်သေးဘူး ဆရာကြီး၊ စဉ်းစားတော့ စဉ်းစားဦး၊ ဒီကောင်မလေးတွေက သိပ်ပြီး ရိုးအအ နိုင်တယ်။ သူတို့က တောသူတွေဗျာ။ တောသူမှ တကယ့်ကို တောကျတဲ့ ဒေသကလာကြတာ။ ကျွန်တော်က ဆရာကြီးအနေနဲ့ ရှိမင်မလေးတစ်ယောက် ရှာရင် အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ထင်တယ်။ စီအိုစီယာရီယာနယ် Ciociaria က အင်မတန်တောကျတဲ့ ဒေသဗျာ။ အဲဒီနယ်က မိန်းကလေးတွေ ဟာ လယ်သူမတွေချည်းပဲ။ စာမတတ် ပေမတတ်တွေဆိုတော့ လည်မယ် မထင်ပါဘူးဗျာ။

အဲ... သူကတော့ ကျုပ်ပြောသမျှကို နားမဝင်ဘူး။ သိလား။ အောင်မယ် ကျုပ်ပြောလိုက်တဲ့ နောက်ဆုံးစကားကိုကြားတော့ သူက ပိုပြီးသဘောကျ နေသေးတယ်။

"ဘာပြောတယ်ကွ။ စာမတတ်ပေမတတ် ဟုတ်လား။ အေး... ငါ ကလည်း ဒါမျိုးလိုချင်နေတာ။ အဲဒါဆိုရင် အဲဒီနယ်က ကောင်မလေးတစ်ယောက် ဟာ ကာတွန်းရုပ်ပြဇာတ်လမ်းတောင်မှ ဖတ်တတ်မှာ မဟုတ်ဘူးပေါ့။ ပိုပြီး ကောင်းတာပေါ့ကွာ"တဲ့။

ပါမောက္ခကြီးက အသက်ကြီးလှပြီဗျ။ အဘိုးကြီးတစ်ယောက်ပဲ ဆိုပါတော့။ မုတ်ဆိတ်မွေးတွေ၊ နှုတ်ခမ်းမွေးတွေက ဖြူနေပြီ။ သူ့မုတ်ဆိတ်မွေးက

---

စီအိုစီယာနယ် Ciociaria သည် အီတလီနိုင်ငံ ရောမမြို့တော်၏ အရှေ့တောင်ဘက်မှ တောပိုင်းအလွန်ကျယ်သော နယ်တစ်နယ်ဖြစ်သည်။ လယ်သမားများနေထိုင်ရာဒေသဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်ချွန်ချွန်ကလေး။ သူက အထက်တန်းကျောင်းမှာ စာသင်နေတဲ့ ဆရာကြီး ပေါ့။ ဒါပေမယ့် သူ့ရဲ့ အဓိကအလုပ်ဟာ ရှေးဟောင်းအဆောက်အအုံပျက် တွေ လိုက်ပြီး လေ့လာတဲ့အလုပ်ဗျာ။ တနင်္ဂနွေနေ့တိုင်း အပြင်ကိုထွက်တယ်။ ကြားရက်တွေမှာလည်း အားတဲ့အချိန် အပြင်ထွက်တာပဲ။ ဟိုသွားဒီသွားနဲ့ တစ်လျှောက်လျှောက်ပေါ့။ ပျက်စီးယိုယွင်းနေတဲ့ ရှေးဟောင်းရောမမြို့တော် ရဲ့ အဆောက်အအုံပျက်တွေကို သွားကြည့်တယ်။ လေ့လာတယ်။ မှတ်သား စရာတွေ့ရင် မှတ်သားတယ်။ သူ့အလုပ်က အဲဒါပဲဗျ။

သူ့အိမ်မှာလည်း အဆောက်အအုံပျက်တွေအကြောင်း ရေးထားတဲ့ စာ အုပ်တွေ တောင်ပုံရာပုံရှိတယ်။ ပြီးတော့ အခြားအကြောင်းတွေ ရေးထားတဲ့ စာအုပ်တွေလည်း တစ်ပုံတစ်ပင်ရှိတယ်။ သူ့အိမ်ထဲဝင်သွားရင် စာအုပ်ဆိုင်ကြီး တစ်ဆိုင်ထဲ ရောက်သွားသလိုပဲ။ စာအုပ်တွေကို တံခါးဝက စတွေ့ရတာ။ အို ဗျာ... နည်းနည်းနောနော စာအုပ်တွေမဟုတ်ဘူး။ တစ်အိမ်လုံး စာအုပ်တွေချည်း တွေ့နေမြင်နေရတယ်။ ဧည့်ခန်း၊ အိပ်ခန်းတွေထဲမှာတင် မကဘူး။ စင်္ကြံဝရန် တာမှာတောင် စာအုပ်တွေရှိနေတယ်။ တိုတိုပြောရရင်တော့ ရေချိုးခန်းနဲ့ မီးဖို ခန်းကလွဲရင် တစ်အိမ်လုံး စာအုပ်တွေချည်းပဲ။

သူ့အဖို့တော့ သူ့စာအုပ်တွေဟာ အဖိုးတန်ရတနာတွေပေါ့လေ။ သူ့အနေနဲ့ စာအုပ်တွေက ထွက်နေတဲ့အနံ့ကို ရှူရှိုက်နေရတာဟာ နှင်းဆီပန်းလေး တစ်ပွင့်ကအနံ့ကို ရှူရှိုက်နေရသလို ဖြစ်နေဟန်တူတယ်။ အဲဒီ သူ့စာအုပ်တွေ ကို ငှားပြီးကိုင်တဲ့လူကတော့ ဒုက္ခရောက်ပြီသာ မှတ်ပေတော့ဗျို့။ စာအုပ်တွေနဲ့ ပတ်သက်လာရင် အဲသလောက်ကို အဖြစ်သည်းတယ်ဗျ။ သိလား။ ဘာပဲဖြစ်ဖြစ် ပေါ့လေ။ ကျုပ်ကတော့ တွေးမိတယ်။ စာအုပ်တွေဟာ များလွန်းတော့ သူ ဒီစာအုပ်တွေကို တစ်အုပ်မကျန် အကုန်မှ ဖတ်နိုင်ပါ့မလားလို့ မတွေးဘဲမနေ နိုင်ဘူး။

ဒါပေမယ့် အဘိုးကြီးအနေနဲ့ ဒီလောက်တောင်ပုံရာပုံ ဖြစ်နေတဲ့ စာ အုပ်တွေဟာ သူ့အတွက် လုံလောက်ပုံ မပေါ်ဘူး။ သူ စာမသင်တဲ့အချိန်တွေ နဲ့ အဆောက်အအုံပျက်တွေအကြောင်း မဟောတဲ့ မပြောတဲ့အချိန်တွေမှာ သူ ဟာ ဈေးတကာ ဆိုင်တကာကို သွားပြီး စာအုပ်ဟောင်းတွေဝယ်တယ်။ သူ အိမ်ပြန်လာရင် စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးပိုက်ပြီး ပြန်လာတာချည်းပဲ။ အမှန်ကတော့ သူဟာ ကလေးတစ်ယောက် တံဆိပ်ခေါင်းစုသလို စာအုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို စုံစုံမက်မက် စုဆောင်းနေတာဗျ။ ဒါပေမယ့်ဗျာ ဘာပြုလို့ ကျုပ်တို့ရွာက မိန်းကလေးတစ်ယောက်ကို အိမ်စေအဖြစ် ငှားနေချင်ရတာလဲ။ ဒီကိစ္စဟာ ကျုပ်နားမလည်နိုင်တဲ့ ပဟေဠိတစ်ပုဒ်လို ဖြစ်နေတယ်။ သူကတော့ပြောတယ်။ အဲဒီဒေသက ကောင်မလေးတွေဟာ ပိုပြီး ရိုးသားကြတယ်တဲ့။ ပြီးတော့ သူတို့ ခေါင်းထဲမှာ အတွေးတွေလည်း မဝင်တတ်ဘူးတဲ့။ သူ့အနေနဲ့ နီရဲရဲပါးနှစ်ဖက်နဲ့ လယ်သူမတွေကို ကြည့်ရတာ စိတ်ချမ်းသာတယ်တဲ့။ သူတို့ပါးတွေဟာ ပန်းသီးနီနီကြီးတွေနဲ့ သိပ်တူတယ်တဲ့။ ပြီးတော့ သူတို့ဟာ ထမင်းဟင်းချက် အလွန်ကောင်းတယ်တဲ့ဗျာ။

နောက်ဆုံးတော့ သူဟာ ကျုပ်ရဲ့တံခါးစောင့်တဲဆီကို မရောက်လာတဲ့ နေ့ရက်ဆိုလို့ တစ်နေ့မှ မရှိတော့ဘူး။ နေ့တိုင်းရောက်လာပြီး စီအိုစီယာရီယာက စာမတတ်တဲ့ မိန်းကလေးတစ်ယောက်ရဖို့ အမြဲနားပူနေတော့တာပါပဲ။

ကျုပ်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ရဲ့မွေးစားအဖေဆီကို စာလှမ်းရေးတယ်။ မွေးစားအဖေကလည်း ဒီအလုပ်နဲ့ အသင့်တော်ဆုံးကောင်မလေးတစ်ယောက်ရှိကြောင်း၊ အသက်က (၂၀) တောင် မပြည့်သေးတဲ့အကြောင်း ရေးလိုက်တယ်။ ဒါပေမယ့် ကျုပ်ရဲ့ မွေးစားအဖေက သူ့စာထဲမှာ 'တူဒါ'ရဲ့ ချွတ်ယွင်းချက်တစ်ခုကို ဖော်ပြထားတယ်။ တူဒါရဲ့ ချွတ်ယွင်းချက်က အခြားမဟုတ်ဘူး။ တူဒါဟာ စာလည်း မဖတ်တတ်ဘူး။ စာလည်း မရေးတတ်ဘူးတဲ့။ ကျုပ်ကလည်း ချက်ချင်းပဲ ပါမောက္ခကြီး လိုချင်နေတာ စာမဖတ်တတ်တဲ့ အိမ်စေပါလို့ စာပြန်ရေးလိုက်တယ်။ တူဒါဟာ တစ်ညနေခင်းမှာ ကျုပ်ရဲ့ မွေးစားအဖေနဲ့အတူ ရောမမြို့ကို ရောက်လာတယ်။ ကျုပ်က ဘူတာအထိ သွားကြိုရတယ်။ ကျုပ်ကတော့ သူ့ကိုမြင်လိုက်တာနဲ့ တစ်ပြိုင်နက် ပါမောက္ခကြီးနဲ့ သင့်တော်မဲ့ မိန်းကလေးဆိုတာ သိလိုက်တယ်။ သူ့ပုံပန်းက တစ်နေကုန်တစ်နေခန်း တူးရ ဆွရမယ်ဆိုရင်လည်း အသက်ရှူဖို့တောင် သတိမရဘဲ တူးမဲ့ ဆွမဲ့ မိန်းမမျိုးပါ။ ပေါင်ငါးဆယ်လောက်လေးတဲ့ ခြင်းတောင်းကို ခေါင်းပေါ်ရွက်ပြီး တောင်ဆင်းတောင်တက်လမ်းကို မရပ်မနား သွားနိုင်တဲ့ မိန်းမစားမျိုးပါ။

ပြီးတော့ သူ့ပါးတွေဟာ နီရဲနေတာပဲ။ ဒါကလည်း ပါမောက္ခကြီးကြိုက်တဲ့ဟာပဲ။ ဆံပင်ကို နောက်ဘက်မှာစုပြီး ထုံးထားတယ်။ မျက်ခုံးမွေးတွေကလည်း မည်းနက်ပြီး ဆက်နေတာပဲ။ မျက်နှာကတော့ ဝိုင်းစက်စက်။ ရယ်

www.burmeseclassic.com



လိုက်ရင် ဖြူဖွေးနေတဲ့ သွားလှလှလေးတွေကို မြင်ရတယ်။ စီအိုစီယာက မိန်းမတွေဟာ သွားကိုဖြူစင်နေအောင် အမြဲတိုက်တတ်တယ် မဟုတ်လားဗျ။ လမ်းလျှောက်ပုံကလည်း စီအိုစီယာရီယာနယ်က မိန်းမတွေ လျှောက်သလို ရဲရဲတင်းတင်းရှိတယ်။

တူဒါဟာ ခြင်းတစ်လုံးဆွဲလာတယ်။ ဒီခြင်းဟာ ကျုပ်အတွက် လက်ဆောင်ပါလို့ပြောတယ်။ ခြင်းကလေးထဲမှာ လတ်လတ်ဆတ်ဆတ် ကြက်ဥ တစ်ဒါဇင်ထည့်ပြီး အပေါ်က သစ်ရွက်တွေထည့်ထားတယ်။

ကျုပ်က ဒီကြက်ဥတွေကို ပါမောက္ခကြီးပေးလိုက်ရင် သိပ်ကောင်းမယ်ထင်တယ်လို့ ပြောပြတယ်။ ဒါပေမယ့် သူကပြန်ပြောတယ်။ ပါမောက္ခကြီးကို ပေးဖို့ သူမစဉ်းစားဘူးတဲ့။ လူကြီးလူကောင်းတစ်ယောက်ဆိုရင် သူ့မှာကြက်မတွေ မွေးထားမှာပေါ့တဲ့။ ကျုပ် တစ်အားအော်ပြီး ရယ်မိတယ်။

ဓာတ်ရထားပေါ်ရောက်တော့လည်း ကျုပ်က သူ့ကို မေးခွန်းတွေ တစ်ခုပြီး တစ်ခုမေးတယ်။ သူကလည်းဖြေတယ်။ တကယ့်ကို အရိုင်းတစ်ယောက်ပဲဗျို့။ ဘာဆိုဘာမှ မသိဘူး။ မီးရထားမမြင်ဖူးဘူးတဲ့။ ဓာတ်ရထားလည်း မမြင်ဖူးဘူး။ စာလည်း မတတ်ဘူး။ အူလိုက်အလိုက်ပုံကတော့ ကမ်းကိုကုန်နေတာပါပဲ။ ဒါပေမယ့် ပါမောက္ခကြီး သဘောကျတဲ့ အမျိုးအစား တစ်ယောက်ပါပဲ။

အိမ်ရောက်တော့ ကျုပ်က တူဒါကို တံခါးစောင့်တဲဘက် ခေါ်သွားတယ်။ ကျုပ်မိန်းမနဲ့ မိတ်ဆက်ပေးတယ်။ နောက်တော့ သူနဲ့အတူ ဓာတ်လှေကားစီးပြီး ပါမောက္ခကြီးရှိတဲ့ အထပ်ကိုလာခဲ့တယ်။ ပါမောက္ခကြီးကိုယ်တိုင်လာပြီး တံခါးဖွင့်ပေးတယ်။ ဘာကြောင့်လဲဆိုတော့ သူ့မှာ ခိုင်းစရာလူမှ မရှိဘဲကိုးဗျ။ သူ့အိမ် အမှိုက်လှည်းပေးတာတို့၊ နည်းနည်းပါးပါး ချက်ပြုတ်ပေးတာတို့တောင်မှ ကျုပ်မိန်းမက ဝင်လုပ်ပေးနေတာ။

ကျုပ်တို့အခန်းထဲ ရောက်သွားတော့ တူဒါက သူ့လက်ထဲက ခြင်းလေးကို ပါမောက္ခကြီးလက်ထဲ ထည့်ပေးတယ်။ "ဒီမယ် ပါမောက္ခကြီး၊ တော့်အတွက် ကြက်ဥ လတ်လတ်ဆတ်ဆတ်တွေ ယူလာတယ်"လို့ ပြောတယ်။

"နင် ပါမောက္ခကြီးကို တော်လို့ မပြောရဘူး"

ဒါပေမယ့် ပါမောက္ခကြီးက "ကိစ္စမရှိပါဘူး။ မင်းပြောတတ်သလိုပြောပါ။ ရတယ်"လို့ လှမ်းပြောတယ်။ ပြီးတော့ သူက ဒီစကားလုံးရဲ့ အနက်

www.burmeseclassic.com



အဓိပ္ပာယ်နဲ့ ရှေးခေတ်က ဘယ်သူဘယ်ဝါတွေ သုံးခဲ့တယ်ဆိုတာတွေ အသေးစိတ် ရှင်းပြနေသေးသဗျ။

အဲဒီနောက်တော့ ပါမောက္ခကြီးက တူဒါကို မီးဖိုချောင်ထဲ ခေါ်သွားတယ်။ အခန်းက အကျယ်ကြီးဗျ။ ပါမောက္ခကြီးက ခေတ်ဒွေ့မီးဖိုနဲ့ သတ္တုဒန်အိုး ဒယ်အိုးတွေကိုပြတယ်။ ပြီးတော့ ဘယ်လိုသုံးရမယ်။ ဘယ်လိုလုပ်ရကိုင်ရမယ်ဆိုတာ ရှင်းပြတယ်။ လက်တွေ့လည်း လုပ်ပြတယ်။ တူဒါက ဂရုတစိုက် နားထောင်တယ်။ ပြီးတော့ ကျယ်လောင် ကျယ်လောင်အသံနဲ့ "ကျုပ် ထမင်း မချက်တတ်ဘူး"လို့ ပြောတယ်။

ပါမောက္ခကြီးက အံ့အားသင့်သွားတယ်။ "မင်း ဘယ်လိုပြောလိုက်တာလဲ။ ငါ့ကို ပြောထားတာကတော့ မင်း ထမင်းဟင်း ကောင်းကောင်း ချက်တတ်တယ်တဲ့"

"ကျုပ်တို့တောက အိမ်မှာတော့ ချက်တတ်တာပေါ့"လို့ တူဒါက ပြန်ပြောတယ်။ "ကျုပ်က ယာတောထဲထွက်ပြီး အလုပ်လုပ်ရတာ။ ကျုပ်တို့တောမှာက ကြီးကြီးကျယ်ကျယ် ချက်ပြုတ်တာမရှိဘူး။ စားစရာတစ်ခုခုရှိရင် ပြီးရောဆိုတဲ့သဘောမျိုး ချက်ကြတာ။ ဒီလို မီးဖိုချောင်မျိုးလည်း ကျုပ်တို့ရွာမှာ မရှိဘူး"

"မင်းတို့ ထမင်းဟင်းချက်တော့ ဘယ်မှာချက်သလဲ"

"တဲထဲမှာပေါ့"

"အေး... ကောင်းတယ်။ တို့က ဒီလိုနေရာမှာပဲ ချက်တယ်"လို့ ပါမောက္ခကြီးက သူ့မုတ်ဆိတ်မွေးကို လက်နဲ့ အသာအယာဆွဲပြီး ပြန်ပြောတယ်။ "တို့လည်း စားစရာတစ်ခုခုရှိအောင် ချက်ကြတာပဲ။ ငါ့အတွက်လည်း စားစရာတစ်ခုခုရရင် ဖြစ်တာပဲ။ မင်း ဘာတွေချက်တတ်သလဲ"လို့ မေးတယ်။

တူဒါက ပြုံးရယ်ရယ်နဲ့ ပြန်ပြောတယ်။ "ကျုပ်က မာကရိုနီခေါက်ဆွဲကြော်မယ်၊ ပဲပြုတ်ကြော်မယ်၊ ပြီးရင် ဝိုင်တစ်ဖန်ခွက်ပေးမယ်"

"မင်းဟာ ဒါပဲလား၊ ဒုတိယအသုတ် လိုက်ပွဲမရှိတော့ဘူးလား"

"ဒုတိယအသုတ် လိုက်ပွဲဆိုတာ ဘာကိုပြောတာလဲ"

"ငါးကြော်တို့၊ အသားကြော်တို့ကိုပြောတာကွယ့်"

ဒီစကားကြားတော့ တူဒါက အားရပါးရ ရယ်တယ်။ "မာကရိုနီရယ်၊ ပဲပြုတ်ရယ်၊ ပေါင်မုန့်ရယ် သုံးမျိုးတောင် စားထားမှတော့ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ဘာလိုဦးမလဲ။ အဲဒီလောက်နဲ့ တော်က မဝသေးဘူးလား။ ကျုပ်တို့ ယာထဲဆင်းပြီး တစ်နေကုန် တူးဆွနေတဲ့လူတောင်မှ မာကရိုနီနဲ့ ပဲပြုတ်နဲ့ ပေါင်မုန့်စားပြီးရင် ဗိုက်ကိုပြည့်သွားတာပဲ။ တော်က အလုပ်တောင်လုပ်တဲ့လူမှ မဟုတ်တာ"

"အို… ဘယ်ဟုတ်မလဲကွယ့်၊ ငါလည်း စာတွေဖတ်တယ်၊ စာတွေ ရေးတယ်။ ငါလည်း အလုပ်လုပ်နေတာပဲပေါ့" "တော့်ဟာတော် စာတွေဘယ်လောက် ပဲဖတ်ဖတ်၊ ဖတ်ချင်သလောက်ဖတ်လေ။ ဒါပေမယ့် တကယ်အလုပ် လုပ်တာက ကျုပ်တို့မှလုပ်တာ"

အတိုချုပ်ပြောရမယ်ဆိုရင်တော့ တူဒါဟာ ပါမောက္ခကြီး ပြောနေတဲ့ ဒုတိယအသုတ် လိုက်ပွဲဆိုတာကို လုံးဝ နားမလည်ဘူး။ နောက်ဆုံးကျတော့ မတတ်သာတော့ဘူး။ ကျုပ်မိန်းမက တူဒါဆီ ရက်အနည်းငယ်လောက် လာပြီး အချက်အပြုတ်သင်ပေးဖို့ စီစဉ်လိုက်ကြတယ်။ ဒီကိစ္စလည်းပြီးရော။ ကျုပ်တို့အားလုံး အိမ်စေအိပ်ခန်းထဲကို သွားကြတယ်။ အိပ်ခန်းက အကျယ်ကြီးပဲ။ ခုတင်တစ်လုံးရယ်၊ ဗီရိုတစ်လုံးနဲ့ စားပွဲတစ်လုံးလည်းရှိတယ်။ တူဒါက အခန်းထဲ လှည့်ပတ်ကြည့်ပြီး "ဒီအခန်းထဲမှာ ကျုပ်တစ်ယောက်တည်း အိပ်ရမှာလား"လို့ မေးတယ်။

"မင်းက ဘယ်သူနဲ့များ အိပ်ချင်သေးလို့လဲ"

"ကျုပ်တို့အိမ်မှာတော့ အခန်းတစ်ခန်းထဲမှာ လူငါးယောက်အိပ်တာတော့"

"ဒီအခန်းကတော့ မင်းတစ်ယောက်တည်းအိပ်ဖို့ ပေးတာ"

နောက်ဆုံးတော့ ကျုပ် သူ့ကိုထားခဲ့ပြီး ထွက်လာခဲ့တယ်။ ကျုပ်အနေနဲ့က တူဒါအတွက် တာဝန်ကရှိလာတယ်။ သူ့အလုပ်ကို သူမှန်မှန်လုပ်နိုင်အောင် ကျုပ်ကပဲ တာဝန်ယူမှဖြစ်မှာဗျ။ ကျုပ်အနေနဲ့ ပါမောက္ခအတွက်သာ မကဘူး။ ကျုပ်ရဲ့မွေးစားအဖေအတွက်ပါ တာဝန်ရှိနေပြီ။

ကျုပ်ထွက်လာတဲ့အချိန်မှာ ပါမောက္ခကြီးနဲ့ တူဒါတို့ အပြန်အလှန် ပြောနေကြတဲ့စကားသံတွေကို ကြားနေတယ်။ ပါမောက္ခကြီးက "မင်းက ငါ့စာအုပ်တွေကို နေ့စဉ်ဖုန်သုတ်ပေးရမယ်။ ဖုန်သုတ်တဲ့အခါ ဟောဒီကြက်မွေးနဲ့ ခါရမယ်"လို့ ပြောတယ်။ "တော်က ဒီစာအုပ်တွေနဲ့ ဘာလုပ်တာလဲ။ ဒီစာအုပ်တွေက တော့်အတွက် ဘယ်လိုအသုံးဝင်သလဲ"လို့ တူဒါက ပြန်မေးတယ်။ "မင်းအိမ်မှာ တူရွင်းပြားဟာ မင်းအတွက် အသုံးဝင်သလို ဒီစာအုပ်တွေက

www.burmeseclassic.com



ငါ့အတွက်အသုံးဝင်တာပေါ့။ ငါဒီစာအုပ်တွေနဲ့ပဲ အလုပ်လုပ်နေတာ”လို့ ပြန်ပြောသံကြားရတယ်။ အဲဒီတော့ တူဒါက “ဟုတ်လား”တဲ့၊ ပြီးတော့ ဘာဆက်ပြောလဲ သိလား။ “ကျုပ် အလုပ်လုပ်ဖို့ တူရွှင်းပြားက တစ်လက်ပဲ အသုံးလိုတယ်။ တော့်မှာကတော့ များလှချည်လား”တဲ့။

အဲဒီနောက်ပိုင်းမှာတော့ ပါမောက္ခကြီးဟာ ကျုပ်ဆီကို နေ့တိုင်းလိုလို ရောက်လာပြီး တူဒါရဲ့ အခြေအနေကို သတင်းလာလာပို့တယ်။ အမှန်အတိုင်း ပြောရရင်တော့ သူ့အနေနဲ့ တူဒါ့အပေါ်မှာ သိပ်ပြီးသဘောကျပုံ မပေါ်ဘူး ထင်ရတာပဲ။ အဲ… တစ်နေ့ကျတော့ သူကပြောတယ်။ “မင်းကောင်မလေးက တကယ့်ကို တောကျတာပဲကွာ။ မနေ့က သူဘာလုပ်သလဲသိလား။ ငါ့စားပွဲပေါ်က ငါ့တပည့်တစ်ယောက်ရဲ့ အဖြေစာရွက်ကိုယူပြီး ပုလင်းဘူးဆို့ လုပ်ပစ်လိုက်တယ်”တဲ့။ ကျုပ်ကလည်း “ဟုတ်တယ် ဆရာကြီး၊ သူက တကယ့်တောသူ အစစ်၊ ကျွန်တော် ဆရာကြီးကို အစကတည်းက ပြောထားတာပဲ”လို့ ပြန်ပြောတယ်။

“အေးပါ၊ မင်းကြိုပြောထားတာ ငါမှတ်မိပါတယ်”တဲ့။ “ဒါပေမယ့်ကွာ ပြဿနာမရှိပါဘူး။ ကောင်မလေးက ခင်စရာကောင်းပါတယ်။ သဘောလည်း ကောင်းတယ်။ တာဝန်လည်းသိတယ်။ တကယ့်ကို ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ”တဲ့။

ပါမောက္ခကြီးရဲ့ ချစ်စရာကောင်းတဲ့ မိန်းကလေးဟာ သိပ်မကြာပါဘူး။ တခြားမိန်းကလေးတွေနဲ့တူအောင် သူ့ကိုယ်သူ ပြင်လားဆင်လား လုပ်လာတယ်။ သူ့လုပ်ခရတာနဲ့ တစ်ပြိုင်နက် ဂါဝန်အသစ်တွေ ဝယ်ဝတ်တယ်။ ခုံမြင့်မြင့်နဲ့ ဖိနပ်တွေ ဝယ်စီးတယ်။ ပြီးတော့ မိကျောင်းရေအတုနဲ့ လုပ်ထားတဲ့ လက်ကိုင်အိတ်ငယ် ကိုင်တယ်။ သူ့ဆံပင်ကိုလည်း ဖြတ်ပစ်တယ်။ သူ့ဆံပင်တွေက သန်က သန်ပါဘိသနဲ့။ နမြောစရာကောင်းလိုက်တာဗျာ။

ဒါပေမယ့် သူ့ပါးတွေကတော့ ပန်းသီးလှလှကြီးတွေလို နီနီရဲရဲကြီးပဲ ရှိနေသေးတယ်။ မြို့ပေါ်က မိန်းကလေးတွေရဲ့ ပါးတွေလို ဖြူရော်ရော် ဖျော့တော့တော့ ဖြစ်မသွားသေးဘူးဗျ… သိလား။ အဲဒီပါးနှစ်ဖက်ကတော့ ပါမောက္ခကြီးကိုသာ မကဘူး။ တခြားလူတွေကိုပါ စိတ်ဝင်စားအောင် ဆွဲဆောင်မှုရှိနေတယ်။

ကျုပ် ပထမဆုံးမြင်ရတာကတော့ တတိယထပ်မှာနေတဲ့ အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ ဒရိုင်ဘာ မာရီယိုပဲ။ တစ်ရက်မှာ တူဒါဟာ ဒီအကောင်နဲ့ ပါသွားတာ ကျုပ်တွေ့လိုက်ရတယ်။ ကျုပ်ကလည်း မနေသာတော့ဘူး။ တူဒါကို "ဒီကောင်ဟာ မင်းနဲ့သင့်တော်တဲ့ကောင် မဟုတ်ဘူး။ သူမင်းကိုပြောခဲ့သမျှ စကားတွေဟာ အခြားမိန်းကလေးတွေကို ပြောခဲ့ပြီးသား စကားတွေပဲ"လို့။

အဲဒီတော့ တူဒါက "သူက ကျွန်မကို မနေ့က ကားနဲ့ခေါ်သွားတယ်။ ကားစီးရတာ သိပ်ကောင်းတာပဲ။ ပြီးတော့ သူက ကျွန်မကို လက်ဆောင်ပေးတယ်။ ဟောဒီမှာကြည့်စမ်း"လို့ ပြောတယ်။

သူ ကျုပ်ကိုပြတဲ့လက်ဆောင်က ဆင်ရုပ်လေး ထွင်းထားတဲ့ ကလစ်တစ်ခုဗျ။ ကင်းပိုဒီး ဖီအိုရီဘက်မှာ လမ်းဘေးဈေးသည်တွေ ရောင်းနေတဲ့ပစ္စည်းမျိုးပေါ့။ "မင်းဟာ ဘာမှ မသိနားမလည်တဲ့ တောသူမလေးတစ်ယောက်ဆိုတာ သိထားရမယ်"လို့ ကျုပ်ကပြောတယ်။ "ယောကျ်ားတစ်ယောက်က မင်းကိုလှည့်ဖြားရင်လည်း မင်းသိမှာ မဟုတ်ဘူး။ ပြီးတော့လည်း ဒီကားဟာ မာရီယိုပိုင်တဲ့ကား မဟုတ်ဘူး။ ကားပိုင်ရှင် အမျိုးသမီးသိသွားရင် ဒီကောင် ဒုက္ခရောက်မှာ သေချာတယ်။ မင်းသတိထား တူဒါ။ ငါ ထပ်ပြီး သတိပေးလိုက်မယ်။ မင်း သတိမထားလို့ မဖြစ်ဘူးနော်" ဒါပေမယ့် ကျုပ်ပြောတာ အလကားပါပဲ။ မာရီယိုနဲ့ သွားမြဲတိုင်း သွားနေတာပဲ။

နောက်နှစ်ပတ်လောက်ကြာတော့ ပါမောက္ခကြီး ကျုပ်ဆီ ရောက်လာတယ်။ ကျုပ်ကို တဲအပြင် ဆွဲခေါ်သွားပြီး နှစ်ကိုယ်ကြား လေသံနဲ့မေးတယ်။ "ဒီမယ် ဝီအိုဗန်နီ၊ ဟိုကောင်မလေး ရိုးသားတယ်ဆိုတာ တကယ်ပဲလား"တဲ့။

ကျုပ်က "တကယ်ကို ရိုးတာပါ ဆရာကြီးရယ်"လို့ ကျုပ်ကပြန်ပြောတယ်။ "ဘာမှတော့ မသိဘူး။ နားမလည်ဘူး။ ဒါပေမယ့် ရိုးသားတာကတော့ တကယ့်ကို ရိုးတာ" "မင်းပြောတာမှန်ရင်လည်း မှန်မှာပေါ့"လို့ သူက ခပ်တွေးတွေးငေးငေး မျက်နှာထားနဲ့ပြောတယ်။ "ဒါပေမယ့် ငါ့ရဲ့အဖိုးတန်စာအုပ် ငါးအုပ်ပျောက်သွားတယ်ကွ။ အဲဒါ ငါလည်းမစဉ်းစားတတ်အောင်ဖြစ်နေတယ်။ ငါ့အနေနဲ့..."

ကျုပ်ကလည်း တူဒါ တကယ်ရိုးသားကြောင်း၊ ဒီကိစ္စမှာ တူဒါမဖြစ်နိုင်ကြောင်း၊ ယုံကြည်ကြောင်း။ စာအုပ်တွေ ဆရာကြီး အထားမှားတာ ဖြစ်နိုင်ကြောင်း။ မကြာခင် ပြန်တွေ့လိမ့်မယ်လို့ ထင်ကြောင်း ရှင်းပြတယ်။ ဒါပေမယ့်ဗျာ၊ အမှန်အတိုင်း ဝန်ခံရရင် ကျုပ်စိတ်ထဲမှာ သံသယတော့ ဝင်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်း လွှတ်ထားလို့မဖြစ်ဘူး။ တူဒါရဲ့ အရိပ်အခြည်ကိုတော့ မျက်စိဖွင့်နားကိုစွင့်ပြီးကြည့်မှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်မိတယ်။

နောက်ရက် အနည်းငယ်အကြာမှာ တူဒါဟာ မာရီယိုဆိုတဲ့ကောင်နဲ့ အတူ ခတ်လှေကားထဲ ဝင်လာတယ်။ ဟိုကောင် မာရီယိုက ဘာပြောသလဲဆိုတော့ သူ တတိယထပ်တက်ပြီး သူ့သခင်မက ဘာခိုင်းမလဲဆိုတာ သွားမေးမလို့တဲ့။ ကျုပ်ကသိတယ်။ ဒီကောင် လိမ်ပြောတာဗျ သိလား။ ဘာပြုလို့လဲဆိုတော့ သူ့သခင်မဟာ အခန်းထဲမှာ မရှိနိုင်ဘူး။ လွန်ခဲ့တဲ့ တစ်နာရီကျော်ကျော်လောက်ကတည်းက အပြင်ထွက်သွားတာ သူသိတယ်။

ကျုပ် ဘာတတ်နိုင်မှာလဲ။ သူတို့ တက်သွားတာကို လွှတ်ပေးလိုက်ရတယ်။ ပြီးတော့ ကျုပ်လည်း ချက်ချင်းပဲ ပါမောက္ခကြီးရဲ့အခန်းကို သွားတယ်။ ကျုပ်ထင်တဲ့အတိုင်းပါပဲ။ သူတို့က တံခါးကိုဖွင့်ထားတယ်။ ကျုပ်အထဲဝင်သွားတော့ စာကြည့်ခန်းထဲက စကားပြောသံတွေ ကြားနေရတယ်။ မမှားပါဘူး။ သူတို့မှ သူတို့အစစ်ပါ။

ကျုပ်အသာကလေး ခြေဖျားထောက်ပြီး စာကြည့်ခန်းနားကို လျှောက်သွားတယ်။ တံခါးဝရောက်လို့ အထဲကို ချောင်းကြည့်လိုက်တော့ လား... လား... ဟိုကောင် မာရီယိုက စာအုပ်စင်ကို မှီပြီးချထားတဲ့ ကုလားထိုင်တစ်လုံးပေါ်တက်ရပ်နေတယ်။ အခန်းမျက်နှာကြက်နဲ့ ကပ်နေတဲ့ စာအုပ်တွေကို လက်နဲ့နှိုက်နေတယ်။

ပါးနီနီ ပိုင်ရှင်မလေးကတော့ ကုလားထိုင်ကို ကိုင်ပေးထားတယ်။ ပါးစပ်ကလည်း အပေါ်ကိုမော့ပြီး မာရီယိုကို စကားလှမ်းပြောနေတယ်။ "ဟိုအပေါ်ကဟာကို ပြောတာ... ဟိုဟာ... လေ... ဟိုထူထူ စာအုပ်ကြီး... သားရေဖုံးနဲ့ စာအုပ်ထူထူကြီးကိုပြောတာ"တဲ့။ ကျုပ် အသာကလေး နောက်ဆုတ်ပြီး အခန်းထဲက ပြန်ထွက်လာခဲ့တယ်။ စိတ်ထဲကလည်း ကျိတ်ပြီး ရေရွတ်လာမိတယ်။ "ကောင်းကွာ... သိပ်ကိုကောင်းတာပေါ့ တူဒါရယ်၊ အင်း... တော်တော့ကို ကောင်းတာပဲ၊ မင်းတို့နှစ်ယောက် ဘာတွေလုပ်နေကြတယ်ဆိုတာ ငါကိုယ်တိုင် လက်ပူးလက်ကြပ်မိပြီ။ ပါမောက္ခကြီးလာပြောတုန်းက ငါလုံးဝမယုံကြည်ခဲ့ဘူး။ သိပ်ကောင်းတာပေါ့ တူဒါရယ်"

လူတစ်ဦးတစ်ယောက်က ကြောင်တစ်ကောင်ကို ရေနဲ့ပက်လိုက်တဲ့အခါမှာ ပြတင်းပေါက်က ကြောင်ခုန်ထွက်သွားတာ ခင်ဗျားတို့ မြင်ဖူးကြတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ အဲဒီလိုပုံစံအတိုင်းပါပဲခင်ဗျာ။ ကျုပ် အခန်းထဲ ပြန်ဝင်သွားလို့ ကျုပ်အသံကိုလည်းကြားရော မာရီယိုဆိုတဲ့အကောင်ဟာ ကုလားထိုင်ပေါ်က ခုန်ချပြီး ထွက်ပြေးလိုက်တာ ဖနောင့်နဲ့တင်ပါး တစ်သားတည်းပါပဲ။

အခန်းထဲမှာ ကျုပ်နဲ့တူဒါနှစ်ယောက်ပဲ ကျန်ခဲ့ကြတယ်။ ကျုပ်ကတော့ ဆူတာပေါ့ဗျာ။ အများအားဖြင့်တော့ အခုလို ဆူဆူပူပူလုပ်ရင် မိန်းကလေးတွေက မျက်ရည်ထွက်တတ်ကြတယ်ဗျ။ ဒါပေမယ့် စီအိုစီယာရီယာနယ်သူတွေကျတော့ အဲဒီလိုမဟုတ်ဘူး။ တူဒါဟာ ကျုပ်ပြောသမျှကို ခေါင်းငုံ့ပြီး နားထောင်တယ်။ မျက်ရည်ကတော့ တစ်စက်ကလေးမှ မထွက်ဘူး။

ကျုပ်စကားဆုံးတော့ သူက မော့ကြည့်ပြီး ပြန်ပြောတယ်။ "ရှင့်ပါမောက္ခကြီးရဲ့ ပစ္စည်းတွေကို ခားပြတိုက်နေလို့လား။ သူ့ပစ္စည်းတွေ ခိုးနေလို့လား။ ကျွန်မ စျေးဝယ်ပြီးရင် ပိုတဲ့ပိုက်ဆံမှန်သမျှ ပြန်ပေးတာပဲ။ အခြားထမင်းချက်တွေလို ခိုးလားဖွက်လား လုံးဝမလုပ်ဘူး။ အခြားထမင်းချက်တွေဆိုရင် သူတို့ဝယ်သမျှပစ္စည်းတွေအပေါ်မှာ စျေးနှစ်ဆ တင်ကြတာချည်းပဲ"တဲ့။

"ဟဲ့... နင် ဒါတွေ လျှောက်ပြောမနေနဲ့။ နင်လုပ်နေတာ ငါမသိဘူး မထင်နဲ့ဟဲ့။ နင်စာအုပ်တွေ ခိုးနေတာမဟုတ်လား... စာအုပ်တွေကို ပါမောက္ခကြီးမသိအောင် ယူတာဟာ ခိုးတာပဲ မဟုတ်လား"

"ဒါပေမယ့် သူ့မှာစာအုပ်တွေ အများကြီးရှိနေတာပဲ"

"များများနည်းနည်း နင် သူ့စာအုပ်တွေယူဖို့ မလိုဘူး။ ငါ သတိပေးလိုက်မယ်။ နောက်တစ်ခါ စာအုပ်တွေခိုးတာမိရင်တော့ နင် ဒီမှာမနေရတော့ဘူး။ နင့်ရွာ နင်ပြန်ရမယ်။ ငါပြောတာ ကြားလား"

တူဒါကတော့ ခိုးတယ်လို့ပြောတဲ့စကားကို လုံးဝ လက်မခံဘူး။ သူ ခိုးတာမဟုတ်ဘူးလို့ အကြောက်အကန်ငြင်းတယ်။ နောက်ရက်အနည်းငယ်ကျတော့ သူ ကျုပ်ဆီရောက်လာတယ်။ စာအုပ်ထုပ်ကြီး တစ်ထုပ် ပွေ့လာတယ်။ "ဒီမှာမြင်လား စာအုပ်တွေ"လို့ ပြောတယ်။ "ဒီစာအုပ်တွေဟာ ပါမောက္ခကြီးရဲ့ စာအုပ်တွေပဲ။ ကျွန်မ ပြန်ယူလာတယ်။ သူ ကျွန်မအပေါ်မှာ အပြစ်ပြောစရာမရှိဘူး"တဲ့။

ကျုပ်ကလည်း သူ အခုလိုလုပ်တာ မှန်တယ်လို့ ပြောပြလိုက်တယ်။ ပြီးတော့ ဒီကိစ္စဟာ သူ့အပြစ်မဟုတ်နိုင်ဘူး။ မာရီယိုကြောင့်ဖြစ်ရတာနေမှာလို့ တွေးမိတယ်။ ကျုပ် သူနဲ့အတူတူ ခတ်လှေကားနဲ့ တက်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကြီးရဲ့ အခန်းထဲဝင်တယ်။ စာအုပ်တွေကို သူ့နေရာနဲ့သူ ပြန်စီထားတဲ့အခါ ကူညီမယ်ဆိုတဲ့စိတ်ကူးနဲ့ လိုက်လာတာပါ။ အခန်းထဲရောက်လို့ စာအုပ်ထုပ်ကြီး ဖြည်နေတုန်းမှာပဲ ပါမောက္ခကြီး ဖုန်းဆိုဝင်လာတယ်။

ကျုပ်က "ဆရာကြီးခင်ဗျာ၊ ဆရာကြီးရဲ့ စာအုပ်တွေပါ။ တူဒါကိုယ်တိုင် ပြန်ယူလာတာပါ။ သူ့ သူငယ်ချင်းတစ်ယောက်က ရုပ်ပုံတွေကြည့်ချင်လို့ ငှားသွားတဲ့စာအုပ်တွေပါ"လို့ ဆီးပြီး ရှင်းပြတယ်။

"အေးပါကွာ၊ အေးပါ။ ရပါတယ်၊ ကိစ္စမရှိပါဘူး။ ဒီအကြောင်းကို ငါတို့ ထပ်မပြောကြတာ ကောင်းပါတယ်ကွာ"လို့ ပါမောက္ခကြီးက ပြန်ပြောတယ်။

ပါမောက္ခကြီးဟာ သူ့ကုတ်အင်္ကျီကိုရော ဦးထုပ်ကိုပါ မချွတ်ဘဲနဲ့ စာအုပ်ပုံကို ငုံ့ကြည့်တယ်။ စာအုပ်တစ်အုပ်ကို ဆွဲယူပြီး လှန်လှောကြည့်တယ်။ "ဟ... ဒီဟာတွေက ငါ့စာအုပ်တွေ မဟုတ်ဘူးကွ"လို့ တအံ့တသြရေရွတ်တယ်။

"ဆရာကြီး ဘယ်လိုပြောလိုက်တာလဲ"လို့ ကျုပ်ကမေးလိုက်တော့...

"ဟ... ငါ့စာအုပ်တွေက ရှေးဟောင်းသမိုင်းစာအုပ်တွေကွ၊ အခုဟာက ဥပဒေစာအုပ်တွေပဲ။ အံမယ်... ဥပဒေစာအုပ်ဟောင်း (၅) တွဲတောင်ပါလား"လို့ ပြန်ပြောတယ်။

"ကဲ... တူဒါ၊ မင်းဘယ်လိုလုပ်တာလဲ။ ငါတို့ကိုပြောပြမှ ဖြစ်တော့မယ်"လို့ ကျုပ်က တူဒါဘက် လှည့်မေးတယ်။

တူဒါကတော့ အကြောက်အကန် ပြောတာပဲဗျို့၊ သိလား။ "ကျွန်မယူသွားတာ စာအုပ် ငါးအုပ်တည်းရယ်။ အခုပြန်ယူလာတာလည်း ငါးအုပ်ပဲမဟုတ်လား။ ဒီစာအုပ်တွေအတွက် ကျွန်မငွေတွေအများကြီးပေးခဲ့ရတာရှင့်။ ကျွန်မရောင်းတုန်းက ရတာထက်ပိုပြီး ပေးခဲ့ရတာ၊ ရှင်တို့ဘာသိလဲ" ပါမောက္ခကြီး ကတော့ အံ့အားသင့်နေတယ်။ စကားကတော့ တစ်ခွန်းမှ မပြောဘူး။

"ဒီမှာသေသေချာချာကြည့်"လို့ တူဒါက ဆက်ပြောတယ်။ "ချုပ်ထားပုံလည်း အတူတူပဲ။ ဒီစာအုပ်တွေက ပိုတောင်မှ ကောင်းသေးတယ်။ သေသေချာချာ ဖတ်ကြည့်ကြဦး။ တွေ့လား။ ဒီမှာမြင်လား။ အလေးချိန်လည်း အတူတူပဲ။ ကျွန်မကိုယ်တိုင် ချိန်ကြည့်လာတာ။ လေးကီလိုခွဲရှိတယ်။ သိလား။ ရှင့်စာအုပ်တွေနဲ့ အလေးချိန် အတူတူပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြားတော့ ပါမောက္ခကြီးက ဟက်ဟက်ပက်ပက် ရယ်တယ်။ ရယ်တာမှ အူလှိုက်သည်းလှိုက် ရယ်တာဗျ သိလား။ ပြီးတော့ပြောတယ်။ "စာအုပ်တွေရဲ့ တန်ဖိုးကို အမဲသားချိန်သလို ချိန်ပြီး တွက်လို့မရဘူး မိန်းကလေးရဲ့။ စာအုပ်ဆိုတာ တစ်အုပ်နဲ့တစ်အုပ် မတူဘူးကွ။ စာအုပ်တစ်အုပ်ထဲမှာ ရေးထားတဲ့ အကြောင်းအရာတွေကလည်း တစ်ခုနဲ့တစ်ခု မတူဘူး။ ရေးတဲ့ စာရေးဆရာချင်းလည်း မတူဘူး"တဲ့။

ဒီသဘောကို တူဒါနားလည်ဖို့က ဘယ်လွယ်မလဲဗျာ။ သူကတော့ ခေါင်းမာမာနဲ့ ခြေကန်ပြီး ငြင်းနေတုန်းပဲ။ "ရှင့်စာအုပ်က ငါးအုပ်၊ အခု ကျွန်မပြန်ယူလာတာက ငါးအုပ်။ အတူတူပဲ။ ချုပ်ထားပုံလည်း အတူတူပဲ။ အထူအပါးလည်း အတူတူပဲ။ ဘာမှ မကျေနပ်စရာမရှိဘူး"တဲ့။

တိုတိုနဲ့လိုရင်းပြောမယ်ဆိုရင်တော့ နောက်ဆုံးမှာ ပါမောက္ခကြီးက တူဒါကို မီးဖိုထဲပြန်သွားဖို့ခိုင်းတယ်။ "ကဲပါကွာ... မီးဖိုချောင်ထဲသွားပြီး မင်းချက်စရာရှိတာ ချက်ပါ။ အဲဒါဆိုရင် လုံလောက်ပါပြီ။ စိတ်တိုစရာ၊ စိတ်ဆိုးစရာတွေကို ငါမမြင်ချင်၊ မကြားချင်တော့ပါဘူး"လို့လည်း ပြောတယ်။

တူဒါ ထွက်သွားတော့မှ ပါမောက္ခကြီးက ကျုပ်ဘက်လှည့်ပြီး "အေးပါကွာ... ငါ စိတ်မကောင်းပါဘူး"တဲ့။ "မိန်းကလေးက ချစ်စရာလေးပါကွာ။ အူတာအတာကဖြင့် သြချလောက်တယ်ဟေ့"

"ဒါကတော့ ဆရာကြီးလိုချင်တာ ရှာပေးရတာပဲလေ"လို့ ကျုပ်က ပြန်ပြောတယ်။ တူဒါ အလုပ်တစ်ခုရဖို့ လိုက်ရှာနေတဲ့ အတောအတွင်းမှာ ပါမောက္ခကြီးဆီမှာပဲနေတယ်။ မကြာခင်မှာပဲ အဲဒီရပ်ကွက်ထဲက နွားနို့ဆိုင် တစ်ဆိုင်မှာ အလုပ်ရသွားတယ်။ တစ်ခါတလေ ကျုပ်တို့ဆီ လာလာပြီး လည်တယ်။ စာအုပ်တွေအကြောင်းကို လုံးဝ မပြောဘူးဗျ သိလား။ ဒါပေမယ့် သူက ကျုပ်ကိုပြောတယ်။ သူ စာရေးတတ် ဖတ်တတ်အောင် စာသင်နေတယ်တဲ့။

*

www.burmeseclassic.com

www.burmeseclassic.com

# မဟုတ်ဘူးလို့ မပြောပါဘူး

အက်ဒီလီရဲ့ အကျင့်စရိုက်ကို ခင်ဗျားတို့နားလည်အောင် ပြောပြရမယ်ဆိုရင်တော့ ကျုပ်အနေနဲ့ ကျုပ်တို့လက်ထပ်တဲ့ညက အဖြစ်ကို ပြန်ပြောပြရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ထင်တယ်။ အဲဒီညက ကျုပ်တို့တတွေဟာ ထရပ်စတီဗားဘက်က စားသောက်ဆိုင်မှာ ညစာစားကြတယ်။ ညစာလည်း စားပြီးကြပြီ၊ အရက်ဖန်ခွက်ချင်းထိပြီး ဆုတောင်းတာတွေ ဘာတွေလည်း လုပ်ပြီးကြပြီ။ တစ်ယောက်ကို တစ်ယောက် ကျန်းမာစေကြောင်း ဆုတောင်းပတ္တနာတွေလည်း ပြောပြီးကြပြီ။ ကျုပ်ယောက္ခမ အမကြီးက သူ့သမီးကို ဖက်ပြီး မျက်ရည်တရွှဲရွှဲလည်းကျပြီးသွားပြီ။ အဲဒါတွေအားလုံးလည်းပြီးရော ကျုပ်နဲ့အက်ဒီလီတို့ဟာ ကျုပ်အိမ်ကို ပြန်လာခဲ့ကြတယ်။

ကျုုပ်အိမ်က 'ဗီယာဒဲလ်အေနီမာ' ရပ်ကွက်ထဲက ကျုပ်ရဲ့ကုန်မာဆိုင်အပေါ်ထပ်မှာပါ။ အခုဆိုရင် ကျုပ်တို့နှစ်ယောက်က လက်ထပ်ပြီးကြပြီ။ ထုံးစံအတိုင်း နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရှက်သလိုလို ဘာလိုလိုဖြစ်နေကြတယ်။ အိပ်ခန်းထဲ ရောက်တော့ ကျုပ်က ဂျက်ကက်အင်္ကျီကို ချွတ်ပြီး ကုလားထိုင်နောက်မှာ ချိတ်လိုက်တယ်။ ပြီးတော့ စကားမရှိစကားရှာပြီး "လူတွေက ပြောကြတယ်။ ဆယ့်သုံးဂဏန်းဟာ ကံမကောင်းတတ်ဘူးတဲ့။ မင်း သတိထားမိခဲ့သလား။ တို့ညစာစားပွဲမှာ လူဆယ့်သုံးယောက်ကွ" လို့ ပြောလိုက်မိတယ်။

အဲဒီအချိန်က အက်ဒီလီဟာ သူ့ခြေထောက်က ရှူးဖိနပ်အသစ်ကို ချွတ်ပြီး ဗီရိုမှန်ရှေ့မှာ ရပ်နေခိုက်ပေါ့။ သူ့ကိုယ်သူ မှန်ထဲကြည့်ပြီး ဖိုးရိုးဖားရားဖြစ်နေတဲ့ ဆံပင်တွေကို ပြုပြင်နေတဲ့အချိန်ပေါ့။ ကျုပ်စကားကြားတော့ သူက

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပြန်ပြောတယ်။ "ဆယ့်သုံးယောက်မဟုတ်ပါဘူးဂျီနီရယ်။ အားလုံး ဆယ့်နှစ်ယောက်ပါ။ ဧည့်သည်က ဆယ်ယောက်နဲ့ ကျွန်မတို့က နှစ်ယောက် ဆိုတော့ ဆယ့်နှစ်ယောက်ပေါ့"တဲ့။

အင်း... စားသောက်ဆိုင်မှာတုန်းက ကျုပ် အသေအချာရေထားတာပဲ။ ကျုပ်ကိုယ်တိုင် လူဘယ်နှစ်ယောက်စာ ကျွေးမယ်ဆိုတာမှာခဲ့ရတဲ့လူဆိုတော့ အသေအချာမှတ်မိတာပေါ့။ အားလုံး ဆယ့်သုံးယောက်ရှိတာ။ အဲဒီတုန်းက ကျုပ်တို့လက်ထပ်ပွဲမှာ သက်သေတစ်ဦးအဖြစ် လက်မှတ်ထိုးပေးခဲ့တဲ့ လိုဒိုဗီ ကို "ဟေ့... တို့အားလုံး ဆယ့်သုံးယောက်ဖြစ်နေတယ်ကွ။ ဆယ့်သုံးဟာ ကံမကောင်းတတ်ဘူးလို့ လူတွေကပြောကြတယ်။ ဟုတ်များဟုတ်နေမလား" လို့တောင် မေးခဲ့မိသေးတယ်။ သူက "အလကားပါကွာ။ ဆယ့်သုံးကြောင့် ကံကောင်းတာတွေ အများကြီးရှိပါတယ်"လို့ ပြန်ပြောပါတယ်။

ကျုပ်ဟာ ခုတင်အစွန်းမှာထိုင်ပြီး ဘောင်းဘီကိုချွတ်နေရာက "မင်းမှား နေပြီကွ၊ တို့အားလုံး ဆယ့်သုံးယောက်ရှိတာ၊ မောင်ကိုယ်တိုင် အသေအချာ ရေခဲ့တာ။ မောင့်သူငယ်ချင်း လိုဒိုဗီကို တောင်မှ ပြောခဲ့မိသေးတယ်"လို့ ပြန်ပြောလိုက်မိပါတယ်။ အဲဒီအချိန်က သူက အင်္ကျီကိုချွတ်နေတုန်းပါ။ အင်္ကျီ က သူ့ခေါင်းမှာ စွပ်လျက်တန်းလန်းဆိုတော့ ကျုပ်ကို ဘာမှ ပြန်မပြောနိုင်ဘူး။

ဒါပေမယ့် အင်္ကျီလည်း ခေါင်းက ကျွတ်သွားရော "ရှင်ရေတာမှားလို့ ပေါ့။ ကျွန်မတို့ လမ်းပေါ်မှာတုန်းက အားလုံး ဆယ့်သုံးယောက်ရှိတယ်။ မီအိုလည်းထွက်သွားရော ဆယ့်နှစ်ယောက်ပဲ ကျန်ခဲ့တာ"လို့ သူကပြောပါတယ်။ အဲဒီအချိန်က ကျုပ်က အဝတ်မလဲရသေးဘူး။ အတွင်းခံဘောင်းဘီနဲ့ပဲရှိသေး တယ်။ ဘာ့ကြောင့်လဲတော့ မသိဘူး။ ကျုပ်စိတ်တိုသွားတယ်။ "မင်းဟာ မင်း ဆယ့်နှစ်ယောက်ချင်လည်း ဆယ့်နှစ်ယောက်ပေါ့။ မင့်ရဲ့ မီအိုထွက်သွား တော့လည်း ထွက်သွားပေါ့။ ငါက စားသောက်ဆိုင်ထဲကိုရောက်မှ အသေအချာ ရေထားတာ။ ဆယ့်သုံးယောက်တိတိရှိတယ်"လို့ ဒေါသတကြီး ပြောလိုက်မိ တယ်။

အဲဒီတော့ အဝတ်တွေ ခေါက်ပြီးသိမ်းနေတဲ့ အက်ဒီလီက "ဒါဆိုရင် ရှင်ရေတုန်းက ရှင် အရက်မူးနေလို့နေမှာပေါ့"လို့ ပြန်ပြောတယ်။ သူ့စကား ကြားတော့ ကျုပ်က မခံနိုင်ဘူး။ "နေစမ်းပါဦးကွ၊ ငါ့ကိုမူးနေတယ်လို့ပြောတာ ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ။ ငါသောက်တာမှ အရက်နှစ်ခွက်ပဲရှိတယ်"လို့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ပြန်ပြောတယ်။

"ဘာပဲဖြစ်ဖြစ်လေ လူကတော့ ဆယ့်နှစ်ယောက်ပဲ။ အဲဒါကို ဆယ့်သုံးယောက်လို့ ပြောနေတော့ ရှင်မူးပြီးမမှတ်မိလို့နေမှာပေါ့။ ရှင့်မှတ်ဉာဏ်က ရှင့်ကိုလိမ်တာ ရှင်ခံရတာပဲဖြစ်မယ်"လို့ သူက ပြန်အော်တယ်။ အဲသလိုနဲ့ပဲ...။

"ဆယ့်သုံးကွ"

"ဆယ့်နှစ်"

ကျုပ်တို့နှစ်ယောက်ဟာ မျက်နှာချင်းဆိုင်ရပ်ပြီး တစ်ယောက်က ဆယ့်သုံး၊ တစ်ယောက်က ဆယ့်နှစ်လို့ အပြန်အလှန် အော်နေကြတယ်။ အဲသလို အော်နေရာက ကျုပ်ခေါင်းထဲကို ဖျတ်ခနဲ အသိဝင်လာတယ်။ ကျုပ်က သူ့ကို ပွေ့ဖက်ပြီး "ဆယ့်သုံးပဲဖြစ်ဖြစ်၊ ဆယ့်နှစ်ပဲဖြစ်ဖြစ် အရေးကြီးတဲ့ ကိစ္စမဟုတ်ပါဘူးကွာ။ ကဲပါ မောင့်ကို မွှေးမွှေးပေးပါဦး"လို့ လေအေးအေးနဲ့ ပြောပါတယ်။

သူက မွှေးမွှေးမပေးဘူးလို့တော့ မငြင်းပါဘူး။ ဒါပေမယ့် ကျုပ်ကလည်း သူ့ကိုနမ်းမယ်လုပ်ရော "ရှင်ရေတာ မှားနေတာ။ အမှန်က ကျွန်မတို့အားလုံး ဆယ့်နှစ်ယောက်ပဲရှိတယ်"လို့ ပြောပြန်တယ်။ ကျုပ်ဟာ နောက်ကိုခုန်ပြီး ဆုတ်လိုက်မိတယ်။ "မင်းဟာ ငါ့မယား၊ ငါ့စကားကို မင်း နားထောင်ရမယ်။ ငါက မင်းကို ဆယ့်သုံးယောက်လို့ပြောရင် ဆယ့်သုံးယောက်လို့ လက်ခံရမယ်။ ငါ့ကိုပြန်ငြင်းနေဖို့မလိုဘူး"လို့ ကျုပ်က လေသံမာမာနဲ့ ပြောလိုက်တယ်။

သူက အိပ်ရာပေါ်မှာ ထိုင်နေရာက ဖြုန်းခနဲ ထရပ်လိုက်တယ်။ "ဟုတ်တယ် ကျွန်မဟာ ရှင့်မယားပဲ၊ ဒါပေမယ့် လူအားလုံး ဆယ့်နှစ်ယောက်ပဲ ရှိတယ်"တဲ့။

"ဒါဆိုရင်လည်း မင့်ဆယ့်နှစ်ယောက်အတွက် ဒီဟာကိုပဲ ယူတော့"လို့ ပြောပြီး ကျုပ်က သူ့ပါးကို တစ်အားပိတ်ရိုက်လိုက်မိတယ်။ ဒေါသရှိန်နဲ့ဆိုတော့ ရိုက်ချက်က အတော်ကောင်းတာပဲ။ ပြင်းလည်းတော်တော် ပြင်းတယ်... ဖျ။ ဖြန်းခနဲမြည်တဲ့အသံတောင် ထွက်လာတယ်။

အက်ဒီလီဟာ ပထမတော့ အံ့အားသင့်ပြီး ကြောင်နေတယ်။ ပြီးတော့ ဧည့်ခန်းတံခါးဆီကို ပြေးသွားတယ်။ တံခါးကိုဖွင့်ပြီး ဝင်မသွားခင်ကလေးမှာ ကျုပ်ကိုလှည့်ကြည့်ပြီး "ကျွန်မတို့အားလုံး ဆယ့်နှစ်ယောက်ပဲရှိတယ်။ ရှင် ကျွန်မကို လုံးဝလာမနှောင့်ယှက်နဲ့။ ရှင့်ကို ကျွန်မရွံတယ်"လို့အော်ပြောသွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ခဏကြာတော့ ကျုပ်မှာ အသိပြန်ဝင်လာတယ်။ တံခါးဆီသွားပြီးခေါက်တယ်။ ထုတယ်။ အော်ခေါ်တယ်။ လုံးဝမရဘူး။ အသံတောင် ပြန်မပေးဘူး။ ဒီဇာတ်လမ်းရဲ့အဆုံးသတ်ကတော့ မင်္ဂလာဦးညမှာ ကျုပ်ဟာ အိပ်ရာပေါ်မှာ တစ်ယောက်တည်းအိပ်ရတယ်။ အိပ်လို့လည်းကောင်းကောင်းမရပါဘူး။ အက်ဒီလီလည်း ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ကျုပ်လိုပဲ တလူးလူးတလိမ့်လိမ့်ဖြစ်နေမှာ သေချာပါတယ်။

နောက်တစ်နေ့ကျတော့ ကျုပ်တို့ဟာ နှစ်ဦးသဘောတူ အက်ဒီလီရဲ့အမေဆီ သွားပြီး ညက လူဘယ်နှစ်ယောက်ရှိခဲ့သလဲလို့ မေးကြတယ်။ သူ့အမေက အားလုံး ဆယ့်လေးယောက်ရှိတယ်… တဲ့။ ပါလာတဲ့ကောင်လေးနှစ်ယောက်က သိပ်ငယ်သေးတဲ့ကလေးတွေမို့ စာရင်းထဲ ထည့်မတွက်ကြတာ… တဲ့။ ကလေးတွေက စားပွဲအောက်မှာ ဝင်ကစားတဲ့အခါ ကစားနေကြတာ… တဲ့။ ကျုပ်ရေတဲ့အချိန်က ကလေးတစ်ယောက်က စားပွဲအောက် ရောက်နေလိမ့်မယ်… တဲ့။ အက်ဒီလီ ရေတဲ့အချိန်မှာတော့ ကောင်လေးနှစ်ယောက်စလုံး အနားမှာမရှိလို့ဖြစ်လိမ့်မယ်… တဲ့။ ကျုပ်တို့နှစ်ယောက်စလုံးမှန်တယ်… တဲ့။ ဒါပေမယ့် အခုကိစ္စမှာတော့ မယားတစ်ယောက်အနေနဲ့တွက်ရင် အက်ဒီလီလုပ်တာဟာ မှားတယ်လို့ သူ့အမေကရှင်းပြတယ်။

အဲဒီညက ပထမဆုံးအကြိမ် အဲသလိုဖြစ်ခဲ့ပြီးတဲ့နောက်ပိုင်းကျတော့လည်း အကြိမ်ပေါင်းများစွာ ထပ်ပြီးဖြစ်ခဲ့ပြန်တာပါပဲ။ အက်ဒီလီဟာ အဲသလိုဖြစ်ရတာကို အတော်သာယာတာပဲ။ အသေးအဖွဲကိစ္စလေးတွေကအစ အငြင်းအခုံလုပ်တတ်တဲ့အကျင့်ဟာ သူ့အကျင့်ပဲ။ ကျုပ်က ဖြူတယ်ပြောရင် သူက အမည်းပြောရမှ ကျေနပ်တယ်။ ဘယ်တော့မှလည်း အရှုံးမပေးဘူး။ မှားပါတယ်လို့လည်း လုံးဝဝန်မခံဘူး။

ဒီအကြောင်းတွေကိုသာ ပြောပြရမယ်ဆိုရင် ပြောစရာတွေ အများကြီးပဲ။ ဥပမာဆိုပါတော့။ တစ်ခါမှာ သူရနေကျ တစ်နေ့တာအိမ်သုံးစရိတ်ကို သူမရသေးဘူးတဲ့။ ကျုပ်က ပေးပြီးပါပြီလို့ပြောတော့လည်း လက်မခံဘူး။ တစ်နေ့လုံး အငြင်းအခုံဖြစ်နေရတယ်။ တစ်နေ့လည်းကုန်ရော ငွေကိုပြန်တွေ့တယ်။ အိမ်သာထဲက ပြတင်းပေါက်ပေါင်ပေါ်မှာ သူမေ့ပြီးတင်ထားတာကိုး… ဗျ။

ဒါပေမယ့် ခက်တာက အဲဒီငွေကို သူမေ့ပြီး တင်ထားတာမဟုတ်ဘူး…

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ အဲဒီပေါ် အဲသလို တင်ထားခဲ့ပြီး ပြန်ယူဖို့မေ့နေတာ ကျုပ်... တဲ့။ ကျုပ်က အချက်အလက် အထောက်အထားတွေပြပြီး ကျုပ်မဟုတ်ကြောင်း ပြောပြတော့လည်း လုံးဝလက်မခံဘူး။ ဒီငွေဟာ ကျုပ်လက်ထဲကနေပြီး သူ့လက်ထဲ ရောက်ခါမှ ဖြစ်တာပါလို့ အခိုင်အမာပြောတာတောင်မှ မရဘူး။

တစ်ကြိမ်မှာလည်း ကျုပ်တို့နဲ့ မျက်နှာချင်းဆိုင် စားသောက်ဆိုင်က စားပွဲထိုး အလက်စ်ဆန်ဒရိုမှာ ကလေးလေးယောက်ရှိတယ်လို့ ဖွတ်ခံငြင်းနေတယ်။ ကျုပ် အသေအချာ မသိဘဲနေပေါ့မလား။ သူ့မှာကလေးသုံးယောက်ပဲ ရှိတာ... ဗျ။ ဒီကိစ္စကို ကျုပ်တို့နှစ်ယောက်ဟာ တစ်ပတ်လုံးလုံး အငြင်းအခုန်ဖြစ်ခဲ့ကြရတယ်။ သူ့အိမ်မှာကလည်း စားပွဲထိုးက မရှိတော့ သွားမေးလို့မဖြစ်ဘူး။ နောက်ဆုံးစားပွဲထိုးပြန်ရောက်လာလို့ စုံစမ်းကြည့်တော့ ကျုပ်တို့ စပြီးငြင်းကြတဲ့အချိန်က ကလေးသုံးယောက်ပဲရှိတယ်... တဲ့။ ကျုပ်တို့နှစ်ယောက် အပြင်းအထန် ငြင်းခုံနေကြတဲ့ အတောအတွင်းမှာ ကလေးတစ်ယောက် ထပ်မွေးလာလို့ အခုတော့ လေးယောက်ဖြစ်နေပြီ... တဲ့။

တကယ်တော့ဗျာ၊ ဒါတွေဟာ အကျိုးမရှိတဲ့ဟာတွေပါ။ တစ်ခါတလေ ကျုပ်ကမှန်တယ်၊ တစ်ခါတလေ သူကမှန်တယ်။ ဒါပေမယ့် ငြင်းခုံနေရတာက အချိန်လည်းကုန်တယ်။ လူတွေမှာလည်း ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲရတယ်။ မှန်တယ်ဆိုတာလေးရဖို့ကိစ္စက ဘယ်လောက်များ အရေးကြီးလို့လဲ စသည်ဖြင့် ကျုပ်က သူနားလည်အောင် စိတ်ရှည်ရှည်ထားပြီး ရှင်းပြတယ်။ ဒါပေမယ့် မရဘူး... ဗျ။ "ရှင်ကမယားလိုချင်တာ မဟုတ်ဘူး။ ကျွန်တစ်ယောက်ကို လိုချင်နေတဲ့လူပဲ" ဆိုတဲ့ လက်သုံးစကားနဲ့ ကျုပ်ပြောသမျှ အားလုံးကို အလဟဿ ဖြစ်သွားအောင် လုပ်ပစ်တာကများတယ်။

အဲဒီတော့... ဗျာ။ ကျုပ်တို့ကြားမှာ အငြင်းအခုံက ဆက်ဖြစ်နေတာပဲပေါ့။ အဲသလိုဖြစ် ဖြစ်နေတာက သိပ်များလာတော့လည်း ကျုပ်တို့ကြားမှာ အဆင်ပြေမှုက သိပ်ကို နည်းလာတာပေါ့။ ကျုပ်အနေနဲ့ ဘာပဲပြောပြော သူ့ကို စကားပြောတိုင်း အမြဲသတိထားပြီး ပြောနေရတယ်။ ကျုပ်က "ဒီနေ့တော့ သိပ်ကိုနေသာတာပဲ"လို့ အမှတ်မထင်ပြောလိုက်မိတယ် ဆိုပါစို့။ ပြောလည်းပြီးရော ကျုပ်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်။ ငါ့စကားကို သူလာငြင်းနေမှဖြင့် အခက်ပဲလို့ စိတ်ထဲကတစ်ဆက်တည်း တွေးလိုက်မိတယ်။ သူ့မျက်နှာကိုလည်း တစ်ချက်ခိုးကြည့်ပြီး အကဲခတ်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်း... ထင်တဲ့အတိုင်းပါပဲဗျာ။ ကျုပ်စကားလည်းဆုံးရော သူက “ဘယ့်နှယ်ပြောလိုက်တာလဲ ဂျိနီရယ်။ ဘယ်ကလာ နေသာရမှာလဲ၊ တိမ်တွေ ဖုံးနေတာ ရှင်မမြင်ဘူးလား”တဲ့။ အဲဒီတော့ ကျုပ်ဟာ ကပျာကယာ ဦးထုပ်ကို ယူဆောင်းပြီး အပြင်ကို ကသုတ်ကရက် ထွက်လာခဲ့ရတယ်။ အဲသလိုထွက်မလာဘဲ အိမ်ထဲမှာဆက်နေရင် သူနဲ့ကျုပ် ငြင်းကြရတော့မယ်။ ငြင်းရရင် ကျုပ် ဒေါသဖြစ်လာမိတော့မယ် မဟုတ်လားဗျာ။

တစ်ရက်မှာ ကျုပ်ဟာ ရီဗက်တာလမ်းအတိုင်း လျှောက်လာတယ်။ အဲဒီအခိုက်မှာ ကျုပ် အက်ဒီလီနဲ့ မသိခင်က ပိုးနေခဲ့ဖူးတဲ့ ဂျီယူလီယာဆိုတဲ့ အမျိုးသမီးနဲ့ဆုံမိတယ်။ ကျုပ်ပိုးနေချိန်တုန်းကတော့ ကျုပ်က ဂျီယူလီယာကို သူ့ဘာသာသူ လွတ်လွတ်လပ်လပ် ရပ်တည်ချင်စိတ် နည်းလွန်းတယ်လို့ အထင်ရောက်ပြီး စိတ်ကုန်နေတယ်။ ပြီးတော့ သူကကျုပ်ဘာပြောပြော မှန်တယ်လို့ အမြဲထောက်ခံတတ်တဲ့မိန်းမ။ ကုန်ကုန်ပြောရရင် မျက်မမြင်တစ်ယောက်ကတောင်မှ ကျုပ်ကို အမြင်သိပ်မှားနေပြီလို့ ပြောနိုင်တဲ့အမှားမျိုးလုပ်နေ ပြောနေတာတောင်မှ သူကမှန်တယ်လို့ ထောက်ခံတတ်တယ်။

ဒါပေမယ့် အင်း... အခုတော့ ကျုပ်ဟာ လွတ်လပ်စိတ်အားကြီးတဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ခဲ့ပြီးပြီ။ သာယာပျော်ရွှင်မှုတွေကို ဘယ်လောက်အထိရနေပြီလဲ။ အမှန်တော့ ဂျီယူလီယာဟာ သဘောမနော သိပ်ကောင်းတဲ့ မိန်းမပါ။ သူ့အတွက် ကျုပ် အတော့်ကို စိတ်မကောင်းဖြစ်မိပါတယ်။ သူ့ကို မယူဘဲ အက်ဒီလီကို ယူခဲ့မိတဲ့အတွက် ကျုပ်ကိုယ်ကျုပ် ဆောင့်ဆောင့်ပြီး ကန်ချင်တဲ့စိတ်တွေ တဖွားဖွား ဖြစ်ပေါ်နေမိပါတယ်။

အဲဒီနေ့မနက်က သူနဲ့တွေ့တော့ ကျုပ်တော်တော်ပျော်သွားတယ်။ အက်ဒီလီနဲ့ သူနဲ့မတူတဲ့ အကျင့်စရိုက်ကြောင့်ထင်ပါရဲ့။ သူ ကိုမြင်ရတာနဲ့ပဲ ကျုပ်စိတ်ဟာ အတော်ချမ်းသာသွားတယ်။ သူကတော့ ဈေးဝယ်စရာရှိသေးတယ်ဆိုပြီး ကျုပ်ကိုရှောင်သွားဖို့ ကြိုးစားတယ်။ ဒါပေမယ့် ကျုပ်က သူမသွားနိုင်အောင် စကားကို အမျှင်မပြတ် ပြောနေတယ်။ အရာရာတိုင်းမှာ ကျုပ်ကိုမှန်တယ်လို့သာ ထောက်ခံလေ့ရှိတဲ့ မိန်းမ။ ဘယ်တုန်းကမှ ကျုပ်ကိုမဆန့်ကျင်ခဲ့တဲ့ မိန်းမကို ကြုံတုန်းကြုံခိုက်မှာ ခပ်ကြာကြာကလေး မြင်နေရလည်း နည်းလားဆိုပြီး ကျုပ်က အချိန်ဆွဲထားမိတာပါ။

ကျုပ်က သူ့စိတ်ကိုစမ်းကြည့်ချင်တာနဲ့ “မင်း ငါ့အပေါ်မှာ စိမ်းစိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကားကား လုပ်မိခဲ့တဲ့အတွက် စိတ်မကောင်းမဖြစ်ဘူးလား… ဟင်။ ငါဟာ တခြားယောကျ်ားတွေထက် အများကြီးသာတယ်ဆိုတဲ့အချက်ကိုကော မင်း မမြင်သေးဘူးလား။ မင်းက ဘာပြုလို့ ငါ့ကိုမယူချင်ရတာလဲ။ ကြံ့တုန်းကြံခိုက်မှာ ပြောပြစမ်းပါဦး”လို့ ကျုပ်ကပြောတယ်။

အမှန်တော့ ကျုပ်ပြောနေတဲ့စကားတွေ မမှန်ဘူးဆိုတာ ကျုပ်မသိဘဲနေပါ့မလားဗျာ။ ကောင်းကောင်းကြီးသိတာပေါ့။ သူ့ကိုစွန့်ထားခဲ့တဲ့လူဟာ ကျုပ်ပါ။ သူ့လိုမိန်းမစားမျိုးကို မကြိုက်ခဲ့တဲ့လူဟာ ကျုပ်ပါ။ ဒါပေမယ့် ကျုပ် မမှန်မကန်တာတွေကို ပြောနေတာက တခြားကြောင့်မဟုတ်ပါဘူး။ သူ့သဘောထားကို သိချင်လွန်းလို့ပါ။ အမှန်တော့ ကျုပ်ပြောနေတဲ့စကားတွေဟာ တစ်ဖက်သတ်ကြီး မတော်မတရား စွပ်စွဲပြောဆိုနေတာတွေပါ။

ဂျီယူလီယာဟာ ကျုပ်က အဲသလိုတွေပြောနေတော့ မျက်လုံးအပြူးသားနဲ့ ကျုပ်ကို တအံ့တသြကြည့်နေတယ်။ ရတ်တရက်တော့ သူ့အနေနဲ့ သူ့ကို စိမ်းကားသွားတာဟာ ကျုပ်ပါ။ သူ့ကိုစွန့်ပစ်သွားတာဟာ ကျုပ်ပါလို့ ပြန်ပြောချင်ပုံ ပေါ်ပါတယ်။ ဒါပေမယ့် သူ့ခမျာ သနားစရာပါ။ သူပြောချင်တာကို မပြောရှာဘူး။ သူ့သဘာဝအတိုင်းပဲ ချိုသာအေးဆေးတဲ့အသံနဲ့ ကျုပ်ကိုပြန်ပြောတယ်။

“ဂျီနို… ရယ်၊ ရှင်နားလည်မှု လွဲနေပြီထင်တယ်။ ကျွန်မ ရှင့်ကိုစွန့်ခွာသွားဖို့ လုံးဝစိတ်မကူးခဲ့ဖူးပါဘူး။ ကျွန်မ ရှင့်ကိုအလွန်သဘောကျခဲ့တာပါ” တဲ့။

သူပြောတဲ့စကားထဲမှာ ကျုပ်ကိုလိမ်ပြောနေတယ်လို့ စွပ်စွဲတဲ့စကားတစ်ခွန်းမှမပါတာ ခင်ဗျားတို့သတိထားမိမှာပေါ့။ ကျုပ်မိန်းမ အက်ဒီလီနဲ့ မကွာလားဗျာ၊ အက်ဒီလီကတော့ ဒါမျိုးဖြစ်လာရင် ကျုပ်ကို လူလိမ်လူညာလို့ ပြောမှာသေချာတယ်။ အခု ဂျီယူလီယာကတော့ ကျုပ် စိတ်မကောင်းဖြစ်မှာ စိုးတာနဲ့ ဒီကိစ္စမှာ သူ့ဘက်ကလည်း အပြစ်နည်းနည်းပါးပါး ရှိပါတယ်ဆိုတဲ့ သဘောမျိုးကိုတောင် ပြောသွားလိုက်သေးတယ်။

အက်ဒီလီကို လက်ထပ်ခဲ့မိလောက်အောင် ဖြစ်ခဲ့ရတဲ့ ကျုပ်ရဲ့မိုက်မဲမှုကို သတိရတာနဲ့ တစ်ချက် ရယ်လိုက်မိသေးတယ်။ ကျုပ်ရယ်သံက ခြောက်တောက်တောက်နဲ့ အသက်မပါ… ပါဘူး။ ပြီးတော့မှ ကျုပ်က ဂျီယူလီယာရဲ့ ပါးတစ်ဖက်ကို အသာအယာလိမ်ဆွဲလိုက်ပြီး “ဒီကိစ္စမှာ အပြစ်ဟာ ငါ့အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ငါ သိပါတယ်ကွာ။ နားလည်မှုလည်း မလွဲပါဘူး။ အားလုံးဟာ ငါ့အပြစ်ပါ။ မင့် စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ သိချင်လို့ငါက တမင်လိမ်ညာပြီးပြော နေတာပါ"လို့ ပြောလိုက်ပါတယ်။

ကျုပ်က သူ့ပါးလေးကိုထပ်ပြီး လိမ်လိုက်တော့ သူဟာ ပျော်လည်းပျော်၊ ရှက်လည်းရှက် ဖြစ်သွားပါတယ်။ ကျုပ်အနားက ပြေးထွက်သွားပါတယ်။ ကျုပ် လမ်းကွေ့ရောက်လို့ လှည့်ကြည့်လိုက်တော့ သူဟာ ပလက်ဖောင်းပေါ်က ရပ်ပြီး ကျုပ်ကိုမျှော်ကြည့်နေတုန်းပါ။

မေလကုန်ခါနီးတစ်ရက်မှာတော့ အက်ဒီလီနဲ့ကျုပ်ဟာ မော်တော်ဆိုင်ကယ်ကလေးနဲ့ ဖရီဂျင်းဘက် ထွက်ခဲ့ပါတယ်။ အပျင်းပြေရေကူးကြဖို့ပါ။ ကမ်းခြေမှာ လူသူကင်းရှင်းနေပါတယ်။ ကောင်းကင်ကတော့ ပြာလဲ့လဲ့ပါ။ နေရောင်ကလည်း ကြည်လင်တောက်ပနေပါတယ်။ လေကတော့ အတော်ကလေး ထန်ပါတယ်။ ကမ်းစပ်မှာလည်း လှိုင်းလုံးကြီးတွေဟာ ပြေးလာလိုက်၊ အချင်းချင်း တိုက်လိုက်ခိုက်လိုက်နဲ့ အလုအယက်ဖြစ်နေကြပါတယ်။

အက်ဒီလီက ပင်လယ်ပြင်ပေါ်ကို လှေနဲ့ထွက်ချင်တယ်တဲ့။ ကျုပ်အနေနဲ့ ရာသီဥတုအခြေအနေကိုကြည့်ပြီး သူပြောတဲ့အတိုင်း လုပ်ပေးဖို့ နှောက်တွန့်နေပါတယ်။ ဒါပေမယ့် မတတ်နိုင်တော့ပါဘူး။ သူနဲ့ အငြင်းအခုံဖြစ်ပြီး စကားများနေရမှာ ကြောက်တာနဲ့ လှေတစ်စီးငှားပြီး ရေစပ်မှာ ချလိုက်ပါတယ်။ လှေပေါ်တက်တော့ ကျုပ်က ရေကူးဝတ်စုံနဲ့ပါ။ အက်ဒီလီကတော့ သူဝတ်နေကျ ဝတ်စုံနဲ့ပါ။

ကျုပ်က သူ့ကိုအဝတ်လဲခိုင်းချင်ပါတယ်။ ဒါပေမယ့် ငြင်းခုံနေရမှာ ကြောက်တာနဲ့ မပြောဖြစ်တော့ပါဘူး။ ရေဆိပ်က လှေသမားအကူတစ်ယောက်က လှေကိုတွန်းပို့ပေးပါတယ်။ ကျုပ်က တက်တွေကိုဆုပ်ကိုင်ပြီး ပြေးလာနေတဲ့ လှိုင်းလုံးကြီးတွေဘက်ကို ရင်ဆိုင်ပြီး ခတ်ခဲ့ပါတယ်။ လှိုင်းလုံးတွေက သိပ်တော့ မကြီးကြပါဘူး။ ဒါကြောင့်မို့ လှော်ခပ်ရာမှာ သိပ်ပြီးအားစိုက်ဖို့တော့မလိုပါဘူး။

လှေဦးမှာထိုင်နေတဲ့ အက်ဒီလီကိုကြည့်ပြီး အဝတ်တွေ အပြည့်အစုံဝတ်ထားတာ မှားတယ်လို့ထင်မိပါတယ်။ စောစောကပြောခဲ့မိရင် အကောင်းသား။ အငြင်းအခုံဖြစ်မှာကြောက်လို့ မပြောခဲ့တာ ငါမှားတယ်လို့ တွေးမိတော့ ကျုပ်ကိုယ်ကျုပ် ဒေါသဖြစ်လာတယ်။ ဒေါသဖြစ်လာတော့လည်း စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဖြစ်လာတယ်။ ကျုပ်ရဲ့ အဆက်ဟောင်း ဂျီယူလီယာနဲ့ တွေ့ခဲ့တယ်လို့ ပြောပစ်ချင်စိတ်ပေါ်လာတယ်။ အဲဒါနဲ့ပဲ ကျုပ်ကို လုံးဝဆန့်ကျင်ဘက်မပြောတဲ့ ဂျီယူလီယာအကြောင်း အက်ဒီလီကို ထုတ်ပြောပြမိတယ်။

အက်ဒီလီဟာ ကျုပ်ပြောပြနေတဲ့ ဇာတ်ကြောင်းကို နားထောင်နေတယ်။ လေ့ကတော့ လှိုင်းလုံးတွေကြောင့် အပေါ်ကိုမြောက်သွားလိုက်၊ ပြန်ကျလာလိုက်နဲ့ နိမ့်ချီတစ်ခါ မြင့်ချီတစ်လှည့်ဖြစ်နေတယ်။ နောက်ဆုံးကျတော့ သူကပြောတယ်။ “အပြစ်က သူ့ဘက်မှာရှိတာ။ ရှင့်ကိုစွန့်သွားတာက သူပဲ”တဲ့။

ကျုပ်စိတ်တိုသွားတယ်။ ခတ်တက်တွေကို တအားဆုပ်ကိုင်ထားရင်းက “သူ့အပြစ်လို့ မင့်ကို ဘယ်ကောင်က ပြောသလဲ၊ ငါသိချင်တယ်။ သူ့ကိုမယူနိုင်ဘူးလို့ ပြောခဲ့တာ ငါကိုယ်တိုင်ပြောခဲ့တာကွ။ ပြောခဲ့တဲ့နေရာကိုတောင်မှ ငါမှတ်မိသေးတယ် သိလား”လို့ ပြန်ပြောမိတယ်။

“ဒါကတော့ ထုံးစံအတိုင်း ရှင်အမှတ်မှားတာပဲ ဖြစ်မယ်။ တကယ်က ရှင့်ကိုခွာသွားတာက သူ။ သူကပြောတယ်။ ရှင်ဟာ အလွန်ရန်ဖြစ်ချင်တဲ့အကျင့်ရှိတယ်တဲ့။ ဟုတ်လည်း ဟုတ်တာပဲ။ ရှင်ဟာ အလွန်ရန်လိုတဲ့လူ။ သူက ရှင်လိုလူစားနဲ့ အတူတူနေရမှာ ကြောက်ပြီး ခွာသွားတာ”

“မင့်ကို ဘယ်ကောင်ကပြောသလဲ”

“ဂျီယူလီယာကိုယ်တိုင်က ကျွန်မကိုပြောတာ”

“လုံးဝမဖြစ်နိုင်ဘူး”

“သိပ်ဖြစ်နိုင်တာပေါ့၊ ပြောတာက ဂျီယူလီယာကိုယ်တိုင် ပြောတာ။ သူ့စကားကို သူ့အမေကတောင်မှ ဝင်ပြီးထောက်ခံသွားသေးတယ်”

“လုံးဝမဖြစ်နိုင်ဘူး။ သူ့ကိုခွာခဲ့တာ ငါကွ”

“လုံးဝမဟုတ်ဘူး။ သူက ခွာသွားတာ”

အဲဒီအချိန်မှာ ကျုပ်ကိုဘယ်လိုသရဲက ဝင်စီးနေသလဲဆိုတာ မပြောတတ်ပါဘူး။ သူ့စကားကို မခံမရပ်နိုင်အောင် ဖြစ်လွန်းတာနဲ့ ကိုင်ထားတဲ့ ခတ်တက်တွေကို ဖြုန်းခနဲ လွှတ်လိုက်ပြီး ထရပ်လိုက်မိတယ်။

“သူ့ကိုစပြီးခွာတာ ငါ... ကွ၊ ငါ... ကွ။ ဟေ့... နောက်ထပ် ငါ့ကို ဘာမှမပြောနဲ့၊ နင့်အသံကို မကြားချင်ဘူး။ နောက်ထပ် ငြင်းလားခုံလားလုပ်ရင် နင့်ခေါင်းကို ခတ်တက်နဲ့ ရိုက်ခွဲပစ်မယ်။ နားလည်လား”

“ရိုက်ရဲ ရိုက်ကြည့်စမ်း”လို့ သူက ပြန်အော်ပါတယ်။ “ရှင် အခု

www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေကြီးနေပြီ။ ဒေါသကြီးတာဟာ မှားကြောင်းဝန်ခံတာပဲ။ ရှင့်ကို ခွာသွားတာ သူမှသူအစစ်"

"သူ မဟုတ်ဘူး... ကွ၊ ငါ... ငါ... ငါ"

ကျုပ်က လှေလယ်မှာရပ်ပြီး တစ်အားကြုံးအော်နေတာပါ။ ဆူညံနေတဲ့ လှိုင်းသံတွေကြောင့် သူကြားအောင် သံကုန်ဟစ်ပြီး အော်ပြောနေတာပါ။ လှေကလည်း လုံးဝမငြိမ်တော့ပါဘူး။ မြောက်တက်သွားလိုက်၊ ပြန်ကျလာလိုက်နဲ့ လူးလိမ့်နေပါတယ်။ အက်ဒီလီကလည်း ထိုင်နေရာက ခုန်ထလိုက်ပြီး "သူက ရှင့်ကိုခွာသွားတာ။ ရှင့်ကိုထားပစ်ခဲ့တာသူ"လို့ တစ်အားကြုံးအော်နေပါတယ်။

အဲဒီတုန်းမှာပဲ လှိုင်းလုံးကြီးတစ်လုံးဟာ အရှိန်ပြင်းပြင်းနဲ့ ပြေးဝင်လာပြီး လှေတစ်စီးလုံးကို ဖုံးအုပ်သွားပါတယ်။ ကျုပ်ဟာ လှေပေါ်ကနေပြီး လွင့်ကျ သွားပါတယ်။ ရေထဲရောက်သွားတော့ ကျုပ်ဟာ ရေအောက်ကိုမြုပ်သွားပါတယ်။ ပြီးတော့ ပြန်ပေါ်လာပြီး ယက်ကန်ယက်ကန် ဖြစ်နေပါတယ်။ လှေကို လှမ်းကြည့်လိုက်တော့ လှေဟာမှောက်မသွားပါဘူး။ ကျုပ်ဟာ လှိုင်းလုံးတွေကြားမှာ အလုအယက်ကူးခတ်နေရာက အက်ဒီလီကို တကြော်ကြော်အော်ခေါ်နေမိပါတယ်။

ကျုပ် နောက်တစ်ခါကြည့်လိုက်တော့ လှေကာ တော်တော်ဝေးဝေးကို ရောက်သွားပါပြီ။ လှေပေါ်မှာ အက်ဒီလီလည်း မရှိပါဘူး။ ကျုပ်ဟာ အရူးအမူးဖြစ်ပြီး လှေနောက်ကိုရေကူးပြီး လိုက်ပါတယ်။ ဒါပေမယ့် လှေဟာ ဝေး, ဝေးသွားနေပါတယ်။ ကျုပ်မှာလည်း လှိုင်းလုံးတစ်ခါရိုက်လိုက်တိုင်း နောက်ကို ပြန်ရောက်သွားရုံမကဘူး၊ ပါးစပ်ထဲရေတွေဝင်လို့ အသက်ထွက်လုမတတ် ခံရပါတယ်။

ဒီအတိုင်းဆိုရင် ကျုပ် လှေနောက်ကို လိုက်နေလို့မဖြစ်တော့ပါဘူး။ လှေပေါ်မှာလည်း အက်ဒီလီမှ မရှိတော့တာ။ ကျုပ်ဟာ အနီးအနားတစ်ဝိုက်မှာ အက်ဒီလီရှိလိုရှိငြား လိုက်ရှာပါသေးတယ်။ မတွေ့ပါဘူး။ ပတ်ဝန်းကျင်မှာတော့ ကမ်းခြေဘက်ကို အလုအယက် ပြေးသွားနေကြတဲ့ လှိုင်းလုံးတွေကလွဲပြီး တခြားဘာကိုမှ မမြင်ရပါဘူး။ ကျုပ်မှာလည်း အားကကုန်လာပါပြီ။ ဒါကြောင့်မို့ ကျုပ်ဟာ ကမ်းခြေဘက်ကို ပြန်ကူးလာခဲ့ပါတယ်။

မကြာခင်မှာပဲ ကျုပ်ရဲ့ခြေထောက်တွေဟာ မြေပြင်ပေါ် ထောက်မိခဲ့ပါတယ်။ ကျုပ်ဟာ ကမ်းခြေဆီကို လှမ်းအော်ပါတယ်။ အနီးအနားတစ်ဝိုက်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှာပါတယ်။ အက်ဒီလီရဲ့ အရိပ်အယောင်ကို လုံးဝမတွေ့ရပါဘူး။ ပင်လယ်ပြင်ဘက် လှမ်းကြည့်လိုက်တော့လည်း တလှုပ်လှုပ် မျောသွားနေတဲ့ လှေကလွဲပြီး တခြားဘာကိုမှ မမြင်ရပါဘူး။

"အက်ဒီလီ... ရေ။ အက်ဒီလီရေ"လို့ ကျုပ် အော်ခေါ်နေရာက ချုံးပွဲချပြီး ငိုပစ်ပါတယ်။ လှိုင်းလုံးတွေရဲ့အသံက ကျုပ်ကို "အဲဒါသူပဲ"လို့ အဖြေပေးနေသလိုပါပဲ။ နောက်တော့ လှေသမားတွေ ရောက်လာပြီး အက်ဒီလီကို ရှာကြပါတယ်။ နောက်ရက်တွေမှာ ဆက်ရှာတော့လည်း မတွေ့ရပါဘူး။

အဲသလိုနဲ့ပဲ ကျုပ်ဟာ မုဆိုးဖိုဘဝကို ရောက်လာခဲ့ပါတယ်။ တစ်နှစ်ကုန်လွန်သွားခဲ့ပါပြီ။ ကျုပ်ဟာ ကျုပ်ကိုယ်တိုင် ရဲဆေးတင်ပြီး ဂျီယူလီယာဆီကို သွားပါတယ်။ သူ့အမေက... ကျုပ်ကို ထမင်းစားခန်းထဲမှာ ထိုင်ခိုင်းထားပါတယ်။ ဂျီယူလီယာ ရောက်လာတော့ ကျုပ်က "ဂျီယူလီယာရယ် မင့်မောင်နဲ့ လက်ထပ်နိုင်မလား"လို့ မေးပါတယ်။

သူ့မျက်နှာက ကြည်နူးမှုကို ဖော်ပြနေပေမယ့် ရှက်သွေးဖြာနေပါတယ်။ ပြီးတော့မှ သူ့ဝသီအတိုင်း လေအေးကလေးနဲ့ ဖြေပါတယ်။ "ဒါကတော့ ဒီလိုရှိတယ်။ **'ဒီကိစ္စမှာ ကျွန်မက မဟုတ်ဘူးလို့တော့ မပြောပါဘူး"**၊ ဒါပေမယ့် အမေ့ကိုတော့ ပြောပြဦးမှဖြစ်မှာ"တဲ့။

သူပြောသွားတဲ့အထဲက **"ကျွန်မကမဟုတ်ဘူးလို့ မပြောပါဘူး"**ဆိုတဲ့ စကားတစ်ခွန်းဟာ ကျုပ်ရင်ကို အတော်ကလေး ရိုက်ခတ်ခဲ့ပါတယ်။ ပြီးတော့ နောက်ပိုင်းမှ **"ကျွန်မက မဟုတ်ဘူးလို့မပြောပါဘူး"**ဆိုတဲ့စကားကလေးဟာ ကျုပ်တို့အတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းတစ်ခုလို့ မြင်လာမိပါတယ်။

အင်း... ဂျီယူလီယာနဲ့ ကျုပ်ဟာ လက်ထပ်ခဲ့ကြပါတယ်။ တကယ်လို့များ ခင်ဗျားတို့အနေနဲ့ အလွန်လိုက်ဖက်ညီတဲ့ လင်မယားတစ်စုံတွဲနဲ့ တွေ့ချင်စိတ်ရှိရင် ကျုပ်တို့လင်မယားဆီလာခဲ့ပါ။ ကျုပ်မိန်းမဂျီယူလီယာဟာ **"ကျွန်မကမဟုတ်ဘူးလို့မပြောပါဘူး"**လို့ အဖြေပေးခဲ့တဲ့မနက်က ပုံစံအတိုင်းပါပဲ။ နည်းနည်းကလေးမှ အချိုးပြောင်းမသွားပါဘူး။

*

www.burmeseclassic.com

www.burmeseclassic.com

# လော်ရီကား ဒရိုင်ဘာ

ကျုပ်ရဲ့ခန္ဓာကိုယ်က ပိန်ပိန်လှီလှီ၊ ကျုပ်ရဲ့ခြေတံလက်တံတွေက ပိန်ပိန်ရှည်ရှည်၊ ပြီးတော့ ဗိုက်က ပြားချပ်ချပ်၊ ကျုပ်ရဲ့ဘောင်းဘီဟာ ချက်အောက်ကို လျှောကျနေတယ်။ တကယ်တော့ လော်ရီကား ဒရိုင်ဘာကောင်း တစ်ယောက်ဖြစ်လာဖို့ လိုအပ်တဲ့ အရည်အချင်းနဲ့ကတော့ ဆန့်ကျင်ဘက်ဖြစ်နေတာ အမှန်ပဲ။

ခင်ဗျားတို့အနေနဲ့ လော်ရီကားဒရိုင်ဘာတွေကို မြင်ဖူးတွေ့ဖူးကြတယ် မဟုတ်လား။ အများအားဖြင့် သူတို့အားလုံးဟာ လူကောင်ထွားထွားကျိုင်းကျိုင်း ကြီးတွေချည်းပဲ။ သူတို့ရင်အုပ်တွေက ကျယ်ကျယ်နဲ့၊ လက်မောင်းတွေက သန်သန်မာမာရှိကြတာများတယ်။ ပြီးတော့ သူတို့ရဲ့နောက်ကျောတွေနဲ့ ဗိုက်တွေကလည်း သိပ်ကိုတောင့်တောင့်ရောင့်ရောင့်ရှိကြတယ်။ ဘာကြောင့်လဲဆိုတော့ လော်ရီကား ဒရိုင်ဘာတစ်ယောက်ဟာ သူ့လက်တွေ၊ သူ့ကျောတွေနဲ့ သူ့ဗိုက်တွေကို အမှီပြုပြီး အလုပ်လုပ်စားကြရတာမဟုတ်လားဗျာ။

လော်ရီကားကို ကွေ့တော့မယ်ဆိုရင် သူ့လက်တွေဟာ စတီယာဘီးကို နိုင်နိုင်နင်းနင်း လှည့်နိုင်အောင် တောင့်တင်းသန်မာနေဖို့ လိုတယ်လေဗျာ။ အထူးသဖြင့် အကွေ့အကောက်များတတ်တဲ့ တောင်ပေါ်လမ်းတွေမှာဆိုရင် တစ်ခါတလေ တစ်အားကုန်လှည့်ပြီး ကွေ့ကြရတာ။ သူ့နောက်ကျောဆိုတာကလည်း နာရီပေါင်းများစွာကြာအောင် တောင့်တောင့်မတ်မတ်ထိုင်နေနိုင်မှ ဖြစ်တာ။ ကျောအောင့်တာတွေ တောင့်တင်းလာတာတွေ လုံးဝပေါ်မလာအောင် မာကျောပြီး ခံနိုင်ရည်ရှိဖို့ သိပ်ကိုလိုတယ်။ ပြီးတော့ ဗိုက်ကလည်း ထိုင်ခုံပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတဲ့အခါ တစ်သမတ်တည်း တစ်ပုံစံတည်းထိုင်နေရတာ။ မြေကြီးထဲမြုပ်နေတဲ့ ကျောက်တုံးတစ်တုံးလို နေရတာမျိုးဆိုတော့ အတော်ကြီးကို ခံနိုင်ရည်ရှိဖို့လိုတာပေါ့။

အမှန်ပြောရရင် ခန္ဓာကိုယ်တောင့်တင်းကြံ့ခိုင်မှု ရှုထောင့်ကနေကြည့်ရင် ကျုပ်ဟာ လော်ရီကားဒရိုင်ဘာတစ်ယောက်ဖြစ်ဖို့ အရည်အသွေး မမီဘူးလို့ပြောရမှာပဲ။ ဒါဆိုရင် ကျုပ်ရဲ့စိတ်ပိုင်းဆိုင်ရာဘက်ကကော ဘယ်လိုရှိသလဲ၊ လော်ရီကားဒရိုင်ဘာတစ်ယောက်ရဲ့ စိတ်မျိုးရှိနိုင်မလား။ အင်း... အဲဒါကျတော့ ကျုပ်ရဲ့အရည်အချင်းဟာ ပိုပြီးတော့ စံချိန်မမီဘူးလို့ဆိုရမှာပဲ။

လော်ရီကားဒရိုင်ဘာဆိုတာမျိုးက စိတ်ဓာတ်ပျော့ညံ့လို့ ဖြစ်တာမဟုတ်ဘူး။ စိတ်ကူးယဉ်တာတို့၊ စိတ်ကူးနဲ့ ရူးတာတို့ဆိုတာမျိုးတွေလည်း ရှိလို့မရဘူး။ အိမ်ကိုသတိရနေတာတို့၊ လွမ်းနေတာတို့ ဆိုတာတွေလည်း ရှိလို့ဖြစ်တာမဟုတ်ဘူး။ ရှင်းအောင်ပြောရရင် သိမ်မွေ့နူးညံ့ပြီး ပျော့ပျောင်းတဲ့ခံစားမှုတွေအားလုံးကို ဘေးဖယ်ထားရတာ။

အဲ... မိန်းမတွေနဲ့ ပတ်သက်လို့ကော ဘယ်လိုစိတ်ထားမျိုးရှိရမလဲတဲ့။ ဒါကျတော့လည်း သင်္ဘောသားတစ်ယောက်ရဲ့ စိတ်မျိုးရှိရတာ။ မိန်းမတွေအကြောင်းကို သူတို့ခေါင်းထဲမှာ အလေးအနက်မထားမှဖြစ်တာ။ ဒီကိစ္စမှာလည်း ကျုပ်ရဲ့ပင်ကိုယ်စိတ်ဓာတ်ကိုက ပျော့ညံ့တယ်။ ပြီးတော့ မိန်းမတွေအပေါ်မှာလည်း စိတ်ဝင်စားတတ်တယ်။

ဒါပေမယ့် ဒီလော်ရီကားဒရိုင်ဘာအလုပ်ဟာ ကျုပ်နဲ့မသင့်တော်နဲ့အလုပ်မှန်း သိနေပါလျက်နဲ့ ကျုပ်က သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခုမှာ လော်ရီကား ဒရိုင်ဘာအလုပ်ရအောင် လုပ်ခဲ့ရတယ်။ အလုပ်ရတော့ ကုမ္ပဏီက ကျုပ်ရဲ့အဖော်အဖြစ် ပေးထားတဲ့ ဒရိုင်ဘာက ပါလွမ်ဘီတဲ့။ ဒီအကောင်ကတော့ တကယ့်ငတုံးအေပါ။ လော်ရီဒရိုင်ဘာအရည်အချင်းနဲ့ကတော့ တကယ့်ကိုပြည့်ဝတဲ့ကောင်ပါ။ ကျုပ်အနေနဲ့ လော်ရီကားဒရိုင်ဘာတွေအားလုံးကို ဉာဏ်မရှိဘူးလို့ မဆိုလိုပါဘူး။ ဒါပေမယ့် ဒီအကောင်ကတော့ အတော်ဉာဏ်နည်းပြီး အတော်ကိုတုံးတဲ့ကောင်ပါ။

သူ့အသက်က သုံးဆယ်ကျော်လောက်ရှိနေပြီ။ မျက်နှာက ဝိုင်းဝိုင်း၊ ပါးတွေက မို့မို့ဖောင်းဖောင်း၊ မျက်စိပေါက်တွေက ကျဉ်းကျဉ်းနဲ့၊ စကားလည်း အလွန်နည်းတယ်။ မပြောသလောက်ဘဲ ဆိုပါတော့ဗျာ။ အစားတစ်ခုခု စား

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဆိုရင်တော့ သူ့အသိဉာဏ်က ထွက်လာတတ်တယ်။ ကျုပ် မှတ်မိသေးတယ်။ တစ်ကြိမ်မှာ ကျုပ်တို့ဟာ နေပယ်လ်ကို အသွား လမ်းမှာရောက်နေကြတယ်။ ဆာက လည်းဆာ၊ ပင်ကလည်း ပင်ပန်းဆိုတော့ လမ်းဘေးတစ်နေရာက ကြုံရာ စားသောက်ဆိုင်မှာ ဝင်စားကြရတယ်။

ဆိုင်မှာက ပဲနဲ့ဝက်ခေါက်ကို ပြုတ်ထားတဲ့ အစားတစ်မျိုးက လွဲပြီး တခြားဘာမှမရှိဘူး။ ကျုပ်က အဲဒီအစားဆိုရင် လုံးဝစားလေ့မရှိဘူး။ ကျုပ်နဲ့လည်း မတည့်ဘူး။ ပါလွမ်ဘီကတော့ အပြည့်အမောက်ထည့်ထားတဲ့ ပဲပြုတ်နှစ်ပန်းကန်ကို အငမ်းမရ စားပစ်လိုက်တယ်။ စားလို့လည်းကုန်ရော သူ့ကျောနဲ့ ကုလားထိုင် မှီထိုင်လိုက်ပြီး ကျုပ်ကိုစိုက်ကြည့်နေတယ်။ ပါးစပ်ကလည်း လှုပ်စိလှုပ်စိနဲ့။ အရေးကြီးတဲ့ကိစ္စတစ်ခုကို ပြောတော့မလိုလို ဘာလိုလိုပဲ။ နောက်ဆုံးကျတော့ လက်ဝါးတစ်ဖက်နဲ့ သူ့ဗိုက်ကိုပွတ်လိုက်ပြီးပြောတယ်။ 'ငါ နောက်ထပ်စားမယ်ဆိုရင် လေးပန်းကန်လောက်တော့ ကုန်အောင် စားနိုင်သေးတယ်'တဲ့။ ဒီစကားတစ်ခွန်းလောက် ထုတ်ဖော်ပြောဖို့အတွက် အချိန်တွေ အကြာကြီး အကုန်ခံပြီးမှပြောတာ။

သစ်တုံးတစ်တုံးနဲ့တူတဲ့ ဒီကောင်မျိုးကို အဖော်လုပ်ပြီး သွားလာနေရချိန်မှာ အီတာလီယာနဲ့ တွေ့လိုက်တော့ ကျုပ် ဘယ်လောက်ဝမ်းသာမလဲဆိုတာ အထူးတလည်ပြောပြနေဖို့ လိုမယ်မထင်ပါဘူး။ အဲဒီအချိန်က ကျုပ်တို့ဟာ ရောမနဲ့နေပယ်ခရီးကို ခေါက်တုန့်ခေါက်ပြန်သွားနေရတဲ့အချိန်ပေါ့။ ကျုပ်တို့ လော်ရီကားနဲ့တင်တင်သွားနေရတဲ့ ပစ္စည်းတွေက အုတ်ခဲတွေ၊ သံချောင်းတွေ၊ စက္ကူလိပ်တွေ၊ သစ်သားတွေနဲ့ သစ်သီးတွေပဲ။ ရံဖန်ရံခါမှာတော့ သိုးတွေကို တင်တင်ပြီး မွေးမြူရေးခြံတွေဆီပို့ပေးရတယ်။

အီတာလီယာက ကျုပ်တို့ကားကို တာရာစီနာနားက လက်ပြတားပြီး ရောမကို လိုက်ပါရစေလို့ပြောတယ်။ ကုမ္ပဏီက ထုတ်ထားတဲ့စည်းကမ်းတွေ အရဆိုရင် ကျုပ်တို့ဟာ ဘယ်သူ့ကိုမှ တင်သွားလို့မရဘူးဗျ။ ဒါပေမယ့် ကျုပ်တို့နှစ်ယောက်စလုံး အီတာလီယာကို အသေအချာကြည့်လိုက်မိတဲ့အခါမှာ တစ်ကြိမ်တစ်ခါလောက် စည်းကမ်းကိုဖောက်တာ ကိစ္စမရှိနိုင်ပါဘူးလို့ ဆုံးဖြတ်မိကြတယ်။ ကျုပ်တို့က သူ့ကိုကားပေါ်တက်ဖို့ ခိုင်းလိုက်တော့ အီတာလီယာဟာ ဝမ်းသာအားရ ခုန်တက်လာပြီးပြောတယ်။ 'လော်ရီကားဒရိုင်ဘာတွေဟာ သိပ်သဘောကောင်းကြတာချည်းပဲ။ ကျွန်မ ရှင်တို့အားလုံးကို ချီးကျူးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



တဲ့။

အီတာလီယာဟာ အတော် ဆွဲဆောင်မှုအားကောင်းတဲ့မိန်းမ တစ်ယောက်ဗျ။ ကျုပ်အနေနဲ့သုံးစရာ တခြားစကားရှာမရလို့ ဒီစကားကိုပဲ သုံးလိုက်တာပါ။ ဆွယ်တာလက်စက ကျုပ်ကျုပ်ကို ဝတ်ထားတာဆိုတော့ သေးသွယ်နေတဲ့ ခါးနဲ့ မို့မောက်နေတဲ့ ရင်အလှဟာ ပီပီပြင်ပြင်ပေါ်လွင်နေတယ်။ လည်တိုင်ကလည်း ခပ်ကြော့ကြော့ရယ်။ ပြီးတော့ အစိမ်းရောင်မျက်လုံးအစုံကလည်း တစ်ဖက်သားကို မြှူဆွယ်နိုင်တဲ့အနေအထားရှိတယ်။

အမှန်အတိုင်းပြောရရင် သူဟာ မိန်းမချော မိန်းမလှတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့မှာအလှထက်ပိုပြီးကောင်းတဲ့အရာတစ်ခုရှိတာတော့အမှန်ပဲ။ အဲဒီအချက်ကို သူနဲ့ကျုပ် ပထမဆုံးတွေ့ကြတဲ့အကြိမ်မှာပဲ ကျုပ်သိခဲ့ရတာပါ။ အဲဒီအခေါက်က ကျုပ်တို့လော်ရီကား ခစ္စတားနားဘက် ရောက်လို့ ကားကို ပါလွမ်ဘီကလည်းမောင်းရော အီတာလီယာရဲ့ လက်တစ်ဖက်ဟာ ကျုပ်လက်ကိုလာပြီးဆုပ်ထားတယ်။ တစ်အားညှစ်တဲ့အခါ ညှစ်လိုက်သေးတယ်။ ဇယ်လက်ထရီးကို ရောက်လို့ ပါလွမ်ဘီနဲ့ ကျုပ် လူချင်းလဲပြီး ကားမောင်းချိန်အထိ ကျုပ်လက်ကို သူမလွှတ်ဘူး။

ရာသီက နွေရာသီဗျ။ အချိန်က မွန်းလွဲလေးနာရီထိုးလောက်ရှိနေပြီ။ အပူဆုံး အချိန်ပေါ့ဗျာ။ ကျုပ်တို့လက်တွေဟာ ချွေးတွေနဲ့အဆီပြန်ပြီး ချော်ချွတ်ချွတ်တောင်ဖြစ်နေတယ်။ သူ့ရဲ့အစိမ်းရောင်မျက်လုံးတွေကလည်း ကျုပ်ကို မော့မော့ကြည့်နေတယ်။ ကတ္တရာလမ်းမကလွဲပြီး တခြားစိတ်ဝင်စားစရာဆိုလို့ ဘာကိုမှမမြင်ရ၊ မတွေ့ရတဲ့ ကျုပ်အဖို့တော့ ရှင်လန်းချမ်းမြေ့စရာလေးတစ်ခုနဲ့ ဆုံရကြုံရပြန်ပြီလို့ ဆိုရပေမပေါ့ဗျာ။

အမှန်တော့ ကျုပ်ဟာ ကျုပ်ရှာဖွေနေတဲ့ အရာတစ်ခုနဲ့ တွေ့ရတာ ပါပဲ။ ကျုပ်ရှာနေတာက စိတ်ကူးယဉ်စရာ မိန်းမတစ်ယောက်မဟုတ်လား။ ခစ္စတားနားနဲ့ ဇယ်လီထရီကြား တစ်နေရာမှာ ပါလွမ်ဘီယာကားကိုရပ်ပြီး ဘီးတွေကိုဆင်းကြည့်တယ်။ အဲဒီအချိန်ကလေးကို အခွင့်ကောင်းယူပြီး ကျုပ်က အီတာလီယာကို အနမ်းတစ်ချက် ပေးလိုက်တယ်။ ဇယ်လီထရီကိုရောက်လို့ ကျုပ်မောင်းရမယ့်အလှည့်ရောက်တော့ စိတ်ပါလက်ပါနဲ့ပဲ ပါလွမ်ဘီနေရာကို ကျုပ်ယူလိုက်တယ်။ ဒီနေ့အဖို့ လက်ချင်းဆုပ်ကိုင်နေရတာလေးရယ်၊ အနမ်းလေးတစ်ချက်ရယ်ဆိုရင် ကျုပ်အတွက် လုံလောက်သွားပြီပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကစပြီး အီတာလီယာဟာ ရောမနဲ့ တာရာစီယာခရီးကို တစ်ပတ်မှာ တစ်ကြိမ်၊ နှစ်ကြိမ်အသွားအပြန် ကျုပ်တို့ကားပေါ်မှာ ပါပါလာတတ်ပါတယ်။ မနက်ဆိုရင် သူဟာ အထုပ်တွေ၊ လက်ဆွဲသေတ္တာတွေနဲ့ ကျုပ်တို့ကို စောင့်နေလေ့ရှိတယ်။ တကယ်လို့ ပါလွမ်ဘီ ကားမောင်းလာနေခိုက်ဆိုရင် သူဟာ ကားပေါ်ရောက်တာနဲ့တစ်ပြိုင်နက် ကျုပ်လက်ကိုကိုင်ပြီး လိုက်လာတာပဲ။ တာရာစီယာကို ရောက်တဲ့အချိန်ထိ ကျုပ်လက်ကို မလွှတ်တော့ဘူး။

ကျုပ်တို့နေပယ်လ်က အပြန်ဆိုရင်လည်း တာရာစီယာကနေပြီး သူစောင့်နေတယ်။ ကားထဲရောက်လို့ ထိုင်မိပြီဆိုရင်တော့ ထုံးစံအတိုင်း လက်ချင်းကတော့ ထိတွေ့ကြပြီ။ ပါလွမ်ဘီလစ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် တိတ်တခိုးအနမ်းကလေးတွေကိုလည်း ဖလှယ်ကြမြဲပေါ့။ အမှန်အတိုင်းပြောရရင် ကျုပ် သူ့ကိုသိပ်ချစ်နေမိပြီ။ ဘာကြောင့်လဲဆိုတော့ ကျုပ်အနေနဲ့ မိန်းမနဲ့ မတွေ့ရတာကြာလာပြီဆိုတော့ အသစ်အဆန်းတစ်ခုလိုဖြစ်နေတယ် မဟုတ်လား။

အခုအခါမှာတော့ သူက ကျုပ်ကို တစ်ချက်ကလေး ကြည့်ရုံနဲ့ ကျုပ်မှာ ရင်တွေဘာတွေ တုန်နေရပြီ။ တစ်ခါတလေ သူ့ရဲ့ကန့်ကရအကြည့်ကလေးကြောင့် ကျုပ်ရင်ထဲမှာ လှိုင်းထပြီး မျက်ရည်တောင် စို့ရတယ်။ ကျုပ်အဖြစ်ကကလေးတစ်ယောက်နဲ့ တူနေပြီ။ အမှန်တော့ ဒီအဖြစ်မျိုးဟာ ယောကျ်ားတစ်ယောက်အတွက် တန်ဖိုးသိပ်ကျတဲ့အဖြစ်ပဲ။ ဒါကြောင့် ကျုပ်ကိုယ်ကျုပ် သတိထားပြီး ပြင်ပါတယ်။ ဒါပေမယ့် မရချင်ဘူး။

တစ်ခါတလေ ကျုပ် ကားမောင်းနေရတဲ့အလှည့်မှာ ပါလွမ်ဘီဆိုတဲ့ အကောင် အိပ်ပျော်နေရင် ကျုပ်တို့နှစ်ယောက်ဟာ နှစ်ကိုယ်ကြားလေသံနဲ့ စကားလက်ဆုံ ကျကြပါတယ်။ ဘာတွေပြောမိကြသလဲဆိုတာတော့ ကျုပ်မမှတ်မိပါဘူး။ အများဆုံးပြောမိကြတာကတော့ အသေးအဖွဲကလေးတွေပါ။ ရယ်စရာတွေလည်း ပါသပေါ့။ ချစ်ရေးချစ်ရာနဲ့ ပတ်သက်တဲ့ ချစ်စကားတွေလည်း ပါသပေါ့။ ဒါပေမယ့်ဗျာ ကျုပ်အဖို့မှာ အချိန်ကုန်တာက တယ်ပြီးမြန်တာပဲ။ အလွန်ရှည်လျားတဲ့ လမ်းမကြီးဟာ ကျုပ်စိတ်ထဲမှာ သိပ်ကိုတိုနေတယ်။ တစ်ခါတစ်ရံ ကျုပ်ဟာ လော်ရီကားကို တစ်နာရီမိုင်နှစ်ဆယ် ဆယ့်ငါးမိုင်နှုန်းလောက်အထိ အရှိန်ကိုချပြီး မောင်းတယ်။ ကျုပ်ကားရဲ့အရှိန်ကနှေးလွန်းလို့ လားလှည်းတို့၊ မြင်းလှည်းတို့ကတောင် ကျုပ်ကို ကျော်ဖြတ်သွားရတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ နောက်ဆုံးမှာတော့ လော်ရီကားဟာ ခရီး

www.burmeseclassic.com

www.burmeseclassic.com



အဆုံးကို ရောက်ပြီး အီတာလီယာဟာ ကားပေါ်က ဆင်းသွားရတာချည်းပါပဲ။

အဲ... ညပိုင်းဆိုရင်တော့ ကျုပ်အတွက် တစ်မျိုးဟန်ကျတယ်။ လော်ရီကားဟာ သူ့ဘာသာသူ သွားနေသလိုပဲ။ ကျုပ်က စတီယာတိုင်ကို လက်တစ်ဖက်တည်းနဲ့ ကိုင်ပြီး မောင်းနေတာကိုး။ ကျုပ်ရဲ့ တခြားလက်တစ်ဖက်ကတော့ အီတာလီယာရဲ့ ခါးကလေးကို ဖက်ထားတယ်လေ။ ကျုပ်ကားနဲ့ အလှမ်းတော်တော်ဝေးတဲ့နေရာက ထိုးထားတဲ့ ကားမီးရောင်တွေကို ကြည့်ပြီး ကျုပ်ပျော်မြူးနေတယ်။ စိတ်ထဲကလည်း 'ငါ အီတာလီယာကိုချစ်တယ်၊ အီတာလီယာကလည်း ငါ့ကိုချစ်တယ်'လို့ ထပ်တလဲလဲ ပြောနေမိတယ်။

ပါလွမ်ဘီကတော့ မသိလို့ပဲလား၊ သိလျက်နဲ့ မသိဟန်ဆောင်နေတာလား မပြောတတ်ဘူး။ ကျုပ်တို့ကို လုံးဝဂရုမထားသလိုဘဲ။ ကျုပ်ကိုရော အီတာလီယာကိုပါ တစ်ချက်ကလေးမှ အရေးထားတဲ့အရိပ်လက္ခဏာမပြဘူး။ အီတာလီယာ ကားပေါ်တက်လာရင် သူ့ပါးစပ်က ဝက်မြည်သလို အသံမျိုးတစ်ချက်ထွက်ပြီး နှုတ်ဆက်တယ်။ သူ့ဘေးမှာထိုင်သာအောင် ဟိုတစ်ဖက်ကို နည်းနည်းတိုးပေးတယ်။ အဲဒါပဲ။

အီတာလီယာက အလယ်မှာ အမြဲထိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်က ဘေးကနေပြီး နောက်ကကားအကျော်အတက် ရှိ မရှိ၊ လမ်းပေါ်မှာ ကားသွားကားလာ ရှင်း မရှင်း စောင့်ကြည့်ပြီး ပါလွမ်ဘီကို သတိပေးရတယ် မဟုတ်လား။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ပါလွမ်ဘီဆိုတဲ့ကောင်က အူကြောင်ကြောင်တော့ အတော်နိုင်တယ်။ ကျုပ်က လော်ရီကားရှေ့ မှန်ပေါ်မှာ 'အီတာလီယာ အစွန့်ရှည်ပါစေ'လို့ ဆေးအဖြူနဲ့ စာတန်းတစ်ခုရေးထားတာကိုတောင် သူ သဘောမပေါက်ဘူး။ တခြားလော်ရီဒရိုင်ဘာတွေက စာတန်းကိုကြည့်ပြီး မင်းတို့က ဘယ်လိုဖြစ်ပြီး နိုင်ငံချစ်စိတ်တွေ ကြီးမားကုန်ရတာလဲလို့ မေးကြ၊ ပြောင်ကြ၊ လှောင်ကြတော့မှ သူ နားလည်လာပုံရတယ်။ ကျုပ်ကို ပါးစပ်ကြီးဟောင်းလောင်းနဲ့ တအံ့တသြကြည့်ပြီး ပြုံးတယ်။ 'ဟား... ဟား... ဟား ငါ့လူကတော့ လည်သလားမမေးနဲ့၊ ဟိုငနာတွေက "အီတာလီယာ'ဆိုတဲ့ စကားလုံးကို "အီတလီနိုင်ငံ'ကို ရည်ညွှန်းပြီး ရေးထားတယ်ထင်နေကြတာ။ အမှန်က ဟိုကောင်မနာမည်ပဲ။ 'မင်းကွာ တော်တော်ဦးနှောက်ကောင်းတဲ့ကောင်ပါလား'လို့ မှတ်ချက်ချတယ်။

ဒီလိုနဲ့ပဲ ဒီအဖြစ်ဟာ နှစ်လကျော်ကျော်လောက် ကြာလာတယ်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ရက်မှာတော့ ကျုပ်တို့ဟာ ခါတိုင်းလိုပဲ အီတာလီယာကို သူ ဆင်းနေကျ တာရာစီနာမှာ ကားပေါ်က ချထားခဲ့ပြီး ခရီးဆက်ခဲ့ကြတယ်။ နေပယ်လ်ကိုရောက်တော့ ကုန်ချပြီးတာနဲ့ တစ်ပြိုင်နက် ကျုပ်တို့နှစ်ယောက်ရောမကို ချက်ချင်းပြန်လာရမယ်ဆိုတဲ့ အမိန့်ကရောက်နေတယ်။ ခါတိုင်းလိုနေပယ်လ်မှာ တစ်ညမအိပ်ဘဲ ပြန်ရမယ့်သဘောပေါ့။

ကျုပ် တော်တော်စိတ်ရှုပ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ မနက်ဖြန်မနက်မှာ လူချင်းဆုံကြဖို့ အီတာလီယာနဲ့ ချိန်းထားခဲ့တယ် မဟုတ်လား။ ဒါပေမယ့် ခက်တာက အမိန့်ဟာ အမိန့်ပဲ မဟုတ်လား။ ကျုပ်လည်း ဘာမှမတတ်နိုင်တော့ဘူး။ ကားကို ချက်ချင်းပဲ မောင်းထွက်လာခဲ့တယ်။ ဟိုအကောင်ပါလွမ်ဘီကတော့ လော်ရီကားလမ်းပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် ဟောက်သံကပေးပြီ။

အိုင်ထရီကို ရောက်တဲ့အထိတော့ အားလုံးအဆင်ပြေနေပါတယ်။ ကားလမ်းက အကွေ့အကောက်တွေ သိပ်များလာတယ်။ ညပိုင်းဆိုရင် အများအားဖြင့် လော်ရီကားဒရိုင်ဘာတွေဟာ ဘယ်လောက်ပဲပင်ပန်း ပင်ပန်း မျက်စိတွေကို ဖွင့်ထားဖို့ကလိုတယ်။ ကျုပ်အနေနဲ့ အဲဒီလမ်းတစ်လျှောက်မှာ မျက်စိတွေကို ဖွင့်ပြီး သတိထားမောင်းလာခဲ့ပါတယ်။ ပြဿနာမရှိခဲ့ပါဘူး။

ဒါပေမယ့် အိုင်ထရီကို လွန်လို့ ဖွန်ဒီတောအုပ်ကြားကလည်း ဖြတ်ရောကျုပ် သိပ်အိပ်ချင်လာတယ်။ အိပ်ချင်စိတ်ပျောက်အောင်ဆိုပြီး အီတာလီယာ့အကြောင်းကို တွေးနိုင်ဖို့ ကျုပ်အားထုတ်တယ်။ သူ့အကြောင်း တွေးတော့ အိပ်ချင်ပြေသလိုလိုပဲ။ ဒါကြောင့်လည်း 'သူ့အကြောင်းလေး တွေးစရာရှိနေလို့တော်သေးတာပေါ့၊ သူ့အကြောင်းသာ တွေးစရာမရှိရင် အခုလောက်ဆို ငါအိပ်ပျော်နေမှာ'လို့ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းပြောနေမိတယ်။

တကယ်တော့ဗျာ၊ သူ့အကြောင်းတွေးလို့ ကောင်းကောင်းနဲ့တွေးလာလိုက်တာ ကြာတော့ဘာခံနိုင်မှာလဲ။ ကျုပ် အိပ်ပျော်သွားပါလေရော။ ကျုပ်ရဲ့လော်ရီကားဟာ လမ်းမပေါ်ကဆင်းပြီး လမ်းဘေးမြောင်းထဲကို ရောက်သွားတယ်။ ကျုပ်နောက်က နောက်တွဲထရေလာမှောက်သွားတဲ့အသံကိုလည်း ကြားလိုက်ရတယ်။ လော်ရီကားရဲ့အရှိန်က သိပ်နှေးလွန်းလို့ မှောက်တော့မသွားဘူး။ ပြီးတော့ ကျုပ်တို့မှာလည်း ဒဏ်ရာအနာတရမဖြစ်ကြဘူး။

ဒါပေမယ့် ကျုပ်တို့နှစ်ယောက် ကားအပြင်ကိုလည်း ထွက်မိရော

www.burmeseclassic.com

www.burmeseclassic.com



ထရေလာဘီးတွေဟာ မိုးပေါ်ထောင်နေတာကိုမြင်တယ်။ တင်လာတဲ့သားရေတွေအားလုံးဟာ မြောင်းထဲမှာ အပုံလိုက်ရောက်နေကုန်ပြီ။ လကလည်း မရှိတော့ မှောင်မည်းနေတာပဲ။ ကောင်းကင်မှာ ကြယ်တွေကတော့ရှိပါတယ်။ ကံကကောင်းတော့ ကျုပ်တို့ဟာ တာရာစီနာနဲ့ မလှမ်းမကမ်းမှာ ရောက်နေတာတွေ့ရတယ်။ ညာဘက်မှာတော့ တောင်ကုန်း၊ ဘယ်ဘက်မှာကတော့ ပင်လယ်။

ပါလွမ်ဘီက တာရာစီနာကိုသွားပြီး အကူအညီတောင်းမှဖြစ်မယ်လို့ပြောတယ်။ ကျုပ်တို့နှစ်ယောက် ခြေကျင်လျှောက်လာခဲ့ကြတယ်။ ခရီးက သိပ်မဝေးပါဘူး။ ဒါပေမယ့် တာရာစီနာ မြို့အဝင်လည်းရောက်ရော အစာစားဖို့လောက်သာ အမြဲတွေးနေတတ်တဲ့ ပါလွမ်ဘီဟာ သူ သိပ်ဆာနေပြီလို့ပြောတယ်။ ကရိန်းနဲ့သွားဆွဲမယ့် ကျုပ်တို့ကား ရောက်မလာခင် အချိန်တွေအများကြီးရှိနေတဲ့အတွက် ဆိုင်တစ်ဆိုင်မှာ အစားဝင်စားဖို့ပြောတယ်။

ဒါပေမယ့် အချိန်က သန်းခေါင်နီးနေပြီဆိုတော့ ဆိုင်တွေက ပိတ်ကုန်ပြီ။ ကျုပ်တို့ဟာ ပင်လယ်ဘက်သွားတဲ့ လမ်းကလေးတစ်ခုအတိုင်း လိုက်လာခဲ့တယ်။ ရှေ့တစ်နေရာမှာ မှန်အိမ်တစ်လုံး ဆွဲထားတဲ့ဆိုင်ကလေး တစ်ဆိုင်ကို မြင်ရတယ်။ ကျုပ်တို့ထင်ထားတဲ့အတိုင်းပဲ၊ စားသောက်ဆိုင်လေး တစ်ဆိုင်ဖြစ်နေတယ်။ ပြတင်းပေါက်ခန်းဆီးတွေကို တစ်ဝက်စီ လောက်လိပ်တင်ထားတာ မြင်ရတော့ ဆိုင်ပိတ်တော့မလို့ ထင်တယ်လို့ ကျုပ်တွေးမိတယ်။

"မင်းမြင်တဲ့အတိုင်းပဲ၊ ဆိုင်ကတော့ ပိတ်ပြီ"လို့ ပါလွမ်ဘီက ရေရွတ်ပြီး ပြတင်းပေါက်တစ်ခုကနေ ဆိုင်ထဲကိုချောင်းကြည့်တယ်။ ကျုပ်ကလည်း သူ့လိုပဲ အထဲကိုလှမ်းကြည့်တယ်။ အခန်းကျယ်ကြီးထဲမှာရှိနေတဲ့ စားပွဲတွေပေါ်မှာ ကုလားထိုင်တွေကို တင်ထားတာ တွေ့ရတယ်။ ပြီးတော့ တံမြက်စီးတစ်ချောင်းနဲ့ အမှိုက်လှည်းနေတဲ့ အီတာလီယာကို မြင်ကြရတယ်။ အခန်းရဲ့နောက်ဘက်ကျကျမှာ ရှိနေတဲ့ ကောင်တာရဲ့နောက်မှာတော့ ကျောပေါ်မှာ အုံကြီးနဲ့ ခါးကုန်းတစ်ယောက်ရပ်နေတယ်။

အရင်ကလည်း ကျုပ် ခါးကုန်းတွေအများကြီး မြင်ခဲ့ဖူးပါတယ်။ ဒါပေမယ့် အခုမြင်ရတဲ့ ခါးကုန်းလောက် ခါးကုန်းပီသတဲ့ ခါးကုန်းမျိုးတစ်ယောက်မှ မတွေ့ခဲ့ဖူးပါဘူး။ သူ့ကျောပေါ်က ဘုကြီးဟာ သူ့ခေါင်းရဲ့အထက်ကို ထိုးထွက်နေတယ်။ သူဟာ အီတာလီယာကို စူးစူးရဲရဲကြည့်နေတယ်။ အီတာလီယာကတော့ တံမြက်စီးကိုပဲ ဆက်လှည်းနေတယ်။ ခါးကုန်းက ဘာပြောတယ်

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ အီတာလီယာကို စကားတစ်ခွန်းနှစ်ခွန်း လှမ်းပြောတယ်။

အီတာလီယာက တံမြက်စီးကို ကောင်တာမှာ မှီထောင်လိုက်ပြီး ခါးကုန်းဆီကိုလျှောက်သွားတယ်။ သူ့လက်တစ်ဖက်နဲ့ ခါးကုန်းရဲ့လည်ပင်းကို ဖက်လိုက်ပြီး အကြာကြီး နမ်းနေတယ်။ နောက်တော့ အီတာလီယာဟာ ကောင်တာမှာ ထောင်ထားတဲ့ တံမြက်စီးကို ပြန်ယူပြီး အမှိုက်တွေ လှည့်ပတ်ပြီး လှည်းနေပြန်တယ်။ ခါးကုန်းကတော့ အခန်းရဲ့ အလယ်တည့်တည့်အထိ လျှောက်လာပြီး ရပ်နေတယ်။ နောက်တော့ တံခါးဘက်ကိုလျှောက်လာတယ်။ ကျုပ်တို့နှစ်ယောက်ဟာ တိုင်ပင်ထားကြသလိုပဲ။ တစ်ချိန်တည်း တစ်ပြိုင်တည်း နောက်ကိုဆုတ်လိုက်မိတယ်။ ခါးကုန်းကတော့ ခန်းဆီးတွေကို အတွင်းကနေပြီး ဆွဲချလိုက်ပြီ။

"ဒီအဖြစ်မျိုး မြင်ရလိမ့်မယ်လို့ ဘယ်သူကထင်မိမှာလဲ"လို့ ကျုပ်က အမှတ်တမဲ့ ရေရွတ်လိုက်တော့ ပါလွမ်ဘီကလည်း အလွန်ရွံရှာစက်ဆုပ်တဲ့ လေသံနဲ့ "ဟုတ်တာပေါ့ကွာ"လို့ ပြောလိုက်တယ်။ သူ့စကားကြားတော့ ကျုပ်စိတ်ထဲမှာ အံ့ဩသလိုလိုတောင် ဖြစ်သွားရသေးတယ်။

အဲဒီညက လော်ရီကား လမ်းပေါ်ပြန်ရောက်ဖို့နဲ့ ပစ္စည်းတွေပြန်တင်ဖို့ လုပ်နေကြတဲ့အချိန်မှာ ကျုပ်တို့ဟာ ကားဂိုထောင်တစ်ခုတည်းမှာ အိပ်ကြတယ်။ မနက် အရုဏ်တက်ချိန်မှာတော့ ကျုပ်တို့ဟာ လော်ရီကားနဲ့ ရောမဘက်ကို ပြန်လာနေကြပြီ။ အဲဒီအချိန်မှာ ပါလွမ်ဘီရဲ့ ပါးစပ်က စကားတစ်ခွန်းထွက်လာတယ်။

"မင်းကတော့ သိချင်မှ သိမယ်။ ဟိုခွေးမ အီတာလီယာက ငါ့ကို ဘာလုပ်သွားတယ် ထင်သလဲ"တဲ့။

"ဘာလုပ်သွားလို့လဲ"လို့ ကျုပ်က တအံ့တဩ ပြန်မေးတယ်။

"ငါတို့အသွားအပြန် လမ်းတစ်လျှောက်လုံး ဒီကောင်မက ငါ့လက်ကို တစ်ချိန်လုံး ကိုင်ထားတယ်ကွ။ ငါက သူ့ကိုလက်ထပ်ပါရစေလို့ ပြောတော့လည်း မငြင်းဘူး။ တကယ်တော့ ငါတို့နှစ်ယောက်ဟာ စေ့စပ်ထားတဲ့ အနေအထားတောင် ရောက်နေပြီ။ အဲဒါ အခုတော့ ဟိုခါးကုန်းပေါ်လာတယ်"

သူ့စကားကြားတော့ ကျုပ် အသက်ရှူတောင် မှားသွားတယ်။ ဘာမှတော့ ပြန်မပြောမိပါဘူး။ သူကတော့ ဆက်ပြောနေတုန်းပဲ။ "ငါကွာ သူ့ကို လက်ဆောင်ကောင်းတွေ အများကြီးပေးခဲ့တာ။ သန္တာဆွဲကြိုးတစ်ကုံး၊ ပိုးလည်စည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု၊ သားရေဒေါက်ဖိနပ်တစ်ရန်၊ အားလုံးတွက်လိုက်ရင် ဘယ်နည်းမှာလဲကွာ။ ငါ သူ့ကိုတကယ်သဘောကျတာကွ။ ငါ့အတွက် အလွန်သင့်တော်တဲ့ မိန်းမတစ်ယောက်လို့ ထင်ခဲ့တယ်။ အခုတော့ကွာ သိပ်ကို ကျေးဇူးကန်းတဲ့ ကောင်မပဲ။ နှလုံးသားမရှိတဲ့ ခွေးမတစ်ကောင်နဲ့ ဘာမှ မထူးပါဘူးကွာ”

သူဟာ အဲဒီစကားတွေကို သူ့ကိုယ်သူ ပြောနေတဲ့အတိုင်းပဲ။ ဖြည်းဖြည်းသာသာ အေးအေးဆေးဆေး ပြောနေတယ်။ လော်ရီကားကတော့ ရောမဘက်ကို ဦးတည်ပြီးသွားနေတယ်။ ကျုပ်စိတ်ထဲမှာ တောင်စဉ်ရေမရ အတွေးတွေဟာ တစ်ခုပြီးတစ်ခု ဝင်လာနေတယ်။ အမှန်တော့ အီတာလီယာဆိုတဲ့ ကောင်မဟာ ကျုပ်တို့နှစ်ယောက်စလုံးကို အရူးလုပ်သွားတာပါကလား။ မီးရထားလက်မှတ်ခ သက်သာချင်တာနဲ့ ကျုပ်တို့မှာ အရူးဖြစ်ခဲ့ကြရတာပဲ... စသည်စသည်ဖြင့် တွေးနေမိတယ်။

ကြာလာတော့ တွေးရင်း တွေးရင်းနဲ့ ဒေါသဖြစ်လာတယ်။ ဟိုအကောင် ပါလွမ်ဘီရဲ့ စကားပြောနေသံကို ကျုပ်နားတွေက မခံနိုင်အောင်ဖြစ်လာတယ်။ သူ့အသံကိုကြားရလေ စိတ်တိုလေ ဖြစ်လာတယ်။ ‘ဟေ့ကောင် ငါ မင့်အသံကို မကြားချင်ဘူး၊ ပေါက်ကရစကားတွေကို ကြားနေရတာ နားသိပ်ညည်းတယ်။ ငါ အိပ်တော့မလို့ မင့်ပါးစပ်ပုပ်ကြီးကို ပိတ်ထားစမ်း’လို့ ဒေါသတကြီးနဲ့ ထအော်လိုက်မိတယ်။

“ဘာပဲဖြစ်ဖြစ်ကွာ စိတ်တော့ ထိခိုက်ရတာပေါ့။ မင်းလည်း သိမှာပါကွာ”လို့ ပါလွမ်ဘီကပြောတယ်။ ပြီးတော့ နောက်ထပ်ဘာမှမပြောတော့ဘူး။ ရောမရောက်ချိန်အထိ ရေငုံနှုတ်ပိတ် လုပ်လာတယ်။ သနားစရာတော့ ကောင်းသားဗျ။

အဲဒီနောက် လပေါင်းများစွာ ကုန်လွန်လာသည်အထိ ဒီအကောင်ဟာ ဝမ်းနည်းတဲ့ လက္ခဏာနဲ့ မှိုင်တွေချနေတာက များတယ်။ ကျုပ်အဖို့လည်း ကျုပ်သွားနေကျ ကတ္တရာစေးလမ်းမကြီးဟာ အရင်ကပုံစံအတိုင်း ပြန်ဖြစ်လာတယ်။ အဆုံးလည်းမရှိ၊ အစလည်းမရှိတဲ့ လမ်းမကြီး... ပျော်စရာကင်းမဲ့တဲ့ လမ်းမကြီး... ပြန်ဖြစ်လာတယ်။ အဲဒီလမ်းမကြီးပေါ်မှာ ကျုပ်ဟာ တစ်နေ့နှစ်ခေါက်ကတော့ ပုံမှန်ရောက်နေရပြန်တာပဲ။

နောက်ဆုံးမှာ ကျုပ်ဟာ အလုပ်ပြောင်းချင်စိတ် ပေါ်လာခဲ့တယ်။ ဒါလည်းပဲ အီတာလီယာကြောင့်ပဲ ဆိုပါတော့။ သူက နေပယ်လ်ကိုသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းမကြီးရဲ့ ဘေးတစ်နေရာမှာ အရက်ဆိုင်တစ်ဆိုင်လာဖွင့်တယ်ဗျ။ သူ့ဆိုင်ကို ပေးထားတဲ့နာမည်က "အဝေးပြေးကားယာဉ်မောင်းများ နားခိုရာ"တဲ့။

အလွန် အပန်းဖြေလို့ကောင်းမယ့် နားခိုရာလေး တစ်ခုပဲဆိုတာ သံသယဖြစ်စရာ မရှိပါဘူး။ ဒါပေမယ့် ကျုပ်တို့ဟာ သူ့ဆိုင်မှာ လုံးဝဝင်ပြီး မနားခဲ့ပါဘူး။ အီတာလီယာက ကောင်တာနောက်မှာထိုင်ပြီး ခါးကုန်းက ဘီယာတွေ လျှောက်ချပေးနေတဲ့ မြင်ကွင်းဟာ ကျုပ်အတွက်မကြည့်ရက် မမြင်ရက်စရာ မြင်ကွင်းတစ်ခုဖြစ်နေပါတယ်။

ကျုပ် အလုပ်ကထွက်လိုက်တယ်။ "အီတာလီယာ အခွန့်ရှည်ပါစေ"လို့ စာတန်းထိုးထားတဲ့ လော်ရီကားကြီးကတော့ ပါလွမ်ဘီနဲ့အတူ အဲဒီလမ်းမကြီးပေါ်မှာ အခုထက်ထိ ပြေးနေတုန်းပါပဲဗျာ။

*

www.burmeseclassic.com

www.burmeseclassic.com

# ဘူး

ဇူလိုင်လ တစ်မနက်ခင်းမှာ ကျုပ်ဟာ ပီရပ်ဇာ မီလော့ဇာဒါ ဖော်လီဘက်က ရေမထွက်တော့လို့ ခြောက်သွေ့နေတဲ့ ရေပန်းကြီးနဲ့ကပ်လျက်မှာရှိနေတဲ့ ယူကလစ်ပင်တွေရဲ့ အရိပ်မှာခိုပြီး ငိုက်မျဉ်းနေပါတယ်။ အဲဒီတုန်းမှာ ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ်ယောက် ရောက်လာပြီး ကျုပ်ကားကိုငှားတယ်။ လီဒို ဒီ လာဗင်နီယိုဘက်ကို လိုက်ပို့ပေးပါ...တဲ့။

သူတို့နဲ့ ဈေးစကားပြောနေတုန်းမှာ ကျုပ်ဟာ သူတို့ကို မသိမသာ အကဲခတ်နေမိတယ်။ ယောကျ်ားတစ်ယောက်က ဆံပင်လှလှဗျ။ အရပ်ကလည်း မြင့်မြင့်၊ လူကောင်ကလည်း ခပ်ထွားထွားနဲ့ မျက်နှာက အရောင်အဆင်းကင်းမဲ့သလိုပဲ။ မျက်တွင်းက သိပ်နက်လေတော့ သူ့မျက်လုံးတွေဟာ မျက်လုံးအိမ်ထဲမှာ နစ်ဝင်နေတဲ့အတိုင်းပဲ။ ဒီလူ့ကြည့်ရတာ အသက်ကသုံးဆယ့်ငါးနှစ်လောက်ရှိပြီလို့ ထင်ရတာပဲ။

နောက်တစ်ယောက်ကတော့ အသက်ခပ်ငယ်ငယ်ပဲ။ အသားကမည်းရတဲ့ အထဲ ဆံပင်တွေက ဖိုးရိုးဖားရားနဲ့ လိပ်ခွံကိုင်းမျက်မှန်ကပ်ထားတယ်။ သူ့ ပုံပန်းက ဘာကိုမှသိပ်ပြီး သိတဲ့ပုံမျိုး မဟုတ်ဘူး... ဗျ။ ကြည့်ရတာတော့ ကျောင်းသားတစ်ယောက်နဲ့ တူသလိုလိုပဲ။

မိန်းမကတော့ အတော့်ကို မြိန်တာပဲ။ မျက်နှာက သေးသွယ်သွယ် ရှည်မျောမျောနဲ့။ ဆံပင်တွေကလည်း ပွယောင်းယောင်းဗျ။ သူ့ကိုယ်ခန္ဓာက ပိန်ရတဲ့ အထဲမှာ အစိမ်းရောင်ဂါဝန်ကျပ်ကျပ်ကို ဝတ်ထားတော့ သူ့ပုံပန်းက မြွေတစ်ကောင်နဲ့တူနေတယ်။ ဒါပေမဲ့ ပါးစပ်ကပြဲပြဲ နီရဲရဲဆိုတော့ သစ်သီးတစ်လုံးနဲ့ တူနေသလိုပဲ။ မျက်လုံးတွေကတော့ လှတယ်... ဗျ။ မျက်လုံးနက်နက်မှာ

www.burmeseclassic.com

www.burmeseclassic.com



အရောင်က တလဲ့လဲ့ဆိုတော့၊ ရေစိုနေတဲ့ ကျောက်မီးသွေးနဲ့ တူသလိုပဲ။

သူ ကျုပ်ကိုကြည့်လိုက်ပုံက တစ်မျိုးပဲ... ဗျ။ သူ့အကြည့်ကြောင့် ကျုပ်ဟာ သူတို့ကားငှားတာကို လက်ခံချင်သွားတယ်။ တကယ်ကျတော့လည်း ကျုပ်ဟာ သူတို့ပထမဆုံးပေးတဲ့ ဈေးနဲ့ပဲ လက်ခံဖို့သဘောတူလိုက်ပါတယ်။ အဲဒီနောက်တော့ သူတို့ကားထဲဝင်ထိုင်ကြတယ်။ ဟို လူပုံချောချောက ကျုပ်ရဲ့ဘေး ရှေ့ခန်းမှာထိုင်ပြီး ကျန်နှစ်ယောက်က နောက်ခန်းမှာထိုင်ကြတယ်။ သူတို့လည်းထိုင်မိရော ကျုပ်က ကားကို မောင်းထွက်လာခဲ့တယ်။

ကျုပ်ဟာ ရောမမြို့ထဲက ဖြတ်ပြီး ဆန်ပါရိုလိုဘက်က ဘတ်ဆီလီကာကို ထွက်လာခဲ့တယ်။ ဒီလမ်းဟာ အန်ဇီယိုကိုသွားရာမှာ အတိုဆုံးလမ်းကိုး... ဗျ။ ဘတ်ဆီလီကာကိုရောက်တော့ ကျုပ်ကားကို ဓာတ်ဆီထပ်ဖြည့်တယ်။ ပြီးတော့ လမ်းမကြီးအတိုင်း မိုင်နှုန်းကိုမြှင့်ပြီး မောင်းလာခဲ့တယ်။

ကျုပ်မောင်းလာခဲ့ရတဲ့ ခရီးအကွာအဝေးကို ခန့်မှန်းကြည့်လိုက်တော့ ကီလိုမီတာ ငါးဆယ်လောက်ရှိနေပြီ။ အခုဆိုရင် အချိန်က ကိုးနာရီခွဲလောက်တော့ ရှိပြီ။ တကယ်လို့ ဟိုကို ဆယ့်တစ်နာရီလောက်ရောက်သွားရင် ပင်လယ်ကမ်းခြေမှာ ရေချိုးလို့အကောင်းဆုံးအချိန်ပဲ။

ကျုပ်အဖို့ကတော့ အမျိုးသမီးဟာ အတော့်ကို ဆွဲဆောင်မှုရှိနေတယ်။ ဒါကြောင့်မို့လည်း ကျုပ်ဟာ သူ နဲ့ မိတ်ဖွဲ့ချင်နေမိတယ်။ သူတို့ကိုကြည့်ရတာ အထက်တန်းလွှာထဲကတော့ မဟုတ်ဘူး။ ယောကျ်ားနှစ်ယောက် စကားပြောနေသံနားထောင်ရတာ နိုင်ငံ ခြားသားတွေလို့ ယူဆရတယ်။ ဖြစ်နိုင်ခြေရှိတာကတော့ သူတို့ဟာ ရောမမြို့ အနီးအနားမှာရှိနေတဲ့ ဒုက္ခသည်စခန်းတစ်ခုခုမှာနေတယ်လို့ ထင်ရတာပဲ။ အမျိုးသမီးကတော့ အီတလီမပါ။ ရောမမြို့သူ ဖြစ်ဖို့သေချာပါတယ်။ သူ့ကို အကဲခတ်ရတာလည်း သိပ်ပြီးအဆင့်အတန်းမြင့်မယ့်ပုံမျိုးတော့ မဟုတ်ပါဘူး။ ကျုပ်အထင်ပြောရရင် ဒီအမျိုးသမီးဟာ အိမ်စေတစ်ယောက်ဒါမှမဟုတ် ခဝါသည်တစ်ယောက်ဖြစ်ဖို့များပါတယ်။ အဲဒီထက်ပိုပြီး အဆင့်မြင့်တဲ့အလုပ် မျိုး လုပ်နေတဲ့လူတော့ ဖြစ်နိုင်ခြေမရှိပါဘူး။

ကားမောင်းရင်းနဲ့ အဲသည်အတွေးတွေ ကျုပ်ခေါင်းထဲဝင်နေချိန်မှာ သူတို့ ဘာတွေပြောနေကြသလဲဆိုတာ သတိထားပြီး နားထောင်လာတယ်။ အမျိုးသမီးနဲ့ အသားမည်းမည်းဘဲဟာ ကားနောက်ထဲမှာ စကားတွေဖောင်လောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်ပြောလိုက်၊ အော်ဟစ်ပြီး ရယ်လိုက်နဲ့ အတော့်ကို အဆင်ပြေလာနေပုံ ပဲ။ အများဆုံးရယ် ရယ်နေတာကတော့ အမျိုးသမီးပဲ… ဗျ။ ကျုပ် သတိထား မိသလောက်ဆိုရင်တော့ ဒီအမျိုးသမီးပြောပုံဆိုပုံက တယ်ပြီး ပြေပြေပြစ်ပြစ် မရှိဘူး။ ဒီကြားထဲ နေပုံထိုင်ပုံက ထိုးထိုးထွန့်ထွန့်နဲ့ ဆတ်စလူးကျလွန်းတော့ မြွေပေါက်စတစ်ကောင်နဲ့ သိပ်ကိုတူနေတယ်။

အသားလတ်လတ်ငနဲကတော့ သူတို့ရယ်သံတွေကြားတော့ နှာခေါင်း ရှုံ့ရှုံ့သွားတာတွေ့ရတယ်။ ဒါပေမယ့် ဘာမှတော့ မပြောဘူး။ နောက်ကိုလည်း လှည့်မကြည့်ဘူး။ တကယ်တော့လည်း နောက်လှည့်ကြည့်ဖို့မလိုပါဘူး။ သူ့ အနေနဲ့ ကားရှေ့ကလေကာမှန်သေးသေးထဲ ကြည့်လိုက်ရင် နောက်ခန်းထဲ ဘာတွေဖြစ်နေတယ်ဆိုတာ သိနိုင်နေတာပဲ။

ကျုပ်တို့ဟာ ထရာပစ်ဘုန်းကြီးကျောင်းကို ကျော်ဖြတ်လာကြတယ်။ ဒါပေမယ့် တစ်လမ်းလုံး လုံးဝမရပ်တော့ဘဲ အင်ဇီယိုလမ်းဆုံးအထိ မောင်း လာခဲ့တယ်။ ဒီဘက်ရောက်တော့ ကျုပ်က ကားအရှိန်ကိုလျှော့ချလိုက်ပြီး ကျုပ်ဘေးကငနဲကို ဘယ်နေရာထိပို့ပေးရမှာလဲလို့ မေးတယ်။ သူက "လူတစ် ယောက်မှမရှိတဲ့ တိတ်တိတ်ဆိတ်ဆိတ်နေရာဆိုရင်ရတယ်။ ကျွန်တော်တို့က အနီးအနားမှာ လူမရှိတာကို လိုချင်တာ"လို့ ပြောတယ်။

"ဒီကမ်းခြေတစ်ဝိုက်က ကီလိုမီတာသုံးဆယ်တစ်လျှောက်ဟာ လူသူ မရှိတဲ့ နေရာတွေပဲ"လို့ ကျုပ်က ပြန်ပြောလိုက်တယ်။ ပြီးတော့မှ "ဘယ်နေ ရာသွားမယ်ဆိုတာ ခင်ဗျားဘာသာ ခင်ဗျားပဲ ဆုံးဖြတ်ပေါ့"လို့ ထပ်ပြောလိုက် တယ်။ အဲဒီတော့ ကားနောက်ခန်းထဲကနေပြီး အမျိုးသမီးက လှမ်းပြောတယ်။ "သူ့ကိုပဲ ဆုံးဖြတ်ခိုင်းလိုက်ပါလား"တဲ့။

"ဟာ ကျုပ်နဲ့ ဘာဆိုင်လို့လဲ"လို့ ကျုပ်က ပြန်ပြောတယ်။ ဒါပေမယ့် အမျိုးသမီးက ဆက်ပြောနေတယ်။ "သူ့ကိုပဲ ဆုံးဖြတ်ခိုင်းလိုက်ပါ"တဲ့။ ပြီးတော့ သူပြောတဲ့စကားကို သူ့ဘာသာသူ သဘောကျပြီး တဟား… ဟားနဲ့ အော်ရယ်နေတယ်။ အဲဒါနဲ့ပဲ ကျုပ်ကပြောတယ်။ "လီဒို ဒီ လာဗင်နီယိုဆိုတဲ့ နေရာကတော့ လူသိပ်များတယ်။ ဒါပေမယ့် ကျုပ် ခင်ဗျားတို့ကို လူတစ်ယောက် မှ မရှိတဲ့နေရာကို ပို့ပေးမယ်"လို့ ထပ်ပြောလိုက်တယ်။

ကျုပ်ပြောတဲ့စကားကြားတော့ အမျိုးသမီးက တအားအော်ရယ်ပြန်တယ်။ ပျက်လုံးကောင်းတစ်ခုကို ကြားလိုက်ရသလိုပဲ။ သူက ကျွန်တော့်ပခုံးကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ပုတ်ပြီး "သိပ်ကောင်းတယ်၊ ရှင်ဟာ ဉာဏ်သိပ်ကောင်းတဲ့လူတစ်ယောက်ပါလား။ ကျွန်မတို့ ဘယ်လိုနေရာမျိုး ကြိုက်တယ်ဆိုတာ ရှင်သိနေတယ်"

ဒီလိုပြောတာ လုပ်တာတွေအတွက် ကျုပ် ဘာလုပ်ရင် ကောင်းမလဲဆိုတာ မသိပေမယ့် ကျုပ်အနေနဲ့ စိတ်မရှည်တာတော့ အမှန်ပဲ။ ဒါပေမယ့် ဒီအဖြစ်ဟာ ကျုပ်ကိုလဲ မျှော်လင့်ချက်ရှိအောင် လုပ်ပေးနေသလိုပဲ။ ခပ်ချောချော လူကအမျိုးသမီးကို လှမ်းပြောတယ်။ "ဒီမယ် ပီနာ၊ အခုကိစ္စမှာ ရယ်စရာ ဘာမှမရှိဘူးလို့ ထင်တယ်"တဲ့။ အဲသလိုနဲ့ပဲ ကျုပ်တို့ဟာ ကားကို ဆက်မောင်းလာခဲ့တယ်။

အပူရှိန်ကလဲ တဖြည်းဖြည်းနဲ့ ပြင်းသထက်ပြင်းလာတယ်။ ကားနောက်ခန်းထဲမှာ ထိုင်နေတဲ့ စုံတွဲကတော့ စကားပြောလိုက် ရယ်လိုက်နဲ့ ဆောဆောကအတိုင်းပဲ။ အဲဒီတုန်းမှာပဲ ကျုပ်ဘေးကကောင်ဟာ ကားရှေ့က မှန်ထဲကို တစ်ချက်ကြည့်လိုက်ပြီး သူ မကြိုက်တာတစ်ခုခုကို တွေ့လိုက်ရသလိုပဲ နှာခေါင်းကို ရှုံ့လိုက်တယ်။

အခုဆိုရင် လမ်းရဲ့တစ်ဖက်မှာ ချောက်သွေ့နေတဲ့ ယာကွင်းတွေကို တွေ့နေရတယ်။ တခြားတစ်ဖက်မှာတော့... ချုံပုတ်တွေရှိနေတယ်။ နောက်ဆုံး ဘေးမဲ့သစ်တောလို့ ရေးထားတဲ့ ဆိုင်းဘုတ်တစ်ခုထောင်ထားတဲ့နေရာ ရောက်တော့ ကျုပ်ဟာ ကားကိုအရှိန်လျှော့လိုက်ပြီး လမ်းကျဉ်းလေးတစ်ခုအတိုင်း ကျုပ်ကားကို မောင်းဝင်လာခဲ့တယ်။

အဲဒီနေရာကို ဆောင်းရာသီတုန်းက ကျုပ် အမဲပစ်ထွက်ခဲ့ဖူးတယ်။ အလွန့်ကို လူခေါင်တဲ့နေရာပါ။ ဒီနေရာမျိုးကို သိဖို့ဆိုတာ လုံးဝမလွယ်ပါဘူး။ ချုံပုတ်တွေရဲ့တစ်ဖက်မှာ ထင်းရှူးတောရှိပါတယ်။ အဲဒီထင်းရှူးတောရဲ့ တစ်ဖက်မှာတော့ ပင်လယ်ကမ်းခြေနဲ့ ပင်လယ်ပြင်ရှိနေပါတယ်။ အင်ဒီယိုကမ်းခြေကိုတက်တုန်းက အမေရိကန်တပ်တွေဟာ ဒီနေရာတစ်ဝိုက်မှာ ကတုတ်ကျင်းတွေ အများကြီးတူးခဲ့ပါတယ်။ အဲဒီကျင်းတွေဟာ အခုထက်ထိရှိနေတုန်းပါ။ သံချေးတက်နေတဲ့ စည်သွတ်ဘူးခွံတွေနဲ့ သေတ္တာလွတ်တွေဟာ အများကြီးပဲ။ လူအများဟာ မြေမြှုပ်မိုင်းတွေကိုကြောက်လို့ အဲဒီနေရာကို မသွားကြဘူး။

နေဟာ ပူပြင်းလှတဲ့ရောင်ခြည်ကို အောက်ဘက်က ချုံပုတ်တွေပေါ် လွှတ်ပေးနေပါတယ်။ လမ်းကတော့ ဖြူးဖြောင့်နေတာပဲ။ အဲဒီလမ်းအတိုင်း လိုက်သွားရင် ပထမဦးစွာ ကွင်းပြင်ကိုဖြတ်ရပါမယ်။ ပြီးရင်တော့ ချုံပုတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကြားကို ရောက်သွားပါတယ်။ အဲဒီဘက်ရောက်သွားရင် စိမ်းမြမြ ထင်းရှူးတောတွေ... ၊ လေယူရာတိမ်း ယိမ်းနွဲ့နေကြတဲ့ သူတို့ရဲ့သစ်ကိုင်းတွေ... ။ ပြီးတော့... ပြာလဲ့လဲ့ကောင်းကင်နဲ့ စိမ်းမြမြပင်လယ်ပြင်။

ကျုပ်ဟာ ကားကို ဖြည်းဖြည်းပဲမောင်းလာခဲ့တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီသစ်ပင်တွေနဲ့ ချုံပင်တွေကြားမှာ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရလေတော့ ကားတစ်ခုခုဖြစ်သွားမှာစိုးလို့ပါ။ အဲသလို ကျုပ်ရဲ့အာရုံက လမ်းပေါ်မှာရောက်နေတုန်း ဘာ့ကြောင့်ရယ်လို့တော့ မသိဘူး။ ကျုပ်ဘေးမှာထိုင်နေတဲ့ကောင်က ဖြုန်းခနဲ ကျုပ်ကို သူ့ကိုယ်လုံးနဲ့ဖိပြီး တွန်းလိုက်တာခံရတယ်။ ရုတ်တရက်ဆိုတော့ ကျုပ်ဟာ ကားပြတင်းပေါက်ကနေပြီး အပြင်ကိုထွက်ကျသွားတော့မလို ဖြစ်သွားတယ်။

"ဘယ်လိုလုပ်လိုက်တာလဲ... ကွ"လို့ ကျုပ် အော်လိုက်မိတယ်။ လက်ကလဲ ကားဘရိတ်ကို ယောင်ပြီးဆွဲလိုက်မိတယ်။ တစ်ချိန်တည်းမှာပဲ နောက်ဖက်က တစ်ခုခုလုပ်လိုက်တဲ့အသံကြားလိုက်ရပြီး ကျုပ်ရှေ့တည့်တည့်က လေကာမှန်တစ်ဖက်မှာ အပေါက်လေးတစ်ပေါက် ဖြစ်သွားတာမြင်လိုက်ရတယ်။ ကျုပ်ဟာ အံ့အားသင့်လွန်းလို့ မှန်ပေါ်ကအပေါက်ကို ပါးစပ်အဟောင်းသားနဲ့ ကြည့်နေမိတယ်။

ကျုပ်ဟာ ကားထဲက ခုန်ဆင်းပြီး "လူသတ်သမားတွေ... လူသတ်သမားတွေ"လို့ အော်မလို့ စိတ်ကူးလိုက်မိပါတယ်။ ဒါပေမယ့် သေနတ်နဲ့ပစ်လိုက်တဲ့ အသားမည်းမည်းကောင်က သူ့လက်ထဲက ခြောက်လုံးပြူးသေနတ်ပြောင်းနဲ့ ကျုပ်ကျောကိုထောက်ထားပြီး "မလှုပ်နဲ့"လို့ပြောတယ်... ဗျ။

ကျုပ်ဟာ ကားထဲမှာပဲထိုင်နေတယ်။ "ခင်ဗျားဘာလိုချင်လဲ"လို့ ကျုပ်က မေးတော့ အသားမည်းကောင်က ပြောတယ်။ "ဟိုအကောင် အရူးကသာ မင့်ကို ဝင်မတိုးဘူးဆိုရင် မင့်ကို ငါရှင်းပြနေစရာတောင်မလိုဘူး။ ကဲ... ကွာ၊ ငါတို့ မင့်ကားကိုလိုချင်တယ်"တဲ့။

အသားလတ်လတ်ကောင်က အံကြိတ်ပြီး ပြန်ပြောတယ်။ "ငါ အရူးမဟုတ်ဘူးကွ"တဲ့။ အဲဒီတော့ အသားမည်းကောင်က "မင်းလားကွ မရူးတာ။ မင်းဟာ အရူးမှတကယ့်အရူးကွ"လို့ ပြန်ပြောတယ်။ ပြီးတော့ "တို့ သဘောတူထားခဲ့တာက သူ့ကို ငါက သေနတ်နဲ့ပစ်သတ်ရမယ်လို့ သဘောတူထားခဲ့တာ မဟုတ်လား။ အခုကျတော့ မင်း သူ့ကို တွန်းပစ်ခဲ့တယ်"လို့ ဆက်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အသားလတ်ကောင်က "ဟုတ်တယ်၊ ငါ သူ့ကိုတွန်းပစ်ခဲ့တယ်။ တို့သဘောတူထားတာက ပီနာကို မင်းဘာမှမလုပ်ရဘူးလို့ သဘောတူထားခဲ့တယ် မဟုတ်လား။ အခုကျတော့ မင်းက... "

ဒီစကားကြားတော့ အမျိုးသမီးက အော်ရယ်ပြီးပြောတယ်။ "ကျွန်မတို့အားလုံး ချောက်ကျကုန်ပြီ"တဲ့။ "ဘာပြုလို့လဲ"လို့ သူ့ဘေးကကောင်က မေးတယ်။ "ဘာပြုလို့လဲဆိုတော့ ဒီလူက ရောမမြို့ထဲပြန်သွားပြီး ကျွန်မတို့လုပ်ခဲ့သမျှ ပုလိပ်ဆီသတင်းပို့တော့မှာပေါ့"လို့ဖြေတယ်။

"သိပ်မှန်တာပေါ့"လို့ အသားလတ်ကောင်က ဝင်ပြောတယ်။ သူ့အိတ်ကပ်ထဲက စီးကရက်တစ်လိပ်ထုတ်တယ်။ မီးညှိတယ်။ ပြီးတော့ ဖွာနေတယ်။ အသားမည်းကောင်က ဘာဆက်လုပ်ရမှန်းမသိတဲ့ မျက်နှာထားနဲ့ အမျိုးသမီးဘက် လှည့်ကြည့်လိုက်ပြီး "ဒါဆိုရင် တို့ဘာဆက်လုပ်ကြမလဲ"လို့ မေးတယ်။

ကျုပ်က နောက်ကြည့်မှန်ထဲကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ အမျိုးသမီးက တစ်ဖက်ထောင့်ကို တိုးထိုင်လိုက်တာ မြင်ရတယ်။ ပြီးတော့ သူ့လက်မနဲ့ လက်ညှိုးကိုလှုပ်ပြီး ကျုပ်ဘက်ကိုကွေးပြလိုက်တယ်။ "သူ့ကို ရှင်းပစ်လိုက်ပေါ့"လို့ ပြောတဲ့သဘောပဲ။ ကျုပ်တစ်ကိုယ်လုံး အေးစက်သွားတယ်။ ဒါပေမယ့် အသားမည်းကောင်က ပြန်ပြောလိုက်တဲ့စကားကြားတော့ ကျုပ်နည်းနည်း အသက်ရှူချောင်သွားတယ်။

ဟိုကောင်က ဘာပြန်ပြောသလဲဆိုတော့ "မဖြစ်တော့ဘူးလေ"တဲ့။ "တချို့ကိစ္စတွေမှာ တစ်ကြိမ်ပဲလုပ်ရဲတဲ့သတ္တိကပေါ်တာ။ ငါ့အနေနဲ့ အခုတော့ မလုပ်ရဲတော့ဘူး"တဲ့။ "လုပ်လည်းမလုပ်ချင်တော့ဘူး"တဲ့။

ကျုပ်စိတ်ထဲမှာ သတ္တိလေးပြန်ဝင်လာတယ်။ "ခင်ဗျားတို့ တက္ကစီကားကို ဘာလုပ်ဖို့စိတ်ကူးထားသလဲ"လို့ မေးလိုက်မိတယ်။ "ကားကို ဘယ်သူက နံပါတ်အတုတပ်ပေးမှာလဲ။ ဆေးသုတ်တော့ကော ဘယ်သူကလုပ်ပေးမှာလဲ" စသည်ဖြင့်လည်း ဆက်မေးလိုက်တယ်။ ကျုပ်ရဲ့မေးခွန်းတွေကို သူတို့ကြားခါမှ လုံးဝဘာမှမသိတော့တဲ့ အနေအထားကို ရောက်သွားမှန်း ကျုပ်သိလိုက်တယ်။

အမှန်တော့ ဒီငနဲတွေဟာ ကျုပ်ကိုသတ်ဖို့ဆုံးဖြတ်ထားကြတာ အမှန်ပဲ။ ဒီကိစ္စကို မလုပ်ဖြစ်လိုက်တော့ သူတို့အနေနဲ့ နောက်ထပ်ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ ကုန်ကုန်ပြောရရင် ကျုပ်ကို လုဖို့ယက်ဖို့တောင်မှ မလုပ်ရဲ့တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ လေ...၊ အသားမည်းကောင်ကပြောတယ်။ "တို့မှာ အားလုံးရှိတယ်။ စိတ်ပူစရာမလိုဘူး"တဲ့။ အဲဒီတော့ အသားလတ်လတ်ကောင်က သရော်တော်တော်လေသံနဲ့ ပြန်ပြောတယ်။ "တို့မှာ ဘာတစ်ခုမှ မရှိဘူး"တဲ့။ "တို့မှာရှိတာဆိုလို့ တို့သုံးယောက်ပိုင်တဲ့ လိုင်ယာ ငွေနှစ်သောင်းနဲ့ မပစ်ဝံ့တဲ့ခြောက်လုံးပြူးတစ်လက်ပဲရှိတာ"တဲ့။

အဲဒီအခိုက်မှာပဲ ကျုပ်ဟာ နောက်ကြည့်မှန်ထဲကို တစ်ချက်ခိုးကြည့်လိုက်တယ်။ အမျိုးသမီးက ကျုပ်ဆီကိုလှမ်းကြည့်ပြီး စောစောကလုပ်သလို လုပ်ပြပြန်တယ်။ အဲဒီတော့ ကျုပ်က "ဒီမယ် ဆီညော်ရီနာ*၊ ခင်ဗျား အခုလို လုပ်ပြနေတာဟာ ရောမကိုပြန်ရောက်ရင် ထောင်ထဲမှာ နှစ်အနည်းငယ်လောက်သွားနေရမယ့်အလုပ်ဆိုတာ သိသင့်တယ်ဗျာ"လို့ ပြောလိုက်တယ်။

ပြီးတော့ ကျုပ်ဟာ ဟိုအသားမည်းမည်းကောင်ဘက်ကို မသိမသာလှည့်ကြည့်လိုက်တယ်။ သူက အခုထက်ထိ သေနတ်နဲ့ကျုပ်ကျောကို ချိန်ထားတုန်း...ဗျ၊ သိလား...။ ဒါနဲ့ပဲ ကျုပ်က ဒေါသတကြီးနဲ့ "ပစ်လေကွာ၊ ဘာပြုလို့ စောင့်နေရတာလဲ ငကြောက်ရဲ့။ မင်းပစ်ရဲရင် ပစ်လိုက်ပါလား"လို့ အော်ပြောတယ်။

ကျုပ်အသံဟာ တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်မှာ ပဲ့တင်ထပ်သွားတယ်။ ဒီတစ်ခါတော့ အမျိုးသမီးက ကျုပ်ဘက်ကို ရောက်လာတယ်။ သူကပါ အော်ပြောတယ်။ "အခု ဒီလူစုထဲမှာ ဘယ်သူသတ္တိအကောင်းဆုံးလဲဆိုတာ သိပြီလား။ ဟော့ဒီမှာ မြင်လား။ ဒီလူဟာ သတ္တိအကောင်းဆုံးပဲ"လို့ အော်ပြောပြီး ကျုပ်ကို လက်ညှိုးထိုးပြတယ်။

အသားမည်းကောင်ဟာ ပါးစပ်က တစ်ခုခုကိုရေရွတ်လိုက်တယ်။ ကျိန်ဆဲလိုက်တာနဲ့ တူပါရဲ့။ တစ်ဖက်ကို ဖျက်ခနဲလှည့်ပြီး ထွီးခနဲ တံတွေးတစ်ချက်ထွေးလိုက်တယ်။ ချက်ချင်းပဲ ကားတံခါးကိုဖွင့်ပြီး အပြင်ဘက်ကို ခုန်ဆင်းလိုက်တယ်။ ပြီးတော့ ကျုပ်ရှေ့မှာ တံခါးနားကပ်ပြီးလာရပ်တယ်။ "ကဲ ကိုယ့်လူ ကျုပ်တို့ကိုရောမပြန်ပို့ပြီး ပုလိပ်မတိုင်ဘဲ ဖုံးပေးထားရင် ခင်ဗျားကို ဘယ်လောက်ပေးရမလဲ...။ ပြော... မြန်မြန်ပြော"လို့ သူကစိတ်ဆိုးမာန်ဆိုးနဲ့ပြောတယ်။

ကျုပ်အတွက် ဘေးကင်းသွားပြီဆိုတာ ကျုပ် ချက်ချင်းသိလိုက်တယ်။

---

Signorinaအီတလီစကား၊ အမျိုးသမီး၏အမည်မှရှေ့ထား၍ သုံးသည်။ Missနှင့်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ကျုပ်က အေးအေးဆေးဆေးပဲ ပြောပြတယ်။ "ကျုပ် ဘာမှမလိုချင်ဘူး။ ကျုပ်ခင်ဗျားတို့ သုံးယောက်စလုံးကို ရက်ဂျီနာ ကိုးထီ ထောင်ကြီးဆီ ပို့ပေးမယ်"

အမှန်အတိုင်းဝန်ခံရမယ်ဆိုရင်တော့ အသားမည်းမည်းကောင်က ကြောက်ပုံမပေါ်ဘူး။ သူဟာ စိတ်တိုနေတယ်။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်တဲ့အထိ ဒေါသဖြစ်နေတယ်။ ပြီးတော့ပြောတယ်... "ဒီလိုဆိုရင် ငါ မင့်ကိုသတ်မယ်..." တဲ့။ ကျုပ်ကလည်း ခပ်တည်တည်ပဲ။ "ကောင်းပြီလေ၊ လုပ်ရဲရင်လုပ်လိုက်ပေါ့။ ဒီမယ်ဟေ့၊ ငါပြောလိုက်မယ်။ မင်း ဘယ်သူ့ကိုမှ သတ်ဖြစ်မှာမဟုတ်ဘူး။ နောက်ဆုံးထောင်ထဲရောက်မှာပဲ။ မင်းရော ဟိုမိန်းမရော၊ ဟိုလူရော။ သုံးယောက်စလုံး ထောင်ထဲနေကြရမှာ သေချာတယ်"လို့ ပြောလိုက်တယ်။

"ကောင်းပြီ... လေ။ ဒီလိုဆိုတော့လဲမင်းကြိုက်သလို လုပ်ပေးရမှာပေါ့" လို့ သူကပြောပြီး နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်တယ်။ ပြီးတော့ ကျုပ်ကို သေနတ်နဲ့ချိန်ထားတာ မြင်ရတယ်။ ကံကောင်းတယ်လို့ ဆိုရမှာပဲ။ အဲဒီအခိုက်မှာ အမျိုးသမီးက ကြားကဝင်အော်တယ်။ "မလုပ်နဲ့၊ သူ့ကိုငွေပေးမယ့်အစား ရှင့်သေနတ်ကိုသုံးပြီး သူ့ကိုရှင်လိုချင်တာခိုင်းပေါ့။ ဒါဆိုရင်... ရှင်ခိုင်းသမျှ သူလုပ်မှာပဲ"တဲ့... ။

အမျိုးသမီးဟာ ဒီစကားကိုပြောရင်းနဲ့ ကျုပ်နောက်မှာ လာကပ်ထိုင်တယ်။ လက်တစ်ဖက်က ကျုပ်ရဲ့ထိုင်ခုံပေါ်တင်ထားတယ်။ ပြီးတော့ သူ့လက်ချောင်းတွေနဲ့ ကျုပ်ရဲ့နားတစ်ဖက်ကို အသာကလေး ကလိနေတယ်။ သူလုပ်တာက ဟိုနှစ်ကောင် မသိအောင် လုပ်နေတာဆိုတော့ နှစ်ကောင်စလုံး မမြင်ကြဘူး...။

ကျုပ် အတော့်ကို စိတ်လှုပ်ရှားသွားတယ်။ ဘာပြုလို့လဲဆိုတော့ တွေ့စကတည်းက သူဟာ ကျုပ်ကို ဆွဲဆောင်မှုပေးခဲ့တာ... မဟုတ်လားဗျ။ အခုသူကဒီလိုလုပ်နေလေတော့... ကျုပ်ကိုလည်း သူသဘောကျနေပြီလို့ နားလည်လိုက်တယ်။ ဘာ့ကြောင့် ကျုပ်ကိုသဘောကျသလဲဆိုတာတော့ ကျုပ်လည်း မပြောတတ်ဘူး။

ကျုပ်ဟာ အခုအချိန်ထိ ကျုပ်ကို သေနတ်နဲ့ချိန်ထားတဲ့ အသားမည်းကောင်ကို လှမ်းကြည့်လိုက်တယ်။ အမျိုးသမီးကိုလည်း ဘေးတိုက်ကြည့်ပြီး အကဲခတ်လိုက်တယ်။ ပြီးတော့ ကျုပ်က အသားမည်းကောင်ကိုပြောတယ်

www.burmeseclassic.com

www.burmeseclassic.com



"မင့်ငွေကို မင့် ဘာသာမင်းပဲ သိမ်းထားပေါ့။ ငါက မင့်လိုလူဆိုးဓားပြ တစ်ယောက်မှ မဟုတ်တာ...။ တစ်ခုတော့ရှိတယ်။ ငါ မင်းတို့ကို ခေါ်မသွားနိုင်ဘူး။ ဒီအမျိုးသမီးကိုတော့ ငါခေါ်သွားမယ်။ ဒါတောင် သူက မိန်းမဖြစ်နေလို့ ခေါ်သွားမှာသိလား"

ကျုပ်စကားကြားရင် သူတို့က ကန့်ကွက်လိမ့်မယ်လို့ ကျုပ်က ထင်ထားတာ...။ အခုတော့ ကျုပ်ထင်သလို မဟုတ်ဘူး။ အသားလတ်လတ်ကောင်က ချက်ချင်းပဲ ကားပေါ်ကဆင်းသွားပြီး ကျုပ်ကိုလှမ်းပြောတယ်။ "မင်းတို့ရောမကို ဘေးမသီရန်မခ ရောက်ကြလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"တဲ့။ အသားမည်းကောင်ကလည်း ချိန်ထားတဲ့သေနတ်ကို ပြန်ချလိုက်တယ်...။

အမျိုးသမီးက ဖြိုးဖြိုးဖျတ်ဖျတ်နဲ့ ကားတံခါးဖွင့်ပြီး ကျုပ်ဘေးမှာ ဝင်ထိုင်တယ်။ "ဒါဆိုရင်လည်း... ဂွတ်ဘိုင်ပါပဲ... "လို့ ကျုပ်က သူ့တို့ကို နှုတ်ဆက်တယ်။ "မင်းတို့နှစ်ကောင်ကို ထောင်ထဲပို့မယ့်လူပေါ်ပါစေလို့ ငါ ဆုတောင်းပေးပါ့မယ်" လို့လဲ ပြောလိုက်တယ်။ နောက်တော့ ကျုပ်ဟာ ကားစတီယာရင်ကို လက်တစ် ဖက်တည်းနဲ့ကိုင်ပြီး မောင်းထွက်ခဲ့တယ်။ လက်တစ်ဖက်တည်းနဲ့ ကားကိုမောင်း လာရတာကလည်း တခြားကြောင့်မဟုတ်ပါဘူး။ ကျုပ်လက်တစ်ဖက်ကို အမျိုးသမီးက ကိုင်ထားလို့ပါ။

ကျုပ်ဟာ ကားကို လမ်းမကြီးပေါ်ရောက်အောင် မောင်းလာခဲ့တယ်။ လမ်းမကြီးပေါ်ရောက်တော့ ငါးကီလိုမီတာရောက်တဲ့အထိ ကျုပ်ပါးစပ်ကို မဟာဘူး။ သူကတော့ အဲဒီအချိန်ထိ ကျုပ်လက်ကို ညှစ်ထားဆဲပဲ။ ကျုပ်ကလည်း အရမ်းကို သာယာနေတယ်။ အခုအချိန်မှာတော့ ကျုပ်ကိုယ်တိုင်လည်း လူရှင်းတဲ့နေရာ၊ လူပြတ်တဲ့နေရာတစ်နေရာကို လိုက်ရှာနေပြီ... ပေါ့ဗျာ။ ဒါပေမယ့် သူတို့ရဲ့ရည်ရွယ်ချက်တွေနဲ့ ကျုပ်ရဲ့ရည်ရွယ်ချက်ကတော့ မတူဘူး။ သိပ်ကို ကွာခြားတာအမှန်ပဲ။

ကျုပ်ဟာ ကျုပ်စိတ်ကူးနဲ့ ကျုပ် ကားကိုရပ်လိုက်ပြီး၊ ပင်လယ်ကမ်းခြေဘက်ထွက်တဲ့ လမ်းထဲဝင်ဖို့ စိတ်ကူးလိုက်တယ်။ ဒီတော့ အမျိုးသမီးက သူ့လက်တစ်ဖက်နဲ့ စတီယာရင်ကို လှမ်းကိုင်ထားပြီး ပြောတယ်။ "ရှင်က ဘာလုပ်မလို့လဲ...၊ ကျွန်မတို့ရောမကို ပြန်မယ်... လေ"တဲ့။

ကျုပ်က သူ့မျက်နှာကို ခပ်တင်းတင်းကြည့်လိုက်တယ်။ ပြီးတော့ "ဟုတ်တယ်လေ...၊ တို့ ညနေကျမှ ရောမကိုပြန်မယ်"လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သူက "အော်... ဟုတ်ပြီ။ ကျွန်မနားလည်ပြီ။ ရှင်လည်း ဟိုနှစ်ကောင် နဲ့အတူတူပါပဲလား"လို့ ရေရွတ်လိုက်တယ်။ ပြီးတော့... ကျုပ်ကို တဗျစ်တောက်တောက်နဲ့ အပြစ်တင်လို့ မဆုံးတော့ဘူး။

ကျုပ်က သူ့ကိုပွေ့မယ်ဖက်မယ်လုပ်တော့ လုံးဝအပွေ့အဖက်မခံဘူး။ ဟိုဘက်ရှောင်လိုက် သည်ဘက်တိမ်းလိုက်နဲ့ ပွေ့လို့ဖက်လို့ကိုမရဘူး။ အဲဒါကြောင့် လည်း ကျုပ်ဟာ သူ့ကိုသိပ်ပြီး နမ်းချင်ပေမယ့် နမ်းလို့ကိုမရဘူး...။ ကြာလာ တော့ ကျုပ်ဟာ သိပ်ပြီးစိတ်တိုလာတယ်။

ရုတ်တရက်ချက်ချင်းပဲ ကျုပ်ခေါင်းထဲကို အသိတစ်ခုဝင်လာတယ်။ သူဟာ ကျုပ်ကို အရူးလုပ်နေတာပဲ... ဗျ၊ ဒီပုံအတိုင်းဆိုရင် ကျုပ်အတွက် ဘာမှအကျိုးရှိစရာမမြင်ဘူး။ ဓာတ်ဆီကုန်အောင် ဖြုန်းတီးနေတာနဲ့ အတူတူပဲ။ ကျုပ်ဟာ သိပ်ကို ဒေါပွလာတယ်။ ကျုပ်က သူ့ကို ဆောင့်တွန်းပစ်လိုက်ပြီး "နင် ငရဲပြည်ကိုသွား၊ တစ်သတ်လုံးအဲဒီမှာပဲနေတော့"လို့ ပြောလိုက်တယ်။ ချက်ချင်းပဲ သူဟာ ကားထောင့်မှာကပ်ပြီး ကုပ်နေတယ်။ ရောမကိုရောက်သွားတဲ့အချိန်ထိ ကျုပ်တို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက်စကား တစ်ခွန်းမှ မပြောကြဘူး။

အဲဒီနောက်တော့ ကျုပ်ကကားကိုရပ်ပြီး တံခါးကိုဖွင့်ပေးလိုက်တယ်...။ "ကဲ... ကြွပေတော့။ ... မမ...၊ ကားထဲကမြန်မြန်သာထွက်ပါတော့"လို့လည်း ကျုပ်က ပြောတယ်။ သူက အံ့အားသင့်နေတဲ့ မျက်နှာထားနဲ့ ကျုပ်ကို ကြည့်နေတယ်။ "တကယ်ပြောနေတာလား"လို့မေးတယ်။ "ရှင် ကျွန်မကို စိတ်ဆိုးနေသလား"တဲ့။

ကျုပ် သည်းမခံနိုင်တော့ဘူး။ "ဘုရားသခင်ကယ်တော်မူပါ...။ ဘာလဲ... ကွာ မင်းက ငါ့ကိုအသေသတ်ချင်နေသလား။ မင်းလုပ်လို့ ငါ့မှာအချိန်တွေလည်းကုန်။ ဓာတ်ဆီတွေလည်း အလဟဿဖြစ်။ ငွေလည်းမရ ဖြစ်ရတယ်။ ဒီကြားထဲကပဲ ငါက မင့်ကိုစိတ်ဆိုးတယ်၊ မဆိုးဘူးဆိုတာ သိချင်နေသေးသလား...။ ငါက မင့်ကို ပုလိပ်လက်မအပ်တာကိုပဲ မင်းဘက်က ကျေးဇူးတင်ရမှာ..."လို့ ပြန်ပြောမိတယ်။

သူက ကျုပ်ကို ဘယ်လိုပြန်ပြောတယ်ထင်သလဲ...။ "ရှင်ဟာ တော်တော့်ကို ဘူးကျတဲ့လူပဲ"တဲ့။ ပြီးတော့ သူဟာ ကားထဲကဆင်းသွားတယ်။ ခပ်တည်တည်နဲ့ပဲ လျှောက်သွားတယ်။ ကျုပ်ကျုပ်သပ်သပ်ဝတ်ထားတဲ့ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစားကြောင့် မြွေတစ်ကောင်နဲ့ တူနေတဲ့ အမျိုးသမီးဟာ တင်ကိုခါ၊ ဖင်ကို ယမ်းပြီး ပေါ်တာဆန် ဂျီအိုဖန် နီလမ်းပေါ်က ကားတွေကြားက ဖြတ်ပြီး လျှောက်သွားနေတာကို ကျုပ် မြင်နေရတယ်။

ကျုပ်ဟာ အံ့အားသင့်ပြီး ကျန်ရစ်ခဲ့တယ်။ ကားတွေကြားက ဖြတ်ပြီး လျှောက်သွားနေတဲ့သူ့ကို မျက်စိတစ်ဆုံးလိုက်ကြည့်နေမိတယ်။ အဲဒီတုန်းမှာပဲ လူတစ်ယောက် တက္ကစီကားထဲကို ခုန်ဝင်လာတယ်။ ပြီးတော့ အော်ပြောတယ်။ “ပီယတ်ဇာ ဒဲတ်ပေါ့ပိုဂန်...ကို သွားမယ်”တဲ့။

*

www.burmeseclassic.com

www.burmeseclassic.com

## မေမိုး

အခုလိုအချိန်အခါကာလမျိုးကျခါမှပဲ၊ ကျုပ်ဟာ မွန်တီမာရီယိုနဲ့ ဩစတီးယား ဒယ်ကက်ဆီယာတိုရီကို သူငယ်ချင်းတွေနဲ့အတူပြန်သွားချင်စိတ်တွေပေါ်နေတယ်။ သူငယ်ချင်းတွေဆိုတာက ကျုပ်ရဲ့တနင်္ဂနွေအပေါင်းအသင်းတွေကို ပြောတာပါ။ သူတို့က လက်ဆွဲဘာဂျာကို ကောင်းကောင်းကြီး ဆွဲတတ်တဲ့ကောင်တွေဗျ။ တကယ်လို့ မိန်းကလေးတွေပါမလာရင်တောင် ကျုပ်တို့လူစုအချင်းချင်း တွဲကနိုင်တာပဲ။

ကျုပ်အနေနဲ့ တစ်ယောက်တည်းသွားဖို့ကတော့ သတ္တိမရှိဘူး…ဗျ။ ည… ညဆိုရင် တစ်ခါတလေ ကျုပ်ဟာ ဟိုတယ်အသေးစားလေးဖြစ်တဲ့ 'အင်း' က စားပွဲတွေကို အိပ်မက်မက်နေတတ်တယ်။ နွေးနွေးထွေးထွေးရှိလှတဲ့ မေလရဲ့မိုးစက်မိုးပေါက်တွေကလည်း စားပွဲတွေပေါ်ကို ကျနေတယ်။ ပြီးတော့ မှုန်မှိုင်းမှိုင်းဖြစ်နေတဲ့ သစ်ပင်တွေထက်က မိုးစက်တွေကလည်း စားပွဲတွေပေါ်ကို ကျနေတယ်။

သစ်ပင်တွေကြားက ကြည့်လိုက်ရင် နောက်ဘက်မှာ တိမ်ဖြူဖြူတွေ ရွေ့လျားနေတာကို မြင်ရတယ်။ အဲဒီတိမ်ဖြူဖြူလွှလွှတွေရဲ့အောက်မှာတော့ ရောမမြို့ရဲ့ အိမ်ရာတိုက်တာအဆောက်အအုံတွေပါ…။ ကျုပ်နားထဲမှာ ဆိုင်ပိုင်ရှင် အင်တိုနီယိုတော့ချီရဲ့အသံကို ကြားနေရသလိုပဲ…။ အသံက အဲဒီနေ့မနက်က ဒေါသတကြီးနဲ့ မြေတိုက်ခန်းထဲက လှမ်းပြီးအော်နေတဲ့အသံပါ။ သူအော်နေတာက 'ဒီရပ်စ်…၊ ဒီရပ်စ်'လို့ အော်ခေါ်နေတာပါ။

ကျုပ်စိတ်ထဲမှာ ရပ်စ်ကို ပြန်ပြီးမြင်နေရတယ်။ မြေတိုက်ခန်းထဲကို ဆင်းမသွားခင် ကျုပ်ကို တစ်ချက်လှမ်းကြည့်သွားတယ်။ သူမရဲ့ခြေသံတွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျုပ်ကြားနေရတယ်။ ကျုပ် ဒီနေရာကိုရောက်လာတာဟာ မတော်တဆ ရောက်လာတာပါ။ တောပိုင်းကနေပြီး ရောမမြို့ကို တက်လာရာက ဒီနေရာကို ရောက်လာတာပါ။

အဲဒီတုန်းက သူတို့ဟာ ကျုပ်ကိုစားပွဲထိုးအလုပ်ကို ပေးခဲ့ပါတယ်။ အခကြေးငွေရယ် ဘာရယ်လို့ သတ်သတ်မှတ်မှတ်ပေးခဲ့တာ မဟုတ်ပါဘူး။ အဲဒီတော့ ကျုပ်တွေးခဲ့တယ်။ 'ငါ ငွေရမှာတော့မဟုတ်ဘူး။ ဒါပေမယ့် သူတို့ မိသားစုဝင်တစ်ယောက်လိုတော့ နေရမှာပဲ'ပေါ့။ ကျုပ်က အဲသလိုတွေးခဲ့တာ...။

၈ တကယ်တော့ မိသားစုဆိုတာက အလွန်လေးနက်တယ်မဟုတ်လား...။

ဘာပဲဖြစ်ဖြစ်ပေါ့...လေ။ နဖူးတွေ့ဒူးတွေ့ ကျုပ်တွေ့ခဲ့ရတာက မိသားစု မဟုတ်ဘူး... ဗျ။ တကယ့်ကို ငရဲပြည်နဲ့တူတဲ့ လူ့အသိုင်းအဝိုင်းတစ်ခုပါ...။ ဆိုင်ရှင်က ဝဝတုတ်တုတ်နဲ့ အတော့်ကိုစိတ်ပျက်စရာကောင်းတဲ့ပုံမျိုးပါ။ မျက်လုံးတွေကျတော့ ကျဉ်းကျဉ်းသေးသေးနဲ့မို့ မြွေတစ်ကောင်ရဲ့ မျက်လုံးတွေနဲ့ တူပါတယ်။

သူဟာ အမြဲတမ်း ခါးပြတ်အင်္ကျီတိုကို ဝတ်ထားလေ့ရှိတယ်။ သူ့မျက်နှာ က ဝိုင်းဝိုင်းစက်စက်ရှိရတဲ့အထဲ ဆောင်းထားတဲ့ ကက်ဦးထုပ်ကို မျက်စိတွေ ဖုံးလုနီးပါး ဆွဲချထားတတ်ပါတယ်။ သူ့သမီး ရပ်စ်ရဲ့ အကျင့်စရိုက်ကတော့ သူ့အဖေနဲ့ သိပ်မကွာဘူး...ဗျ။ ရပ်စ်ဟာ သူ့အဖေလို အကြောခပ်မာမာပါ။ စရိုက်ကကြမ်းရတဲ့အထဲ စိတ်နေစိတ်ထားကလည်း ညံ့တယ်...ဗျ။

ဒါပေမယ်လို့ သူက ရုပ်ရည်ကျတော့ ချောသကိုး...ဗျ။ ခန္ဓာကိုယ်က သေးသွယ်ပြီး တောင့်တောင့်ရောင့်ရောင့်ရှိတယ်။ တင်နဲ့ရင်ကလည်း တယ်ပြီး ဖြောင့်တာပဲ။ မျက်နှာကတော့ ဝိုင်းဝိုင်းစက်စက်နဲ့။ မျက်လုံးအစုံရောဆံပင်ပါ နက်မှောင်နေတာပဲ။ ဒါပေမယ့် မျက်နှာအရောင်အဆင်းကျတော့ သွေးမရှိသလို ဘဲ...၊ ဖြူရော်ရော်နဲ့...။ သွေးရယ်လို့ လုံးဝမရှိတော့တဲ့ လူသေမျက်နှာနဲ့ တူသလိုလိုပါလားလို့ ထင်ရတယ်။

သူတို့အိမ်ထောင်မှာ အကြင်နာတရားရှိတဲ့လူဆိုလို့ သူ့အမေတစ်ယောက် ပဲရှိတယ်။ သူက အသက်လေးဆယ်လောက်ရှိပြီ။ ဒါပေမယ့် သူ့ရုပ်ရည်ကို ကြည့်လိုက်ရင် ခြောက်ဆယ်လို့ ထင်ရတယ်။ အဘွားကြီးတစ်ယောက်ရဲ့ နှာခေါင်းမျိုး...။ အဘွားကြီးတစ်ယောက်ရဲ့ ဆံပင်မျိုးနဲ့...။ သူ့ကိုကြည့်လိုက် ရင် အစားအစာချက်တဲ့ မီးဖိုရှေ့မှာ အမြဲတမ်းမတ်တတ်ရပ်နေတာ တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ သူက နောက်လှည့်ကြည့်လိုက်ရင်တော့ သွားတစ်ချောင်း နှစ်ချောင်း သာရှိတော့တဲ့ သူ့ရုပ်ကို မြင်ရတယ်။

အင်း က… လမ်းမကြီးဘက် မျက်နှာပြုပြီးဖွင့်ထားတာ…။ ဆိုင်းဘုတ်က နီညိုရောင်…။ ရေးထားတဲ့စာလုံးတွေက 'ဩစတီရီးယား ဒယ် ကက်ဆီရာတိုရီ…၊ ပိုင်ရှင် အင်တိုနီယို တော့ချီ' တဲ့။ အဝါရောင်နဲ့ရေးထားတဲ့စာလုံးတွေပေါ့။ အဲဒီနေရာကနေပြီး ဝင်လိုက်ရင် ဆိုင်ထဲက စားပွဲတွေဆီရောက်တယ်။ စားပွဲတွေကတော့ သစ်ပင်တွေအောက်မှာပါ။ ရောမမြို့ထဲက အိမ်တွေကို မျက်နှာပြုထားပါတယ်။

အဆောက်အအုံ ဆောက်ထားပုံကတော့ တောဆန်ဆန်ပဲ။ အုတ်ကြွတ်မိုးထားပေမယ့် ပြတင်းပေါက်ကတော့ များများစားစားမရှိဘူး။ အကောင်းဆုံးအချိန်ကတော့ နွေရာသီပဲ။ အဲဒီရာသီမှာဆိုရင် လူတွေဟာ… မနက်မိုးလင်းကနေ ညသန်းခေါင်အထိ ဆိုင်ကိုရောက်လာကြတယ်။ မိသားစုအလိုက် ကလေးပေါက်စတွေနဲ့ လာတာတွေရှိသလို၊ စုံတွဲတွေလည်း လာကြတယ်။ ယောကျ်ားတွေချည်း အုပ်စုလိုက်လာတာတွေလည်းရှိတယ်။

လာကြပြီဆိုရင်တော့ ချထားတဲ့စားပွဲတွေမှာထိုင်ပြီး ဝိုင်အရက်တွေသောက်ကြတယ်။ အစားအစာတွေကို စားကြတယ်။ သူတို့ရှေ့မှာရှိနေတဲ့ ရှုခင်းတွေကိုကြည့်ကြတယ်။ လူတွေသိပ်ကျတဲ့အခါဆိုရင် ကျုပ်တို့အနေနဲ့ အသက်ဝဝရှူဖို့တောင် အချိန်မရကြပါဘူး။ ကျုပ်တို့ယောကျ်ားနှစ်ယောက်နဲ့ တစ်ချိန်လုံး စားပွဲထိုးနေရသလို၊ မိန်းမနှစ်ယောက်ကလည်း ချက်လိုက်ပြုတ်လိုက်၊ ပန်းကန်တွေဆေးလိုက်နဲ့ပဲ အချိန်ကုန်နေကြတယ်။ ညပိုင်း ဆိုင်ပိတ်ချိန်ရောက်ပြီဆိုရင် အားလုံးခြေကုန်လက်ပန်းကျနေကြပြီ။ တစ်ယောက်ကို တစ်ယောက် စကားပြောဖို့ဆိုတာ ဝေးရော။ ကြည့်ဖို့တောင် အချိန်မရကြတော့ဘူး။ ချက်ချင်းအိပ်ရာဝင်ပြီး အိပ်ကြရော…။

ဒါပေမယ့်လို့… ဆောင်းရာသီကျရင် ဒုက္ခတွေက ဝင်လာပါလေရော။ အင်း… မိုးရွာချိန်ကျရင်တောင်မှ ဒုက္ခတွေက တစ်ပြုံတစ်မ ဝင်လာလေ့ရှိတယ်။ အဖေနဲ့သမီးကလည်း တစ်ယောက်ကို တစ်ယောက် သိပ်ပြီးမုန်းကြတယ်။ အဲဒီစကားကို ပျော့ပျောင်းသွားအောင် အစားထိုးပြီး ပြောရမယ်ဆိုရင်… ဖအေနဲ့သမီးဟာ တစ်ယောက်ကိုတစ်ယောက် သတ်ကြရမယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာ သတ်ကြပါလိမ့်မယ်လို့ ပြောနိုင်မယ်ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဖအေလုပ်သူဟာ သိပ်ပြီးနိုင်လိုမင်းထက် လုပ်ချင်တဲ့လူကြီး... ဗျ။ စိတ်နေစိတ်ခတ်ကလည်း အလွန်ညံ့တယ်။ ဘာမဟုတ်တဲ့ အသေးအဖွဲကိစ္စလေး တစ်ခုလောက်နဲ့ သတ်တော့ ဖြတ်တော့မလောက် ဒေါသကြီးတတ်တယ်။ သမီးကျတော့လည်း... ဘာထူးလဲ၊ မာလိုက်တဲ့ခေါင်း...။ တကယ့်ကျောက်တုံးကြီး တစ်တုံးအတိုင်းပဲ။ ပြီးတော့ နေတာထိုင်တာ ပြောတာဆိုတာတွေကလည်း မြို့စိစိနဲ့...။

သူတို့နှစ်ယောက် သားအဖဖြစ်နေလျက်နဲ့ ဘာပြုလို့တစ်ယောက်ကို တစ်ယောက် မုန်းနေကြရတာလဲ...။ ဘာ့ကြောင့်လဲဆိုတော့ကာ၊ သွေးသားတူလို့ပဲ ဖြစ်မယ်လို့ ကျုပ်ထင်တယ်။ ကျုပ်ကြားဖူးခဲ့သလောက်ဆိုရင် သွေးချင်းသိပ်ပြီးတူနေတဲ့လူတွေဟာ တစ်ယောက်ကို တစ်ယောက် မုန်းတီးတတ်ကြတယ်... တဲ့။

အမှန်အတိုင်းပြောရရင် သမီးလုပ်တဲ့လူဟာ အလွန့်ကိုကြီးပွားချင်တဲ့ စိတ် အားကြီးတယ်။ သူကပြောတယ်။ သူတို့စားရိပ်သာက လှမ်းကြည့်ရင် ရောမမြို့ရဲ့ တိုက်တာအိမ်ရာတွေကို မြင်နေရတယ်... တဲ့။ ဒီလိုနေရာမျိုးဟာ နေရာကောင်းမို့ ရဖို့မလွယ်ဘူး... တဲ့။ ဒီနေရာမျိုးမှာ ငွေအရင်းအနှီးကောင်းကောင်းမြှုပ်နှံပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမယ်... တဲ့။ အခုတော့ အဲသလိုမလုပ်ဘဲ ပစ္စလက္ခတ်လုပ်နေတော့ အားလုံးအလဟဿဖြစ်ကုန်တယ်...တဲ့။

သူပြောပြနေတာက... သူ့အဖေအနေနဲ့ အင်္ဂတေကိုင်ပြီး ကပွဲပလက်ဖောင်း တစ်ခု ဆောက်ထားသင့်တယ်... တဲ့။ တီးဝိုင်းတစ်ဖွဲ့လည်း ငှားထားရမယ်... တဲ့။ အပေါ်ဘက်မှာ တရုတ်မီးပုံးလှလှတွေ ချိတ်ဆွဲထားရမယ်... တဲ့။ "ပြီးတော့ အိမ်ကိုလည်း ခေတ်နဲ့အညီ ခေတ်မီတဲ့စားရိပ်သာတစ်ခုအဖြစ် အသွင်ပြောင်းပစ်သင့်တယ်... တဲ့။ အဲသလို စနစ်တကျလုပ်ပြီးရင် "ရှုခင်းသာစားရိပ်သာ"လို့ နာမည်ပေးလိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ...တဲ့။

ဒါပေမယ့်... ဖအေကတော့ သူ့ကိုယ်သူ မယုံဘူး... ဗျ။ သိလား။ အကြောင်းတစ်ခုက သူဟာ စိတ်ခတ်အလွန်နိမ့်ကျတယ်။ အတွေးအခေါ်ကလည်း မမြင့်ဘူး။ ပြီးတော့ သူဟာ အသစ်အဆန်းမုန်းသမျှရဲ့ ရန်သူ တစ်ယောက်...။ နောက် အကြောင်းတစ်ခုက ဒီကိစ္စမှာ အကြံပြုတဲ့လူက သူ့သမီးဖြစ်နေတော့ သူ့စိတ်က သိပ်သဘောမတွေ့ဘူးပေါ့။ သူ့သမီးပေးတဲ့ အကြံဉာဏ်အတိုင်း လုပ်မယ့်အစား သူ့လည်ပင်းကိုပဲ အလှီးခံလိုက်တော့မယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားရှိနေတယ်။

ဖအေနဲ့သမီးကြားမှာ ရန်ပွဲအမြဲရှိတယ်။ သမီးက ဖအေကို ခုခံတိုက်ခိုက်တဲ့သဘောကလည်း အမြဲပဲရှိတယ်။ သူတို့သားအဖက အသေးအဖွဲနဲ့လည်း အကြီးအကျယ် စကားများတတ်တယ်။ တစ်ခါတလေ အဖေလုပ်သူက အစာစားရင်း လေတက်တယ်ဆိုပါတော့…။ အဲဒါ ထပြီးရန်ဖြစ်ကြရော။ ဖအေကလည်း မလျှော့။ သမီးကလည်း မလျှော့နဲ့၊ နောက်ဆုံးကျတော့ အဖေက သမီးမျက်နှာကို ပိတ်ရိုက်လိုက်တာနဲ့ ပွဲကသိမ်းတယ်။

အဖေလုပ်တဲ့လူကြည့်ရတာ သူ့သမီးကိုရိုက်လိုက်ရတဲ့အပေါ်မှာ သိပ်ကို သာယာသလိုပဲ။ သမီးကလည်း သူ့ကိုရိုက်လိုက်ရင် ပန်းလေးတစ်ပွင့်ကို ရေနဲ့အလောင်းခံလိုက်ရသလိုပဲ။ ပိုပြီး ကြည်လင်လန်းဆန်းလာတာတွေ့ရတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့အဖေပေါ်မှာ ထားနေတဲ့ အမုန်းစိတ်နဲ့ မနှစ်မြို့တဲ့စိတ်တွေဟာ ပိုပြီးကြီးထွားလာတဲ့သဘောရှိသကိုးဗျ။

အဲဒီနောက် သူ့အဖေက သူ့သမီးဆံပင်ကိုဆွဲပြီး မျက်နှာကို လက်သီးနဲ့အဆက်မပြတ်ထိုးတယ်။ လက်သီးချက်တွေဟာ မိုးသီးမိုးပေါက်တွေကျနေတဲ့အတိုင်းပဲ။ စားပွဲပေါ်က ပန်းကန်တွေနဲ့ ဖန်ခွက်တွေဟာ ကြမ်းပေါ်ကို ကျကုန်ကြတယ်။ မအေကြီးက အပြေးအလွှားရောက်လာပြီး အတင်းဝင်ဖျဉ်တယ်။ ဒါပေမယ့် သွားမရှိတဲ့သူ့ပါးစပ်ပေါ်ကို လက်သီးချက်တစ်ချက် ကျလာတတ်တယ်။ သူတို့ဖြစ်နေတာကိုကြည့်ပြီး ကျုပ်ရင်ထဲမှာ အဆိပ်မိနေသလိုမျိုးခံစားနေရတယ်။ ချက်ချင်းပဲ စိတ်ပျက်လက်ပျက်နဲ့ အိမ်ထဲကထွက်လာခဲ့ပြီး လာကာမီ လူစီယာဘက်ကို သွားတဲ့လမ်းမကြီးအတိုင်း လျှောက်လာခဲ့တယ်။

ကျုပ် ဒီအိမ်က အပြီးအပိုင် ထွက်သွားသင့်တာကြာပါပြီ။ တကယ်လို့သာ ကျုပ်ဟာ ရပ်စ်နဲ့ချစ်မနေကြဘူးဆိုရင် ဒီအိမ်မှာ အခုလောက်ကြာကြာ ဘယ်နေမလဲ… ဗျာ။ ထွက်လာခဲ့တာကြာပြီပေါ့…။ တကယ်တော့ ကျုပ်ဟာ မိန်းမတစ်ယောက်ကို လွယ်လွယ်နဲ့ ချစ်တတ် ကြိုက်တတ်တဲ့ လူစားမဟုတ်ပါဘူး။ ဘာပြုလို့လဲဆိုတော့ ကျုပ်က လက်တွေ့သမားတစ်ယောက်မဟုတ်လား။ အပြောကလေးကောင်းရုံ ရုပ်ကလေးလှရုံနဲ့ မိန်းမတစ်ယောက်ကို ချစ်တတ်ကြိုက်တတ်တဲ့ကောင်စားမဟုတ်တာအမှန်ပါ။

ဒါပေမယ့်… ဗျာ။ ကျုပ်အဖြစ်က တော်တော်ဝကျပါတယ်။ ထောင်ပြီး အဖမ်းခံရသလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရတာပါ။ ရပ်စ်အနေနဲ့ ကျုပ်အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ရေရေရာရာ မသိခင်ကတည်းက ကျုပ်ကို အခုလို ထောင်ဖမ်းဖို့ စိတ်ကူးရှိခဲ့ပုံ ပေါ်ပါတယ်။ ကျုပ်ကလည်း ထောင်ချောက်ထဲ ရောက်သွားတော့ လွတ်အောင် ရုန်းပါသေးတယ်။ ဒါပေမယ့် ထောင်ချောက်ရဲ့ဆူးတွေက ရုန်းလေလေ ကျုပ် အသားထဲနစ်ဝင်လေဆိုတော့ မရုန်းရဲတော့ဘူးပေါ့။

ပြောရမယ်ဆိုရင်တော့ ကျုပ်စပြီးရောက်တဲ့ညကပေါ့။ ကျုပ် အိပ်ပျော်နေတုန်း သူရောက်လာတယ်...။ အိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေရင်းနဲ့ပဲ အိပ်မက်လိုလို တကယ်လိုလို ဖြစ်သွားတာပဲ။ သူက တစ်ချီတည်းနဲ့ ကျုပ်ရဲ့ရမ္မက်ဇောကို အရအမိယူသွားတာပါ။ အမှန်တော့ သူနဲ့ကျုပ်ကြားမှာ စကားလည်း များများစားစားမပြောခဲ့ဖူးပါဘူး။ တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်းလည်း မဆုံခဲ့ဖူးကြပါဘူး။ လက်ချင်းလည်း ထိမိကိုင်မိတာတွေ မရှိခဲ့ဖူးပါဘူး။ ချစ်သူနှစ်ဦးတွေ့ရင် ပြောကြဆိုကြတဲ့ စကားမျိုးတွေလည်း မပြောဖြစ်ခဲ့ကြပါဘူး။

အဖြစ်က တော်တော်ခက်ပါတယ်။ ဒီရပ်စ်ရဲ့အနေအထိုင်က မိန်းမပေါ့ တစ်ယောက်နဲ့တူပါတယ်။ တော်တော်အပေါစားနိုင်တဲ့မိန်းမပေါ့မျိုးပါ။ ဒါပေမယ့် မိန်းမပျက်လို့တော့ မဆိုနိုင်ပါဘူး။ အေးလေ... ဘာပဲဖြစ်ဖြစ် ကျုပ်အဖို့ကတော့ သူထောင်ထားတဲ့ ထောင်ချောက်ထဲ အမိခံလိုက်ရတာကတော့ အမှန်ပဲ...။

ကျုပ်ဟာ သည်းးခံတတ်တဲ့လူပါ။ ကျိုးကြောင်းဆင်ခြင်တတ်တဲ့ စိတ်လည်း ရှိပါတယ်။ ဒါပေမယ့် လူတွေက ကျုပ်ကို စိတ်တိုအောင်လုပ်လာရင်တော့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း တုံ့ပြန်ချင်တတ်ပါတယ်။ အဲဒါဆိုရင်တော့ သွေးက သိပ်ဆူလွယ်ပါတယ်။ ချက်ချင်း ငယ်ထိပ်အထိ တက်သွားတတ်ပါတယ်။ အဲဒီသဘာဝကို ကျုပ်မျက်နှာမှာ အထင်းသားပေါ်နေတယ်လို့ ကျုပ်ကတော့ ထင်ပါတယ်။ ကျုပ်ဟာ အသားလတ်လတ်၊ မျက်နှာဖြူရော်ရော် ဖျော့တော့တော့နဲ့...။ ဒါပေမယ့် ကျုပ်ကို စိတ်တိုအောင်လုပ်ရင် ချက်ချင်းပဲ တစ်မျက်နှာလုံး ကြက်သွေးရောင်ဖုံးသွားတတ်ပါတယ်။

အခုဆိုရင် ရပ်စ်ဟာ ကျုပ်စိတ်ကို မတို တိုအောင် ဆွပေးနေပါတယ်။ ဘာပြုလို့ အဲသလိုလုပ်နေရတာလဲ...။ ချက်ချင်းပဲ အကြောင်းရင်းကို ကျုပ်တွေ့လာတယ်။ သူက သူ့အဖေကို ဆန့်ကျင်ဖို့အတွက် ကျုပ်ကို သူနဲ့လက်တွဲစေချင်တယ်။ သူကပြောတယ်...။ ကျုပ်ရှေ့မှာ သူ့အဖေက ဆံပင်ဆွဲပြီး မျက်နှာကို လက်သီးနဲ့ထိုးနေတာမြင်လျက်နဲ့ ကျုပ်က ဘာမှဝင်မလုပ်ဘူး... တဲ့။ ကျုပ်

www.burmeseclassic.com



သူရဲဘောကြောင်တာကို သူသိရပြီ… တဲ့။ တစ်ခါတုန်းကလည်း သူ့ကိုကြမ်းပေါ် လဲကျတဲ့အထိ ရိုက်လဲ့ပြီး ခြေထောက်နဲ့ဆောင့်ကန်နေတာကို ဒီအတိုင်းကြည့် နေတယ်… တဲ့။

ပြီးတော့ ထပ်ပြောတယ်…။ ကျုပ်က သူ့ကိုမုန်တယ်လို့ ဘယ်တော့မှ ထောက်ခံပြီး မပြောဘူး… တဲ့။ သူနဲ့ကျုပ်ဟာ ချစ်သူတွေမို့ ကျုပ်က သူ့ကို ကာကွယ်ပေးသင့်တယ်… တဲ့။ ဒါပေမယ့် သူ့စကားအသွားအလာကို ကြည့်ပြီး ကျုပ် သိလိုက်တာက တခြားမဟုတ်ဘူး။ သူ့မှာ တခြားရည်ရွယ်ချက် တစ်ခု ရှိနေတယ် ဆိုတဲ့အချက်ပဲ…။ ကျုပ်ကို လူကြောက်လို့ခေါ်တာဟာလည်း သိ လျက်သားနဲ့ တမင်သက်သက်သုံးတာပဲဆိုတာ သိသာနေတယ်။ ဘာပဲဖြစ်ဖြစ်… ဗျာ။ ကျုပ်ကို အဲသလိုခေါ်တာတော့ ကျုပ်ဆက်ပြီး ခံမနေနိုင်တော့ဘူး။

ဘယ်လိုပဲ ဖြစ်ဖြစ်လေ… ။ နေသာတဲ့နေ့တစ်နေ့မှာ သူဟာ လေသံရော အချိုးပါပြောင်းသွားတယ်။ ကျုပ်တို့နှစ်ယောက် လက်ထပ်ဖြစ်ကြရင် သိပ် ကောင်းမှာပဲတဲ့။ ဆိုင်ကိုလည်း ကျုပ်တို့အပိုင်ဖြစ်လာရင် သိပ်ကိုအဆင်ပြေ မှာပဲ… တဲ့။ ဆိုင်ကို 'ရှုခင်းသာစားရိပ်သာလို့ အမည်ပေးမယ်… တဲ့' အခု တစ်ခါမှာတော့ဖြင့် သူဟာ သိပ်ကို နူးညံ့သိမ်မွေ့ပြီး သဘောလည်းသိပ်ကောင်းနေ တယ်။ ကျုပ်ဖြင့် သူမှဟုတ်ရဲ့လားလို့ သံသယဖြစ်မိသေးတယ်။

ခဏနေတော့ သူဟာ ချက်ချင်းပဲ အချိုးပြောင်းသွားတယ်။ ကျုပ်တို့အနေ နဲ့ လက်ထပ်ပြီးပြီး မပြီးပြီး သူ့အဖေရှိနေသမျှ ကာလပတ်လုံး ဘာမှဖြစ်လာ စရာမရှိဘူး… တဲ့။ ဘာကိုမှလည်း မျှော်လင့်လို့ရမှာ မဟုတ်ဘူး… တဲ့။ အတိုချုပ် ပြောရရင်တော့ (သူက ကျုပ်ကိုပွင့်ပွင့်လင်းလင်းပြောလိုက်တဲ့အတိုင်း ဖွင့်ပြော ရမယ်ဆိုရင်ပေါ့လေ) ကျုပ်တို့ သူ့အဖေကို သတ်ပစ်မှဖြစ်မယ်… တဲ့။ သူလုပ် ပုံက ကျုပ်အခန်းထဲကို ကျုပ်ပထမဆုံးရောက်တဲ့ညကအတိုင်းပဲ။ သူဖြစ်ချင်တာ သူလုပ်ချင်တာကိုပြောပြီး ဖြုန်းခနဲထထွက်သွားတယ်။ ကျုပ်ကတော့ သူပြော ခဲ့တဲ့စကားကို အလေးအနက်ထားပြီး စဉ်းစားရင်း ကျန်ရစ်ခဲ့တယ်။

နောက်တစ်နေ့ကျတော့ ကျုပ်က ဒီကိစ္စမှာ သူလိုချင်တဲ့ပုံစံအတိုင်း ဖြစ်အောင် ကူညီဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ပြောပြတယ်။ တကယ်လို့ အဲသလို ထင်ရင် သူမှားပြီလို့လည်း ကျုပ်က ပြောပြတယ်။ အဲဒီတော့ သူက ဒီလိုဆို ရင်တော့ ကျုပ်အနေနဲ့ အခု အမြန်ဆုံး သူတို့ဆီကထွက်သွားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ပြောတယ်။ ကျုပ်ကို သူ့ချစ်သူအဖြစ် သူ့ရင်ထဲမှာ ထားဖို့ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်နိုင်တော့ဘူး... တဲ့။

သူပြောခဲ့တဲ့အတိုင်းပဲ အဲဒီနေ့ကစပြီး သူဟာ ကျုပ်မျက်နှာကို မကြည့်တော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် စကားလည်းမပြောဖြစ်ကြတော့ဘူး။ ဒီအချိန်မှာ ကျုပ်ဟာ သူ့အဖေကို အတော်ကြီး မုန်းတီးစက်ဆုပ်လာတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီကိစ္စမှာ အခုလိုဖြစ်လာရတာဟာ သူ့အပြစ်လို့ ကျုပ်စိတ်ထဲက ထင်မိတယ်။

ဒီကာလအတွင်းမှာ၊ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်းပဲ... သူ့အဖေဟာ လူတကာနဲ့ အမြဲရန်ဖြစ်နေတယ်။ နေ့စဉ်ကိုဖြစ်တာ... ဗျ။ သူ့ကို ဘေးလူတွေက မမုန်း မုန်းအောင်တမင်လုပ်နေသလားလို့တောင် ထင်ရတယ်။

လက မေလ... ဗျ။ ရာသီအနေနဲ့ ကောင်းတဲ့ရာသီပဲ။ ဒီလဆိုရင် လူတွေဟာ ဆိုင်မှာလာပြီး ဝိုင်သောက်ကြတယ်။ အစားတွေစားကြတယ်။ ဒါပေမယ့် အဲသလိုဖြစ်ရမယ့်အစား လုံးဝဖြစ်မလာဘဲ တစ်ချိန်လုံးလိုလို မိုးတွေချည်း ရွာနေတယ်။ အဲသလိုအချိန်မျိုးကျခါမှ သူ့အဖေဟာ ဒေါသပဲကြီးနေတယ်။

တစ်ရက်မှာတော့ သူဟာ စားပွဲမှာထိုင်ပြီး စားသောက်နေရာက သူ့ရှေ့ကပန်းကန်ကို တွန်းဖယ်ပစ်တယ်။ ပြီးတော့ "နင်ကငါ့ကို တမင်သက်သက်သောက်သုံးမကျတဲ့ စွတ်ပြုတ်ရည်ကို တိုက်တယ်"လို့ သူက သူ့သမီးကိုပြောတယ်။ "အဖေစွပ်စွဲသလိုသာ ကျွန်မလုပ်တယ်ဆိုရင် ရှင်းရှင်းကလေးပါ"လို့ သူ့သမီးက ပြန်ပြောတယ်။ "အဲသလိုသာလုပ်ရင် ကျွန်မက အဲဒီစွပ်ပြုတ်ထဲမှာ အဆိပ်ခတ်လိုက်မှာပေါ့"တဲ့။

အဲဒီတော့ သူ့အဖေက သူ့သမီးမျက်နှာကိုကြည့်ပြီး မျက်ခွက်ကို လက်သီးနဲ့ပိတ်ထိုးတယ်။ ထိုးလိုက်တဲ့အရှိန်က ပြင်းထန်လွန်းတော့ သူ့ခေါင်းကဘီးဟာ ပြုတ်ကျသွားတယ်။ အဲသလိုဖြစ်နေချိန်မှာ ကျုပ်တို့ဟာ ရွာနေတဲ့မိုးကြောင့် အမှောင်ထုထဲရောက်နေကြတယ်။ သူ့သမီးရဲ့ မျက်နှာဟာ ဖြူဖွေးသွားတယ်။

ကျုပ်က မနေနိုင်တော့ဘူး။ သူ့အဖေ တော့ချီကိုပြောတယ်။ "ခင်ဗျားလုပ်နေတာကို ရပ်လိုက်ပါတော့ဗျာ"လို့... ။ "မင့်အလုပ် မဟုတ်ပါဘူး"လို့ တော့ချီကပြန်ပြောတယ်။ ဒါပေမယ့် ကျုပ်အခုလို ဝင်ပြောတာကို အခုတစ်ကြိမ်ပဲ ပထမဆုံးကြုံရတာဆိုတော့ တော်တော် အံ့အားသင့်သွားပုံရတယ်။

ကျုပ်အဖို့ကတော့ သူ့သမီးကိုအပိုင်အနိုင်ရနိုင်မယ့် နည်းလမ်းက ဒီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲရှိလေတော့ အခုလိုဝင်မပြောလို့ကလည်းမဖြစ်ဘူးဗျ။ "ခင်ဗျားလုပ်နေတာကို ရပ်လိုက်တော့ဗျာ"လို့ ကျုပ်က ထပ်ပြောတယ်။ "ဒီလိုလုပ်နေတာကို ကျုပ် ခွင့်မပြုနိုင်တော့ဘူး" ပြောရင်းနဲ့ပဲ ကျုပ်တစ်ကိုယ်လုံး ပူထူလာတယ်။ သွေးကလည်း ငယ်ထိပ်တက်လာပြီ။ ဒီရပ်စ်က စားပွဲအောက်ကနေပြီး ကျုပ်လက်ကို လှမ်းကိုင်ထားတယ်။ ဒါပေမယ့် သိပ်နောက်ကျသွားပြီ။ သူကထိုင်နေရာက ခုန်ထလိုက်ပြီးပြောတယ်။ "မင့်အတွက် ငါပေးမယ့်တစ်ခုကတော့ ဒါပဲ... ဟော့"တဲ့။

သူက ကျုပ်ပါးကို တစ်အားပိတ်ရိုက်လိုက်တယ်။ ကျုပ်ကလည်း စားပွဲပေါ်က ဝိုင်ဖန်ခွက်ကိုကောက်ပြီး သူ့မျက်နှာကို ပက်ထည့်လိုက်တယ်။ သူ့မျက်နှာမှာ ဝိုင်အရက်တွေ ရွှဲရွှဲစိုကုန်တယ်။ ကျုပ်ဟာ ချက်ချင်းပဲ ထိုင်ရာကထပြီး လှေကားအတိုင်း အပေါ်ထပ်ကိုတက်ခဲ့တယ်။ သူအော်နေတဲ့အသံကို ကျုပ် ကြားနေရ တယ်။ "ခွေးသူတောင်းစားကောင် နင့်ကိုငါသတ်မယ်"တဲ့။

ကျုပ်ဟာ ကျုပ်ရဲ့အခန်းတံခါးကို ပိတ်လိုက်ပြီး ပြတင်းပေါက်နားမှာ သွားရပ်နေတယ်။ အပြင်ဘက်မှာ မိုးရွာနေတယ်။ ကျုပ်ဟာ အဆက်မပြတ်ကျဆင်းနေတဲ့ မိုးစက်တွေကိုကြည့်နေရင်းနဲ့ ကိုယ့်ဒေါသကိုယ် မထိန်းနိုင်ဖြစ်နေတယ်။ ကျုပ်ရဲ့အံဆွဲထဲမှာ သိမ်းထားတဲ့ဓားမြှောင်ကို သွားယူပြီး ပြတင်းပေါက်တံခါးဘောင်ကို ထိုးလိုက်တယ်။ အရှိန်က သိပ်ပြင်းတော့ ဓားမြှောင်ဟာ ကျိုးသွားတယ်။

ဒီလိုနဲ့ပဲ ရပ်စ်နဲ့ ကျုပ်ဟာ နားလည်မှုတစ်ခုရလာတယ်။ တော့ချီဟာ မနက်ဆိုရင် မြေအောက်ခန်းထဲဆင်းပြီး တစ်နေ့စာကုန်မယ့် ဝိုင်အရက်သွားသယ်လေ့ရှိတယ်။ သွားလို့ရှိရင်လည်း သူ့သမီးရပ်စ်ကို ခေါ်သွားတယ်။ ရပ်စ်က ပုလင်းကြီးတစ်ပုလင်းယူသွားပြီး အဲဒီထဲကို ဝိုင်ဖြည့်ရတယ်။

မြေအောက်ခန်းက မြေကြီးအောက်မှာရှိတာဆိုတော့ နံရံတစ်ဖက်မှာ ကပ်ပြီး လုပ်ထားတဲ့လှေကားက ဆင်းရတယ်။ လှေကားထစ်က ခုနစ်ထစ်လောက်ရှိမယ်လို့ ခန့်မှန်းတယ်။ ကျုပ်တို့ သဘောတူခဲ့တာက မြေအောက်ခန်းထဲဆင်းချိန်မှာ ကျုပ်က သူတို့ဆီသွားရမယ်။ ပြီးတော့... ဝိုင်အရက်စည် ဘုံဘိုင်ကို ဖွင့်ဖို့ တော့ချီရှေ့ကိုကုန်းလိုက်တဲ့အခါမှာ ကျုပ်က မီးဆွတဲ့သံကောက်ကြီးနဲ့ သူ့ခေါင်းကို ရိုက်ခွဲလိုက်ရမယ်။

အဲဒီကိစ္စပြီးသွားတဲ့အခါမှာ ကျုပ်တို့က တော့ချီဟာ လှေခါးပေါ်က

www.burmeseclassic.com

www.burmeseclassic.com



လိမ့်ကျလို့ ဦးခေါင်းခွံကွဲပြီး သေသွားပြီလို့ ပြောကြမယ်။ အဲဒါဟာ ကျုပ်တို့ ချင်းနားလည်မှုယူထားတဲ့အချက်ပဲ။ ဒီကိစ္စမှာ တကယ်တမ်းကျတော့ ကျုပ်ဟာ လုပ်ချင်စိတ်လည်း ရှိတယ်။ မလုပ်လည်း မလုပ်ချင်ဘူး။ အဲသလို စိတ်နှစ်ခွဖြစ်နေတော့ ကျုပ်က "မင်း အခုပြောတဲ့အတိုင်း ငါလုပ်မယ်။ ဘာ့ကြောင့်လဲဆိုတော့ ငါ လူကြောက်မဟုတ်ဘူးဆိုတာ မင်းသိအောင် ပြချင်လို့။ အေး... ကိစ္စပြီးရင်တော့ ငါ ဒီမှာမနေတော့ဘူး။ ရပ်ဝေးတစ်နေရာကို ထွက်သွားမယ်။ ဒီနေရာကို ငါ လုံးဝပြန်မလာတော့ဘူး"လို့ သူ့ကိုပြောပြလိုက်တယ်။

"ဒါဆိုရင်တော့ ရှင် ဘာမှလုပ်မနေနဲ့တော့။ ဘယ်ကိုမှလဲ ထွက်သွားမနေနဲ့တော့။ အဲဒါဟာ အကောင်းဆုံးဖြစ်မယ်။ ကျွန်မ ရှင့်ကိုချစ်တယ်။ ရှင့်ကို အဆုံးမခံနိုင်ဘူး"လို့ သူက ပြန်ပြောတယ်။ တကယ်တော့ သူဟာ တော်တော့်ကို လည်တာပဲ။ ဟန်ဆောင်တဲ့နေရာမှာလဲ နိုးတူးပဲ။ အဲဒီတော့ ကျုပ်က လုပ်စရာရှိတာကို ဆက်လုပ်မယ်။ ဒီကိစ္စပြီးသွားရင်လည်း ကျုပ် ဘယ်ကိုမှမသွားတော့ဘူး။ သူနဲ့အတူတူ စားရိပ်သာကိုဖွင့်မယ် စသည်ဖြင့် ပြောလိုက်တယ်။

ကျုပ်တို့ သတ်မှတ်ထားတဲ့ရက်ကျတော့ တော့ချီက သူ့သမီးကို ပုလင်းကြီး ပေးရက် ရောက်လာပြီ။ အဲဒီနေ့မနက်မှာ တော့ချီဟာ ခါတိုင်းလုပ်နေကျ ထုံးစံအတိုင်း သူ့သမီးကို ဝိုင်ထည့်ဖို့ ပုလင်းကြီးယူပြီး သူ့နောက်ကလိုက်ခဲ့ဖို့ ပြောတယ်။ သူကတော့ အိမ်နဲ့တော်တော်ဝေးဝေးက ထောင့်တစ်ထောင့်မှာ ရှိတဲ့ မြေအောက်ခန်းတံခါးဆီကို လျှောက်သွားနှင့်တယ်။ ထုံးစံအတိုင်း မိုးကလည်း ရွာနေတယ်။ ဆိုင်ထဲမှာကလည်း မှောင်မည်းနေတယ်။ ဒီရပ်စ်က သူ့အဖေခိုင်းတဲ့အတိုင်း ဝိုင်ထည့်ဖို့ ပုလင်းကြီးတစ်လုံးကိုယူပြီး သူ့အဖေနောက်က လိုက်သွားတယ်။

ဒါပေမယ့် ရပ်စ်ဟာ မြေတိုက်ထဲမဆင်းခင်မှာ ကျုပ်ဘက်ကိုလှည့်ပြီး မျက်ရိပ်မျက်ခြည်ပြသွားတယ်။ ကျုပ်တို့နှစ်ဦးသာ နားလည်တဲ့အချက်ပြမှုတစ်ခုပေါ့။ အဲဒီအချိန်မှာ မီးဖိုရှေ့မှာရပ်နေတဲ့ ရပ်စ်ရဲ့အမေမြင်သွားတော့ ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေတယ်။ ကျုပ်ကတော့ ထိုင်နေရာက ထ၊ မီးဖိုဆီသွားပြီး မီးဆွသံကောက်ကြီးကို ယူလိုက်တယ်။

ကျုပ် သူ့ရှေ့ကဖြတ်လာတော့ အဘွားကြီးက ကျုပ်မျက်နှာကိုကြည့်လိုက်၊ သူ့သမီးမျက်နှာကိုကြည့်လိုက် လုပ်နေတယ်။ မျက်လုံးတွေနဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာကတော့ အများကြီးပဲ။ ဒါပေမယ့် သူ့ပါးစပ်ကတော့ စကားတစ်လုံးမှ ထွက်မလာဘူး။ သူ့ပုံပန်းကလည်း ဘာစကားမှမပြောဘူးဆိုတဲ့ အနေအထားပဲ။

ရပ်စ်အဖေကတော့ မြေတိုက်ထဲကနေပြီး 'ရပ်စ်… ရေ။ ဟေး… ရပ်စ်' လို့ အော်ခေါ်နေတယ်။ ရပ်စ်ကလည်း 'လာပြီ… အဖေ'လို့ ပြန်အော်ပြောတယ်။ ပြီးတော့ သုတ်သီးသုတ်ပြာနဲ့ ထွက်သွားတယ်။ သူ့ကိုယ်လုံးကိုယ်ပေါက်နဲ့ လမ်းလျှောက်ပုံကဖြင့် ကြည့်လို့သိပ်ကောင်းပါကလား။ ကျုပ်အဖို့တော့ စွဲမက်စရာကောင်းတဲ့ ဒီအလှကို နောက်ဆုံးမြင်ရခြင်းပဲလို့ တွေးလိုက်မိပါတယ်။

အဲဒီတုန်းမှာပဲ ဧည့်ခန်းဘက်က အဝင်တံခါးပွင့်သွားပြီး ရေစိုအိတ်ကြီးတစ်လုံးထမ်းထားတဲ့ လူတစ်ယောက်ဝင်လာတယ်။ ကုန်ပစ္စည်းပို့တဲ့ လှည်းသမားပါ။ သူက ကျုပ်ကိုမော့မကြည့်ဘဲ "တို့ကိုကူပါဦး သူငယ်ချင်းရယ်" လို့ လှမ်းပြောတယ်။ ကျုပ်ကလည်း မီးဆွကောက်ကြီးကိုကိုင်ပြီး သူ့နောက်လိုက်သွားတယ်။

ကျုပ်တို့နားက ယာခြံထဲမှာ အဆောက်အအုံတစ်လုံး ဆောက်နေလေတော့ လှည်းသမားဟာ သူ့လှည်းနဲ့ ကျောက်တုံးတွေတင်ပြီး လာပို့တာ ပါ။ ဒီအနားရောက်တော့ လှည်းက ဗွက်ထဲနစ်သွားတယ်။ မြင်းကလဲ လှည်း ကို ဗွက်ထဲကလွတ်အောင် မဆွဲနိုင်တော့ဘူး။ လှည်းသမားက အရပ်ဆိုး ရတဲ့အထဲမှာ ကိုယ်လက်အင်္ဂါက ချွတ်ယွင်းနေလေတော့ ဘေးက အကူအညီမပါ ဘဲ ဘာမှလုပ်လို့မရတော့ဘူး။

ကျုပ်ဟာ လက်ထဲက မီးဆွကောက်ကြီးကို ဂိတ်တံခါးတိုင်တစ်တိုင်ပေါ် လှမ်းတင်လိုက်တယ်။ ကျောက်ခဲနှစ်တုံးကိုယူပြီး လှည်းဘီးတွေအောက်က ခံပေးလိုက်တယ်။ ပြီးတော့ နောက်ကနေပြီး လှည်းကိုတွန်းပေးတယ်။ လှည်းသမားက သူ့မြင်းကို အော်ငေါက်ပြီး မောင်းတယ်။ ဒါပေမယ့် မရဘူး။ လှည်း အားကုန်ထုတ်ပြီး ဆွဲတယ်။ လှည်းက နည်းနည်းကလေးမှမရွေ့ဘူး။

လှည်းသမားက သူ့မြင်းကို အော်လိုက်၊ ငေါက်လိုက်၊ ဆဲလိုက်၊ ဆိုလိုက်… ကျိန်ဆဲလိုက်နဲ့… အကြီးအကျယ် ဒေါသူပုန်ထနေပြီ။ သူဟာ မြင်းကို ကြာပွတ်နဲ့ရိုက်တယ်။ ဒါပေမယ့် မြင်းက မရုန်းနိုင်ဘူး။ သူဟာ ဒေါသပိုကြီးလာပြီး ဂိတ်တံခါးတိုင်ထိပ်မှာ ကျုပ်တင်ထားတဲ့ သံကောက်ကြီးကို ပြေးယူတယ်။ ဒေါသက သိပ်ကြီးနေတော့ ဘာကိုမှ အပီအပြင် မြင်ပုံမရတော့ဘူး။

"သူ မြင်းကိုသတ်တော့မယ်ထင်တယ်"လို့ ကျုပ် တွေးမိတယ်။ "တော်

www.burmeseclassic.com

www.burmeseclassic.com



ပါတော့ အဲသလောက်အထိမလုပ်ပါနဲ့”လို့ ကျုပ်ပါးစပ်က အော်မိတော့မလို ဖြစ်သွားတယ်။ ဒါပေမယ့် မအော်ဖြစ်ဘူး။ ကျုပ်ရဲ့စိတ်ဆိုးစိတ်ယုတ်တွေနဲ့ ဒေါသတွေဟာ ကျုပ်ရဲ့ခန္ဓာကိုယ်ထဲကနေပြီး လှည်းသမားရဲ့ကိုယ်ထဲကို ပြောင်း သွားတယ်လို့ ထင်မိလို့ပါ။

လှည်းသမားဟာ သူ့စိတ်သူ မထိန်းနိုင်ပါဘူး။ သူ့လက်ထဲက သံကောက် ကြီးနဲ့ မြင်းရဲ့ခေါင်းကို မရပ်မနား လွှဲ... လွှဲပြီး ရိုက်နေပါတယ်။ ပထမဆုံး ရိုက်လိုက်တဲ့အချိန်က ကျုပ်ဟာ မကြည့်ရဲလို့ မျက်စိတွေကို မှိတ်ထားရပါတယ်။ နောက်ထပ်ရိုက်နေတဲ့အသံတွေကို ကြားနေရပေမယ့် မျက်စိမဖွင့်ရဲတော့ပါဘူး။ ကျုပ်ဟာ သတိလစ်ပြီး လဲကျတော့မလိုတောင် ဖြစ်နေပါပြီ။

အချိန်အတော်ကလေးကြာတော့ မျက်လုံးတွေကို ပြန်ဖွင့်လိုက်တယ်။ မြင်းဟာ လေးဘက်ထောက်လဲကျနေတာမြင်ရပါတယ်။ လှဲသမားကတော့ မြင်းကို မညှာမတာရိုက်နေတုန်းပါ။ သူကတော့ သူ့မြင်းကို လဲကျနေရာက ပြန်ထအောင် ရိုက်နေတာပါ။ ဒါပေမယ့် အမှန်တကယ်က သူရိုက်နေတာဟာ သူ့မြင်းကို သူသတ်နေတာနဲ့ အတူတူပါပဲ။

မြင်းဟာ လေးဘက်ထောက်လဲနေရာက ဘေးတစ်ဖက်ကို စောင်းလျက် လဲကျသွားတယ်။ ခြေထောက်တွေလက်တွေဟာ ကန်ကြောက်နေကြပြီ။ ခေါင်း ကလည်း ရွှံ့ဗွက်ထဲကျသွားပြီ။ တစ်ကိုယ်လုံး အကြောတွေဆွဲပြီး ဆိုးဆိုးဆတ် ဆတ် တုန်နေပြီ။ လှည်းသမားဟာ အမောတကောဖြစ်ပြီး အသက်တောင်မှ မှန်မှန် မရှူနိုင်တော့ဘူး။ မီးဆွသံကောက်နဲ့ မြင်းတစ်ကောင်ကို အသေရိုက်တာ ဟာ လွယ်တာမှမဟုတ်တာ။ အလွန်အမင်းအားထုတ်ပြီး အချက်ပေါင်းများစွာ မနားတမ်းရိုက်ပါမှ ပြီးပြတ်နိုင်တဲ့ အလုပ်တစ်ခုမဟုတ်လား...။

လှည်းသမားဟာ အသက်ငင်နေတဲ့မြင်းကို ခြေနဲ့တစ်ချက်ကန်လိုက်ပြီး သူ့လက်ထဲက မီးဆွကောက်ကြီးကို လွှင့်ပစ်လိုက်တယ်။ သူသတ်လို့ သူ့မြင်း သေပြီဆိုတာ သူသိတယ်။ ဒါပေမယ့် ဘာမှမဖြစ်သလိုဘဲ...။

ကျုပ်ဟာ သူ့အနားကကပ်ပြီး ဖြတ်လာခဲ့တယ်။ ဒါပေမယ့် သူနဲ့မထိ မိအောင် ရှောင်လာခဲ့ပါတယ်။ ပြီးတော့ လမ်းမကြီးအတိုင်း ခပ်သုတ်သုတ် လျှောက်လာခဲ့တယ်။ ဓာတ်ရထားတစ်စီးဟာ ကျုပ်ဘေးက ဖြတ်မောင်းလာတယ်။ ကျုပ်ဟာ ဓာတ်ရထားပေါ် ခုန်တက်ပြီး နောက်ဘက်ကို တစ်ချက်လှမ်းကြည့်လိုက် မိတယ်။ မိုးရေတွေနဲ့ ရွှဲရွှဲစိုနေတဲ့မေလရဲ့ သစ်ရွက်စိမ်းစိမ်းတွေကြားကနေပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဩစတာရီးယားဒယ်ကက်ဆီယာတိုရဲ့ စားသောက်ဆိုင်ပိုင်ရှင် တော့ချီ"ဆို တဲ့ ဆိုင်းဘုတ်ကို လှမ်းမြင်နေရတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

## လက်ဝတ်ရတနာ

ခင်ဗျားတို့အနေနဲ့ သေချာပေါက်တွက်ပြီး သိနိုင်တာတစ်ခုရှိတယ်။ အဲဒါဘာလဲဆိုတော့ ယောကျ်ားသူငယ်ချင်းအပေါင်းအသင်း အုပ်စုတစ်စုထဲကို မိန်းမတစ်ယောက် ဝင်လာတယ်ဆိုပါတော့၊ ဒါဆိုရင် ယောကျ်ားအုပ်စုဟာ တစ်ကွဲတစ်ပြားစီဖြစ်ပြီး တစ်ဦးချင်းစီ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်လမ်း ကိုယ် လျှောက်သွားရတဲ့အဖြစ် ရောက်သွားတတ်ပါတယ်။ ဒါဟာ နည်းနည်းလေးမှ သံသယဝင်စရာမရှိပါဘူး။ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝပါ။

အဲဒီနှစ်က ကျွန်တော်တို့လူငယ်တစ်စုဟာ အလွန်ခင်မင်ရင်းနှီးကြ သူချင်း ပေါင်းစည်းပြီး အုပ်စုလေးတစ်ခုဖွဲ့မိခဲ့ကြပါတယ်။ ကျွန်တော်တို့ လူစုဟာ အမြဲတစေ စည်းရုံးမှုရှိကြတယ်။ ကျွန်တော်တို့ကြားမှာ သဘောကွဲပြား မှုဆိုတာ လုံးဝမရှိကြဘူး။ ဘာပဲလုပ်လုပ် အတူတူပဲ။ ပြီးတော့လည်း ကျွန် တော် တို့အားလုံးဟာ အဆင့်မြင့်မြင့်နေနိုင်လောက်အောင် ကောင်းတဲ့ဝင်ငွေ လည်း ရှိကြတယ်။

တိုရီဆိုပါတော့…။ သူက ကားပြင်လုပ်ငန်းနဲ့ အဆင်ပြေနေပါတယ်။ မိုဒက်စတီညီအစ်ကိုကတော့ အမဲသားအရောင်းအဝယ်လုပ်ငန်းမှာ ပွဲစားအလုပ် နဲ့ ဟန်ကျနေကြပါတယ်။ ပစ်ပိုမော်ဂန်တီကတော့ ဝက်သားဆိုင်နဲ့ ဝင်ငွေဖြောင့် နေပါတယ်။ အရက်ဆိုင်ဖွင့်ပြီး နိပ်နေတဲ့လူကတော့ ရီနယ်လ်ဒိုပါ…။ ကျွန် တော်ကတော့ အလုပ်မျိုးစုံလုပ်ပြီး မကြောင့်မကြဖြစ်နေပါတယ်။ အခုလောလော ဆယ်ဆိုရင် ကျွန်တော်ဟာ ထင်းရှူးဆီနဲ့ ထင်းရှူးဆီထွက်ပစ္စည်းတွေ ထုတ် လုပ်ရောင်းဝယ်နေပါတယ်။

ကျွန်တော်တို့အားလုံးဟာ အသက်သုံးဆယ်အောက်အရွယ်တွေ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကိုယ်အလေးချိန်အနေနဲ့ ဆယ့်နှစ်၊ ဆယ့်သုံး စတုံအောက်မှာပဲ ရှိကြပါတယ်။ ကျွန်တော်တို့အားလုံး ဓားနဲ့ခက်ရင်း ဘယ်လိုကိုင်ရမယ်ဆိုတာ သိနေကြတယ် မဟုတ်လား...။ နေ့ခင်းဆိုရင် အားလုံး အလုပ်ခွင်မှာ ရောက်နေကြတယ်။ ဒါပေမယ့် ညခုနစ်နာရီကစပြီး ကျွန်တော်တို့အားလုံး စုမိနေကြပြီ။ ပထမဆုံး ကော်သိုဗစ်တိုရီယို ရပ်ထဲက ရီနယ်လ်ဒိုရဲ့ အရက်ဆိုင်မှာ ထိုင်ကြတယ်။ နောက်ပိုင်းအချိန်မှာတော့ ချီတာ့နူအိုဗာရပ်နဲ့ ကပ်လျက်နေရာက ပန်းခြံထဲရောက်ကြတယ်။

တနင်္ဂနွေနေ့တွေဆိုရင်လည်း ကျွန်တော်တို့အားလုံး တစ်စုတစ်ဝေးပဲ အားကစားကွင်းသွားပြီး ဘောလုံးပွဲတွေကြည့်တဲ့အခါ ကြည့်တယ်။ တစ်ခါတလေတော့ ကတ်စ်တယ်လီရိုမန်နီဘတ်ကို ခရီးထွက်ကြတယ်။ ပူအွေးခြောက်သွေ့တဲ့ရာသီကျရင်တော့ဩစတီးယားကိုဖြစ်ဖြစ် လာဒစ္စပိုလီကိုဖြစ်ဖြစ် ခရီးထွက်ကြတယ်။

ကျွန်တော်တို့အားလုံး ခြောက်ယောက်ရှိတယ်။ ဒါပေမယ့် တစ်စိတ်တည်း တစ်ဝမ်းတည်းမို့ တစ်ယောက်တည်းလို့တောင် ပြောရင်ရတယ်။ ဆိုကြပါစို့ရဲ့။ ခြောက်ယောက်ထဲက တစ်ယောက်က စိတ်ကူးပေါက်လို့ တစ်ခုခုလုပ်လာတယ်ဆိုပါတော့၊ ကျန်တဲ့ ငါးယောက်ကလည်း မကြာခင်မှာပဲ သူလုပ်သလို လိုက်လုပ်တတ်ကြပါတယ်။

ရွှေငွေကျောက်မျက်ရတနာပစ္စည်း ဝတ်ဆင်မှုနဲ့ ပတ်သက်လို့ ဗွေဆော်ဦးစခဲ့သူကတော့ တိုရီးပါ။ သူဟာ တစ်ညခင်းမှာ ရက်စ်တော့ရင့်စားသောက်ဆိုင်ကိုလာတော့ ရွှေကြိုးကြီးနဲ့ လုပ်ထားတဲ့ လက်ပတ်နာရီကို ပတ်လာတယ်။ ရွှေကြိုးက ခပ်တုတ်တုတ်ရှိရတဲ့အထဲ အကျယ်က တစ်လက်မနီးပါးလောက်ရှိတယ်...။

ကျွန်တော်တို့က သူ့ကို ဝိုင်းမေးကြတယ်။ ဘယ်သူကပေးတာလဲ...လို့။ သူက "အီတလီဘဏ်ရဲ့ ဒါရိုက်တာကပေးတာ"လို့ ပြောတယ်။ အဓိပ္ပာယ်ကတော့ သူပိုင်ငွေနဲ့ ဝယ်ထားတာလို့ ဆိုလိုတာပါ။ ပြီးတော့ သူ့ လက်ပတ်နာရီကိုချွတ်ပြီး ကျွန်တော်တို့ကိုပြတယ်။ နာရီကတော့ နာမည်ကျော်အမျိုးအစားပဲ ...။ စက်ကန့်လက်တံတောင်ပါတယ်။ ဘယ်လောက်တန်သလဲဆိုတာတော့ မှန်းဖို့မလွယ်ဘူး။ တန်တော့ အတော့်ကိုတန်လိမ့်မယ်လို့ ယုံကြည်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တန်ဖိုးကြီးတဲ့ရင်းနီးမြှုပ်နှံမှုတစ်ခုပေါ့"လို့ တစ်ယောက်ကပြောတော့ တိုရီးက "ဘာလဲ ဘယ်လိုအဓိပ္ပာယ်နဲ့ပြောလိုက်တာလဲ၊ ကျွန်တော်ကတော့ လက်မှာပတ်ထားချင်စိတ်ရှိလို့ ဝယ်တာပဲဗျာ"လို့ ပြောတယ်။ နောက်နေ့ည ကျွန်တော်တို့ဆုံနေကျ စားသောက်ဆိုင်ကိုရောက်သွားတော့ မော်ဂန်တီက လည်း ရွှေလက်ပတ်နာရီ ပတ်ထားတာ တွေ့ရတယ်။

သူ့နာရီကလည်း ရွှေလက်ပတ်ကြိုးနဲ့ပဲ။ ဒါပမယ့် တိုရီးရဲ့ နာရီလောက် တော့ ရွှေကြိုးအချိန်က မလေးဘူး။ အဲဒီနောက်မှာတော့ မိုဒက်စတီညီအစ်ကိုက နာရီတစ်ယောက်တစ်လုံးစီ ဝယ်ပတ်ကြတယ်။ တိုရီးရဲ့နာရီထက်ကြီးတယ်။ ရီနယ်လ်ဒိုနဲ့ ကျွန်တော်ကတော့ တိုရီးရဲ့ လက်ပတ်နာရီမျိုးပဲ ကြိုက်ကြလေ တော့… သူ့နာရီကို ဘယ်ကဝယ်သလဲလို့မေးရတယ်။ ပြီးတော့ သူ့ကိုခေါ်ပြီး ကော်ဆိုဘက်က သူဝယ်တဲ့ စတိုးဆိုင်မှာ သွားဝယ်ကြတယ်။

အခုဆိုရင် မေလထဲဝင်လာပြီ။ ညနေတိုင်းလိုလို မွန်တီမာရီယိုဘက် က 'အင်း'ကိုသွားကြတယ်။ ဝိုင်သောက်ပြီး လတ်လတ်ဆတ်ဆတ် ပဲပြုတ်နဲ့ သိုးနို့ဒိန်ခဲ စားကြတယ်။ တစ်ညနေခင်းမှာတော့ လတ်လတ်ဆတ်ဆတ်ပဲပြုတ် ကို လှမ်းယူလိုက်တဲ့ တိုရီးရဲ့လက်မှာ လက်စွပ်တစ်ကွင်းဝတ်ထားတာ မြင်ရ တယ်။ လက်စွပ်က တော်တော်လေး ရွှေအလေးချိန်များလိမ့်မယ်ဆိုတာ သိ သာတယ်။ အလယ်မှာတော့ အရွယ်အစား သိပ်မကြီးတဲ့ စိန်တစ်လုံး တပ် ထားတယ်။ ဒါပေမယ့် အကောင်းစားစိန်ဆိုတာ မြင်ရုံနဲ့သိသာပါတယ်။

"ဘုရားသခင် ကယ်တော်မူပါ"လို့ သူက ရေရွတ်တယ်။ "ကိုယ့်လူ တို့ကို ကျွန်တော်မပြောထားရင် မဖြစ်တော့ဘူး"တဲ့။ "ဒီတစ်ခါတော့ ခင်ဗျား တို့ ကျွန်တော့်ကို အတုမခိုးကြနဲ့တော့…ဗျ။ ခင်ဗျားတို့လုပ်နေပုံက မျောက် တွေအတိုင်းပဲ။ ကျွန်တော် ဒီလက်စွပ်ကို ဝယ်ဝတ်တာဟာ ခင်ဗျားတို့နဲ့ မတူ အောင်လို့… လုပ်လာတာ"တဲ့။

ဘယ်လိုပဲ ပြောပြောပေါ့လေ…။ လက်စွပ်ကိုတော့ချွတ်ပြီး ကျွန်တော် တို့ကို ပြပါတယ်။ စိန်ကတော့ တကယ့်အကောင်းစားစိန်ပါ။ အရောင်က တလဲ့…လဲ့…နဲ့။ သိပ်ကိုလှတဲ့စိန်ပါ။ ဒါပေမယ်လို့ တိုရီးဟာ လူကောင်ထွား ပေမယ့် သိမ်မွေ့နူးညံ့တဲ့ပုံရှိပါတယ်။ မျက်နှာကတော့ ဝဝပြဲပြဲပါ။ မျက်လုံးအစုံ က ဝက်မျက်လုံးတွေနဲ့တူပါတယ်။

သူ့ရဲ့ ဝဝကစ်ကစ် လက်ချောင်းပေါ်က လက်စွပ်နဲ့ လက်ကောက်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှာ ပတ်ထားတဲ့ ရွှေနာရီတွေကြောင့် သူဟာ မိန်းမတစ်ယောက်နဲ့ တူသလိုဖြစ်နေပါတယ်။ သူ့လက်စွပ်ဟာ စိန်လက်စွပ်ပါ။ သူ့ဆန္ဒရှိနေတဲ့အတိုင်းပဲ၊ ကျွန်တော်တို့က သူ့လက်စွပ်နဲ့တူအောင်မလုပ်ပါဘူး။

ဒါပေမယ့်လို့…၊ ကျွန်တော်တို့ဟာ လက်စွပ်တစ်ယောက်တစ်ကွင်းစီတော့ ဝယ်ကြပါတယ်။ ရွှေတော့ ရွှေလက်စွပ်ပါ။ ဒါပေမယ့် ကျောက်ကိုတော့ စိန်မထည့်တော့ဘဲ တခြားကျောက်တွေ ထည့်ကြပါတယ်။ တစ်ယောက်က ကျောက်တစ်မျိုးတပ်ရင် နောက်တစ်ယောက်က နောက်တစ်မျိုးပေါ့။ အဲသလိုနဲ့ပဲ မိုဒက်စတီ ညီအစ်ကိုက ကျောက်နီနဲ့ကွင်းထားတဲ့ ရွှေလက်စွပ်ကို ဝယ်ဝတ်ကြတယ်။

ရီနယ်လ်ဒိုက ရှေးဟောင်းဆန်ဆန် ရွှေလက်စွပ်ကို ဝယ်ဝတ်ထားပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့… လေ။ ရွှေလက်စွပ်ပေမယ့် ကျောက်ကတော့ အမျိုးမျိုးပဲ။ အစိမ်းရောင်ကျောက်ရှိသလို အပြာရောင်ကျောက်လည်း ပါ…ပါတယ်။ မာဂန်တီက အနက်ရောင်ကျောက်နဲ့ ပလက်တီနမ်လက်စွပ်ကို ဝယ်ဝတ်ပါတယ်။ ကျွန်တော်ကတော့ အဝါရောင်ကျောက်နဲ့ စတုရန်းပုံလက်စွပ်ပါ။

လက်စွပ်ပြီးတော့ ရောက်လာတဲ့ပစ္စည်းက စီးကရက်ဘူးပဲ။ ထုံးစံအတိုင်းပါပဲ။ စတဲ့လူကတော့ တိုရီးပါ။ သူလုပ်လာတာက ရွှေစီးကရက်ဘူးပါ။ သူက ကျွန်တော်တို့ အားလုံးရှေ့မှာ ရွှေစီးကရက်ဘူးကို ဖွင့်တာဆိုတော့ အားလုံးက မြင်ကြရတာပေါ့။ နောက်တော့… ကျန်တဲ့လူစုက သူ့ကိုအတုခိုးပြီးလုပ်လာကြ တယ်။

ရွှေစီးကရက်ဘူးပြီးတော့ ကျွန်တော်တို့အားလုံး ကိုယ်စိတ်ကူးတည့်ရာကို ကိုယ်ကလက်ဦးအောင်လုပ်ကြတယ်။ တစ်ယောက်က လက်တစ်ဖက်မှာ ဝတ်ဖို့ ဟန်းချိန်းတစ်ခု ဝယ်တယ်။ နောက်တစ်ဦးကလဲ အဲဒါမျိုးတစ်ခုဝယ်တယ်။ နောက်တစ်ဦးကတော့ ရွှေနဲ့လုပ်ထားတဲ့ မီးခြစ်ကိုဝယ်တယ်။ အဲဒီကြားထဲမှာ တိုရီးက… နောက်ထပ် ရွှေလက်စွပ်သုံးကွင်းဝယ်ဝတ်တယ်။ သူ့ကိုကြည့်လိုက်ရင် မိန်းမတစ်ယောက်နဲ့ သိပ်တူလာတယ်။ အထူးသဖြင့် သူဝတ်ထားတဲ့ ဂျက်ကက်အင်္ကျီကို ချွတ်လိုက်လို့ ရှပ်အင်္ကျီလက်တိုနဲ့ဖြစ်နေရင် ပိုပြီးတူတယ်လို့ ထင်ရတယ်။

အခုဆိုရင် ကျွန်တော်တို့အားလုံး ရွှေငွေကျောက်မျက်ရတနာပစ္စည်းတွေနဲ့ ထွေးလုံးရစ်ပတ်ဖြစ်နေကြပါပြီ။ ဘာ့ကြောင့်ရယ်လို့တော့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မသိပေမယ့် အဲဒီအချိန်လောက်စပြီး အရာရာတိုင်းဟာ အရင်ကလို မဟုတ်တော့ဘဲ အမှားမှားအယွင်းယွင်းတွေ ဖြစ်လာနေပြီလို့ စိတ်ထဲကသိနေပါတယ်...။

အဲဒီနောက်...တစ်ညနေခင်းမှာပေါ့။ အရက်ဆိုင်ပိုင်ရှင် ရီနယ်လ်ဒိုဟာ ကျွန်တော်တို့ ဆုံနေကျ စားသောက်ဆိုင်ကို သူ့ရဲ့ငွေကိုင်စာရေးမအသစ်နဲ့အတူ ရောက်လာပါတယ်။ သူမရဲ့နာမည်က လူကရီဇီယာ...တဲ့။ သူမကိုကြည့်ရတာ အသက်နှစ်ဆယ်တောင် ပြည့်သေးပုံမရပါဘူး။ ဒါပေမယ့် သူမရဲ့ရုပ်ရည်နဲ့ ပုံပန်းက အသက်သုံးဆယ်ရွယ်တစ်ယောက်လို့ ထင်ရတယ်။

သူမရဲ့အသားရောင်က ဖြူဖွေးနေတာပဲ။ ဖြူပုံက နို့နှစ်ရောင်ကိုထလို့။ မျက်လုံးတွေကတော့ အနက်ရောင်ပါ။ နှုတ်ခမ်းကတော့ နီရဲရဲပါ။ ဆံပင်ကတော့ နက်မှောင်နေတာပဲ...။ အမြဲတစေ ငြိမ်နေပြီး စကားကလည်း လုံးဝမပြောသလောက်ပဲ။

ရီနယ်လ်ဒိုက ကျွန်တော်တို့ကို ယုံကြည်စိတ်ချစွာနဲ့ သူခေါ်လာတဲ့ အမျိုးသမီးကိုအပ်ပါတယ်။ သူပြောတာက ဒီအမျိုးသမီးကို သူ ကြော်ငြာပြီး ခေါ်လို့ရလာတာ...တဲ့။ သူမရဲ့အကြောင်းကိုတော့ သူ ဘာမှမသိဘူး...တဲ့။ သူမမှာ မိသားစုရှိ မရှိ၊ သူမ အခု ဘယ်သူနဲ့နေသလဲဆိုတာက အစ လုံးဝ ဘာမှ မသိရသေးပါဘူးတဲ့။

သူ ထပ်ပြောတာက သူလိုချင်နေတဲ့ အရည်အချင်းမျိုးကတော့ အမျိုးသမီးမှာ ရှိနေပါတယ်တဲ့။ အဲဒီနေ့ညပိုင်းမှာ ဒီအမျိုးသမီး လူကရီဇီယာ ရှိနေတဲ့အတွက် ကျွန်တော်တို့အားလုံးကြားမှာ အတော်ကြီးကို အနေကျုံ့သွားခဲ့ပါတယ်။ ကျွန်တော်တို့အားလုံး တောင့်တောင့်မတ်မတ်ကြီးတွေ ထိုင်နေကြရပါတယ်။ ဂျက်ကက်အင်္ကျီတွေကိုလည်း မချွတ်ရဲကြပါဘူး။ ခါတိုင်းနေသလို လွတ်လပ်မှုက မရှိဘူး။ အဖျင်းအဖျက်စကားတွေနဲ့ ရိုင်းစိုင်းကြမ်းတမ်းတဲ့ စကားတွေလည်း မပြောဝံ့ကြဘူး။ စားတော့သောက်တော့လည်း အလွန်ယဉ်ကျေးသိမ်မွေ့စွာ စားသောက်နေကြရပါတယ်။ တိုရီးတောင်မှ သူ့အစားကို အရင်ကလို ဖြစ်ကတတ်ဆန်း မစားရဲရှာဘူး။ ဓားနဲ့ ခက်ရင်းကို စနစ်တကျကိုင်ပြီး စားသောက်နိုင်အောင် ကြိုးစားနေရရှာပါတယ်။

နောက်တစ်နေ့ကျတော့ ကျွန်တော်တို့အားလုံး အရက်ဆိုင်ကို အပြေးအလွှား ရောက်သွားကြတယ်။ အလုပ်ခွင်မှာ သူမရဲ့ အခြေအနေ ဘယ်လိုရှိသလဲဆိုတာ သိချင်မြင်ချင်ကြလို့ပါ။ သူမဟာ ခွေးခြေခုံ သေးသေးတစ်လုံးပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ထိုင်နေပါတယ်။ သူမရဲ့တင်နဲ့ရင်ဟာ သူမရဲ့အသက်အရွယ်နဲ့ မလိုက်အောင် ကြီးလည်းကြီး လှလည်းလှကြပါတယ်။

ကျွန်တော်တို့အားလုံး… သူမလုပ်ကိုင်နေပုံကို ပါးစပ်အဟောင်းသားနဲ့ ရပ်ကြည့်နေကြတယ်။ လုပ်ပုံကိုင်ပုံက သွက်လက်လျင်မြန်လှပါတယ်။ စက်ကိုမကြည့်ဘဲ ဖွင့်တာ ပိတ်တာတွေနဲ့ နှိပ်တာတွေဟာ အံ့မခန်းတော်လှပါတယ်။ သူမရဲ့မျက်လုံးတွေဟာ ဘားကောင်တာရှိရာရှေ့တည့်တည့်ကိုပဲကြည့်ပြီး ပါးစပ်က "ကော်ဖီနှစ်ခွက်…အရက်တစ်ခွက်…လိမ္မော်ရည်တစ်လုံး…ဘီယာတစ်ပုလင်း" စသည် စသည်ဖြင့် အော်သွားပါတယ်။

သူမဟာ လုံးဝ ပြုံးခြင်း ရယ်ခြင်းမရှိပါဘူး။ ဖောက်သည်တွေကိုလဲ လုံးဝမကြည့်ပါဘူး။ တချို့ဈေးဝယ်တွေကတော့ သူမရဲ့အနားထိ တိုးသွားပြီး သူမရဲ့အကြည့်ကို ခံရဖို့ မျှော်လင့်ကြဟန်တူပါရဲ့…။ သူမရဲ့ဝတ်စားဆင်ယင်ပုံကလည်း သင့်တင့်လျောက်ပတ်ရုံမျှပါပဲ။ ရွှေငွေကျောက်မျက်ရတနာဆိုလို့ ဘာမှဝတ်မထားဘူး။ သူမရဲ့ နားတွေကို ဖောက်ထားရပေမယ့် နားနှစ်ဖက်စလုံးမှာ နားကပ်မရှိပါဘူး။

သူမ ဘယ်လောက်လှတယ်ဆိုတာလည်း သိရော၊ ကျွန်တော်တို့ဟာ အချင်းချင်း ပြောင်ကြ နောက်ကြ လှောင်ကြ စကြနဲ့ ဆူလာကြပါတယ်။ သူ့ရဲ့ငွေကိုင်စာရေးမအတွက် ဂုဏ်တက်နေတဲ့ ရီနယ်လ်ဒိုကလည်း ကျွန်တော်တို့ကို အဲသလို လုပ်ချင်အောင် အားပေးအားမြှောက်ပြုနေတော့လည်း လုပ်မိကြတာပေါ့…။ ဒါပေမယ်လို့ ကျွန်တော်တို့လူစုက အနည်းအပါး နောက်ပြောင်အပြီးမှာ သူမကပြောတယ်။ "ဒီည စားသောက်ဆိုင်မှာဆုံကြဦးမယ်မဟုတ်လား။ အဲဒီကျတော့မှ ပြောင်ကြ နောက်ကြပါ။ အခုတော့ဖြင့် ကျွန်မ အေးအေးဆေးဆေးနေ ပါရစေ…။ ကျွန်မအလုပ်လုပ်နေတုန်း နှောင့်ယှက်တာမို့ ကျွန်မ မကြိုက်ဘူး ရှင်"တဲ့…။

သူမက တိုရီးကို အဓိကထားပြီး ပြောတဲ့သဘောရှိတယ်။ ကျွန်တော်တို့ထဲမှာ တိုရီးကလဲ အကဲဆုံးနဲ့ အသဲဆုံးဖြစ်နေတယ် မဟုတ်လား။ သူပြောပုံ ဆိုပုံနဲ့ အမူအရာကလည်း နည်းနည်းတော့ ရိုင်းတယ်။ တိုရီးက သူမရဲ့စကားကြားတော့ အလွန်အံ့အားသင့်သွားလေဟန်ဆောင်ပြီး ပြန်ပြောတယ်။ "ကျွန်တော်တောင်းပန်ပါတယ်…ခင်ဗျာ။ ခွင့်လွှတ်ပါ ကျွန်တော်တို့ခမျာက ဆင်းရဲသားလေးတွေပါ။ ကျွန်တော်တို့အားလုံး မင်းသမီးလေးတစ်ပါးနဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောဆို ဆက်ဆံနေရတာကို သတိမထားမိပဲ ဖြစ်သွားလို့ပါ။ မင်းသမီးလေး စိတ်ဆိုးသွားအောင် စဖို့ ကျွန်တော်တို့ မရည်ရွယ်တာအမှန်ပါ”တဲ့။

အဲဒီတော့ သူမကလည်း ပြန်ပြောတယ်။ “ကျွန်မ မင်းသမီးလေးတစ်ပါး မဟုတ်ပါဘူး”တဲ့။ “ကျွန်မဟာ ဆင်းရဲတဲ့မိန်းကလေးတစ်ယောက်ပါ။ ကိုယ့်ဝမ်းစာအတွက် ကိုယ်တတ်ထားတဲ့ပညာနဲ့ အသက်မွေးနေရတာပါ။ ကျွန်မ စိတ်လဲ မဆိုးပါဘူး…”တဲ့။ ကျွန်တော်တို့ဟာ အရှက်ခွဲခံလိုက်ရသလိုဖြစ်ပြီး သူ့အနားက ထွက်လာခဲ့ကြပါတယ်။

ညနေခင်းကျတော့ ကျွန်တော်တို့အားလုံး ထုံးစံအတိုင်းပဲ။ ဆုံနေကျ စားသောက်ဆိုင်မှာ ဆုံမိကြတယ်။ ဆိုင်ကိုနောက်ဆုံးမှ ရောက်လာတဲ့ စုံတွဲကတော့ ရီနယ်လ်ဒိုနဲ့ သူ့ငွေကိုင်စာရေးမလေး လူကရီဇီယာပါ။ ကျွန်တော်တို့ဟာ ချက်ချင်းပဲ ညစာကို မှာလိုက်ကြတယ်။ အစားအစာတွေကို စောင့်နေကြတဲ့အချိန်ကာလအတွင်းမှာ ကျွန်တော်တို့ဟာ စိတ်ကျဉ်းကျပ်မှုဒဏ်ကို ခံနေကြရပြန်ပါတယ်။

မကြာခင်မှာပဲ ဆိုင်ရှင်ကိုယ်တိုင် ကြက်ကြော်ပန်းကန်ကြီး လာချပေးပါတယ်။ ခပ်ပါးပါးကလေးတွေ လှီးထားရုံမကဘူး၊ ခရမ်းချဉ်သီး ချဉ်ရည်ကိုပါ ထည့်ပေးထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့လူစု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိကြတယ်။ ကျွန်တော်တို့ ဘယ်လိုခံစားနေတယ်ဆိုတာကို နားလည်နေတဲ့ တိုရီးက “ကျွန်တော် ဘာပြောမယ်ဆိုတာ ခင်ဗျားတို့ သိကြလား။ ကျွန်တော်ကတော့ အစာစားရင် လွတ်လွတ်လပ်လပ်ပဲ စားချင်တယ်ဗျာ။ ခင်ဗျားတို့လည်း ကျွန်တော့်လို လွတ်လွတ်လပ်လပ်ပဲ စားကြစေချင်တယ်…ဗျာ”လို့ ပြောတယ်။

စကားလည်းဆုံးရော ကြက်ပေါင်တစ်ပေါင်ကို လက်နဲ့လှမ်းယူတယ်။ သူ့ပါးစပ်ဆီပို့ပြီး ကိုက်ဟယ်ဝါးဟယ် လုပ်နေတယ်။ ဒါဟာ ကျွန်တော်တို့အတွက် အချက်ပေးတာတစ်ခုပဲလို့ ယူဆလိုက်ကြတဲ့ ကျွန်တော်တို့ကလည်း ကြက်သားဖတ်တွေကို လက်တွေနဲ့ယူပြီး စားကြတယ်။ ရီနယ်လ်ဒိုနဲ့ လူကရီဇီယာတို့ကတော့ မစားကြဘူးဆိုပါတော့။

ပထမတော့ ကျွန်တော်တို့အားလုံး တွန့်ဆုတ်ဆုတ်ဖြစ်နေကြတယ်။ နောက်တော့ ဟိုတုန်းက ပုံစံအတိုင်း “စားရင်းစကားပြော၊ စကားပြောရင်းစား” လုပ်လိုက်ကြတာ ပွတ်လောကိုရိုက်နေတာပဲ။ ဝိုင်သောက်တာကလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်ခွက်ပြီး တစ်ဖန်ခွက် အဆက်မပြတ်ဘဲ။ ကျွန်တော်တို့ပါးစပ်တွေက ပေါက်တတ်ကရတွေလည်း ထွက်တယ်။ ဟာသပုံပြင်တွေလဲ အများကြီးပြော ဖြစ်လာကြတယ်။

နောက်ပိုင်း ကျွန်တော်တို့ ပြုမူလာကြတာတွေဟာ ခါတိုင်းထက်တောင်မှ ဆိုးတယ်။ အစားကို ဘယ်လောက်အထိ များများစားကြတယ်ဆိုတာ ကျွန်တော် မမှတ်မိတော့ပေမယ့်၊ ပျော်တာကတော့ ခါတိုင်းထက် ပိုတာအမှန်ပဲ။ ကျွန်တော်တို့ ညစာစားအပြီးမှာ တိုရီးက သူ့ခါးပတ်ကိုဖြုတ်ပြီး ဘောင်းဘီကို တင်းကျပ်မနေအောင် လျှော့လိုက်တယ်။ လေလည်း တစ်ချက်တက်လိုက်သေးတယ်။

တိုရီးဟာ သူလုပ်နေကျထုံးစံအတိုင်းပဲ။ သွားကြားထိုးတံတစ်ချောင်းယူပြီးသွားကြားထိုးနေတယ်။ ပြီးတော့ မယဉ်ကျေး၊ မဖွယ်ရာတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြနေတယ်။ ဒါကျတော့ သည်းခံနိုင်ပုံမပေါ်တော့တဲ့ လူကရီဇီယာဟာ ထိုင်နေရာက ထရပ်လိုက်ပြီး "ကျွန်မ သိပ်ပင်ပန်းနေပြီ... ရီနယ်လ်ဒို။ တာဝန်မပေးရင် ကျွန်မကို အိမ်ပြန်ပို့ပေးပါလား"လို့ ပြောတယ်။

ကျွန်တော်တို့အားလုံး အကြည့်ချင်းဖလှယ်လိုက်ကြတယ်။ အဓိပ္ပာယ်ပါတဲ့အကြည့်တွေပါ။ ဒီအမျိုးသမီးအနေနဲ့ ရီနယ်လ်ဒိုရဲ့ ဆိုင်ထိုင်ငွေကိုင်စာရေးမဖြစ်လာတာ ဘာကြာသေးလို့လဲ။ နှစ်ရက်တောင်မရှိသေးဘူး။ နာမည်ခေါ်တာ တရင်းတနှီးဖြစ်နေပြီ။ သတင်းစာထဲ ကြော်ငြာပြီးရခဲ့တဲ့လူမို့သာပေါ့။ တခြားနည်းနဲ့သာဆိုရင် တကယ့်မလွယ်ကြောပဲ။

သူတို့နှစ်ယောက်လည်း ထွက်သွားရော။ တိုရီးဟာ လေတစ်ချက်တက်လိုက်ပြီး ပြောတယ်။ "ပြောဖို့တော့သင့်ပြီလို့ ထင်တာပဲဗျာ"တဲ့။ "ကျွန်တော့်အဖို့တော့ လိုတာထက်တောင် ပိုသွားပြီ။ ဟိုအမျိုးသမီးနဲ့ ရီနယ်လ်ဒိုတို့ လုပ်သွားပုံကို မြင်ကြလား...။ လိုက်သွားလိုက်တာ ကောက်ကောက်ကိုပါလို့...။ သိုးငယ်လေးတစ်ကောင်ကျနေတာပဲ...ဟဲ...ဟဲ...ဟဲ။ သူပြောတဲ့သတင်းစာထဲ ကြော်ငြာတယ်ဆိုတာက သူတို့ရဲ့လက်ထပ်ထိမ်းမြားခြင်း ကြော်ငြာဖြစ်ချင်ဖြစ်မှာပေါ့"တဲ့။

နောက်နှစ်ရက် သုံးရက်အတွင်းမှာလည်း အဲဒီပုံစံအတိုင်းပဲ။ ကျွန်တော်တို့ ကျန်တဲ့လူစုက သူမကို ညစာစားပွဲမှာရှိနေတယ်လို့ သဘောမထားကြဘူး...။ ရီနယ်လ်ဒိုကလည်း လူကရီဇီယာနဲ့ ကျွန်တော်တို့ကြားမှာ တစ်ပိုင်းစီခွ

www.burmeseclassic.com

www.burmeseclassic.com



ထားပုံရတယ်။ ဒါပေမယ့် သူဟာ ဘယ်ဘက်အပိုင်းကို လိုက်ရမှန်းမသိဘူး။

ကျွန်တော်တို့အနေနဲ့ ဒီအမျိုးသမီး တစ်ခုခုကြံနေတယ်လို့ စိတ်ထဲက သိနေတယ်။ အမျိုးသမီးကတော့ ဘယ်လိုအရိပ်လက္ခဏာကိုမှ မပြဘူး။ တစ်ခုတော့ရှိတယ်။ သူမအနေနဲ့ ရီနယ်လ်ဒိုကို သူမနဲ့ကျွန်တော်တို့ကြား ဘယ်ဘက်ကိုရွေးမလဲဆိုတာ ဆုံးဖြတ်စေချင်တဲ့သဘောတော့ရှိနေတယ်။

နောက်ဆုံးတစ်ညမှာတော့ တိကျတဲ့အကြောင်း မပြဘဲနဲ့ ရီနယ်လ်ဒိုက ကျွန်တော်တို့ကို တိုက်ခိုက်လာတယ်။ "ခင်ဗျားတို့နဲ့ ကျွန်တော် ညစာလာစားတာဟာ ဒီညနောက်ဆုံးပဲ"လို့ ပြောတယ်။ ကျွန်တော်တို့အားလုံး အံ့အားသင့်နေကြတယ်။ သူပြောတာက ညစာစားလို့ တစ်ဝက်လောက်အရောက်မှာ ပြောတာပါ။ ရာသီဥတုက ပူပြင်းလွန်းလို့ စိတ်တွေ ကယောင်ချောက်ချားဖြစ်ပြီး ပြောတာဖြစ်ကောင်းဖြစ်မယ် ထင်ပါရဲ့။

အဲဒီတော့ တိုရီးက "ခင်ဗျားတကယ်ပြောတာလား။ ဘာ့ကြောင့်လဲ…ဗျာ"လို့ ပြန်မေးတယ်။ "ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော် ခင်ဗျားတို့ကို သဘောမကျလို့ပဲ"တဲ့။ အဲဒါ သူ့အဖြေ…။ "ကျွန်တော်တို့ကို သဘောမကျလို့…ဟုတ်လား။ အင်း… ဒီစကားကြားရတဲ့အတွက် ကျွန်တော်တို့အားလုံး စိတ်မကောင်းဖြစ်ကြရတာ အမှန်ပဲ…ဗျာ"လို့ တိုရီးကပြန်ပြောတယ်။ အဲဒါနဲ့ပဲ သူတို့နှစ်ယောက်ကြားမှာ စကားတွေ အချီအချဖြစ်လာတယ်။

"ခင်ဗျားတို့လူစုဟာ လူတွေမဟုတ်ဘူး…။ ဝက်တွေပဲ။ ကျုပ်ကတော့ အဲသလိုပဲ ထင်တယ်"

"ခင်ဗျားစကားပြောတာ သတိထားပြောစေချင်တယ်…ဗျာ။ ခင်ဗျားဘာဖြစ်တာလဲ…။ ရူးနေသလား"

"ခင်ဗျားတို့အားလုံး ဝက်တွေနဲ့ဘာမှ မထူးဘူး။ အတူတူပဲ။ ကျုပ်ထပ်ပြောတယ်။ ခင်ဗျားတို့နဲ့ ညစာစားရတာ အတော်စိတ်ကုန်တယ်"

ဒီအချိန်မှာ ကျွန်တော်တို့အားလုံး ဒေါသကြောင့် မျက်နှာတွေ နီရဲနေကြပြီ။ တချို့က ထိုင်နေရာက ခုန်ထလာကြတယ်။

"ဝက်က ခင်ဗျားပါ"လို့ တိုရီးကပြောတယ်။ "အားလုံးထဲမှာ အကြီးဆုံးဝက်ဟာ ခင်ဗျားပဲ။ ကျုပ်တို့ကို အခုလို သတ်မှတ်နိုင်တဲ့ အခွင့်အရေးကို ဘယ်သူကပေးလိုက်သလဲ…။ ကျုပ်တို့အားလုံး အမြဲတမ်း အတူတူနေခဲ့ကြတယ်မဟုတ်လား။ လုပ်တတ်ကိုင်တတ်တာတွေလည်း တစ်စုတည်း တစ်ဝေးတည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ညီတည်းပဲမဟုတ်လား”

“မင့်ပါးစပ်ပိတ်ထား ကွာ” ရီနယ်လ်ဒိုကပြောတယ်။ “မင့်တစ်ကိုယ်လုံး ရွှေငွေကျောက်မျက်ရတနာတွေ ဝတ်ထားလိုက်တာ မိန်းမတစ်ယောက်အတိုင်းပဲ။ မင့်အနေနဲ့ တစ်ကိုယ်လုံး ရေမွှေးဆွတ်ထားဖို့ပဲ လိုတော့တယ်သိလား”

ဒီတိုက်ကွက်ကတော့ ကျွန်တော်တို့အားလုံးကို ရည်ရွယ်တာပဲ။ ဒီစကား ဘယ်ကလာတယ်ဆိုတာလည်း အားလုံးက သိနေကြတယ်။ ကျွန်တော်တို့အားလုံး လူကရီဇီယာကို ကြည့်နေမိကြတယ်။ ဒါပေမယ့် သူမကတော့ ကြောင်သူတော် ကြွက်သူခိုးပုံစံမျိုး လုပ်ထားတယ်။ ရီနယ်လ်ဒိုရဲ့ လက်မောင်းကို ဆွဲထားပြီး ဘာမှထပ်မပြောပါနဲ့လို့ တားတယ်။ အိမ်ပြန်ကြဖို့လဲ ခေါ်နေတယ်။

အဲဒီတော့ တိုရီးက “မင့်ကိုယ်ပေါ်မှာရော ရွှေငွေကျောက်မျက်ရတနာတွေမရှိဘူးလား။ ရှိတာပဲမဟုတ်လား...ကွာ။ မင့်မှာ ရွှေလက်ပတ်နာရီ၊ ရွှေလက်စွပ်နဲ့ ဟန်းချိန်းကြီးတွေ ဝတ်ထားလိုက်တာ ကျန်တဲ့လူတွေနဲ့ ဘာများထူးလို့လဲ။ အတူတူနဲ့ အနူနူပါပဲ”လို့ ပြန်ပြောတယ်။

“ဒီမယ်...ဟေ့။ အခု ငါဘာလုပ်မယ်ထင်သလဲ”လို့ ရီနယ်လ်ဒိုက ပြန်မေးတယ်။ “ငါ ဒီပစ္စည်းအားလုံးကိုချွတ်ပြီး လူကရီဇီယာကို ပေးပစ်တော့မှာ။ ကဲ... လူကရီဇီယာ...။ ဒီပစ္စည်းတွေကို မင်းယူလိုက်တော့။ ငါ မင့်ကို အပိုင်ပေးတယ်... ရော့”

ပြောနေရင်းနဲ့ပဲ ရီနယ်လ်ဒိုဟာ သူ့လက်စွပ်၊ သူ့ဟန်းချိန်း၊ သူ့လက်ပတ်နာရီတွေကို ချွတ်တယ်။ သူ့အိပ်ကပ်ထဲက ရွှေစီးကရက်ဘူးကို ထုတ်တယ်။ ပြီးတော့ ပစ္စည်းအားလုံးကို လူကရီဇီယာရဲ့ ရင်ခွင်ထဲ ပစ်ချပေးတယ်။ “ကဲ...မင်းတို့ထဲက ဘယ်ကောင် အခုလိုပေးရဲသလဲ။ မင်းတို့ငါ့လိုမလုပ်ရဲကြပါဘူး”လို့ ရီနယ်လ်ဒိုကပြောတယ်။

“မင်း ငရဲပြည်သွားနေလိုက်ပေါ့ကွာ”လို့ တိုရီးကပြောတယ်။ သူ့ကြည့်ရတာ လက်စွပ်တွေအများကြီး ဝတ်ထားမိတဲ့အတွက် ရှက်နေသလိုပဲ။

“ရီနယ်လ်ဒို”လို့ လူကရီဇီယာက ခေါ်တယ်။ “ရှင့်ပစ္စည်းတွေကို ပြန်ယူပါ။ ကျွန်မတို့ ပြန်ကြရအောင်” သူမက ပစ္စည်းအားလုံးကိုစုပြီး ရီနယ်လ်ဒိုရဲ့ အိပ်ကပ်ထဲထည့်ပေးတယ်။

ရီနယ်လ်ဒိုကတော့ လူကရီဇီယာက သူ့ကို အတင်းဆွဲခေါ်သွားနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြားကပဲ။ ကျွန်တော်တို့ကို ဆဲနေတယ်။ "မင်းတို့အားလုံး ဝက်တွေပဲ။ မင်းတို့အားလုံး အစားကို ဘယ်လိုစားရမှန်းမသိတဲ့ကောင်တွေ။ ဘယ်လိုနေထိုင်ရမယ်ဆိုတာလည်း လုံးဝနားမလည်တဲ့ကောင်တွေ...။ ဝက်တွေ... အားလုံးဝက်တွေ"

"ဟေ့ကောင် သောက်ရူး"လို့ တိုရီးကပြန်အော်တယ်။ "မင်းအရူးမို့ မင်းဘေးက အရူးမက အခုလို တွဲခေါ်နေတာပေါ့...ကွ"

ရီနယ်လ်ဒိုဖြစ်သွားပုံကို ခင်ဗျားတို့မြင်ရင် အံ့ဩကြမှာပဲ။ သူဟာ စားပွဲပေါ်ခုန်တက်လိုက်ပြီး တိုရီးရဲ့ ရှပ်အင်္ကျီကော်လာကို ဆွဲဆုပ်ထားတယ်။ ကျွန်တော်တို့က သူတို့နှစ်ယောက်ကို အတင်းဝင်ဖျဉ်ကြရတယ်။

အဲဒီညခင်းက ရီနယ်လ်ဒိုနဲ့ လူကရီဇီယာတို့ ထွက်သွားကြပြီးတဲ့နောက်မှာ ကျွန်တော်တို့ဟာ စကားတစ်လုံးမှ မပြောဖြစ်ကြတော့ဘူး။ နောက်မိနစ်အနည်းငယ်ကြာတော့ ကျွန်တော်တို့အားလုံး လူစုခွဲလိုက်ကြတယ်။

နောက်တစ်နေ့ညနေခင်းမှာ ထုံးစံအတိုင်း ကျွန်တော်တို့ဆုံကြသေးတယ်။ ဒါပေမယ့် အရင်က သာယာပျော်ရွှင်မှုမျိုးကို မရကြတော့ဘူး။ ကျွန်တော်တို့ အချင်းချင်း သတိထားမိကြတာက အားလုံးရဲ့လက်မှာ လက်စွပ်တွေမရှိကြတော့ဘူး။ နာရီတချို့လည်း ပတ်မလာကြတော့ဘူး။

နောက်နှစ်ညအလွန်မှာတော့ ကျွန်တော်တို့အားလုံးရဲ့ ကိုယ်ပေါ်မှာ ရွှေငွေကျောက်မျက်ရတနာဆိုလို့ ဘာတစ်ခုမှ မကျန်တော့ဘူး။ အားလုံးရဲ့စိတ်ဟာလည်း လေးလံထိုင်းမှိုင်းနေကြတယ်။ ဒီလိုနဲ့ပဲ သီတင်းတစ်ပတ်ကုန်သွားခဲ့တယ်။ အဲဒီနောက်တော့ တစ်ယောက်တစ်မျိုး အကြောင်းတွေပြပြပြီး လူချင်းမဆုံကြတော့ဘူး။

အားလုံး ကိစ္စပြီးသွားပြီပေါ့...လေ...။ သိကြတဲ့အတိုင်းပါပဲ။ ကိစ္စအားလုံးပြီးသွားရင် နောက်တစ်ကြိမ် ထပ်စဖို့ဆိုတာ မလွယ်ပါဘူး။ ပြန်နွေးထားတဲ့ ဟင်းချိုရည်ကို ကြိုက်တဲ့လူဆိုတာ မရှိပါဘူး။

နောက်ပိုင်းမှာ ရီနယ်လ်ဒိုဟာ လူကရီဇီယာကို လက်ထပ်လိုက်တယ်လို့ ကျွန်တော်ကြားရပါတယ်။ သတင်းအရဆိုရင် လက်ထပ်တဲ့နေ့က ဘုရားရှိခိုးကျောင်းကိုလာတော့ လူကရီဇီယာဟာ ရွှေငွေကျောက်မျက်ရတနာတွေကို ဝတ်ထားလိုက်တာ ညွတ်နေတာပဲ...တဲ့။ မက်ဒိုးနားရုပ်တုမှာ ဆင်ယင်ထားတဲ့ ရွှေငွေပစ္စည်းတွေထက်တောင် များသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တိုရီးကျတော့ကော…၊ ဘယ်လိုအခြေအနေရှိပါလိမ့်…။ ကျွန်တော်မကြာသေးခင်ကပဲ သူ့မော်တော်ကားဝပ်ရှော့မှာ တွေ့ခဲ့သေးတယ်။ သူ့ လက်သူကြွယ်မှာ လက်စွပ်တစ်ကွင်းတော့ ဝတ်ထားတယ်။ ဒါပေမယ့် ရွှေလက်စွပ်မဟုတ်ဘူး။ စိန်လည်းမပါဘူး။ မော်တော်ကားစက်ပြင်ဆရာတွေ ဝတ်လေ့ဝတ်ထရှိတဲ့ ငွေလက်စွပ်တစ်ကွင်းပါ။

*

www.burmeseclassic.com

www.burmeseclassic.com

# လူ့လောကပျက်စီးခြင်း

ဖေဖော်ဝါရီလ၊ လလယ်လောက်မှာ တစ်ဆောင်းတွင်းလုံး ကျုပ်ကို ဒုက္ခပေးခဲ့တဲ့ မြောက်လေဟာ တန့်သွားပါတယ်။ ကောင်းကင်မှာ တိမ်တွေနဲ့ ပြည့်လာပါပြီ။ စွတ်စိုထိုင်းမှိုင်းတဲ့ လေပြည်လေညင်းလဲ တိုက်စပြုနေပါပြီ။ အဲဒီလေဟာ ပင်လယ်ဘက်ကလာတယ်လို့ ယူဆရပါတယ်။ သာယာနူးညံ့တဲ့ ဒီလေတိုက်ခတ်စပြုလာတဲ့အခါမှာ ကျုပ်ဘဝဟာ အသစ်တဖန် ပြန်ဝင်လာသလို ခံစားရပါတယ်။ ကျုပ်နားထဲမှာ တီးတိုးလာပြောတဲ့အသံကို ကြားနေရပါတယ်။ "ပျော်ပျော်နေစမ်းပါ... ကွာ၊ ဘဝဆိုတာရှိနေသမျှ မျှော်လင့်ချက်ဆိုတာ ရှိနေမှာပါ"တဲ့။

ဆောင်းရာသီ ကုန်ဆုံးပြီး နွေဦးပေါက်ရာသီအစပြုနေပြီလို့ ကျုပ် ရင်ထဲက သိရှိခံစားနေရပြီဖြစ်တာကြောင့် ကျုပ်အနေနဲ့ ကျုပ်ဦးလေးရဲ့ အလုပ်ရုံကိုသွားပြီး အလုပ် လုပ်ချင်စိတ်ဟာ မရှိတော့သလောက် ဖြစ်သွားပါတယ်။ ကျုပ်ဟာ လွန်ခဲ့တဲ့တစ်နှစ်က ဒီအလုပ်ရုံကို ရောက်ခဲ့တာပါ။ ကျုပ်အဖြစ်က ဥမင်လိုဏ်ခေါင်းထဲဝင်သွားတဲ့ မီးရထားတစ်စီးနဲ့တူနေပါတယ်။ အခုအချိန်ထိတော့ဖြင့် ကျုပ်ဟာ ဥမင်လိုဏ်ခေါင်းထဲက ထွက်မလာရသေးလေတော့ အပြင်မှာရှိနေတဲ့နေ့ရဲ့ အလင်းရောင်ကိုတောင်မှ မမြင်ရသေးပါဘူး။

အလုပ်က မနှစ်မြို့စရာကောင်းလို့လည်း မဟုတ်ပါဘူး။ မကျေနပ်စရာတွေရှိနေလို့လည်း မဟုတ်ပါဘူး။ ကျုပ် အခုလုပ်နေတဲ့အလုပ်ထက် ဆိုးဝါးတဲ့ အလုပ်တွေအများကြီးပါ။ ကျုပ်ဦးလေးရဲ့ အလုပ်ရုံမှာ အလွန်ကြီးမားကျယ်ဝန်းတဲ့ သစ်သားအဆောက်အအုံကြီးတစ်လုံးရှိပါတယ်။ အဲဒီတဲကြီးက အုတ်စက်အတွက် ကုန်လှောင်ရုံအဖြစ် အသုံးပြုထားတဲ့ အဆောက်အအုံကြီးရဲ့ တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



အစွန်းမှာ ရှိနေပါတယ်။

အဲဒီသစ်သားတဲကြီးထဲမှာ ရှိနေတဲ့ လေထဲမှာ အဖြူရောင် ဂျုံမှုန့်နဲ့တူတဲ့ လွှစာမှုန့်တွေနဲ့ ပြည့်နေပါတယ်။ အဲဒီလွှစာမှုန့်တွေကြားကနေပြီး လွှဆွဲသံတွေနဲ့ လျှပ်စစ်တွင်ခုံတွေရဲ့ လည်ပတ်နေတဲ့ အသံတွေကိုကြားနေရပါတယ်။ ကျုပ်တို့အလုပ်သမားတွေနဲ့ ကျုပ်ဦးလေးဟာ ဂျုံကြိတ်စက်ရုံ အလုပ်သမားတွေနဲ့ တူနေပါတယ်။ ကျုပ်တို့ဟာ အလုပ်ရုံထဲမှာ မိုးလင်းက မိုးချုပ်အထိ အိမ်ထောင်ပရိဘောဂပစ္စည်းတွေလုပ်ရင်း အချိန်ကုန်ကြရပါတယ်။

ကျုပ်ဦးလေးဟာ သနားစရာကောင်းပါတယ်။ ကျုပ်ကို သားတစ်ယောက်လို ချစ်တာပါ။ အလုပ်သမားတွေကလည်း အားလုံးလိုလို လူကောင်းတွေပါ။ ကျုပ် စောစောကပြောထားခဲ့တဲ့အတိုင်းပဲ အလုပ်က မနှစ်မြို့စရာတော့ မရှိပါဘူး။ ပထမဦးဆုံး သစ်လုံးတစ်လုံးနဲ့ တွေ့ရပါလိမ့်မယ်။ သစ်လုံးက ဝက်သစ်ချပင် သို့မဟုတ် သကြားပင် သို့မဟုတ် သစ်အယ်ပင်... တစ်ပင်ဖြစ်ဖို့ရှိပါတယ်။

သစ်လုံးက ရှည်ချင်ရှည်မယ်။ လိမ်ချင်လိမ်မယ်။ ကောက်ချင် ကောက်မယ်။ အခုအချိန်ထိ သစ်ခေါက်အခွံအောက်မှာပဲ ဖြစ်ချင်ဖြစ်မယ်။ အထဲမှာ သစ်ပင်ဘဝတုန်းက အခြေစိုက် ခဲ့ကြတဲ့ ပုရွက်ဆိတ်တွေဟာ အခုထက်ထိ ရှိချင်ရှိနေလိမ့်ဦးမယ်။ အဲဒီနောက် မှာတော့ လွှနဲ့သစ်လုံး ဆက်သွယ်မိကြမယ်။ ဒီအခါမှာ အလွန်သန့်ပြီး ဖြူ ဖွေးနေတဲ့ ပျဉ်တွေကိုရမယ်။ အဲဒီနောက်ကျတော့ ကိရိယာတန်ဆာပလာမျိုးစုံ နဲ့ စားပွဲခြေထောက်တွေ၊ ဗီရိုတွေ စတဲ့အိမ်ထောင်ပရိဘောဂပစ္စည်းတွေလုပ် မယ်။ ပြီးရင် ဆေးသုတ်မယ်။ ပေါလစ်သုတ်မယ်။

သူ့အလုပ်ထဲမှာ စိတ်ဝင်စားတဲ့လူ ဘယ်သူမဆို အခုလို သစ်လုံးကနေပြီး အိမ်ထောင်ပရိဘောဂပစ္စည်းတစ်ခုဖြစ်သွားတာကို တွေ့ရမြင်ရခြင်းဟာ မက်မောတွယ်တာစရာတစ်ခု ဖြစ်လာပါတယ်။ ဒီအလုပ်ဟာ အမြဲတစေ စိတ်ဝင်စားစရာကောင်းပါတယ်။ အနည်းဆုံး ဒီအလုပ်ဟာ ငြီးငွေ့စရာတော့မဖြစ်ပါဘူး။ ဒါပေမယ့် ကျုပ်ဟာ တခြားသူတွေနဲ့ ကွဲပြားခြားနားပါတယ်။ ဖွဲ့စည်းတည်ဆောက်ထားပုံကိုက မတူပါဘူး။

အဲဒါကြောင့်မို့လည်း အလုပ်လည်းရောက်ပြီးလို့ လအနည်းငယ်လည်းကြာရော အလုပ်ကို မကြိုက်တော့ဘူး။ ဒီလိုဖြစ်ရတာကလည်း ကျွန်တော်ဟာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားကောင်းတစ်ယောက်မဟုတ်တဲ့အတွက်ကြောင့် မဟုတ်ပါဘူး။ ဒါပေမယ့် အလုပ်ကို ခဏလောက်လုပ်ပြီးတိုင်း ခဏရပ်ပြီး ပတ်ဝန်းကျင်ကိုကြည့်မိပါတယ်။ ကြည့်တာကလည်း ကျုပ်ဘာကောင်လဲ။ ကျုပ် ဘယ်မှာရောက်နေလဲ။ကျုပ်ဘယ်အဆင့်ထိရောက် ပြီလဲဆိုတာ ဆန်းစစ်ကြည့်ချင်လို့ပါ။

ကျုပ်ဦးလေးကတော့ ကျုပ်နဲ့ ဆန့်ကျင်ဘက်ပဲ။ သူက အမြဲတမ်းအလုပ်လုပ်နေတဲ့လူပါ။ ပြင်းပြင်းထန်ထန် လုပ်တတ်ပါတယ်။ ကုလားထိုင်ကနေ ပစ္စည်းတင်စင်၊ ပစ္စည်းတင်စင်ကနေ စားပွဲ၊ စားပွဲကနေ ကုလားထိုင် စသည်ဖြင့် တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်သွားလေ့ရှိပါတယ်။

အခုဆို သူဟာ အသက်ငါးဆယ်တွင်းရောက်နေပါပြီ။ အလုပ်နဲ့ပတ်သက်လို့ကတော့ သူ့မူလအကျင့်အတိုင်း သေသည်အထိ ဒီအတိုင်းပဲလုပ်သွားမှာပါ။ တစ်ခုတော့ရှိပါတယ်။ တနင်္ဂနွေနေ့တွေမှာဆိုရင် သူဟာ အကောင်းဆုံးဝတ်စုံဝတ်ပြီး သူ့ဇနီးသားသမီးတွေနဲ့အတူတူ ဗီယာ အာနူလာလမ်းမကြီး ဘေးပလက်ဖောင်းအတိုင်း လမ်းလျှောက်ထွက်လေ့ရှိပါတယ်။ ဒါပေမယ့် သူ့မျက်လုံးတွေက မပွင့်တပွင့်နဲ့ အိပ်ချင်မူးတူးဖြစ်နေသလိုပဲ။ ပါးစပ်ကလည်း ရွဲ့တဲ့တဲ့။ မျက်လုံးတွေနဲ့ ပါးစပ်ကြားမှာ အရေးအကြောင်းကြီးတွေက ပေါ်နေတယ်။

သူ့ကြည့်ရတာ စွန့်ပစ်ခံထားရတဲ့ပစ္စည်းဟောင်းကြီးတစ်ခုအတိုင်းပဲ...။ ကျိုးပဲ့ပျက်စီးသွားလို့ လုံးဝသုံးမရတော့တဲ့ ကိရိယာဟောင်းကြီးတစ်ခုနဲ့လည်း အတော်တူတာပဲ...။ ကျုပ်စဉ်းစားလို့ရသလောက်ဆိုရင်တော့ သူအခုလိုဖြစ်သွားရတာဟာ နေ့တကုပ်ကုပ် ညတကုပ်ကုပ်နဲ့ အလုပ်ကိုချည်း ဖိလုပ်နေလို့ဖြစ်သွားရတာလို့ထင်ပါတယ်။ သူဟာ နေ့စဉ်နဲ့အမျှ လွှတစ်ချောင်းနဲ့ အလုပ်လုပ်နေတာဆိုတော့ လွှစာမှုန့်တွေက မျက်စိထဲ အမြဲ ဝင်နေတာမဟုတ်လား။ အလုပ်ဆိုတာ လုပ်ရမှာပဲပေါ့။ ဒါပေမယ့် တစ်ခါတလေ နားသင့်တဲ့အချိန်မှာ ခဏတစ်ဖြုတ် နားဦးမှပေါ့။ ဒါမှလည်း အသက်ရှင်နေရခြင်းရဲ့တန်ဖိုးကို သိမှာပေါ့...။ ဘဝရဲ့အရသာကိုလည်း ခံစားရပေမပေါ့။

ထရပ်စတီကား စခန်းကထွက်တဲ့ ဘတ်စ်ကားဟာ တောပိုင်းဒေသနဲ့ အသွားအပြန် ပြေးဆွဲနေတာပါ။ လယ်သမား ယာသမားတွေ၊ အလုပ်သမားတွေနဲ့ လက်လုပ်လက်စား ဆင်းရဲသားလူတန်းစားတွေဟာ ဒီဘတ်စ်ကားစီးကြပါတယ်။ သူတို့ ကားပေါ်တက်လာပြီဆိုရင် သူတို့ ဘွတ်ဖိနပ်တွေမှာကပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပါလာတဲ့ ရွှံ့တွေဟာ ဘတ်စ်ကားပေါ်မှာ ကပ်ကျန်ရစ်ခဲ့ကြတယ်။ သူတို့ရဲ့ အလုပ်သမားဝတ်စုံတွေဆီက ထွက်လာနေတဲ့ ချွေးနံ့တွေကလည်း ထောင်းထောင်းကို ထနေတာပဲ။ တချို့လူတွေကျရင် သန်းတွေတောင်ပါလာတတ်ပါတယ်။

အဲဒါကြောင့် တစ်ခါတစ်ရံ တာဝန်ရှိသူတွေက ဘတ်စ်ကားမထွက်ခင် ရောဂါမကူးစက်အောင် ပိုးသတ်ဆေးတွေဖျန်းထားတတ်ပါတယ်။ ကားရဲ့ကြမ်းပေါ်မှာတင်မကပါဘူး။ ထိုင်ခုံတွေပေါ်မှာပါ ဖျန်းတာပါ။ အဲဒီဆေးနံ့ဟာ ကြက်သွန်နီအနံ့လိုပဲ စူးရှပြင်းထန်လွန်းတော့ လည်ချောင်းတွေ အနေရခက်တတ်ပါတယ်။ ပြီးတော့ မျက်ရည်တွေလည်းကျတတ်ပါတယ်။

ဖေဖော်ဝါရီလရဲ့ တစ်မနက်ခင်းမှာ ကျုပ်ဟာ ဘတ်စ်ကားပေါ်မှာ ထိုင်ပြီး ကားအထွက်ကို စောင့်နေပါတယ်။ ကားပေါ်မှာ ဆေးဖျန်းထားတဲ့အတွက် ကျုပ်မျက်လုံးက မျက်ရည်ပူတွေကျနေပါတယ်။ ပင်လယ်ဘက်ကလာတဲ့လေဟာ ကားပြတင်းပေါက်က ဝင်လာနေပါတယ်။ ကိုယ့်သဘောနဲ့ကိုယ် ကိုယ့်ဘဝကို တည်ဆောက်ချင်တဲ့စိတ်ဟာ ပြင်းပြနေပါတယ်။ ခဏတစ်ဖြုတ်တော့ဖြင့် ကိုယ့်ဘဝကိုယ့်အကြောင်းကို တစေ့တစောင်း ပြန်ကြည့်နေမိပါတယ်...။

ဒီလိုနဲ့ပဲ ကျုပ်တို့အလုပ်ရုံမှတ်တိုင်မှာ ဘတ်စ်ကားရပ်လိုက်လို့ ကျုပ်ကားပေါ်က ဆင်းလာတော့ ညာဘက်ကို သွားမယ့်အစား ဘယ်ဘက်ကို လျှောက်လာခဲ့တယ်။ ကျုပ် လျှောက်နေတာက လမ်းမကြီးနဲ့ တိုင်ဘာမြစ်ကြားမှာ ရှိနေတဲ့ မြက်ခင်းပြင်ဆီ ဦးတည်ပြီး လျှောက်နေတာပါ။ ကျုပ်ဟာ ဖြူယော်ယော်ဖြစ်နေတဲ့ မြက်ပင်တွေပေါ် ကျော်ဖြတ်ပြီး လျှောက်လာခဲ့ပါတယ်။

ကျုပ်မျက်နှာမူပြီး လျှောက်လာနေတဲ့ဘက် မိုးကောင်းကင်မှာ တိမ်ဖြူဖြူတွေနဲ့ ပြည့်နေပါတယ်။ တိုင်ဘာမြစ်ပြင်ကိုတော့ ကျုပ်မမြင်ရပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီတစ်ဝိုက်မှာ မြစ်ဟာ အောက်ဘက်ကို သိပ်နိမ့်သွားလို့ပါ။ ဟိုး...အဝေးမြစ်တစ်ဖက်မှာတော့ စွန့်ပစ်ထားတဲ့ အလုပ်ရုံတွေဟာ အများကြီးပဲ။

ကျုပ်ကျောပေးထားတဲ့နောက်ဘက်မှာကတော့ ရောမမြို့ရဲ့ စက်မှုရပ်ကွက်ပါ။ မြင့်မားလှတဲ့ ခေါင်းတိုင်ကြီးတွေဆီက မည်းနက်နက် မီးခိုးလုံးတွေဟာ တလိပ်လိပ်ထွက်နေပါတယ်။ အလုပ်ရုံတွေထဲက အလုပ်တဲကြီးတွေရဲ့ အင်မတန်ကြီးမားတဲ့ ပြတင်းပေါက်ကြီးတွေကိုလည်း မြင်နေရတယ်။ ကျုပ်ဟာ မြစ်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့ပြီး၊ မြစ်ကမ်းပါးအဆင်း သိပ်ပြီးမမတ်မစောက်တဲ့ နေရာတစ်နေရာကို ရှာပါတယ်။ တွေ့လည်းတွေ့ရော ချုံပုတ်တွေကြားမှာ ထိုင်ပြီး အဝေးက ရှုခင်းတွေကို မျှော်ကြည့်နေမိပါတယ်။

အောက်ဘက်ခြေတစ်လှမ်းအကွေ့မှာ တိုင်ဘာမြစ်ဟာ စီးဆင်းနေတယ်။ ဟိုးအဝေးမှာ တောပိုင်းဒေသဘက်ဆီကို ဦးတည်ပြီး မြွေကြီးတစ်ကောင်လို တွန့်လိမ်ကွေ့ကောက်ပြီး စီးဆင်းသွားနေတဲ့မြစ်ကိုလည်း မြင်နေရပါတယ်။ တိမ်ထူထူ ကောင်းကင်ပြင်ကြားက နေရောင်ဟာ အပြင်ကို ပြူထွက်လာပြီး ရောင်ပြန်ဟပ်လေ့ရှိပါတယ်။

မြစ်ရဲ့တစ်ဖက်မှာတော့ အစိမ်းရောင်ဖျော့ဖျော့ မြက်ခင်းပြင်ကို တွေ့နေရပါတယ်။ အဲဒီအပေါ်မှာ ဟိုတစ်ကောင် သည်တစ်ကောင်ရပ်ပြီး မြက်စားနေကြတဲ့ သိုးအုပ်ပါ။ တချို့သိုးတွေရဲ့ အမွေးတွေဟာ ညစ်ပတ်ပေရေနေပါတယ်။ တချို့သိုးတွေရဲ့ အမွေးအရောင်ကတော့ အဖြူရောင်ကနေပြီး နောက်တစ်ရောင်ပြောင်းဖို့ အားယူနေဆဲပဲရှိနေပါသေးတယ်။

ကျုပ်ဟာ ထိုင်နေရာကနေပြီး ဝါရောင်သမ်းနေတဲ့ မြစ်ရေကိုကြည့်နေမိပါတယ်...။ ရေမျက်နှာပြင်ကတော့ လှိုင်းဂယက်တွေထပြီး ချာချာလည်နေပါတယ်...။ ရေပြင်ရဲ့လှုပ်ရှားမှုကို ကြည့်နေရင်းနဲ့ပဲ ကျုပ်စိတ်ထဲမှာ ဉာဏ်ကွန့်မြူးချင်သလိုလို ဖြစ်လာရပါတယ်။ ဒီဉာဏ်မြူးမှုဟာ အတွေးထက်နက်ရှိုင်းတဲ့ ခံစားမှုတစ်ခုက လာတာပါ။ ကျုပ်စိတ်ဟာ အလွန်အရေးပါတဲ့အရာတစ်ခုကို နားလည်နေသလိုလို ဖြစ်လာနေပါတယ်။

အဲသလိုဖြစ်လာနေတုန်းမှာပဲ ကျုပ်နားလည်တော့မလိုဖြစ်လာနေတဲ့အရာကို အရအမိဆုပ်ကိုင်နိုင်ဖို့ ကြိုးစားနေမိပါတယ်။ တကယ်တော့ အဲဒီအရာဟာ အလွန်သိမ်မွေ့နူးညံ့တဲ့အရာပါ။ သူတို့အများကပြောနေကြတဲ့အတိုင်းဆိုရင်တော့ အဲဒီအရာဟာ လျှာဖျားထိပ်မှာ ကပ်နေတဲ့စကားလေးတစ်လုံးနဲ့တူပါတယ်... တဲ့။ ကျုပ်အနေနဲ့ အဲဒီဟာလေးကို ဆုပ်ကိုင်ထားနိုင်ဖို့နဲ့ အမှောင်ထုထဲ ပြန်ကျမသွားအောင် တားမြစ်ထားဖို့ စိတ်ကူးလိုက်မိပါတယ်။

ဒါ့ကြောင့်မို့ ရုတ်တရက် ကျုပ်ပါးစပ်က စကားတစ်ခွန်း ကျယ်ကျယ်လောင်လောင် ထွက်သွားပါတယ်။ "ကျွန်တော့်နာမည်က ဂျီရာဒိုးယူချီယက်တိုပါ"လို့...။

ချက်ချင်းပဲ အပေါ်ဘက်တစ်နေရာက သရော်သံအပြည့်ပါတဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းကို ကြားလိုက်ရပါတယ်။ "အများက ခေါ်နေတာက ယူချီယို... ပါ...။ ကဲ... ကဲ... ဘယ်လိုလဲ။ တစ်ယောက်တည်း ကိုယ့်ဘာသာကိုယ် စကားပြောနေသလား"တဲ့။

ကျုပ်လှည့်ကြည့်လိုက်တော့ ကျုပ်ရဲ့အပေါ်ဘက် မြစ်ကမ်းပါးအမြင့်မှာ ရပ်နေတဲ့ အုတ်ဖိုစောင့်ရဲ့သမီး ဂျီအိုကွန်ဒါကို မြင်ရပါတယ်။ သူဟာ အနက်ရောင်ကတ္တီပါစကပ်ဝတ်ပြီး ကိုယ်ပေါ်မှာ ပန်းရောင်ဆွယ်တာ ဝတ်ထားပါတယ်။ ခြေထောက်တွေမှာ ခြေအိတ်စွပ်မထားပါဘူး။ သူမရဲ့ဆံပင်ဟာ လေထဲမှာ တဖျတ်ဖျတ်လွင့်နေတယ်...။

အမှန်အတိုင်းပြောရရင် ဒီအချိန် ဒီကာလ အခိုက်အတန့်အတွင်းမှာ ကျုပ်မတွေ့ချင်ဆုံးလူဟာ ဂျီအိုကွန်ဒါ... ပါ။ ကျုပ်က သူ့အပေါ်မှာ နည်းနည်းလေးမှ စိတ်မဝင်စားပါဘူးလို့ ခပ်ဘွင်းဘွင်း ခပ်ရှင်းရှင်းပြောထားပေမယ့် သူကတော့ မလျှော့ပါဘူး။ ကျုပ်ကို အစွမ်းကုန်မြှူဆွယ်နေဆဲပါ။ ကျုပ်ရင်ထဲမှာ သူမကြိုက်တဲ့စကားပြောဖို့ တာစူနေပါတယ်။ အဲဒါမှလည်း သူဟာ ကျုပ်ကို တစ်ယောက်တည်းအေးအေးလူလူနေနိုင်အောင်ထားခဲ့ပြီး ထွက်သွားမှာပါ။

"နင် သတိလေး ဘာလေးထားဦးဟ။ နင် ငါ့ကိုခြေသလုံးသားတွေပြနေတာ သိပ်များလွန်းနေပြီ"လို့ ကျုပ်ကပြောလိုက်တယ်။

သူကတော့ မျက်နှာပြောင်တိုက်ပြီး ကျုပ်ဘေးမှာ ဝင်ထိုင်တယ်။ "ကျွန်မ ရှင့်ကိုအဖော်လုပ်ရင် စိတ်မဆိုးပါဘူး...နော်"လို့ ပြောတယ်။

"နင်အဖော်လုပ်တာကို ငါက ဘယ်လိုသုံးရမှာလဲ"လို့ ကျုပ်က သူ့ကို မကြည့်ဘဲ ပြန်ပြောလိုက်တယ်။ "နင်က ဒီနေရာမှာ ဘယ်လိုလုပ်ပြီးထိုင်မှာလဲ...။ ဖုန်တွေက ထူလိုက်တာအလွန်ပဲ"

ဒါပေမယ့် မရဘူး။ သူ့စကပ်ကို မ,လိုက်ပြီး ဝင်ထိုင်တယ်။ အလွန်ကျေနပ်သွားတဲ့မျက်နှာနဲ့ ကျုပ်ကိုကြည့်ပြီး "စကပ်အောက်မှာ ဟုတ်ဟုတ်ညားညား ဘာမှဝတ်မထားဘူး"လို့ ပြောတယ်။ ဒီအချိန်မှာ ကျုပ်တွေးချင်နေတဲ့အရာဟာ စိတ်ထဲမှာရှိနေပါသေးတယ်။ ငှက်တစ်ကောင် ပြတင်းပေါက်ပေါင်ပေါ် နားနေသလို ကျုပ်စိတ်ထဲမှာ ခိုနားနေဆဲပါ။ ဂျီအိုကွန်ဒါကတော့ ကျုပ်ရဲ့လက်မောင်းကို ဖက်တွယ်ထားပြီး "ဂျီရာဒို...ရယ်၊ ရှင်ဘာပြုလို့ ဒီလောက်ကြီးသစ္စာမဲ့ရတာလဲ။ ကျွန်မကတော့ ရှင့်ကို သိပ်သဘောကျနေတာ"လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါသစ္စာမမဲ့ဘူး။ ငါက နင့်ကိုသဘောမကျတာ တစ်ခုပဲ"

"ရှင်ကဘာပြုလို့ ကျွန်မကိုသဘောမကျတာလဲ"

ကျုပ်က သူ့မေးခွန်းကို အမြန်ပြန်ဖြေတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ကိုအကြာကြီးစကားပြောနေရရင် ကျုပ်တွေးချင်တဲ့ဟာလေး ပျောက်သွားမှာ စိုးလို့။ "ငါ နင့်ကို သဘောမကျတာက မျက်နှာနီနီရဲရဲကြီးမှာ ဝက်ခြံတွေ ထု လဗျစ်ပေါက်နေလို့။ ပြီးတော့ နင်က..."

အခု ကျုပ်ပြောလိုက်တဲ့စကားမျိုးကိုကြားရင် မိန်းမအများစုက ဘာ လုပ်မယ်လို့ ထင်သလဲ။ ကျုပ်အနားက ချက်ချင်းထသွားမှာပေါ့။ သူကတော့ ဆန့်ကျင်ဘက်ပဲ၊ ကျုပ်ဘက်ကို တစ်အားပူးကပ်သွားအောင် တိုးလာပြီး မူရာ မာယာတွေနဲ့ ကြာပစ်ပြီးပြောတယ်။ "ဂျီရာဒို... အချစ်ရယ်။ ဘာပြုလို့များ ကျွန်မအပေါ် သဘောမကောင်းချင်ရတာလဲ"တဲ့...။

"အေး... ကောင်းပြီ"လို့ ကျုပ်က ပြန်ပြောတယ်။ "နင် ငါ့နားက ထွက်သွားမယ်ဆိုရင် ငါသဘောကောင်းပြမယ်"

"ဘယ်လို...ဂျီရာဒိုရယ်၊ ရှင် တခြားမိန်းမတစ်ယောက်နဲ့ ချိန်းထားတာ ရှိလို့လား"

"မဟုတ်ဘူး။ ချိန်းထားတာ တစ်ယောက်မှ မရှိဘူး။ နင့်ကိုနှင်နေတာက ငါ တစ်ယောက်တည်းနေချင်လို့... ဟေ့"

"ဘာ့ကြောင့် တစ်ယောက်တည်းနေချင်ရတာလဲ... ကွယ်၊ တို့များ အတူတူနေကြရအောင်လား...လို့...။ နှစ်ယောက်တည်းနေရရင် ဘယ်လောက် များကောင်းလိုက်မလဲနော်"

ဒီတစ်ခါတော့ ကျုပ်က ဘာမှမပြောဘူး။ ကျုပ်လိုချင်နေတဲ့ဟာက ကျုပ်စိတ်ရဲ့အစွန်းလေးပေါ်မှာ အခုထက်ထိရှိနေတုန်းပါ။ ဒါပေမယ်လို့ ဘာ မဟုတ်တဲ့ အသေးအဖွဲလေးတစ်ခုက မောင်းထုတ်လိုက်တဲ့အတွက် အဲဒီအရာ လေးဟာ သူထွက်လာခဲ့တဲ့ အမှောင်ထုထဲကို ပြန်ရောက်သွားနိုင်တယ်...။ ကျုပ် အဲသလိုတွေးနေတုန်းမှာပဲ...ဂျီအိုကွန်ဒါက "ရှင် ဘာတွေစဉ်းစားနေသလဲ ဆိုတာ ကျွန်မ မှန်းဆပေးရမလား"လို့ မေးတယ်။

"နင် အနှစ်တစ်ရာတိတိ အချိန်ယူပြီး စဉ်းစားလည်း မရနိုင်ဘူး"လို့ ကျုပ်က ပြန်ပြောတယ်။

"ကျွန်မကတော့ မှန်းလို့ရတယ်ရှင့် သိလား။ ကဲ...ကျွန်မပြောမယ်

www.burmeseclassic.com

www.burmeseclassic.com



မှန် မမှန်ကြည့်ရအောင် ရှင်ဟာ ခြေမျက်စိအထိ ဆွဲချထားတဲ့ ခြေအိတ်တွေ အကြောင်း တွေးနေတယ်။ မှန်မှန်ပြောနော်။ ရှင်တွေးနေတာ အဲဒါပဲဖြစ်ရမယ်"

ဒီစကားပြောနေစဉ်အတွင်းမှာ သူဟာ ခြေထောက်ကိုဆန့်ထုတ်ထား လိုက်တယ်။ ခြေထောက်က ကြီးသလား မမေးနဲ့။ အရောင်အဆင်းကလည်း နီ ရဲနေတာပဲ...။ ခြေသလုံးမွေးတွေကလည်း အများကြီး။ သူ့ခြေထောက်က ခြေအိတ်က စတော်ဘယ်ရီရောင်ပါ။

ကျွန်တော် မကြည့်ဘဲ မနေနိုင်ဘူး။ မျက်လုံးတွေကိုပင့်ပြီး သူမရဲ့ခြေ ထောက်တွေကို ကြည့်နေမိတယ်။ အဲဒီနောက်မှာတော့ ရုတ်တရက် ချက်ချင်း ပဲ၊ ကျုပ်လိုချင်နေတဲ့အရာဟာ စိတ်ရဲ့ အစွန်းကလေးပေါ်ကနေပြီး အမှောင် ထုထဲကို ကျသွားတယ်။ ကျုပ်မှာ ဘာခံစားချက်မှ မရှိတော့ဘူး။ ဘာကိုမှလည်း နားမလည်တော့ဘူး။ ကျုပ်စိတ်ထဲမှာလည်း ဘာမှမရှိတော့ဘူး။ အသေကောင် တစ်ကောင်လိုပဲ။

ဘာပဲဖြစ်ဖြစ် ကျုပ်အဖို့တော့ မထိန်းနိုင်အောင် ဒေါသဖြစ်တယ်။ ဒီ မိန်းမကြောင့် ကျုပ်ဟာ ကျုပ်လိုချင်နေတဲ့ဟာကို လက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ ကျုပ်ဟာ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားခဲ့တယ်။ "နင် ဘာပြုလို့ ဒီကိုလာရတာလဲ။ နင်ဟာ ငါ့အဖို့ မကောင်းဆိုးဝါးမတစ်ကောင်ပဲ။ နင် ငါ့ကို ဘာပြုလို့ အခုလို အနှောင့်အယှက်ပေးနေရတာလဲ"လို့ ပြောမိတယ်။

သူကတော့ ကျုပ်လက်ကို ဆွဲဆုတ်ပြီး ဖျစ်ညှစ်ထားတယ်။ ကျုပ်က လက်ကို သူ့လက်ထဲက လွတ်အောင်ရုန်းတယ်။ သူ့ခေါင်းကို လက်သီးနဲ့ပိတ်ထိုး တယ်။ ဒါပေမယ့် သူက...ကျုပ်ကို ဖက်တွယ်ထားတုန်းပဲ။ ကျုပ်ကတော့ သူ့ ခေါင်းကို လက်သီးနဲ့ပိတ်ထိုးနေတုန်းပဲ...။ ကျုပ်က...ထိုင်နေရာက ခုန်ထလိုက် ပြီး သူမရဲ့ဆံပင်ကို ဆွဲထားတယ်။ ကြမ်းပေါ်မှာလဲကျနေတဲ့သူ့ကို ခြေထောက် တွေနဲ့ ကန်ထားတယ်။

သူမဟာ လဲကျနေရာက ထလာတယ်။ သူမရဲ့တစ်ကိုယ်လုံးမှာ ဖုန် အလူးလူးဖြစ်နေပါတယ်။ ပြီးတော့ ကျိတ်ပြီးငိုနေပါတယ်။ ကျုပ်ကတော့ သူ့ ကို အသံကုန်ဟစ်ပြီး အော်ပြောနေပါတယ်။ "နင်တို့မိန်းမတွေဟာ လူ့လောကကို ပျက်စီးစေတဲ့ဟာတွေပဲ"လို့...။ သူမကတော့ ငိုနေဆဲပါ။ သူမဟာ ကျုပ် အနားက ထွက်သွားပါတယ်။ အဲဒီနောက်တော့ ပျောက်သွားပါတယ်။

လုပ်စရာဟာ ဘာမှမရှိတော့ပါဘူး။ အဲဒီနေ့ တစ်နေ့အတွက်တော့

www.burmeseclassic.com

www.burmeseclassic.com



မရှိသလောက်ပါဘဲ။ ကျုပ်ဟာ တစ်မနက်ခင်းလုံး လယ်ကွင်းထဲမှာ လှည့်သွားနေတယ်။ ဂျီအိုဗွန်ဒါကိုရော ကျုပ်ရဲ့ကံကြမ္မာကိုပါ ကျိန်ဆဲနေမိတယ်။ ကိုယ့်ရောစိတ်ပါ ငြိမ်ဆိတ်မှုမရှိပါဘူး။

နောက်ဆုံးမှာတော့ ကျုပ်အဖို့ အလုပ်ရုံကို ပြန်သွားဖို့ကလွဲပြီး လုပ်စရာဘာတစ်ခုမှ မရှိတော့ပါဘူး။ ဒါ့ကြောင့်မို့ ကျုပ်ပြန်သွားခဲ့ပါတယ်။ အုတ်ပုံတွေ အထပ်လိုက်ကြားမှာ ဂျီယိုကွန်ဒါဟာ အိုးတစ်လုံးသယ်လာပြီး အိုးထဲကအစာတွေကို ကြက်တွေဆီ ပက်ကျွေးနေပါတယ်။ သူက အဝေးကြီးကနေပြီး ကျုပ်ကို အပြုံးနဲ့ နှုတ်ဆက်နေပါတယ်။

ကျုပ်ကတော့ သူ့အပြုံးကို မတုံ့ပြန်ဘဲအလုပ်ရုံကို ဆက်သွားပါတယ်။ "လုံးဝမလာတာနဲ့စာရင် နောက်ကျတာက တော်သေးတာပေါ့"လို့ ကျုပ်ဦးလေးက ကျုပ်ကို မြင်မြင်ချင်း ရေရွတ်လိုက်တယ်။ ကျုပ်ကတော့ ဘာမှမပြောဘူး။ အလုပ်သမားဝတ်စုံတွေကို ကောက်ဝတ်ပြီး မနေ့က ထားခဲ့တဲ့ လုပ်လက်စအလုပ်ကို ရောက်တဲ့နေရာကစပြီး လုပ်နေပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

# သူနာပြု

ကျုပ်အနေနဲ့ ဂါးဒင်းစီးတီးဘက်မှာ စိုက်ပျိုးခြံလေးတစ်ခု အပိုင်ရှိထားလေတော့ နေ့စဉ်မနက်တိုင်း ဘတ်စ်ကားနဲ့ သွားလေ့ရှိတယ်။ ဘတ်စ်ကားဟာ နိုမင်တာနာလမ်းအတိုင်း သွားတာဆိုတော့ အဲဒီလမ်းပေါ်ရောက်တိုင်း ကျုပ်ဟာ ဆန်အဂ္ဂနီးစ်ဘုရားရှိခိုးကျောင်းရဲ့ တစ်ဖက်မှာရှိနေတဲ့ အိမ်ကြီးတစ်အိမ်ရဲ့ သံဂိတ်တံခါးကြီးဘက်ကို မကြည့်ဘဲ မနေနိုင်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့နှစ်အတော်ကြာကြာက ကျုပ်ဟာ အဲဒီအိမ်ကြီးမှာ ဥယျာဉ်မှူးလုပ်ခဲ့ဖူးလို့ပါ။

အိမ်ကြီးရဲ့ပတ်ပတ်လည် နံရံတွေမှာ စံပယ်ပန်းချုံတွေနဲ့ ရုပ်ပုံအမျိုးမျိုး အကွက်ဖော်ပေးခဲ့တာ ကျုပ်ပေါ့။ အိမ်ရှေ့ဆင်ဝင်တံခါးဝမှာ ချထားတဲ့ ကာမီလီယာ ပန်းအိုးတွေဟာလည်း ကျုပ်ရဲ့လက်ရာတွေပဲပေါ့။ အိမ်ရဲ့နံရံ တချို့နေရာတွေမှာ တက်နေတဲ့ အဖြူရောင်နဲ့ ခရမ်းနုရောင် အပွင့်တွေ ပွင့်နေတဲ့ ဝစ္စတေးယီးယား ပန်းနွယ်ပင်တွေဟာလည်း ကျုပ်ပဲစိုက်ထားခဲ့တာပေါ့။ တကယ်လို့ အဲဒီအပင်တွေ သေမသွားဘူးဆိုရင်တော့ အခုလောက်ဆို အိမ်ကြီးရဲ့ ဒုတိယထပ်အထိ ရောက်နေရောပေါ့။

အိမ်ကြီးရဲ့ပိုင်ရှင် နာမကျန်းဖြစ်လာတဲ့အခါမှာ ပန်းဥယျာဉ်ကို လုံးဝပြန်မကြည့်နိုင်တော့ဘဲ စွန့်ပစ်ထားတာ ခံခဲ့ရပါတယ်။ ဥယျာဉ်ဟာ ဥယျာဉ်နဲ့ မတူတော့ဘဲ အမှိုက်သရိုက်နဲ့ အညစ်အကြေးတွေ စွန့်ပစ်ရာမြေလိုဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့်လို့ အိမ်ပိုင်ရှင်ကို ပြုစုစောင့်ရှောက်နေရတဲ့ သူနာပြုဆရာမနဲ့ ချစ်ကြိုးတွေသွယ်မိထားလေတော့၊ ကျုပ်ဟာ လအနည်းငယ်အတွင်းမှာပဲ အဲဒီပန်းဥယျာဉ်ကို ပန်းပင်ကလေးတွေစိုက်ပျိုးတဲ့ မှန်မိုးမှန်ကာ အဆောက်အဦ

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန် ပုံစံမျိုးဖြစ်အောင် အားထုတ်ခဲ့ပါတယ်။

ကျုပ်မှတ်မိသလောက်ပြောရရင် အဲဒီထဲမှာ မြက်ခင်းသေးသေးလေးတွေလည်းရှိတယ်။ ကျောက်ခင်းလူသွားလမ်းကလေးတွေလည်းရှိတယ်။ ပန်းချုံကလေးတွေလည်း ရှိတယ်။ လေးဘက်လေးတန် ပတ်ပတ်လည်မှာ ပန်းညှပ်ကတ်ကြေးနဲ့ ညီနေအောင် ဖြတ်ထားတဲ့ ခြံစည်းရိုးတွေနဲ့။ အဲဒီအထဲမှာ ပန်းမျိုးစုံပန်းခင်းကလေးတွေ မွေးထားသေးတယ်။

ကျုပ် မေ့မသွားသေးပါဘူး။ ကျုပ်ဟာ နယ်လာရဲ့ အခန်းပြတင်းပေါက်ရှေ့တည့်တည့်မှာ ပန်းခင်းကလေးတစ်ခင်း လုပ်ပြီး အဲဒီထဲမှာ မက်ဂနိုလီယာပန်းတွေ စိုက်ထားတယ်။ အဖြူရောင်နဲ့ ပန်းရောင်တွေပွင့်တဲ့ မက်ဂနိုလီယာပန်းတွေဟာ အလွန်မွှေးတယ်မဟုတ်လား။ နွေဦးပေါက်ရာသီဆိုရင် မက်ဂနိုလီယာ ပန်းတွေဆီက အမွှေးနံ့ဟာ နယ်လာရဲ့အခန်းထဲကို စဉ်ဆက်မပြတ်ဝင်သွားနေလိမ့်မယ်လို့ ထင်ပါတယ်။ ကျုပ်အနေနဲ့ အဲသလိုအထင်နဲ့ တမင်အကွက် ချပြီး စိုက်ထားခဲ့တာပါ။

ပြီးတော့... သူမရဲ့ပြတင်းပေါက်အောက်တည့်တည့်မှာ အနီရောင်ပန်းလုလုကလေးတွေ ပွင့်တတ်တဲ့ ဂျာမိုနီကာ ပန်းချုံကို ကျုပ်စိုက်ထားခဲ့ပါတယ်။ နယ်လာဆိုတာက ကျုပ်ချစ်နေတဲ့ သူနာပြုဆရာမပါ။ နယ်လာဟာ ကိုယ်လုံးကိုယ်ပေါက်က ခပ်တောင့်တောင့်... အရပ်က သိပ်မမြင့်ပါဘူး။ ဆံပင်ကနီနီမျက်နှာက ခပ်ဝိုင်းဝိုင်းမှာ မှဲ့ခြောက်ကလေးတွေ ဖုံးနေပါတယ်။ မျက်စိက မွဲတဲ့အတွက် မျက်မှန်တပ်ထားပါတယ်။

ကျုပ်ကတော့ တွေ့တွေ့ချင်း သူ့ကိုသဘောကျသွားပါတယ်။ တခြားကြောင့် မဟုတ်ပါဘူး။ ကိုယ်လုံးကိုယ်ထည်က ကြံ့ခိုင်ပြီး အလွန်ကျန်းမာတဲ့လက္ခဏာကို မြင်နေရလို့ပါ။ သူ့ကိုယ်လုံးက တင်းတင်းရင်းရင်း စိုစိုပြည်ပြည်ရှိလွန်းလှလေတော့ အဖြူရောင်ဝတ်စုံထဲက ပေါက်ထွက်လာမလားလို့တောင် ထင်ရပါတယ်။ သူ့ပုံပန်းက အမျိုးသမီးဆရာဝန်တစ်ယောက်နဲ့ အတော်တူပါတယ်။ အဲဒီတော့ ကျုပ်ဟာ သူ့ကိုမြင်...မြင်ချင်း...စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားရတာဟာ သဘာဝကျတယ်လို့ထင်ပါတယ်။

အဲဒီအချိန်တုန်းကတော့ သူမပြုစုစောင့်ရှောက်ပေးနေရတဲ့လူဟာ ကျုပ်အဖို့ ကျုပ်ထက်ပိုပြီး အရေးကြီးနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီပုဂ္ဂိုလ် နေကောင်းသွားခြင်း သို့မဟုတ် သေသွားခြင်းဟာ ကျုပ်အတွက် သိပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အဓိကကျတဲ့အချက်ဖြစ်နေလို့ပါ။ အကယ်၍ ကောင်းသွားရင်လည်း နယ်လာဟာ ပြန်မှာပါပဲ။ အကယ်၍ သေသွားရင်ကော၊ ပြန်မှာပါပဲ...။ အဲသလို ဖြစ်သွားရင် ကျုပ်အနေနဲ့ သူမကို မြင်ချင်တွေ့ချင်လို့ ရနိုင်တော့မှာ မဟုတ်ပါဘူး။

အဲဒီတော့ကာ နွေဦးပေါက်ရာသီတစ်လျှောက်လုံး မနက်ခင်းတိုင်း ကျုပ်ဟာ အကြောင်းမရှိ အကြောင်းရှာပြီး သူနဲ့ မြင်ရတွေ့ရအောင် အားထုတ်လေ့ရှိပါတယ်။ အဲဒီတုန်းက နယ်လာဟာ မနက်ခင်းတိုင်း လူနာရဲ့အခန်းထဲဝင်လာပြီး ဥယျာဉ်ဘက် မျက်နှာပြုထားတဲ့ ပြတင်းပေါက်ကို ဖွင့်လေ့ရှိပါတယ်။ ဖွင့်ပြီးတိုင်းလည်း ဥယျာဉ်ထဲကို လှမ်းကြည့်လေ့ရှိပါတယ်။ သူ ပြတင်းပေါက် ဖွင့်ချိန်ဆိုရင် ကျုပ်ဟာ ပြတင်းပေါက်ပေါင်ရဲ့အောက်နားမှာ ရောက်နေလေ့ရှိပါတယ်။ ကျုပ်ကလည်း ချက်ချင်းပဲ "လူနာ ဘယ်လိုနေသေးလဲ"လို့ မေးတတ်ပါတယ်။ သူကလဲ "ဒီလိုပါပဲ"လို့ အပြုံးနဲ့ပြန်ပြောတတ်ပါတယ်။ သူ့အနေနဲ့က ကျုပ်ရဲ့အထီးကျန်ဘဝကို ကောင်းကောင်းသိနေတယ်မဟုတ်လား...။

အဲဒီနောက်တော့ မနက်ခင်းပိုင်းမှာပဲ ကျုပ်ဟာ သူ့ကို သွား...သွားပြီး ကြည့်လေ့ရှိပါတယ်။ သူဟာ အဲဒီပြတင်းပေါက်နားမှာ ရပ်ပြီး ဖန်ခွက်ထဲ ဆေးထည့်တာတို့၊ ဆေးမထိုးခင် အပ်ကြည့်တာတို့ ဘာတို့ လုပ်လေ့ရှိတယ်။ ကျုပ်က အောက်ကနေပြီး လက်ဟန်ခြေဟန်ပြပြီး ခေါ်လေ့ရှိပါတယ်။ သူကလည်း အမြဲတမ်းခေါင်းခါပြလေ့ရှိပါတယ်။ "ရှင်မမြင်ဘူးလား...။ ကျွန်မ သူ့အခန်းထဲရောက်နေတယ်..."လို့ ပါးစပ်ကမပြောသော်လည်း ပြောနေသလိုပါပဲ။

သူမဟာ သူ့အလုပ်နဲ့ ပတ်သက်လာရင် တာဝန်သိပ်ပြီး သိတတ်တဲ့ စရိုက်ရှိပါတယ်။ ယောကျ်ားတစ်ယောက်ထက်တောင်မှ ပိုပြီးသိတတ်တဲ့ သဘောရှိနေပါတယ်။ သူမ လုပ်ကိုင်နေပုံကိုကြည့်ပြီး ကျုပ်မှာကတော့ သက်ပြင်းတစ်ချချနဲ့ နေရပါတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့...လေ။ မနက်ခင်းတွေမှာဆိုရင် ကျုပ်ဟာ အိမ်ရှေ့ မြေကွက်လပ်ထဲမှာ အချိန်ဖြုန်းလေ့ရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ လူနာရဲ့ ပြတင်းပေါက်ကနေ အဲဒီဘက်ကို ကြည့်နေလို့ပါ။ မွန်းလွဲပိုင်းတွေမှာတော့ လူနာဟာ နေ့လယ်စာစားပြီးတာနဲ့ တစ်ပြိုင်နက် အိပ်လေ့ရှိပါတယ်။ သူမဟာ အဲဒီအချိန်ကလေးကိုပဲ ယူပြီး ကျုပ်ကိုလာတွေ့လေ့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ကျုပ်ဟာ ဥယျာဉ်ရဲ့ တစ်ဖက်မှာရှိတဲ့ မြေကွက်လပ်ပေါ်မှာ အလုပ် လုပ်နေလေ့ရှိပါတယ်။ ဒီအချိန်ဟာ နေ့ခင်း နှစ်နာရီ သုံးနာရီလောက်ရှိနေပါပြီ။ အဲဒီအချိန်မှာ သူဟာ အဲဒီနေရာကို ရောက်လာပါတယ်။ ကျုပ်တို့ နှစ်ယောက်ဟာ နာရီဝက် တစ်နာရီလောက်တော့ အတူတူအချိန်ကုန်ခွင့်ရခဲ့ပါတယ်။

သူရောက်လာရင် ကျုပ်က သူ့အတွက် ပန်းလှလှတစ်ပွင့်တော့ ခူးပေးစမြဲပါ။ သူကလည်း ကျုပ်ခူးပေးတဲ့ပန်းကို သူ့ရင်ဘတ်မှာ ထိုးထားလေ့ရှိပါတယ်။ ပြီးတော့ သူဟာ ရေပန်းကြီးရဲ့ နှုတ်ခမ်းနားမှာ ထိုင်လေ့ရှိပါတယ်။ ကျုပ်ကတော့ ထုံးစံအတိုင်း သူ့ကို ချစ်တဲ့အကြောင်း ပြောလေ့ရှိပါတယ်။ တကယ်တော့ ကျုပ်ဟာ သူ့ကို သိပ်ချစ်နေပါပြီ။ စပြီး မေတ္တာရှိကြောင်းပြောစဉ်ကတည်းက ကျုပ်က သူ့ကိုလက်ထပ်ချင်ပါတယ်လို့ ပြောခဲ့ပြီးပါပြီ။

သူကတော့ ကျုပ်ပြောသမျှ နားထောင်ပါတယ်။ သူ့ပါးစပ်ကတော့ ဘာစကားမှ ထွက်မလာပါဘူး။ "နယ်လာရယ် ကိုယ်တို့လက်ထပ်ကြရင် ကောင်းမှာပဲ"လို့ ကျုပ်က ပြောပါတယ်။ "သားသမီးတွေ တစ်နှစ်တစ်ယောက် မွေးလာရင် ဘယ်လောက်ကောင်းလိုက်မလဲ။ သူတို့ဟာ ဘယ်လိုကလေးမျိုးတွေ ဖြစ်လာမလဲ…။ မင်းကလည်း မိန်းမချော။ ကိုယ်ကလည်း အရုပ်မှမဆိုးဘဲ။ မင်း စဉ်းစားကြည့်ပါလား"စသည်ဖြင့် ပြောမိပါတယ်။

သူက ရယ်ပါတယ်။ "ကလေးတွေမွေးလာတာတော့ ဟုတ်ပါပြီ။ သူတို့ကို ကျွန်မတို့ ဘယ်လိုကျွေးကြမလဲ…"လို့။ သူကပြောတယ်။

"ကိုယ် အလုပ်လုပ်မှာပေါ့"လို့ ကျုပ်က ပြန်ပြောတယ်။ "ကိုယ်က စိုက်ပျိုးခြံလေးတစ်ခု ထောင်မယ်လေ"

"ဒါပေမယ့် ကျွန်မက သူနာပြုဆရာမတစ်ယောက်ပဲ လုပ်ချင်တယ်…" လို့ သူကပြောတယ်။

"ဟုတ်ပါပြီ။ မင်းဟာ သူနာပြုဆရာမတစ်ယောက်ပါပဲ"လို့ ကျုပ်က ပြန်ပြောတယ်။ "အိမ်ထောင်သည်မယားတစ်ယောက်လည်း ဖြစ်ရမှာပေါ့"

"ကျွန်မကတော့ ကလေးတွေ မလိုချင်ဘူး။ သူနာပြုဆရာမတစ်ယောက်ပဲ ဖြစ်ချင်တယ်"လို့ သူကပြောတယ်။ "မမာမကျန်းဖြစ်နေသူတွေဟာ ကျွန်မရဲ့ ကလေးတွေပဲ" မဟုတ်လားတဲ့။

အဲသလိုပြောနေပေမယ့် သူမဟာ ပြုံးနေတယ်။ သူမရဲ့လက်ကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



က ဆွဲထားတော့လည်း ငြိမ်ခံနေတယ်။ ဒါပေမယ့် ကျုပ်က သူ့ကိုနမ်းဖို့ကြိုးစားတဲ့အခါမှာတော့ ကျုပ်ကို ချက်ချင်းတွန်းပစ်လိုက်ပြီး ထိုင်နေရာက ထရပ်လိုက်တယ်။

"သူ့ဆီကိုသွားတော့မှဖြစ်မယ်"လို့ ပြောတယ်။ "အခုလောက်ဆို သူ အိပ်ချင် အိပ်နေဦးမှာပါ"လို့ ကျုပ်ကပြန်ပြောတော့ "ဟုတ်တယ်…အိပ်ချင် အိပ်နေဦးမှာ။ ဒါပေမယ့် သူနိုးလာလို့ ကျွန်မကိုမမြင်ရရင် သူစိတ်ထိခိုက်ပြီး သေချင်သေသွားမှာ။ သူက သူ့အိပ်ရာဘေးမှာ ကျွန်မကလွဲပြီး ဘယ်သူ့ကိုမှ ထားချင်တာမဟုတ်ဘူး"လို့ သူကပြန်ပြောတယ်။

ကျုပ် ဒီဆရာမနဲ့ သိလာရတာဟာ ဒီနာတာရှည်ရောဂါသည်ကြောင့်ပါ။ ဒါပေမယ့် အခုလို စကားတွေကြားနေရတဲ့အချိန်တွေမှာတော့ ကျုပ်ဟာ ဒီရောဂါသည်ကို တော်တော်မုန်းမိပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့…ဗျာ။ ဆရာမကတော့ ကျုပ်အနားကထွက်သွားပြီ။ ကျုပ်ကတော့ ကိုယ်တိုင်ဖြစ်ချင်သလို ဖြစ်မလာတဲ့အတွက် အရမ်းကို ဒေါသဖြစ်မိပါတယ်။ ဒါကြောင့်မို့လည်း ကျုပ်ဟာ ထွန်ခြစ်ကို ဒေါသတကြီးနဲ့ သွားယူပြီး ကျောက်ခင်းလမ်းပေါ်က အမှိုက်တွေကို တစ်အားကုန် ဆွဲခြစ်နေမိပါတယ်။ အားက သိပ်ပြင်းလေတော့ မြေကြီးတွေနဲ့အတူ ကျောက်စရစ်ခဲတွေပါ ပါ…ပါလာတာကို တွေ့နေရပါတယ်။

သူဟာ ကျုပ်ကို တစ်ကြိမ်ကလေးမှ မနမ်းခဲ့ပါဘူး။ တစ်ခါတလေ ကျုပ်က သူ့ဆံပင်ကို ကိုင်ပြီး တအံ့တသြဖြစ်နေရင်တော့ ငြိမ်ခံနေတတ်တယ်။ "မင်းဆံပင်တွေကို ကိုယ်ကိုင်ကြည့်ချင်တယ်ကွာ"ဆိုတဲ့စကားဟာ ကျုပ်ပြောလေ့ပြောထရှိတဲ့စကားပါ။ ကျုပ်က အဲသလိုပြောလိုက်ရင် သူက "ရှင်ဟာလေ တော်တော် အဖြစ်သည်းတဲ့လူပါလား…"လို့ ပြောလေ့ရှိပါတယ်။

ဒါပေမယ့် နောက်ဆုံးကျရင်တော့ သူ့ခေါင်းမှာ စည်းထားတဲ့လက်ကိုင်ပဝါကို ဖြုတ်ခွင့်ပေးတယ်။ ဆံပင်ထိုးထားတဲ့ ကလစ်တွေကိုလည်း တစ်ချောင်းပြီး တစ်ချောင်း ဖြုတ်ခွင့်ပေးတယ်။ ပထမတော့ ထူထူထဲထဲနဲ့ နီရဲနေတဲ့ သူ့ ဆံပင်ဟာ သူ့ခေါင်းပေါ်မှာ အစုလိုက် အထုံးလိုက်ဖြစ်နေတာဆိုတော့ ကြည့်လိုက်ရင် ကြေးနီသရဖူကို ဆောင်းထားသလား ထင်ရတယ်။

ခဏနေလို့ သူက ခေါင်းကိုတစ်ချက်ခါလိုက်တဲ့အခါ ဆံပင်တွေဟာ ပြေကျလာပြီး သူ့ပခုံးနှစ်ဖက်ပေါ်မှာ ဝဲပျံ့နေကြတယ်။ သူ့ဆံပင်ကဖြင့် ကောင်းသလားမမေးနဲ့။ ခါးအထိရောက်နေတယ်။ သူဟာ ငြိမ်ငြိမ်ကလေးနေပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်နောက်က မျက်လုံးတွေနဲ့ ကျုပ်ကို ကြည့်နေတယ်။ ကျုပ်က အသာ အယာကလေးပဲ သူ့မျက်မှန်ကို ချွတ်ပစ်လိုက်တယ်။

မျက်မှန်တပ်ထားတဲ့အခါ သူ့မျက်နှာဟာ အညာအလိုင်းများမယ့်ပုံ ပေါ်နေတယ်။ မျက်မှန်မပါတဲ့အခါမှာတော့ အဲသလိုပုံမျိုး မပေါက်လာတော့ဘူး။ ပြုံးကျယ်ပြီး နူးညံ့သိမ်မွေ့လှတဲ့အကြည့်ဟာ ပေါ်လွင်နေတယ်။ ကျုပ်ဟာ အသွင်ပြောင်းသွားတဲ့ သူမရဲ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေမိတယ်။ နောက်ဆုံးမှာ သူဟာ အခုလိုကြည့်နေတာကို မခံနိုင်သလိုဖြစ်လာတယ်။ ချက်ချင်းပဲ သူ့ဆံပင်ကို လက်ကိုင်ပဝါနဲ့ ပြန်စီးလိုက်ပြီး မျက်မှန်ကိုလည်း ပြန်တပ်လိုက်တယ်။

သူ့အပေါ် သိပ်ပြီးစွဲလမ်းနေတဲ့ကျုပ်ဟာ တစ်ရက်မှာ အခုလိုပြောမိခဲ့တယ်။ "ကိုယ်လည်း ဟိုလူလို နေထိုင်မကောင်းဖြစ်နေရင်ကောင်းမှာပဲ။ အဲသလို သာဆိုရင် မင်း ကိုယ့်အနားက မခွာဘဲ ပြုစုနေမှာပဲ"လို့။ အဲဒီတော့ သူက "ရှင်ဟာ အရူးပဲ"လို့ ပြောပြီးပြုံးနေတယ်။ "အခုလို ကျန်းမာနေတာဟာ ရှင့်အတွက် ဘယ်လောက်ကောင်းသလဲ။ အဲဒါကို ရှင်က မမာမကျန်းဖြစ်ချင်သေးသလား"တဲ့။

"ဟုတ်တယ်။ ကိုယ်နေထိုင်မကောင်းဖြစ်ချင်နေတယ်"လို့ ကျုပ်က ပြန်ပြောတယ်။ "ကိုယ်သာဖျားနေရင် ကိုယ့်နဖူးပေါ်ကို မင့်လက်ကလေး မကြာခဏ လာတင်မယ်။ အဖျားရှိသေးသလားလို့ စမ်းကြည့်မယ်။ မနက်ဆိုရင် ရေကျက်အေးလေးနဲ့ ကိုယ့်မျက်နှာကို မင်းကိုယ်တိုင်သစ်ပေးမယ်။ တကယ်လို့ ကိုယ်က လိုအပ်လို့ခေါ်လိုက်ရင် မင်းချက်ချင်းရောက်လာမယ်။ ဆိုကြပါစို့ရဲ့…။ ကိုယ်က အီအီးယိုချင်တယ်ဆိုရင် မင်းက အိုးလေးချပေးမယ်။ ကိုယ်ပြီးသွားတဲ့အထိ မင်းကအနားမှာထိုင်စောင့်နေမယ်…"

နောက်ဆုံးပြောလိုက်တဲ့စကားကြားတော့ သူက သဘောကျပြီးရယ်တယ်။ "ရှင်ဟာ တော်တော် ရယ်စရာကောင်းတဲ့လူပဲ…"လို့ ပြောတယ်။ "ကျွန်မတို့သူနာပြုဆရာမတွေဟာ အဲသလိုအလုပ်မျိုးတွေ လုပ်ရတာ သာယာတယ်ဆိုတာ ရှင်မသိဘူးလား"တဲ့…။ "ကိုယ်မသိဘူး"လို့ ပြန်ပြောလိုက်တယ်။ "အဲသလိုအလုပ်မျိုးမှာ မင်းသာယာလိမ့်မယ်လို့ ကိုယ်မထင်ဘူး။ လူနာကလည်း သာယာမယ် မထင်ပါဘူး"

သူနဲ့ပတ်သက်လို့ ပြန်ပြောရမယ်ဆိုရင် ပြောစရာတွေက အများကြီးပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးဆိုတာက သိကြတဲ့အတိုင်းပဲ…လေ။ ချစ်မိပြီဆိုမှဖြင့် အလွန်သေးဖွဲ့တဲ့ ကိစ္စတွေဟာလည်း အရေးကြီးလာတတ်တာ ထုံးစံပဲမဟုတ်လား။ အထူးသဖြင့် အခုဖြစ်ခဲ့တဲ့ကိစ္စမျိုးလို အချစ်ဇာတ်လမ်းက ကိုယ်တောင့်တမျှော်မှန်းသလို ဖြစ်မလာဘဲ ပထမအဆင့်မှာတင် ရပ်သွားတဲ့အခါ၊ ပိုပြီး အသေးအဖွဲတွေ ရှိရှိ သမျှအားလုံးဟာ အရေးပါလာတတ်တာချည်းပဲ။

ကျုပ် ကြားတဲ့အတိုင်းဆိုရင် အိပ်ရာပေါ်မှာ ပက်လက်ဖြစ်နေတဲ့ နာတာရှည်လူမမာဟာ အခြေအနေကောင်းလာလို့ အိပ်ရာပေါ်က ထလာနိုင်ပြီတဲ့။ အဲဒီတော့ ကျုပ်ကလည်း သူ့ကိုလက်ထပ်ကြဖို့ နားပူနားဆာလုပ်ခဲ့တယ်။ ဒါပေမယ့်လို့ သူက ရှောင်ဖယ်ဖယ်လုပ်ပြီး အကြောင်းတွေ အမျိုးမျိုးပြနေတယ်။ ဒီလိုနဲ့ပဲ တစ်နေ့ခင်းမှာ ကျုပ်ကိုပြောတယ်။ "ဒီည… ရှင် ကျွန်မအခန်းပြတင်းပေါက်အောက်နားက လာစောင့်ပါ…"တဲ့။ "ညသန်းခေါင်ကျော်ကို လာခဲ့…။ ကျွန်မတို့ စကားပြောကြရအောင်…"တဲ့။ သူ့စကားကိုကြားရပြီး ကျန်ရစ်ခဲ့တဲ့ ကျုပ်မှာဖြင့် အသက်တောင် ဖြောင့်ဖြောင့်မရှူနိုင်တော့ဘူး။

အဲဒီနေ့မှာ ကျုပ်ဟာ ညနေခင်းကတည်းက ပန်းဥယျာဉ်ထဲမှာ ပုန်းနေခဲ့တယ်။ ရေပန်းကြီးရဲ့ နှုတ်ခမ်းနားမှာထိုင်ပြီး ညသန်းခေါင်ရောက်အလာကို စောင့်နေခဲ့ပါတယ်။ ချိန်းထားတဲ့အချိန် ရောက်လာတော့ ကျုပ်ဟာ သူ့အခန်းပြတင်းပေါက် အောက်နားမှာ သွားထိုင်ပြီး လေချွန်သံပေးလိုက်ပါတယ်။

ချက်ချင်းပဲ ပြတင်းပေါက်ပွင့်သွားပြီး သူပေါ်လာပါတယ်။ သူက "မြန်မြန်လုပ်ပါ။ ကျွန်မကို အောက်ဆင်းနိုင်အောင် ကူညီပါဦး"လို့ လှမ်းပြောတယ်။ ကျုပ် ဘာမှမပြင်ဆင်ရသေးခင်မှာပဲ သူဟာ ပြတင်းပေါက်ပေါင်ကို ကျော်ပြီး ဆင်းလာလိုက်တာ ချက်ချင်းပဲ ကျုပ်ရင်ခွင်ထဲကျလာပါတယ်။ သူ့ကိုယ်က လေးလွန်းလို့ ကျုပ်တို့နှစ်ယောက်စလုံး မြေပေါ်မှာ လိမ့်သွားပါသေးတယ်။

"ကဲ…လိုင်ယွန်နယ်လို…။ ရှင် ကျွန်မကို လက်ထပ်ချင်တယ်ဆိုတာ တကယ်ကောဟုတ်ရဲ့လား"လို့ သူက နှစ်ကိုယ်ကြားလေသံနဲ့မေးပါတယ်။ ကျုပ်ဟာ ဒူးနှစ်ဖက်ထောက်ထိုင်လိုက်ပြီး သူ့ခြေထောက်တွေကို သိမ်းကျုံးဖက်လိုက်ပါတယ်။ ကျုပ်မျက်နှာကို သူ့ရဲ့ခါးစည်းဝတ်ကြမ်းကြီးမှာ အပ်ထားလိုက်ပါတယ်။ ကျုပ်ဟာ အနူးညွှတ်ဆုံး အသိမ်မွေ့ဆုံးလေသံနဲ့ "လက်ထပ်ချင်တာ တကယ်ပါ"လို့ အဖြေပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခိုက်မှာပဲ သူ့အခန်းထဲက ခေါင်းလောင်းသံကို အဆက်မပြတ် ကြားလိုက်ရပါတယ်။ ချစ်သူတွေထဲက အချစ်ဆုံးဆိုတဲ့လူက ခေါ်ရင်တောင် သူ့အနေနဲ့ ဒီလောက်မြန်မြန်ဆန်ဆန်လိမ့်မယ်လို့ ကျုပ်မထင်ပါဘူး။ "မြန်မြန်…။ မြန်မြန်"လို့ ပြောပြီး ကျုပ်ကို တွန်းလိုက်ပါတယ်။ ကျုပ်ဟာ မြေကြီးပေါ်ကို ပက်လက်လန်ပြီး လဲလုမတတ်ဖြစ်သွားရပါတယ်။

"မြန်မြန်လုပ်ပါ…။ မြန်မြန်…။ သူ ကျွန်မကိုခေါ်နေပြီ…။ လုပ်ပါ။ ပြတင်းပေါက်ပေါင်ပေါ်ရောက်အောင် တင်ပေးပါဦး"လို့ သူက ကသောကမျော နဲ့ အမောတကောပြောပါတယ်။ ခေါင်းလောင်းသံကတော့ ကြားနေတုန်းပါ။ သူဟာ ပြတင်းပေါက်ပေါင်ကို လှမ်းတက်နေပါပြီ။ ကျုပ်က တွန်းတင်ပေးပါ တယ်။ မကြာလိုက်ပါဘူး။ သူဟာ အခန်းထဲဝင်ပြီး ပျောက်သွားပါတယ်။

နောက်တစ်ခဏလောက် အကြာမှာ နာတာရှည်လူနာရဲ့ အခန်းထဲက မီးရောင်ကို မြင်ရတယ်။ နယ်လာဟာ လူနာ့အခန်းထဲ ရောက်နေပါပြီ။ ကျုပ် ရင်ထဲမှာ ပထမဆုံးအကြိမ် မနာလိုဝန်တိုစိတ် ဝင်လာတာကို ခံစားလိုက်ရပါ တယ်။ မနာလိုစိတ်ရဲ့ သဘောသဘာဝကို ရလိုက်တဲ့ ပထမဆုံးအတွေ့အကြုံ ပါ။

အဲဒီညက လူနာရဲ့အခန်းထဲမှာ ဘာဖြစ်ခဲ့သလဲ…။ ကျုပ်မသိပါဘူး။ ဒါပေမယ့် နောက်နေ့မနက်ကျတော့ နယ်လာကို ခါတိုင်းနေ့တွေလို ပြတင်းပေါက် မှာ လာရပ်တာ မတွေ့ရပါဘူး။ နေ့လယ်စာစားအပြီးမှာလည်း သူ ကျုပ်ဆီကို ရောက်မလာပါဘူး။ အမှန်တော့ အဲဒီအချိန်မှာ သူနဲ့ကျုပ်ဟာ ရေပန်းကြီးနား မှာ ဆုံနေကျပါ။ အဲဒီပုံစံအတိုင်း သုံးလေးရက်ဆက်တိုက် ကုန်သွားပါတယ်။ နောက်တော့ တစ်ရက်သော မွန်းလွဲပိုင်းမှာ သူ့ကို ကျုပ်မြင်လိုက်ရပါတယ်။ အဲဒါဟာ ကျုပ် သူ့ကို နောက်ဆုံးအကြိမ် မြင်လိုက်ရခြင်းပါပဲ…။

ကျုပ်မြင်လိုက်ရတုန်းက သူတစ်ယောက်တည်း မဟုတ်ပါဘူး။ သူဟာ အိမ်ရှေ့မြေကွက်လပ်ထဲမှာ လူနာနဲ့အတူ လမ်းလျှောက်နေတာပါ။ သူက လူ နာကို တွဲတားပါတယ်။ လူနာဟာ အရပ်ရှည်ရှည်။ မျက်နှာဖြူရော်ရော်နဲ့ အသက်လေးဆယ်ကျော် ငါးဆယ်တွင်း အရွယ်ပါ။ သူဟာ ညဝတ်စုံဝတ်ထား ပါတယ်။ ပြီးတော့ လူနာရဲ့ လက်တစ်ဖက်က သူ့ပခုံးကို ဖက်ထားတယ်။ လူနာနဲ့အတူ လူနာကိုစောင့်ပြီး လျှောက်လာနေတာပါ။

သူတို့ကိုမြင်တော့ ကျုပ် အံ့အားသင့်နေပါတယ်။ သူတို့ကတော့ ကျုပ်

www.burmeseclassic.com



ကို မမြင်ကြဘူး။ သူတို့နှစ်ယောက် အိမ်ရဲ့ထောင့်တစ်ထောင့်က ချိုးဝင်ပြီး ပျောက်သွားတဲ့အခါမှာ ကျုပ်ဟာ သူတို့နှစ်ယောက်ရဲ့ လှုပ်ရှားမှုကို ကျုပ်လိုပဲ စောင့်ကြည့်နေတဲ့ ယောကျ်ားအစေခံတစ်ယောက်ဆီကို ကပျာကယာ လျှောက်သွားခဲ့ပါတယ်။ သူက အိမ်ရှေ့လှေခါးခုံပေါ်မှာ ရပ်ပြီး စောင့်ကြည့်နေတာပါ။ ကျုပ်ကို မြင်တဲ့အခါမှာ ဆီးပြီး လက်ဟန်ခြေဟန်ပြပါတယ်။ သဘောကတော့ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ချစ်နေကြပြီလို့ ပြောလိုက်ခြင်းပါပဲ။

ကျုပ်က သူ့ကိုမေးလို့ သိလာရတာကတော့ ဒီလိုပါ။ အိမ်ကြီးထဲမှာ ပြောဆိုနေကြတဲ့ သတင်းအရ အိမ်ကြီးရှင်ဖြစ်တဲ့ သူတို့ သခင်ဟာ နယ်လာကို လက်ထပ်တော့မယ်တဲ့။ အမှန်အတိုင်းပြောရရင်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ် နောက်ထပ် မစုံစမ်းတော့ဘူး။ သူ့လိုမိန်းမစားတွေဟာ အများကြီးရှိနေတာပါ။ သူ့အဖို့ကတော့ အချစ်ထက် ငွေကို တန်ဖိုးထားပေသကိုးဗျ။ အဲသလို မိန်းမစားတွေ အလွန်နဲ့ကို ပေါများလှပါတယ်ဗျာ။ ဘယ်လိုဖြစ်ဖြစ် ကျုပ်အနေနဲ့ကတော့ ဆုံးဖြတ်ချက်တစ်ခု ချက်ခြင်းချလိုက်ပါတယ်။ အဲဒီနေ့မှာပဲ ကျုပ်ဟာ ကျုပ်ပစ္စည်းလေးတွေကို ထုပ်ပိုးပြီး အဲဒီအိမ်ကြီးက ထွက်လာခဲ့ပါတယ်။ အဲဒီဘက်ကို ကျုပ် လုံးဝခြေဦးမလှည့်တော့ပါဘူး။

ဒီလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရပြီးတဲ့နောက် အချိန်အတော်ကြီးကြာလာတဲ့အခါမှာ ကျုပ်ဟာ နယ်လာကို သူနာပြုဆရာမတစ်ယောက်အဖြစ်နဲ့ မတွေးဘဲ အိမ်ကြီးရှင် သခင်မအဖြစ်နဲ့ပဲ တွေးမိတယ်။ တကယ်လို့များ ဟိုလူကြီးမင်း မမာမကျန်းဖြစ်ရင် ချစ်မေတ္တာအပြည့်နဲ့ ပြုစုပါ့မလား…။ အဲဒီလူကြီးမင်းရဲ့ မှုဆိုးမအဖြစ်နဲ့တွက်ရင်တော့ သူဟာ သူလက်ထပ်ခဲ့တဲ့ ရည်ရွယ်ချက်တော့ ပြည့်ပေမပေါ့။

နောက် နှစ်နှစ်လောက်အကြာမှာ ကျုပ်ဟာ ဂျာနီကူလမ် လမ်းပေါ်က အိမ်ကြီးကိုရောက်သွားခဲ့တယ်။ အိမ်ကြီးထဲမှာ မှန်မိုး မှန်ကာ စိုက်ပျိုးပင် အဆောက်အအုံတစ်ခု လုပ်ပေးဖို့ ခေါ်တဲ့အတွက် ရောက်သွားတာပါ။ ကျုပ်အနေနဲ့ အဲဒီအဆောက်အအုံထဲမှာ အပူပိုင်းဒေသက ပန်းပင်ငယ်ကလေးတွေ ပြုစုပျိုးထောင်ပေးရမယ်…တဲ့။

အိမ်ရှင်နဲ့တွေ့ဖို့ ကျုပ်ဟာ အောက်ထပ်ခန်းမကြီးထဲက စောင့်နေပါတယ်။ ကျုပ်အဖို့ ပတ်ဝန်းကျင်ဟာ တစ်မျိုးကြီးဖြစ်နေပါတယ်။ ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ပူဆွေးနေတဲ့ပုံစံမျိုးဖြစ်နေတာပါ။ ပြတင်းပေါက်တွေအားလုံးလည်း ပိတ်ထားပါတယ်။ တီးတိုးပြောသံတွေလည်း ကြားနေရပါတယ်။ ဝင်လိုက်ထွက်လိုက်လုပ်နေတာတွေလည်း တွေ့နေရပါတယ်။ ပိုးသတ်ဆေးအနံ့လည်း ရနေပါတယ်။

အဲဒီနောက် ရက်တရက်ပဲဆိုပါတော့။ လှေကားထိပ်မှာရပ်နေတဲ့ သူ့ကို မြင်လိုက်ရပါတယ်။ သူ့ဆံပင်ကို အရင်ကလိုပဲ လက်ကိုင်ပဝါနဲ့ စည်းထားပါတယ်။ မျက်မှန်ကလည်း အရင်ကလိုပါပဲ…။ သူ့လက်ထဲမှာ လင်ပန်းတစ်ချပ်ကိုင်လို့…။

သူဟာ လှေကားအတိုင်း ဆင်းလာနေပါတယ်။ ဒါကြောင့်မို့ ကျုပ်နဲ့ မျက်နှာချင်းမဆိုင်မိအောင် ရှောင်ဖို့ မလွယ်တော့ဘူး။ ကျုပ်အနားလည်းရောက်ရော သူဟာ ရပ်လိုက်တယ်။ ကျုပ်က သူ့ကိုဆီးပြီး စကားပြောတယ်။ ဝမ်းနည်းကြေကွဲခြင်း တစ်ဝက်၊ ပြောင်ချင်လှောင်ချင်တဲ့စိတ်တစ်ဝက်ပေါ့။

"သြော်…မင်းက အခုအချိန်ထိ သူနာပြုဆရာမပဲလား…။ လက်ထပ်ပြီးပြီလို့ မတွက်တော့ဘူးလား…"လို့ မေးတယ်။

သူက ပြုံးနေတယ်။ ပြီးတော့ သူက "ဒီအကြောင်းကို ဘယ်သူက ရှင့်ကိုပြောသလဲ…"တဲ့။ "ရှင့်ကို ကျွန်မပြောခဲ့တယ်မဟုတ်လား…ကျွန်မ ဘယ်တော့မှ လက်ထပ်လိုတဲ့စိတ် မရှိတာအမှန်ပါ။ ကျွန်မဟာ သူနာပြုဆရာမတစ်ယောက်အဖြစ်နဲ့ပဲ ဘဝကို ဆက်သွားချင်တာပါ"တဲ့။

"အေးပေါ့လေ။ စပျစ်သီး ချဉ်တယ်ဆိုပါတော့ ဟုတ်လား"လို့ ကျုပ်က ပြန်ပြောတယ်။ ခင်ဗျားတို့ ကျုပ်ပြောတာကြားရင် ယုံကြပါ့မလား…။ သူက ကျုပ်ကို အချိန်တော်တော်ကြာတဲ့အထိ စိုက်ကြည့်နေတယ်။ ပြီးတော့ ခေါင်းကို တယမ်း…ယမ်းလုပ်ပြီး အဖြေပေးတယ်။

"ဒီတစ်ယောက်ကလည်း ကျွန်မကို ချစ်တယ်လို့ ဖြစ်လာတာ ရှင်သိရဲ့ လား…။ ဒီအကြောင်းတွေကို အခုချက်ချင်းပြောမပြချင်ဘူး။ ရှင် ဒီကိုလာပြီး အလုပ်လုပ်တဲ့အခါ ပြောပြပါမယ်။ ကျွန်မရဲ့ ပြတင်းပေါက်က အောက်ဆုံး မြေညီထပ်မှာရှိတယ်။ အဲဒါကို ရှင်သိနေတာပဲ"လို့ သူကပြောပါတယ်။

သူက စကားလည်းဆုံးရော ကျုပ်အနားက ထွက်သွားတယ်။ သူထွက်မသွားခင်မှာ ကျုပ်ကိုကြည့်လိုက်တဲ့အကြည့်က ထူးခြားလှပါတယ်။ "ဒီအချက်ကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသဘောတူပြီးပြီနော်”လို့ ပြောလိုက်တဲ့သဘောရှိနေပါတယ်။

ကျုပ်ကတော့ သူဟာ သူကိုယ်တိုင်က သန်စွမ်းကျန်းမာနေလေတော့… မမာမကျန်းဖြစ်နေတဲ့ လူနာတွေနဲ့ ချစ်ရေးချစ်ရာကိစ္စတွေ ဖြစ်တာကို သဘောကျသာယာပုံပေါ်တယ်လို့ ထင်တယ်။ ဒါပေမယ့် ကျုပ်က ကျန်းမာတဲ့လူဖြစ်လေတော့ ကျုပ်အတွက် မျှော်လင့်ချက် နည်းနည်းကလေးမှ ရှိမယ့်ပုံ မပေါ်ဘူးလို့လည်း တွက်တယ်။ အဲဒီတော့ကာ ကျုပ်ဟာ ကိုယ်ရမယ့်အလုပ်ကို ချက်ချင်းပဲ စွန့်လွှတ်လိုက်တယ်။ နောက်ထပ်ခေါ်တာကိုတောင် မစောင့်တော့ဘဲ၊ ကျုပ်ဟာ အိမ်ထဲက ခြေဖျားထောက်ပြီး ထွက်လာခဲ့တယ်။

*

www.burmeseclassic.com

www.burmeseclassic.com

# ရတနာသိုက်

ဖော်တာဆန်ပန်ကရာဇီယိုရဲ့ အပြင်ဘက်က အင်းစားသောက်ဆိုင် တစ်ဆိုင်မှာ ကျုပ်စားပွဲထိုးလုပ်နေတုန်းကပေါ့။ အဲဒီတုန်းက ဆိုင်ကို အမြဲလာပြီး စားသောက်လေ့ရှိတဲ့ ဟင်းသီးဟင်းခင်း စိုက်ပျိုးရေးသမား ဖောက်သည်တစ်ယောက်ရှိတယ်။ လူတိုင်းကတော့ သူ့ကို 'မာရီနီးစ်'လို့ ခေါ်ကြတယ်။ ဘာ့ကြောင့် အဲသလိုခေါ်ကြတာလဲဆိုတော့ကာ ပထမတစ်ချက်က မာရီနို မိသားစု အနွယ်ဝင်ဖြစ်တဲ့ အတွက်ကြောင့် ဖြစ်မယ်လို့ ထင်တယ်။ နောက် ဖြစ်နိုင်တဲ့ အချက်တစ်ချက်ကတော့ မာရီနိုဝိုင်ကိုကြိုက်တဲ့အတွက် ဖြစ်ချင်ဖြစ်လိမ့်မယ်။

မာရီနီးစ်လို့ခေါ်တဲ့ ဒီလူကြီးဟာ သိပ်ကိုအိုနေပြီ။ သူ့ကိုယ်သူ အသက်ဘယ်လောက်ရှိသွားပြီဆိုတာတောင် သူ မသိဘူး။ ဒါပေမယ့်...အရက်သောက်ပြီဆိုရင်တော့ လူငယ်တွေထက် အဆပေါင်းများစွာ ပိုသောက်နိုင်တယ်။ အဲ...သူသောက်နေတဲ့အခါမှာလည်း သူပြောသမျှကို နားထောင်သူရှိရင် ပြောနေတာပဲ။ တကယ်လို့ နားထောင်သူမရှိရင်တောင်မှ သူ့ကိုယ်သူ စကားပြန်ပြောနေတတ်တယ်။

လူတိုင်းသိနေကြတဲ့အတိုင်းပဲ၊ စားသောက်ဆိုင်မှာရှိနေတဲ့ ကျုပ်တို့ စားပွဲထိုးတွေဟာ ဆိုင်မှာလူကျဲလို့ အလုပ်များနေချိန်ကလွဲပြီး ကျန်တဲ့အချိန်တွေမှာ ဖောက်သည်တွေပြောသမျှ စကားတွေကို နားထောင်နေတတ်ကြပါတယ်။ မာရီနီးစ်ကတော့ အားလုံးထဲမှာ မမှန်မကန်ဇာတ်လမ်းတွေကို အများဆုံးပြောတဲ့လူပါ။ သူဟာ အပေါ်ယံအားဖြင့် မှန်ကန်တယ်လို့ ထင်ရလောက်တဲ့ ဇာတ်လမ်းတွေကို ပြောလေ့ရှိပါတယ်။

တစ်ခါမှာတော့ သူကပြောတယ်။ ဂျာမန်တွေဟာ အနီးအနားမှာရှိနေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မင်းသားတစ်ပါးရဲ့ အိမ်ကြီးကနေပြီး ငွေဒင်္ဂါးသေတ္တာကြီးတစ်လုံးကို သူ အခုသိထားတဲ့ နေရာတစ်နေရာမှာ မြှုပ်ထားတယ်...တဲ့။ တစ်ခါတလေ သူ အရက်သိပ်မူးလာတဲ့အခါ အဲဒီသေတ္တာကြီး မြှုပ်ထားတဲ့နေရာဟာ သူ့ရဲ့ဟင်း သီးဟင်းရွက် စိုက်ပျိုးခြံထဲမှာ ရှိသလိုလို ရိုးတိုးရိပ်တိပ် ပြောလေ့ရှိတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့...လေ။ သူပြောလေ့ရှိတာက တကယ်လို့သာ သူ့မှာ ချမ်းသာချင်တဲ့စိတ်ရှိရင်...သူ လူချမ်းသာဖြစ်နိုင်တယ်တဲ့။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင်တော့ သူချမ်းသာချင်ရင် ချမ်းသာလာမှာပဲ...တဲ့။ အဲဒါက ဘယ်တော့လဲ...လို့မေးတဲ့အခါ သူက “ငါ အလုပ်လုပ်ချင်စိတ်မရှိတော့လောက် အောင် အိုသွားတဲ့အခါမှာပေါ့...ကွာ”လို့ ဖြေတတ်တယ်။ သူ့အဖြေဟာ တော်တော်ကို ရယ်စရာကောင်းပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့ကို အသေအချာကြည့်လိုက်တဲ့အခါ သူ့အသက်ဟာ အနည်းဆုံး ရှစ်ဆယ်လောက်ရှိပြီ ဆိုတာ သိသာနေလို့ပါ။

ကျုပ်အနေနဲ့ ဒီရတနာသိုက်အကြောင်းကို စဉ်းစားစပြုလာမိပါတယ်။ သူပြောတဲ့အတိုင်း ဒီသိုက်ဟာ တကယ်ရှိနိုင်တယ်လို့ ကျုပ်ထင်လာတယ်။ ဘာပြုလို့လဲဆိုတော့ ဂျာမန်တွေ အုပ်စိုးနေစဉ်က သူပြောပြတဲ့ ခိုးမှုမျိုးဟာ ဖြစ်နိုင်ခြေရှိပါတယ်။ မင်းသားအနေနဲ့လည်း သူ့ပစ္စည်းကို ပြန်ရနိုင်တဲ့အခြေ အနေမရှိဘူးလို့ ယူဆနိုင်ပါတယ်။

ဒီအကြောင်းကို စဉ်းစားမိတဲ့အခါမှာ ဒီပစ္စည်းတွေဟာ မာရီနီးစ် လက်ထဲမှာ ရှိသင့်တယ်လို့ ထင်မိပါတယ်။ ဒီအဘိုးကြီးအနေနဲ့က တစ်နေ့နေ့မှာ သူ့တဲထဲနေရင်း ထိုင်ရင်း လဲကျပြီး သေသွားနိုင်ပါတယ်။ အဲသလိုသာ သေလို့ကတော့... ရတနာသိုက်ကို ဝွတ်ဘိုင်လို့ နှုတ်ဆက်ရမယ့်အပေါက်ရောက် တော့မှာ သေချာနေပါတယ်။

ကျုပ်ဟာ သူနဲ့တရင်းတနှီးဖြစ်လာအောင် အားထုတ်ပါတယ်။ သူ့ကို တတ်နိုင်သမျှ မျက်နှာလိုမျက်နှာရလုပ်ပြီး ပေါင်းခဲ့တာပါ။ ဒါပေမယ့် အဘိုးကြီးက တကယ့်လူလိမ်လူညာ လူလည်ကြီးတစ်ယောက်ပဲ...။ အရက်တွေသာ တစ်ခွက်ပြီးတစ်ခွက် မနားတမ်းဖိသောက်နေတယ်၊ သူ့ပါးစပ်ကြီးကျတော့ လုံးဝမဟဘူး...ဗျ။

သူက ကျုပ်ကိုပြောတယ်။ “တကယ်လို့ မင်းဟာ ငါ့သားဖြစ်နေရင် တောင်မှ ငါ မင့်ကိုမပြောဘူး...ဟေ့”လို့ သူကပြောတယ်။ “မင်းဟာ အသက်

www.burmeseclassic.com

www.burmeseclassic.com



ငယ်သေးတော့ အလုပ်ကောင်းကောင်းလုပ်နိုင်နေသေးတယ်...။ ငွေကြေးတကယ် လိုအပ်တဲ့လူတွေဆိုတာက သက်ကြီးရွယ်အိုတွေ...ကွ။ အသက်က သိပ်ကြီး လာတော့ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်ပြီး အလုပ်ကို လုံးဝမလုပ်နိုင်တော့ တဲ့ဘဝ ရောက်သွားပြီလေ...ကွာ"တဲ့။

နောက်ဆုံးမှာတော့ ကျုပ်ဟာ စိတ်ပျက်လက်ပျက်နဲ့ ကျုပ်ရဲ့ကိစ္စကို ယုံကြည်စိတ်ချစွာနဲ့ တခြားစားပွဲထိုးတစ်ယောက်နဲ့ တိုင်ပင်ခဲ့တယ်။ သူကတော့ ရီမီဂျီယိုလို့ ခေါ်တဲ့ လူငယ်ပါ။ ကျုပ်ထက်အသက်ငယ်ပြီး အသားဖြူဖြူနဲ့ လူချောတစ်ယောက်ဆိုပါတော့...။ ကျုပ်ရဲ့စိတ်ကူးကို ကြားတော့ သူဟာ စိတ်လှုပ်ရှားနေတယ်။ သူ စိတ်လှုပ်ရှားပုံက တစ်မျိုးပဲ။ ရူးမိုက်မိုက်ပုံစံမျိုးပါ။ တွေးပြန်တော့လည်း အရူးတစ်ယောက်တွေးသလိုမျိုးပါ။

ဘယ်လိုပဲဖြစ်ဖြစ် သူဟာ ကျုပ်စကားလည်းကြားပြီးရော လေထဲမှာ တိုက် အိမ်တွေ ဆောက်တော့တာပဲ။ ကျုပ်တို့ ချမ်းသာတော့မယ်။ ချမ်းသာရင် သူ က မော်တော်ဆိုင်ကယ်ဝယ်မယ်။ အရက်ဆိုင်တစ်ဆိုင် အတူတူဖွင့်မယ် စသည် စသည်ဖြင့် စိတ်ကူးတွေယဉ်လာတယ်။

ကျုပ်က သူ့ကိုပြောပြတယ်။ "ငါတို့ ပထမဆုံးလုပ်ရမှာက ရတနာသိုက် ကို မတွေ့တွေ့အောင်ရှာရမယ်။ ဒီကိစ္စမှာ မင်းအနေနဲ့ သိပ်ပြီး စိတ်မလှုပ်ရှားနဲ့။ ရတနာသိုက်ကိုတွေ့ရင် လေးပုံ ပုံမယ်။ သုံးပုံကို ငါယူမယ်။ တစ်ပုံကို မင်း ယူ။ မင်း ဘယ်လိုသဘောရသလဲ။ ငါပြောတာကို လက်ခံနိုင်မလား"

သူက ကျုပ်ပြောတာကို သဘောတူတယ်။ ဒါပေမယ့် စိတ်ကတော့ ထိန်းလို့မရနိုင်လောက်အောင် တက်ကြွနေဆဲပဲ။ ကျုပ်တို့ဟာ အဲဒီညမှာပဲ အချိန်းအချက်တစ်ခုလုပ်ကြတယ်။ ညသန်းခေါင်ယံကျော်ရင်ပေါ့။

အချိန်က မေလဆန်းပါ။ ကောင်းကင်မှာ ကြယ်တွေမြင်နေရတယ်။ လကလည်းသာလိုက်တာ၊ နေ့ခင်းကျနေတာပဲ။ လေကလည်း အေးအေးသာ သာကလေး တိုက်နေတယ်။ ကျုပ်အနေနဲ့ကတော့ အဘိုးကြီးတစ်ယောက်ကို ဝင်ရောက် တိုက်ခိုက်တဲ့ကိစ္စကို ဒုစရိုက်မှုတစ်ခုလို့ မမြင်တော့ဘူး။ အခု ကျုပ်လုပ်မယ့် အလုပ်ဟာ ရယ်စရာအလုပ်တစ်ခုလို့ပဲ မြင်နေတယ်။

ကျုပ်တို့ဟာ ဩရီလီယာလမ်းအတိုင်း လျှောက်လာတယ်။ လမ်းက ရှေးဟောင်းနံရံကြီးတွေကြားမှာရှိတာပါ။ အဲဒီနံရံတွေနောက်မှာတော့ ဟင်းသီး ဟင်းရွက်စိုက်ခင်းတွေနဲ့ သီလရှင်ကျောင်း စိုက်ခင်းတွေ ရှိတယ်။ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



တူရွင်းတစ်ခုကို ယူလာခဲ့တယ်။ တကယ်လို့များ မာရီနီးစ်က သူ့ပစ္စည်းကိုသုံး ခွင့်မပြုခဲ့ဖူးဆိုရင် လိုအပ်သလို သုံးဖို့ပေါ့။ ရီမီဂျီယိုကိုလည်း ကျုပ်က ဂေါ်ပြား တစ်ခုယူဖို့ ခိုင်းထားတယ်။

ကျုပ်အနေနဲ့ ခြောက်လုံးပြူးတစ်လက်လည်း ဝယ်လာခဲ့တယ်။ ကျည်ဆန်လည်း အလုံအလောက်ဝယ်လာတယ်။ ကျုပ်အနေနဲ့ ခလုတ်ကိုတော့ သတိဝိရိယထားပြီး ပိတ်ထားရတယ်။ ရတနာသိုက်အကြောင်း တွေးလိုက်မိတိုင်း ကျုပ်ဟာ ဝမ်းသာအားတက်နေမိပေမယ့် ဒီကိစ္စကို ရီမီဂျီယိုသိသွားအောင် ဖွင့်ပြောလိုက်မိတဲ့အတွက်တော့ ကျုပ်စိတ်မကောင်းဖြစ်နေမိတယ်။

ဘာ့ကြောင့်လဲဆိုတော့ အခုလို ဖွင့်ပြောလိုက်ရတဲ့အတွက် ကျုပ်အနေနဲ့ လေးပုံစလုံး အကုန်မရတော့ဘဲ တစ်ပုံလျှော့ပြီး ယူရတော့မှာ...။ ပြီးတော့လည်း ရီမီဂျီယိုဆိုတဲ့ကောင်က စကားအလွန်များတဲ့ကောင်...။ တကယ်လို့ သူက ပါးစပ်မငြိမ်ပဲ လျှောက်ပြောနေရင် ဒီပွဲဟာ အဆုံးသတ်ကောင်းမှာမဟုတ်ဘူး။ ကျုပ်တို့အားလုံး ထောင်ထဲမှာဘဝဆုံးရမှာ။

အဲဒီအတွေးကြောင့် နံရံနှစ်ခုကြားမှာ လျှောက်သွားနေတဲ့ ကျုပ်စိတ်ဟာ ပူလောင်လာတယ်။ ကျုပ်ဟာ ချက်ချင်းပဲ ဖျတ်ခနဲရပ်လိုက်ပြီး "ဟေ့... ရီမီဂျီယို...။ ဒီကိစ္စကို နှုတ်မလုံရင်တော့ ငါ မင့်ကိုသတ်မှာနော်"လို့ ပြောလိုက်တယ်။ အဲဒီတော့ သူက "ဒီလိုဆိုရင်လည်း ခင်ဗျား ကျုပ်ကို ဘာပြုလို့ တိုင်ပင်ရတာလဲ... အလက်ဆန်ဒရိုရယ်"လို့ ပြန်မေးတယ်။

"ဒါက ဒီလိုရှိတယ်...ကွ"လို့ ကျုပ်က ပြန်ရှင်းတယ်။ "တို့အနေနဲ့ မာရီနီးစ်ကို တစ်ခုခုလုပ်ချင် လုပ်ရမှာ။ ဘာ့ကြောင့်လဲဆိုတော့ သူကလည်း ဒီကိစ္စမှာ သူ အကျိုးရှိမှုအတွက် စိတ်ဝင်စားမှုရှိချင်ရှိနေမှာ။ ပြီးတော့ သူက ပုလိပ်ကို တိုင်ချင်တိုင်မှာဆိုတော့ မတိုင်အောင် လုပ်ထားဖို့တော့လိုမယ်။ သဘောကတော့ကွာ မင်းရဲ့ဝေစုထဲက နည်းနည်းပါးပါး သူ့ကိုပေးချင်ပေးရမယ်။ ဒါကို မင်းနားလည်ထားဖို့လိုမယ်...။ ဘယ့်နှယ့်လဲ" အဲဒီတော့ သူက နားလည်ပါတယ်...တဲ့။ ကျုပ်ကလည်း ထုတ်ထားတဲ့ ခြောက်လုံးပြူးကို အိတ်ထဲပြန် ထည့်လိုက်ပြီး ဆက်လျှောက်လာခဲ့ကြတယ်...။

လမ်းမကြီးရဲ့ အောက်ဘက်အထိ နည်းနည်းလျှောက်မိတဲ့အခါ ညာဘက်မှာ ရေးဟောင်းဂိတ်တံခါးကြီးတစ်ခုရှိတယ်။ ရေးခေတ်တိုင်ကြီးတွေနဲ့ တခန့်တညားပဲ။ အပေါ်ဘက်က မြင့်မိုရ်ပိတ်ထိပ်မှာတော့ လက်တင်ဘာသာနဲ့ ရေး

www.burmeseclassic.com

www.burmeseclassic.com



ထိုးထားတဲ့ ကမ္ပည်းစာတွေရှိတယ်။ ဂိတ်တံခါးကြီးတွေရဲ့ မူလအရောင်ဟာ အစိမ်းရောင်ပါ။ အခုတော့ အရောင်တွေက လွင့်ပြီ။ တချို့နေရာတွေမှာ ကျိုးပဲ့ပျက်စီးနေကြပါပြီ။

အဲဒီဂိတ်တံခါးပျက်ကြီးတွေရဲ့နောက်မှာ မာရီနီးစ်ရဲ့'ဟင်းသီးဟင်းခင်း စိုက်ပျိုးခြံရှိနေတယ်ဆိုတာ ကျုပ် သိထားပါတယ်။ ကျုပ်ဟာ လမ်းမကြီးရဲ့ ဟိုဘက်ထိပ် သည်ဘက်ထိပ်ကို ပိုက်စိပ်တိုက်ပြီး ကြည့်လိုက်ပါတယ်။ လမ်းပေါ်မှာ လူတစ်ယောက်မှ မရှိပါဘူး။ ကျုပ်ဟာ ဂိတ်တံခါးကို တွန်းဖွင့်လိုက်ပြီး အတွင်းကို ဝင်ခဲ့ပါတယ်။ ရီမီဂျီယိုကတော့ ကျုပ်နောက်ကကပ်ပြီး လိုက်လာတယ်။

ကျုပ်အနေနဲ့ ဒီနေရာအထိလာပြီး ဟင်းသီးဟင်းရွက် မဝယ်ဖူးခဲ့ပါဘူး။ ဒါပေမယ့် အခု စိုက်ခင်းကိုကြည့်လိုက်တော့ ကျုပ်စိတ်ထဲမှာ အံ့မခန်း ဖြစ်သွားရပါတယ်။ ကျုပ်တို့ ရှေ့တည့်တည့် လရောင်အောက်မှာ လှလိုက်တဲ့ ဟင်းသီးဟင်းရွက်ခင်းတွေ...။ ဘေးပတ်ပတ်လည်မှာ ရှိနေတဲ့ ရေသွင်းမြောင်းတွေထဲက ရေတွေဟာ လရောင်နဲ့ လက်လက်ထနေပါတယ်။ စနစ်တကျ ဖောက်ထားတာမို့ တန်းစီပြီး ညိထားသလားလို့တောင် ထင်ရပါတယ်။

စိုက်ပျိုးခြံရဲ့ တစ်ဖက်အိမ်မှာ မာရီနီးစ်ရဲ့ တဲလေးရှိပါတယ်။ တဲဆီက လှမ်းကြည့်လိုက်ရင် မြင်နေရတဲ့ အသီးအရွက်ပင်တွေကဖြင့် လှလိုက်တာ အလွန်ပါပဲ။ စိမ်းစိုနေတဲ့ ဆလတ်ပင်တွေ၊ ခရမ်းချဉ်ပင်တွေ၊ မုန်လာထုပ်ကြီးတွေ၊ ပန်းဂေါ်ဖီထုပ်ကြီးတွေ။ ခရမ်းချဉ်သီးတွေကလည်း သီးနေလိုက်ကြတာ အများကြီးပဲ။ မှည့်ဝင်းနေကြတဲ့အသီးတွေဟာ ခူးရက်စရာတောင် မရှိပါကလား...။ ခြံထဲမှာ မြင်နေရတဲ့ သီးပင်တွေကလည်း အမျိုးကိုစုံနေတာပဲ...။ မက်မွန်သီး၊ မက်မန်းသီး၊ သစ်တော်သီး၊ ပန်းသီး စသည်...စသည်ဖြင့် အံ့မခန်းရှိလောက် စရာပါပဲ...။

ဘယ်အပင်ကိုပဲကြည့်ကြည့် ဥယျာဉ်မှူးရဲ့ ကျွမ်းကျင်လှတဲ့ လက်ရာအထိ အတွေ့ကို မြင်နေရပါတယ်။ နှစ်ရှည်သီးပင်တွေဆီက အသီးတွေဟာ လရောင်အောက်မှာ အခိုင်လိုက်၊ အလုံးလိုက်၊ သစ်ရွက်သစ်ကိုင်းတွေကြားက တိုးထွက်နေကြပါတယ်။ အပင်သေးသေး အပင်ကြီးကြီး အပင်တိုင်းဟာ ဥယျာဉ်မှူးရဲ့ ကြီးမားတဲ့ အတွေ့အကြုံတွေရဲ့ လမ်းညွှန်မှုကိုရယူထားတယ်ဆိုတာ မြင်ရုံနဲ့သိသာနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရတနာသိုက်အကြောင်းကလွဲလို့ တခြားဘာကိုမှ မတွေးတော့တဲ့ ရီမီဂျီယိုက စိတ်မရှည်တဲ့လေသံနဲ့ ကျုပ်ကို လှမ်းမေးတယ်။ "မာရီနီးစ် ဘယ်မှာလဲ"တဲ့…။ "ဟိုမှာလေ… ကွာ…"လို့ ကျုပ်ကပြောပြီး စိုက်ခင်းတွေရဲ့ အစွန်းတစ်ဖက်က တဲကို လက်ညှိုးထိုးပြလိုက်တယ်။

ကျုပ်တို့ဟာ ကြက်သွန်ဖြူပင်ပေါင်နဲ့ မုန်ညင်းရွက်ပေါင်တွေကြား အတိုင်း လျှောက်လာကြတယ်။ ရီမီဂျီယိုရဲ့ ခြေတစ်ဖက်ဟာ ဆလတ်ပင်တစ်ပင်ပေါ်ကို တက်နင်းမိတယ်။ "သောက်ရူးရယ်…။ မင့်မျက်စိကန်းနေသလား"လို့ ကျုပ်က ရေရွတ်လိုက်ပြီး သူနင်းသွားတဲ့ ဆလတ်ရွက်ပင်က အရွက်တစ်ရွက်ကို ယူပြီး ပါးစပ်ထဲထည့်ဝါးလုက်တယ်။ ချိုလိုက်တာ…။ အရည်ကလည်းရွှမ်း လတ်ဆတ်တာကလည်း အလွန်ပဲကိုး…။

နောက်ဆုံးမှာ ကျုပ်တို့ဟာ တဲဆီကိုရောက်သွားကြတယ်။ မာရီနီးစ်ရဲ့ ခွေးဟာ ကျုပ်ကိုသိနေတာဆိုတော့ အမြီးတနံ့နံ့နဲ့ ထွက်လာပြီးကြိုတယ်။ ခွေးက အရောင်ဝါတာတာနဲ့ ဟင်းသီးဟင်းခင်းစိုက်တဲ့လူတွေ မွေးလေ့မွေးထရှိတဲ့ခွေးအမျိုးအစားထဲကပဲ။ ဒီခွေးမျိုးက လိမ်တော့ လိမ်မာကြတယ်…ဗျ။

ကျုပ် ပိတ်ထားတဲ့တဲတံခါးကို ခေါက်တယ်။ ပထမတော့ အသာလေးခေါက်တာပါ။ အဲဒီနောက် အသံကျယ်ကျယ်ခေါက်တယ်။ နောက်ဆုံး ဘယ်သူမှ ပေါ်မလာတော့ ကျုပ်က တံခါးကို လက်သီးဆုပ်နဲ့ထုတယ်။ သူ့အသံကြောင့် ကျုပ်တို့နှစ်ယောက်စလုံး လန့်ပြီး ခုန်လိုက်မိကြတယ်။ အသံက တဲထဲကလာမယ်လို့ ထင်ထားတာ။ အခုလာတာက အနီးအနား ချုံပုတ်တွေထဲက ပေါ်လာတာဗျ။ "ဟေ့… ဘယ်သူလဲ…။ ဘာလိုချင်လို့လဲ"တဲ့။

သူ့လက်ထဲမှာ တူရွင်းပြားကြီးကိုင်လို့။ အခုလို ညကြီးမင်းကြီးမှာတောင် အလုပ်သိပ်ရှုပ်နေပုံရတယ်။ သူဟာ လရောင်အောက်မှာပဲ ကျုပ်တို့ဆီ လျှောက်လာတယ်။ ခါးကကုန်းကုန်း။ မျက်နှာက နီရဲရဲ…။ မေးစေ့က ထွက်နေတဲ့ အမွေးတွေက ဖြူဖွေးနေတယ်။ တကယ့်စံပြ စိုက်ပျိုးသမားဥယျာဉ်မှူးတစ်ယောက်ပါပဲ။ မိုးလင်းကမိုးချုပ် တကုပ်ကုပ်နဲ့ သူစိုက်ပျိုးထားတဲ့အပင်တွေပေါ်မှာ တစ်ငုံ့ငုံ့ပါလား။

"မိတ်ဆွေတွေပါ…ဗျာ"လို့ ကျုပ်ကပြန်ပြောတယ်။ အဲဒီတော့ သူက "ငါ့မှာ မိတ်ဆွေမရှိဘူး… ကွ"လို့ ပြောပြီး ကျုပ်တို့နားအထိ လျှောက်လာတယ်။ "အော် မင်းလား…ကွ"လို့ ရေရွတ်တယ်။ "မင်းကျတော့ ငါသိတယ်…

www.burmeseclassic.com

www.burmeseclassic.com



ဟော့၊ မင်းက အလက်ဆန်ဒရီမဟုတ်လား…”တဲ့။

“ဟုတ်ပါတယ် အလက်ဆန်ဒရီပါပဲ”လို့ ကျုပ်က အဖြေပေးလိုက်ပြီး ကျုပ်အိတ်ကပ်ထဲက သေနတ်ကို ထုတ်လိုက်တယ်။ ဒါပေမယ့် သူ့ကိုမချိန်ဘဲနဲ့ “ဒီမယ် မာရီနီးစ်… ရတနာသိုက် ဘယ်နေရာမှာလဲ…ကျုပ်တို့ကိုပြောပြစမ်း၊ ကျုပ်တို့ ခွဲယူကြမယ်။ ခင်ဗျားက မပြောရင်လည်း ကျုပ်တို့ဘာသာရှာပြီးခွဲယူမှာပဲ။ အဲဒီတော့ ဘာမှမထူးဘူး။ အေးအေးဆေးဆေး သာပြောပေတော့”လို့ ကျုပ်က ပြောလိုက်တယ်။

ကျုပ်က သူ့ကိုသေနတ်နဲ့ချိန်ထားလိုက်တော့ သူက သူ့ရဲ့လက်ဝါးကြီးနဲ့ သေနတ်ကို အုပ်ကိုင်ထားတယ်။ သူလုပ်ပုံက ဒါမျိုးတွေမလိုပါဘူးကွာ။ လုပ်မနေစမ်းပါနဲ့လို့ ပြောလိုက်သလိုပဲ။ “မင်းပြောတာ ဘာရတနာသိုက်လဲ” တဲ့။ “ငွေထည်ပစ္စည်းတွေ…လေ။ ဂျာမန်တွေ ခိုးသွားတဲ့ ငွေထည်တွေကိုပြောနေတာ။ ဂျာမန်တွေက မင်းသားတစ်ပါးဆီက ခိုးသွားတာ…လေ”

“ဟာ ဘာမင်းသားလဲ” တဲ့။ ကျုပ်က “ခင်ဗျားပြောတဲ့ မင်းသားပေါ့။ ခင်ဗျားပဲ ပြောခဲ့ဖူးတာပဲ။ မင်းသားဆီက ဂျာမန်တွေက ခိုးသွားတဲ့ပစ္စည်းတွေကို ဒီဥယျာဉ်ထဲမှာ မြှုပ်ထားတယ်…ဆို။ ခင်ဗျားပြောခဲ့တာပဲ မဟုတ်လား” လို့ ပြန်ပြောတယ်။

သူက ပြန်မေးတယ်။ “ဘာဥယျာဉ်လဲ”တဲ့။ “ခင်ဗျားရဲ့ဥယျာဉ်လေ။ ဘာလဲ ကျုပ်ကို အရူးလုပ်ချင်နေသလား…။ မလုပ်ချင်စမ်းပါနဲ့။ ခင်ဗျားနေရာကို သိပါတယ်။ ပြောမှာသာပြောဗျာ” လို့ ကျုပ်ကပြန်ပြောတော့ သူဟာ ခေါင်းကိုငုံ့ထားရာက “သြော်…မင်းပြောနေတာ ရတနာသိုက်ကို ပြောနေတာလား”တဲ့။

“ဟုတ်တယ်လေ။ ရတနာသိုက်ကိုပြောတာ”

“အေး အဲဒါဆိုရင် လိုက်ခဲ့။ တို့ချက်ချင်းတူးကြမယ်။ ရော့…မင်းက ဒီတူရွင်းကို ယူ။ သူ့ကို တို့က တစ်ချောင်းထပ်ပေးတာပေါ့…”

ကျုပ် အံ့အားသင့်နေမိတယ်။ သူ့ဘက်က အခုလောက်အထိ မြန်မြန်ဆန်ဆန် သဘောတူလိမ့်မယ်လို့ ကျုပ်က မျှော်လင့်ထားတာမဟုတ်ဘူး။ ဒါပေမယ့် သူခေါ်တဲ့အတိုင်းပဲ။ သူ့နောက်က လိုက်သွားတယ်။ သူဟာ တဲကိုပတ်ပြီး တဲနောက်ကိုသွားတယ်။ ပါးစပ်မှလည်း “ရတနာတွေ…အေး ဟုတ်တယ်…။ သိပ်လှတဲ့ရတနာတွေကို မင်းတို့မြင်ရမှာပါ”လို့ တတွတ်တွတ်

www.burmeseclassic.com

www.burmeseclassic.com



ပြောသွားနေတယ်…။

ခဏနေတော့ သူဟာ တဲနောက်က တူရွင်းတစ်ချောင်းကိုင်ပြီး ပြန်ထွက်လာတယ်။ ပြီးတော့ သူ့လက်ထဲက တူရွင်းကို ရီမီဂျီယိုကို လှမ်းပေးပြီး ရှေ့ကထွက်သွားတယ်။ ပါးစပ်ကလည်း "ကဲ…လာကြ။ မင်းတို့က ရတနာသိုက်ကို လိုချင်နေကြတာကိုး…။ ရစေရမပေါ့ကွယ်"လို့ ပြောသွားနေတယ်။

တဲနောက်ကမြေဟာ မြေရိုင်း…ဗျ။ အရင်က စိုက်ပျိုးထားတဲ့ လက္ခဏာမရှိဘူး။ မြေပေါ်မှာ အညစ်အကြေး အမှိုက်သရိုက်တွေပဲရှိတယ်။ ဆက်လျှောက်သွားလိုက်ရင် တန်းစီနေတဲ့သစ်ပင်တွေကို တွေ့ရတယ်။ အဲဒီနောက်မှာတော့ နံရံတစ်ခု…။ ဒီစိုက်ပျိုးခြံကို အနားသတ်ထားတဲ့ ဩရီလီယာလမ်းရဲ့ တစ်ဖက်က နံရံလိုပဲ။ သူဟာ သစ်ပင်တွေဘေးက လူသွားလမ်းအတိုင်း လျှောက်သွားပြီး စိုက်ပျိုးခြံရဲ့ ဟိုတစ်ဖက်အစွန်းထိ ရောက်အောင်သွားတယ်။ အဲဒီနေရာကျတော့ နံရံဟာ ထောင့်ချိုးဖြစ်နေပြီ။ သူဟာ အဲဒီနေရာအရောက်မှာ ရပ်လိုက်ပြီး မြေကြီးကို ဖနောင့်နဲ့ပေါက်လိုက်တယ်။ "ကဲ… လာကြ၊ ဒီနေရာမှာတူး၊ ရတနာသိုက်က ဒီမှာရှိတာ"လို့ ပြောတယ်။

ကျုပ်က တူရွင်းကို စတူးတယ်။ ရီမီဂျီယိုက တူရွင်းတစ်ချောင်း ကိုင်ပြီး ဘေးက ရပ်ကြည့်နေတယ်။ "မင်းလဲ တူးလေကွာ"လို့ မာရီနီးစ်က ပြောတယ်။ "မင်းလဲ ရတနာတွေကို လိုချင်နေတာပဲ မဟုတ်လား"တဲ့။

ဒီစကားကြားတော့ ရီမီဂျီယိုဟာ ဒေါသတကြီးနဲ့ မြေကြီးကို တူးတယ်။ အဲဒီတော့ မာရီနီးစ်က "ဖြည်းဖြည်းပဲလုပ်ပါကွာ၊ အချိန်တွေ အများကြီးရှိပါတယ်"လို့ ပြောတယ်။ သူ့စကားကြားတော့ ရီမီဂျီယိုက အရူးအမူးတူးနေတဲ့ အရှိန်ကို လျှော့လိုက်တယ်။ လက်ထဲက တူရွင်းပြားကိုလဲ သူ့ခြေထောက်နားမှာ ပစ်ချလိုက်တယ်။

မာရီနီးစ်က တူရွင်းပြားကို ကောက်ယူလိုက်ပြီး ပြောတယ်။ "ကိုင်ရင် ဟောဒီသလိုကိုင်၊ ဟောသလို မြေကြီးပေါ်စိုက်၊ မင့်ခြေတစ်ဖက်နဲ့ ဟော့သလို နင်းလိုက်ရင် လွယ်လွယ်ကလေး မြေကြီးထဲ ဝင်သွားလိမ့်မယ်၊ အဲသလို မလုပ်လို့ကတော့ မင်း တူရွင်းပြားနဲ့ မြေတူးတတ်မှာ မဟုတ်ဘူး"တဲ့။

နောက်ပြီးတော့ သူက ဆက်ပြောတယ်။ "တစ်ခါတူးရင် အကွာအဝေးနဲ့ အကျယ်ကို တစ်ညီတည်းဖြစ်ပစေ၊ နှစ်ကိုက်လောက်ဆိုရင်ရတယ်။ အဲဒီထက် မပိုစေနဲ့၊ ရတနာက အဲဒီအောက်မှာရှိတာ၊ ကဲ မင်းတို့ တူးနေနှင့်ကြ

www.burmeseclassic.com

www.burmeseclassic.com



ငါ လျှောက်ကြည့်လိုက်ဦးမယ်” တဲ့။

“မသွားနဲ့၊ ခင်ဗျားသွားလို့ မရသေးဘူး၊ ဒီမှာပဲနေဦး”လို့ ကျုပ်က ပြောတယ်။ “ဟာ ကွာ၊ မင်းက ဘာကိုကြောက်နေသလဲ၊ ဒီနေရာမှာ ရတနာသိုက်ရှိပါတယ်လို့ မင့်ကို ပြောထားပြီးပြီ မဟုတ်လား၊ အဲဒီရတနာသိုက်ဟာ မင့်ဟာပါလို့လဲ ငါ မင့်ကို ပြောထားပြီးပြီလေကွာ”

ကျုပ်တို့ဟာ မြေကြီးကို တူးမြဲတိုင်း ဆက်တူးကြတယ်။ မြေကြီးက မာလဲမာ ချောက်ထဲ ချောက်ရတဲ့အထဲ ခဲကျောက်ခဲတွေ သစ်မြစ်တွေက များလွန်းတော့ တူးရတာ သိပ်ကို လက်ဝင်လှပါတယ်။ ကျုပ်ကတော့ တူးလို့ရတဲ့ မြေတွေကို တစ်ဖက်မှာပုံတယ်။ မာရီနီးစ်ကတော့ ဘာမှ ကူညီပြီး လုပ်မပေးပေမယ့် ဘေးကနေပြီး အကြံတော့ပေးတယ်။ “သိပ်ရှေ့လောမကြီးနဲ့လေ၊ ဖြည်းဖြည်းပဲတူးပါ။ အဲဒီသစ်မြစ်ကိုတော့ တူးပစ်မှဖြစ်မယ်။ အဲဒီကျောက်တုံးကိုလည်း ဖယ်ပစ်မှပေါ့” စသည် စသည်ဖြင့် ပြောပေးနေပါတယ်။

တစ်ကြိမ်မှာတော့ အရောင်မည်းမည်းနဲ့ ခပ်ရှည်ရှည် အရိုးတစ်ချောင်း မြေကြီးထဲက ထွက်လာတယ်။ သူက ယူကြည့်ပြီး “ဒါ အမဲရိုးကွ”လို့ ပြောတယ်။ “ကဲ...မြင်လား။ မင်းတို့ အခုဆိုရင် အရာဝတ္ထုတချို့ကို တွေ့စပြုလာပြီကွ”တဲ့။

သူပြောလိုက်တဲ့စကားဟာ အလေးအနက်လား။ ပြောင်တာလား။ ကျုပ် ခွဲခြားလို့မရဘူး။ အေးမြနေတဲ့ညထဲမှာ ကျုပ်တစ်ကိုယ်လုံး ချွေးတွေနဲ့ နစ်နေတယ်။ ကျုပ် ရီမီဂျီယိုကို လှမ်းကြည့်လိုက်တယ်။ သူ မောနေတာရယ်။ တရကြမ်း အငမ်းမရတူးနေတာရယ်ကို မြင်တော့ ကျုပ် ဒေါသဖြစ်လိုက်မိသေးတယ်။

ဒါပေမယ့် ကျုပ်တို့ဟာ တူးလက်စအတိုင်း မရပ်မနား ဆက်တူးကြတယ်...။ တူးနေတာ အချိန်အကြာကြီး...ပဲ။ ဘာမှလည်း ပေါ်မလာဘူး။ ဒီတစ်ကြိမ်မှာ ကျုပ်တို့ဟာ စတုရန်းကွက်ချပြီး တူးသွားလိုက်ကြတာ သုံးပေကျော်ကျော်လောက်လည်း တူးမိရော မြေကြီးဟာ အစိုဓာတ်ရှိနေတာ တွေ့ရတယ်။ အရောင်ကလည်း အညိုရောင်...။

အထဲမှာ သေတ္တာတို့ အိတ်တို့ ဘာတစ်ခုမှ မတွေ့ဘူး။ ရုတ်တရက် ကျုပ်က ရီမီဂျီယိုကို မြေဆက်မတူးဘဲ ရပ်လိုက်ဖို့ ပြောတယ်။ ပြီးတော့ ကျုပ် ကျင်းထဲက တက်လာခဲ့တယ်။ မာရီနီးစ်ကို တွေ့တော့ ကျုပ်က “ကဲ... ခင်ဗျား ကျုပ်ကို အမှန်အတိုင်းပြောပါ။ ရတနာသိုက် ဘယ်မှာလဲ။ အခု ကျင်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာတော့ ဘာမှမရှိဘူး။ ခင်ဗျား ကျုပ်တို့ကို အရူးလုပ်နေပြီလို့ ကျုပ်ထင်တယ်”လို့ ပြောလိုက်တယ်။

သူကလည်း သူ့ပါးစပ်မှာ ခဲထားတဲ့ ဆေးတံကို ချွတ်လိုက်ပြီး ချက်ချင်း ပြန်ပြောတယ်။ “မင်းက ရတနာသိုက်ကို မြင်ချင်နေတယ် မဟုတ်လား”တဲ့။ “ကောင်းပြီ... လေ။ မင်း မြင်ချင်နေတဲ့ဟာကို ငါက ပြရမှာပေါ့”တဲ့။

ဒီတစ်ခါ သူထွက်သွားတာကို ကျုပ်က မတားတော့ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျုပ်ကိုယ်တိုင် သိပ်မောနေတာလည်း တစ်ကြောင်း၊ ပြီးတော့ ကျုပ်စိတ်ထဲမှာ ရတနာသိုက်အပေါ် သိပ်ပြီးအလေးအနက်မရှိတော့သလို ဖြစ်သွားတာလည်း တစ်ကြောင်းကြောင့်ပါ။

ကျုပ် သူ့ကို စောင့်ကြည့်နေတယ်။ သူဟာ ကျုပ်စောစောက မမြင်ခဲ့ရတဲ့တဲတစ်လုံးဆီကိုသွားတယ်။ တဲက သစ်ပင်တွေရဲ့နောက်မှာ...။ “ဟိုလူကြီး လစ်ပြေးပြီ”လို့ ရီမီဂျီယိုကပြောတယ်။ ကျုပ်က နဖူးကချွေးတွေကို လက်နဲ့သပ်ချလိုက်ပြီး “မဟုတ်ပါဘူး။ သူလစ်မပြေးပါဘူး”လို့ ပြန်ပြောလိုက်တယ်။

နောက် ခဏကြာတော့ သူ တဲထဲကပြန်ထွက်လာတယ်။ ကောက်ရိုးတွေအပြည့်တင်ထားတဲ့ လက်တွန်းလှည်းလေးတစ်စီးကို တွန်းပြီး ထွက်လာတာ။ သူဟာ လှည်းကို ကျုပ်တို့တူးထားတဲ့ ကျင်းနားအထိ တွန်းသွားတယ်။ ပြီးတော့ ကောက်ရိုးတွေကို တွင်းထဲချလိုက်တယ်။ သူကိုယ်တိုင် တွင်းထဲကိုဆင်းပြီး လက်နှစ်ဖက်နဲ့ ကောက်ရိုးတွေကို ညီသွားအောင်ပြုပြင်ပေးတယ်။

ကျုပ်က စိတ်မရှည်တော့ဘူး။ “ဘယ်လိုလဲ... ရတနာသိုက်က ဘယ်မှာလဲ”လို့ မေးလိုက်တော့ သူက “ဒါ... ရတနာသိုက်ပဲပေါ့...”လို့ ပြန်ပြောတယ်။ “မင်း သေသေချာချာကြည့်စမ်း၊ ဘယ်လောက်လှသလဲ”တဲ့။

တစ်ချိန်ထဲမှာပဲ သူဟာ ကောက်ရိုးလက်တစ်ဆုပ်ယူပြီး ကျုပ်ရဲ့မျက်နှာနားမှာ ထောင်ပြတယ် “ဒီမှာကြည့်စမ်း”လို့ ပြောတယ်။ “ဘယ်လောက်လှသလဲ၊ ရွှေနဲ့မတူဘူးလား၊ ဒါဟာ နွားမတွေက လုပ်ပေးတာကွ၊ ဒါမှတကယ့် ရတနာသိုက်စစ်စစ်ပဲ၊ ဒီလို ရတနာသိုက်မျိုးကို မင်း ဘယ်မှာသွားရှာမလဲ”တဲ့။

သူဟာ ဒီစကားကို သူ့ကိုယ်သူပြောနေသလို ပြောတာ။ ကျုပ်တို့ရှိနေတာကိုတောင်မှ မသိတဲ့လက္ခဏာပဲ။ သူဟာ ပြောနေရင်းကပဲ တွင်းထဲကတက်လာတယ်။ လက်တွန်းလှည်းကို တွန်းပြီး တဲဘက်ကို ပြန်သွားတယ်။ ကောက်

www.burmeseclassic.com

www.burmeseclassic.com



ရိုးတွေ ထပ်တင်ပြီး တွင်းဘက်ကို ယူလာတယ်။ တွင်းထဲကို ကောက်ရိုးတွေ ထပ်ချပြီး ညီနေအောင် ညှိပေးနေတယ်။

"ဒီမှာမြင်လား...။ ဒါဟာ ရတနာသိုက်အစစ်ပဲ။ တကယ့်ရတနာသိုက်က ဒါပဲ...ကွ"တဲ့။ ကျုပ်က ရီမီဂျီယိုကိုကြည့်တော့ ရီမီဂျီယိုက ကျုပ်ကိုပြန်ကြည့်တယ်။ ကျုပ်ဟာ သတ္တိပြန်မွေးပြီး ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်တယ်။ မာရီနီးစ်က ခြောက်လုံးပြူးကို သူ့လက်ကြီးတစ်ဖက်နဲ့ တွန်းဖယ်ပစ်လိုက်တယ်။ သူ့အနေနဲ့ ခြောက်လုံးပြူးသေနတ်ကို သစ်သားတစ်ချောင်းလို့ ယူဆထားပုံပါပဲ...။

"အဲဒါတွေ မလုပ်နဲ့တော့ကွာ။ ရပ်လိုက်တော့"လို့ သူကပြောတယ်။ "မင်း ငွေထည်လိုချင်ရင် ဘယ်မှာရနိုင်တယ်ဆိုတာ မသိဘူးလား"တဲ့။ "ဘယ်မှာရမလဲ"လို့ ကျုပ်ကမေးတော့ "ဆိုင်တစ်ဆိုင်မှာပေါ့ကွာ"တဲ့...။ "တကယ်လို့ မင်းက သူတို့ကို လိုင်ယာငွေ ထောင်နဲ့ချီပြီး လုံလောက်အောင်ပေးနိုင်ရင် ငွေထည်ပစ္စည်းကို မင်းလိုသလောက်ရနိုင်ပါတယ်..."တဲ့။

ဒီလူကြီးဟာ ကျုပ်တို့ကို တစ်ချိန်လုံး အရူးလုပ်နေတာပဲ။ ရီမီဂျီယိုက သူ့ဒေါသကို ထိန်းချုပ်ထားတဲ့လေသံနဲ့ "ခင်ဗျားခိုင်းလို့ ကျုပ်တို့ တူးထားရတဲ့ တွင်းကို ကျုပ်တို့ ဘာလုပ်ရမှာလဲ"လို့ လှမ်းမေးတယ်။ "အဲဒါလား...။ အဲဒါ ငါ့အတွက် မြေသြဇာထည့်တဲ့ မြေဆွေးကျင်းပေါ့...ဟ။ ငါ အခုလတ်တလော လိုနေတဲ့ ကျင်းပဲ။ မင်းတို့ကယ်လို့ ငါ ဒုက္ခငြိမ်းသွားပြီ..."လို့ သူကပြန်ပြောတယ်။

ကျုပ်အနေနဲ့ တစ်ကိုယ်လုံးမှာရှိသမျှ ခွန်အားဆုတ်ယုတ်သွားသလိုဖြစ်သွားတယ်။ အမှန်တော့ ကျုပ် သူ့ကိုခြိမ်းခြောက်သင့်တယ်။ ကြိမ်းမောင်းသင့်တယ်။ ဖြစ်နိုင်ရင် သေနတ်နဲ့တောင်ပစ်သင့်တယ်။ ဒါပေမယ့် တွင်းတူးထားလို့ မောတာကတစ်မျိုး၊ စိတ်ခတ်ကျနေတာက တစ်မျိုးနဲ့ ကျုပ် ဘာမှမလုပ်နိုင်တော့ဘူး။

"ဒါဆိုရင် ခင်ဗျားပြောခဲ့တဲ့ ရတနာသိုက်ဆိုတာ မရှိဘူးပေါ့... ဟုတ်လား" လို့ ကျုပ်ကမေးတယ်။ ကျုပ် မျှော်လင့်တာက ဟုတ်တယ်ဟ့...တကယ်ရှိတာမဟုတ်ဘူးဆိုတဲ့အဖြေပါ။ ဒါပေမယ့်...ဗျာ၊ ဒီမကောင်းဆိုးဝါးကြီးဟာ ကျုပ်ထင်ထားတဲ့အဖြေကို မပေးဘူးဗျ သိလား။

"ရှိလည်း ရှိတယ်။ မရှိလည်း မရှိဘူး"တဲ့...။ သူ့အဖြေက ကိုးလိုးကန့်

www.burmeseclassic.com

www.burmeseclassic.com



လန့် နိုင်နေတယ်။

"နေပါဦး…။ ခင်ဗျားပြောနေတာ ဘာအဓိပ္ပာယ်လဲ"

"ငါပြောတာက ဒီလို…။ မင့်အနေနဲ့ နေ့ခင်းနေ့လယ်ဘက်မှာ မိတ်ဆွေ အပေါင်းအသင်းပုံစံမျိုးနဲ့ လာတယ်ဆိုပါတော့၊ မင်းပြောတာဟာ ရှိကောင်း ရှိမှာပဲ။ ဒါပေမဲ့ အခုလိုပုံနဲ့ကျတော့ မရှိနိုင်ဘူးပေါ့"

စကားလည်းဆုံးရော သူဟာ ကျုပ်တို့နှစ်ယောက်ရှိနေတာကို လုံးဝဂရု မစိုက်တော့ဘူး။ သူ့တဲဘက်ကို လှည့်ထွက်သွားတယ်။ ကျုပ် သူ့နောက်ကို အပြေးလိုက်သွားပြီး အင်္ကျီလက်မောင်းကို ဆွဲထားတယ်။ "နေပါဦး…။ မာရီ နီးစ်…"လို့ပြောတော့ သူကလှည့်ကြည့်တယ်။

"မင်း ဘာပြုလို့ ငါ့ကိုသေနတ်နဲ့ မပစ်တာလဲ…။ မင့်မှာပစ္စတိုပါလာတယ် မဟုတ်လား"

"ကျုပ် မပစ်ချင်ဘူး။ ကျုပ်တို့ ရတနာသိုက်ကို တစ်ဝက်စီခွဲယူကြမယ် လေဗျာ"

"မင်း ရိုးရိုးရှင်းရှင်းပြောပြီး ဝန်ခံပါ…ကွာ။ မင်း ငါ့ကိုသေနတ်နဲ့မပစ် ရဲဘူးမဟုတ်လား။ မင်း သတ္တိမရှိပါဘူး…။ မင်းဟာ အလကားကောင်ပါ။ တခြားလူတစ်ယောက်သာ မင့်နေရာမှာဆိုရင် ငါ့ကိုသေနတ်နဲ့ပစ်မှာပဲ။ ဂျာမန် တွေဆိုရင် ဒီလိုဟာမျိုးကို ပစ်လေ့ပစ်ထရှိတာမို့… သေချာပေါက်ကိုပစ်မှာ"

"ကျုပ်က ဂျာမန်မှမဟုတ်တာပဲဗျ"

"ကောင်းပြီ…မင်း ဂျာမန်တစ်ယောက်မဟုတ်ဘူးဆိုရင် ညောင်းပေ တော့ ငါ့လူရေ့…။ မင့်ကို နှုတ်ဆက်လိုက်ပါတယ်။ မင်္ဂလာညပါ"

သူဟာ အဲဒီစကားတွေကို ပြောအပြီးမှာ သူ့တဲထဲကို ပြန်ဝင်သွားပြီး တဲတံခါးကို ဂျောင်းခနဲမြည်အောင် တစ်အားဆောင့်ပိတ်လိုက်တယ်။

အဲဒီမှာတင်ပဲ ရတနာသိုက် ဇာတ်လမ်းကဆုံးသွားတယ်။ နောက်တစ် နေ့ ခါတိုင်းလာနေကျအချိန်မှာ မာရီနီးစ်ဟာ ထုံးစံအတိုင်း ဆိုင်ကိုရောက်လာ တယ်။ ကျုပ်က သူ့အတွက် ဝိုင်ပုလင်းယူလာပြီး ချပေးတော့… ကျုပ်ကို အသေအချာကြည့်ပြီး အော်ကြီးဟစ်ကျယ်ပြောတယ်။

"ဟား… ရတနာသိုက်ကို လိုက်ရှာနေတဲ့ကောင်ဟာ မင်းမဟုတ်လား… ကွ။ ဒါနဲ့ မင့် ပစ္စတိုသေနတ်ကို ဘာလုပ်ပစ်လိုက်သလဲ။ အခုဘယ်ရောက်နေ လဲ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့…ကံကောင်းပေလို့သာပေါ့။ အဲဒီအချိန်က သူ့စကားကို ဘယ်သူမှ သတိမထားမိကြဘူး။ ဟုတ်တော့လည်း ဟုတ်တယ်လေ။ သူက စကားတွေလေတစ်လုံးမိုးတစ်လုံးနဲ့ အများကြီးပြောတတ်ပေမယ့် တောင်စဉ်ရေမရစကားတွေက များတယ်မဟုတ်လား…။ ဒါပေမယ့် ကျုပ်အဖို့ကတော့ မလုံခြုံတော့ဘူး…ဗျ။ ပြီးတော့လည်း ရီမီဂျီယိုရဲ့ မျက်စိအောက်မှာ ဒီလူကြီးအရှုးလုပ်သမျှ ခံနေရတဲ့ ကျုပ်အဖြစ်ကိုလည်း မမြင်စေချင်တော့ဘူး။ ကျုပ်ရဲ့ရတနာသိုက်အကြောင်းသိနေတဲ့ ရီမီဂျီယိုကတော့ ကျုပ်ကိုကြည့်ပြီး ရယ်နေမှာပါ။ ဒါ့ကြောင့်မို့… ကျုပ်ဟာ တစ်ဖက်က ကမ်းလှမ်းလာချိန်မှာ အခွင့်ကောင်းယူပြီး ထရပ်စတီဗားဘက်က စားသောက်ဆိုင်ကို ပြောင်းပြီး စားပွဲထိုးဝင်လုပ်ခဲ့တယ်။ ရီမီဂျီယိုကတော့ ဆန်ပန်ကရာဇီယိုကဆိုင်မှာပဲ ဆက်ပြီး အလုပ်လုပ်နေလေရဲ့…။

*

www.burmeseclassic.com

www.burmeseclassic.com

## မယူလိုသော ဝေဒနာ

လော်ရင်ဇိုသည် ကားကို ရပ်လိုက်ပြီး လူငယ်ဘက်သို့ လှမ်းကြည့်သည်။ "ကဲ... ဘယ်လိုလဲ။ မင်းလိုက်မှာလား။ ဒီမှာပဲနေခဲ့ချင်သလား..."

လူငယ်က မာန်မာနကြီးသော မျက်နှာထားဖြင့် ပခုံးများ တွန့်လိုက်သည်ကို လော်ရင်ဇို မြင်လိုက်သည်။ "ဘယ်သူကလိုက်မှာလဲ၊ ကျုပ်ကတော့ မလိုက်ရေးချမလိုက်ဘဲ သေတောင်မှ မလိုက်ဘူး"

လော်ရင်ဇိုသည် ဘာစကားမှ မပြောဘဲ လူငယ်၏မျက်နှာကို အချိန်အတော်ကြာမျှ စိုက်ကြည့်နေသည်။ ရုပ်ရည်ကတော့ ခပ်ချောချောဖြစ်၏။ အသားမည်းသော်လည်း နက်မှောင်သော မျက်လုံးနှင့် မျက်ခုံး။ ထူထဲသော နှုတ်ခမ်းတို့သည် လူငယ်၏အကျင့်စရိုက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု ထင်သည်။

လော်ရင်ဇိုအဖို့တော့ အံ့အားသင့်စရာဖြစ်နေသည်။ သူ့မိဘများသည် လူငယ်၏ ရုပ်ရည်နှင့်ပတ်သက်၍ ထူးခြားမှုကလေးများကို ဘာ့ကြောင့်မမြင်ကြတာပါလိမ့်။ ဘာပဲဖြစ်ဖြစ် လူငယ်၏မျက်နှာသည် စကားပြောသော မျက်နှာဖြစ်ချေသည်။ စိတ်ရှုပ်သွားသော လော်ရင်ဇိုသည် လူငယ်အား စကားထပ်ပြောသည်။

"ဒီမယ် လီယွန်နယ်လို။ မင်း အခုလိုသာ လုပ်နေရင် ငါ့ဆီကို မင်းမလာတာ အကောင်းဆုံးဖြစ်လိမ့်မယ် ထင်တယ်"

*

"ဒါဆိုရင် ကျုပ်က ဘယ်လိုနေသင့်တာလဲ... ရှေ့နေကြီးရယ်"

"မင်းလုပ်နေပုံဆိုရင် မင်းဘဝဟာ ထောင်ထဲမှာ အဆုံးသတ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို မင်း နားလည်ရဲ့လား”

လူငယ်က သူ့ကိုကြည့်နေရင်းနှင့် ကားကူရှင်ပေါ်သို့ ကျောနှင့်မှီထိုင်ကာ ခေါင်းကို နောက်သို့လှန်လိုက်သည်။ လည်ပင်းသည် သူ၏နွေဝတ်ဂျာစီအင်္ကျီ အပြင်သို့ထိုးထွက်လာသည်။ သူသည် နောက်ထပ်စကားတစ်ခွန်းမှ မပြောချေ။ ဤသည်မှာ သူမကြိုက်သော မေးခွန်းကို အဖြေပေးသည့်နည်း တစ်နည်းဖြစ်သည်။ လော်ရင်ဇိုကတော့ ဖွတ်မေးသည်။ “မင်း ဘာပြုလို့ အခုလိုလုပ်တယ်ဆိုတာကတော့ သိသင့်သိထိုက်တဲ့ဟာပဲ... မဟုတ်လားကွာ...”

နောက်တစ်ဖန် တိတ်ဆိတ်ခြင်း။ လူငယ်၏မျက်လုံးများတွင် ထင်ဟပ်နေသောအကြည့်သည် လော်ရင်ဇိုအား စိတ်မတို တိုအောင် ဖန်တီးနေသည်။ “ဒီလိုဆိုရင် ငါ့ဆီကို မင်း ဘာပြုလို့လာတာလဲကွာ...”ဟု လော်ရင်ဇိုက ထပ်မေးသည်။

ဤတစ်ကြိမ်တွင် လီယွန်နယ်လိုသည် စကားပြန်ပြောသည်။ “ကျုပ် ခင်ဗျားဆီလာတာက ခင်ဗျားက တခြားလူတွေထက် နားလည်မှုပိုပြီးရှိတယ် ထင်လို့...ဗျ။ ဒါပေမယ့် ခင်ဗျားက ဒီမေးခွန်းတွေကို မေးနေတာကြားရတော့ ကျုပ်လုပ်တာ မှားပြီလို့ ကျုပ်ထင်တယ်”

*

“မင်းဘာလုပ်တာကို မှားတယ်လို့ပြောနေတာလဲ”

“ခင်ဗျားဆီကိုလာတာလေ”

လော်ရင်ဇိုသည် ကားထဲမှဆင်းကာ ကားတံခါးကို ဆောင့်ပိတ်လိုက်သည်။ “ကောင်းပြီ... လေ။ ဒါဆိုရင်လည်း မင်း ကားပေါ်ထိုင်နေခဲ့။ ငါ အပေါ် ကိုသွားလိုက်ဦးမယ်”

သို့သော်လည်း လော်ရင်ဇို ကားဘေးမှဖြတ်လာခိုက်တွင် လူငယ်က လက်ဟန်ခြေဟန်ပြဟာ တစ်စုံတစ်ရာ ပြောနေသည်ကို မြင်လိုက်ရလေ၏။ သူသည် ဖျတ်ခနဲရပ်လိုက်ကာ စိတ်မရှည်တော့သည့် လေသံဖြင့် လှမ်းမေးသည်။ “နေပါဦး မင်းက ဘာလိုချင်နေပြန်ပြီလဲ”

“စီးကရက်”

“ရော့... ကွာ”

လော်ရင်ဇိုသည် စီးကရက်ဘူးကို လူငယ်၏မျက်နှာဆီသို့ ပစ်ပေါက်လိုက်ပြီး အဆောက်အအုံ၏ အဝင်ခန်းမတွင်းသို့ ဝင်သွားသည်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေခါးရှေ့၌ရပ်ကာ မျက်စိကိုထောင့်ကပ်ပြီး နောက်ဘက်သို့ ပြန်ကြည့်လိုက်မိသည်။ အပြင်ဘက် လမ်းမပေါ်မှ လျှောက်လာနေသော အမျိုးသမီးတစ်ယောက်သည် သူ့ကားဘက်သို့ သွားနေသည်။ ထို့နောက် ကားထဲမှ လီယွန်နယ်လိုနှင့် စကားပြောလျက်ရှိသည်ကို တွေ့ရ၏။

လော်ရင်ဇိုသည် အမျိုးသမီးအား ချက်ချင်းမှတ်မိသည်။ သူမသည် လူငယ်၏ အစ်မ ဂီလီယိုလာ...။ လီယွန်နယ်လိုသည် မြို့ဆင်ခြေဖုံးရပ်ကွက်များအတွင်း၌ နာမည်ဆိုးဖြင့် ကျော်ကြားနေသူဖြစ်သော်လည်း အစ်မဖြစ်သူ ဂီလီယိုလာမှာ ကန္တ့ကလျာခန္ဓာကိုယ်ပိုင်ရှင်ဖြစ်၏။ မျက်နှာမှာ ဝိုင်းဝိုင်းစက်စက် ခပ်ပြားပြားဖြစ်၍ မျက်လုံးအစုံမှာ ကြီးမားပြူးကျယ်ကာ ပါးစပ်ခပ်ပြဲပြဲဖြစ်သည်။

လော်ရင်ဇိုသည် ဂီလီယိုလာရောက်အလာကို ဓာတ်လှေကားအနီးမှ ရပ်၍ စောင့်နေသည်။ နောက်ဆုံးတွင် ဂီလီယိုလာသည် ခန်းမထဲသို့ ဝင်လာပြီး သူ့ဆီသို့ လျှောက်လာနေသည်ကို တွေ့ရ၏။ ဂီလီယိုလာ၏ ဝတ်စားဆင်ယင်ပုံမှာ မလုံ့တစ်လုံအနေအထားဖြစ်သည်။ သူမ၏ လက်မောင်းများကို ဘာအဝတ်မှ ဖုံးလွှမ်းထားခြင်းမရှိ။ သူမ၏ရင် အပေါ်ပိုင်းနှင့် ဒူးအထက် အပေါ်ပိုင်းတို့မှာလည်း မလုံမခြုံရှိလွန်းလှ၏။

ဂီလီယိုလာသည် ဓာတ်လှေကားအတွင်းသို့ ဝင်လာသော်လည်း လော်ရင်ဇိုကိုမူ နှုတ်ဆက်ခြင်းမပြုချေ။ "လီယွန်နယ်လိုက ဘာဖြစ်လာပြန်ပြီလဲ... သူက ဘာပြုလို့ အပေါ်မတက်ဘဲ ရှင့်ကားထဲမှာ ပုန်းနေခဲ့ရတာလဲ"ဟုတော့ မေးသည်။

လော်ရင်ဇိုသည် ဓာတ်လှေကားတံခါးကို ဆွဲပိတ်လိုက်ရင်း "လီယွန်နယ်လိုက ဒုက္ခရောက်လာပြန်ပြီလေ"ဟု ပြောသည်။

"သူ့ကိုယ်သူ အရှုပ်ထဲရောက်အောင် သူကိုယ်တိုင်ပဲ လုပ်တာမဟုတ်လား"

"အခုအရှုပ်က သိပ်ဆိုးတယ်"

"ဘာဖြစ်လို့လဲ"

"မင့်ကို ငါကပြောလိုက်ရင် ဒီသတင်းကို ရောမတစ်မြို့လုံးက ချက်ချင်းသိသွားမှာပေါ့"

"ကိစ္စမရှိဘူး။ ကျွန်မ ခန့်မှန်းလို့ရနိုင်တယ်...။ လီယွန်နယ်လိုနဲ့ တခြား

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတွေ အချင်းချင်းပြောနေကြတယ်။ အပြောင်းအလဲမရှိတဲ့ဘဝဟာ ပျင်းစရာ သိပ်ကောင်းတယ်။ အဲဒီတော့ သူတို့က အပြောင်းအလဲတစ်ခုခုရှိလာအောင် လုပ်ကြမယ်လို့ တိုင်ပင်နေကြတယ်...”

သူမ၏နှုတ်မှထွက်လာနေသော ဤစကားများသည် ရိုးသားပွင့်လင်းစွာ ပြောနေသည်ဟုပင်ထင်ရ၏။ လော်ရင်ဇိုသည် သူမ၏စကားများကို ကြားရသည့်အခါ ပြုံးနေသည်။ “ဟုတ်လား၊ သူတို့က အဲသလိုပြောနေကြသလား”

“ဟုတ်တယ်၊ ပြီးတော့ သူတို့အကြောင်းကို သတင်းစာတွေအားလုံးက ရေးလာအောင် တစ်ခုခုလုပ်ကြမယ်လို့လည်း ပြောကြတယ်။ ကျွန်မက သူတို့အဖွဲ့ထဲပါချင်တယ်လို့ပြောတော့ သူတို့က လက်မခံဘူး။ သူတို့က ပြောတယ်။ ဒါမျိုးဟာ မိန်းမတွေအလုပ်မဟုတ်ဘူး...တဲ့”

ခါတ်လှေကားသည် တုံ့ခနဲရပ်သွားသည်။ သူတို့သည် စကျင်ကျောက်ပြားများ ခင်းထားသည့် အခန်းတစ်ခန်းထဲသို့ ဝင်ခဲ့ကြသည်။ လော်ရင်ဇိုက အမျိုးသမီးငယ်၏ လက်မောင်းကို လှမ်းဆွဲထားသည်။ “မင်း သတိထားရမယ့် အချက်တစ်ချက်ကို ငါပြောထားချင်တယ်။ တကယ်လို့ မင့်မောင်ကို မင်းချစ်တယ်ဆိုရင် စောစောက မင်းငါ့ကို ပြောခဲ့တဲ့စကားတွေ ဘယ်သူ့ကိုမှ သွားမပြောနဲ့... ကြားလား”

“လီယွန်နယ်လို ဘာလုပ်ထားတယ်ဆိုတာ ရှင်က ကျွန်မကိုပြောပြရင် ကျွန်မစကားကို ဘယ်သူမှ မသိစေရဘူး။ အဲသလိုမဟုတ်ရင်တော့...”

သူမသည် စကားကို ဆုံးအောင်မပြောနိုင်။ လော်ရင်ဇိုက သူမ၏လက်မောင်းနှစ်ဖက်စလုံးကို ဆုပ်ကိုင်ထား၍ဖြစ်သည်။ “ရူးကြောင်ကြောင်အလုပ်တွေ လာလုပ်မနေနဲ့။ ဘယ်သူ့ကိုမှ မပြောနဲ့လို့ ငါပြောရင် ဘယ်သူ့ကိုမှ သွားမပြောနဲ့ ဒါပဲ”

လော်ရင်ဇိုသည် သူမ၏လက်မောင်းများကို တိုး၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သူမ၏မျက်လုံးများတွင် သူ့အား ရန်လိုသောအကြည့်ကို မမြင်ရ။ ထို့နောက် သူမက “ဘယ်လိုအပြုအမူမျိုး လုပ်လိုက်တာလဲ”ဟု ပြောသည်။ တစ်ချိန်တည်းမှာပင် သူမသည် သူမ၏ဗိုက်ကို ရှေ့သို့ကော့ကာ လှုပ်ရှားမှုတစ်ခုကို ပြုလိုက်သည်။ တစ်ဖက်လူ၏စိတ်ကို နှိုးဆွလိုက်သော လှုပ်ရှားမှုတစ်ခုပေတည်း။

ထိုလှုပ်ရှားမှုကြောင့် လော်ရင်ဇိုသည် သူမ၏လက်မောင်းများကို ကပျာ

www.burmeseclassic.com

www.burmeseclassic.com



ကယာ လွတ်ပေးရုံမျှမက၊ သူပြောသင့်သည့် စကားများကိုလည်း ခပ်မြန်မြန် ပြောသည်။ "အားလုံးခြုံကြည့်လိုက်တဲ့အခါမှာ လီယွန်နယ်လိုရဲ့ အခြေအနေက တစ်မျိုးဖြစ်နေတယ်။ တခြားလူတွေလို နှစ်ဖက်ဖျန်ဖြေပြီး ပြီးနိုင်မဲ့အလား အလာက နည်းနေတယ်။ တကယ် မင်းပါးစပ်က ဘာမှမပြောဘူးဆိုရင် သူ့ အနေနဲ့ လွတ်နိုင်ခြေရှိတယ်။ အဲဒီတော့ ရှုးကြောင်ကြောင်အလုပ်မျိုးတွေ မလုပ် ပါနဲ့တော့"

"လူကြီးမင်း၊ ဘယ်လိုစကားတွေပြောနေပါသလဲ... ရှင်၊ ရှင်ဟာ မိသားစုရှေ့နေကြီးလို့ နာမည်ခံထားတာ မဟုတ်လားရှင့်"ဟု မိန်းကလေးက လှောင်သည်။ သူတို့ရှေ့မှ အခန်းတံခါးသည် ပွင့်သွားပြီး အဖြူရောင် ဂျက်ကက်အင်္ကျီဝတ်ထားသော အမျိုးသားအိမ်စေတစ်ယောက်သည် သူတို့အား အနီးရှိအခန်းငယ်ကလေးထဲသို့ ခေါ်သွားသည်။

"ဂွတ်ဘိုင်... ရှေ့နေကြီးရေ့"ဟု ဂီလီယိုလာက ပြောင်နောက်နောက် မျက်နှာပေးဖြင့် နှုတ်ဆက်ကာ သီချင်းညည်း၍ ကလိုက်ခုန်လိုက်လုပ်ရင်း စင်္ကြံလမ်းအမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ အိမ်စေသည် လော်ရင်ဇိုအား ဧည့်ခန်းထဲသို့ ခေါ်သွားပြီး နေရာချထားပေးသည်။

လီယွန်နယ်လို၏ အမေ ဂျီယူလီယာသည် လူပုံသေးသေး အရပ်ပုပု ထိပ်ပြောင်ပြောင်လူနှင့်တွဲကာ အခန်းထဲတွင် လှည့်လည်သွားနေသည်။ လူပု ထိပ်ပြောင်သည် လက်ထဲတွင် ပေတံတစ်ချောင်းကိုင်ထားသည်။ ဂျီယူလီယာ သည် သွားနေရင်းကပင် လော်ရင်ဇို၏လက်ကို ဆွဲ၍ နှုတ်ဆက်သည်။

"ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မ နွေရာသီ ကုလားထိုင်စွပ်တွေ ချုပ် ဖို့ ပရိဘောဂအဖုံးချုပ်တဲ့လူနဲ့ စကားပြောစရာရှိနေလို့။ မကြာပါဘူး... နောက် တစ်မိနစ်လောက်ဆိုရင် ပြီးသွားမှာပါ။ ပြီး... ပြီးချင်း ကျွန်မလာခဲ့ပါ့မယ်"

လော်ရင်ဇိုအဖို့ စဉ်းစားစရာတစ်ခုရှိလာသည်။ ဤကိစ္စကို ဂျီယူလီယာ အား သူမ၏ယောက်ျားနှင့် မတွေ့မီပြောလို့ဖြစ်ပါ့မလား...။ သူသည် အချိန် ယူ၍ ချိန်ဆလျက်ရှိ၏။ နောက်ဆုံးတွင် သူသည် သူမ၏ယောက်ျားနှင့် မဆုံ မီခင် ဂျီယူလီယာအား ပြောလျှင် ပို၍ အဆင်ပြေဖွယ်ရာရှိသည်ဟု တွေးမိ သည်။ တကယ်တော့လည်း ဤအိမ်တွင် ကိစ္စရပ်တိုင်းသည် အခြေခံအားဖြင့် ဂျီယူလီယာ့အပေါ်၌ တည်မှီနေသည်မဟုတ်ပါလား...။

ဤအတောအတွင်းမှာတော့ လော်ရင်ဇိုသည် လက်တင်ကုလားထိုင်၌

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကာ ကုလားထိုင်ဖုံးချုပ်သူနှင့် ဆွေးနွေးပြောဆိုလျက်ရှိသော ဂျီယူလီယာအား ကြည့်နေသည်။ သူမသည် အရပ်မြင့်မြင့် ပိန်ပါးပါး။ အနက်နှင့် မီးခိုးရောင်အဝတ်များ ဝတ်ထားသည်။ အလွန်ချမ်းသာပြီး အိမ်ထောင် အထိန်းအသိမ်းတွင် ဝါသနာထုံသော မိန်းမများ၌ တွေ့ရတတ်သည့် အကျင့်စရိုက်နှင့် အမူအရာသည် ပေါ်လွင်လျက်ရှိ၏။

စနစ်တကျနှင့် သေသပ်လှပစွာ ထုံးထားသော ဆံပင်သည် အညိုရောင်...။ ယင်းအထဲတွင် အဖြူရောင်အနည်းငယ်ကို မြင်နေရသည်။ သူမ၏အပြာရောင်မျက်လုံးသည် ခပ်သေးသေး၊ အရောင်တစ်လက်လက် တောက်နေသည်။ မျက်နှာခပ်သွယ်သွယ်တွင် နှာခေါင်းက သေးသေးချွန်ချွန်...။

နောက်ဆုံးတွင် ဂျီယူလီယာသည် ကိစ္စပြီးသွားသဖြင့် လော်ရင်ဇိုထံ ရောက်လာပြီး ဘေးနားတွင် ဝင်ထိုင်သည်။ ထုံးစံအတိုင်း သူမ၏ မိသားစုအကြောင်း စပြောသည်။ သူမသည် သူမ၏ မိသားစုအပေါ်၌ အလွန်သံယောဇဉ်ကြီးသူဖြစ်ကြောင်း၊ မိသားစုဝင်များကတော့ သူမအား အမြဲတစေ ဒုက္ခပေးလျက်ရှိသည်ဖြစ်ရာ သူတို့နှိပ်စက်သဖြင့် မိမိမှာ အသက်သေဖို့ အလွန်နီးကြောင်း စသည်ဖြင့် အဆက်မပြတ်ပြောလျက်ရှိသည်။

ဂျီယူလီယာသည် စကားကို ရေပက်မဝင်အောင် ပြောနေသည်သာမက စီးကရက်ကိုပါ တစ်လိပ်ပြီးတစ်လိပ်ညှိ၍ မနားတမ်းသောက်နေသည်။ လော်ရင်ဇိုသည် သူပြောလိုသည့်စကားကို ကြားမဖြတ်၍ပြောရန် အကြိမ်ကြိမ်အားထုတ်ပါသော်လည်း မရ။ "နားထောင်ပါဦး ဂျီယူလီယာ...။ ခင်ဗျားရဲ့သားသမီးတွေထဲက လီယွန်နယ်လိုကိစ္စကို ပြောချင်လို့ပါ..." ဟူသော စကားလုံးများသည် လော်ရင်ဇို၏ လျှာဖျားထိပ်ရောက်တိုင်း ပျောက် ပျောက်သွားသည်။ သူ့စကားလုံးများသည် တစ်ဖက်မှ အစုအပြုံလိုက် ဝင်လာနေသော စကားလုံးများကို ထိုးဖောက်၍မရ။

ဂျီယူလီယာ စကားပြောပုံမှာ အံ့သြဖွယ်ရာဖြစ်သည်။ သူမ ပထမစပြောသည်မှာ ကုလားထိုင်အစွပ်များအကြောင်း။ ထိုမှတစ်ဆင့် နွေရာသီအားလပ်ရက်များနှင့် အပန်းဖြေခရီးထွက်သည့်အကြောင်း...။ ပြီးတော့ ပင်လယ်ကမ်းခြေနှင့် တောင်တန်းများဘက် ထွက်သည့်ခရီးစဉ်များ။ ထို့နောက်... ရွက်လှေများနှင့် မော်တော်များ။ ထို့နောက် သူမ၏အခေါ်အဝေါ် အရဆိုလျှင် **"ကျွန်မကလေးများ"**အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းတံခါးပွင့်သွားပြီး အထဲသို့ ဂျီယူလီယာ၏ ယောက်ျား ဖီဒီရီကို ဝင်လာသည်။ ဖီဒီရီကိုသည် အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်ကာယ ကြံ့ခိုင်တောင့်တင်းသည်။ မျက်နှာက လူချောတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေသည်။ သူသည် သူ့ဇနီး ဂျီယူလီယာလို စကားများများပြောသူမဟုတ်။ သူ့ကိုယ်သူ ကောင်းစွာ ထိန်းချုပ်နိုင်စွမ်းရှိသူဖြစ်သည်။ သို့သော်လည်း အခြေခံအားဖြင့် စကားပြောရာ၌ သူ့ဇနီးနှင့်တူသည့်သဘောကတော့ရှိသည်ဖြစ်ရာ သူ့မိန်းမနှင့် အလွန်အမင်း ခြားနားသည်ဟုတော့ မဆိုနိုင်ပေ။

ဖီဒီရီကိုသည် သူ့မိန်းမအား လုံးဝနှုတ်ဆက်ခြင်းမပြု။ လော်ရင်ဇိုထံ တန်းသွားကာ လက်ဆွဲ၍နှုတ်ဆက်သည်။ လော်ရင်ဇိုက သူ့မျက်နှာကိုကြည့်သည်။ သူ့မိတ်ဆွေသည် လွန်ခဲ့သောညက အိပ်မပျော်သည့်ရောဂါဒဏ်ကို ခံထားရသည်မှာ ထင်ရှားလျက်ရှိ၏။ ယခင်ကလည်း သူ့မိတ်ဆွေက သူ ညည အိပ်မပျော်ဖြစ်နေသည့်ကိစ္စကို သူ့အား ပြောပြခဲ့ဖူးသည်မဟုတ်ပါလား...။ ပြီးတော့ သူ့အာရုံကြောများသည် တစ်စစီဖြစ်ကုန်ပြီဟုလည်း သူ့အား ပြောပြခဲ့ဖူးသည်။

ဖီဒီရီယိုက နှစ်ကိုယ်ကြားလေသံဖြင့် "အပြင်ထွက်ကြစို့လား"ဟု ပြောသည်။ သူတို့သည် တိုက်ခေါင်မိုးပေါ်ရှိ ထိုင်ခုံရှိရာသို့ ဘေးတစ်ဖက်လှေကားမှ တက်လာခဲ့ကြသည်။ နွေရာသီဖြစ်၍ နေရောင်သည် ပူပြင်းလှချေသည်။ ဖီဒီရီကိုသည် ထိုင်ခုံထောင့်တစ်ထောင့်ဆီသို့ သွား၍ရပ်ကာ အပေါ်မှစီး၍ မြင်နေရသော တိုင်ဘာမြစ်ရေပြင်ကို ငုံ့ကြည့်နေသည်။ ထိုအခါကျမှပင် လော်ရင်ဇိုက "ကျွန်တော် ခင်ဗျားကိုပြောစရာရှိတယ်"ဟု စကားစသည်။

ဖီဒီရီကိုက အောက်ဘက်၌ ရပ်ထားသော လော်ရင်ဇို၏ ကားဆီသို့ ငုံ့ကြည့်နေရာမှ လှည့်ကြည့်သည်။ "ကျွန်တော့်ကို စကားပြောစရာရှိတယ်... ဟုတ်လား။ ဒါပေမယ့် အခုမနက်တော့ ပြောလို့မဖြစ်သေးဘူးထင်တယ်"

လော်ရင်ဇိုသည် အံ့အားသင့်သွားဟန်ဖြင့် ဖီဒီရီကိုအား ကြည့်နေသည်။ "ပြောလို့မဖြစ်သေးဘူး။ ဟုတ်လား... ဘာပြုလို့လဲ..."

ဖီဒီရီကို၏ မျက်နှာသည် ရှုံ့မဲ့လျက်ရှိ၏။ ရတ်တရက် နာကျင်သော ဝေဒနာကို ခံစားရ၍ဖြစ်လာသည်ဟုပင် ထင်ရသည်။ သူသည် လော်ရင်ဇိုအား တစ်ချက်လှမ်းကြည့်ပြီး အဖြေပေးသည်။ "ဒီနေ့တော့ မဖြစ်နိုင်ဘူး၊ ကျွန်တော့်စိတ်က တည်ငြိမ်အေးဆေးမှုမရှိဘူး။ ညက တစ်ညလုံးမအိပ်ရတော့ နေလို့သိပ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး"

ဖီဒီရီကို၏ မျက်နှာထား၊ ပြောဟန်ဆိုဟန်နှင့် လေသံစသည်တို့သည် သူပြောသည့်အတိုင်း မှန်ကန်သည်ဟု ထောက်ခံလျက်ရှိသည်။ သို့သော်လည်း လော်ရင်ဇိုသည် ဇွတ်အတင်းတိုး၍ပြောသည်။ "ဒီကိစ္စပြောဖို့က အချိန်ရွှေ့လို့မရဘူး"

"ရွှေ့လို့မရဘူးဆိုတဲ့ကိစ္စမျိုးဟာ မရှိပါဘူး"ဟု ဖီဒီရီကိုက ပြန်ပြောသည်။ "ဘယ်ကိစ္စမဆို အမြဲတစေ အရေးကြီးနေတာချည်းပဲ။ အဲဒီတော့ ကျွန်တော် ခင်ဗျားကို မေတ္တာရပ်ခံပါရစေ။ မနက်ဖြန် မနက်ပြန်လာခဲ့ပါ။ ဒီည အိပ်လို့ကောင်းရင် မနက်ကျတော့ အေးအေးဆေးဆေးပြောလို့ရနိုင်မှာပါ"

"ဒါပေမယ့် အခုကိစ္စက သိပ်ကိုအရေးကြီးလို့ ပြောတာပါ"

"သိပ်ပြီး အရေးကြီးတယ်လို့ ဆိုရုံမျှနဲ့တော့ ကျွန်တော် မသိချင်သေးဘူး ဗျာ။ အခုလောလောဆယ် အခြေအနေအရ ကျွန်တော့်အနေနဲ့ အရေးကြီးတဲ့ကိစ္စကို သိလို့မရသေးဘူးဗျ"

"ဒါဆိုရင် ခင်ဗျား တကယ့်ကိုမသိချင်ဘူးပေါ့ ဟုတ်လား"

"ကျေးဇူးပြုပြီး ဇွတ်မလုပ်စေချင်ဘူး... ဗျာ"

ဖီဒီရီကိုက လော်ရင်ဇို၏ပခုံးကိုဖက်၍ ဧည့်ခန်းဘက်သို့ ပြန်ခေါ်လာသည်။ သူပြောမည်ဟုကြံလိုက်တိုင်း ဖီဒီရီကို၏ မျက်နှာမှာ အကြောများ ရှုံ့ရှုံ့သွားသည်ကို သတိထားမိနေသော လော်ရင်ဇိုသည် သူပြောရန် စီစဉ်ထားသည့်ကိစ္စကို မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။

သူ့အနေဖြင့် လီယွန်နယ်လီအတွက် သူလုပ်ပေးနိုင်သမျှ အစွမ်းကုန်လုပ်ပေးရန်သာရှိတော့၏။ သူ့အဖေနှင့် အမေတို့သည် ကိုညှိနည်းကိုယ့်ဟန်ဖြင့် ပြဿနာကို မသိလိုသူများ ဖြစ်နေ၏။ သူတို့သား၏ကိစ္စကို သတင်းစာများမှ တစ်ဆင့်သာ အသိပေးပါမှ ဖြစ်ပေတော့မည်။

ဖီဒီရီကိုက သူ့အား နေ့လယ်စာစားဖို့ခေါ်လျက်ရှိသည်။ သို့သော်လည်း လော်ရင်ဇိုက လက်မခံတော့ဘဲ နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ သူသည် ဂျီယူလီယာထံသွား၍ လက်ဆွဲနှုတ်ဆက်ပြီး ဧည့်ခန်းထဲမှ ပြန်ထွက်လာသည်။

အမှောင်ရိပ်တွင်းမှ ဂီလီယိုလာသည် ထွက်လာသည်။ "ကဲ... ဘယ်လိုလဲ"ဟုပြောသည်။ "ဒီကိစ္စကို ပါပါနဲ့မာမာတို့သိသွားအောင် ရှင်ပြောပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"မပြောဖြစ်ဘူး။ မင်းလည်း သူတို့ကိုသွားပြောမနေနဲ့တော့"

"ဘယ်သူက ဘာကိုပြောမှာတဲ့လဲ…။ ဘာပဲဖြစ်ဖြစ် ရှင်တစ်ခုတော့ သိဖို့ကောင်းတယ်"

"ဘာကိုသိရမှာလဲ"

"ကိစ္စတိုင်းကို ပြောပြနိုင်တဲ့လူဟာ ဒီအိမ်မှာ တစ်ယောက်တည်းပဲရှိတယ်။ အဲဒါ ဘယ်သူလဲ ရှင်သိလား…။ အဲဒါ ကျွန်မပေါ့"

"အေး… မင်းပြောတာမှန်ချင်လည်း မှန်ပေမပေါ့"

လော်ရင်ဇိုသည် ဓာတ်လှေကားတံခါးကို ပိတ်လိုက်သည်။ ဓာတ်လှေကားသည် အောက်သို့ အရှိန်ဖြင့် ပြေးဆင်းသွားလျက်ရှိလေသည်။

*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com